ယောအတွင်းဝန်

# ကာယာနုပဿနာ

ဟံသာဝတီ

၁၅၉၁၀

မဂ်ဖိုလ် နိဗ္ဗာန်ကို လိုလားသော
ယောဂီပုဂ္ဂိုလ်တို့ အကျိုးငှါ
အဂ္ဂမဟာသေနာပတိ

ယောအတွင်းဝန်အမတ်ကြီး

ပြုစုစီရင် ရေးသားအပ်သော

# ကာယာနုပဿနာ
# ကျမ်း

ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်
၃၄၉-ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့။

၁၃၃၃-ခု၊ (သာသနာ-၂၅၁၅) ၁၉၇၁-ခု၊

H 213—A [ဟံသာဝတီ]

ကာယာနုပဿနာကျမ်း
ပုံနှိပ်ခြင်း

ပဉ္စမအကြိမ် ၁၉၅၃-ခု

ဒုတိယအကြိမ် ၁၉၇၁-ခု ဩဂုတ်လ

အုပ်ရေ ၂၅၀၀

အဖိုး ၅-ကျပ်

ဘာသာရေးဆိုင်ရာစာပေခွင့်ပြုချက်အမှတ်
(၄၈၂၇)

ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း
အမှတ် ၃၄၉၊ ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက်တွင်
ဦးဇော်ဝင်း (မှတ်ပုံတင်အမှတ် ၀၁၄၈၅/၀၀၀၄) က
ပုံနှိပ်ထုတ်ဝေသည်။

(ပျက်နှာဖုံး ကာလာမောင်ဝင်းမှာ ရိုက်သည်။)

# မာတိကာ

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| | ရုပ်နှစ်ဆဲ့ရှစ်ပါးပြဆိုခဏ်း | | |
| ၁။ | ရုပ် ၂၈—ပါးအကျဉ်း | .... | ၅ |
| ၂။ | ဘူတရုပ် ၄—ပါး | .... | ၆ |
| ၃။ | စက္ခုပသာဒရုပ် | .... | ၇ |
| ၄။ | စက္ခု၏သဏ္ဌာန်ပမာဏ | .... | ၉ |
| ၅။ | စက္ခု၏ ပမာဏအဆုံးအဖြတ် | .... | ၁၀ |
| ၆။ | စက္ခုပသာဒနှင့်မျက်လွှာ ၇—ထပ် | .... | ၁၁ |
| ၇။ | သသမ္ဘာရစက္ခုကလာပ်စည်း | .... | ၁၁ |
| ၈။ | မျက်စိကြောနှင့် မျက်လုံးအမြွေးများ | .... | ၁၂ |
| ၉။ | အကြောကွန်ရက်ပေါ်ကျမှမြင်ရပုံ | .... | ၁၅ |
| ၁၀။ | မျက်ဆံနှင့် ရသကြောကြီး | .... | ၁၆ |
| ၁၁။ | မျက်စိတွင်း အရောင်အဆင်းဝင်ပုံ | .... | ၁၇ |
| ၁၂။ | အနီးမြင်ရပုံနှင့် အဝေးမြင်ရပုံ | .... | ၁၈ |
| ၁၃။ | မျက်တောင်မွေးတို့ဆောင်ရွက်ချက် | .... | ၁၉ |
| ၁၄။ | မြတ်စွာဘုရားစက္ခုတော် | .... | ၂၀ |
| ၁၅။ | စက္ခုပသာဒရုပ်၏လက္ခဏာစသည် | .... | ၂၁ |
| ၁၆။ | သမ္ပတ္တိရသရှင်းလင်းချက် | .... | ၂၂ |
| ၁၇။ | သောတပသာဒရုပ်နှင့်လက္ခဏာစသည် | .... | ၂၃ |
| ၁၈။ | နား၏ပဌမပိုင်း—ဒုတိယပိုင်းနှင့် တတိယပိုင်း | .... | ၂၄ |
| ၁၉။ | နား၏အရိုး ၄-ချောင်း | .... | ၂၅ |
| ၂၀။ | နား၏ပြွန်ခွေ ၃—ခုနှင့် ရသကြော ၄—ခု | .... | ၂၇ |
| ၂၁။ | ဃာနပသာဒရုပ်နှင့် လက္ခဏာစသည် | .... | ၂၈ |
| ၂၂။ | နှာခေါင်း၏ ပဌမပိုင်းနှင့် ဒုတိယပိုင်း | .... | ၂၉ |
| ၂၃။ | ဇိဝှါပသာဒရုပ်နှင့် လက္ခဏာ စသည် | .... | ၃၀ |
| ၂၄။ | လျှာ၏အပြင်နှစ်ခု | .... | ၃၁ |
| ၂၅။ | ကာယပသာဒရုပ်နှင့် လက္ခဏာစသည် | .... | ၃၂ |

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၆။ | ဓာတ် ၅—ပါးလွန်၍ ပသာဒရုပ်ဖြစ်ပုံ | .... | ၃၃ |
| ၂၇။ | မုချရုပဓါရုံ ပရိယာယ်ရုပဓါရုံ | .... | ၃၄ |
| ၂၈။ | သဒ္ဒါရုံနှင့် အသံ ၄-မျိုး | .... | ၃၅ |
| ၂၉။ | ကြံစည်မှုဝိတက်ကြောင့် ဖြစ်သောအသံ | .... | ၃၆ |
| ၃၀။ | အသံသွားရောက်ပုံ | .... | ၃၈ |
| ၃၁။ | ဂန္ဓာရုံနှင့်အနံ့မြူမှုန့် | .... | ၃၈ |
| ၃၂။ | ရသာရုံနှင့် ရသ ၆—ပါး | .... | ၃၉ |
| ၃၃။ | ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိအပ်သော ဓာတ် ၃-ပါး | .... | ၃၉ |
| ၃၄။ | ပသာဒရုပ် ၅·ပါးလုံး သမ္ပတ္တရုပ်ဖြစ်ပုံ | .... | ၄၀ |
| ၃၅။ | စက္ခု သောတ ၂—ပါး အသမ္ပတ္တဟုဆိုပုံ | ... | ၄၁ |
| ၃၆။ | စက္ခု သောတ ၂·ပါး သမ္ပတ္တသာဖြစ်နိုင်ပုံ | .... | ၄၂ |
| ၃၇။ | ဒိဋ္ဌ-သုတ—မုတရုပ်များ | .... | ၄၃ |
| ၃၈။ | စိတ္တဇအသံ ဗဟိဒ္ဓသို့ရောက်နိုင်ပုံနှင့် မရောက်နိုင်ပုံ | | ၄၄ |
| ၃၉။ | ဣတ္ထိဘာဝရုပ် | .... | ၄၅ |
| ၄၀။ | ပုမ္ဘာဝရုပ် | .... | ၄၆ |
| ၄၁။ | ဘာဝရုပ် ပြောင်းတတ်ပုံနှင့် တပြိုင်နက်မဖြစ်နိုင်ပုံ | | ၄၇ |
| ၄၂။ | ဟဒယဝတ္ထုရုပ် | .... | ၄၈ |
| ၄၃။ | ဇီဝိတရုပ်နှင့် စောင့်ရှောက်ပုံဥပမာ | .... | ၄၉ |
| ၄၄။ | အာဟာရရုပ်နှင့် ရသဓာတ်အနှစ်ဩဇာ | .... | ၅၀ |
| ၄၅။ | ဝိပဿနာ သုံးသပ်အပ်သောရုပ် | .... | ၅၂ |
| ၄၆။ | အာကာသဓာတ်နှင့် ပိုင်းခြားပုံ ၂—မျိုး | .... | ၅၃ |
| ၄၇။ | ကာယဝိညတ်ရုပ် ဖြစ်ပုံအခြင်းအရာ | .... | ၅၃ |
| ၄၈။ | ကာယဝိညတ်ရုပ် မမြင်ကောင်း | .... | ၅၄ |
| ၄၉။ | လေးဝီထိကျမှ ဝိညတ်ကိုသိရခြင်း | .... | ၅၅ |
| ၅၀။ | ဝစီဝိညတ်နှင့် ဖြစ်ပုံအခြင်းအရာ | .... | ၅၆ |
| ၅၁။ | ရူပဿလဟုတာ မုဒုတာ ကမ္မညတာရုပ် | .... | ၅၇ |
| ၅၂။ | ရူပဿဥပစယ သန္တတိ ဇရတာ အနိစ္စတာရုပ် | .... | ၅၉ |
| ၅၃။ | ရုပ်တို့၏ဘောက်ပြန်ခြင်းသဘော | .... | ၆၂ |
| ၅၄။ | ရုပ် ၂၈—ပါးတို့၏ ဧကက ဒုကနည်း | .... | ၆၃ |

ဦးရေ | အကြောင်းအရာ | စာမျက်နှာ

### ရုပ်ကလာပ်စည်းပြဆိုခဏ်း

၅၅။ ရုပ်ကလာပ် ၁၁–စည်း .... ၆၆
၅၆။ တိုးပွားသော ကလာပ်စည်းများ .... ၆၇
၅၇။ ရုပ်ကိုဖြစ်စေသော ကံ-စိတ်-ဥတု-အာဟာရ .... ၆၈
၅၈။ ကမ္မဇစသော ကလာပ်စည်းများ .... ၇၀
၅၉။ အတူချုပ်ပျက်သော ကလာပ်များ .... ၇၃

### ပဋိသန္ဓေပြဆိုခဏ်း

၆၀။ ပဋိသန္ဓေ တည်ကြောင်းအင်္ဂါ ၃-ပါး .... ၇၄
၆၁။ ဝတ္ထုနှင့် လေ–အသံထိ၍ ပဋိသန္ဓေရခြင်း .... ၇၅
၆၂။ သားမရကြောင်းနှင့် ကလလရေကြည် ပမာဏ ၇၆
၆၃။ ပဋိသန္ဓေကလာပ်စည်းရုပ်တို့ ကျေးဇူးပြုပုံ .... ၇၇
၆၄။ ကလာပ် ၃-စည်းပမာဏ .... ၇၈
၆၅။ ကလလရေကြည် ၇–ရက်တည်ပုံ .... ၇၉
၆၆။ သန္ဓေသား၏ အဖြစ်ကြီး ၅–ဖြစ် .... ၈၀
၆၇။ သန္ဓေ ၇-လအတွင်း ကောဋ္ဌာသပြည့်စုံခြင်း .... ၈၁
၆၈။ သန္ဓေသားဗြဟ္မာကို ရှိခိုးသတတ် .... ၈၃
၆၉။ အမိ-ချင်ခြင်းမပြည့်လျှင် သားကောင်းမဖွား.... ၈၄
၇၀။ ဘွားသောကလေး ရှင်မရှင်အကြောင်း .... ၈၄
၇၁။ သက်ရှိ သက်မဲ့ဟူသမျှ ရုပ်ကလာပ်မှုန့်ချည်းသာ ၈၅
၇၂။ ပရမာဏုမြူအောက် ငယ်သောအစိတ်မရှိ .... ၈၆
၇၃။ ရုပ်ကလာပ်မှုန့်တို့ အနိစ္စ–ဒုက္ခ-အနတ္တသဘော.... ၈၇
၇၄။ ပဋိသန္ဓေနေရသော ဇာတိဒုက္ခ .... ၈၈
၇၅။ ယောနိ ၄–ပါးတို့၌ သတ္တဝါဖြစ်ပုံ .... ၈၉

### သီလက္ခန္ဓစသည်ပြဆိုခဏ်း

၇၆။ သာသနာပ၌ ကာယဂတာသတိ မထင်နိုင် .... ၉၀
၇၇။ တဏှာပယ်နိုင်သူ မေးပုံ ဖြေပုံ .... ၉၁
၇၈။ သီလ-သမာဓိ-ပညာ၌ မဂ္ဂင် ၈–ပါးဝင်ပုံ .... ၉၂

# မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၇၉။ | စေတနာသီလနှင့် ဝိရတီသီလ | .... | ၉၃ |
| ၈၀။ | စာရိတ္တသီလနှင့် ဝါရိတ္တသီလ | .... | ၉၅ |
| ၈၁။ | သမ္မာဝါစာစသည် သီလက္ခန္ဓ၌ဝင်ပုံ | .... | ၉၈ |
| ၈၂။ | သမ္မာဝါယာမ စသည် သမာဓိက္ခန္ဓ၌ ဝင်ပုံ | .... | ၁၀၁ |
| ၈၃။ | သမာဒိဋ္ဌိစသည် ပညာက္ခန္ဓ၌ ဝင်ပုံ | .... | ၁၀၂ |
| ၈၄။ | ပိဋကတ် ၃-ပုံ သိက္ခာ ၃-ပါး၌ ဝင်ပုံ | .... | ၁၀၂ |
| ၈၅။ | ဝါရိတ္တသီလ မဂ်ဉာဏ်ရနိုင်ခြင်း | .... | ၁၀၃ |
| ၈၆။ | သူဌေးသားနှင့် လျော်အောင် ဟောသောတရား | | ၁၀၅ |
| ၈၇။ | ရဟန်းနှင့်လျော်အောင် ဟောသောတရား | .... | ၁၀၆ |
| ၈၈။ | ရဟန်းတော်များ ပူဇော်မှုကိုဘုရားမနှစ်သက် | .... | ၁၀၇ |
| ၈၉။ | လူ့အလုပ် ရဟန်းအလုပ် ခွဲထားသိစေခြင်း | .... | ၁၀၈ |
| ၉၀။ | ဓမ္မအမွေသာ ခံယူစေလိုကြောင်း | .... | ၁၁၀ |
| ၉၁။ | ယခုဘဝ နိဗ္ဗာန်လိုသူ ကမ္မဋ္ဌာန်းအားထုတ်သင့်ပုံ | | ၁၁၉ |
| ၉၂။ | ဝိဝဋ္ဋနိဿိတ ကုသိုလ်ဖြစ်အောင် ပြုထိုက်ကြောင်း | | ၁၂၃ |
| | **ကမ္မဋ္ဌာန်းယူနည်းပြဆိုခဏ်း** | | |
| ၉၃။ | ကမ္မဋ္ဌာန်းပြဆရာ ရွေးချယ်နည်း | .... | ၁၂၇ |
| ၉၄။ | ခေတ် ၄-ပါး သရုပ်ပြပါဠိ | .... | ၁၂၉ |
| ၉၅။ | အဇ္ဈတ္တိက ပထဝီခေတ် | .... | ၁၃၂ |
| ၉၆။ | ဗာဟိရ ပထဝီခေတ် | .... | ၁၃၃ |
| ၉၇။ | ပုလဲ ၈-မျိုးရှင်းပြချက် | .... | ၁၃၆ |
| ၉၈။ | အဇ္ဈတ္တိက ဗာဟိရ အာပေါခေတ် | .... | ၁၃၇ |
| ၉၉။ | အဇ္ဈတ္တိက ဗာဟိရ တေဇောခေတ် | .... | ၁၄၀ |
| ၁၀၀။ | အဇ္ဈတ္တိက ဗာဟိရ ဝါယောခေတ် | .... | ၁၄၂ |
| ၁၀၁။ | ခွန်အားဗလလေနှင့် ပထဝီ ၄-မျိုး | .... | ၁၄၅ |
| ၁၀၂။ | ဥဂ္ဂဟကောသလ္လဉာဏ် ၇-ပါး | .... | ၁၄၇ |
| | **တစပဉ္စက ကမ္မဋ္ဌာန်း** | | |
| ၁၀၃။ | ဆံပင်၌ ဝဏ္ဏစသော ၅-ပါး | .... | ၁၅၀ |
| ၁၀၄။ | အမွေး၌ ဝဏ္ဏစသော ၅-ပါး | .... | ၁၅၀ |
| ၁၀၅။ | ခြေသည်းလက်သည်း၌ ဝဏ္ဏစသော ၅-ပါး | .... | ၁၅၁ |

| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၀၆။ | သွားၥ် ဝတ္ထုစသော ၅-ပါး | .... | ၁၅၂ |
| ၁၀၇။ | အရေ၌ ဝတ္ထုစသော ၅-ပါး | .... | ၁၅၄ |

### ဝက္ကပဥ္စက ကမ္မဋ္ဌာန်း



| | | | |
|---|---|---|---|
| ၁၀၈။ | အသား၌ ဝတ္ထုစသော ၅-ပါး | .... | ၁၅၈ |
| ၁၀၉။ | အသားတုံးနှင့် အသား မျှင်များအကြောင်း | .... | ၁၆၀ |
| ၁၁၀။ | အကြော၌ ဝတ္ထုစသော ၅-ပါး | .... | ၁၆၂ |
| ၁၁၁။ | အရိုး၌ ဝတ္ထုစသော ၅-ပါး | .... | ၁၇၇ |
| ၁၁၂။ | ရိုးတွင်းခြင်ဆီ၌ ဝတ္ထုစသော ၅-ပါး | .... | ၁၈၈ |
| ၁၁၃။ | အညှို့၌ ဝတ္ထုစသော ၅-ပါး | .... | ၁၈၉ |



### ပပ္ဖာသ ပဥ္စက ကမ္မဋ္ဌာန်း



| | | | |
|---|---|---|---|
| ၁၁၄။ | နှလုံးသား၌ ဝတ္ထုစသော ၅-ပါး | .... | ၁၉၁ |
| ၁၁၅။ | အသည်း၌ ဝတ္ထုစသော ၅-ပါး | .... | ၁၉၆ |
| ၁၁၆။ | အမြှေး၌ ဝတ္ထုစသော ၅-ပါး | .... | ၁၉၇ |
| ၁၁၇။ | အဖျဉ်း၌ ဝတ္ထုစသော ၅ ပါး | .... | ၁၉၉ |
| ၁၁၈။ | အဆုတ်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၀၀ |



### မတ္ထလုင်္ဂပဥ္စကကမ္မဋ္ဌာန်း



| | | | |
|---|---|---|---|
| ၁၁၉။ | အအူ၌ ဝတ္ထုစသော ၅-ပါး | .... | ၂၀၄ |
| ၁၂၀။ | အူသိမ်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၀၆ |
| ၁၂၁။ | အစာသစ်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၀၆ |
| ၁၂၂။ | ပိုးမျိုး ၈၂-ပါး ၃၈-ပါး | .... | ၂၀၉ |
| ၁၂၃။ | ကျင်ကြီး၌ ဝတ္ထုစသော ၅-ပါး | .... | ၂၁၉ |
| ၁၂၄။ | ကျောက်ကပ်အကြောင်း | .... | ၂၁၉ |
| ၁၂၅။ | ဦးနှောက်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၂၁ |



### မေဒဆက္က ကမ္မဋ္ဌာန်း



| | | | |
|---|---|---|---|
| ၁၂၆။ | သည်းခြေ၌ ဝတ္ထုစသော ၅-ပါး | .... | ၂၂၃ |
| ၁၂၇။ | သလိပ်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၂၆ |
| ၁၂၈ | ပြည်၌ ဝတ္ထုစသော ၅-ပါး | .... | ၂၂၈ |

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁၂၉။ | ရသခေတ်၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၃၂ |
| ၁၃၀။ | သွေး၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၃၃ |
| ၁၃၁။ | ချွေး၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၃၆ |
| ၁၃၂။ | အဆီခဲ၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၃၇ |
| | **မုတ္တ ဆက္က ကမ္မဋ္ဌာန်း** | | |
| ၁၃၃။ | မျက်ရည်၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၃၉ |
| ၁၃၄။ | ဆီကြည်၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၀ |
| ၁၃၅။ | တံတွေး၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၁ |
| ၁၃၆။ | နှပ်၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၂ |
| ၁၃၇။ | အစေး၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၃ |
| ၁၃၈။ | သုက်တမျိုး၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၄ |
| ၁၃၉။ | ကျင်ငယ်၌ ဝဏ္ဏစသော ၅-ပါး | .... | ၂၄၉ |
| | **ခေတ်ကောဋ္ဌာသ စုပေါင်းပြဆိုချက်** | | |
| ၁၄၀။ | တေဇောခေတ် ကောဋ္ဌာသ ၅-ပါး | .... | ၂၅၁ |
| ၁၄၁။ | ဝါယောခေတ် ကောဋ္ဌာသ ၅-ပါး | .... | ၂၅၃ |
| ၁၄၂။ | လေနှင့် အစာဝင်ရန်ကျေးဇူးပြုပုံ | .... | ၂၅၆ |
| ၁၄၃။ | အစာကြေရန် ကျေးဇူးပြုပုံ | .... | ၂၅၇ |
| ၁၄၄။ | နှလုံးအိမ် သွေး လေတို့ ကျေးဇူးပြုပုံ | .... | ၂၅၈ |
| ၁၄၅။ | ခေတ် ၁၄-ပါးတို့ ကျေးဇူးပြုပုံ | .... | ၂၅၉ |
| ၁၄၆။ | သွေးကြောနှင့် သွေးတို့ ကျေးဇူးပြုပုံ | .... | ၂၆၁ |
| ၁၄၇။ | အစာသစ် အာဟာရခေတ် ကျေးဇူးပြုပုံ | .... | ၂၆၂ |
| ၁၄၈။ | ကောဋ္ဌာသ၌ သရဇ္ဈာယ်နည်း | .... | ၂၆၄ |
| ၁၄၉။ | မနသိကာရ ကောသလ္လ ၁၀-ပါး | .... | ၂၆၆ |
| ၁၅၀။ | ကမ္မဋ္ဌာန်း ထင်ခြင်းနှင့် မထင်ခြင်း | .... | ၂၆၇ |
| | **နှလုံးသွင်းနည်း ပြဆိုချက်** | | |
| ၁၅၁။ | နှလုံးသွင်းနည်းပြ သုတ် ၃-ခု | .... | ၂၇၁ |
| ၁၅၂။ | အဓိစိတ္တသုတ်တော် | .... | ၂၇၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၅၃။ | သီတိဘာဝသုတ်တော် .... | ၂၇၉ |
| ၁၅၄။ | ဗောဇ္ဈင်္ဂကောသလ္လသုတ်တော် .... | ၂၈၀ |
| ၁၅၅။ | ဗောဇ္ဈင် ၇-ပါး ပွားကြောင်းများ .... | ၂၈၈ |
| ၁၅၆။ | သံဝေဂဝတ္ထု ၁၀-ပါး .... | ၂၉၂ |
| ၁၅၇ | သတိဖြစ်ကြောင်း ၁၆-ပါး .... | ၂၉၄ |
| | **ပဋိကူလ ကမ္မဋ္ဌာန်း နှလုံးသွင်းခဏ်း** | |
| ၁၅၈။ | သီလကို ဦးစွာ စောင့်ရှောက်အပ်ခြင်း .... | ၂၉၅ |
| ၁၅၉။ | ပယ်ရန် ပလိဗောဓကြီး ၁၀-ပါး .... | ၂၉၆ |
| ၁၆၀။ | ဥဂ္ဂဟနိမိတ်ထင်ပုံ .... | ၂၉၉ |
| ၁၆၁။ | ပဋိဘာဂနိမိတ် ထင်၍ ဈာန်သို့ ရောက်ပုံ .... | ၃၀၀ |
| ၁၆၂။ | ပဌမဈာန်စိတ်ဖြစ်ပုံ .... | ၃၀၂ |
| ၁၆၃။ | ပဌမဈာန်ဝင်စားပုံ .... | ၃၀၄ |
| ၁၆၄။ | ကောဋ္ဌာသ အလိုက်ဈာန်ဖြစ်ပုံ .... | ၃၀၅ |
| ၁၆၅။ | ဈာန်အခြေပြု၍ ဝိပဿနာမဂ်ဖိုလ်ဖြစ်ပုံ .... | ၃၀၇ |
| | **ဓာတ်ကမ္မဋ္ဌာန်းနှလုံးသွင်းခဏ်း** | |
| ၁၆၆။ | ဓာတ် ၄-ပါး စုပုံပွားများနည်း .... | ၃၀၈ |
| ၁၆၇။ | ဆင်ခြင်ရန်နည်း ၄-ပါး .... | ၃၁၁ |
| ၁၆၈။ | ဓာတ်အဆောက်အဦး ဆင်ခြင်နည်း .... | ၃၁၁ |
| ၁၆၉။ | ဓာတ်လက္ခဏာ ဆင်ခြင်နည်း .... | ၃၁၇ |
| ၁၇၀။ | ဓာတ်၌ နှလုံးသွင်းနည်း ၁၃-ပါး .... | ၃၁၉ |
| ၁၇၁။ | ဝစနတ်အားဖြင့် နှလုံးသွင်းနည်း .... | ၃၂၀ |
| ၁၇၂။ | သမုဋ္ဌာန်အားဖြင့် နှလုံးသွင်းနည်း .... | ၃၂၃ |
| ၁၇၃။ | ကမ္မသမုဋ္ဌာန် ၆-ပါး .... | ၃၂၄ |
| ၁၇၄။ | စိတ္တသမုဋ္ဌာန် ၅-ပါး .... | ၃၂၆ |
| ၁၇၅။ | ဥတုသမုဋ္ဌာန် ၅-ပါး .... | ၃၂၈ |
| ၁၇၆။ | အာဟာရ သမုဋ္ဌာန် ၅-ပါး .... | ၃၂၉ |
| ၁၇၇။ | ကလာပ်အားဖြင့် နှလုံးသွင်းနည်း .... | ၃၃၁ |
| ၁၇၈။ | စုဏ္ဏအားဖြင့် နှလုံးသွင်းနည်း .... | ၃၃၂ |

| ဦးရေ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇၉။ | လက္ခဏာစသောအားဖြင့် နှလုံးသွင်းနည်း .... | ၃၃၅ |
| ၁၈၀။ | နာနတ္တ-ဧကတ္တ အားဖြင့် နှလုံးသွင်းနည်း .... | ၃၃၇ |
| ၁၈၁။ | ဝိနိဗ္ဘောဂ-အဝိနိဗ္ဘောဂအားဖြင့် နှလုံးသွင်းနည်း | ၃၃၈ |
| ၁၈၂။ | သဘာဂ-ဝိသဘာဂ အားဖြင့် နှလုံးသွင်းနည်း .... | ၃၃၈ |
| ၁၈၃။ | အဇ္ဈတ္တိက ဗာဟိရအားဖြစ် နှလုံးသွင်းနည်း .... | ၃၄၀ |
| ၁၈၄။ | သင်္ဂဟအားဖြင့် နှလုံးသွင်းနည်း .... | ၃၄၀ |
| ၁၈၅။ | ပစ္စည်းအားဖြင့် နှလုံးသွင်း နည်း .... | ၃၄၁ |
| ၁၈၆။ | အသမန္နာဟာရအားဖြင့် နှလုံးသွင်းနည်း .... | ၃၄၁ |
| ၁၈၇။ | ပစ္စယဝိဘာဂအားဖြင့် နှလုံးသွင်းနည်း .... | ၃၄၂ |
| ၁၈၈။ | ကျမ်းပြီးနိဂုံး .... | ၃၄၆ |

# နိဒါန်း

မဟာသမ္မတ၊ ကမ္ဘာစမှ၊ ရာဇညဂိုဏ်း၊ ကွန့်လှိုင်းဖြိုးကြွယ်၊ မိုးဝကြွယ်ကဲ့သို့၊ မြတ်နွယ်တော်ပေါင်း၊ ဆင့်လောင်းဆက်ခံလျက်၊ နိုင်ငံအလုံး၊ သိမ်းကျုံးခွန်စု၊ မင်းထီးပြု၍၊ ဇမ္ဗူ့ကြက်သရေ၊ မြေမကိုင်ရှုစွန်း၊ ဝိုက်ဝန်းယူဇနာ၊ ကိုးရာခေတ်တွင်း၊ ဓမ္မရာဇ်မင်းဟု၊ ရှစ်စင်းဖြူလွ၊ စိုက်ထူပသည့်၊ သင်္ကဿနဂိုရ်၊ ဗဟိုချက်မှန်၊ အောင်နက်သန်မှ၊ ထွက်စံရွှေ့ပြောင်း၊ တကောင်းဟူသည်၊ ထီးရွှေစည်ကို၊ နတ်ပြည် နှိုင်းတု၊ တိုင်းသစ်ပြုသည့်၊ ဇမ္ဗူ့ထွတ်ထား၊ နရဖျားမှ၊ ဆင့်ပွားတုံလစ်၊ သရေခေတ်ဝယ်၊ နေမြစ်ဆက်ခံလျက်၊ ပုဂံ့မြင်စိုင်း၊ စစ်ကိုင်း့ ပင်းယ၊ ရွှေအင်းဝနှင့်၊ အမရကြွင့်နန်း၊ ရွှေတောင်နန်းထက်၊ မြောက်သွန်းဘိသိက်၊ ဇနာဓိပ်ဟု၊ ကွာပိဿရ၊ အာဒိစ္စဂိုဏ်း၊ ကွန့်လှိုင်းဘုန်းရောင်၊ စိန်ရုံးထောင်သည့်၊ ကုန်းဘောင်စံသ၊ ဒသမနေလာ၊ ကေရာလျှင်၊ ရတနာပုဏ္ဏ၊ ရတနသဏ္ဍယံ၊ ရွှေဘွဲ့ခံလျက်၊ မြလျှံထွန်းတင့်၊တောင်ကျွန်းမြင့်ထက်၊ ခွန်းဆင့်ရွှေဗျာ၊ သိုက်ထွေလာဖြင့်၊ ရတနာဇေယျုံ၊ အသရေလှုံသည့်၊ ရွှေဘုံအောင်ခန်း၊ မှောင်မသန်းသား၊ မန်းမဏ္ဍလ၊ နန်းဌာနံဝယ်၊ ပဌမကွန်းမြောက်၊ ဖြူဝန်းစောက်၍၊ ယွန်းတောက်တေဇိန်၊ နေစက်ရှိန်ကဲ့သို့၊ ထိန်တပြောင်ပြောင်၊ လောင်လုဘနန်း၊ ဘုန်းတန်းဖြိုးမောက်၊ တန်ခိုးတောက်သဖြင့်—

မိုးအောက်တခွင်၊ ဇမ္ဗူပြင်၌၊ တဘုရင်ခံ၊ နိုင်ငံဂိုဏ်းသီး၊ တိုင်းကြီးပြည်ကြီး၊ ထီးအစင်းစင်း၊ အမင်းမင်းတို့၊ ထံရင်း စက်မှောက်၊ ရှိလက်မြှောက်၍၊ ဆက်ရောက်ပဏ္ဏာ၊ အဖြာဖြာတို့ဖြင့်၊ အရာမကသော စော်ဘွားစော်ခံ၊ ထီးရုံ့နန်းနေတို့၏အသျှင်,

ကောင်းကင်တိမ်ဦး၌၊ ကွန့်မြူးဝေရွှန်း၊ ငွေယုန်ဝန်းကဲ့သို့၊ ပုံသွန်းတပြေး၊ နှိုင်းသွေးတူလျော်၊ ဥပေါသထ၊ ပေါက်လှစွယ်ချွန်၊ ဆဒ္ဒန်မျိုးဇာတ်၊ ပတ်ယတ်လက္ခဏာ၊ အင်္ဂါကြန်ပုံ၊ စွယ်စုံပြောင်မြောက်၊ မုန်သောက်ရဲရည်၊ ဇာနည်သိန္ဓဝ၊ ဤသို့စသား၊ သဝိညာဏကရတနာမျိုးတို့၏အသျှင်,

ဝေဟာင်မာ၊ ဝလာဟဇာစ်၊ တိမ်ဖြစ်ရိုးရဲ၊ ပုလဲမှုံးမှို၊ဝဇီရစိန်၊ ဣန္ဒနီလာ၊ မသာရဂလ်၊ ဖလ်မှန်ဝေရော်၊ မနော်မယ၊ ဇော်တ မျက်မှန်၊ ရွှေသွဏ္ဏဃန်၊ အလျှိုဝိုးဝင်း၊ ရွှေတွင်း၊ ငွေတွင်း၊ စိန် ကျောက်တွင်းနှင့်၊ ပယင်းဒုတ္တာ၊ ရတနာအပေါင်းတို့၏အသျှင်၊

ရာဝင်ရှေးဟောင်းက၊ ဘေးလောင်းတော်ရာဇာ၊ ဓမ္မာ သောက, ကာလာသောကစသော သာသနာပြုမင်းမြတ်တို့၊ ဒုန္ဒ ယတ်ဉာဏ်၊ အမြင်သန်၍၊ မကြံဘူးဘဲ၊ ထူးကဲအံ့သြ၊ ရင်သပ် မောမျှ၊ အဟောအစ္ဆရိယ၊ အဗ္ဘုတရွှေဉာဏ်ဖြင့်၊ ဓမ္မက္ခန္ဒာ၊ မြတ်သုံးဖြာကို၊ ကမ္ဘာကုန်ကျွန်း၊ အသစ်ထွန်းလည်း၊ ဥဒါန်း ချွေမြွက်၊ကြေမပျက်အောင်၊သေလက္ခရ၊ပဋ္ဌမသင်္ဂါယနာ၊သဘင် ငြာလျက်၊ မင်္ဂလာပွဲကြီးကို၊ ဝှဲချီးဆင်ယင်တော်မူသော—(သီရိ ပဝရ ဝိဇယာနန္တယသပဏ္ဍိတ မဟာဓမ္မရာဇာဓိရာဇာ)—ဘွဲ့တံဆိပ် နာမံကို ခံတော်မူသော အသျှင်**ဘဝရှင်မင်းတရားကြီး**လက်ထက်။

အဂ္ဂမဟာသေနာပတိရာထူးဖြင့်၊ ချီးကျူးသူကောင်းပြုတော်မူသည် ကို ခံရသော ဝန်ရှင်တော် ယောမြို့စား မင်းကြီးမင်းလှ မဟာစည်သူ ဟူသော ဘွဲ့အမည်ဖြင့် အလွန်ထင်ပေါ် ကျော်စောခြင်းရှိသော အ **တွင်းသေနာပတိ** ပညာရှိအမတ်ကြီးသည် အသျှင်ဘဝရှင်မင်းတရားကြီး ၏ သို့မ်းတော်မြတ် "သုသီရိမြတ်စွာရတနာဒေဝီ" ဘွဲ့အမည်တော်ရှိသော၊ **စလင်းမြို့စားမင်းသမီး**၏ တောင်းပန်တိုက်တွန်းခြင်းကို အရင်းပြုလျက်၊ မဂ်, ဖိုလ်, နိဗ္ဗာန်ကို ရရာရကြောင်း ကောင်းမြတ်သောသမ္မာဆန္ဒ အာ သီသရှိကြကုန်သော ယောဂီပုဂ္ဂိုလ်တို့၏နှလုံးကို၊ ရွှင်ပြုံးကြည်လင်စွာ၊ ဖရဏာပီတိ၊ ဆိထိဝါဂွမ်း၊ ငြိမ့်ငြိမ့်မွမ်းမျှ၊ စိမ့်ရွှမ်းညှို့နူး၊ ပွံ့ပျူးနှစ်သက် စေလျက်၊ အထွေထွေသော ပိဋကတ်ကျမ်း, လောကီကျမ်းတို့မှ၊ ပြိုပြွမ်း ထုတ်ညှို၍၊ ယုတ္တိအာဂမ၊ သာရသေတ္တု၊ အနှစ်စုဖြင့်၊ ဖေဂ္ဂုမှန္တော၊ သဘောလက္ခဏာ၊ ခိုင်ခံ့ရာကို၊ ဘွေရှာတွေးရှုလျက်၊ ရေးပြု စီရင်အပ် သည် ဖြစ်ပါကြောင်း။

ဤကာယာနုပဿနာကျမ်းကို ပြုစုသော အတွင်းဝန်မင်းသည် ပါဠိ, သက္ကဋ္ဌ, ဗင်္ဂလီ, နာဂရီ, အင်္ဂလိပ်စသော ဘာသန္တရတို့၌ ကျွမ်းကျင် လိမ္မာလှသဖြင့် **ကာယအစုကောဋ္ဌာသတို့ကို** အကျယ်တဝင့် ပြဆိုသော

အခါ မူရင်းပါဠိကျမ်းများနှင့်သာ တင်းတိမ်ခြင်းမရှိသောကြောင့် ကိုယ်တွင်းရှိ ကောဋ္ဌာသတို့ကို စေ့စေ့စပ်စပ် ပြည့်ပြည့်စုံစုံ ဖော်ပြသည့် အနာတမိစသော ဥရောပတိုက်သုံး ဆေးကျမ်းများ, ဒဗ္ဗဂုဏပကာသစသော အာရှတိုက်သုံး ဆေးကျမ်းများကို အခြံအရံပြုလျက် ပါဠိတော်, အဋ္ဌကထာ,ဋီကာတို့ကို မှီငြမ်းပြုကာ ရေးသားထားသဖြင့် ကိုယ်တွင်းရှိ သွေးကြော,လေကြော, ရသကြော, အာရုံကြောများ တည်ဆောက်နေပုံနှင့် ခန္ဓာကိုယ်ကြီးအား ကျေးဇူးပြုနေပုံများ၊ဦးခေါင်းခွံရိုး,ပါးရိုး,မေးရိုး, လက်ဖျံရိုးမှစ၍ မြောက်မြားစွာသော အရိုးတို့၏ တည်ဆောက်နေပုံနှင့် ခန္ဓာကိုယ်ကြီးအား ကျေးဇူးပြုနေပုံများ၊ အသား,အသွေးစသော ကျန်ကောဋ္ဌာသတို့၏ တည်ဆောက်နေပုံနှင့် ကျေးဇူးပြုနေပုံများကို လူစိမ်းလူရှမ်းမခြား အားလုံးသောသူတို့ မျက်ဝါးထင်ထင် တွေ့မြင်နေရသည့်အလား၊ ထင်ထင်ရှားရှားသိရှိကြစေရန် အသေးစိတ် ညွှန်ပြထားရကား ကောဋ္ဌာသကမ္မဋ္ဌာန်း စီးဖြန်းလိုသော ယောဂီပုဂ္ဂိုလ်များ,ဆေးဆရာတဆူ ပြုလိုသူများနှင့်တကွ သုတေသီအားလုံးတို့ကြည့်ရှုမှတ်သား အမြဲအစွဲလက်ကိုင်ထားသင့်သော ကျမ်းကြီးကျမ်းခိုင်တဆူ ဖြစ်ပေသည်။

ဤကျမ်းကို ကြည့်ရှုရာ၌ အသိဉာဏ်သန့်ရှင်းစေရန် ကျမ်းတွင် ပါရှိသော စကားရပ်နှင့်ဆိုလိုရင်းအဓိပ္ပါယ်တို့ကို အကျဉ်းချုပ်၍ အနှစ်သာရထုတ်ကာ အခဏ်းကဏ္ဍ ခေါင်းစီးစာပုဒ်များ ပြသလျက် ကျမ်းဆရာ၏ မူရင်းစကားကို မတိမ်းပါးစေမူ၍ ဆရာဦးခင်စိုး [သာသနဓဇ သိရိပဝရဓမ္မာစရိယ] နှင့် ဟံသာဝတီ ပါဠိဆရာများအဖွဲ့က ကောင်းစွာ တည်းဖြတ် ကြပ်မ,သုတ်သင် ပြင်ဆင် ပုံနှိပ်အပ်သည် ဖြစ်ပါကြောင်း။

"ဟံသာဝတီ"

# ကာယာနုပဿနာကျမ်း

နမော တဿ ဘဂဝတော အရဟတော
သမ္မာသမ္ဗုဒ္ဓဿ။

**ရတနတ္တယ ပဏာမနှင့် ပဋိညာဉ်**

(၁) ပညာဏံ ဝိယ ဥဇ္ဇုယျေသု၊ ဒယာ ယဿ မဟေသိနော။
သဗ္ဗ သတ္တေသု ဥပ္ပဇ္ဇိ၊ ယထာရုစိ အတုလျကံ။ ။

(၂) ဒယာယ တာယ သတ္တေသု၊ သမုဿာဟိတ မာနသော။
ခါတု ကာယဂတာသတိံ၊ နိဗ္ဗာနာယ အဒေသယိ။ ။

(၃) တဿ ပါဒေ နမဿိတွာ၊ သမ္ဗုဒ္ဓဿ သိရီမတော။
သဒ္ဓမ္မဉ္စဿ ပူဇေတွာ၊ ကတွာ သံဃဿ စဉ္ဇလိံ။ ။

(၄) သာဋ္ဌကထံ ဂန္ထန္တရံ၊ ပုဗ္ဗာစရိယ သီဟာနံ။
မတံ နိဿာယ ဘာသိဿံ၊ ကာယာနုပဿနာ နာမံ။ ။

(၁) အဟံ၊ ငါသည်။ ဥဇ္ဇုယျေသု၊ ဥဇ္ဇုယျံတရား ငါးပါးတို့၌။ ယဿ မဟေသိနော၊ အကြင်မြတ်စွာဘုရား၏။ အတုလျကံ၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ မတုနိုင်သော။ ပညာဏံ၊ သဗ္ဗညုတ ဉာဏ်တော်သည်။ ယထာရုစိ၊ အလိုတော်ရှိတိုင်း။ ဥပ္ပဇ္ဇိဝိယ၊ ဖြစ်လေသကဲ့သို့။ ယဿမဟေသိနော၊ အကြင်မြတ်စွာဘုရား၏။ အတုလျကံ၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ မတုနိုင်သော။ ဒယာ၊ မဟာကရုဏာတော်သည်။ သဗ္ဗ—

သတ္တေသု၊ အလုံးစုံသော သတ္တဝါတို့၌။ ယထာရုစိ၊ အလိုရှိတိုင်း။ ဥပ္ပဇ္ဇိ၊ ဖြစ်တော်မူလေပြီ။

(၂) သတ္တေသု၊ အလုံးစုံသော သတ္တဝါတို့၌။ တာယ ဒယာယ၊ ထို မဟာကရုဏာတော်သည်။ သမုဿာဟိတမာနသော၊ တိုက်တွန်း နှိုးဆော်သော စိတ်ရှိတော်မူသော မြတ်စွာဘုရားသည်။ ဓာတုကာယ ဂတာသတိံ၊ ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း, ကာယဂတာသတိကမ္မဋ္ဌာန်းကို။ နိဗ္ဗာနာယ၊ နိဗ္ဗာန်အကျိုးငှါ။ အဒေသယိ၊ ဟောတော်မူလေပြီ။

(၃) သိရိမတော၊ ဘုန်းကြက်သရေရှိတော်မူသော။ သမ္ဗုဒ္ဓဿ၊ ခပ်သိမ်းသောတရားကို အလိုလို သိတော်မူသော။ တဿ မဟေသိနော၊ ထိုမြတ်စွာဘုရား၏။ ပါဒေ၊ ခြေတော်စုံတို့ကို။ နမဿိတွာ၊ ရှိခိုးပြီး၍။ အဿ၊ ထိုမြတ်စွာဘုရား၏။ သဒ္ဓမ္မဥ္စ၊ ထင်ရှားရှိသော သူတော်တရားဆယ်ပါးကိုလည်း။ ပူဇေတွာ၊ ပူဇော်ပြီး၍။ သံဃဿစ၊ အရိယာ၈ သံဃာရှစ်ယောက်အပေါင်းအားလည်း။ အဉ္ဇလိံ၊ လက်အုပ်ကို။ ကတွာ၊ ပြုပြီး၍။

(၄) သာဋ္ဌကထံ၊ အဋ္ဌကထာနှင့် တကွသော ဓာတုဝိဘင်း, သတိပဋ္ဌာန်စသော ပါဠိတော်ကိုရင်း။ ဂန္ထန္တရံ၊ ပါဠိအဋ္ဌကထာမှ တပါးသော ဋီကာ-အနု-မဓု-ဂဏ္ဌိ-ယောဇနာ စသော သာသာနိကကျမ်း, သုဿုတစသော ကမ္ဘာ့တန်းဆာ သသ်ကရိဋ္ဌ်ဆေးကျမ်း, အနာတမိစသောရောမနိုင်ငံဖြစ် လူတို့၏ဒွတ္တိံသကာယကိုဆိုသော ကျမ်းကိုရင်း။ ပုဗ္ဗာစရိယသီဟာနံ၊ ရှေးဆရာမြတ်တို့၏။ မတံ၊ အယူဝါဒကိုရင်း။ နိဿာယ၊မှီ၍။ ကာယာနုပဿနာ နာမံ၊ ကာယာနုပဿနာမည်သော ကျမ်းကို။ ဘာသိဿံ၊ ဟောပေအံ့။

[ပါဠိတော်ဟူသော သုတ္တ,ပါဠိတော်နှင့်လျော်သော သုတ္တာနုလောမ, အဋ္ဌကထာဟူသော အာစရိယဝါဒ, မိမိအယူဟူသော အတ္တနောမတိ ဟူ၍ မိလိန္ဒပဥှာတွင် ရဟန္တာအရှင်နာဂသိန် ဟောတော်မူသော မဟာပဒေသ လေးပါးတို့တွင် သုတ္တမှာ-ပါဠိတော်ဖြစ်၍ ပယ်စွန့်ရန်မရှိ၊ ကြွင်းသော မဟာပဒေသ သုံးပါးတို့မှာ ပါဠိတော်ရှိလျှင် ပါဠိတော်နှင့်ညီမှ, ပါဠိတော်မရှိရာ၌ မျက်မြင် လက်တွေ့ အသင့်ယုတ္တိရှိမှသာ ဟူအပ်သည်ဟု ပါရာဇိကကဏ်အဋ္ဌကထာ, သုတ်မဟာဝါအဋ္ဌကထာတို့၌ ဆိုသည်ကို နှလုံးထား၍ အဋ္ဌကထာဋီကာကျမ်းဂန်တို့၏ စကားများကို ယူငင်မှတ်သားအပ်သည် ဟူ၍လည်း မှတ်လေ။]

## ကမ္မဋ္ဌာန်းကိုပြည့်စုံစေအပ်သော
## ပဓာနိယင်ငါးပါး

ကမ္မဋ္ဌာန်း စီးဖြန်းလိုသောသူတို့ ပြည့်စုံစေအပ်သော ပဓာနိယင် ငါးပါးကို သုတ်ပါထေယျ ပါဠိတော် သင်္ဂီတိသုတ်၌—

(၁) ပဉ္စ ပဓာနိယင်္ဂါနိ၊ ဣဓာဝုသော ဘိက္ခု သဒ္ဓေါ ဟောတိ၊ သဒ္ဒဟတိ တထာဂတဿ ဗောဓိံ၊ "ဣတိပိ သော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဝိဇ္ဇာစရဏသမ္ပန္နော သုဂတော လောကဝိဒူ အနုတ္တရောပုရိသဒမ္မသာရထိ သတ္ထာဒေဝမနုဿာနံ ဗုဒ္ဓေါ ဘဂဝါတိ"။

(၂) အပ္ပါဗာဓော ဟောတိ အပ္ပါတင်္ကော၊ သမဝေပါကိနိယာ ဂဟဏိယာ သမန္နာဂတော နာတိသီတာယ နာစ္စုဏှာယ မဇ္ဈိမာယ ပဓာနက္ခမာယ။

(၃) အသဌော ဟောတိ အမာယာဝီ ယထာဘူတံ အတ္တာနံ အာဝိကတ္တာ သတ္ထရိ ဝါ ဝိညူသု ဝါ သဗြဟ္မစာရီသု။

(၄) အာရဒ္ဓဝီရိယော ဝိဟရတိ အကုသလာနံ ဓမ္မာနံ ပဟာနာယ၊ ကုသလာနံ ဓမ္မာနံ ဥပသမ္ပဒါယ၊ ထာမဝါ ဒဠှပရက္ကမော၊ အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု။

(၅) ပညဝါ ဟောတိ ဥဒယတ္ထဂါမိနိယာ ပညာယ သမန္နာဂတော အရိယာယ နိဗ္ဗေဓိကာယ သမ္မာ ဒုက္ခက္ခယဂါမိနိယာ။

အဓိပ္ပါယ်ကား—

(၁) မြတ်စွာဘုရား၏ အရဟတ္တမဂ် အရဟတ္တဖိုလ်ကိုရင်း, အရဟံ အစရှိသော ဂုဏ်တော်တို့ကိုရင်း ယုံကြည်ခြင်း။

(၂) အနာရောဂါကင်း၍ မဧးလွန်း မပူလွန်း အလတ်ဖြစ်သော ကမ္မဋ္ဌာန်း စီးဖြန်းခြင်းငှါ ခံ့သော အစာကို ကြေစေနိုင်သောညီမျှသော ဝမ်းမီးနှင့် ပြည့်စုံခြင်း။

(၃) ဆရာဘုရား၌ရင်း, သီတင်းသုံးဘော်ပညာရှိတို့၌ရင်း, စဉ်းလဲ ကောက်ကျစ် မိမိပြုသော မကောင်းမှုကို ဖုံးကွယ်လျှို့ဝှက်ခြင်းမရှိ မိမိ ကိုယ်၌ ဖြစ်သမျှကို ဟုတ်မှန်သည့်အတိုင်း ထင်ရှားပြောဆိုခြင်း။

(၄) အကုသိုလ်တရားတို့ကို ပယ်ခြင်းငှါ ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်းငှါ အားထုတ်၍နေခြင်း,ကုသိုလ်တရားတို့၌လုံ့လ ဝီရိယ ရှိသည်ဖြစ်၍ ခိုင်ခံ့သော အားထုတ်ခြင်း,မချသော၀န်ရှိခြင်း။

(၅) ဖြစ်ခြင်း ပျက်ခြင်းသို့သွားသော ဉာဏ်ပညာနှင့် ပြည့်စုံခြင်း, မြတ်သော ထိုးထွင်းသော ကောင်းစွာ ၀ဋ်ဒုက္ခ ကုန်ခြင်းငှါ နိဗ္ဗာန်ကို သွားသော ဉာဏ်နှင့် ပြည့်စုံခြင်း။

ဤအင်္ဂါငါးပါး ပြည့်စုံအောင် ရှေးဦးစွာ ပြုလုပ်ပြီးမှ ကမ္မဋ္ဌာန်းကို အားထုတ် အပ်သည် ဟူလို။

ပဓာနိယင်္ဂါငါးပါး ပြီး၏။

# ရုပ်နှစ်ဆဲ့ရှစ်ခုပြဆိုခဏ်း

## ရုပ် ၂၈-ပါးအကျဉ်း

ဤကာယဂတာ သတိကမ္မဋ္ဌာန်း, ဓာတု ဝဝတ္ထာန်ကမ္မဋ္ဌာန်းတို့၌ ရုပ်နှစ်ဆဲ့ရှစ်ခု တို့နှင့် ရုပ်တို့၏ ကလာပ်စည်းတို့ကို ရှေးဦးစွာ သိပြီးမှ ကမ္မဋ္ဌာန်း ထင်လွယ်မည်ဖြစ်သောကြောင့် ရှေးဦးစွာ ရုပ်နှစ်ဆဲ့ရှစ်ခု တို့နှင့် ကလာပ်စည်းတို့ကို ပြဆိုပေအံ့။

(၁) တတ္ထ သီတာဒိ ရုပ္ပတ္တာ၊ ရူပံ ဘူတပနလာနိလံ။
ဘူတံ ထဒ္ဓန ဒဝတာ၊ ပစနီရဏာ ဘာဝကံ။ ။

(၂) စက္ခု သောတဋ္ဌ ဃာနဋ္ဌ၊ ဇိဝှါ ကာယော ပဘာ ရဝေါ။
ဂန္ဓော ရသော-ဇာ ဣတ္ထိစ၊ ပုမာ ဝတ္ထုစ ဇီဝိတံ။ ။

(၃) ခံ ဇာတိ ဇရတာ ဘင်္ဂေါ၊ ရူပဃလဟုတာ တထာ။
မုဒု ကမ္မညတာ ကာယ၊ ဝစီ ဝိညတ္တိ ဘူတိကံ။ ။

သစ္စခိပ်ပါဌ်၊ အတ္ထကား—

တတ္ထ၊ ထိုခန္ဓာငါးပါးတို့တွင်။ သီတာဒိရုပ္ပတ္တာ၊ အချမ်း, အပူအစရှိသည် တို့ကြောင့် ဖောက်ပြန် ပျက်စီးတတ်ခြင်း ကြောင့်။ ရူပံ၊ ရုပ်မည်၏။

ဘူတပနလာနိလံ၊ ပထဝီ, အာပေါ, တေဇော, ဝါယော-ဓာတ်လေးပါးအပေါင်းသည်။ ဘူတံ၊ ဘူတရုပ်မည်၏။ ထဒ္ဓန-ဒဝတာ၊ ခိုင်ခံ့ခြင်း,ယိုစီးစိမ့်ဝင်ခြင်း သဘောသည်ငှင်း။ပစနီရ-ဏာဘာဝကံ၊ ကျက်ခြင်း, လှုပ်ရှားခြင်း သဘောသည်ငှင်း။ ဟောတိ၊ဖြစ်၏။

စက္ခု၊ စက္ခုပသာဒရုပ်ငှင်း။
သောတဋ္ဌ၊ သောတပသာဒရုပ်ငှင်း။
ဃာနဋ္ဌ၊ ဃာနပသာဒရုပ်ငှင်း။
ဇိဝှါ၊ ဇိဝှါပသာဒရုပ်ငှင်း။
ကာယော၊ ကာယပသာဒရုပ်ငှင်း။
ပဘာ၊ ရူပါရုံငှင်း။

ရဝေါ၊ အသံရင်း။
ဂန္ဓော၊ အနံ့ရင်း။
ရသော၊ ရသာရင်း။
ဩဇာ၊ ကဗဠီကာရ အာဟာရရုပ်ရင်း။
လ္ဟုတ္တိစ၊ လ္ဟုတ္တိဘောရင်း။
ပုမာစ၊ ပုမ္ဘာရင်း။
ဝတ္ထုစ၊ ဟဒယဝတ္ထုရုပ်ရင်း။
ဇီဝိတံ၊ ရုပ်ဇီဝိတိန္ဒြေရင်း။ ။
ခံ၊ အာကာသဓာတ် ပရိစ္ဆေဒရုပ်ရင်း။
ဇာတိ၊ ဇာတိရုပ်ရင်း။
ဇရတာ၊ ဇရတာရုပ်ရင်း။
ဘင်္ဂေါ၊ အနိစ္စတာရုပ်ရင်း။
ရူပဿလဟုတာ၊ ရူပဿလဟုတာရုပ်ရင်း။
တထာ၊ ထိုမှတပါး။ မုဒုတာ၊ မုဒုတာရုပ်ရင်း။
ကမ္မညတာ၊ ကမ္မညတာရုပ်ရင်း။
ကာယဝစီဝိညတ္တိ၊ ကာယဝိညတ်, ဝစီဝိညတ်ရင်း။
ဘူတိကံ၊ ဥပါဒါရုပ်နှစ်ဆဲ့သုံးခုတည်း။

[ဥပစယ, သန္တတိရုပ် နှစ်ခုကို ဇာတိရုပ်တခုတည်းပြု၍ ဥပါဒါ ရုပ် နှစ်ဆဲ့သုံးခုဖြစ်သည်။]

---

## ဘူတရုပ် ၄–ပါး

ဓာတ်ဟူသည်ကား– တိတ္ထိတို့၏ အတ္တကဲ့သို့ ယုန်ချို, လိပ်မွေး ဆိုသကဲ့သို့ ထင်ရှားမရှိသည်မဟုတ်၊ ထင်ရှားရှိသောကြောင့် ဘူတရုပ် လေးပါးလည်းခေါ်သည်။

(၁) **ပထဝီဓာတ်** အခြားဓာတ်တို့၏တည်ရာ ရေမှုန့်, **အခိုးမှုန့်**, မှုန့်မှုန့်ဖြစ်ကြောင်း ဖြစ်သောကြောင့် ခိုင်ခံ့သောသဘော, ကြမ်းတမ်းသော သဘောမဟုတ် နူးညံ့ရာ၌လည်း ပထဝီ ဓာတ်ပင်တည်း။

(၂) **အာပေါဓာတ်** မြေမှုန့်ကို ရေစုသကဲ့သို့ ရုပ်ကလာပ် မှုန့်တို့ကို စိမ့်ဝင်၍ ပေါင်းစုတတ်သော သဘောတည်း။

(၃) **တေဇောဓာတ်** ကျက်စေ, အိုစေ, မှည့်စေ, ရင့်စေ တတ်သော ပူသမျှသောသဘောတည်း။

(၄) **ဝါယောဓာတ်** ကျားကန်သကဲ့သို့ ထောက်ကန်ဘိညှပ် လှုပ်ရှားတတ်သောသဘော၊ ဤဝါယောဓာတ်ကိုပင် အား ခွန်ဗလဟု ခေါ်သည်။

သံ ကြေး စသော ဓာတ်မျိုးတို့၏ အညစ်အကြေး ဖြစ်ကြောင်း ဖြစ်သော အငွေ့ကဲ့သို့သော ဓာတ်တခုနှင့် ဆား ဆပ်ပြာ စသော ဓာတ်တို့ကို စွတ်စိုစေတတ် ငိုစေတတ်သော အငွေ့ကဲ့သို့သော ဓာတ်တခု၊ ၎င်းဓာတ်နှစ်ခုစပ်မိလျှင် ပကတိရေဖြစ်သည်။ ထိုရေသည် ပင် အလွန်ဧးသော ဥတုရှိသောအရပ်သို့ ရောက်သော်၎င်း, ဆေးဝါး တို့ဖြင့်အလွန်ဧးအောင်ပြုသော်၎င်း, အစိုင်အခဲ မိုဃ်းသီး ဆီးခဲ ရေခဲ ဖြစ်သကဲ့သို့ ဤဓာတ်လေးပါး ထိုက်သည့်အားလျော်စွာ ပေါင်းစု မိလျှင် အခိုး အရည် အခဲပြော့ အခဲမာ ဖြစ်ကြကုန်၏။

ပကတိရေကိုဓာတ်ခွဲလျှင် ဆိုခဲ့ပြီးသော အငွေ့ကဲ့သို့ ဓာတ်နှစ်ခု ဖြစ်၍ ရေပျောက်သကဲ့သို့ အခိုး အရည် အစိုင်အခဲများတွင် ဤဓာတ် လေးပါးကို နုတ်လျှင် အခိုး အရည် အစိုင်အခဲ ဟူ၍ ခေါ်ဝေါ် ပညတ်ရန် အထည် ကိုယ်ဒြပ် မရှိ, ပျောက်သည်။

[ပညတ်, ပရမတ်ကို နားမလည် သူတို့က ဓာတ်လေးပါးကိုနုတ်သော် လည်း အထည်, ဒြပ် **စ**ညတ်ကျန်သည်ဆို**သော**စကားကို မမှတ်အပ်။]

---

## စက္ခုပသာဒရုပ်

စက္ခုပသာဒရုပ်တည်ဟန်သဏ္ဍာန်ပမာဏတို့ကိုပြခြင်း—

ပသာဒရုပ်ဟူသည် မှန်, သင်ဓုန်းတို့၏ အထဲတွင် အရောင်ကြည် လင်ခြင်းကဲ့သို့ ဓာတ်လေးပါးဟူသော ဤကိုယ်ရုပ်စုတွင် ကြည်လင် သော သဘောတည်း။

(၁) စက္ခုပသာဒရုပ် ဟူသည် မျက်လုံးလယ်၌ ကြည်လင်ခြင်း သဘော အသားစိုင် **အသားခဲ**ဖြစ်သော မျက်စိသည် မံသစက္ခုမည်၏၊ ဤမံသစက္ခုသည် **သသမ္ဘာရစက္ခု, ပသာဒစက္ခု** ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင်—

အောက်၌ မျက်လုံးအောက် ပါးရိုးဖြင့်, အထက်၌ မျက်ခုံးရိုးဖြင့်, အတွင်း၌ ဦးနှောက်ကလာသော အကြောဖြင့်, ပြင်၌မျက်တောင်မွေးတို့ဖြင့်, ဝဲယာ၌ မျက်ထောင့်တို့ဖြင့် ပိုင်းခြားအပ်သော အသားစုအကြောစုသည် သသမ္ဘာရစက္ခုမည်၏၊ ဤသသမ္ဘာရစက္ခုကို လူအပေါင်းတို့သည် မျက်စိဟူ၍ သိကြကုန်၏၊ ပသာဒရုပ်ကို မူကား—မသိကြကုန်။

ဤအသားစိုင်သည် ဦးနှောက်၌ အကြောဖြင့် ဖွဲ့ယှ်၍ အရိုးတွင်း၌ တည်၏၊ ခတ်လေးပါးရှိ၏၊ ဤမျက်လုံးတွင်—

(၁) သလိပ်များသည့်နေရာ၌ဖြူ၏။
(၂) သည်းခြေများရာ၌ညို၏။
(၃) သွေးများရာ၌နီ၏။
(၄) ပထဝီဓာတ်များရာ၌ ခိုင်မာ၏။
(၅) အာပေါဓာတ်များသောကြောင့် အရည်လည်းရှိ၏။
(၆) တေဇောဓာတ်များသောကြောင့် အငွေ့လည်းရှိ၏။
(၇) ဝါယောဓာတ်များသောကြောင့် အထက်အောက် ဝဲယာ လှုပ်ပတ်နိုင်၏။

မျက်လုံးတွင် အဖြူဖြင့် ဝန်းဝိုင်းအပ်သော အနက်၏အလယ် ရှေး ရှုတည်သောဝတ္ထု၏ အရိပ်ကျရာ ဒိဋ္ဌမဏ္ဍလ ဟုဆိုအပ်သော နေရာ၌ ဂွမ်းလွှာခုနစ်ထပ်တို့၌ လောင်းအပ်သောဆီသည် စိမ့်ဝင်ပျံ့နှံ့၍ တည်သကဲ့သို့ စက္ခုပသာဒရုပ် ဟူသော ကြည်လင်ခြင်းသဘောသည် စိမ့်ဝင်ပျံ့နှံ့၍တည်၏။

ဤစက္ခုပသာဒရုပ်ကိုလည်း အချိ,ရေချိုး, တန်းဆာဆင်, ယပ်ခပ်အမှုတို့ကို ပြုကုန်သော အထိန်းလေးယောက်တို့သည် စောင့်ရှောက်ထိန်းသိမ်း ကျွေးဇူးပြုသော မင်းသားငယ်ကဲ့သို့ ခံခြင်း,ဘွဲ့ခြင်း, ကျက်ခြင်း, လှုပ်ရှားခြင်းကိစ္စတို့ဖြင့် ဓာတ်လေးပါးတို့သည် ကျေးဇူး ပြုအပ်၏၊ ဥတု,စိတ်,အာဟာရတို့သည် ထောက်ပံ့အပ်၏၊ ဇီဝိတိန္ဒြေရုပ်သည် စောင့်ရှောက်အပ်၏။ ဝဏ္ဏ, ဂန္ဓ, ရသတို့သည် ခြံရံအပ်ကုန်၏၊ စက္ခုဝိညာဉ်စိတ် စသည်တို့၏ ထိုက်သည့်အားလျော်စွာ ဝတ္ထုဒွါရအဖြစ်ကို စက္ခုပသာဒရုပ်သည် ပြီးစေ၏။

## စက္ခု၏သဏ္ဌာန်ပမာဏ

ပမာဏတော မုဂ္ဂပဋ္ဋလမတ္တံ စက္ခုဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။
(မဟာနိဒ္ဒေသအဋ္ဌကထာ။)

ပမာဏတော မုဂ္ဂဝိဒလမတ္တံ စက္ခု ဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။
(ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ။)

ဤအဋ္ဌကထာ နှစ်စောင်တို့၏ အလိုအားဖြင့် ပဲနောက်ခြမ်း ပမာဏရှိ၏။

ပမာဏတော ဦကာသိရမတ္တံ စက္ခုဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။
(အဋ္ဌသာလိနီအဋ္ဌကထာ, ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။)

ဤအဋ္ဌကထာတို့ အလိုအားဖြင့် သန်းဦးခေါင်း ပမာဏရှိ၏။ ။ဤသို့အဋ္ဌကထာချင်း အယူဝါဒကွဲကြပြားသော်လည်း—

ယေန စက္ခု ပသာဒေန၊ ရူပါနိ မနု ပဿတိ။
ပရိတ္တံ သုခုမံ ဧတံ၊ ဦကာသိရ သမူပမံ။ ။

ယေန စက္ခုပသာဒေန၊အကြင်စက္ခု ပသာဒရုပ်ဖြင့်။ ရူပါနိ၊ရူပါရုံတို့ကို။ အနုပဿတိ၊ မြင်၏။ဝါ၊ မနု၊သတ္တဝါသည်။ ပဿတိ၊ မြင်၏။ ဧတံ၊ ဤစက္ခုပသာဒရုပ်သည်။ပရိတ္တံ၊ ငယ်၏။သုခုမံ၊ ပရမတ် သဘောဖြစ်၍ သိမ်မွေ့၏။ဦကာသိရသမူပမံ၊သန်းဦးခေါင်းနှင့်မျှသော ပမာဏ ရှိ၏။

ဤသို့ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာ ဟောတော်မူသောကြောင့် သန်းဦးခေါင်းပမာဏဟူ၍သာ မှတ်လေ။

သန်းဦးခေါင်းပမာဏဟု ဆိုသော်လည်း ရုပ်တို့သဘောသည် တခုတည်း အသီးအခြားမဖြစ်နိုင်၊ ကလာပ်စည်းအတိုင်း ဖြစ်မြဲဖြစ်သောကြောင့်ငှင်း,ကလာပ်စည်းရာ ပါသည့်ရုပ်တို့တွင် အလေး အပေါ့ အချိန် ပမာဏကို ပထဝီဓာတ်သာ ရကောင်းသည်၊ အရှည် အတို အလုံး

အဝိုင်း စသော သဏ္ဌာန်ပမာဏကို ရူပါရုံသာ ရကောင်းသည်၊ပသာဒ ရုပ်သည် ပမာဏကို မရကောင်းသောကြောင့်ဝင်း စက္ခုပသာဒရုပ် ချည်း၏ ပမာဏမဟုတ်၊ စက္ခုဒသကကလာပ်တခုလုံး၏ ပမာဏဟု မှတ်လေ။

---

## စက္ခု၏ပမာဏအဆုံးအဖြတ်

အဘိဓမ္မာဝတာရ ဋီကာ၌ကား–စက္ခုပသာဒရုပ်၏ ပမာဏကို မရ ကောင်းသောကြောင့် တည်ရာသည်ပင်လျှင် ပမာဏဟု ဆို၏၊ထိုစကား လည်း စက္ခုပသာဒရုပ်သည် ဇီဝိတနဝက ကလာပ်မှတပါး အခြားနှ၌ တည်ရာ မရှိသောကြောင့် စက္ခုဒသက ကလာပ်၏ ပဏာမဟူ၍ပင် ဆို ရာရောက်သည်၊ဤသို့ ပမာဏ ရကောင်းသော ပထဝီဓာတ်နှင့် ရူပါရုံတို့ သည်လည်း အဋ္ဌကလာပ်စသော ကလာပ်စည်း ဟူသမျှတို့၌ ပါသည် ချည်းဖြစ်၍ ရုပ်ကလာပ်စည်းတို့၏ ပမာဏဟူသမျှသည် အရှင်သာရိ ပုတ္တရာ ဟောတော်မူသော စက္ခုဒသကကလာပ်၏ ပမာဏကိုထောက် ၍ သန်းဦးခေါင်း ပမာဏလောက်ချည်း ဟူ၍လည်း မှတ်အပ်သည်။

ဤ ရုပ်ကလာပ်စည်းတို့၏ သန်းဦးခေါင်းပမာဏ ဟူသည်လည်း လူသတ္တဝါတို့၏ စက္ခုဒသက ကလာပ်ကို ဆိုလိုသည် ယူရမည်၊ အဘယ့်ကြောင့်နည်းဟူမူ သန်းဦးခေါင်း၌ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဒသက ကလာပ်တို့ကို ရကောင်းသောကြောင့် သန်း ဦးခေါင်း၌ရှိသော ကလာပ်၏ ပမာဏနှင့် လူတို့၌ရှိသော ကလာပ်၏ ပမာဏမတူကြ အကြီးအငယ် ဖြစ်ကြရန် ရှိသောကြောင့်ဝင်း, မေတ္တ သုတ်ပရိတ် "အဏုကထူလာ" အဘွင့်တွင် လူတို့၏ ပကတိမျက်စိ ဖြင့် မမြင်နိုင်သော ပိုးငယ်များ ရှိကြောင်းကိုဆိုရာ ထိုပိုးငယ်တို့၌ရှိ သော ရုပ်ကလာပ် ပမာဏတို့သည် အလွန် သေးငယ်ရန် ရှိသော ကြောင့်ဝင်း– ဤသို့သတ္တဝါ ငယ်လျှင် ရုပ်ကလာပ်စည်း ငယ်ရန် ရှိသည်ကို ထောက်၍ သတ္တဝါကြီးလျှင်လည်း ရုပ်ကလာပ်စည်းကြီးရန် ရှိသည်ဟု–ယူသင့်သောကြောင့်တည်း။

## ပသာဒစက္ခုနှင့် မျက်လွှာ ၇-ထပ်

ဤသို့ဆိုခဲ့ပြီးသော ရုပ်ကလာပ်စည်း၏ ပမာဏသည်လည်း ကံ, စိတ်, ဥတု, အာဟာရ တို့ကြောင့် အလိုလို သဘောအတိုင်းဖြစ်သော ရုပ်ကလာပ်စည်း၏ ပမာဏကို ဆိုသည်ဟူ၍ ယူရမည်၊ အဘယ့်ကြောင့်နည်းဟူမူ သန်းဦးခေါင်းမျှလောက် ရှိသော အလိုလို သဘောအားဖြင့်ဖြစ်သော လူတို့၏ စက္ခုဒသက ကလာပ်ပမာဏကို ဖျက်ဆီးပွတ်ချေ၍ ပရမာဏုမြူမျှလောက် အမှုန့်ဖြစ်သော်လည်း ထိုမြူမှုန့်တခု တခု၌ အခြား ဝဏ္ဏရှိရန် မရှိ၊ အဋ္ဌကလာပ်စည်းကိုပင် ရရန်ရှိသောကြောင့်တည်း၊ ထို့ကြောင့် သက်မဲ့ဖြစ်သော ကျောက်လုံး, သစ်ပင်တို့၌ ရကောင်းသော အဋ္ဌကလာပ်ရုပ်အစုကို ပရမာဏုမြူမျှလောက် အမှုန့်ပြုသော်လည်း ဤအမှုန့်မြူတခု၌ အဋ္ဌကလာပ်စည်းကိုပင် ရနိုင်၏၊ သို့သော်လည်း ထိုသစ်ပင် ကျောက်သုံးတို့၏ လက်ဦးအစ ဖြစ်စဉ်ကာလ ပမာဏ မည်မျှလောက် ကြီးသည်ကို ကျမ်းဂန် မရှိသောကြောင့် မသိနိုင်။

ဤစက္ခုဒသက ကလာပ်သည်လည်း မျက်လွှာ ခုနစ်ထပ်ကိုနှံ့၍ တည်သည် ဆိုသောကြောင့် စက္ခုဒသက ကလာပ် တစည်းတည်း မဟုတ်၊ သန်းဦးခေါင်းမျှလောက် စက္ခုဒသက ကလာပ်ခုနစ်စည်းတို့သည် မျက်လွှာ ခုနစ်ထပ်၌ ရှေ့တူရှူ ဆင့်လျက်တည်၏၊ ထို့ကြောင့် မူလဋီကာ၌—

> သတ္တက္ခိပဋလာနံ ဗျာပနဝစနေန အနေက ကလာပ—
> ဂတဘာဝံ စက္ခုဿ ဒဿေတိ။ ။ဟူ၍ မိန့်၏။
>
> [အချို့ဆရာကား—မျက်လွှာခုနစ်ထပ်၌နှံ့၍ တည်သော စက္ခုဒသက ကလာပ်ရှိသမျှကို ပေါင်းမှ သန်းဦးခေါင်းပမာဏ ရှိသည်ဟု-ယူရမည် ဆိုကြကုန်၏။]

---

## သသမ္ဘာရ စက္ခုကလာပ်စည်း

သသမ္ဘာရ စက္ခု အသားတုံး၌ကား- စက္ခုဒသက, ကာယဒသက, ဘာဝဒသက ဟူသော ကမ္မဇရုပ်သုံးဆယ်, စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်သော အဋ္ဌကလာပ်သုံးစည်း, ရုပ်သင့်နှစ်ဆဲ့လေး စုစုရုပ်

ပေါင်း ငါးဆဲ့လေးခု ရသင့်၏၊ ကလာပ်အားဖြင့် ငါးစည်းဖြစ်၏၊ သန်းဦးခေါင်း ပမာဏလောက် ရုပ်ကလာပ်မှုန့်ငယ် ငါးမျိုး အများအပြားပေါင်းစု၍ တည်ကြသည် ဟူ၍လည်းမှတ်။

[ဓကစိဆရာတို့ကား—အဋ္ဌကလာပ်သုံးစည်းတွင် သဒ္ဒကိုထည့်၍ သဒ္ဒနဝက ကလာပ်သုံးစည်းပြုပြီးလျှင် ရုပ်ပေါင်းငါးဆဲ့ခုနစ်ခုရ၏ဟုဆိုကုန်၏။]

သောတ,ဃာန,ဇိဝှါ တို့၌လည်း စက္ခုဒသကအစား သောတ, ဃာန, ဇိဝှါ ဒသကတို့ကို ထည့်၍ ရုပ်ရသင့် ဤ အတိုင်းပင်ဖြစ်၏၊ ကာယ၌ကား—ကာယဒသက, ဘာဝဒသက ကလာပ် နှစ်စည်းနှင့် ဆိုခဲ့သည့်အတိုင်း အဋ္ဌကလာပ် သုံးစည်းသာ ရသောကြောင့် ရုပ်ပေါင်း လေးဆဲ့လေးခုသာရ၏၊ ဤသို့ ဆိုခဲ့ပြီးသည်ကား-အဋ္ဌကထာ ဋီကာ တို့ကွင် လာသောစကားတည်း။

---

## အနာဂတမိကျမ်းအလို မျက်စိကြောများအကြောင်း

အနာဂတမိ ကျမ်း၌ကား— မျက်စိဟူသည် အလွန် သိမ်မွေ့နူးညံ့သော အသား, အဆီ, အကြောတို့၏အစု မျက်လုံး၏ အတွင်းဘက် ဦးနှောက်မှလာသော ရသကြောကြီးတခု၊ ဤရသကြောကြီး ထွက်ရင်းနေရာ အနီးပတ်လည်ကပင် ကပ်၍ထွက်သော အသားတုံးမျိုးဖြစ်သော အကြောလေးခုတို့သည် မျက်လုံး၏ အထက် အောက် ဝဲယာ လေးမျက်နှာအားဖြင့် မျက်လုံးကို ဆိုင်းထားကြ၏၊ထိုအကြော လေးချောင်းဖြင့် မျက်လုံး၏ အထက် အကြောတို့ ထွက်ရာ အရပ်အနီးက ထွက်၍ အသားမျှင်တုံး အကြောမျိုးတခုသည် အထက်မျက်ခုံးရိုး၌ သံကွင်းငယ်ကဲ့သို့ အရိုးကွင်းငယ်တခုလျှို၍ နောက်သို့ပြန်ခေါက်ပြီးလျှင် မျက်လုံးအထက်ဘက်၌ တွယ်၏။

ထိုအကြောသည် အရင်းအဖျား နှစ်ဘက် အောက်သို့ ကိုင်းလျက်နေ၏၊ အောက်မျက်ခမ်းရိုးမှ အသားမျှင်အကြော တခုသည်လည်း ထွက်၍ အကြောစအထက်ကို ထောင်ပြီးလျှင် မျက်လုံးအောက်စတွင် တွယ်၏၊ ဤအကြောလည်း အဖျားအထက်ကို မော့၍ ကိုင်းလျက်ရှိ၏၊

အထက် မျက်ခုံးရိုးကွင်းငယ်၌ ဘောက်သီပြီးလျှင် ပြန်ခေါက်၍မျက်လုံး အထက်၌ တွယ်သော အကြော၏ အရင်းပိုင်း, အလယ်ပိုင်းလောက်က ဆွဲလျှင် မျက်လုံးသည် အောက်သို့ လှည့်၍ ဝမ်းကို ခြေကို မြင်၏။

ရသကြောသည် ဤအကြောတို့ အလယ်၌ တည်၏၊ ရသကြောမှ တပါး တန်းလျက်နေသော အကြောလေးခုတို့ဖြင့်ရင်း,အထက်အောက် ကိုင်းလျက်နေသော အကြောနှစ်ခုတို့ဖြင့်ရင်း လျော့ခြင်း တင်းခြင်း ကို ထိုက်သည့်အားလျော်စွာပြု၍ မျက်လုံးသည် အထက် အောက် ဝဲယာများသို့ အလိုရှိရာ လှည့်ပတ်နိုင်၏၊ လေးမျက်နှာ တန်းလျက်နေ သော အကြောလေးခု တပြိုင်နက်တည်း တွန့်သောကြောင့် လူသေ၌ မျက်လုံးဝင်၍ သွား၏။

---

## မျက်လုံးနှင့်အမြှေးများ

မျက်လုံးသည် သမ္ဘာရာသီးကဲ့သို့ အလုံးဖြစ်၏၊ ၎င်းမျက်လုံး၏ အဆီ,အသား,အကြောစု အလုံးစုံကို ပြင်ဆုံးမှ ပတ်ထုပ်၍ တည်သော အမြှေးထူတထပ်။

ဤအမြှေးထူသည် ထူသည့် အရင်းပိုင်းမှ လက်သစ်၏ (၁/၅)တဆဲ့ငါးပိုင်း တပိုင်း၊ ပါးသည့်နေရာ မျှေပိုင်းမှာ လက် သစ်၏ (၁/၃)သုံးပိုင်း တပိုင်းရှိ၏။

၎င်းအမြှေးလွှာသည် အလုံးစုံကို မပတ်မိ၊ ရှေ့ဘက်၌ သမ္ဘာရာသီး ၏ ထိပ်ကို ဖြတ်ထားသကဲ့သို့ဖြစ်၍ မျက်နက်ဝဲယာကို ထိကာမျှရှိ၏၊ ၎င်းအမြှေး ဖုံးအုပ်သမျှကို မျက်ဖြူခေါ်ကြ၏၊ ၎င်းပဌမအမြှေး မျက် လွှာကို ဖြစ်စေသော အသားတို့သည် ချည်ချောင်း အစုကဲ့သို့, အမျှင် ငယ်အစု ပြေ့ပျောင်းခိုင်မာသော ညောင်ပိန္နဲစေးများကဲ့သို့ ဖြစ်၏၊ မှန်ကဲ့သို့ ထုတ်ချင်းပေါက်သော အရောင်မရှိ။

မျက်လုံး၏ ရှေ့တည်ရာ၌ ဤပဌမအမြှေး မအုပ်မိသည့်နေရာ ပတ် လည်တွင် အချို့မှာအနက်, အချို့မှာအပြာ, အချို့မှာ အကြောင် အဆင်းရှိသော အမြှေးတခုသည် ဆက်၍တည်၏၊ ဤအမြှေး၏အလယ် မျက်လုံး၏ရှေ့ တည့်တည့်တွင်လည်း ဤအမြှေးသည် ပိတ်မိအောင်မဖုံး၊ အပေါက်ငယ်နှင့်ပင်ဖြစ်၏။

ဤအမြေးထုလက်သစ်၏(၁ ၂/၂၅)တရာ့နှစ်ဆဲ့ငါးပိုင်း နှစ်ပိုင်းရှိ၏၊ အရှေ့နိုင်ငံသားများမှာ ဤအမြေး နက်သောကြောင့် မျက်နက်ဝန်းဟု ခေါ်အပ်၏၊ဤမျက်နက်ဝန်း၏ ဝဲယာ အချင်း လက်သစ်၏ (၃/၅) ငါးပိုင်းသုံးပိုင်း အထက်အောက် အချင်း (၇ ၃/၅)ခုနစ်ဆဲ့ငါးပိုင်း လေးဆဲ့သုံးပိုင်း မျက်လုံး၏ ရှေ့တည့်တည့်၌ ဤမျက်လွှာကို အုပ်၍တည်သော ပဋမအမြေးနှင့်ပင် စပ်သော နာရီတွင်ဖုံးသော မှန်ခုံးကဲ့သို့ အရောင်ပေါက်သော မျက်လွှာတခု၊၎င်းမျက်လွှာအမြေးကို ဖြစ်စေသော အသားစိုင်တို့သည် အလွန်သိမ်မွေ့သော ပါးသော အလွှာအစုဖြစ်၏။

---

## ပဋမအမြေး

ပဋမအမြေးသည် လုံးသော ကြုတ်ငယ် အံမကဲ့သို့ ဤယခုဆိုသော အမြေးသည် အဖုံးကဲ့သို့ဖြစ်၍ ပဋမအမြေးသည်နောက်, ဤအမြေးသည် ရှေ့တည့်တည့်၌တည်၏၊ မှန်ကဲ့သို့ ထုတ်ချင်းခတ်သော အရောင်ရှိ၏၊ အဖုံးနှင့်တူသောကြောင့် အဖုံးမြေးဟု ခေါ်အပ်၏။

၎င်းအမြေး ထုသည့်နေရာမှာ ထုလက်သစ်၏ (၁/၁၅) တဆဲ့ငါးပိုင်း တပိုင်းရှိ၏၊ ၎င်းအမြေးအရင်းပိုင်း ကျယ်ရာတွင် အချင်းလက်သစ်၏ (၁၆/၂၅)နှစ်ဆဲ့ငါးပိုင်း တဆဲ့ခြောက်ပိုင်း ရှိ၏၊ မျက်နက်ဝန်း၏အလယ်၌ အပေါက်ငယ် အချင်းလက်သစ်၏ (၁၄/၇၅) ခုနစ်ဆဲ့ငါးပိုင်း တဆဲ့လေးပိုင်းရှိ၏၊ ဤအပေါက်ငယ်ကို မှန်ကဲ့သို့သော အဖုံးမြေး ဖုံးအုပ်လျက်ရှိ၏။

ဤမျက်နက်လွှာ အမြေးသည် အကြောတို့ကဲ့သို့ တွန့်ခြင်း, ရှုံ့ခြင်းကိုပြုနိုင်၏၊ နေ့မီးစသော အရောင်အားကြီးရာကို ကြည့်လျှင် ၎င်းမျက်နက်မြေးသည် တွန့်ရှုံ့၍ မျက်နက်ဝန်း အလယ်၌ရှိသော အပေါက်ငယ်သည် ကျဉ်း၏၊ မှောင်မိုက်၍ မမြင်ရာကို ဖြစ်စေ, သိမ်မွေ့သော ဝတ္ထုကိုဖြစ်စေ အားထုတ်၍ စေ့စေ့ကြည့်လျှင် ၎င်းအမြေးနက်သည် ပျံ့၍ အပေါက်ငယ် ကျယ်သကဲ့သို့ဖြစ်၏။

---

## ဒုတိယစသောအမြွေး

ပဌမအမြွေးထူကြီးအောက် ပဌမ အမြွေးထူကြီး ရောက်သော နေရာလောက်ရောက်အောင် ဒုတိယအမြွေးတထပ် မျက်လုံးကိုပတ်ထုပ် ပြန်၏၊ ၎င်းဒုတိယအမြွေးလည်း မှန်ကဲ့သို့ ပေါက်သောအရောင်မရှိ၊ ၎င်းဒုတိယအမြွေးအောက်၌ကပ်၍ အရည်နက်သည်ပျံ့နှံ့လျက် တည်၏၊ ဤအရည်နက်ကြောင့် အရောင်အလင်းတွင် ပါသော အပူကို အတော် အသင့်ခံနိုင်သည်၊ နက်သော အဆင်းရှိသော ဝတ္ထုသဘောသည် အပူ ကိုစုတ်၍ ဧးစေတတ်သည်၊ ၎င်းအရည်နက်အောက် ဦးနှောက်မှ လာသော ရသကြောကြီး၏တည်ရာ အထက်ဆိုခဲ့ပြီးသော အမြွေးလွှာ များလောက်ရောက်အောင် မျက်လုံးကို ပျံ့နှံ့၍ ပတ်ထုပ်ပြန်သော တတိယအလွှာဖြစ်၏၊ ဤတတိယမျက်လွှာသည် မှန်ကဲ့သို့ ပေါက်သော အရောင်မရှိ။

ဤသို့ဆိုခဲ့ပြီးသော မျက်လွှာသုံးထပ်တို့၏ ထူသည့်နေရာ အရင်းပိုင်းတွင် လက်သစ်၏ (၇၅) ခုနစ်ဆဲ့ငါးပိုင်း ရှစ်ပိုင်း ရှိ၏။

ဤမျက်လွှာ၏အတွင်းပတ်လည်ဝန်းကျင်၌ ဦးနှောက်က လာသော ရသကြောကြီးသည် အကြောငယ်စုဖြစ်ပြီးလျှင် ကွန်ရက်ကဲ့သို့ဖုံးအုပ် ပျံ့နှံ့လျက်တည်၏၊ ဤသို့ အကြောငယ်အများ ကွန်ရက်ကဲ့သို့ဖြစ်သည် ကို ပါဠိဘာသာ ဇာလခေါ်သည်၊ ဇာကွန်ချာနှင့် တူသည်ဟူလို။

---

## အကြောကွန်ရက်ပေါ်ကျမှမြင်ရပုံ

မျက်စိ၏ ရှေးရှု၌တည်သော ဝတ္ထု၏အရိပ်သည်ဤအကြောကွန်ရက် ပေါ်သို့ကျမှ မြင်သောဝတ္ထုကို မြင်ရ၏၊ ဤအကြောကွန်ရက်အတွင်း အလွန်ပါးသော သိမ်မွေ့သော စတုတ္ထမျက်လွှာသည် ဆိုခဲ့ပြီးသော မျက်လွှာများလောက်ရောက်အောင် ပတ်ထုပ်၍တည်၏၊ ဤစတုတ္ထ မျက်လွှာသည် မှန်ကဲ့သို့ အလွန်ကြည်လင်သော ထုတ်ချင်းခတ် ပေါက် သော အရောင်ရှိ၏၊ ရသကြောကြီး၏ ကွန်ရက်ကဲ့သို့ ဖြာသော ကြောသေးငယ်စုဟူသော ဇာလသည် ဤစတုတ္ထမျက်လွှာ၏ ပြင်ပတ် လည် တတိယမျက်လွှာအတွင်းပျံ့နှံ့၍တည်၏။

ဤအကြောကွန်ရက်သည် လာရင်းအကြောမကြီးနှင့် အတူ အလွန်နူးညံ့၏၊ ထူးခြားသော အရောင်အဆင်းရှိ၏၊ ဤစတုတ္ထ မျက်လွှာအတွင်း ကြက်ဥ၏ ဖြူသောအကာရည်ကဲ့သို့ ကြည်လင်ပြစ်ချွဲသောအရည်သည် မျက်စိ၏ အဖုံးခေါ်သည်၊ ရှေ့တည့်တည့် မျက်လွှာကိုထိအောင်အပြည့်တည်၏။

## မျက်ဆံအကြောင်း

ဤအဖုံးမျက်လွှာထူ နောက်မျက်နှာ ပြင်လွှာ၏ အလယ်ချက်မှ အတွင်းဘက်သို့ လက်သစ်၏ (၂/၇၅) ခုနစ်ဆဲ့ငါးပိုင်း ခုနစ်ပိုင်း ကွာခသော နေရာအောက် အလွန်သိမ်မွေ့သော မှန်ကဲ့သို့ ထုတ်ချင်းခတ် အရောင်ရှိသော အလွန်ပါးသော အမြှေးဖြင့် ဖုံးထုပ်အပ်သော မှန်ကဲ့သို့ပင် ထုတ်ချင်းခတ် အရောင်ရှိသော ရှေ့နောက် မောက်သော မှန်ခုံးဝိုင်းငယ်နှင့် တူသော မျက်ဆံသည်တည်၏၊ ထို့ကြောင့် မျက်ဆံနှင့် မျက်စိအဖုံးအမြှေးလွှာအကြား ကြက်ဥ၏ ဖြူသော အကာရည်ကဲ့သို့သော အရည်ထုသည် လက်လစ်၏ (၂/၇၅) ခုနစ်ဆဲ့ငါးပိုင်း ခုနစ်ပိုင်းရှိ၏၊ ဤမျက်ဆံ၏ ရှေ့နောက် ထုလက်သစ်၏ (၁၈/၇၅)ခုနစ်ဆဲ့ငါးပိုင်း တဆဲ့ကိုးပိုင်း၊ ဝဲယာ အထက်အောက် အချင်းလက်သစ်၏ (၂/၁၅) တဆဲ့ငါးပိုင်း ခုနစ်ပိုင်းရှိ၏။

ထို့ကြောင့် ဤမျက်ဆံသည် ရှေ့နောက်ခုံးသော မှန်ဝိုင်းငယ်နှင့်တူ၏၊နက်သော အမြှေးဝန်း၏ အလယ်ချက်၌ ဤမျက်ဆံသည် ပြစ်ချွဲသော အရည်စုပေါ်မှာ တည်၏၊ တွယ်ကပ်သော အကြောမရှိ၊ဤမျက်ဆံသည် အလွန်ကြည်လင်သော အရည်တို့ ပေါင်းစု၍ ပြစ်သောအခဲအတွင်းဆုံးမှသည် ပြင်ဘက်သို့ တဖြည်းဖြည်းမာ၍ ပြင်ဆုံးသို့ရောက်လျှင် ပကတိအမာဖြစ်၏။

## ရသအကြောကြီး ဘောက်သည့်ပမာဏ

ဦးနှောက်မှ ထွက်သော မျက်လုံး၏နောက် အလယ်ချက်နှင့် တည့်သော ရသအကြောကြီး၏ ပဌမမျက်လွှာကို ဘောက်သည့် နေရာတွင် အချင်းလက်သစ်၏ (၁၆/၅၇) ငါးဆဲ့ခုနစ်ပိုင်း တဆဲ့ခြောက်ပိုင်း၊ ဒုတိယမျက်လွှာကို ဘောက်သည့် နေရာတွင်

အချင်းလက်သစ်၏ (၃/၂၅)နှစ်ဆဲ့ငါးပိုင်း သုံးပိုင်းရှိ၏၊ အဖုံး မျက်လွှာ တည့်နေရာတွင် မျက်လုံး၏ အချင်းလက်သစ်၏(၆၁/၇၅) ခုနစ်ဆဲ့ငါးပိုင်း ခြောက်ဆဲ့ တပိုင်း၊ အဖုံး၏ အတွင်းဘက် အချင်းလက်သစ်၏ (၁၁/၁၅) တဆဲ့ငါးပိုင်း တဆဲ့တပိုင်း၊ မျက်ဆံတည့်ရာ မျက်ဆံပြင်ဘက် မျက်လုံးအချင်းလက်သစ်၏ (၂၄/၂၅) နှစ်ဆဲ့ငါးပိုင်း နှစ်ဆဲ့လေးပိုင်း၊ ၎င်းအတွင်း အချင်းလက်သစ်၏ (၄၁/၇၅) ခုနစ်ဆဲ့ငါးပိုင်း လေးဆဲ့တပိုင်း၊ တတိယမျက်လွှာ အဖုံး မျက်လုံး အချင်း လက်သစ်၏ (၆၂/၇၅) ခုနစ်ဆဲ့ငါးပိုင်း ခြောက်ဆဲ့နှစ်ပိုင်း၊ မျက်လုံး၏နောက်ပိုင်း၊ ပဌမအမြှေးကုန် မျက်လုံးအချင်းလက်သစ်၏(၂/၃)သုံးပိုင်းနှစ်ပိုင်း၊မျက်လုံးအလယ် ချက်ကို ရှေ့နောက် ဘောက်၍ မျက်ဆံနောက် တတိယ မျက်လွှာထိ အကွာလက်သစ်၏ (၂၃/၃၀) သုံးဆယ်ပိုင်း နှစ်ဆဲ့သုံးပိုင်း ရှိကြ၏၊ မျက်လုံးအလုံးစုံ၏ ဝဲယာအချင်း လက်တသစ်၏ (၁/၃) သုံးပိုင်းတပိုင်း၊ အထက်အောက် အချင်း ရှေ့နောက် အချင်း လက်သစ်၏ (၂၃/၂၅) နှစ်ဆဲ့ငါးပိုင်း နှစ်ဆဲ့သုံးပိုင်းရှိကုန်၏။

---

## မျက်စိတွင်း အရောင်အဆင်း အဆင့်ဆင့်ဝင်ပုံ

နေ့မီး အစရှိသည်တို့၏ ရောင်ခြည်သည် မျက်လုံး၏ ရှေ့တည့်တည့် အဖုံးအမြှေးလွှာ,၎င်းနောက် ကြက်ဥ အကာရည်ကဲ့သို့သောအရည်,၎င်း အရည်အတွင်း မျက်နက်လွှာ၏ အလယ်အပေါက်ငယ်တို့ကို ထိုးဘောက်၍ မျက်ဆံသို့ ရောက်သည့်ကာလ ပေါင်းစုပြီးလျှင် မျက်ဆံနှင့် မျက်ဆံ၏ နောက် ကြက်ဥအကာရည်ကဲ့သို့သောအရည်, စတုတ္ထ အမြှေးရသကြော ကွန်ရက်တို့ကိုဘောက်၍ တတိယအမြှေးရောက် တဖြည်းဖြည်း အပြန့် ကျယ်၍ ထိုးဘောက်ပြီးလျှင်ဝင်၏၊ မြင်အပ်သော ဝတ္ထု၏အရိပ်သည် လည်း ဤကဲ့သို့ ထိုးဘောက်ဝင်သွား၍ တတိယအမြှေးပေါ်မှာ မှန်စာကဲ့သို့ စောက်ထိုးထင်၏။

---

## မျက်စွဲတိမ်စွဲကုသပုံ

ဤမျက်ဆံတွင် တိမ်စွဲကပ်သည့်ကာလ မျက်ဆံအရောင်ပျက်၍ အရိပ် အလင်းတို့ကို ကာသောကြောင့် မမြင်လျှင် ဆေးဆရာတို့သည် မိုသ်းကြိုး

လက်သည်းစောင်းဖြင့် ပဌမအမြှေးထူနှင့် မျက်လုံး၏ အဖုံးဖြစ်သော အမြှေးနှစ်ခုစပ်ကြားကို အသာအယာထိုးသွင်းပြီးလျှင် မျက်နက်မြှေး အလယ်ကြက်ဥ အကာရည်ကဲ့သို့ အရည်တို့၏ တည်ရာ မျက်နက်အမြှေး မအုပ်မိသည့် အပေါက်တို့ကို ထိုး၍ မျက်ဆံတွင်ကပ်သော တိမ်ကို ကုန် အောင်ခြစ်နိုင်လျှင် ခြစ်၍ပစ်၏၊ မခြစ်နိုင်လျှင် မျက်ဆံကို တိမ်ရှိသော နေရာ ရှေ့တည့်တည့်မရှိအောင် အထက်အောက်ဝဲယာ သင့်ရာသို့လှည့် ၍ထား၏၊ သည်အရာကို မသိသောသူတို့က မျက်လုံး၏ အမြှေးလွှာကို ဘောက်၍ တိမ်ကိုခြစ်သည်ဟု ထင်မှတ်ကြကုန်၏။

---

## အနီးမြင်ရပုံနှင့် အဝေးမြင်ရပုံ

မျက်စိသိခြင်းသည်—

(၁) အနီး၌မြင်၍ အဝေး၌သိခြင်း,

(၂) အဝေး၌မြင်၍ အနီး၌သိခြင်း—

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အနီး၌မြင်၍ အဝေး၌သိသော သူမှာ အဖုံးအမြှေးဖြစ်စေ, မျက်ဆံရှေ့မျက်နှာက ဖြစ်စေ, အသက် အရွယ်, သွေး, လေအလိုက် ပကတိထက် စဉ်းငယ် မို့မောက်၍ လာသော ကြောင့် ဖြစ်သည်၊ ဤသို့ဖြစ်သူမှာ အလယ်ပါး၍ အနားထူသော မျက် မှန်ဖြင့် ကြည့်ရမည်။

အနီးမှာသိ၍ အဝေးမှာ မြင်သောသူမှာ အဖုံးအမြှေးနှင့် မျက်ဆံ ပကတိအောက် စဉ်းငယ်ပိန်သောကြောင့်ဖြစ်သည်၊အသက်ကြီးသူတို့မှာ ဤကဲ့သို့ ဖြစ်တတ်သည်၊ ဤသို့ဖြစ်လျှင် အလယ်ထူ၍ အနားပါးသော မျက်မှန်ဖြင့် ကြည့်ရမည်၊ဤသို့အကျယ်အားဖြင့် အသေအချာဆို၏။

ဤအနာတမီကျမ်းတွင်ဆိုသော မျက်လုံး၏ အလွှာတို့သည်ကား-

(၁) မျက်လုံးတခုလုံးကို ပတ်လည်လေးထပ်၊

(၅) မျက်ဆံကို ပတ်လည်တထပ်၊

(၆) အဖုံးမျက်လွှာတထပ်၊

(၇) ရသကြော ကွန်ရက်တထပ်၊

ဤခုနစ်ထပ်ကိုရည်၍သော်၎င်း, အကြော ကွန်ရက်တထပ်ကို မယူဘဲ မျက်ဆံကိုထုတ်သောအမြွှေးသည် မျက်ဆံအပြာရောင် အလုံးဝိုင်းတခုလုံးကို ထုတ်သောကြောင့် ရှေ့နောက်ဖြစ်လျှင် နှစ်ထပ်ဖြစ်ရကား-အခြားအမြွှေးငါးထပ်နှင့် ဤနှစ်ထပ်ကိုပေါင်း၍ မျက်လွှာခုနစ်ထပ်ဟူ၍၎င်း အဋ္ဌကထာတို့တွင် ဆိုပာန်ရှိသည်၊ ယခုအခါ လူတို့၏မျက်စိမှုကား-ဤအနာတမီကျမ်းတွင် ဘိုသည့်အတိုင်းသာရှိ၏။

---

## အပုန်နှင့်အပုား

နက်သော အမြွှေးလွှာဖြစ်သော မျက်နက်ဝန်း အလည်တည့်တည့် မျက်ဆံ၏ရှေ့ဘက်၌ရှိသော အပေါက်ငယ်မျှလောက် မျက်လွှာခုနစ်ထပ်ကို ပွံ့နှံ့လျက် စက္ခုပသာဒရုပ်၏ တည်နေရာဖြစ်သည်၊ ဤနေရာလည်း လက်သစ်၏ (၁၄/၇၅) ခုနစ်ဆဲ့ငါးပိုင်း တဆဲ့လေးပိုင်းမျှသာရှိသောကြောင့် ရှင်သာရိပုတ္တရာ ဟောတော်မူသည့်အတိုင်း စက္ခုပသာဒရုပ်သည် သန်းဦးခေါင်း ပမာဏမျှလောက်ရှိ၏ ဆိုသော စကားသည်မှန်ကြောင်း၊ပဲနောက်၏ ထက်ခြမ်းခန့်လောက်ဆိုသော အဋ္ဌကထာဆရာတို့စကား-မှားကြောင်းကို သိသာ၏၊ ပဲနောက်စေ့ အချင်းမှုကား-လက်သစ်၏( ၁/၆ )ခြောက်ပိုင်း တပိုင်းဟူသော မုယောနှင့်တူ၏။

[စက္ခုပသာဒရုပ်လည်း အနာတမီကျမ်း အလိုအားဖြင့် တတိယမျက်လွှာနှင့် စတုတ္ထမျက်လွှာအကြား ရသကြောကွန်ရက်မှစ၍ ရသကြောတခုလုံးမှာ တည်၏။]

---

## မျက်တောင်မွေးတို့ဆောင်ရွက်ချက်

ဤကဲ့သို့ အသား, အဆီ, အရည်တို့၏ အစုဖြစ်သော မျက်လုံးကို မြူမှုန့်အမှိုက်တို့ များစွာထိခိုက်လျှင် ပျက်စီးမည် ဖြစ်သောကြောင့် မပျက်စီးရအောင် မျက်တောင်နှင့် မျက်တောင်မွေးသည် ဖြစ်လာ၏၊ ဤမျက်တောင်သည် မျက်လုံးကို ထိခိုက်ရန် တစုံတခုသော ဝတ္ထုလာလျှင် သဘောအားဖြင့်မှိတ်၏၊ပကတိအားဖြင့်လည်း လျှပ်ပြက်သကဲ့သို့ လူတို့မှာ မျက်တောင်ခတ်လျက်နေ၏။

နတ်ဘီလူးတို့မှာသာ မျက်တောင်မခတ်ဘဲနေနိုင်၏၊ နတ်ဘီလူးတို့သည် လူယောင်ဘန်ဆင်း သော်လည်း မျက်တောင် မခတ်သော ကြောင့် ဉာဏ်ရှိသောသူတို့ မြင်လျှင်သိ၏၊ လူတို့အိပ်သော အခါလည်း မျက်စိပျက်စီးရန် တစုံတခုသောဝတ္ထု မဝင်ရအောင် မျက်တောင်သည် ဖုံးအုပ်လျက်တည်၏၊ ဤသို့လျှင် ကံ၏အကျိုးသည် ထူးဆန်းအံ့ဩဘွယ် ဖြစ်၏၊ထို့ကြောင့် "ကမ္မဝိပါကော အစိန္တေယျော" ဟူ၍ ဟောတော်မူလေသည်။

---

## မြတ်စွာဘုရား၏ စက္ခုတော်

သုံးလူ့အထွတ် မြတ်စွာဘုရား၏ ပကတိဖြစ်သော သသမ္ဘာရ စက္ခု, ပသာဒစက္ခုတော် တည်းဟူသော မံသစက္ခုတော်ကား– အဆင်းငါးပါးရှိ၏၊ အဆင်းငါးပါးရှိ၏ ဟူသည်–

(၁) မျက်တောင်မွေး, မျက်ခုံးမွေးတို့သည် ပြောင်ပြောင် လက်လက် နက်၏။

(၂) မျက်တောင်တို့သည် ကိုယ်တော်အလုံး၌ အသားတော်ကဲ့သို့ ရွှေအဆင်းဖြစ်၍ ဝါ၏။

(၃) ဝဲယာ မျက်ထောင့်တော်တို့သည် ပြောင်ပြောင် လက်လက် နီ၏၊ ကတ္တိပါနီအဆင်း, ပိုးပရန်အဆင်းရှိ၏။

(၄) မျက်လုံးအလယ်၌ ဗုဒ္ဓသရဏာစေ့ကဲ့သို့ ပြောင်ပြောင် လက်လက် နက်၏။

(၅) မျက်ဖြူနေရာ၌ သောကြာဂြိုဟ်ကဲ့သို့ ပြောင်ပြောင် လက်လက် ဖြူ၏။

ဤကား-သသမ္ဘာရစက္ခုတော်၏ အံ့ဘွယ်။

ပကတိစက္ခု ပသာဒရုပ်တော်မူကား–ခနေ့ ညဉ့် မဆို တယူဇနာတိုင်တိုင် မြင်တော်မူနိုင်၏၊ညဉ့်အခါ, လကွယ်နေ့, သစ်ပင်အားကြီးရှိသော တောအုပ်, မိုးမှောင်ကျခြင်းဟူသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်၌သော်လည်း တယူဇနာတိုင်တိုင် မြင်တော်မူနိုင်၏၊ တိုက်နံရံ, တံခါးရွက်, တောတောင်, ချုံပုတ်ပေါင်းတို့၏ တဘက်၌ရှိသော ရူပါရုံကိုသော်လည်း အပိတ်အပင်မရှိ မြင်တော်မူနိုင်၏။

တောင်အစရှိသော အပိတ်အပင်ခြားသော အင်္ဂါလေးပါးနှင့် ပြည့်စုံသော အမိုက်တွင် တယူဇနာခရီး၌ နှမ်းလှည်းတွင် တင်အပ်သော နှမ်းလုံးတို့ကို တလုံးစီရေတွက်တော်မူနိုင်၏၊ ဤသို့မြတ်စွာဘုရား၏ ပကတိ ပသာဒရုပ်ဖြစ်သော မံသစက္ခုတော်သည် မြင်တော်မူနိုင်၏ဟူ၍ တရားစစ်သူကြီးဖြစ်တော်မူသော အရှင်သာရိပုတ္တရာသည် မဟာနိဒ္ဒေသ ပါဠိတော်တွင် ဟောတော်မူ၏၊ ပညာစက္ခုတော်မူကား—အဘယ် ဆိုဘွယ်ရာရှိအံ့နည်း၊ ထို့ကြောင့် မြတ်စွာဘုရား ဂုဏ်တော်သည်လည်း အစိန္တေယျဖြစ်လေ၏။

---

**စက္ခုပသာဒရုပ်၏လက္ခဏာ စသည် ၄-ပါး**

(၁) စက္ခုပသာဒရုပ်သည် ရူပါရုံ၌ ထိခိုက်ထိုက်သော, ရူပါရုံ၏ ထိခိုက်ရန်ဖြစ်သော ဘူတရုပ်လေးခုတို့၏ ကြည်လင်ခြင်း လက္ခဏာ၊ ဝါ-ရူပါရုံကို ကြည့်ရှုလိုသော ဘဝတဏှာကြောင့် ဖြစ်သော စေတနာကံသည် ဖြစ်စေအပ်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) စက္ခုပသာဒရုပ်ရှိသော ပုဂ္ဂိုလ်ကိုရင်း, စက္ခုဝိညာဉ်ကိုရင်း, ရူပါရုံကို ကြည့်ရှုရအောင် ဆွဲငင်ခြင်းကိစ္စရသရှိ၏။

(၃) စက္ခုဝိညာဉ်၏တည်ရာ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်ဝ၌ ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ရူပါရုံကိုကြည့်ရှုလိုသော ဘဝတဏှာသည် ဖြစ်စေအပ်သော စေတနာကံကြောင့်ဖြစ်သော ဘူတရုပ်တို့သည် စက္ခုပသာဒရုပ်၏ နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

(၁) သာမညံဝါ သဘာဝေါ ဝါ၊ ဓမ္မာနံ လက္ခဏံ မတံ။
ကိစ္စံ ဝါ တဿ သမ္ပတ္တိ၊ ရသောတိ ပရိဒီပိတော။ ။
(၂) ဖလံဝါ ပစ္စုပဋ္ဌာနံ၊ ဥပဋ္ဌာနာ ကာရောပိ ဝါ။
အာသန္နံ ကာရဏံ ယန္တု၊ ပဒဋ္ဌာနန္တိ သညိတံ။ ။

(၁) သာမညံဝါ၊ တရားအများနှင့် ဆက်ဆံသော အနိစ္စစသော သဘောသည်ရင်း။ သဘာဝေါဝါ၊ တရားအများနှင့် မဆက်ဆံ အသီး

အသီး ဆက်ဆံသော တွေ့ထိခြင်း, ခံစားခြင်း စသော သဘောသည် ၎င်း။ဓမ္မာနံ၊ ပရမတ်တရားတို့၏။ လက္ခဏံ၊ လက္ခဏာမည်၏ ဟု။ မတံ၊ သိအပ်၏။တဿ၊ ထိုပရမတ်တရား၏။ ကိစ္စံဝါ၊ ပြီးစေအပ် ပြုစေအပ်သော အမှုကို၎င်း။ *သမ္ပတ္တိံဝါ၊ ပရမတ်တရားတို့၏ အကြောင်းစုံညီ၍ ဖြစ်ပုံကို၎င်း။ရသောတိ၊ရသဟူ၍။ပရိဒီပိတော၊ ပြအပ်၏။

(၂) ဖလံဝါ၊ အကျိုးသည်၎င်း။ ဥပဋ္ဌာနာကာရောပိဝါ၊ ယောဂီ ပုဂ္ဂိုလ်၏ ဉာဏ်ဝဠ်၌ ရှေးရှုထင်သော အခြင်းအရာသည်၎င်း။ ပစ္စုပဋ္ဌာနံ၊ ပစ္စုပဋ္ဌာန်မည်၏။ ယန္တု၊ ကာရဏံ၊ အကြောင်ဖြစ်ကြောင်းသည်ကား။ အာသန္နံ၊ နီး၏။တံ၊ထိုနီးစွာသော ဖြစ်ကြောင်းကို။ ပဒဋ္ဌာနန္တိ၊ပဒဋ္ဌာန် ဟူ၍။သညိတံ၊မှတ်အပ်၏။

[* ဤရသကိုဆိုရာ၌ သမ္ပတ္တိကို အနက်မနိုင်သူတို့က ပြည့်စုံခြင်းဟု အနက်ပေးကြကုန်၏၊ထိုအနက်ကို မမှတ်အပ်။]

ဝတ္တာရမ္မဏ သံဃဋ္ဋနတောဝါ ဥပ္ပန္နတ္တာ သမ္ပတ္တိ အတ္ထေ နာပိ ရသေန သံဃဋ္ဋန ရသောတိ ဝေဒိတဗ္ဗော။ ။ဟူသော အဋ္ဌသာလိနီ အဋ္ဌကထာကိုထောက်၊

## သမ္ပတ္တိရသရှင်းလင်းချက်

ရောဂနိဒါန်းစသော—ဆေးကျမ်းတို့၌လည်း—

(၁) ရောဂါဖြစ်ကြောင်းနိဒါန်း,

(၂) မဖြစ်မီ ရှေးအဘို့ ထင်သည့်လက္ခဏာ ဟူသော ပုဗ္ဗရူပ,

(၃) ရောဂါဖြစ်လာလျှင် ထင်သည့်လက္ခဏာဟူသော ရူပ,

(၄) ဆေးဝါးကုမှ၍ ဤရောဂါပျောက်မည်ဟူသော သိကြောင်း ဥပါယ,

(၅) မည်ကဲ့သို့သော အကြောင်းကြောင့် သလိပ်, သည်းခြေ စသည်တို့သည် မည်ကဲ့သို့ပေါင်းစုစည်းရုံး ပျက်ပြားကြ၍ မည်သည့်အနာ ဖြစ်လာရသည် ဟူသော သမ္ပတ္တိ—

ဟူ၍ ငါးပါးစီရှိသကဲ့သို့ ဤပရမတ်တရား၌လည်း တရားတခုတခု၏ သိကြောင်းလေးပါးစီ ရှိသည်။

သမ္ပတ္တိဟူသည် ပြည့်စုံခြင်း ဇုဒ္ဓိသမ္ပုဏ္ဏ မဟုတ်သည်ကို ပြလိုသော ကြောင့် ရောဂနိဒါန်းဆေးကျမ်း၌—

ယထာ ဒုဋ္ဌေန ဒေါသေန၊ ယထာ စာနုဝိသပ္ပတ္တာ။
နိဝုတ္တိ အာမယဿေသာ၊ သမ္ပတ္တိ ဇာတိ အာဂတိ။ ။

ဟုဆိုအပ်၏၊ ဤ၌ အနက်မြန်မာကား—

ယထာဒုဋ္ဌေန၊ အကြင်တစုံတခုသော အကြောင်းဖြင့် ပျက်သော။ **ယထာဒေါသေန**၊ အကြင်ဒေါသတပါး, နှစ်ပါး, သုံးပါးစသည်ဖြင့်။ **အာမယဿ**၊ အနာရောဂါ၏။ **သောနိဝုတ္တိ**၊ ဤသို့ ဖြစ်ခြင်းသည်။ အနုဝိသပ္ပတ္တာ၊ အနုဝိသပ္ပတ္တာမည်၏။ သမ္ပတ္တိ၊ သမ္ပတ္တိမည်၏။ ဇာတိ၊ အာဂတိ၊ ဇာတိ အာဂတိမည်၏။

[အနုဝိသပ္ပတ္တာနှင့်ဇာတိအာဂတိတို့ကား-သမ္ပတ္တိပရိယာယ်။]

ဖဿ—ဟူသည် တွေ့ထိခြင်းသဘော၊ ဤသဘောသည်လည်း သဠာယတနကြောင့် ဖြစ်၏၊ ဤသို့ လက္ခဏာနှင့်ပဒဋ္ဌာန်ကို ပြောသော်လည်း မည်သည့်အခါ မည်ကဲ့သို့ အကြောင်းများကို ပေါင်းစု၍ မည်သည့်ပုံ ဖြစ်သည်များကို မသိသေး၍ ဖဿဖြစ်ပုံကို ပြလိုရကား—သမ္ပတ္တိရသကို ဆိုပြန်သည်၊ စက္ခာယတန, ရူပါယတန ဟူသော ဝတ္ထုအာရုံတို့ ရှေးရှုပေါင်းဆုံ ထိခိုက်ရာ၌ဖြစ်၏၊ ထို့ကြောင့် ဖဿသည် သမ္ပတ္တိအနက်ရှိသော သံဃဋ္ဋနရသရှိ၏ဟု ဖဿဖြစ်ပုံကို ပြသတည်း၊ ကြွင်းသော ပရမတ္ထတရားတို့၌လည်း ဤနည်းချည်းမှတ်လေ။

---

## ၆—သောတပသာဒရုပ်

သောတပသာဒဟူသည် သသမ္ဘာရနား၏ ကြည်လင်ခြင်း သဘော၊ စက္ခုမှာကဲ့သို့ မံသသောတသည်လည်း သသမ္ဘာရသောတ, ပသာဒ သောတဟူ၍ နှစ်မျိုးရှိသည်တွင် သသမ္ဘာရ သောတ၏တည်နေပုံကို အဋ္ဌကထာ ဋီကာတို့၌ အထူးမဆို။

သသမ္ဘာရသောတ နားတွင်း၏ အတွင်းဘက် မွေးနီနုတို့၏ စုဝေး ပေါက်ရောက်ရာ လက်စွပ်ကွင်းသဏ္ဌာန်ရှိသော နေရာ၌ စက္ခုပသာဒ တွင် ဆိုခဲ့ပြီးသည့်အတိုင်း ခတ်လေးပါးတို့သည် ကျေးဇူးပြုလျက်, စိတ်

ဥတု အာဟာရတို့သည် ထောက်ပံ့လျက်, ရုပ်ဇီဝိတိန္ဒြေသည် စောင့်ရှောက်လျက်, ဝဏ္ဏ ဂန္ဓ ရသတို့ဖြင့် ခြံရံလျက်, သောတဝိညာဉ် စသည်တို့၏ ထိုက်သည်အားလျော်စွာ ဝတ္ထု ဒွါရ အဖြစ်ကို ပြီးစေလျက်တည်၏။

---

## လက္ခဏာစသည် ၄-ပါး

(၁) အသံဟူသော သဒ္ဒါရုံသည် ထိခိုက်ထိုက်သော ကံကြောင့်ဖြစ်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းလက္ခဏာ၊ ဝါ-အသံကိုကြားလိုသော ဘဝတဏှာကြောင့်ဖြစ်သော ကံသည်ဖြစ်စေအပ်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ပုဂ္ဂိုလ်ကိုရင်း, သောတဝိညာဉ်ကိုရင်း အသံကိုနားထောင်ရအောင် ဆွဲငင်ခြင်းကိစ္စရသရှိ၏။

(၃) သောတဝိညာဉ်၏ တည်ရာအဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အသံကိုကြားသော ဘဝတဏှာသည် ဖြစ်စေအပ်သော ကံကြောင့် ဖြစ်သော ဘူတရုပ်တို့သည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

ဤကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

---

## အနာတမိကျမ်းအလို နား၏ပဌမပိုင်း

အနာတမိကျမ်း၌ကား—သသမ္ဘာရနားကို ပြင်ပိုင်း, အလယ်ပိုင်း, အတွင်းပိုင်းဟူ၍ သုံးပိုင်းဝေဘန်၏၊ ထိုသုံးပိုင်းတို့တွင် အလယ်နှင့်အတွင်းပိုင်းတို့သည် ဦးခေါင်းခွံရိုးနှင့် တဆက်တည်းဖြစ်သော နားထင်ရိုးနှစ်ခု အဆုံးရိုးတို့တွင် အခေါင်းငယ်ရှိ၏၊ ပြင်ပိုင်း၏ အဦးအစဖြစ်သော နားရွက်မှာ အနားရေးကောက်သော ဝမ်းဘဲဥ စက်ဝန်းသဏ္ဌာန်ဦးခေါင်းရိုးပြင်၌ တည်၏၊အရိုးနုကို အသားမျှင်, အကြော,အရေတို့ဖြင့်

ဖုံးလွှမ်းအပ်၏၊ အောက် နားပန်းကွန်းကိုမူကား— အသားမျှင်အစုကို အရေဖြင့် ဖုံးလွှမ်းလျက်ရှိ၏၊ ဤနားရွက်နှင့်ဆက်လျက် အလျားတသစ်နှင့်(၃/၄)သုံးပိုင်းတပိုင်းခန့် ဆိသွတ်ကန်တော့ သဏ္ဌာန်ရှိသော ပြွန်ငယ်သည် အထက်သို့ စဉ်းငယ်ကောက်၍ နားထင်ရိုးတွင်းသို့ သွား၏၊ ပကတိအရိုး, အရိုးနု, အသားနု, အရေ, အမွေးနုတို့ဖြင့် ပြီး၏။

---

## နား၏ဒုတိယပိုင်း

ဤပဌမပိုင်း နောက်မျက်နှာ၀တွင် နာရီ၏ မှန်ဖုံးအခုံးကို ပက်လက်ထား၍ ပိတ်သကဲ့သို့ အတွင်းဘက်ကို ရှိုင်း၀ှမ်းသော ပါးသောအမြှေးဖြင့် လေမျှမ၀င်နိုင်အောင် အလုံအခြုံပိတ်အပ်သော ပဌမနားပြွန်ခေါင်းထက်ကျယ်သော စည်ခေါင်းသဏ္ဌာန် နား၏ ဒုတိယပိုင်းဖြစ်သော အခေါင်းသည်ဖြစ်၏၊ ဤနား၏ ဒုတိယပိုင်းသည် အ၀၌ အမြှေးပိတ်လျက် စည်ခေါင်းသဏ္ဌာန် ဖြစ်၏၊ စည်ပုတ်နှင့် တူသောကြောင့် ပါဠိဘာသာ စက္ကာ ဟုခေါ်၏၊ (စည်ပုတ်ဆိုလိုသည်။)

ဤစည်မျက်နှာအ၀ အမြှေးပိတ်၏အပြင် ပဌမနားအခေါင်းအတွင်း ပတ်လည် အမွေးနု တို့သည် ပေါက်ကြကုန်၏၊ ဤအမွေးနုတို့၏ အမြစ်ရင်းအရပ်၌ အမြှေး ဆီကြည် ဗူးငယ်တို့သည် ရှိကုန်၏၊ ထိုဗူးငယ်တို့မှ ဆီကြည်တို့သည် သင့်လျော်အောင် မပြတ်ထွက်၍ နား၌စိုစွတ်လျက်ရှိ၏၊ ဆီကြည်သည် ခါးသောအရသာရှိ၏၊ သွေး လေ အစရှိသော ဓာတ်တို့ဘောက်ပြန်သောအခါ ဤဆီကြည် အထွက်များ၍ ခြောက်ပြီးလျှင် နားဖာချေး များစွာဖြစ်၍ နားကို ပိတ်ဆို့တတ်၏။

---

## နား၏အရိုး ၄-ချောင်း

(၁) ဤစည်ပိတ်အမြှေး၏ အတွင်းဘက်က အမြှေးကို ကပ်လျက် ဆိတ်ချိုသံတူနှင့် တူသော အထက်ဘက်က အရိုးငယ်တခု၊

(၂) ဤအရိုးငယ်နောက် ကုလားတို့၏ သံပေနှင့်တူသော အရိုးငယ်တခု ကပ်လျက်တည်၏။

(၃) ဤပေနှင့်တူသော အရိုးငယ်အောက် စဉ်းငယ်ကျရာ စည်မျက်နှာ၀ အလယ်ချက်၏နောက်၌ သံကွင်းငယ်နှင့် တူသော အရိုးကွင်း တခုသည် ပေနှင့် တူသောအရိုး၏ အစွန်းတဘက်နှင့် ဆက်လျက်ရှိ၏၊

(၄) ဤအရိုးကွင်းငယ်နောက် မြင်းနင်းနှင့်တူသော အရိုးငယ်တခု၏ နင်းကြိုးတပ်သော နေရာနှင့် အရိုးကွင်းငယ် ဆက်လျက်တည်၏။

ဤနင်းကြိုးနှင့် တူသော အရိုးရှိရာမှာ အမြေးပြွန်တခုသည် နှာခေါင်း၏ အထက်စ အပေါက်သို့တွယ်လျက်ရှိ၏၊ တူပေတို့နှင့် တူသော အရိုးငယ်တို့၏ အထက် နားထင်သို့ သွားသောအပေါက်ငယ်တခုလည်း ရှိ၏။

---

## နား၏တတိယပိုင်း

ဤအရိုးလေးချောင်းရှိသော နား၏စည်သဘွယ်ဖြစ်သော ဒုတိယပိုင်းနောက်၌ ဗုဇ္ဇနိလက်မနှင့်တူသော ပြွန်ခေါင်းကြီးတခုတွင် စဉ်းငယ်လျားသော အပေါက်ငယ်တခု၊ ၎င်းအပေါက်အောက် စဉ်းငယ်ကျသော ဝိုင်းသော အပေါက်ငယ် တခု၊ ဤအပေါက်ငယ် နှစ်ခုတို့တွင် ပါးသော အမြေးပိတ်လျက် နား၏ တတိယပိုင်း အစဖြစ်သော ပြွန်ခေါင်းသည်ဖြစ်၏။

ဤအပေါက်နှစ်ခု အမြေးပိတ်လျက်ရှိသော ဗုဇ္ဇနိလက်မသဏ္ဍာန် ပြွန်ခေါင်း၏ အလျားပေါက်ငယ်တွင် မြင်းနင်းနှင့်တူသော နား၏ ဒုတိယပိုင်းတွင် ရှိသော အရိုးငယ်ကပ်လျက်ရှိ၏၊ ဗုဇ္ဇနိလက်မသဏ္ဍာန် ပြွန်ခေါင်း၏ အမြေးပိတ်သော အဝိုင်းပေါက်ငယ်နောက် ခရုသဏ္ဍာန် နှစ်ပတ်ခွဲ ခွေသော အခေါင်းတချောက်လုံး ဆုံးခါနီး တိုင်အောင် အလယ်၌ ပါးသော အမြေးဖြင့်ကန့်၍ ပိုင်းခြားအပ်သော ပြွန်ခေါင်း၏ အောက်ပေါက်သည် ဗုဇ္ဇနိလက်မသဏ္ဍာန် အမြေးပိတ်သော အပေါက်ဝိုင်းနှင့် ဆက်လျက်ရှိ၏။

## နားရွက်ပြွန်ခွေ ၃-ခု

ဗုဇ္ဈန်လက်မ၏ အထက်ဘက် ၎င်းဗုဇ္ဈန်လက်မ အတွင်းပိုင်း ပြွန်ခေါင်းမှ မောင်းကွေး လက်စွပ်သဏ္ဍာန် ပြွန်ခွေသုံးခု ဖြစ်ကြကုန်၏၊ ထိုပြွန်ခွေသုံးခုတို့၏ ပြွန်ဝတခုသည် ခရုသဏ္ဍာန်ပြွန်၏ အကန့်ခြားသော အပေါက်ငယ်များတွင် အဆက်အစပ်မရှိသော အပေါက်တပေါက်၌စပ်၏၊ ဤပြွန်ခွေ သုံးခုတို့သည်လည်း နှစ်ခု၏အခွေစ နှစ်ခုသည် ပေါင်း၍ အပေါက်တခုတည်းဖြစ်၏။

ဤပြွန်ခွေ သုံးခုအတွင်း အခေါင်းလယ်၌ ဖြစ်သော အရည်ကိုပါးသောအမြှေး ပတ်ထုတ်လျက် သွက်သော အရည်ပတ်လည်ဝန်းကျင်ဝိုင်းလျက် ပြွန်၏အူကြောင်းကဲ့သို့ဖြစ်၍ ပြွန်တခုလုံးအပြည့်ရှိ၏၊ ခရုသဏ္ဍာန်ပြွန်တွင်း အလယ်အမြှေးကန့်ဖြင့် ပိုင်းခြားသော အကန့်နှစ်ခုအတွင်းလည်း ဤပြွန်ခွေသုံးခု အတွင်းမှာကဲ့သို့ အမြှေးပတ်ထုတ်သောအရည်ပြစ်ကို သွက်သောအရည်ဝိုင်းလျက် အူကြောင်းကဲ့သို့ဖြစ်၍ ပြွန်တလျှောက်လုံး အပြည့်ရှိ၏၊ ဗုဇ္ဈန်လက်မသဏ္ဍာန် ပြွန်အတွင်း၌လည်း ဤအတိုင်းရှိ၏။

---

## ရသကြော ၄-ခု

ဤဗုဇ္ဈန်လက်မသဏ္ဍာန် အခေါင်းပြွန်ခွေသုံးခု၊ ခရုသဏ္ဍာန် ပြွန်ခေါင်းတို့၏ဖြစ်ရာ ဤနား၏ တတိယပိုင်းတွင်းသို့ ဦးနှောက်မှ ရသကြောကြီးတခုလာ၍ လေးစကွဲပြီးလျှင်—

(၁) တစသည်ခရုသဏ္ဍာန် ပြွန်ခေါင်းအတွင်းသို့ဝင်၍ အရည်ပြစ်၏ အတွင်း၌ အကြောငယ်အများ ဖြစ်၍တည်၏။

(၂) တစသည် ဗုဇ္ဈန်လက်မ အတွင်းသို့ဝင်၍ အရည်ပြစ်၏ အတွင်း၌ အကြောငယ်အများဖြစ်၍တည်၏။

(၃) ကျန်နှစ်စတို့သည် ပြွန်ခွေသုံးခုတို့၏ အပေါက်ငါးခုတို့တွင် လေးစကွဲ၍ အလယ်ပြွန်နှစ်ပေါက်မှာတစ, အနားပြွန်သုံးပေါက်မှာ သုံးစဝင်၍ အရည်ပြစ်၏ အတွင်း၌ အကြောငယ်အများဖြစ်၍တည်၏။

အနာဂတမိ ကျမ်းဆရာတို့ အလိုအားဖြင့် ဤရသကြောသ် သောတ ပသာဒရုပ် တည်၏၊ နား၏စည်မျက်နှာဝ ပိတ်သော အမြေးသည် အချို့သော သူမှာ စုတ်ပြတ် ပျက်စီး သောကြောင့် ဆေးလိပ်ငွေ့ကို နားမှထုတ်နိုင်၏၊ ထိုစည်မျက်နှာဝ အပိတ်မြေး စုတ်ပြတ်သောသူသည် နားတွင်းသို့ မှုမှုန့်အခိုးဝင်မည်ကို အလွန်စိုးရိမ်ရန် ရှိ၏၊ ဤနား၏ သုံးပိုင်း ပြွန်ခေါင်းတို့သည် ဦးခေါင်းရိုး၏အတွင်း၌ဆိုခဲ့ပြီးသည့်အတိုင်း ပုံသဏ္ဌာန်တို့နှင့်တူသော အခေါင်းစုချည်း ဖြစ်ကြကုန်၏။

## ၃-ဃာနပသာဒရုပ်

ဃာနပသာဒရုပ်-ဟူသည် နှာခေါင်းတွင်း၌ ကြည်လင်ခြင်းသဘော၊ ဤဃာန၌လည်း စက္ခုမှာကဲ့သို့သသမ္ဘာရနှာခေါင်းပေါက်၏ အတွင်း ဆိတ်ခြေ သဏ္ဌာန်ရှိသောအရပ်၌ စက္ခုသောတတို့တွင် ဆိုခဲ့ပြီးသော အပြားအတိုင်း ခုတ်လေးပါး အစရှိသည်တို့သည် ကျေးဇူးပြုလျက် ထောက်ပံ့စောင့်ရှောက် ခြံရံလျက် ဃာနဝိညာဉ် စသည်တို့၏ ဝတ္ထု ဒွါရအဖြစ်ကို ပြီးစေလျက် ဃာနပသာဒရုပ်တည်၏။

### လက္ခဏာ စသည် ၄-ပါး

(၁) ဂန္ဓာရုံ၌ ထိခိုက်ထိုက်သော ဂန္ဓာရုံ၏ ထိခိုက်ရန်ဖြစ်သော ဘူတရုပ်လေးခုတို့၏ ကြည်လင်ခြင်း လက္ခဏာသည် ဃာန ပသာဒရုပ်မည်၏၊ ဝါ-နမ်းလို ရှုလိုသော ဘဝ တဏှာကြောင့် ဖြစ်သော ကမ္မဇဘူတရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏။

(၂) ပုဂ္ဂိုလ်ကိုရင်း, ဃာနဝိညာဉ်ကိုရင်း, အနံ့ကို ရှုရ,နမ်းရအောင် ဆွဲငင်ခြင်းကိစ္စရသရှိ၏။

(၃) ဃာနဝိညာဉ်၏တည်ရာအဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) အနံ့ကိုနမ်းလို ရှုလိုသော ဘဝတဏှာကြောင့် ဖြစ်သော ကမ္မဇဘူတရုပ်တို့သည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ဖြစ်၏။

ဤကား-အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

## အနာ္တတမိကျမ်းအလို နှာခေါင်းပဌမပိုင်း

အနာ္တတမိ ကျမ်း၌ကား နှာခေါင်းကို အောက်ပဌမပိုင်း, အထက်ဖြစ်သော ဒုတိယပိုင်းဟူ၍ နှစ်ပိုင်းဝေဘန်၏၊ ထိုနှစ်ပိုင်း တို့တွင် အောက်ဖြစ်သော ပဌမပိုင်း၏ အဖျားတွင် ကွင်းလျက်နေသော အကွေးအောက် နှာဝဝဲယာ အရိုးနုကြီးနှစ်ခု၊ ၎င်းအကွေး၏အောက် အထက် မေးရိုးအထက်အကြားတွင် တဘက်လျှင် အရိုးနုငယ် သုံးခုစီ၊ ၎င်းနှာဝအရိုးနုကြီးအထက် ဝဲယာတခုစီ အရိုးနုကြီးနှစ်ခု၊ ၎င်းအရိုးနုကြီးနှစ်ခုတို့၏အကြား နှာယောင်အလယ်တည့်တည့် နှာခေါင်းပေါက်နှစ်ခုတို့၏ အကန့်အပိုင်းအခြားဖြစ်သော အရိုးနုံကြီးတခု၊ ဤသို့အရိုးနုတဆဲ့တခုရှိကုန်၏။

ထိုအရိုးနုတို့ကိုလည်း ကိုယ်မှာကဲ့သို့ အရေထူ, အရေပါး တို့ဖြင့် ဖုံးအုပ်ကုန်၏၊ နှာခေါင်းအလယ်အကန့် အရိုးကြီး၏ အောက်နှာသီးဖျား, နှုတ်ခမ်းအထက် နှာခေါင်းပေါက်နှစ်ခုအကြား အကန့်တို့သည် အသားမျှင်အစုကို အမြှေးအရေ ဖုံးအုပ်လျက် အမွေးတို့၏ပေါက်ရောက်ရာဖြစ်၏။

---

## နှာခေါင်း၏ဒုတိယပိုင်း

နှာခေါင်းဒုတိယပိုင်းသည် ပတူအုံကဲ့သို့ အပေါက်များစွာရှိသော အရိုးဖြစ်၏၊မျက်လုံးအောက် ဝဲယာ အရိုးနှစ်ခုတို့သည် နှာခေါင်းအမြင့်ထက်ဝက်ခန့်ရောက်အောင်တည်၏၊ ၎င်းအရိုးနှစ်ခု အထက်နှာယောင်ရိုးတခုသည်တည်၏၊ ထိုအရိုးတို့၏ ပတူအုံပေါက်အတွင်း ပတ်လည်နှပ်၏တည်ရာ အမြှေးအိတ်ငယ် အများရှိ၏၊ ထိုအမြှေးအိတ်ငယ်တို့ကို ဖုံးအုပ်၍ အလွန်ပါးသော အမြှေးသည်ရှိ၏။

နှာရည်အိတ်ငယ်တို့မှာ နှာရည်ထွက်သည့် ပြွန်တံတို့သည် ဖုံးအုပ်သော အမြှေး၌ ထွက်ရန်အပေါက်သို့ ရှေးရှုတည်ကြ၏၊ ထိုအမြှေးတို့နှင့် နှာခေါင်းရိုးအပေါက်တို့သည် ဝါးလုံးခေါင်းတွင်း၌ အတွင်းပတ်လည် အမြှေးကပ်လျက် ရှိသကဲ့သို့ဖြစ်၏။

## နှာခေါင်း၏ရသကြောများ

နှာရည်အိတ်ငယ်တို့ အကြား၌လည်း ဦးခေါင်းမှလာသော ရသကြောတို့သည် အပြည့်ရှိကြ၏၊ထိုရသကြောတို့မှဆင့်၍ဖြာသော အလွန်သေးငယ်သော ရသကြောတို့သည် နှာရည်အိတ်ကို ဖုံးသောအမြှေးပါ ပျံ့နှံ့လျက် တည်၏၊ "အနာတမိ ကျမ်းဆရာတို့ အလိုအားဖြင့် ဤရသကြော၌ ဃာနပသာဒရုပ်သည် တည်၏"။

ဤနှာခေါင်းပေါက် ဒုတိယပိုင်းမှ ဝဲယာပါးရိုးသို့ သွားသော အပေါက်, နဖူးရိုးအတွင်းသို့ သွားသောအပေါက်, နားကလာသော အပေါက်, ခံတွင်းသို့သွားသော အပေါက်တို့လည်း ပေါင်းဆုံကြကုန်၏၊ နှာခေါင်းမှ ဦးနှောက်ရောက်အောင် သွားသော အပေါက်မရှိ၊ ထို့ကြောင့် ဦးနှောက်သည်ပျော်၍ နှပ်ဖြစ်သည်ဆိုသော အဋ္ဌကထာစကားကို ဆင်ခြင်အပ်၏၊ ဤနှာခေါင်း ဒုတိယပိုင်းကိုရည်၍ ဆိတ်ခြေသဏ္ဍာန်အရပ်ဟု-အဋ္ဌကထာတို့တွင် ဆိုဟန်ရှိ၏။

---

## ဂ-ဇိဝှါပသာဒရုပ်

ဇိဝှါပသာဒရုပ်– ဟူသည် လျှာအထက်အပြင်၌ ကြည်လင်ခြင်းသဘော၊ ဤဇိဝှါသည်လည်း စက္ခုကဲ့သို့ သသမ္ဘာရဇိဝှါ, ပသာဒဇိဝှါ နှစ်မျိုးရှိသည်တွင် သသမ္ဘာရလျှာ၏ အစွန်းအဖျားဖြစ်သော အရင်း အဖျား ဝဲယာ နံပါးတို့ကို ချန်လှပ်၍ လျှာအထက်အပြင်၏အလယ်ဖြတ်ယူအပ်သော ကြာရွက်ဖျား သဏ္ဍာန်ရှိသော အရပ်၌ ဆိုခဲ့ပြီးသည့်အတိုင်း ခေတ်လေးပါးတို့သည် ကျေးဇူးပြုလျက်,စိတ် ဥတု, အာဟာရတို့သည် ထောက်ပံ့လျက်, ဇီဝိတိန္ဒြေသည် စောင့်ရှောက်လျက်, ဝဏ္ဏ ဂန္ဓ ရသတို့သည် ခြံရံလျက် စက္ခုဝိညာဉ်စိတ် စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကို ထိုက်သည်အားလျော်စွာ ပြီးစေလျက် ဇိဝှါပသာဒရုပ်သည်တည်၏။

ဇီဝိတ မဝှါယတီတိ ဇိဝှါ။ ရသံ သာယနဋ္ဌေန ဝါ ဇိဝှါ။
သသမ္ဘာရ ဇိဝှါယ အတိအဂ္ဂမူလပဿာနံ ဝဇ္ဇေတွာ ဥပရိမ-
ကလမဇ္ဈေ ဘိန္နဥပ္ပလ ဒလဂ္ဂသဏ္ဌာနေ ပဒေသေ ဇိဝှါဝိညာ

ဏာဒိန္နံ ယထာရုပံ ဝတ္ထုဒွါရ ဘာဝံ သာဝယေမာနာ တိဋ္ဌ-တိ။ ။ဟူသော ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာကိုထောက်။ ။ အဋ္ဌသာလိနီ ဝိသုဒ္ဓိမဂ် အဋ္ဌကထာတို့၌ ဆိုပုံပါဠိ မသေမချာ ရှိသည်ကို မထောက်နှင့်။

---

## လက္ခဏာစသည် ၄-ပါး

(၁) ရသာရုံ၌ ထိခိုက်ထိုက်သော, ရသာရုံ၏ ထိခိုက်ရန်ဖြစ်သော ဘူတရုပ်လေးခုတို့၏ ကြည်လင်ခြင်း လက္ခဏာသည် ဇိဝှါ ပသာဒရုပ်မည်၏၊ ဝါ-ရသာရုံကို စားသောက်လို လျက်လို သော ဘဝတဏှာကြောင့် ဖြစ်သော ကမ္မဇဘူတရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ပုဂ္ဂိုလ်ကိုရင်း, ဇိဝှါဝိညာဉ်ကိုရင်း အရသာကို စားသောက် ရ, လျက်ရအောင် ဆွဲငင်ခြင်း ကိစ္စရသရှိ၏။

(၃) ဇိဝှါဝိညာဉ်၏ တည်ရာအဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

(၄) အရသာကို စားသောက်လို လျက်လိုသော ဘဝတဏှာ ကြောင့် ဖြစ်သော ကမ္မဇဘူတရုပ်တို့သည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

ဤကား-အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

---

## အနာတမိကျမ်းအလို လျှာ၏အပြင် ၂-ခု

အနာတမိကျမ်း၌ကား လျှာဟူသည် အသားနုတုံးဖြစ်၏၊ ဤအ သားနုတုံး ပြင်ပတ်လည်၌ လည်ချောင်းပေါက်၏ အစနှင့်တွယ်သည့် အသားမျှင်စုဖြင့် တွယ်လျက်ရှိ၏၊ဦးခေါင်းမှလာသော ရသကြောကြီး နှစ်ခုတို့တွင် တခုသည် လျှာ၏အောက်စပ် အသားမျှင်တို့နှင့် တွယ် ဆက်လျက် လျှာကို လှုပ်စေခြင်းငှါဆိုင်းထား၏။

လျှာ၏ အထက်အပြင် အသားနုံ၏ အထက်၌ လိပ်ကျောက်မြီး အရေကဲ့သို့ နူးညံ့သော ဆူးငယ်အများ ပေါက်ရောက်လျက်ရှိ၏၊ ဤဆူး ပြင်အထက်၌ ဦးခေါင်းမှလာသော ရသကြောကြီးတခုသည် အကြော

ယ် အမျှားဖြစ်၍ ဖြန့်အုပ်ပြီးလျက်တည်၏၊ ထိုရသကြောကွန်ရက်၏ အထက်၌ အမြေးလွှာသည် ဖုံးအုပ်လျက်ရှိ၏၊ ဤအမြေးလွှာသည်လည်း ဆူးပြင်ပေါ်မှာ အုပ်သောကြောင့် အမြေး၌လည်း လိပ်ကျောက် ဆူးပြင်ကဲ့သို့ ထလျက်ရှိ၏။

လျှာ၏ အောက်အပြင်၌ကား– ဤအပေါ်ဆုံး အမြေးလွှာသည် လည်း ဆူးပြင်ပေါ်မှ မအုပ်ရသောကြောင့် ဆူးပြင်ကဲ့သို့ မထသည် သာကွဲ၏၊ ရသကြောနှင့် အသားမြေးတို့နေပုံမှာတူ၏။ ။အနာတမီ ကျမ်းဆရာတို့ အလိုအားဖြင့် ဤရသကြော၌ ဇိဝှါ ပသာဒရုပ်သည် ပျံ့နှံ့လျက်တည်၏။

---

## ၉–ကာယပသာဒရုပ်

ကာယပသာဒရုပ် ဟူသည် ဤကိုယ်၌ ကြည်လင်ခြင်း သဘော၊ ဂွမ်းလွှာ ဂွမ်းထပ်စု၌ လောင်းအပ်သော ဆီသည် ပျံ့နှံ့စိမ့်ဝင်၍ တည်သကဲ့သို့ ဆိုခဲ့ပြီးသော စက္ခုစသော ပသာဒရုပ်, ဘာဝရုပ်တို့၏ ဒသက ကလာပ်စုကို ချန်လှပ်၍ ဤကိုယ်အလုံး၌ ကမ္မဇရုပ်ရှိသမျှတို့ကို ကာယပသာဒရုပ်သည် ပျံ့နှံ့၍တည်၏။

---

### လက္ခဏာစသည် ၄–ပါး

(၁) ဖောဋ္ဌဗ္ဗာရုံ၏ ထိခိုက်ထိုက်သော ကမ္မဇဘူတရုပ်တို့၏ ကြည် လင်ခြင်း လက္ခဏာသည် ကာယပသာဒရုပ် မည်၏၊ ဝါ– တွေ့ထိလိုခြင်း ဘဝတဏှာကြောင့် ဖြစ်သော ကမ္မဇပသာဒ ရုပ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏။

(၂) ဘုတ်ကိုရင်း,ကာယဝိညာဉ်ကိုရင်း,ဖောဋ္ဌဗ္ဗာရုံကိုရင်း တွေ့ထိ ရအောင် ဆွဲငင်ခြင်း ကိစ္စရသရှိ၏။

(၃) ကာယဝိညာဉ်၏ တည်ရာအဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စု ပဋ္ဌာန်ရှိ၏။

(၄) ဖောဋ္ဌဗ္ဗာရုံကို တွေ့လို ထိလိုသော ဘဝတဏှာကြောင့် ဖြစ် သော ကမ္မဇဘူတရုပ်တို့သည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

### ခေတ် ၅-ပါးလွန်၍ပသာဒရုပ်ဖြစ်ပုံ

ဒဗ္ဗဂုဏ ပကာသစသော ဆေးကျမ်းတို့၌—

(၁) တေဇောခေတ်လွန်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းသည် စက္ခုပသာဒရုပ်၊

(၂) အာကာသခေတ်လွန်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းသည် သောတပသာဒရုပ်၊

(၃) ဝါယောခေတ် လွန်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းသည် ဃာနပသာဒရုပ်၊

(၄) အာပေါခေတ်လွန်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းသည် ဇိဝှါပသာဒရုပ်၊

(၅) ပထဝီခေတ်လွန်သော ဘူတရုပ်တို့၏ ကြည်လင်ခြင်းသည် ကာယပသာဒရုပ်—

ဟူ၍ ဆိုကုန်၏၊ထိုစကားကို အဋ္ဌကထာတို့၌ အပရေဟူ၍ ဆိုကုန်၏၊ ဤကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသော စကားတည်း။

---

### အနာဂတမိကျမ်းအလို ကာယပသာဒ

အနာဂတမိကျမ်း ဆရာတို့၏ အလိုအားဖြင့်ကား— ရသကြောသည် ဤကိုယ်အလုံး၌ ပရမာဏုမျှခန့်လောက်မျှ မလပ်အောင်ပျံ့နှံ့၍ တည်၏။ ဤရသကြော၌ ကာယပသာဒရုပ်သည် တည်၏။

---

### ၁၀-ရူပါရုံ

ရူပါရုံ ဟူသည်ကား—အဖြူ၊ အနီ စသော အဆင်းကိုသာ မမှတ်နှင့်၊ မျက်စိဖြင့် မြင်ကောင်းသမျှသည် ရူပါရုံမည်၏၊ထို့ကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်တွင်—

ကတမန္တံ ရူပံ ရူပါယတနံ၊ ယံ ရူပံ စတုန္နံ မဟာဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ၊ သနိဒဿနံ၊ သပ္ပဋိဃံ၊နီလံ၊ ပီတကံ၊လောဟိတကံ၊ ဩဒါတံ၊ ကာဠကံ၊ မဉ္ဇဋ္ဌကံ၊ ဟရိဟရိဝဏ္ဏံ၊ အမ္ဗင်္ကုရဝဏ္ဏံ၊ ဒီဃံ၊ ရဿံ၊ အဏုံ၊ ထူလံ၊ ဝဋ္ဋံ၊ ပရိမဏ္ဍလံ၊ စတုရဿံ၊ ဆဠံသံ၊ အဋ္ဌံသံ၊ သောဠသံသံ၊ နိန္နံ၊ ထလံ၊ဆာယာ၊

အာတပေါ၊ အာလောကော၊ အန္ဓကာရော၊ အဋ္ဌာ၊မဟိကာ၊ ဝုမော၊ ရဇော၊ စန္ဒမဏ္ဍလဿ ဝဏ္ဏနိဘာ၊ သူရိယမဏ္ဍလဿ ဝဏ္ဏနိဘာ၊ တာရက ရူပါနံ ဝဏ္ဏနိဘာ၊ အာဒါသမဏ္ဍလဿ ဝဏ္ဏနိဘာ၊ မဏိသင်္ခမုတ္တာဝေဠုရိယဿ ဝဏ္ဏနိဘာ၊ ဇာတ ရူပရဇတဿ ဝဏ္ဏနိဘာ၊ ယံ ဝါ ပနညမ္ပိ အတ္ထိ ရူပံ စတုန္နံ မဟာ ဘူတာနံ ဥပါဒါယ ဝဏ္ဏနိဘာ၊ သနိဒဿနံ၊ သပ္ပဋိဃံ၊ ယံ ရူပံ သနိဒဿနံ သပ္ပဋိဃံ စက္ခုနာ၊ အနိဒဿနေန သပ္ပဋိဃေန ပဿိဝါ၊ ပဿတိဝါ၊ ပဿိဿတိဝါ၊ ပဿေဝါ၊ ရူပံပေတံ၊ ရူပါ ယတနံပေတံ၊ရူပဓာတုပေသာ၊ ဣဒန္တံ ရူပံ ရူပါယတနံ။ ။ဟူ၍ ဟောတော်မူ၏။

အဓိပ္ပါယ်အချုပ်ကား—အဆင်း,သဏ္ဌာန်, အမိုက်, အလင်း, အရိပ် အရောင်, မှုံမှုန်, အခိုးမှုစ၍ အလုံးစုံ မြင်ကောင်းသမျှကို ရူပါရုံချည်း ဟူ၍လည်းမှတ်လေ။

---

## ပရိယာယ်ရူပါရုံ,မုချရူပါရုံ

ဤပါဠိတော်ကို ထောက်၍ အဆင်း, အရောင်,အလင်းဟူ၍ သုံးမျိုးရှိသည်ကိုလည်းမှတ်။

(၁) အဖြူ အနီ အစရှိသောရူပါရုံသည် အဆင်း၊

(၂) ပြောင်ပြောင်လက်လက် တောက်သော မှန်ကဲ့သို့ ဖြစ်သော ရူပါရုံသည် အရောင်၊

(၃) စက္ခုဝိညာဉ်၏ အထောက်အပံ့ အာရုံကိုမြင်ကြောင်း ရူပါရုံ သည် အလင်းမည်၏။

အလင်းသည် အမိုက်နှင့်ဆန့်ကျင်ဘက်ဖြစ်၏၊ အရောင်သည် အညစ် အကြေးနှင့် ဆန့်ကျင်ဘက်ဖြစ်၏၊ အရိပ်သည်အရောင်ကိုစွဲ၍ဖြစ်၏။

အဋ္ဌသာလိနီ အဋ္ဌကထာ၌ ထိုရူပါရုံတို့တွင် အရှည်အတိုစသော သဏ္ဌာန်တို့ကို စမ်းသပ်၍ သိနိုင်ကုန်၏၊ အညိုအစရှိသော အဆင်းတို့ ကိုမူကား—စမ်းသပ်၍ မသိနိုင်ကုန်၊ ထို့ကြောင့်—သဏ္ဌာန်သည် ပရိ ယာယရူပါရုံ, အဆင်း အလင်း အရောင် စသည်တို့မူကား—နိပ္ပရိယာယ ရူပါရုံ, ထိုထို ခေတ်လေးပါးအစုကိုမှီ၍ အရှည် အတို စသောပုံသဏ္ဌာန်

ဖြင့် တည်သော အဆင်း၊ အပေါင်း အစုဖြစ်သော ရူပါရုံကိုပင်လျှင် အရှည် အတို စသော ထိုထို သဏ္ဍာန်တို့၏ ဝေါဟာရဖြင့် ရူပါယတန မည်၏ဟူ၍ ဟောတော်မူအပ်သည်ဟု သိအပ်၏ဟု ဆို၏။

---

## လက္ခဏာစသည် ၄-ပါး

(၁) စက္ခုပသာဒရုပ်နှင့် ထိခိုက်ခြင်း လက္ခဏာသည် ရူပါရုံမည်၏။
(၂) စက္ခုဝိညာဉ်၏ အာရုံအဖြစ်တည်းဟူသော ကိစ္စရသရှိ၏။
(၃) စက္ခုဝိညာဉ်၏ ကျက်စားရာ ဌာနဟု ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) မဟာဘုတ် လေးပါး သည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

---

## ၁၁-သဒ္ဒါရုံနှင့် အသံ ၄-မျိုး

သဒ္ဒါရုံ ဟူသည်ကား-အသံတည်း။

(၁) စိတ်ကြောင့်ဖြစ်သော အသက်ရှိသော သတ္တဝါတို့၏ခံတွင်းမှ ဖြစ်သော အသံသည် စိတ္တဇအသံမည်၏။
(၂) မိုးခြိမ်းသံအစရှိသော အသံသည် ဥတုဇ အသံမည်၏။

ပဋ္ဌာန်းတရားတော်ကို ဆင်ခြင်တော်မူသော မြတ်စွာဘုရား၏ ကိုယ်တော်မှထွက်သော ရောင်ခြည်တော်သည် စိတ္တဇဖြစ်၏၊ ထိုရောင်ခြည်တော်သည်ပင် ဓာတုပရံပရအားဖြင့် လောကကို ပျံ့နှံ့သည်ရှိသော် စိတ္တပစ္စယ ဥတုသမုဋ္ဌာန် ရောင်ခြည်တော်ဖြစ်၏ဟု မူလဋီကာတွင် ဆိုသောကြောင့် ရောင်ခြည်တော်ကဲ့သို့ သက်ရှိသတ္တဝါတို့၏ ခံတွင်းမှ ဖြစ်သော အသံသည် စိတ္တဇအသံ၊ ထိုစိတ္တဇ အသံသည်ပင် ဗဟိဒ္ဓသို့ ဓာတုပရံပရ အားဖြင့် ထွက်သွား သည်ရှိသော် စိတ္တပစ္စယ ဥတုသမုဋ္ဌာန်အသံမည်၏။

(၃) သက်ရှိသတ္တဝါတို့၏ ခံတွင်းမှ ထွက်သော အသံ၏ ပဲ့တင်သံသည်လည်း စိတ္တပစ္စယ ဥတုသမုဋ္ဌာန် အသံမည်၏။
(၄) ဥတုကြောင့်ဖြစ်သော အသံ၏ ပဲ့တင်သံသည် ဥတုပစ္စယ ဥတုသမုဋ္ဌာန် အသံမည်၏။

## ကြံစည်မှုဝိတက်ကြောင့်ဖြစ်သောအသံ

ဤစကားကိုဆိုအံ့ ပြောအံ့ဟု ကြံသောသူ၏ ဝိတက္က ဝိပ္ဖါရ ဟူသော အသံသည်ဖြစ်၏၊ ဤအသံသည် သိမ်မွေ့သောကြောင့် လူတို့ နားဖြင့် မကြားနိုင် မသိနိုင်၊ စိတ်ဖြင့်သာ ကြံဆ၍ သိနိုင်၏၊ ဤဝိတက္က ဝိပ္ဖါရ အသံသည် ဝိညာဏ်နှင့်တကွ ဖြစ်သည်သာလျှင်တည်း၊ လျှာ, အာစောက် လှုပ်ခြင်း အစရှိသည်ကို ပြုသော ဝိတက်ကြောင့်ဖြစ်သော တိုင်ပင်သော, တိုးတိုးပြောသော, သိမ်မွေ့သော အသံသည် နတ်နားဖြင့်ကြား၍ ဤသူသည် ဤမည်သောစိတ် ရှိသည်ဟု ပြောဟောနိုင်၏ဟု သုတ်ပါထေယျ ပါဠိတော်၌ အရှင်သာရိပုတ္တရာ ဟောတော်မူသည်ဟု–မဟာအဋ္ဌကထာ တွင် ဆိုသောစကားကို ပဋ္ဌာန်းကျမ်း၌–

စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏ ပစ္စယေန ပစ္စယော–

ဟု ဟောတော်မူသောကြောင့် စိတ္တဇအသံ ဟူသမျှသည် သောတ ဝိညာဉ်၏ အာရမ္မဏပစ္စည်းဖြင့် ပစ္စည်းပြုရကား လူတို့၏နားဖြင့် မကြား ကောင်းသော ဝစီဝိညတ်နှင့် တကွဖြစ်သော ဝိတက္က ဝိပ္ဖါရ အသံ မည်သည် မရှိသင့်ဟု ရှင်ဗုဒ္ဓဃောသက ပယ်၏။

ပဋ္ဌာန်းကျမ်း၌ ဝစီဝိညတ်နှင့် တကွဖြစ်သော လူတို့နား၌ကြား လောက်သော ကျယ်သော အသံကိုရည်၍ စိတ္တသမုဋ္ဌာန် အသံသည် သောတ ဝိညာဉ်၏ အာရမ္မဏပစ္စည်း ဖြစ်သည်ဟု ဟောတော်မူ၏၊ ထို့ ကြောင့် ဝိတက္ကဝိပ္ဖါရ အသံကို လူတို့နား၌ မကြားနိုင်ဟု မဟာ အဋ္ဌ ကထာဆရာ ဆိုလိုသည် ဖြစ်ရမည်ဟု–မူလဋီကာဆရာကမဟာအဋ္ဌကထာ စကားကို တည်စေပြန်သည်၊ သုတ်ပါထေယျ သမ္ပသာဒနီယသုတ် ဋီကာ ကလည်း မူလဋီကာဆရာအတိုင်း လိုက်၍ဆိုပြန်သည်။

ထိုဋီကာဆရာတို့စကားသည်မှန်၏၊စိတ္တသမုဋ္ဌာန် အသံသည် သောတ ဝိညာဉ်၏ အာရမ္မဏပစ္စည်းဖြစ်သည်ဟု–ဟောတော်မူရာ၌ စိတ္တသမုဋ္ဌာန် အသံမျိုးအကြီး အငယ် အမျိုးစုံသည် လူနား, နတ်နား သောတဝိညာဉ် အမျိုးစုံ၏ ထိုက်သည့် အားလျော်စွာ အာရမ္မဏ ပစ္စည်းဖြစ်သည်ဟု ယူသင့်သောကြောင့်တည်း။

ဤစကားကို ပြောဆိုအံ့ဟု-ဖြစ်သော စိတ်သည် ဖြစ်စေအပ်သော စိတ္တဇ အဋ္ဌကလာပ် ရှစ်ခုတို့တွင် စိတ္တဇပထဝီဓာတ်သည် ရင့်လည်ချောင်း အစရှိသော ဌာန်တို့၌ရှိသော ကမ္မဇပထဝီဓာတ်နှင့် တိုက်ခိုက်ခြင်းနှင့်တကွ အသံသည်ဖြစ်၏၊ ဤအသံသည် စိတ္တသမုဋ္ဌာန် အသံမည်၏၊ စိတ္တသမုဋ္ဌာန် အသံသက်သက်သည် အဇ္ဈတ္တ ဟူသော သက်ရှိသတ္တဝါ သန္တာန်၌သာ ဖြစ်၏၊ သက်မဲ့ ဝတ္ထုဟူသော ဗဟိဒ္ဓသန္တာန်၌ ဖြစ်မြဲမဟုတ်၊ စိတ္တဇအသံ ပြင်သို့ထွက်မှုကား-မြတ်စွာဘုရား၏ ရောင်ခြည်တော်ကဲ့သို့ စိတ္တပစ္စယ ဥတုသမုဋ္ဌာန်သာဖြစ်၏။

---

## လက္ခဏာစသည် ၄-ပါး

(၁) သောတပသာဒ ရုပ်ကို ထိခိုက်ခြင်း လက္ခဏာသည် အသံမည်၏။

(၂) သောတဝိညာဉ်၏ အာရုံအဖြစ်ဟူသော ကိစ္စရသရှိ၏။

(၃) သောတဝိညာဉ်၏ ကျက်စားရာ အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) မဟာဘုတ်လေးပါးသည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

ဤကား-အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

---

## အနာတမိကျမ်းအလိုအသံသွားရောက်ပုံ

အနာတမိ ကျမ်း၌ကား— အသံဟူသည် လေ, ရေ, မြေ စသော ဝတ္ထုတို့၏ လှုပ်ရှားခြင်းဖြစ်၏၊ မလှုပ်ရှားငြိမ်သက်စွာနေသော ဝတ္ထုမှ အသံမဖြစ်၊ ထိုလှုပ်ရှား၍နေသော အသံသည် လေသို့ဖြစ်စေ, ရေသို့ဖြစ်စေ ရောက်လျှင် ထိုလေ,ရေကို အမှီပြု၍ ပျံ့နှံ့လျှင် အဝေးသို့ သွား၏၊ ထို့ကြောင့် လေညာသို့ အသံသည် များစွာမသွားနိုင်၊ လေအောက်သို့သာသွားနိုင်၏၊ ရေနှင့် စပ်၍ဖြစ်သော အသံသည် ရေကို အစဉ်လျောက်သဖြင့် အလွန်ဝေးသော အရပ်ကပင် သော်လည်း ကြားနိုင်၏၊ လွင်တီးတီး၌ ဖြစ်သောအသံသည် ပျံ့နှံ့သောကြောင့် ပြေပျောက်လွယ်၏၊ အဝေးက များစွာမကြားနိုင်။

ပြွန်တွင်း အခေါင်းတွင်းတို့၌ ဖြစ်သော အသံသည် ပြွန်အခေါင်းကို လျှောက်၍ အဝေးသို့ ရောက်နိုင်၏၊ ထို့ကြောင့် အလွန်ရှည်သော ပြွန်ခေါင်း ပြုလုပ် သွယ်တန်းထားပြီးလျှင် ပြွန်ဝတဘက်မှ တိုးတိုးသာသာ စကားပြောသော်လည်း ဝေးသော ပြွန်ဝတဘက်၌ ရှိသောသူ ပြွန်ဝကို ကပ်၍ နားထောင်လျှင် ကြားနိုင်၏၊ အပိတ်အပင်ရှိရာ၌ ဆီးတားသော အပိတ်အပင်ကို အသံရိုက်၍ တုန်လှုပ်လျှင် တုန်လှုပ်သည်၊ အပိတ်အပင်က ဆင့်၍ဖြစ်သော အသံကို အပိတ်အပင်၏ အတွင်း၌ရှိသော သူသည် ကြားနိုင်၏၊ အသံရိုက်၍ မတုန်လှုပ်သော အပိတ်အပင်အတွင်း၌ ရှိသောသူမူကား—အသံကိုမကြားနိုင်ပြီ ဟူ၍ ဆိုကုန်၏။

---

## ၁၂-ဂန္ဓာရုံနှင့် လက္ခဏာစသည် ၄-ပါး

အကောင်း, အဆိုး, အနံ့ရှိသမျှသည် ဂန္ဓာရုံမည်၏။

(၁) ဃာန ပသာဒရုပ်ကို ထိခိုက်ခြင်းလက္ခဏာသည် ဂန္ဓာရုံပင်တည်း။

(၂) ဃာနဝိညာဉ်၏ အာရုံ အဖြစ်ဟူသော ကိစ္စရသရှိ၏။

(၃) ဃာနဝိညာဉ်၏ ကျက်စားရာ အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပ္ပဋ္ဌာန်ရှိ၏။

(၄) ဓာတ်လေးပါးသည် ဖြစ်ကြောင်း ပဒဋ္ဌာန်ဖြစ်၏။

ဤကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

---

## အနာတမိကျမ်းအလို အနံ့မြူမှုန့်

အနာတမိကျမ်းတို့၌ကား— အနံ့ဟူသည် ထိုထို့ဝတ္ထုတို့မှ ထွက်သော အရည် အခဲ ဖြစ်သော အလွန်ငယ်သော မြူမှုန့်ပင်တည်း၊ အရည်မှ အရည်မြူမှုန့်တို့သည် ထွက်ကြကုန်၏၊ အစိုင်အခဲတို့မှလည်း အစိုင်အခဲဖြစ်သော အလွန်ငယ်သော မြူမှုန့်တို့သည် ထွက်ကြကုန်၏။ မြူမှုန့်များစွာ ထွက်သောဝတ္ထုသည် အနံ့အားကြီး၏၊ မြူမှုန့်အနည်းငယ် ထွက်သော ဝတ္ထုသည် အနံ့နည်း၏၊ မြူမှုန့်မထွက်သော ဝတ္ထု၌ အထူးအနံ့ မရှိဟူ၍ ဆိုကုန်၏။

## ၁၃-ရသာရုံနှင့်ရသ ၆-ပါး

အချို, အချဉ် အစရှိသော အရသာသည် ရသမည်၏၊ အချဉ် အစပ်, အခါး, အငန်, အဖန်, အမြိန်ဟူ၍ ရသသည် ခြောက်မျိုးရှိ၏၊ မြိန်သော ရသဟူသည်ကား—အချိုနှင့် အဆိမ့်ကို ဆိုသည်၊ မြိန်မြတ်သော ရသလည်းဟူ၏၊ ရသခြောက်ပါးကို ရေတွက်ရာ၌ အချိုနှင့် အဆိမ့်ကို စားလျှင် အကျိုးပေးတူသောကြောင့် သက္ကဋ, မာဂဓ ကျမ်းဂန်တို့တွင် တခုတည်းပြု၍ မဓုရရသဟု ဆိုကြကုန်၏။

မဟာသုတသောမဇာတ် အဋ္ဌကထာ၌ ခါရရသဟူ၍ တပါးထည့်ပြီးလျှင် ရသမျိုး ခုနစ်ပါးဟူ၍ ဆိုကုန်၏၊ သို့သော်လည်း ထိုခါရရသသည်လည်း အငန်ပင် ဖြစ်သောကြောင့်ရင်း, ခြောက်ပါးဟူသော စကားသည်သာ ကျမ်းဂန်အများ ရှိသောကြောင့်ရင်း ခြောက်ပါးဟူ၍သာ မှတ်သားအပ်၏။

ပကတိဆား သိန္ဓောဆားတို့ကဲ့သို့ ငန်ခြင်းအရသာ, ဆပ်ပြာ ပြာဆား ထုံးတို့ကဲ့သို့ ငန်ခြင်း အရသာဟူ၍ အငန်နှစ်မျိုး ရှိသည်တွင် ဆားကဲ့သို့ ငန်ခြင်းကိုလောဏရသ, ဆပ်ပြာကဲ့သို့ငန်ခြင်းကို ခါရရသ ဟူ၍လည်းမှတ်လေ။

---

## လက္ခဏာစသည် ၄-ပါး

(၁) ဇိဝှါပသာဒရုပ်ကို ထိခိုက်ခြင်း လက္ခဏာသည် ရသမည်၏။
(၂) ဇိဝှါဝိညာဉ်၏ အာရုံအဖြစ်ဟူသော ကိစ္စရသရှိ၏။
(၃) ဇိဝှါဝိညာဉ်၏ ကျက်စားရာ အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ဓာတ်လေးပါးသည် နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန် ဖြစ်၏။

---

## * ဖောဋ္ဌဗ္ဗာရုံနှင့် တွေ့ထိအပ်သော ဓာတ် ၃-ပါး

တွေ့ထိအပ်သမျှ ဝတ္ထုသည် ဖောဋ္ဌဗ္ဗာရုံမည်၏။ ။ဤဖောဋ္ဌဗ္ဗာရုံသည် ရုပ်တစု အသီးအခြားမရှိပြီ၊ ပထဝီ,တေဇော,ဝါယော ဟူသော ဓာတ်သုံးပါးပင်တည်း၊ ကြွင်းသော ရုပ်ဓာတ်စုကို မတွေ့မထိအပ်၊ ရေ

နှင့်ထိ၍ ဧးခြင်းသည် အာပေါဓာတ်ကို တွေ့ထိသည်မဟုတ်၊ တေဇော ဓာတ်ကို တွေ့ထိသည်ဟူ၍မှတ်။ ။ထို့ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌–

ကတမန္တံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ၊ပထဝီဓာတု၊တေဇောဓာတု၊ ဝါယောဓာတု၊ ကက္ခဠံ၊မုဒုကံ၊ သဏှံ၊ ဖရုသံ၊ သုခသမ္ဖဿံ၊ ဒုက္ခ သမ္ဖဿံ၊ဂရုကံ၊ လဟုကံ၊ ယမ္ပိ ဖောဋ္ဌဗ္ဗမ္ပိ၊ အနိဒဿနမ္ပိ၊ သပ္ပဋိ ဃမ္ပိ၊ ကာယေဿ၊ အနိဒဿနေ၊ သပ္ပဋိဃေ၊ ပဋိဟညိဝါ၊ ပဋိ ဟညတိဝါ၊ ပဋိဟညိဿတိဝါ၊ ပဋိဟညေဝါ၊ ဖောဋ္ဌဗ္ဗော ပေ သော၊ ဖောဋ္ဌဗ္ဗာယတနံ ပေတံ၊ဖောဋ္ဌဗ္ဗဓာတု ပေသာ၊ဣဒန္တံရူပံ ဖောဋ္ဌဗ္ဗာယတနံ။ ။ဟူ၍ ဟောတော်မူ၏။

ဤပါဠိတော်၌ ကက္ခဠံ အစ လဟုကံ အဆုံးရှိသော ပုဒ်တို့တွင်“သုခ သမ္ဖဿံ ဒုက္ခသမ္ဖဿံ”ဟူသော ပုဒ်နှစ်ခုတို့ဖြင့် ဖောဋ္ဌဗ္ဗာရုံ ဖြစ်သော ဓာတ်သုံးပါးလုံး တို့ကိုပြ၏၊ ကြွင်းသော ပုဒ်တို့ဖြင့် ပထဝီဓာတ်ကိုသာ ပြ၏၊ထို့ကြောင့် အကြမ်း အနု အလေး အပေါ့ ဟူသည်ကား–ပထဝီ ဓာတ်၌သာရကောင်း၏၊သုတ္တန်ပိဋကတ်၌လည်း အကြမ်း အနု အလေး အပေါ့ ဟူသည်ကား– ပထဝီဓာတ်ကိုသာရည်၍ ဟောတော်မူ၏ ဟု အဋ္ဌသာလိနီစသော အဋ္ဌကထာတို့၌ ဆိုကုန်၏။

---

## ပသာဒရုပ် ၅-ပါးလုံးသမ္ပတ္တရုပ်ဖြစ်ပုံ

ဤသို့ဆိုအပ်ခဲ့ပြီးသော ပသာဒရုပ် ငါးခုတို့နှင့် ရူပါရုံ အစရှိသော အာရုံငါးခုတို့သည် ရှေးရှု ဆိုင်ပြိုင်ခိုက် တိုက်မိတတ်သောကြောင့် သပ္ပဋိဃရုပ်မည်၏၊ ထို့ကြောင့် ရူပါရုံ အစရှိသော အာရုံငါးခုတို့သည် ပသာဒရုပ် ငါးခုတို့ကို ရောက်ပေါက် ထိခိုက်မှသာ အာရုံကို သိသည်၊ အာရုံငါးပါးလုံးပင် ပသာဒရုပ်တို့ကို ရောက်ပေါက် ထိခိုက်တတ်သည် ချည်းဖြစ်၏၊ထို့ကြောင့် ဓမ္မသင်္ဂဏီ မဟာအဋ္ဌကထာ၌–

အာပါထဂတတ္တာဝ အာရမ္မဏံ သမ္ပတ္တံနာမ၊ စန္ဒမဏ္ဍလ သူရိယမဏ္ဍလာနဉ္ဟိ ဒွါစတ္တာလီသ ယောဇန သဟဿ မတ္ထကေ ဌိတာနံ ဝဏ္ဏော စက္ခုပသာဒံ ဃဋ္ဋေတိ၊သော ဒူရေ ဌတွာ ပညာယမာနောပိ သမ္ပတ္တော ယေဝနာမ၊ တံ ဂေါစရတ္တာစက္ခု သမ္ပတ္တ ဂေါစရမေဝ နာမ၊ ဒူရေ ရုက္ခံ ဆိန္ဒန္တာနံပိ ရဇကာနဉ္စ

ဝတ္တံ ဓောဝန္တာနံ ဒူရတောဝ ကာယဝိကာရော ပညာယတိ၊ သဒ္ဒေါ ပန ဓာတုပရံပရာယ အာဂန္တွာ သောတံ ဃဋ္ဋေတွာ သဏိကံ ဝဝတ္ထာနံ ဂစ္ဆတိ။ ။ဟူ၍ဆိုကုန်၏။

ဤ၌အနက်မြန်မာကား။ ။အာပါထ ဂတတ္တာဝ၊ရှေးရှုထင်ခြင်းသို့ ရောက်သောကြောင့် သာလျှင်။ အာရမ္မဏံ၊ အာရုံသည်။ သမ္ပတ္တံနာမ၊ သမ္ပတ္တမည်၏။ (ပသာဒရုပ်သို့ ကပ်ရောက်သည်မည်၏ လည်းဟူ။) ဟိ၊ ထိုစကားမှန်၏။ ဒွါစတ္တာလီသ ယော်ဇန သဟဿမတ္ထကေ၊ ယူဇနာ လေးသောင်း နှစ်ထောင် ထက်၌။ ဌိတာနံ၊တည်ကုန်သော။ စန္ဒမဏ္ဍလ သူရိယမဏ္ဍလာနံ၊ လဝန်း,နေဝန်းတို့၏။ ဝဏ္ဏော၊ အဆင်းသဏ္ဌာန်သည်။ စက္ခုပသာဒံ၊စက္ခုပသာဒရုပ်ကို။ဃဋ္ဋေတိ၊ထိခိုက်၏။ သော၊ ထိုအဆင်း သဏ္ဌာန်သည်။ ဒူရေ၊အဝေး၌။ဌတွာ၊တည်၍။ ပညာယမာနောပိ၊ ထင်ရ သော်လည်း။သမ္ပတ္တော ယေဝ နာမ၊ စက္ခုပသာဒရုပ်သို့ ကပ်ရောက် သော မည်သည်သာလျှင်။ ဟောတိ၊ဖြစ်၏။ကသ္မာ၊အဘယ့်ကြောင့်နည်း ဟူမူကား။ တံ ဂေါစရတ္တာ၊ ထိုစက္ခုဝိညာဉ်၏ အာရုံဖြစ်သည်၏ အဖြစ် ကြောင့်တည်း။ဣတိ၊ ထို့ကြောင့်။စက္ခု၊စက္ခုပသာဒရုပ်သည်။ သမ္ပတ္တ ဂေါစရမေဝ နာမ၊ အာရုံသို့ ကပ်ရောက်တတ်သော ပသာဒရုပ်မည် သည်သာလျှင်တည်း။

ဒူရေ၊ အဝေး၌။ ရုက္ခံ၊ သစ်ပင်ကို။ ဆိန္ဒန္တာနံပိ၊ ဖြတ်သော သူတို့၏ငှင်း။ ဝတ္တံ၊ အဝတ်ကို။ ဓောဝန္တာနံ၊ ဖွပ်လျှော်ကုန်သော။ ရဇကာနဉ္စ၊ ကဝါသည်တို့၏ငှင်း။ ကာယဝိကာရော၊ ကိုယ်၏ ဘောက် ပြန်ခြင်းသည်။ဒူရတောဝ၊ အဝေးကပင်လျှင်။ ပညာယတိ၊ထင်ရှား၏။ သဒ္ဒေါပန၊သစ်ပင်ဖြတ်သံ,ကဝါဖွပ်သံမူကား။ ဓာတုပရံပရာယ၊ ဓာတ် အဆင့်ဆင့်အားဖြင့်။ အာဂန္တွာ၊ လာ၍။ သောတံ၊ သောတ ပသာဒ ရုပ်ကို။ ဃဋ္ဋေတွာ၊ ထိခိုက်၍။ သဏိကံ၊ ဖြည်းဖြည်း။ ဝဝတ္ထာနံ၊ ဆုံး ဖြတ်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။

---

### စက္ခုသောတ ၂-ပါး အသမ္ပတ္တဟု ဆိုပုံ

ဤသို့ မဟာအဋ္ဌကထာတွင် ပသာဒရုပ် ငါးခုလုံးပင် သမ္ပတ္တဂေါစရ ရုပ် ဆိုသည်ကို နောက်အဋ္ဌကထာသစ်ကို ရေးသော အရှင်ဗုဒ္ဓဃောသ သည် မကြိုက် မနှစ်သက်သောကြောင့် စက္ခုနှင့် သောတပသာဒရုပ်

နှစ်ခုတို့သည် ရူပါရုံ,သဒ္ဒါရုံတို့သို့ မကပ်မရောက်ဘဲ မြင်တတ်, ကြား တတ်သောကြောင့် အသမ္ပတ္တဂေါစရမည်၏၊ ကြွင်းသော ပသာဒရုပ် သုံးခုတို့သည် အာရုံသို့ ကပ်ရောက်တတ်သောကြောင့် သမ္ပတ္တဂေါစ ရမည်၏၊ လဝန်းအစရှိသည်တို့၏ အဆင်းသဏ္ဍာန်သည် စက္ခုပသာဒ ရုပ်သို့ မကပ်ရောက်မူ၍ အဝေး၌တည်လျက်မြင်၏ဟု—ဆို၏။

---

## စက္ခုပသာဒရုပ်သမ္ပတ္တသ ဖြစ်နိုင်ပုံ

သို့သော်လည်း အဆင်းနှင့် သဏ္ဌာန်သာ ရူပါရုံမဟုတ်၊ အရိပ်, အရောင်, အလင်းတို့သည်လည်း ရူပါရုံဖြစ်ကြောင်းနှင့် ဓမ္မသင်္ဂဏီပါဠိ တော်တွင် ဟောတော်မူသောကြောင့် အဆင်းနှင့် သဏ္ဍာန်သည် စက္ခု ပသာဒရုပ်သို့ မကပ်မရောက်သော်လည်း မြင်ရသောဝတ္ထု၏ အရိပ်, အရောင်, အလင်းတို့သည် စက္ခုပသာဒရုပ်သို့ ကပ်ရောက်မှသာ မြင် အပ်သောဝတ္ထုကိုမြင်နိုင်၏၊ အပိတ်, အပင်, အဆီးအတားမရှိ နေ့အ ခါပင်ဖြစ်သော်လည်း ဝေးသောအရပ်၌ရှိသော မြင်အပ်သောဝတ္ထု၏ အရိပ်သည် စက္ခုပသာဒရုပ်သို့ မကပ်မရောက်နိုင်သောကြောင့် မမြင် ရသည်ကို မှန်ပြောင်းဖြင့်ကြည့်ရာ မြင်အပ်သောဝတ္ထု၏ အရိပ်သည် မှန်ပြောင်းသို့ရောက်၍ မှန်ပြောင်းမှတဆင့် စက္ခုပသာဒရုပ်သို့ ကပ် ရောက်ပြီးလျှင် မြင်ရပြန်သည်၊ ထို့ကြောင့် စက္ခုပသာဒ ရုပ်သည်လည်း မဟာအဋ္ဌကထာဆိုသည့်အတိုင်း သမ္ပတ္တ ဂေါစရသာ ဖြစ်သင့်၏။

---

## သောတပသာဒရုပ်သမ္ပတ္တသာဖြစ်နိုင်ပုံ

အသံသည်လည်း မလာမရောက်တတ်၊ အကယ်၍ ဖြည်းဖြည်းသာ သာ အသံလာငြားအံ့၊ အဝေး၌ဖြစ်သော အသံသည်ကာလတာရှည်မှ ကြားရမည်၊ ခေတ်အဆင့်ဆင့် ထိခိုက်ခြင်းဖြင့် အသံလာ၍ သောတ ပသာဒရုပ်သို့ ကပ်ရောက်ထိခိုက်မှ ကြားရသည် ဖြစ်ငြားအံ့၊ ဤအသံ သည်မည်သည့်အရပ်ကအသံ, အဝေးကအသံ, အနီးကအသံ, ဤမှာ ဘက်အသံ, ထိုမှာဘက် အသံဟူ၍ မသိနိုင်ရာဟု—အရှင်ဗုဒ္ဓဃောသက ဆို၏။

သို့သော်လည်း လာရောက်တတ်သော ဂန္ဓာရုံသည် ဟင်းလင်း အာကာသသို့ ရောက်၍ ပျံ့နှံ့သွားရာ အပိတ်,အပင့်,အဆီးအတားရှိရာ၌ မပျံ့နှံ့နိုင်၊ လေညာသို့လည်း လေဆီးတား ဆောင်ယူသောကြောင့် မပျံ့နှံ့နိုင်၊ ပျံ့နှံ့နိုင်သမျှအရပ်က နံသောသူတို့သည် ဟင်းလင်း အပေါက်ရှိရာ လေသင့်ရာကို ထောက်၍ မည်သည့်အရပ်က အနံ့ဟူ၍ သိနိုင်သကဲ့သို့ အသံသည်လည်း ရေ၌သွန်းလောင်းအပ်သော ဆီကဲ့သို့ အဇဋာကာသဟူသော ဟင်းလင်း အပြင်၌ ပျံ့နှံ့၍ ခတ်အဆက်ဆက် အားဖြင့်သွားရာ အဆီး,အတား,အပိတ်,အပင်ရှိရာ၌ မပျံ့နှံ့နိုင်၊ လေညာသို့လည်း လေဆီးတားသောကြောင့် များစွာမပျံ့နှံ့နိုင်၊ ပျံ့နှံ့နိုင်သမျှ အသံသည် သောတပသာဒသို့ ကပ်ရောက်၍ ကြားရာအပေါက် ဟင်းလင်းအပြင် လေသင့်ရာများတို့ကို ထောက်၍ မည်သည့်အရပ်က အသံဟုသိနိုင်၏၊ အသံအပြင်း အပြော့ကိုထောက်၍ အဝေးသံ, အနီးသံဟု သိနိုင်၏။

ပြွန်ခေါင်းသို့ လွှတ်အပ်သောအနံ့သည် ပြွန်ပတ်လည် ကာသောကြောင့် ပြွန်ပတ်လည်ပြင်ဘက်၌မနံဘဲ ပြွန်ပေါက်တလျှောက်လုံး ဝေးသောအရပ်မှာပင် သော်လည်း အနံ့နံသကဲ့သို့ ပြွန်ခေါင်းအတွင်း အသံကိုလွှတ်လျှင်လည်း ပြွန်ပတ်လည်ပြင်ဘက်၌မကြားဘဲ ဝေးသော အရပ် ပြွန်ဝတဘက်က ကြားနိုင်သည်ဖြစ်၍ အနံ့နှင့် အသံသည် အခေါင်းပေါက် ဟင်းလင်းအပြင်ဟူသော အဇဋာကာသကိုမှီ၏ ဟူ၍လည်း သိအပ်၏၊ ထို့ကြောင့် အသံသည်လည်း လာရောက်တတ်ရကား-သောတပသာဒရုပ်သည် သမ္ပတ္တဂေါစရဟု မဟာအဋ္ဌကထာဆိုတိုင်း မှန်၏။

---

### ဒိဋ္ဌ-သုတ-မုတရုပ်များ

(၁) မြင်ကောင်းသောကြောင့် ရူပါရုံသည် ဒိဋ္ဌရုပ်, သနိဒဿန ရုပ်မည်၏။

(၂) ကြားကောင်းသောကြောင့် သဒ္ဒါရုံသည် သုတရုပ်မည်၏။

(၃) ကပ်ရောက်တတ်, ထိပါးတတ်သောကြောင့် ကြွင်းသော အာရုံ သုံးခုတို့သည် မုတရုပ်မည်ကုန်၏—

ဟု ဟောတော်မူသည်မှာ ရူပါရုံနှင့် သဒ္ဒါရုံသည် လောက၌ ဒိဋ္ဌ သုတ,မင်္ဂလ အမင်္ဂလ အဖြစ်ဖြင့် ထင်ရှားသောကြောင့်ရင်း, ဒဿ

နာနုတ္တရိယံ သဝနာနုတ္တရိယ အဖြစ်သို့ ရောက်သောကြောင့်၎င်း, အသီးထုတ်၍ ဟောတော်မူသည်၊ မကပ်မရောက်တတ်သောကြောင့် ဒိဋ္ဌ သုတ အဖြစ်ဖြင့် ဟောတော်မူသည်မဟုတ်၊ ထို့ကြောင့် ဓမ္မသင်္ဂဏီ ပါဠိတော်တွင် ပသာဒရုပ်နှင့် အာရုံငါးပါးလုံးကိုပင် သပ္ပဋိဃရုပ်ဟု ဟောတော်မူလေသတည်း။

အသံသည် လာရောက် ထိခိုက်တတ်သောကြောင့် အဆီးအတားရှိသော ဝတ္ထုကို ထိခိုက်လျှင် ပဲ့တင်သံ ဖြစ်ပြန်သည်ကို မူလဋီကာ ဆရာက အသံလာရောက် ထိခိုက်၍ ပဲ့တင်သံဖြစ်သည် မဟုတ်၊ သံလိုက်ကျောက်ကြောင့် သံလှုပ်ရှားသကဲ့သို့ အသံမကပ်မရောက်ဘဲ ပဲ့တင်သံဖြစ်သည်ဟုဆို၏၊ သို့သော်လည်း ပြင်းထန်သောအသံ အနီးအပါး၌ရှိသော အဆီးအတားတို့သည် အသံထိခိုက်သောကြောင့် ပြိုကွဲပျက်စီးခြင်းသို့ပင်ရောက်ရကား—ပဲ့တင်သံဖြစ်ရုံမျှ အသံရောက်ပေါက် ထိခိုက်သည်မဟုတ်ဟူ၍သာ မှတ်အပ်၏။

---

## စိတ္တဇအသံ ဗဟိဒ္ဓသို့မရောက်နိုင်ပုံ

စိတ္တဇ,ဥတုဇအသံနှစ်မျိုးတို့တွင် စိတ္တဇရုပ် ဟူသမျှတို့သည် သတ္တဝါသန္တာန်ဟူသော အဇ္ဈတ္တ၌သာဖြစ်နိုင်၏၊သတ္တဝါသန္တာန်မှ အပဖြစ်သော ဗဟိဒ္ဓ၌ မဖြစ်နိုင်၊ ပဋ္ဌာန်းပါဠိတော်တွင်လည်း စိတ္တသမုဋ္ဌာန်အသံသည် သောတပသာဒရုပ်အား အာရမ္မဏပစ္စည်း တပ်သည်ဟု ဟောတော်မူ၏၊ အကယ်၍ အသံလာရောက်မှ ကြားသည်ဖြစ်ငြားအံ့၊ ဗဟိဒ္ဓ၌ မဖြစ်နိုင်သော စိတ္တဇအသံသည် သောတပသာဒရုပ်အား တရံတဆစ်မျှ အာရမ္မဏပစ္စည်း ဖြစ်နိုင်ရန်အကြောင်းမရှိပြီ ဟူ၍ မူလဋီကာ၌ဆို၏။

---

## စိတ္တဇအသံ ဗဟိဒ္ဓသို့ရောက်နိုင်ပုံ

သို့သော်လည်း စိတ္တဇဖြစ်သော ထွက်သက်လေသည်၎င်း, ခံတွင်းဖြင့် မှုတ်အပ်သော လေသည်၎င်း, တန်ခိုးရှိသော နဂါးတို့ လွှတ်အပ်သော ခံတွင်း မျက်လုံးတို့၌ ဖြစ်သော စိတ္တဇမီးတောက်,မီးလျှံ, မီးခိုးတို့သည်၎င်း, မြတ်စွာဘုရား၏ စိတ်တော် ကြည်လင်ခြင်းကြောင့် ဖြစ်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည်၎င်း အဇ္ဈတ္တ၌ဖြစ်၍ ခေတ်

အဆက်ဆက်အားဖြင့် ဗဟိဒ္ဓသို့ သွားသကဲ့သို့ စိတ္တဇအသံသည်လည်း အဇ္ဈတ္တ၌ဖြစ်၍ ခေတ်အဆက်ဆက်အားဖြင့် သွားပြီးလျှင် သောတပသာဒရုပ်ကို ကပ်ရောက်နိုင်သောကြောင့် စိတ္တဇအသံသည် သောတပသာဒရုပ်အား အာရမ္မဏပစ္စည်းတပ်နိုင်၏၊ ထို့ကြောင့် စိတ္တဇရုပ်ဟူသည် ဗဟိဒ္ဓ၌မဖြစ် သတ္တဝါသန္တာန်ဟူသော အဇ္ဈတ္တ၌သာ ဖြစ်ငြားသော်လည်း ဗဟိဒ္ဓသို့ ခေတ်အဆက်ဆက်အားဖြင့် ထွက်သွားနိုင်သည်ဟူ၍လည်း မှတ်အပ်၏။

## ဋီကာစကားမသင့်ပုံ

ဋီကာကျော် အဘိဓမ္မာဝတာရဋီကာတို့တွင် အကယ်၍ အသံသည် သောတပသာဒရုပ်သို့ကပ်ရောက်မှ ကြားသည်ဖြစ်ငြားအံ့၊ သဒ္ဒဝေဓိ လေးသမားပစ်သော မြှားသည် ပစ်သော လေးသမား၏ နားတွင်းသို့ စူးဝင်ရာ၏ဟု ဆို၏၊ သဒ္ဒဝေဓိ လေးသမားသည် မြှားကို ပစ်လွှတ်ရင်းကပင် အသံကို မပစ်၊ အသံဖြစ်ရာ အရပ်ကိုသာ ပစ်၏၊ မြှားသဘောသည်လည်း ဦးတည်ရာကိုသာ ရှေးရှုသွားမြဲဖြစ်၏၊ ထို့ကြောင့် အသံလာသည်ဖြစ်စေ၊ မလာသည်ဖြစ်စေ၊ မြှားမှုကား- ပစ်သူနားတွင်းကို စူးဝင်ရန် အကြောင်းမရှိသောကြောင့် ထိုဋီကာစကားကို မမှတ်အပ်။

[ဤရူပါရုံနှင့် သဒ္ဒါရုံသည် မြတ်စွာဘုရား ပွင့်တော်မူသည်မှ သာသနာတော် နှစ်ပေါင်း(၉၀၀)ကိုးရာကျော် တိုင်အောင်လာရောက် တတ်သည်ဟု မဟာအဋ္ဌကထာ၌ဆိုသည့်အတိုင်း အစဉ်အဆက်မှတ်သား ကြသည်ကို အရှင်ဗုဒ္ဓဃောသ ဆရာ အဋ္ဌကထာသစ် ရေးသည်မှစ၍ယခု တိုင် ကျမ်းပြုဆရာတို့သည် ပယ်ဖျက်ကြ၍ ရှိသည်၊ ကာလရှည်ကြာ လှလေပြီ၊ နောက်ကို အစဉ်အဆက် အမှားကြာမည် ဖြစ်သောကြောင့် မဟာအဋ္ဌကထာ ဆိုသည့်အတိုင်း လိုက်၍ အကျယ်ရေးသားလိုက်သည်၊ သူတော်ကောင်းတို့သည်စေ့စေ့စဉ်းစား၍မှတ်သားကြစေကုန်သတည်း။]

## ၁၄-ဣတ္ထိဘာဝရုပ်

ဣတ္ထိဘာဝရုပ် ဟူသည် မိန်းမပုံသဏ္ဌာန်၊ ဟန်ပန်ဖြစ်ကြောင်းရုပ်၊ များသောအားဖြင့် ဤဣတ္ထိဘာဝရုပ်သည် ပဋိသန္ဓေအခါ သုဂတိဘုံ၌ အားနည်းသော ရှေးကုသိုလ်ကံကြောင့်ဖြစ်၏၊ သစ်ပင်တို့၏ အဖိုပင်၊

အမပင် ဖြစ်ကြောင်း ရုပ်သဘောသည် မျိုးစေ့ကပင် ပါလာ၍ ဤရုပ်သဘောကို စွဲပြီးလျှင်အဖိုပင်,အမပင် ဖြစ်သကဲ့သို့ ပဋိသန္ဓေအခါပါလာသော အဖိုပင်,အမပင် ဖြစ်ကြောင်းရုပ်ကဲ့သို့သော ဤဣတ္ထိဘာဝရုပ်ကို စွဲ၍ မိန်းမတို့၏ ပုံသဏ္ဌာန်,ဟန်ပန်တို့သည် ဖြစ်ကုန်၏၊ ဤဣတ္ထိဘာဝရုပ်ကို မတွေ့ကောင်း,မမြင်ကောင်းသော်သည်း ပုံသဏ္ဌာန် ဟန်ပန်ကို ထောက်၍ ဣတ္ထိဘာဝရုပ်ရှိကြောင်းကို သိနိုင်၏။

---

## လက္ခဏာစသည် ၄-ပါး

(၁) မိန်းမဖြစ်ကြောင်း လက္ခဏာသည် ဣတ္ထိဘာဝရုပ်မည်၏။
(၂) မိန်းမဟူ၍ပြခြင်း ကိစ္စရသရှိ၏။
(၃) မိန်းမတို့၏ ပုံသဏ္ဌာန်, ဟန်ပန် အမူအရာ၏ ဖြစ်ကြောင်း အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ကံကြောင့်ဖြစ်သော ဘူတရုပ်လေးခုတည်း ဟူသော နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

## ၁၅-ပုမ္ဘာဝရုပ်

ပုမ္ဘာဝရုပ်-ဟူသည် ယောကျာ်းပုံသဏ္ဌာန်,ဟန်ပန်ဖြစ်ကြောင်းရုပ်၊ များသောအားဖြင့် ဤပုရိသဘာဝရုပ်သည် ပဋိသန္ဓေအခါ သုဂတိဘုံ၌ အားကြီးသော ရှေးကုသိုလ်ကံကြောင့်ဖြစ်၏၊ သစ်ပင်တို့၏ အဖိုပင်, အမပင်ဖြစ်ကြောင်း ရုပ်သဘောသည် မျိုးစေ့ကပင် ပါလာ၍ ဤရုပ်သဘောကို စွဲပြီးလျှင် အဖိုပင်,အမပင်ဖြစ်သကဲ့သို့ ပဋိသန္ဓေအခါပါလာသော အဖိုပင်, အမပင် ဖြစ်ကြောင်းရုပ်ကဲ့သို့သော ဤပုရိသဘာဝရုပ်ကို စွဲ၍ ယောကျာ်းတို့၏ ပုံသဏ္ဌာန်, ဟန်ပန်တို့ သည်လည်း ဖြစ်ကုန်၏၊ ဤပုရိသဘာဝရုပ်ကို မတွေ့ကောင်း, မမြင်ကောင်းသော်လည်း ပုံသဏ္ဌာန်,ဟန်ပန်ကို ထောက်၍ ပုရိသဘာဝရုပ် ရှိကြောင်းကိုသိနိုင်၏။

---

## လက္ခဏာ စသည် ၄-ပါး

(၁) ယောကျာ်းဖြစ်ကြောင်း လက္ခဏာသည် ပုရိသဘာဝရုပ်မည်၏။

(၂) ယောကျ်ားဟူ၍ပြခြင်း ကိစ္စရသရှိ၏။
(၃) ယောကျ်ားတို့၏ ပုံသဏ္ဌာန်, ဟန်ပန် အမူအရာတို့၏ ဖြစ်ကြောင်းအဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ကံကြောင့်ဖြစ်သော ဘူတရုပ်လေးခု တည်းဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

## ဘာဝရုပ် ပြောင်းလဲတတ်ပုံ

ဤဘာဝရုပ် နှစ်ခုသည်လည်း ကမ္ဘာဦးသူတို့အား ပဝတ္တိအခါ၌ ဖြစ်၏၊နောက်အခါ၌ကား- ပဋိသန္ဓေအခါ၌သာ ဖြစ်၏၊ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဖြစ်သော ဘာဝရုပ်သည်လည်း ဘောက်ပြန်တတ်၏၊ ထို့ကြောင့်—

တေန ခေါပန သမယေန အညတရဿ ဘိက္ခုနော ဣတ္ထိလိင်္ဂံ ပါတုဘူတံ ဟောတိ။

ခတေန ခေါပန သမယေန အညတရိဿာ ဘိက္ခုနိယာ ပုရိသလိင်္ဂံ ပါတုဘူတံ ဟောတိ—ဟူ၍ ဝိနည်း ပါဠိတော်၌ လာ၏။

---

## ဘာဝရုပ် ၂-ခု တပြိုင်နက် မရှိကောင်း

ယဿ ဣတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊နော။ ။ ဤသို့ အစရှိသည်ဖြင့် ဣန္ဒြိယ ယမိုက် ပါဠိတော်တွင် ဟောတော်မူသောကြောင့် ဥဘတောဗျည်း၌လည်း ဘဝရုပ်နှစ်ခုမရှိ၊ ဣတ္ထိဥဘတောဗျည်း၌ ဣတ္ထိဘာဝရုပ်,ပုရိသဥဘတောဗျည်း၌ ပုရိသဘာဝရုပ် တခုစီသာ ရှိကြ၏။

အကြင်အခါ၌ ဣတ္ထိဥဘတောဗျည်းသည် မိန်းမ၌ ရာဂစိတ်ဖြစ်၏၊ထိုအခါ ယောကျ်ားအင်္ဂါဇာတ်ဖြစ်၍ မိန်းမအင်္ဂါဇာတ်သည် ကွယ်၏၊ယောကျ်ား၌ ရာဂစိတ်ဖြစ်မူ မိန်းမအင်္ဂါဇာတ်အတိုင်းပင် ဖြစ်၏၊ ပုရိသဥဘတောဗျည်း သည်လည်း ယောကျ်ား၌ ရာဂစိတ် ဖြစ်မူ ယောကျ်ားအင်္ဂါဇာတ်ပျောက်၍ မိန်းမအင်္ဂါဇာတ်ပေါ်လာ၏၊မိန်းမ၌ ရာဂစိတ်ဖြစ်မူ-ယောကျ်ားအင်္ဂါဇာတ်အတိုင်းပင် ဖြစ်၏။

ထို့ကြောင့် ဤအင်္ဂါဇာတ်သည် ကမ္မပစ္စယ ရာဂသမုဋ္ဌာန် ဖြစ်၏၊ ဘာဝရုပ် တခုတည်းစီသာ ရှိကြသောကြောင့်—

(၁) ဣတ္ထိဥဘတောဗျည်းသည်လည်း ကိုယ်ဝန်ကိုယူနိုင်၏၊သူတပါးတို့အားလည်း ကိုယ်ဝန်ကိုပေးနိုင်၏။

(၂) ပုရိသ ဥဘတောဗျည်းသည် သူတပါးကိုသာ ပဋိသန္ဓေပေးနိုင်သည်၊မိမိမူကား ပဋိသန္ဓေမယူနိုင်။

---

## ၁၆ ဟဒယဝတ္ထုရုပ်

နှလုံးသားအတွင်း၌ လက်ဆွန်း၏ ထက်ဝက်မျှလောက်သော သွေးကိုမှီ၍ ဓာတ်လေးပါးတို့သည် ကျေးဇူးပြုလျက်, ဥတုစိတ် အာဟာရတို့သည် ထောက်ပံ့လျက်,ဇီဝိတရုပ်သည် စောင့်ရှောက်လျက် မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏ငှင်း,ထိုဓာတ်နှင့် သမ္ပယုတ်ဖြစ်သောတရားတို့၏ငှင်း ဝတ္ထုအဖြစ်ကို ပြီးစေလျက်တည်၏။

---

## လက္ခဏာ စသည် ၄-ပါး

(၁) မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာလက္ခဏာသည် ဟဒယဝတ္ထုရုပ်မည်၏။

(၂) မနောဓာတ်, မနောဝိညာဏဓာတ်တို့၏ တည်ရာ အဖြစ်ကို ပြုခြင်း ကိစ္စရသရှိ၏။

(၃) မနောဓာတ်, မနောဝိညာဏဓာတ်တို့ကို ရွက်ဆောင်သော ရုပ်ဟု ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ဓာတ်လေးပါး တည်းဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

## ဆေးကျမ်းအလို နှလုံး၌ဩဇာ ဩဇာ၌ဇီဝတည်ပုံ

ဒဗ္ဗဂုဏပကာသ—စသော ဆေးကျမ်းတို့၌ကား နှလုံးသားတွင်း၌ တလက်ခုပ်မျှလောက်သော နီသော,စဉ်းငယ်ဝါသော,ဩဇာမည်သော ဝတ္ထုသည်ရှိ၏၊ ဤဩဇာ၌ ရှစ်ပေါက်, ရှစ်စက်ခန့်မျှ လောက်သော

ဩဇာတမျိုးသည် တည်ပြန်၏၊ ဤဩဇာ၌ ဇီဝဟူသော အတ္တသည် တည်၏၊ အမြဲအသက်ကို ပြုတတ်၏၊ ပန်းပွင့်တို့မှ ပန်းရွက်ကို ပျား ပိတုန်းတို့သည် စုထားအပ်သကဲ့သို့ ဤသတ္တဝါတို့၏ ကိုယ်၌ဖြစ်သော အလုံးစုံသော အနှစ်၏ကိုယ်အလုံးကိုလည်း ပျံ့နှံ့နိုင်၏၊ ဤဩဇာပျက် စီးသည်ရှိသော် သတ္တဝါသေသည်ဟူ၍ နှလုံးသွေးနှင့် ဟဒယဝတ္ထုရုပ်ကို ရည်၍ဆို၏။

## ၁၇–ဇီဝိတရုပ်နှင့် စောင့်ရှောက်ပုံ ဥပမာ

ဇီဝိတရုပ်-ဟူသည် ရုပ်၏အသက်ဆိုလိုသည်၊ စိတ် ဥတု အာဟာရ တို့ကြောင့် ဖြစ်သော ရုပ်တို့သည် ဤရုပ်တို့၏ဖြစ်ကြောင်း စိတ် ဥတု အာဟာရ ထင်ရှားလျက်ဖြစ်၍ မိမိသားကို မိမိထိန်းသိမ်းစောင့်ရှောက် သကဲ့သို့ စောင့်ရှောက်ကြ၏၊နောက်ဘဝက ပြုခဲ့သောကံကြောင့် ဖြစ် သောရုပ်မူကား ဖြစ်ကြောင်းကံ ထင်ရှားမရှိသောကြောင့် အမိသေ သောသားကို အထိန်း စောင့်ရှောက်သကဲ့သို့ ဤ ဇီဝိတရုပ်သည် ကံ ကြောင့် ဖြစ်သောရုပ်တို့ကို မပျက်စီးရအောင် စောင့်ရှောက်၏။

စောင့်ရှောက်ပုံကား–အစိုဖြစ်သော သစ်သီး, သစ်ရွက် အတွင်း၌ ရှိသောအရည်သည် ဤသစ်သီး, သစ်ရွက်တို့ကို မပိန် မခြောက် မညှိုး မနွမ်းရအောင် စောင့်ရှောက်သကဲ့သို့ ဤကိုယ်အလုံး၌ ပျံ့နှံ့၍တည်သော ဇီဝိတရုပ်သည် ကံကြောင့်ဖြစ်သော ရုပ်ရှိသမျှကို မညှိုးမနွမ်းမပျက်စီးရ အောင် စောင့်ရှောက်၏၊ ဤဇီဝိတရုပ် ရှိကြောင်းကို သေသောသူ၏ အသွေးအသားနှင့် ရှင်သောသူ၏ အသွေး အသား မတူသည်ကို မြင်၍ သိသာ၏။

### လက္ခဏာစသည် ၄ ပါး

(၁) မိမိနှင့် အတူဖြစ်သော ကမ္မဇရုပ်တို့ကို မိမိထင်ရှား ရှိသမျှ ကာလပတ်လုံး စောင့်ရှောက်ခြင်း လက္ခဏာသည် ဇီဝိတ ရုပ်မည်၏၊ အစိုဖြစ်သော သစ်သီး, သစ်ရွက်အတွင်း၌ အရေ သည် မိမိထင်ရှားရှိသမျှ ကာလပတ်လုံး သစ်သီး, သစ်ရွက် တို့ကို မပိန် မခြောက်ရအောင် စောင့်ရှောက် သကဲ့သို့

မှတ်အပ်၏၊ ဇီဝိတရုပ်သည် ကျေးဇူးပြုအပ်သော ပစ္စယုပ္ပန်ဖြစ်သော သဟဇကမ္မဇရုပ်တို့ကို စောင့်ရှောက်၏၊ နို့ထိန်းသည် မိမိနို့တိုက်အပ်သော သားကိုသာ စောင့်ရှောက်အပ်သကဲ့သို့ မှတ်အပ်၏။

(၂) ကမ္မဇရုပ်တို့ကို ဖြစ်စေခြင်းကိစ္စရသရှိ၏၊ မိမိဖြစ်စေအပ်သော ကမ္မဇရုပ်တို့နှင့် စပ်သဖြင့်သာလျှင် ဖြစ်၏၊ လှေသူကြီးနှင့် လှေကဲ့သို့ မှတ်အပ်၏၊ မိမိ၏ဒင်း ဖြစ်စေအပ်သော ကမ္မဇရုပ်တို့၏ဒင်းမရှိခြင်းကြောင့် ပျက်စီးသောဘင်ခဏအထက်၌ ကမ္မဇရုပ်တို့ကို မဖြစ်စေနိုင်။

(၃) ကမ္မဇရုပ်တို့ကို တည်အောင် ထားတတ်သော ရုပ်ဟု-ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ဆီနှင့် မီးစာကုန်သော မီးခွက်သည် မီးတောက်ကို မထားနိုင်သကဲ့သို့ ပျက်စီးသော ဘင်ခဏ၌ မိမိကိုယ်တိုင်ပင် ပျက်စီးသည်၏ အဖြစ်ကြောင့် ကမ္မဇရုပ်ကို မထားနိုင်ပြီ။

(၄) မိမိဖြစ်စေအပ် ထားအပ်သော ကမ္မဇဘူတရုပ် တည်းဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

### ၁၈-အာဟာရရုပ်နှင့် ရသဓာတ်၏အနှစ်သြဇာ

အာဟာရရုပ်သည် နွားနို့ကိုမီးဖြင့်ချက်၍ ထောပတ်ထိုးရာ ထောပတ်, ဒိန်ခဲ, ရက်တက်ရည် သုံးခုဖြစ်သကဲ့သို့ သတ္တဝါတို့ စားသောက်သမျှသော အရည် အဖတ်တို့ကို အစာသစ်အိမ်၌ ဝမ်းမီးချက်ရာ အရည်,အဖတ်, အဆီ သုံးမျိုးကွဲသည်တွင် အဖတ်သည် ဆာလောင်ခြင်းကိုဖျောက်၏၊ အရည်သည် မွတ်သိပ်ခြင်းကိုဖျောက်၏၊ အဆီ အစေးသည် အသွေးအသားတို့ကို တိုးပွားစေ၏၊

အဋ္ဌကထာတို့၏ အလိုအားဖြင့် စားသောက်အပ်သမျှသော အရည်အဖတ်တို့၏ ($\frac{၁}{၅}$) ငါးပိုင်းတပိုင်း တည်းဟူသော အနှစ်သာရသည် ရသမည်သော ဓာတ်ဖြစ်၏၊ ဤရသဓာတ်၌ပါသော, ဤရသဓာတ်၏ အနှစ်ဖြစ်သော, ရသကြောကို အစဉ်လျှောက်၍ ကိုယ်အလုံးကို ပျံ့နှံ့တတ်

သော, ထောက်ပံ့ခြင်း အားရှိခြင်းကို ပြုတတ်သော, ခါတ်လေးပါးကို မှီသော တခုသော ဝတ္ထုအထူးသည် သြဇာမည်၏၊ ဤသြဇာသည်ပင် ကဗဠီကာရ အာဟာရရုပ် မည်၏၊ ထို့ကြောင့် မူလဋီကာ၌—

သြဇာလက္ခဏောတိ ဧတ္ထ အင်္ဂမင်္ဂါ နုသာရိနော ရသဿ သာရော ဥပတ္ထမ္ဘန ဗလကာရော ဘူတနိဿိတော ဧကော ဝိသေသော သြဇာတိ။ ။ဟူ၍ဆို၏။

## အနုဋီကာအဆိုမသင့်ပုံ

အနုဋီကာ၌ကား—အင်္ဂမင်္ဂါ နုသာရိနော ရသဿ သာ ရောတိ ရသဟရဏီ ဓမနီဇာလာ နုသာရေန သရီရာဝယဝေ အနုပဝိဋ္ဌဿ အာဟာရရသဿ အဗ္ဘန္တရာဟာရပစ္စယော သ္နေဟော၊ယော လောကေ ရသဓာတူတိ ဝုစ္စတိ။ ။ဟူ၍ဘွင့်၏။ အဓိပ္ပါယ်ကား—သြဇာဟူသည် အဆီပင်တည်း၊ ဤအဆီကိုလည်း လောက၌ ရသဓာတ်ဟူ၍ ဆိုအပ်၏ဟု—ဆိုသည်ကား-မသင့်၊ သြဇာဟူသော အာဟာရရုပ်သည်လည်း အဆီမဟုတ်၊ အဆီသည်လည်း ရသဓာတ်မဟုတ်၊ သြဇာဟူသော အာဟာရရုပ်သည် အဆီဖြစ်မှုကား ပရမတ်မဟုတ်ပြီ၊ ပညတ်ဖြစ်တော့သည်သာ ဖြစ်၍ ထိုစကားကိုမမှတ်အပ်၊သြဇာချည်း သက်သက်ကို မစားနိုင်၊ အဖတ်နှင့်တကွ အလုပ်ပြု၍ စားအပ်သောကြောင့် ကဗဠီကာရ အာဟာရရုပ်ဟူ၍ ခေါ်သည်။

## လက္ခဏာစသည်၄-ပါး

(၁) သြဇာဟူသော လက္ခဏာသည် ကဗဠီကာရ အာဟာရရုပ် မည်၏။

(၂) အာဟာရတို့ကြောင့် ဖြစ်သော ရုပ်တို့ကိုဆောင်ခြင်း ကိစ္စ ရသရှိ၏။

(၃) အာဟာရဇရုပ်တို့ကို ထောက်ပံ့တတ်သောရုပ်ဟု ရှေး့ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အလုပ်ပြု၍စားအပ်သော ဝတ္ထုတည်းဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။ ။အကြင် သြဇာ ဟူသော အာဟာရကြောင့် သတ္တဝါတို့သည် တည်နိုင်ကုန်၏။

## ဝိပဿနာသုံးသပ်အပ်သောရုပ်

ဤသို့ ဆိုအပ်ခဲ့ပြီးသော ရုပ်တဆဲ့ရှစ်ခုတို့သည်—

(၁) သဘောအားဖြင့် ထင်ရှားရှိသောကြောင့် သဘာဝရုပ် မည်၏။

(၂) သလက္ခဏရုပ်လည်းမည်၏။

(၃) မိမိမှတပါး အခြားကိုမထောက် သဘောအားဖြင့်ပြီးသော ကြောင့် နိပ္ဖန္နရုပ်မည်၏။

(၄) ဖောက်ပြန်ပျက်စီးခြင်း ရုပ်သဘောဖြစ်သောကြောင့် ရူပရုပ် မည်၏။

(၅) လက္ခဏာယာဥ် သုံးပါးဖြင့် သုံးသပ် အပ်သော ကြောင့် သမ္မသနရုပ်လည်းမည်၏။

နိပ္ဖန္နရုပ် ၁၈-ခုပြီး၏။

---

## ၁၉-အာကာသဓာတ်နှင့်လက္ခဏာစသည် ၄-ပါး

ရုပ်ကလာပ်မှုန့်တို့ ပတ်လည်ဝန်းကျင်၌ ဟင်းလင်းဟလာ ဖြစ်သော ရုပ်ကလာပ်မှုန့်ချင်း မရောရှက်အောင် ပိုင်းခြားသော အပိုင်းအခြား သည် အာကာသဓာတ်မည်၏၊ ပရိစ္ဆေဒရုပ်လည်းခေါ်အပ်၏၊ ဤ၌ ပရိစ္ဆေဒါကာသ, အဇဋ္ဌာကာသနှစ်ပါးပင် အာကာသဓာတ်မည်၏ဟု- မှတ်အပ်၏။

(၁) ရုပ်ကလာပ်မှုန့်တို့ကို ပိုင်းခြားခြင်း လက္ခဏာသည် အာ ကာသဓာတ်မည်၏။

(၂) ရုပ်ကလာပ်တို့ အပိုင်းအခြားကို ပြခြင်း ကိစ္စရသရှိ၏။

(၃) ရုပ်ကလာပ်တို့၏ နယ်ပယ်နိမိတ်ဟု— ရှေးရှု ထင်ခြင်းပစ္စု ပဋ္ဌာန်ရှိ၏၊ တနည်းကား- မထိခိုက်အပ်သော အဖြစ်, အပေါက်အကြားအဖြစ်ဖြင့်ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) မိမိပိုင်းခြားအပ်သော ရုပ်ကလာပ်ဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤအာကာသဓာတ်ဖြင့် ပိုင်းခြားအပ်သော ရုပ်တို့၌ ဤရုပ်သည် ဤရုပ်မှ အထက် အောက် ဘီလာဟူသော အမှတ်သည်လည်း ဖြစ်၏၊ ဤအာကာသဓာတ်သည် ပိုင်းခြားအပ်သော ရုပ်ကလာပ်တို့နှင့် မထိမစပ်ဘဲပိုင်းခြား၏၊ အကယ်၍ ထိစပ်သည်ဖြစ်အံ့၊ ပိုင်းခြားအပ်သော ရုပ်ကလာပ်တို့နှင့် တပြင်တည်း တစပ်တည်းဖြစ်၍ အပိုင်းအခြား၏ အဖြစ်သည် မဖြစ်နိုင်ရာဟူ၍လည်း မှတ်အပ်၏။

---

## အာကာသဓာတ် ၂-မျိုး

ဤအာကာသဓာတ်သည် အဇ္ဈတ္တိက, ဗာဟိရဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သတ္တဝါသန္တာန်၌ ဖြစ်သော နားပေါက်, မျက်လုံးပေါက်, ခံတွင်းပေါက် အစရှိသောအပေါက်တို့သည်၎င်း၊ရုပ်ကလာပ်မှုန့်တို့၏ အကြား၌ဖြစ်သော ဟင်းလင်း အပြင်သည်၎င်း အဇ္ဈတ္တိက အာကာသဓာတ်မည်၏၊သတ္တဝါမှတပါးသော သစ်ပင်, တော, တောင် စသော ဝတ္ထုတို့၌ အခေါင်းပေါက်တို့သည် ဗာဟိရ အာကာသဓာတ် မည်၏၊ ဤဗာဟိရ အာကာသဓာတ်၌ ကမ္ဘာဋ္ဌာန်း စီးဖြန်းအပ်သော အာကာသ ကသိုဏ်းဟူသော အဇဋာ ကာသကိုလည်း ယူအပ်၏။

---

## ၂၀-ကာယဝိညတ်နှင့်ဖြစ်ပုံအခြင်းအရာ

မိမိအလိုကို သူတပါး တို့ကို သိစေတတ်သော လက်ပြခြင်း, ခေါင်းညိတ်ခြင်း အစရှိသော ကိုယ်၏အမူအရာ အထူးသည် ကာယဝိညတ်မည်၏၊ (အရိပ်အကဲဆိုလိုသည်။)

လှုပ်ရှား သွားလာလိုသောသူ၏ လှုပ်ရှားသွားလာမည်ပြုရာ ဖြစ်သော မနောဒွါရဝီထိ၌ ဇောခုနစ်ချက်တို့တွင် ပဌမဇောကြောင့်ဖြစ်သော ဝါယောဓာတ်သည် မိမိနှင့် တကွဖြစ်သော ရူပကာယကိုထောက်ပံ့ခြင်း, ဆောင်ခြင်း, တောင့်မာစေခြင်းငှါသာ တတ်နိုင်၏၊ မလှုပ်မရှားစေနိုင်၊ ဒုတိယဇော အစရှိသည်တို့ကြောင့်ဖြစ်သော ဝါယောဓာတ်သည်လည်း ဤအတိုင်းသာဖြစ်စေနိုင်၏၊သတ္တမ ဇောစိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်မူကားအောက်၌ပြဆိုခဲ့ပြီးသော ဇောခြောက်

ချက်ကြောင့် ဖြစ်သော ဝါယောဓာတ် ဟူသော အထောက်အပံ့ကို ရ၍ အလိုရှိတိုင်း မိမိနှင့်သဟဇာတ်ဖြစ်သော ရူပကာယကို လှုပ်ရှား သွားလာစေနိုင်၏။

ထမ်းပိုးခုနစ်ဆက်တပ်၍ ဆွဲငင်အပ်သော ဝန်တင်လှည်း၌ ပဌမ ထမ်းပိုး၌ တပ်သောနွားတရှဉ်းသည် ကြိုးကို တင်းစေရုံ မျှသာ စွမ်းနိုင်၏၊ လှည်းဘီးကို မလည်စေနိုင်၊ ဒုတိယထမ်းပိုး စသည်တို့၌ ကသောနွားတို့သည်လည်း လွန်ကြိုးကို တောင့်စေရုံမျှသာ ဖြစ်စေနိုင် ကုန်၏၊ ခုနစ်ခုမြောက်သော ထမ်းပိုး၌ ကသောနွားတရှဉ်းသည်ကား- မိမိနောက်မှ ဖြစ်သော နွားခြောက်ရှဉ်းတို့ အထောက်အပံ့ကိုရ၍ လွန် ကြိုးကိုတောင့်စေသဖြင့် လှည်းဘီးကိုလည်စေ၍ ဝန်တင်လှည်းကို အလို ရှိရာ ဆောင်ယူသွားနိုင်သကဲ့သို့ မှတ်အပ်၏။

---

## ကာယဝိညတ်ရုပ်မမြင်ကောင်း

ဤသို့ ဆိုခဲ့ပြီးသောအတိုင်း ဇောခုနစ်ချက်တို့ကြောင့် ဖြစ်သောဝါ ယောဓာတ်နှင့် အတူတကွဖြစ်သော ရူပကာယကို ထောက်ပံ့ တောင့် မာ လှုပ်ရှား သွားလာခြင်း၏ အကြောင်းဖြစ်သော လှုပ်ရှားရာ၌ ပါလာသော အမူအရာ အထူးတခုသည် ကာယဝိညတ်မည်၏၊ စင်စစ် မူကား ဤလှုပ်ရှားရာ၌ စိတ်ကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ် ရှစ်ခု သည် စိတ္တဇ ရူပကာယမည်၏၊ ဤအဋ္ဌကလာပ်ရုပ်၏ ဝါယောဓာတ်၌ ပါသော ကာယဝိညတ်မူကား စိတ်ကြောင့် ဖြစ်သည်မဟုတ်၊ သို့သော် လည်း နာမ်ရုပ်တို့၏ ဇရာမရဏကို အနိစ္စသဘောတဟု-ဟောတော်မူအပ် သကဲ့သို့ စိတ္တသမုဋ္ဌာန် အဋ္ဌကလာပ်ရုပ်တို့၏ ဝိညတ်ကိုလည်း စိတ္တ- သမုဋ္ဌာန်မည်၏ဟု-ဆိုရလေတော့သည်။

မိမိအလိုကို သူတပါးတို့အား သိစေတတ်, သူတပါးတို့အလိုကိုလည်း မိမိသိအပ်သောကြောင့် ဝိညတ်မည်၏၊ ဤဝိညတ်ရုပ်ကို မျက်စိဖြင့်မမြင် ကောင်း၊ ခြေ လက် လှုပ်ရှားခြင်း, ခေါင်း မျက်ခုံးတို့၏ လှုပ်ရှားခြင်း ကိုသာ မျက်စိဖြင့် မြင်ကောင်း၏၊ ဤလှုပ်ရှားရာ၌ ပါသော အရိပ် အကဲဟူသော ဝိညတ်ကိုမူကား စိတ်ဖြင့်သာ စဉ်းစား၍ သိအပ်၏၊

ရေပွက်ကို မြင်သဖြင့် ငါးရှိသည်ကို သိခြင်း စသည်တို့ကဲ့သို့ မှတ်အပ်၏၊ဤဝိညတ်ရုပ်သည် လူကိုပင် မဆိုထားနှင့်ဦး၊ တိရစ္ဆာန်တို့ကိုသော်လည်း သိစေနိုင်၏၊ ခွဲ အုဋ် တုတ် လုံကန်တို့ဖြင့် ပတ်ခတ်မည်ပြုသည်ရှိသော် တိရစ္ဆာန်တို့သည် ငါတို့ကို ဤသူသည် ပစ်အံ့ဟုသိ၍ ပြေးသွားကြကုန်၏၊ ချဉ်း၍ ပစ်သော်လည်း ပစ်သည့်ကာလ ထင်ရှားသောကြောင့် ဝိညတ်ကို တိရစ္ဆာန်တို့သည် သိလေကုန်၏။

---

## လေးစိတ်ကျမှ ဝိညတ်ကိုသိရခြင်း

စိတ္တဇကာယ လှုပ်ရှားသည်ရှိသော် ထိုစိတ္တဇကာယ ဟူသော စိတ္တဇ အဋ္ဌကလာပ်ရုပ် ရှစ်ခုနှင့် သဟဇာတ်ဖြစ်သော ကမ္မဇကာယ, ဥတုဇ ကာယ,အာဟာရဇ ကာယတို့သည်လည်း လှုပ်ရှားသဖြင့် ကိုယ်အလုံးသည်ပင် လှုပ်ရှား သွားလာနိုင်၍ အလိုရှိရာအရပ်သို့ ရောက်၏၊ ရေနှင့်သဟဇာတ်ဖြစ်သော လှေသည် ရေလှုပ်လျှင် လှေလှုပ်သဖြင့် ရေစီးရာလှေပါသကဲ့သို့ မှတ်အပ်၏၊ ဤကာယဝိညတ်ကိုပင် ကာယကမ္မဒွါရ ခေါ်သည်ဟူ၍လည်း မှတ်အပ်၏။

(၁) လှုပ်ရှားသော အဆင်းသဏ္ဌာန်ကို စက္ခုဒွါရ ဝီထိဇောစိတ်ဖြင့် သိအပ်၏။

(၂) ဤကဲ့သို့ လှုပ်ရှားသည်ရှိသော် နောက်နောက်က မည်ကဲ့သို့ ပြုရသနည်းဟု–အတိတ်ကို ဆင်ခြင်သော စက္ခုဒွါရ ဝီထိစိတ်နောင်ဖြစ်သော မနောဒွါရ ဝီထိစိတ်သည်ဖြစ်၏။

(၃) ထို့နောက် ဤကဲ့သို့ လှုပ်ရှားလျှင် နောက်နောက် အတိတ်၌လည်း ဤကဲ့သို့ဖြစ်၏၊ယခုလည်း ဤကဲ့သို့ လှုပ်ရှားပြီဟု ဝိညတ်ကို သိသော တတိယ မနောဒွါရ ဝီထိစိတ်ဖြစ်၏။

(၄) ထို့နောင် အတိတ်,ပစ္စုပ္ပန်စပ်၍ လှုပ်ရှားသောသူ၏ အလိုကို သိသော စတုတ္ထ မနောဒွါရ ဝီထိစိတ်သည်ဖြစ်၏။

ဤသို့ ဝိညတ်ရုပ်တခုကိုသိရာ ဝီထိစိတ် လေးချက်ဖြစ်သည်ကိုလည်း သိအပ်၏။

### လက္ခဏာစသည် ၄-ပါး

(၁) လှုပ်ရှားခြင်းကိုဖြစ်စေတတ်သော စိတ္တဇ ဝါယောဓာတ်နှင့် သဟဇာတ်ဖြစ်သော ရူပကာယဟူသော အဋ္ဌကလာပ်ရုပ် ရှစ်ခုတို့၏ တောင့်မာခြင်း, လှုပ်ရှား သွားလာခြင်း၏ အကြောင်း ဖြစ်သော အမူအရာအထူး လက္ခဏာသည် ကာယဝိညတ်မည်၏။

(၂) အလိုကိုပြခြင်း ကိစ္စရသရှိ၏။

(၃) ကိုယ်၏ လှုပ်ရှား သွားလာကြောင်း ရုပ်အဖြစ်ဖြင့် ရှေး ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) စိတ္တဇ ဝါယောဓာတ်ဟူသောနီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

### ၂၁-ဝစီဝိညတ်နှင့် ဖြစ်ပုံအခြင်းအရာ

စကားသံ၌ ပါသော အမူအရာအထူးဟူသော အသံထားသည် ဝစီဝိညတ်မည်၏၊ဤစကားကို ပြောဆိုအံ့ဟု-ဖြစ်သော စိတ်သည် အဋ္ဌကလာပ်ရုပ် ရှစ်ခုကို ဖြစ်စေ၏၊ ထိုစိတ္တဇ အဋ္ဌကလာပ်ရုပ် ရှစ်ခု၌ပါသော စိတ္တဇပထဝီဓာတ်သည် ရင်, လည်ချောင်းအစရှိသော ဌာန်တို့၌ ရှိသော ကမ္မဇပထဝီဓာတ်ကို ထိခိုက်သည်နှင့်တကွ အသံသည်ဖြစ်၏၊ ဤအသံသည် စိတ္တဇအသံမည်၏၊ဤစိတ္တဇ ပထဝီဓာတ်နှင့် ကမ္မဇ ပထဝီဓာတ်နှစ်ပါးတို့ ထိခိုက်ခြင်းကြောင့် ဖြစ်သော အခြင်းအရာ အထူးတခုသည် ဝစီဝိညတ်မည်၏၊ စင်စစ်အားဖြင့် ကာယဝိညတ်ကဲ့သို့ ဤဝစီဝိညတ်သည် စိတ္တဇ မဟုတ်သော်လည်း စိတ္တဇပထဝီဓာတ်နှင့် သဟဇာတ် ဖြစ်သောကြောင့် စိတ္တဇပင်ဆိုအပ်၏၊ အလိုအဓိပ္ပါယ်ကို သိပုံမှာလည်း ကာယဝိညတ်မှာကဲ့သို့ လေးဝီထိကျမှ သိသည်ဟု မှတ်အပ်၏၊ ဤဝစီဝိညတ်ကိုပင် ဝစီကမ္မဒွါရဟု ဆိုအပ်၏။

---

### လက္ခဏာ စသည် ၄-ပါး

(၁) စကားမြွက်ခြင်းကို ဖြစ်စေတတ်သော စိတ္တဇပထဝီဓာတ်နှင့် ရင်, လည်ချောင်း စသည်တို့၌ရှိသော ကမ္မဇပထဝီဓာတ်

ထိခိုက်ခြင်း၏ အကြောင်းဖြစ်သော အခြင်းအရာ ထူးသော လက္ခဏာသည် ဝစီဝိညတ်မည်၏။

(၂) အလိုအဓိပ္ပါယ်ကိုပြခြင်း ကိစ္စရသရှိ၏။

(၃) စကားသံဖြစ်ကြောင်း ရုပ်အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) စိတ္တဇပထဝီဓာတ် ဟူသော နီးစွာသောဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏။

စကားသံဖြင့် အလိုအဓိပ္ပါယ်ကို သူတပါးတို့ကိုလည်း သိစေတတ်, မိမိလည်း သိအပ်သောကြောင့် ဝစီဝိညတ်မည်၏။

## ၂၂-ရူပဿလဟုတာရုပ်နှင့် လက္ခဏာ စသည် ၄-ပါး

ရောဂါမရှိသောသူကဲ့သို့ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့ ပေါ့ပါးခြင်း, မလေးလံခြင်း, လျင်မြန်စွာ ဖြစ်နိုင်ခြင်း စသော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏လေးလံခြင်းကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းကြောင့်ဖြစ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အခြင်းအရာအထူးသည် ရူပဿလဟုတာမည်၏။

(၁) နိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏ ပေါ့ပါးခြင်း လက္ခဏာပင်တည်း။

(၂) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ လေးလံခြင်းကို ဖျောက်ခြင်းကိစ္စရသရှိ၏။

(၃) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ လျင်မြန်စွာဖြစ်ခြင်းဟုရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) လျင်မြန်စွာဖြစ်သော နိပ္ဖန္နရုပ်ဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

## ၂၃-ရူပဿမုဒုတာရုပ်နှင့် လက္ခဏာ စသည် ၄-ပါး

ကောင်းစွာ နယ်ပြီးသော သားရေနယ်ကဲ့သို့, လူသေရုပ်ကဲ့သို့ မတောင့်မာ၊ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ နူးညံ့သောအဖြစ်, အလုံးစုံသောအမှုကိစ္စတို့၌ စိတ်အလိုကို လိုက်သောအဖြစ်, နူးညံ့ပျောင်းပြောင်းသော အခြင်းအရာဖြစ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ တောင့်

တင်း ခိုင်မာခြင်းကို ပြုတတ်သော ခေါက်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် အကြောင်းသည် ဖြစ်စေအပ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အခြင်းအရာအထူးသည် ရူပဿမုဒုတာမည်၏။

(၁) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ မတောင့်တင်းခြင်း လက္ခဏာပင်တည်း။

(၂) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ တောင့်တင်းခိုင်မာခြင်းကိုဖျောက်ခြင်း ကိစ္စရသရှိ၏။

(၃) အလုံးစုံအမှုကိစ္စကိုပြုခြင်း၌ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ စိတ်အလိုအတိုင်းဖြစ်ခြင်းဟု– ရှေး ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) နူးညံ့ပျောင်းပြောင်းသော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခု တည်းဟူသော နီးစွာသောဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

## ၂၄–ရူပဿကမ္မညတာရုပ်နှင့် လက္ခဏာ စသည် ၄-ပါး

စင်ကြယ်ပြီးသော ရွှေကဲ့သို့ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အမှုကိစ္စကို ပြုနိုင်ခြင်း, ကိုယ်သည်ပြုအပ်သော အမှုကိစ္စနှင့်လျော်သော အဖြစ်ဟူသော အခြင်းအရာဖြစ်သော, ကိုယ်သည် ပြုအပ်သော အမှုကိစ္စတို့နှင့် မလျော်သည်ကို ပြုတတ်သော ခေါက်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်အကြောင်းသည် ဖြစ်စေအပ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အခြင်းအရာ အထူးသည် ရူပဿကမ္မညတာမည်၏။

(၁) ကိုယ်သည် ပြုအပ်သော အမှုကိစ္စနှင့်လျော်သော အမှုကို ရွက်ဆောင်နိုင်သောလက္ခဏာပင်တည်း။

(၂) အမှုကိစ္စမပြုနိုင်ခြင်းကို ဖျောက်ခြင်း ကိစ္စရသရှိ၏။

(၃) အမှုကိစ္စပြုနိုင်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ရှိခြင်းဟု– ရှေး ရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) အမှုကိစ္စကိုပြုနိုင်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုဟူသော နီးစွာသော ဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏။

---

## သက်ရှိသတ္တဝါ၌သာဖြစ်ခြင်း

ဤသုံးရုပ်တို့သည် အချင်းချင်းမစွန့်ပစ် အတူတကွ ဖြစ်ကြကုန်၏၊ ဤရုပ်သုံးခုတို့သည် ကံကြောင့် ဖြစ်သည်မဟုတ်၊ စိတ် ဥတု အာဟာရ တို့ကြောင့်သာဖြစ်ကုန်၏၊ ထို့ကြောင့် လျောက်ပတ်သော ဥတု အာဟာရတို့ကို ရသည်ရှိသော် ကိုယ် လက် ပေါ့ပါးခြင်း,နူးညံ့ပျောင်းပြောင့်ခြင်း,အမှုကိစ္စကိုလုပ်နိုင်ခြင်းတို့သည် ဖြစ်ကုန်၏၊ စိတ်ကြည်လင်သည် ရှိသော်လည်း ဤအတိုင်းပင်ဖြစ်၏၊ ဤရုပ်သုံးခုတို့သည် သက်ရှိသတ္တဝါ၌သာ ဖြစ်သောကြောင့် လဲ ဝါဂွမ်း ရွှေ သားရေ တို့၏နူးညံ့ပျောင်းပြောင့် စင်ကြယ်ခြင်းကိုလည်း ဤရုပ်သုံးခုတို့ဟူ၍မမှတ်အပ်။ [ဝိညတ်ရုပ်နှစ်ခုနှင့် ဤရုပ်သုံးခုကိုပေါင်း၍ ဝိကာရရုပ်ငါးခုလည်းခေါ်သည်။]

---

## ၂၅–ရူပဿဥပစယရုပ်နှင့်လက္ခဏာ စသည် ၄–ပါး

ပဋိသန္ဓေ အခါမှစ၍ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ရှေးဦးစွာ ဖြစ်ခြင်းသည် ရူပဿဥပစယရုပ် မည်၏။

(၁) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ရှေးဦးစွာ ဖြစ်ခြင်း လက္ခဏာပင်တည်း။

(၂) ရှေးဦးအစ၌ နိပ္ဖန္နရုပ် တဆဲ့ ရှစ်ခုတို့၏ ဖွားဖွားပေါ်စေခြင်း ကိစ္စရသရှိ၏။

(၃) ဤသည်ကား–သင်၏နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုဟု–နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့ကို ဆောက်နှင်းပေးတတ်သောရုပ်ဟု–ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊တနည်းကား–နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အပြည့်အစုံဖြစ်ခြင်းဟု–ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

(၄) ရှေးဦးစွာဖြစ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခု ဟူသော နီးစွာသောဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏။

---

## ၂၆–ရူပဿသန္တတိရုပ်နှင့် လက္ခဏာ စသည် ၄-ပါး

ပဋိသန္ဓေအခါ ရှေးဦးစွာ အပြည့်အစုံ ဖြစ်ပြီးနောက် ရှေးဖြစ်သည့်အတိုင်း နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ထပ်ကာ, ထပ်ကာ အစဉ်မပြတ်ဖြစ်ခြင်းသည် ရူပဿသန္တတိ ရုပ်မည်၏။

(၁) အစဉ်မပြတ် ထပ်၍ဖြစ်ခြင်းလက္ခဏာပင်တည်း။
(၂) အစဉ်မပြတ်ဆက်ခြင်း ကိစ္စရသရှိ၏။
(၃) နိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏မပြတ်ဖြစ်ခြင်းဟု—ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) အစဉ်မပြတ်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

---

## ဥပစယရုပ်နှင့် သန္တတိရုပ်အထူး

သောင်ပြင်တွင်တူးအပ်သော လက်ယက်တွင်း၌ ရှေးဦးစွာ ရေထွက်၍ တွင်းပြည့်ခြင်းကဲ့သို့ ဥပစယရုပ်ကို မှတ်အပ်၏။

အဆင့်ဆင့် ရေထွက်ပြန်သောကြောင့် တွင်းလျှံ၍ ရေစီးသွားခြင်းကဲ့သို့ သန္တတိရုပ်ကို မှတ်အပ်၏။

သတ္တဝါတို့၏ သဏ္ဌာသယအားဖြင့်၎င်း, အခြင်းအရာ မတူသော အားဖြင့်၎င်း နိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏ဖြစ်ခြင်း ဇာတိရုပ် တခုကိုပင် ဥပစယ,သန္တတိဟူ၍ ရုပ်နှစ်ခုဟောတော်မူသည်။

---

## ၂၇-ရူပဿဇရတာရုပ်နှင့် ဇရာအပြား

နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အိုခြင်း ရင့်ခြင်း မှည့်ခြင်း ကျက်ခြင်းသည် ဇရတာရုပ်မည်၏၊ ထိုအိုခြင်းသည်—

(၁) ထင်ရှားသော ပါကဋဇရာ,
(၂) မထင်ရှားသော ပဋိစ္ဆန္နဇရာ—

ဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်ပါးတို့တွင် သွားကျိုးခြင်း, ဆံဖြူခြင်း,အရေတွန့်လိပ်ခြင်း စသည်တို့ကို မြင်နိုင်သောကြောင့် ရုပ်တရားတို့၏ အိုခြင်းသည် ပါကဋဇရာမည်၏၊နာမ်တရားတို့၏ အိုခြင်း ရင့်ခြင်းကို မမြင်နိုင်သောကြောင့် ပဋိစ္ဆန္နဇရာမည်၏။

(၁) အဝီစိဇရာ,
(၂) သဝီစိဇရာ—

ဟူ၍လည်း နှစ်ပါးအပြားရှိ၏၊ ပတ္တမြား ရွှေ ငွေ စိန် ကျောက် နေ လ တို့၏၎င်း, မန္ဒဒသကစသည်တို့၌ သတ္တဝါတို့၏၎င်း, အပွင့် အသီး

အရွက် အညွန့် စသည်တို့၌ သတ္တဝါ မဟုတ်သော ဝတ္ထုတို့ကိုလည်း အကြားအကြား၌ အဆင်း သဏ္ဍာန် အထူး စသည်တို့ကို အသိခက်သော ဇရာသည် အဝီစိ ဇရာမည်၏။

ထိုမှတပါးသော အရာတို့၏ အကြားအကြား၌ အဆင်း သဏ္ဍာန် အထူးကို သိလွယ်သော ဇရာသည် သဝီစိဇရာမည်၏။

**လက္ခဏာစသည် ၄-ပါး**

(၁) နိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏ အိုခြင်း ရင့်ခြင်း လက္ခဏာသည် ရူပဿဇရတာမည်၏။
(၂) သေခြင်းသို့ကပ်၍ ဆောင်ခြင်း ကိစ္စရသရှိ၏။
(၃) အိုခြင်းရုပ်သဘော မကင်းကွာသော်လည်း စပါး ဟောင်း သကဲ့သို့ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အသစ်အဖြစ်မှ ကင်းကွာ ခြင်းဟူသော ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) အိုသော ရင့်သော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

**၂၈-ရူပဿအနိစ္စတာရုပ်နှင့် လက္ခဏာစသည် ၄-ပါး**

နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ကုန်ခန်းပျက်စီးခြင်း, သေခြင်းသည် ရူပဿ အနိစ္စတာမည်၏။

(၁) ပျက်စီး ကုန်ခန်းခြင်းသည် အနိစ္စတာ ရုပ်၏ လက္ခဏာ ပင်တည်း။
(၂) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ မြုပ်ခြင်း ကိစ္စရသရှိ၏။
(၃) နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ ကုန်ခန်းပျက်စီးခြင်း ဟူသော ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။
(၄) ပျက်စီးသော နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏။

ဤဉပစယ၊ သန္တတိဟူသော ဇာတိ, ဇရတာ, အနိစ္စတာ သုံးခုတို့ သည် နိပ္ဖန္နရုပ်တဆဲ့ရှစ်ခုတို့၏ ဥပါဒ်, ဌီ, ဘင်တည်း၊ ဤ ဥပါဒ် ဌီ,ဘင် တို့သည် ရုပ်၌သာ ရှိသည်မဟုတ်၊ နာမ်၌လည်း ရှိ၏၊ ဤ နာမ်ရုပ်တို့၌ ရှိသော ဥပါဒ်,ဌီ, ဘင် ကိုပင် သင်္ခါရတရားတို့၏လက္ခဏာ ဟု ခေါ်ဝေါ် အပ်၏၊ ထို့ကြောင့် ဤရုပ်သုံးခုတို့သည် လက္ခဏာရုပ်လည်း မည်ကုန်၏။

ဤသို့ ဆိုခဲ့ပြီးသော–
(၁) ဝိကာရရုပ် ငါးခု,
(၂) လက္ခဏာရုပ် လေးခု,
(၃) အာကာသဓာတ်တခု–
ဟူသော ဆယ်ခုသော ရုပ်တို့သည် မိမိသဘောအားဖြင့် မပြီးနိုင် မသိနိုင် သောကြောင့် အနိပ္ဖန္နရုပ်မည်၏၊ ဤသို့–
(၁) နိပ္ဖန္နရုပ်တဆဲ့ရှစ်ခု၊
(၂) အနိပ္ဖန္နရုပ်ဆယ်ခု–
အားဖြင့် ရုပ်နှစ်ဆဲ့ရှစ်ခု ဖြစ်သတည်း၊ ဤ ရုပ်နှစ်ဆဲ့ရှစ်ခုတို့ကို ရူပက္ခန္ဓာခေါ်သည်။

အနိပ္ဖန္နရုပ် ၁၀–ပြီး၏။

---

## ရုပ်တို့၏ဖောက်ပြန်ခြင်းသဘော

ဤရုပ်နှစ်ဆဲ့ရှစ်ခုတို့သည် အချမ်း အပူ ဆာလောင် မွတ်သိပ်ခြင်း အစရှိကုန်သော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်းကြောင့် ရုပ်မည်၏၊ ဖောက်ပြန်ခြင်း ဟူသည်လည်း ညှိုးနွမ်းခြင်း, ရှင်လန်းခြင်း, နာခြင်း, မာခြင်း, ဆုတ်ယုတ်ခြင်း, တိုးပွားခြင်း တည်းဟူသော မတူသော ဖြစ်ခြင်းကို ယူအပ်၏၊ ဤရူပက္ခန္ဓာ တည်းဟူသော ရုပ်သည်–

> ပူသော ဥတုနှင့် တွေ့သောအခါ ညှိုးနွမ်းသည်၊ ေးသော အခါ ရှင်လန်းသည်၊ ဆာလောင် မွတ်သိပ်သောအခါ ညှိုးနွမ်းသည်၊ ဝလင်သောအခါ ရှင်လန်းသည်။

ဤကဲ့သို့ အကြောင်းအားလျော်စွာ မတူဘဲ ကွဲလွဲထူးခြား ဖြစ်ခြင်းကို ဖောက်ပြန်ခြင်းဟူ၍မှတ်လေ။

ပထဝီဓာတ် ဖောက်ပြန်၍ အာပေါဓာတ် အစရှိသော အခြားဓာတ် အဖြစ်သို့ ရောက်၏၊ စက္ခုပသာဒရုပ် ဖောက်ပြန်၍ သောတပသာဒ ရုပ် အစရှိသည် အဖြစ်သို့ ရောက်၏၊ ဤသို့ ဓမ္မသဘာဝ, ဓမ္မနိယာမ, ဇာတိနိယာမ, ဗီဇနိယာမ များသည် တခုအဖြစ်သည် ဖောက်ပြန်ပြီး လျှင် တခုအဖြစ်သို့ ရောက်၏၊ ဤသို့ အစရှိသဖြင့် ဓမ္မတာသဘော,

နိယာမသဘော ဘောက်ပြန်ခြင်းကို မမှတ်အပ်၊ ထို့ကြောင့် သရက်ပင် ဘောက်ပြန်၍ တမာပင် မဖြစ်၊ ခဲဘောက်ပြန်၍ ကြေးနီမဖြစ်၊ ကြေးနီ ဘောက်ပြန်၍ ရွှေ့ငွေ မဖြစ်သည် များကိုလည်း မှတ်အပ်၏။

---

## ရုပ် ၂၈-ခုတို့၏ကေကနည်း

ဤသို့ ဘောက်ပြန်ခြင်း သဘောဖြစ်သော ရုပ်နှစ်ဆဲ့ရှစ်ခုတို့သည်–

(၁) လောဘ,ဒေါသ အစရှိသော အမြစ်ခြောက်ပါး မရှိသောကြောင့် အဟေတုကမည်၏။

(၂) ကံ စိတ် ဥတု အာဟာရ ဟူကုန်သော ဖြစ်ကြောင်း ပစ္စည်းရှိကုန်သောကြောင့် သပ္ပစ္စယလည်းမည်၏။

(၃) အာသဝေါတရား လေးပါး၏ အာရုံ ဖြစ်သောကြောင့် သာသဝလည်းမည်၏။

(၄) ကံ စိတ် ဥတု အာဟာရ အကြောင်းတရားလေးပါးတို့သည် ပြုအပ်သောကြောင့် သခ်တလည်းမည်၏။

(၅) လောက၌ အကျုံး ဝင်သောကြောင့် လောကိယလည်းမည်၏။

(၆) ကာမဘုံ၌ ဖြစ်သောကြောင့် ကာမာဝစရလည်း မည်၏။

(၇) အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏလည်းမည်၏။

(၈) ဝိပဿနာဉာဏ်,မဂ်ဉာဏ် တို့ဖြင့် မပယ်အပ်သောကြောင့် အပ္ပဟာတဗ္ဗလည်းမည်၏။

ဤရုပ် နှစ်ဆဲ့ရှစ်ခုတို့သည် ရုပ္ပ်န အဟေတုက အစရှိသဖြင့် တပါးတည်းသာရှိ၏၊ ဤသို့ ဆိုခဲ့ပြီးသည်ကား–ရုပ်ရှိသမျှကို တခုတည်းပြု၍ ဟောတော်မူသော ကေကနည်းတည်း။

---

## ရုပ် ၂၈-ခုတို့၏ဒုကနည်း

(၁) ပသာဒရုပ်-၅-ခု, ဟဒယဝတ္ထုရုပ် ၁-ခု၊ပေါင်း-၆-ခု၊ ဤရုပ် ၆-ခုတို့သည် သတ္တဝါတို့၏ ကိုယ်ဟူသော အတ္တ၌သာ ဖြစ်သောကြောင့် အဇ္ဈတ္တိကရုပ်မည်ကုန်၏။

ကြွင်းသော ရုပ်တို့သည် သတ္တဝါတို့၏ ကိုယ်သတ္တဝါမဟုတ်သော ဝတ္ထုတို့၌လည်း ဖြစ်သောကြောင့် ဗာဟိရရုပ်မည်ကုန်၏။

(၂) ဤပသာဒရုပ် ငါးခုတို့သည်ပင် အာရုံကို ယူတတ်သောကြောင့် ဂေါစရဂ္ဂါဟိကရုပ် မည်ကုန်၏။

ကြွင်းသော ရုပ်တို့သည် အာရုံကို မယူတတ်သောကြောင့် အဂေါစရဂ္ဂါဟိကရုပ် မည်ကုန်၏။

(၃) ဟဒယဝတ္ထုသည် စိတ် စေတသိက် တို့၏မှီ၍ ဖြစ်ရာ ရုပ်ဖြစ်သောကြောင့် ဝတ္ထုရုပ် မည်၏။

ကြွင်းသော ရုပ်တို့သည် စိတ် စေတသိက် တို့၏ မှီ၍ဖြစ်ရာ ရုပ်မဟုတ်သောကြောင့် အဝတ္ထုရုပ် မည်ကုန်၏။

(၄) ပသာဒရုပ် ၅-ခု၊ ဝိညတ်ရုပ် ၂-ခု၊ ပေါင်း ၇-ခု၊ ဤရုပ်ခုနစ်ခုတို့သည် စိတ် စေတသိက် တို့၏ ထွက်ဝင် သွားလာရာ တံခါးနှင့်တူသောကြောင့် ဒွါရရုပ် မည်ကုန်၏။

ကြွင်းသောရုပ်တို့သည် တံခါးနှင့် မတူသောကြောင့် အဒွါရရုပ် မည်ကုန်၏။

(၅) ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် ၁-ခု၊ ပေါင်းရှစ်ခု၊ဤရုပ်ရှစ်ခုတို့သည် မိမိနှင့် အတူဖြစ်သောရုပ်တို့ကို အစိုးရသော အကြီးအမှူးဖြစ်သောကြောင့် ဣန္ဒြိယရုပ် မည်ကုန်၏။

ကြွင်းသော ရုပ်တို့သည် အစိုးမရသောကြောင့် အနိန္ဒြိယရုပ် မည်ကုန်၏။

(၆) ၎င်းရုပ် ရှစ်ခုတို့သည်ပင် ကံသည် ငါ၏အကျိုးဟု ယူအပ်သော ကံကြောင့်ဖြစ်သော ရုပ်ဖြစ်သောကြောင့် ဥပါဒိန္နရုပ် မည်ကုန်၏။

ကြွင်းသော ရုပ်တို့သည် ကံကြောင့် မဖြစ်သောကြောင့် အနုပါဒိန္နရုပ် မည်ကုန်၏။

(၇-၈-၉) ပသာဒရုပ် ၅-ခု, ဂေါစရရုပ် ၇-ခု၊ပေါင်း ၁၂-ခု၊ ဤရုပ်တဆဲ့နှစ်ခုတို့သည် ရှေးရှုဆိုင်မိခြင်း တည်းဟူသော ခိုက်အပ်သောကြောင့်၎င်း, ဖောဋ္ဌဗ္ဗာရုံသည် တွေ့ထိအပ်ခိုက်အပ်သောကြောင့်၎င်း သပ္ပဋိဃရုပ်, ထင်ရှား ကြမ်းတန်း သောကြောင့် ဩဠာရိကရုပ်, သိရန်ဘို့နီးသောကြောင့် သန္တိကေရုပ်လည်း မည်ကုန်၏။

ကြွင်းသောရုပ် တဆဲ့ခြောက်ခုတို့သည် မထင်ရှား- သိမ်မွေ့သောကြောင့် သုခုမရုပ်, မတွေ့မထိကောင်း မခိုက်ကောင်းသောကြောင့် အပ္ပဋိဃရုပ်, သိရန်ဘိုဝေးသောကြောင့် ဒူရေရုပ်လည်း မည်ကုန်၏။

(၁၀) ရူပါရုံ ၁၊ ဤရုပ်တခုသည် မြင်ကောင်းသောကြောင့် သနိဒဿနရုပ် မည်၏။

ကြွင်းသော ရုပ်တို့သည် မမြင်ကောင်းသောကြောင့် အနိဒဿနရုပ် မည်ကုန်၏။

(၁၁) ဓာတ် ၄, ရူပါရုံ ၁, ဂန္ဓာရုံ ၁, ရသာရုံ ၁, ဩဇာ ၁၊ ပေါင်း ၈၊ဤရုပ်ရှစ်ခုတို့သည် ကာမဘုံ၌ မည်သည့်ဝတ္ထုတွင်မှ ကွဲပြား၍ မဖြစ်သောကြောင့် အဝိနိဗ္ဘောဂရုပ် မည်ကုန်၏။

ကြွင်းသော ရုပ်တို့သည် အသီးအခြားစီ ကွဲပြား၍ ဖြစ်နိုင်သောကြောင့် ဝိနိဗ္ဘောဂရုပ်မည်ကုန်၏။

ရုပ်နှစ်ဆဲ့ရှစ်ခု ပြဆိုခဏ်းပြီး၏။

# ရုပ်ကလာပ်စည်းပြဆိုခဏ်း

## ရုပ်တို့ကိုစွဲ၍ ခေါ်ဝေါ်ပညတ်ခြင်း

ပြခဲ့ပြီးသော ရုပ်တို့သည် လူ တိရစ္ဆာန် သစ်ပင် တော တောင် မိုး ရေ လေ မြေ ရှိရှိသမျှသော ဝတ္ထုတို့၌ ထိုက်သည်အားလျော်စွာ ရှိကြကုန်၏၊ လောက၌ ဝတ္ထုရှိသမျှတို့သည် သဘော တရားကိုယ်ကို ဉာဏ်ဖြင့် ရှုကြည့်ဆင်ခြင် စိတ်ဖြာလျှင် ဤရုပ် နှစ်ဆဲ့ရှစ်ခုအစုသာရှိသောကြောင့် အဖြူ အနီ စသော အဆင်းရူပါရုံ, အနံ့ ဟူသော ဂန္ဓာရုံ, အချိုအချဉ် စသော ရသာရုံ, အကြမ်း အနု ဟူသော ဖောဋ္ဌဗ္ဗာရုံ, အရှည် အတို အလုံး လေးထောင့် အစရှိသော ပထဝီဓာတ်နှင့် ရူပါရုံဟူသော ပုံသဏ္ဌာန်, အလေး အပေါ့ ဖြစ်သော ပထဝီဓာတ် တေဇောဓာတ် ဝါယောဓာတ် ဟူသော ဖောဋ္ဌဗ္ဗာရုံ– အစရှိသော ရုပ်တို့ကိုစွဲ၍ မိန်းမ, ယောကျ်ား, နတ်, လူ, ပြဟ္မာ, တော, တောင်, ရေ, မြေ အစရှိသော အမည် ပညတ်တို့ဖြင့် ခေါ်ဝေါ်ကြကုန်၏။

---

### ရုပ်ကလာပ် ၁၁-စည်း

ဤသို့ ရုပ်နှစ်ဆဲ့ရှစ်ခု တို့သည်လည်း ကာမဘုံတွင် ထိုထိုဝတ္ထုတို့၌ အနည်းဆုံးအားဖြင့် ဓာတ်လေးပါ, ရူပါရုံဟူသော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ၊ ဤရှစ်ခုဖြစ်သော အဝိနိဗ္ဘောဂရုပ်ဟူသော အစုအားဖြင့်ဖြစ်၏၊ ထိုရှစ်ခုအောက်နည်း၍ ခုနစ်ခု အစရှိသဖြင့် မဖြစ်နိုင်၊ ပရမာဏုမြူတခုတည်းမှာသော်လည်း ဤရုပ်ရှစ်ခု စုလျက်ရှိ၏၊ ဤရုပ်ရှစ်ခုကို တကွဲစီဖြစ်အောင် မည်သည့်ဆေးဝါး ပယောဂနှင့်မှ မခွဲနိုင်၊ ထိုရှစ်ခုထက်အလွန် ကိုးခု ဆယ်ခုတိုင်အောင် အစုစုဖြစ်နိုင်၏၊ ဤကဲ့သို့ အစုစုဖြစ်သည်ကို ရုပ်ကလာပ်ဟုခေါ်၏၊ ရုပ်အစုဆိုလိုသည်၊ ကလာပသဒ္ဒါအပေါင်းအစုဟောမှတ်။

(၁) အဝိနိဗ္ဘောဂရုပ် ရှစ်ခုသည် အဋ္ဌကလာပ်မည်၏။

(၂) အဋ္ဌကလာပ်တွင် ဇီဝိတရုပ်ကိုထည့်၊ ဇီဝိတနဝက ကလာပ် ရုပ်မည်၏။

(၃) အဋ္ဌကလာပ်တွင် သဒ္ဒကိုထည့်၊ သဒ္ဒနဝက ကလာပ်မည်၏။

ဇီဝိတနဝက ကလာပ်တွင် ပသာဒရုပ်ငါးခု, ဟဒယဝတ္ထုရုပ်တခု, ဘာဝရုပ် နှစ်ခု၊ ဤရုပ်ရှစ်ခုတို့ကို အသီးအသီးတခုစီထည့်လျှင်—

(၄) စက္ခုဒသက ကလာပ်၊

(၅) သောတဒသက ကလာပ်၊

(၆) ဃာနဒသက ကလာပ်၊

(၇) ဇိဝှါဒသက ကလာပ်၊

(၈) ကာယဒသက ကလာပ်၊

(၉) ဝတ္ထုဒသက ကလာပ်၊

(၁၀) ဣတ္ထိဘာဝဒသက ကလာပ်၊

(၁၁) ပုမ္ဘာဝဒသကကလာပ်မည်ကုန်၏။

ပြခဲ့ပြီးသော ရုပ်နှစ်ဆဲ့ရှစ်ခုတို့သည် ယခုပြသည့်အတိုင်း ကာမဘုံ၌ အနည်းဆုံးအားဖြင့် ရုပ်ရှစ်ခုက ဆယ်ခုတိုင်အောင် အစုစုဖြစ်ကြ တည်ကြ၏၊ ရှစ်ခုအောက်နည်း၍ အသီးအခြားမဖြစ်နိုင်, မတည်နိုင် ကြကုန်၊ ဤကလာပ်ဘွဲ့ရာ၌ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုကိုသာ သဘော တရား ကိုယ်ကို အသီးအခြားစီ ရကောင်းသောကြောင့် အမည်ထုတ်ဘော်၍ ရှေးအဋ္ဌကထာ ဋီကာကြီးတို့၌ ကလာပ်ဘွဲ့စုံ၍ ထုတ်ဘော်ပြ၏၊ အနိပ္ဖန္န ရုပ် ဆယ်ခုမူကား သဘောတရား အသီးအခြား မရကောင်း၊ နိပ္ဖန္နရုပ် တဆဲ့ရှစ်ခုတို့၏ အမူအရာ အပိုင်းအခြား ဘောက်ပြန်ပျက်စီးခြင်းမျှသာ ဖြစ်သောကြောင့် ကလာပ်၏အင်္ဂါ၌ သွင်း၍ မရေတွက်ကြလေ။

---

## တိုးပွားသောကလာပ်စည်း

သစ္စာသံခိပ်ကျမ်း, သင်္ဂြိုဟ်ကျမ်း အစရှိသော နောက်ပြုသောကျမ်း တို့၌ကား—သက်ရှိ သက်မဲ့ ဝတ္ထုမှန်းသိအောင် ဝိကာရရုပ်ငါးခုကို ကလာပ်၏အင်္ဂါ၌ထည့်၍ ဘော်ပြကြကုန်၏၊ သစ္စာသံခိပ်ဆရာ, သင်္ဂြိုဟ် ဆရာ အစရှိသော နောက်ကျမ်းပြုဆရာတို့ အလိုအားဖြင့် ဝိကာရရုပ် ငါးခုကို ကလာပ်၏အင်္ဂါပြု၍ ကလာပ်အရေ ကောက်လျှင် ယခုပြခဲ့ သော ကလာပ်ဆဲ့တစည်းတွင် ဆိုလတံ့သော ကလာပ်ခြောက်စည်း တိုးပွား၏ဟူ၍ မှတ်အပ်၏၊ တိုးပွားသော ကလာပ်တို့ကား—

(၁) အဋ္ဌကလာပ်တွင် ကာယဝိညတ်ကိုထည့်၊ ကာယဝိညတ္တိနဝ က ကလာပ်မည်၏။

(၂) ထိုတွင် ဝစီဝိညတ်နှင့် သဒ္ဒတို့ကိုထည့်လျှင် ဝစီဝိညတ္တိဒသက ကလာပ်မည်၏။

(၃) လဟုတာ, မုဒုတာ, ကမ္မညတာ သုံးခုတို့ကို ထည့်လျှင် လဟုဒိကောဒသက ကလာပ်မည်၏။

(၄) ဤ လဟုတာ ဒေကာ ဒသက ကလာပ်တွင် ကာယဝိညတ်ကို ထည့်၊ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက ကလာပ်မည်၏။

(၅) လဟုတာ ဒေကာ ဒသက ကလာပ်တွင် ဝစီဝိညတ်နှင့် သဒ္ဒကိုထည့်၊ ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်မည်၏။

(၆) လဟုတာဒေကာ ဒသက ကလာပ်တွင်ပင် သဒ္ဒကို ထည့်၊ သဒ္ဒလဟုတာဒိ ဒွါဒသက ကလာပ်မည်၏။

ဤကလာပ် ခြောက်စည်းတို့သည် တိုးပွားကုန်၏၊ ဤသို့ဆိုခဲ့ပြီးသော ရုပ် ကလာပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ ဟူကုန်သော အကြောင်းတရားလေးပါးတို့ကြောင့် ဖြစ်ကုန်၏။

---

## ရုပ်ကိုဖြစ်စေသောကံ

ကုသိုလ်, အကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာ စေတသိက်သည် ရုပ်ဖြစ်ကြောင်း ကံမည်၏၊ ဤစေတနာကံသည် ပဋိသန္ဓေ စိတ်၏ ဥပါဒ်မှစ၍ ဖြစ်သမျှစိတ်တို့၏ ခဏတိုင်း, ခဏတိုင်း ကံကြောင့်ဖြစ်သောရုပ်ကို ဖြစ်စေ၏။

---

## စိတ်အသီးသီးရုပ်ကိုဖြစ်စေပုံ

စိတ်တခုယုတ် ကိုးဆယ်တွင် ကုသိုလ် ကြိယာ ဖြစ်သော အဘိညာဉ် စိတ် နှစ်ခုကိုထည့်၍ စိတ် ကိုးဆဲ့တခုဖြစ်၏၊ ထိုကိုးဆဲ့တခုတို့တွင်—

(၁) ကာမာဝစရ မဟာကုသိုလ်စိတ် ရှစ်ခု, အကုသိုလ်စိတ် တဆဲ့နှစ်ခု, ပဉ္စဒွါရာ ဝဇ္ဇန်းမှတပါး ကြိယာစိတ် တဆယ့်,ကုသိုလ် ကြိယာ အဘိညာဉ်နှစ်၊ဤစိတ် သုံးဆဲ့နှစ်ခုတို့သည် ရုပ်တို့ကို

ငင်း, သွားခြင်း ရပ်ခြင်း ထိုင်ခြင်း လျောင်းခြင်း ဣရိယာပုထ်တို့ကိုငင်း, ကာယဝိညတ် ဝစီဝိညတ် ရုပ်တို့ကိုငင်း ဖြစ်စေနိုင်၏။

(၂) ရူပါဝစရ ကုသိုလ် ကြိယာ, အရူပါဝစရကုသိုလ် ကြိယာ, လောကုတ္တရာ မဂ်စိတ် ဖိုလ်စိတ်၊ဤစိတ် နှစ်ဆဲ့ခြောက်ခုတို့သည် ရုပ်နှင့် ဣရိယာပုထ်တို့ကိုသာ ဖြစ်စေနိုင်၏၊ ဝိညတ်ရုပ်တို့ကို မဖြစ်စေနိုင်။

(၃) ရူပါဝစရ ဝိပါက်စိတ်ငါးခု, သမ္ပဋိစ္ဆိုင်းဒွေး, ပဉ္စဒွါရာဝဇ္ဇန်းစိတ်တခု,မဟာဝိပါက်စိတ် ရှစ်ခု, သန္တီရဏစိတ် သုံးခု၊ ဤတဆဲ့ကိုးခုသော စိတ်တို့သည် ရုပ်ကိုသာ ဖြစ်စေနိုင်ကုန်၏၊ ဣရိယာပုထ်,ဝိညတ်တို့ကို မဖြစ်စေနိုင်ကုန်။

(၄) ဒွေပဉ္စဝိညာဉ်တဆယ်, အရူပဝိပါက်စိတ်လေးခု, ပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ရုပ် ဣရိယာပုထိ ဝိညတ် သုံးပါးတို့ကိုပင် မဖြစ်စေနိုင်ကုန်။

စိတ်သည်ရုပ်ကိုဖြစ်စေနိုင်၏ဆိုရာ၌ စိတ်သည် ဖြစ်ခြင်း အလွန်မြန်သောကြောင့် ဌီခဏ, ဘင်ခဏတို့၌ အားမရှိ၊ ဖြစ်စ ဉပါဒ်ခဏ၌သာ အားရှိသောကြောင့် ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်၏ ဉပါဒ်မှစ၍ ရုပ်ကို ဖြစ်စေ၏၊ ပဋိသန္ဓေစိတ် မူကား–ဘဝသစ်၌ ဖြစ်စဖြစ်၍ အားမရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်။

---

## ရုပ်ကိုဖြစ်စေသော ဉတု

**အေး** အပူ ဖြစ်သော တေဇောဓာတ်သည် ဉတုမည်၏၊ ထိုတေဇောဓာတ်သည် လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ လောကဝေါဟာရအားဖြင့် အေး, အပူ ဟူ၍ နှစ်မျိုးရှိ၏၊ ဉတု ဟူသည်ကား–တေဇောဓာတ် ရုပ်သဘောဖြစ်၍ ဉပါဒ်ခဏ, ဘင်ခဏသည် စိတ်နှင့်အတူတကွ ဖြစ်သောကြောင့်ငင်း, တိုသောကာလ ရှိသောကြောင့်ငင်း အားမရှိ၊ ထို့ကြောင့် ရုပ်ကိုမဖြစ်စေနိုင်၊ ဌီကာလသည် စိတ်သက်တဆဲ့ခြောက်ချက်ကျော် ရှိ၍ ကာလရှည်သောကြောင့် အားရှိရကား ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ရုပ်ကိုဖြစ်စေ၏။

## ရုပ်ကိုဖြစ်စေသောအာဟာရ

အဝိနိဗ္ဗောဂရုပ် ရှစ်ခု၌ပါသော ဤကိုယ်၌ရှိသော ကဗဠီကာရ အာဟာရရုပ် ဟူသော အဇ္ဈတ္တသြဇာသည် အာဟာရမည်၏၊ ဤ အာ ဟာရဟူသော အဇ္ဈတ္တ သြဇာသည် စားသောက်အပ်သော ဗဟိဒ္ဓ သြဇာကို အမှီပြု၍ ပဋိသန္ဓေအခါ အမိစားသောက်သော အာဟာရ သြဇာ သူငယ်ကိုယ်သို့ ရောက်သည်မှစ၍ အာဟာရကြောင့် ဖြစ်သော ရုပ်တို့ကို ဖြစ်စေ၏၊ ဤအာဟာရသည်လည်း ရုပ်ဖြစ်သောကြောင့် ဥတုကဲ့သို့ မိမိ၏ ဌီခဏ၌သာ ရုပ်ကိုဖြစ်စေနိုင်၏။

---

## ကမ္မဇကလာပ်ကိုးစည်း

ပြဆိုခဲ့ပြီးသော ကံ, စိတ်, ဥတု, အာဟာရ, အကြောင်းတရား လေးပါးတို့ကြောင့် ဖြစ်သော ကလာပ်စည်းတို့ကို ပြဆိုပေအံ့။

(၁-၈) ကမ္မဇကလာပ်၌ ဒသကကလာပ် ၈။

(၉) ဇီဝိတနဝက ကလာပ်-၁ အားဖြင့် ပေါင်းကိုးပါး။

ဤကလာပ် ကိုးစည်းတို့သည် ကံကြောင့်ဖြစ်သော ရုပ်တို့ကို ကလာပ်ဖွဲ့သောကြောင့် ကမ္မဇကလာပ် ကိုးစည်းမည်ကုန်၏၊ကံကြောင့် ဖြစ်သော ကလာပ်ဖြစ်သောကြောင့်လည်း သက်မဲ့ဝတ္ထု၌ မဖြစ်၊သက်ရှိ သတ္တဝါ၌သာ ဖြစ်၏။

---

## စိတ္တဇကလာပ် ၇-စည်း

(၁) စိတ္တဇ ကလာပ်၌ အဌကလာပ်-၁။ ။ဤကလာပ်တစည်း သည် အသံ ဝိညတ်တို့နှင့် မရော၊လဟုတာ, မုဒုတာ,ကမ္မညတာ,ရုပ်သုံးခု တို့မပါ၊အိပ်သောအခါ, မိန်းမော တွေဝေသောအခါ, နှလုံးမသာယာ သောအခါ, စိတ်ကြောင့်ဖြစ်သော ညှိုးနွမ်းသောရုပ်၌သာ ရသင့်သော ကလာပ်တည်း။

(၂) သဒ္ဒနဝက ကလာပ်-၁။ ။ဤကလာပ် တစည်းသည် အလို အဓိပ္ပါယ် အထူးမရှိ၊ကြောက်လန့်၍ အော်ဟစ်သောအသံ, အိပ်ရာ၌ ယောင်ယမ်းသော အသံတို့၌ လဟုတာ စသောရုပ်သုံးခု၊ ဝစီဝိညတ် တို့မှတပါး ရသင့်သော ကလာပ်တည်း။

(၃) ကာယဝိညတ္တိ နဝက ကလာပ်-၁။ ။ဤကလာပ် တစည်းသည် နှလုံးမသာယာသောအခါ ရှေ့သို့တက်ခြင်း စသည်ကို ဖြစ်စေသော ညှိုးနွမ်းသောရုပ်၌ ရသင့်သော ကလာပ်တည်း။

(၄) ဝစီဝိညတ္တိ ဒသက ကလာပ်–၁။ ။ဤကလာပ်တစည်းသည် နှလုံး မသာယာသောအခါ ပြောဆိုရာစကားအသံ၌ ရသင့်သော ကလာပ်တည်း။

(၅) လဟုတာဒေကာ ဒသက ကလာပ်-၁။ ။ဤကလာပ် တစည်းသည် စိတ်ကြည်လင် ရွှင်လန်းသောအခါ, ဝမ်းမြောက်ဝမ်းသာ ရှိသောအခါ ရွှင်လန်းသောရုပ်တို့၌ ရသင့်သောကလာပ်တည်း။

(၆) ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်–၁။ ။ဤကလာပ် တစည်းသည် နှလုံးသာယာသည့်အခါ ရွှင်လန်းသော ရုပ်ဖြင့် ရှေ့သို့တက်ခြင်း စသည်၌ ရသင့်သော ကလာပ်တည်း။

(၇) ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိ တေရသက ကလာပ်-၁။ ။ဤကလာပ် တစည်းသည် နှလုံးသာယာသောအခါ ရွှင်လန်းသော ရုပ်ဖြင့် စကားပြောဆိုရာ စသောအသံ၌ ရသင့်သော ကလာပ်တည်း၊ ဤသည်လျှင် ခုနစ်ပါးတည်း။

ဤကလာပ်ခုနစ်စည်းတို့သည် စိတ်ကြောင့်ဖြစ်သောရုပ်တို့ကို ကလာပ်ဘွဲ့သောကြောင့် စိတ္တဇကလာပ်မည်ကုန်၏၊ စိတ်ကြောင့် ဖြစ်သောကြောင့်လည်း စေတနာမရှိသော သက်မဲ့ဝတ္ထု၌မဖြစ်။

---

## ဥတုဇ ကလာပ် ၄–စည်း

(၁) ဥတုဇကလာပ်၌ အဋ္ဌကလာပ်-၁။ ။ဤကလာပ်တစည်းသည် သက်မဲ့ဝတ္ထု၌ လဟုတာစသောရုပ် သုံးခုတို့ကိုမရကောင်းသောကြောင့် အဋ္ဌကလာပ် သက်သက်သာဖြစ်၏၊ သက်ရှိ သတ္တဝါ၌လည်း ဥတုဖောက်ပြန်သောအခါ ဖြစ်သင့်၏။

(၂) သဒ္ဒနဝက ကလာပ်-၁။ ။ဤကလာပ်တစည်းသည် သက်မဲ့ဝတ္ထု၌ လဟုတာစသော ရုပ်သုံးခုတို့ကို မရကောင်းသောကြောင့် မိုဃ်းခြိမ်းသံ စသည်တို့၌ ဖြစ်သင့်သော ကလာပ်တည်း၊ ဖောက်ပြန်သော ဥတုကြောင့် သက်ရှိသတ္တဝါတို့၏ ဝမ်းရုတ်သံစသည်တို့၌လည်း ဖြစ်သင့်၏။

(၃) လဟုတာ ဒေကာ ဒသက ကလာပ်-၁။ ။ဤကလာပ်တစည်းသည် သက်ရှိသတ္တဝါ၌ သင့်တင့်သော ဥတုကြောင့်ဖြစ်သော ကလာပ်သည်လည်း လဟုတာ စသော ရုပ်သုံးခုနှင့်တကွဖြစ်၏။

(၄) သဒ္ဒ လဟုတာဒိ ဒွါဒသက ကလာပ်-၁။ ။ဤကလာပ်တစည်းသည် သက်ရှိသတ္တဝါ၌ ကြို့ထိုးသံ ဝမ်းရုတ်သံတို့၌ ရသင့်သော ကလာပ်တည်း၊ ဤသည်လျှင်လေးပါးတည်း။

ဤကလာပ် လေးစည်းတို့သည် ဥတုကြောင့် ဖြစ်သော ရုပ်တို့ကို ကလာပ်ဘွဲ့သောကြောင့် ဥတုဇကလာပ် လေးစည်းမည်ကုန်၏၊ ဥတုကြောင့်ဖြစ်သော ကလာပ်ဖြစ်၍လည်း သက်ရှိသက်မဲ့ ဝတ္ထု၌ပင်ဖြစ်၏။

---

## အာဟာရဇကလာပ် ၂-စည်း

(၁) အာဟာရဇ ကလာပ်၌ အဋ္ဌကလာပ်-၁။ ။ဤကလာပ်တစည်းသည် မသင့်တင့်သော အစာကို စားသောအခါ ရသင့်သော ကလာပ်တည်း။

(၂) လဟုတာ ဒေကာ ဒသက ကလာပ်-၁။ ။ဤကလာပ်တစည်းသည် သင့်တင့်သောအစာကို စားသောအခါ ရသင့်သော ကလာပ်တည်း၊ ဤသည်လျှင် နှစ်ပါးတည်း။

ဤကလာပ် နှစ်ခုတို့သည် အာဟာရကြောင့် ဖြစ်သော ရုပ်တို့ကို ကလာပ်ဘွဲ့သောကြောင့် အာဟာရဇကလာပ် နှစ်စည်း မည်ကုန်၏၊ အာဟာရကြောင့် ဖြစ်သောကြောင့်လည်း သက်မဲ့ဝတ္ထု၌ မဖြစ်။

---

## အတူချုပ်သော ကလာပ်များ

ဖြစ်ကြောင်းအတူ ချုပ်သောကလာပ်များကား—

(၁) ကမ္မဇကလာပ် ၉။
(၂) စိတ္တဇကလာပ် ၇။
(၃) ဥတုဇကလာပ် ၄။
(၄) အာဟာရဇကလာပ် ၂။

အားဖြင့် ပေါင်း ၂၂—ပါးတည်း။

အရေအတွက်အတူ ချုပ်သော ကလာပ်များကား—
(၁) အဋ္ဌကလာပ် ၃။
(၂) နဝက ကလာပ် ၄။
(၃) ဒသက ကလာပ် ၉။
(၄) ကောဒသက ကလာပ် ၃။
(၅) ဒွါဒသက ကလာပ် ၂။
(၆) တေရသက ကလာပ် ၁။
အားဖြင့် ပေါင်း ၂၂-ပါးတည်း။
ဇာတ်တူ ချုပ်သော ကလာပ်များကား—
(၁) သက်ရှိဥ္ဖြစ်သော ကလာပ် ၂၀။
(၂) သက်မဲ့ဥ္ဖြစ်သော ကလာပ် ၂။
အားဖြင့် ပေါင်း ၂၂-ပါးတည်း။

ရုပ်ကလာပ်စည်းပြဆိုခန်း ပြီး၏။

# ပဋိသန္ဓေပြဆိုခန်း

## ပဋိသန္ဓေတည်ကြောင်း အင်္ဂါ ၃-ပါး

ကာမဘုံ၌ ဂဗ္ဘသေယျက ပဋိသန္ဓေဖြစ်ကြောင်း ပဋိသန္ဓေဖြစ်ပုံတို့ကို ပြဆိုရလျှင် ဓာတုဝတ္ထုဝတ္ထာန်ကမ္မဋ္ဌာန်း, ကာယဂတာသတိ ကမ္မဋ္ဌာန်း တို့၏ အရာ၌ အထူးသဖြင့် ထင်ရှားရန် ရှိသောကြောင့် ပဋိသန္ဓေ တည်ကြောင်း,ပဋိသန္ဓေတည်ပုံတို့ကိုပြဆိုပေအံ့။

> တိဏ္ဏံ ခေါ ပန ဘိက္ခဝေ သန္နိပါတာ ဂဗ္ဘဿာဝက္ကန္တိ ဟောတိ၊ (လ) ယတော ခေါ ဘိက္ခဝေ မာတာပိတရောစ သန္နိပတိတာ ဟောန္တိ၊ မာတာ စ ဥတုနီ ဟောတိ၊ ဂန္ဓဗ္ဗောစ ပစ္စုပဋ္ဌိတော ဟောတိ၊ ဧဝံ တိဏ္ဏံ သန္နိပါတာ ဂဗ္ဘဿာ ဝက္ကန္တိ ဟောတိ။
>
> တမေနံ ဘိက္ခဝေ မာတာ နဝဝါ ဒသဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ ပရိဟရတိ မဟတာ သံသယေန ဂရုဘာရံ။
>
> တမေနံ ဘိက္ခဝေ မာတာ နဝန္နံဝါ ဒသန္နံဝါ မာသာနံ အစ္စယေန ဝိဇာယတိ မဟတာ သံသယေန ဂရုဘာရံ၊ တမေနံ ဇာတံ သမာနံ သကေန လောဟိတေန ပေါသေတိ။

ဤသို့ မူလပဏ္ဏာသ ပါဠိတော် မဟာတဏှာသင်္ခယသုတ်တွင်ဟော တော်မူသောကြောင့်—

(၁) အမိသည်လည်း ဥတုလာ၍ပြီးစ ခုနစ်ရက်အတွင်း ဖြစ်စေ။
(၂) ထိုအမိဝမ်းသို့ ဝင်လတံ့သော သတ္တဝါလည်း ရှေးရှုတည် သည် ဖြစ်စေ။
(၃) ထိုအခါ အမိရာဂစိတ်ဖြစ်အောင် ယောကျ်ား တစုံတ ယောက်, ဝတ္ထုတစုံတခု သွားလာထိပါးသည်ဖြစ်စေ။

ဤအင်္ဂါ သုံးပါး ပြည့်စုံလျှင် ပဋိသန္ဓေဖြစ်၏။

---

### ဝတ္ထုနှင့်ထိ၍ပဋိသန္ဓေရခြင်း

အမိရာဂစိတ်ဖြစ်အောင် ပြုရာ၌ အင်္ဂါဇာတ်ချင်း ထိကြမှသာ မဟုတ်၊ ကိုယ်လက်များကို သုံးသပ်ခြင်းဖြင့်ပင်သော်လည်း ရာဂစိတ်

ကို ဖြစ်စေနိုင်၍ ပဋိသန္ဓေကို တည်စေနိုင်၏၊ ထို့ကြောင့် သုဝဏ္ဏသျှံသတို့သား, မဏ္ဍဗျသတို့သားတို့၏ အမိကို အဘသည် ချက်ကိုလက်မဖြင့် သုံးသပ်ရုံနှင့် သုဝဏ္ဏသျှံ, မဏ္ဍဗျတို့ကို ပဋိသန္ဓေရသည်။

အရှင်ဥဒါယီ၏သင်းပိုင်ကို ဖွပ်သော, ဥတုလာ၍ ပြီးစဖြစ်သော ရဟန်းမသည် သင်းပိုင်၌ပါသော သုက်အချို့ကို စုတ်၍မျိုသည်၊ သုက်အချို့ကို ရဟန်းမ၏ အင်္ဂါဇာတ်သို့ သွတ်သည်၊ ဤအကြောင်းကြောင့်*အရှင်ကုမာရကဿပကို ပဋိသန္ဓေရသည်။

ရသေ့စွန့်ပစ်သော ကျောက်ခွက်၌ ရှိသော သုက်နှင့် ရောသော ကျင်ငယ်ရေကို သမင်မသောက်၍ ဣသိသိင်ရသေ့ကို ပဋိသန္ဓေရသည်။

---

## လေ အသံထိ၍ ပဋိသန္ဓေရခြင်း

ကြက်မတို့သည် လေခံ၍ ပဋိသန္ဓေရသည်။

ယထာ ဗလာက ယောနိမှိ၊ န ဝိဇ္ဇတိ ပုမော သဒါ။
မေဃေသု ဂဇ္ဇမာနေသု၊ ဂဗ္ဘံ ဂဏှန္တိ တာ သဒါ။ ။

ဟူသော အရှင်ဥပါလိအပဒါန် ပါဠိတော်တွင် ဟောတော်မူသောကြောင့် ဗျိုင်းအောက်မတို့သည် မိုးသံဖြင့် ပဋိသန္ဓေ ယူကြကုန်၏၊ (ဤ၌ဗလာကဟူ၍ ဟော တော်မူသောကြောင့် ဗျိုင်းအောက်မကိုသာ မှတ်အပ်သည်၊ ဗျိုင်းဖြူကို မမှတ်နှင့်။)

ဤသို့ အမိဝမ်းသို့ဝင်လတံ့သော သတ္တဝါရှေး၌ရှိခြင်း, အမိဥတုလာ၍ ပြီးစ ခုနစ်ရက်တွင်း ဖြစ်ခြင်း—အကြောင်းနှစ်ပါးရှိလျှင် အင်္ဂါဇာတ်ချင်းထိမှသာ မဟုတ်၊ အမိရာဂစိတ်ဖြစ်လျှင်ပင် ပဋိသန္ဓေ ရတတ်သောကြောင့် များသောအားဖြင့် ဥတုလာ၍ ပြီးစဖြစ်သော မိန်းမတို့သည် ပဋိသန္ဓေကိုရသည်ချည်းတည်း။

---

* **မှတ်ချက်။** ။**အရှင်ကုမာရ** ကဿပသည် အရှင်ဥဒါယီ၏ **သား**မဟုတ်၊ အရှင်ကုမာရက**ဿပ၏ မယ်တော်ဘိက္ခုနီ**မသည် လူ့ဘဝက သူဌေးကတော်ဖြစ်သဖြင့် **သူဌေးနှင့်သင့်မြတ်**သော **ပဋိ**သန္ဓေဖြစ်၍ သူဌေး**သား**သာဖြစ်လေသည်။

## သားမရခြင်းအကြောင်းနှင့် ပဋိသန္ဓေကလာပ်စည်း

(၁) ရှေးအကုသိုလ်ကံ,
(၂) သားအိမ်တွင်း၌ရှိသောပိုး,
(၃) ပျက်သောလေ,

ဤအကြောင်းသုံးပါးတို့တွင် တပါးပါးကြောင့် ပျက်စီးခြင်း များသောကြောင့်သာ သားကိုမဘွားမြင်ရ ဟူ၍လည်း မှတ်အပ်၏။

ဤအကြောင်းသုံးပါးတို့ကြောင့် အမိဝမ်း၌ ပဋိသန္ဓေတည်ရသော ဂဗ္ဘသေယျက သတ္တဝါသည် အမိ၏ဝမ်း သားအိမ်တွင်း၌ အဘ၏ သုက်, အမိ၏သွေးကို အမှီပြု၍—

(၁) ကာယဒသက ကလာပ်တစည်း၊
(၂) ဝတ္ထုဒသက ကလာပ်တစည်း၊
(၃) ယောကျ်ားဖြစ်အံ့၊ ပုမ္ဘာဝ ဒသက ကလာပ်တစည်း၊ မိန်းမဖြစ်အံ့၊ ဣတ္ထိဘာဝဒသက ကလာပ်တစည်း၊

ဤသို့ ကလာပ်သုံးစည်းအားဖြင့် ပဋိသန္ဓေတည်ရ၏၊ နပုံးဖြစ်အံ့၊ ဘာဝဒသက ကလာပ်နှစ်စည်းအနက် တစည်းမျှမရသောကြောင့် ကာယဒသက, ဝတ္ထုဒသက ကလာပ်နှစ်စည်းတို့ဖြင့်သာ ပဋိသန္ဓေတည်ရ၏။

---

## ကလလရေကြည်ပမာဏ

ဤသို့ ပဋိသန္ဓေတည်သော ရုပ်ကလာပ်သုံးစည်းကို လောက ဝေါဟာရ ပညတ်အားဖြင့် ကလလခေါ်သည်၊ ဤကလလ ပမာဏကား ယင်ငယ်တကောင် တခါသောက် အရည်မျှလောက် ရှိ၏ဟု—ဆိုပြီး၍ ဤပမာဏလည်း များသေး၏၊ ငယ်သောအပ်ဖြင့် ဆီကိုတို့၍ စောက်ထိုးထားရာ အပ်ဖျား၌ စုသော ဆီပေါက်မျှလောက်ဆို၏၊ ဤပမာဏလည်း များသေးသည်ဟု—ပယ်ပြီး၍ ဤတောင်ကျွန်းသူတို့၏ ဆံပင်၏ ရှစ်စိတ်တစိတ်သည် မြောက်ကျွန်းသူတို့၏ ဆံပင်ဖြစ်၏၊ ထိုဆံပင်ဖြင့် ဆီကြည်၌တို့၍ စောက်ထိုးထားရာ အဖျား၌ စုသော ဆီပေါက်မျှလောက်ဆို၏၊ ထိုကိုလည်း များသေးသည်ဟု—ပယ်၍ အမျိုးကောင်းသော တောဆိတ်မွေးတပင်ဖြင့် ဆီကြည်ကို တို့၍ စောက်ထိုးထားရာ

အဖျားဌ် စုသောအပေါက်မျှလောက်ရှိ၏ဟုဆိုကုန်၏၊ ရှင်ဗုဒ္ဓဃောသ အစရှိသော နောက်ကျမ်းပြု ဆရာတို့ကား—ခုဒ္ဒကဘာဏက ဆရာတို့ အယူကို ကိုက်သောကြောင့် ထိုဆရာတို့ ဆိုသည့်အတိုင်း ဝိသုဒ္ဓိမဂ် စသည်တို့၌ ဆိုကြကုန်၏။

ဤသို့ပင် ဆိုကြသော်လည်း စက္ခုဒသက ကလာပ်၏ ပမာဏကို အရှင်သာရိပုတ္တရာက သန်းဦးခေါင်းမျှလောက်ဟု—ဟောတော်မူသော ကြောင့် ရုပ်ကလာပ်စည်းတို့တွင် ပမာဏ ရကောင်းသည်လည်း ပထဝီဓာတ်နှင့် ရူပါရုံသာဖြစ်၍ အရပ်ရပ် ကလာပ်စည်း ဟူသမျှတို့၏ ပမာဏသည် တူကြရမည် ဖြစ်သောကြောင့် ဤပဋ္ဌာနသင်္ခေ ကလာပ် သုံးစည်း၏ ပမာဏသည် သန်းဦးခေါင်း သုံးလုံးမျှလောက်ရှိ၏ ဟူ၍သာ သန္နိဋ္ဌာန်ကျ မှတ်အပ်သတည်း။

---

### ပဋ္ဌာနသင်္ခေကလာပ် ၃-စည်း ရုပ် ၁၁-ပါး
### အသီးသီးကျေးဇူးပြုပုံ

ဤကလာပ်သုံးစည်းတို့တွင် ကလာပ်တစည်းတစည်း၌ ရုပ်ဆယ်ခုစီ ရှိသည့်တွင်—

(၁) ပထဝီဓာတ်တို့သည် အခြားသောရုပ်တို့၏ တည်ရာ အစိုင် အခဲဖြစ်ရအောင် ခိုင်မာသောသဘော။

(၂) အာပေါဓာတ်သည် မပိန်, မခြောက် အမှုန့်ဖြစ်၍ မပျောက် ရအောင် စိမ့်ဝင်ပေါင်းစု၏။

(၃) သားငါးတို့ကို မီးဖြင့်ဖုတ်ကင်လျှင် မပုပ်နိုင်သကဲ့သို့ တေ ဇောဓာတ်သည် မပုပ်အောင်စောင့်၏။

(၄) ကျားကန်သကဲ့သို့ ဝါယောဓာတ်သည် အတွင်းကကန်၍ ပြင်ကာဘိ၏။

ဤသို့ဓာတ်လေးပါး အစုအထည် ဒြပ် ဖြစ်ရာ၌—

(၅) ရူပါရုံသည် မြင်ကောင်းသော အဆင်းသဏ္ဌာန်ဖြစ်၏။

(၆) ဂန္ဓာရုံသည် အနံ့ဖြစ်၏။

(၇) ရသာရုံသည် အရသာခြောက်ပါးတွင် တခုခုဖြစ်၏။

(၈) ဩဇာသည် မျှတတောင့်တင်းစေ၏။
(၉) ဇီဝိတသည် မသေရအောင်စောင့်၏။
(၁၀) ဝတ္ထုရုပ်သည် စေတသိက်တို့ မှီရာဘို့ဖြစ်၏။
(၁၁) ဘာဝရုပ်သည် မိန်းမ, ယောကျ်ား ပုံသဏ္ဌာန်ဖြစ်ရန်ဘို့ ဖြစ်၏။

ဤကလာပ်သုံးစည်းမှုကား–ရှေးကံကြောင့်သာ ပဋိသန္ဓေအခါ ပဋိသန္ဓေစိတ်နှင့်အတူ တပြိုင်နက်ဖြစ်၏၊ ထိုကလာပ် သုံးစည်းတို့သည် အချင်းချင်း မရောရှက်ရအောင် ကလာပ်တစည်း တစည်း၏ ပတ်လည်ဝန်းကျင်၌ အာကာသဓာတ် ပရိစ္ဆေဒရုပ်ခြားလျက် ဟင်းလင်းလဟာလည်းရှိ၏။

---

## ကလာပ် ၃-စည်းပမာဏ

ကလာပ်သုံးစည်းလုံးဖြစ်သော ပမာဏ၏ (၃)သုံးပိုင်းတပိုင်းသည် ကလာပ်တစည်း၏ ပမာဏဖြစ်၏၊ ဤကလာပ်စည်းတွင် ပထဝီဓာတ်နှင့် ရူပါရုံသာ အလေး အပေါ့, အဆင်းသဏ္ဌာန် ပမာဏကို ရကောင်းသောကြောင့် အဋ္ဌကလာပ်မှုသည် တေရသက ကလာပ်တိုင်အောင် အကြီးအငယ် တူကြကုန်၏။

ထိုကလာပ်သုံးခုတို့၏ ပုံသဏ္ဌာန် အလုံး, အပေါက်, ဗိန္ဒုဟု ဆိုသောကြောင့် ကလာပ်တခု၏ ပုံသဏ္ဌာန်သည်လည်း အလုံး, အပေါက်, ဗိန္ဒုဟူ၍ပင်မှတ်အပ်၏၊ ထိုကလာပ် သုံးစည်းဟူသော ရုပ်မှုန့် လုံးငယ်သုံးခု အကြားတွင် ဟင်းလင်း လဟာ အာကာသဓာတ် ခြားလျက်ရှိသော်လည်း အာပေါဓာတ်သည် ပေါင်းစုဘွဲ့စည်း၍ ဝါယောဓာတ်က အတွင်းက ကန်၍ပြင်ပတ်လည်က ဘိသောကြောင့် ရုပ်ကလာပ် လုံးငယ်သုံးခုသည် အသီးအခြားစီ ကွဲပြား၍ မသွားနိုင်၊ ပေါင်းစု၍ တည်ကြရ၏၊ ထိုကလလ၏ အဆင်းသဏ္ဌာန်ကား–ကြက်ဥသိမ်စသော ဥသိမ်နှင့်တူ၏၊ အရည်အပြစ်အကျဲလည်းတူ၏၊ ဤဥသိမ်သည်လည်း ကလလပင်ဟူ၍ အရှင်နာဂသိန် ဟောတော်မူသည်။

## ကလလရေကြည် ၇-ရက်တည်ပုံ

ဤကလာပ်သုံးစည်း ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်ဖြစ်ရာ၌ ပဋိသန္ဓေ စိတ် ဌီခဏ၌ ပဋိသန္ဓေစိတ်နှင့် အတူဖြစ်သော ကလာပ်သုံးစည်းတွင် ပါသော တေဇောဓာတ်ဟူသော ဥတုသည် ဥတုသမုဋ္ဌာန် အဋ္ဌကလာပ် ကိုဖြစ်စေ၏၊ ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်မှစ၍ စိတ္တသမုဋ္ဌာန် အဋ္ဌကလာပ်ကို ဖြစ်စေ၏၊ အခြားမြို့ကျေးရွာသို့ ရောက်စ ဖြစ်သော သူသည် မည်သည့်အမှုကိုမျှ မဖြစ်စေနိုင်သကဲ့သို့ ဘဝသစ်၌ ဖြစ်စဦး ဖြစ်သော ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်၊ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း,ခဏတိုင်း ကံကြောင့်ဖြစ်သော ကာယဒသ က, ဝတ္ထုဒသက, ဘာဝဒသက ကလာပ်သုံးစည်းတို့သည် ဖြစ်ကြကုန် ၏၊ဤသို့ ဘဝင်စိတ်ဖြစ်တိုင်း ရုပ်ကလာပ်မှုန့် အလုံးငယ်တို့သည် တိုးပွား၍ ခုနစ်ရက်တိုင်အောင် ကလလအဖြစ်ဖြင့် တည်ကြောင်းနှင့် ရောမ နိုင်ငံထွက်ကျမ်းတို့တွင် ဆိုသည့်အတိုင်း ယက္ခသံယုတ် အဋ္ဌကထာ တွင် ဆိုသည့်စကားနှစ်ရပ် ညီသောကြောင့်၎င်း, ပဋိသန္ဓေတည်သည်မှ ဘွားသည်တိုင်အောင် ရက်,လ အရေအတွက် ညီညွတ်သောကြောင့် ၎င်း ထိုစကားကိုမှတ်အပ်၏။

[ကလလ၏ အဖြစ်ဖြင့် တလတိုင်အောင် တည်၏ဟု-ဆိုသော သုသြု တစသော ဆေးကျမ်းဆရာတို့ စကားကို ယုတ္တိအာဂုံ မရှိသောကြောင့် မမှတ်အပ်။]

ပဋိသန္ဓေစိတ်နှင့် တပြိုင်နက် ဖြစ်သော ဖြစ်ရင်းကလာပ်စည်းတို့ သည် ပဋိသန္ဓေစိတ်နောင် တဆဲ့ခုနစ်ချက်မြောက်သော ဘဝင်စိတ်နှင့် ပြိုင်၍ ချုပ်၏၊ ရုပ်ရှိသမျှသော သဘောသည် စိတ်တဆဲ့ခုနစ်ချက် မျှလောက်သာ အသက်ရှိသည်၊ စိတ်၏ဖြစ်ခြင်းသည်လည်း အလွန် မြန်သည်၊ နေ, လတို့၏ရှေ့မှ ပြေးသွားသော နတ်သည် လောက၌ အမြန်ဆုံးဖြစ်၏၊ ထိုနတ်များထက်ပင် စိတ်၏ဖြစ်ခြင်းသည် အဆအရာ အထောင်မက မြန်သည်၊ လက်ဖျစ်တတွက် မျှလောက်ကာလ၌ စိတ် ပေါင်း ကုဋေတသိန်း ဖြစ်၍ ချုပ်နိုင်၏၊ ထို့ကြောင့် တအောင့်ခြင်း၌ အထက်ကိုဘဝဂ်, အောက်ကို အဝီစိတိုင် စိတ်ဖြင့် ကူးသန်းရောက် ပေါက်နိုင်၏။

## သန္ဓေသား၏အဖြစ်ကြီးငါးဖြစ်

(၁) ဤကဲ့သို့ ကံ စိတ် ဥတု အာဟာရ အကြောင်း လေးပါးတို့ကြောင့်ဖြစ်သမျှသော ရုပ်တို့သည် စိတ်တဆဲ့ ခုနစ်ချက်တွင် ပျက်ကြ ချုပ်ကြငြားသော်လည်း ပျက်သည့် ရုပ်ကလာပ်ကား—အနည်းငယ်မျှ, ဖြစ်သည့် ရုပ်ကလာပ်ကား—အများဖြစ်၍ ကလလအဖြစ်ကို ခုနစ်ရက်လွန်ပြီးနောင်—

(၂) ဆိုခဲ့ပြီးသည့်အတိုင်း ကံ စိတ် ဥတု အာဟာရတို့ကြောင့်ရင်း, အမိသည် စားအပ်သော အရသာဟူသော သွေးနှသည် အမိ၏ ရသကြောကို အစဉ်လျှောက်ပြီးလျှင် သားအိမ်တွင်း၌ ရှိသော ကလလ အစရှိသော သူငယ်၏ ကိုယ်ကို ထိသဖြင့် အာဟာရဇရုပ် ကလာပ်သည်ရင်း, ဒုတိယ ခုနစ်ရက် အတွင်း များစွာဖြစ်ပွားကြ၍ အမဲသားဆေးရည် အဆင်းနှင့် တူသော ရင့်ဖသော ကလလ အရည် ဖြစ်သော အဗ္ဗုဒ မည်သော ဝတ္ထုဖြစ်၏။

(၃) ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း ရုပ်ကလာပ်မှုန့်တို့သည် တိုးပွား၍ အဗ္ဗုဒ ဖြစ်ပြီးနောင် တတိယ ခုနစ်ရက်အတွင်း၌ ကြည်လင်သော ခဲနက်ရည် အဆင်းနှင့်တူသော ပေသိ မည်သော ဝတ္ထုဖြစ်၏။

(၄) ထိုနောင် စတုတ္ထခုနစ်ရက်အတွင်း၌ ကြက်ဥခန့် မျှလောက်ကြီးသော ကြက်ဥကဲ့သို့ ထက်ဝန်းကျင်လုံးသော ပေသိဟူသော ပြစ်သောအရည်၏ အခဲဖြစ်သော ဃနမည်သော ဝတ္ထုဖြစ်၏။

(၅) ထိုနောင် ပဉ္စမခုနစ်ရက်အတွင်း၌ ထိုဃနဟူသောအခဲလုံးမှ ခြေနှစ်ဘက်,လက်နှစ်ဘက်, ခေါင်းဖြစ်ရန်အခက် ငါးခုဟုဆိုအပ်သော အဖုငါးခုတို့ဖြစ်ကုန်၏၊ ဤအဖုငါးခုတို့တွင် ခေါင်းဖြစ်ရန်အဖုသည် ကိုယ်နှင့် မယှိုးမယှိမ်းကြီး၏။

## သန္ဓေသား ၇-လ အတွင်း ကောဋ္ဌာသပြည့်စုံခြင်း

ထိုနောင် ကောဒသမ သတ္တာဟဟု ဆိုအပ်သော ပဋိသန္ဓေတည်သည်မှ ခုနစ်ဆဲ့ခုနစ်ရက်၌ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက-ကလာပ်လေးစည်းတို့သည် ဖြစ်ကုန်၏၊ ထိုအခါ ဂဗ္ဘသေယျကသတ္တဝါ၌ သဒ္ဒနဝက ကလာပ်မှ ကြွင်းသော ရုပ်ကလာပ်တို့သည် အပြည့်အစုံ ရှိကုန်၏၊အသံပြုသော အခါမှစ၍လည်း သဒ္ဒနဝက ကလာပ်ဖြစ်လေ၏၊ ဤပဋိသန္ဓေ သူငယ်မှာ ဝမ်းပိုက်၌ရှိသည့်ကာလ သူငယ်ဝမ်းပိုက် ချက်မှချက်ကြိုးသည် အချင်းနှင့် စပ်သဖြင့် ထိုအချင်းသည်လည်း အမိ၏အစာသစ် အိမ်အောက်စ၌ မျှော့တွယ်သကဲ့သို့ မြဲမြဲကြပ်ကြပ် တွယ်ကပ်လျက် ရှိသဖြင့် အမိစားသမျှ အရည်, အဖတ်, အစာ တို့မှဖြစ်သော သွေးနုံဟူသော ရသရည်ကို သစ်မြစ်တို့သည် ရေကိုစုတ်ယူသဖြင့် သစ်ပင်တွင်းသို့ ဝင်စေသကဲ့သို့ သူငယ်၏ ဝမ်းတွင်းသို့ ဝင်စေသဖြင့် များစွာသော အာဟာရဇ အဋ္ဌကလာပ်ရုပ်မှုန့်တို့သည် ဖြစ်ကုန်၏။

ဖြစ်ပြီးသော ရုပ်တို့သည်လည်း စိတ်တဆဲ့ခုနစ်ချက် မျှလောက်၌ ပျက်ကြ၏၊ ပျက်သော ရုပ်ကလာပ်မှုန့်ကား အနည်း,ဖြစ်သောရုပ်ကလာပ်မှုန့်ကား အများဖြစ်၍ သူငယ်သည် တစစ ကြီးပွားလေ၏၊ အနည်းဆုံးအားဖြင့် ပဋိသန္ဓေတည်သည်မှ သတ္တာဟပေါင်း သုံးဆယ်, လအားဖြင့် ခုနစ်လအတွင်း၌ ခြေချောင်း, လက်ချောင်း, ဆံ, အမွေး အစရှိလော ဝမ်းတွင်း၌ ဖြစ်သင့်သမျှသော ကောဋ္ဌာသတို့သည် အပြည့်အစုံဖြစ်ကြကုန်၏၊ထို့ကြောင့်အချို့သော သူငယ်ကို ခုနစ်လအတွင်း၌ ဘွားကုန်၏။

---

## ဝမ်းတွင်းဖြစ်ပုံဋီကာအဆိုမသင့်

ယခုဆိုခဲ့ပြီးသည့်အတိုင်း ခုနစ်ဆဲ့ခုနစ်ရက်၌ စက္ခုအစရှိသော ဒသကလေးခုတို့ ဖြစ်သည်ဟု ကထာဝတ္ထုအဋ္ဌကထာ, ယမိုက်မူလဋီကာတို့၌ ဆိုသည်၊ နောက်ကာလရေးသော ဋီကာကျော်စသော ကျမ်းတို့၌ကား ခုနစ်ရက် ခုနစ်လီကစ၍ စက္ခုအစရှိသော ဒသကလေးခုတို့သည် ခုနစ်ရက်တလီလျှင် တခုစီဖြစ်ကြောင်းနှင့် ဆိုသော စကားသည် ဆိုခဲ့ပြီး

သောအဋ္ဌကထာ ဋီကာကျမ်းတို့နှင့် မညီသောကြောင့်၎င်း, စက္ခာယတန စသောအစဉ်သည် ဖြစ်စဉ်မဟုတ် ဒေသနာတော် **အစဉ်**သာဟု သမ္မောဟအဋ္ဌကထာ၌ ဆိုသောကြောင့်၎င်း ထိုစကားကို မယုံကြည်အပ်၊ မမှတ်အပ်။

အမိဝမ်းတွင်း၌ **စက္ခုဒသက** စသည်တို့ ရှေ့နောက် မှည်ကဲ့သို့ ဖြစ်သည်ကို ပါဠိ အဋ္ဌကထာကို ကင်း၍ ထိုဋီကာဆရာတို့ သိနိုင်ရန် အကြောင်းမရှိ၊ သုဂ္ဂိုဟ်ကျမ်းတွင် စက္ခုဒသက အစရှိသည်တို့သည် အစဉ်အတိုင်း ဖြစ်၏ဟုဆိုသော စကားကိုလည်း သမ္မောဟအဋ္ဌကထာနှင့် မညီသောကြောင့် မယူအပ်။

သမ္မုတိကျမ်း၌ကား—ဆံ, အမွေး, ခြေသည်း လက်သည်း တို့သည် ပင္စိသန္ဓေအခါ ခြောက်လမြောက်၌ ဖြစ်၏ဟုဆို၏၊ သုဿုတဆေးကျမ်း၌ကား- ပဌမတလပတ်လုံး ကလလဖြစ်သည်၊ ဒုတိယတလပတ်လုံး ကလလ ရင့်မာ၍ ဃနဖြစ်သည်၊ ထိုဃနသည် ယောကျ်ားဖြစ်အံ့—ပိုဏ္ဍခေါ်သည်၊ မိန်းမဖြစ်အံ့-ပေသိခေါ်သည်၊ နပုံးဖြစ်အံ့-အဗ္ဗုဒခေါ်သည်၊သုံးလမြောက်၌ လက်,ခြေ,ခေါင်း ဖြစ်ရန် အဖုငါးခု ဖြစ်သည်၊ သိမ်မွေ့သောအင်္ဂါကြီးငယ်စုလည်း ဖြစ်သည်၊ လေးလမြောက်သော ကာလ၌ အင်္ဂါကြီးငယ်တို့သည် ထင်ရှားစွာဖြစ်ကုန်၏—ဟူ၍ ဆိုသော စကားသည်—

(၁) ပဌမံ ကာလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။
အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတိ ဃနော။
ဃနာ ပသာခါ ဇာယန္တိ၊ကေသာ လောမာ နခါပိစ။ ။

(၂) ယဉ္စဿ ဘုဉ္ဇတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေနသော တတ္ထ ယာပေတိ၊မာတုကုစ္ဆိ ဂတော နရော။ ။

ဟူ၍ ဣန္ဒက ဘီလူးကို ဟောတော်မူသော သံယုတ် ပါဠိတော်နှင့်၎င်း, ၎င်းအဘွင့်အဋ္ဌကထာတွင် ကိုးလျက်ပါသော "သတ္တာဟံ ကလလံ ဟောတိ" အစရှိသော ဂါထာနှင့်၎င်း, ရောမနိုင်ငံဖြစ် ဝမ်းဆွဲကျမ်းတို့နှင့်၎င်း မညီသောကြောင့် မယူအပ်။

ဤသံယုတ်အဋ္ဌကထာ၌ ဆံ,အမွေး အစရှိသော ကောဋ္ဌာသတို့သည် သတ္တာဟပေါင်း လေးဆဲ့ခုနစ်ခု ဟူသော ရက်ပေါင်း သုံးရာ့နှစ်ဆဲ့ကိုးရက်၌ ပြည့်စုံကုန်၏ဟု ဆိုသော စကားကိုလည်း "ခုနစ်လနှင့် အပြည့်အစုံ သူငယ်ဘွားနိုင်သည်"ကို ထောက်၍ မမှတ်အပ်။

---

## သန္ဓေသား ဖြဟွာကို ရှိခိုး

မဟာဘဂဝတကျမ်း တတိယကဏ္ဍ သုံးဆဲ့တခုမြောက်သောအပိုင်း၌မူကား—

(၁) ရှေးကံကြောင့် ကလလဖြစ်၏၊ ကလလဟူသည် အဘ၏ သုက်, အမိ၏ ဥတုသွေး နှစ်ခုရောပြီးကိုဆိုသည်၊ ကလလ အဖြစ်ဖြင့် တရက်တည်၏။

(၂) ထိုနောင် ရေပွက်နှင့်တူသော ပုပ္ဗုဠ္ဌဖြစ်၏၊ ပုပ္ဗုဠ္ဌအဖြစ် ငါးရက်တည်၏။

(၃) ထိုနောင် ဆယ်ရက် ဆီးသီးကဲ့သို့သော ကက္ကန္ဓုမည်သော ဝတ္ထုဖြစ်၏။

(၄) ထိုနောင် ပေသိမည်သော ဝတ္ထုဖြစ်၏။

(၅) ထိုနောင် တလ၌ ဦးခေါင်း, ခြေ, လက်တို့ဖြစ်ကုန်၏။

(၆) ထိုနောင် သုံးလအတွင်း၌ ခြေသည်း, လက်သည်း, အမွေး, အရိုး, အရည်, အင်္ဂါဇာတ်, ဒွါရပေါက်တို့သည် ဖြစ်ကြကုန်၏။

(၇) လေးလအတွင်း၌ ရသ,သွေး,အသား,အဆီခဲ,အရိုး,ရိုးတွင်းခြင်ဆီ, သုက်ဟူသော ဓာတ်ခုနစ်ပါး ဖြစ်ကြကုန်၏။

(၈) ငါးလ၌ ဆာလောင်မွတ်သိပ်ခြင်းဖြစ်ကုန်၏။

(၉) ခြောက်လ၌ သားအိမ်ဖြင့်ဖုံးလွှမ်းလျက် ဝမ်း၏ လက်ယာဘက်၌တည်၏။

(၁၀) ခုနစ်လ၌ သူငယ်၏ ကိုယ်တွင်း၌ရှိသော အတ္တသည် နောက်ဘဝက ပြုကျင့်သောကံ၊ အမိဝမ်းတွင်း၌ဖြစ်သော ဆင်းရဲများကို သတိရ၏၊အမိစားသောက်သော အစာအာဟာရကို မှီ၍ဖြစ်၏။

(၁၁) ထိုခုနစ်လ အမိဝမ်းတွင်း၌ရှိသော ပိုးတို့သည် ကိုက်ခဲခြင်း, ကျဉ်းကျပ်ခြင်း, အစပ် အချဉ် အငန်များကို အမိစားလျှင် အလှုန်ပင်ပန်းခြင်း ဆင်းရဲဒုက္ခ များသောကြောင့် သူငယ် ကိုယ်တွင်း၌ရှိသော အတ္တသည် ဖြပ်မွာအားရှိခိုး၏၊ ဤကဲ့သို့ ဆယ်လတိုင်အောင် ဆင်းရဲမှုန်းသိလျက်နေ၍ ဘွားရ၏ဟု ဆို၏။

[ထိုစကားလည်း ဆိုခဲ့ပြီးသော ကျမ်းတို့နှင့်မညီသောကြောင့်မမှတ်အပ်၊ ဤမဟာဘဂဝတကျမ်းကား ဟိန္ဒူပုဏ္ဏားတို့မှာ ပါဠိတော်ကဲ့သို့ မပယ်အပ်၊ အလေးပြုအပ်သောကျမ်းတည်း။]

---

## အမိချင်ခြင်းမပြည့်လျှင် သားကောင်းမဘွား

သုဿုတဆေးကျမ်း၌ လေးလမြောက်၌ သူငယ်၏ ဝမ်းပိုက်တွင် နှလုံးသား ထင်ရှားဖြစ်သောကြောင့် နှလုံးသားကို မှီသောစိတ်သည်လည်း ထင်ရှားဖြစ်ရကား သူငယ်စားလို့သောက်လိုခြင်း အစရှိသော တစုံတခုသော ဝတ္ထုကို အလိုရှိသောကြောင့် အမိသည်လည်း စားသောက်လိုခြင်း အစရှိသော တစုံတခုသော ဝတ္ထုကို အလိုရှိခြင်း ဒေါဟဠသည် ဖြစ်၏။

ထိုသို့ဖြစ်သောချင်ခြင်းအတိုင်း အမိမရလျှင် ခြေခွင်ခြင်း, လက်ကောက်ခြင်း, မိုက်မဲတွေဝေခြင်း, ကြုံလှီပုက္ခခြင်း, မျက်စိစွေခြင်း, စောင်းခြင်း အစရှိသော တစုံတခု ဘောက်ပြန်ပျက်စီးသောသားကို ဘွားတတ်သည်၊ အမိချင်ခြင်းအတိုင်း ရလျှင် တန်ခိုးကြီးသော အသက်ရှည်သော သားကောင်းကို ဘွားတတ်သည်။

ငါးလမြောက်၌ ထင်ရှားခိုင်ခံ့သော စိတ်ဖြစ်၏၊ ခြောက်လမြောက်၌ ဉာဏ်ပညာဖြစ်၏၊ ခုနစ်လမြောက်၌ ဆံ,အမွေး အစရှိသော အင်္ဂါကြီးငယ်တို့သည် အထင်အရှား အပြည့်အစုံဖြစ်ကုန်၏။

---

## ဘွားသောကလေး ရှင်ခြင်းမရှင်ခြင်းအကြောင်း

ရှစ်လမြောက်၌ မခိုင်ခံ့သော ဩဇာဖြစ်သောကြောင့် ဘွားသော်လည်းမရှင်၊ ထိုရှစ်လမြောက်၌ ဩဇာခိုင်ခံ့အောင် သားပြွမ်းထမင်းဟူသော ဗလိနတ်စာ ပေးအပ်၏၊ ကိုးလမြောက်, ဆယ်လမြောက်,

တဆဲ့တလမြောက်, တဆဲ့နှစ်လမြောက်တို့တွင် တစုံတခုသောလည်း ဘွား၏၊ ဤမှတပါးဘွားလျှင် ဘောက်ပြန်ခြင်း ဖြစ်၏ဟု ဆိုသော စကားကို "နဝမာသံဝါ ဒသမာသံဝါ"ဟူသော ပါဠိတော်၌ ဝါ သဒ္ဒါဖြင့် ခုနစ်လမှစ၍ တဆဲ့နှစ်လတိုင်အောင် ဘွားတတ်၏၊ သို့ရာတွင် ခုနစ်လ၌ ဘွားသောသူငယ်သည် အသက်ရှင်၏၊ အချမ်းအပူကိုမခံနိုင်၊ ရှစ်လ၌ဘွားလျှင် အသက်မရှင်၊ ကိုးလမှစ၍ အထက်၌ ဘွားလျှင် အသက်လည်းရှင်၏၊ အချမ်းအပူကိုလည်း ခံနိုင်၏ဟု ဆိုသော အဋ္ဌကထာ စကားတို့နှင့် ညီသည်၊ လောက၌ ဖြစ်ပုံနှင့်လည်း ကိုက်သည် ဖြစ်သောကြောင့် မှတ်အပ်၏။

[ဤပါဠိတော်၌ ဝါ သဒ္ဒါဖြင့် ခုနစ်လမှစ၍ တဆဲ့နှစ်လထက် အလွန် ဆဲ့နှစ်နှစ်တိုင်အောင် ဝင်္ဂလိုက်သော သတ္တဝါတို့ ပဋိသန္ဓေ နေရကြောင်းနှင့် အယောဃရဇာတ် စသည်တို့၌ ဆိုသည်များကို ယူရာ၏။]

## အဖြစ်ရုပ်နည်းပါး အပျက်ရုပ်များ၍ သေရခြင်း

ထိုသို့ပင် ကြီးပွားငြားသော်လည်း ယောနိမျိုး, ဂတိမျိုးကိုလိုက်၍ ဇာတိနိယာမ, ဓမ္မနိယာမအားဖြင့် လူသည် လူမျှလောက်, ဆင်သည် ဆင်မျှလောက်, မဟာသမုဒ္ဒရာ၌ တိမိင်္ဂလမည်သော ငါးကြီးတို့သည် ယူဇနာ တရာကျော်ခန့်လောက်ပင် ကြီးပွား၏၊ အိုမင်းသည်ကာလ အသက်တရာတမ်း, လူတို့၌ကား အသက်ခြောက်ဆယ် ကျော်လျှင် နိယာမ ဓမ္မတာအားဖြင့် အစားအသောက်, ကုသိုလ်ကံ တည်းဟူသော ရုပ်ဖြစ်ကြောင်းတို့သည် ဆုတ်ယုတ် လျော့ပါးသဖြင့် ဖြစ်သော ရုပ်ကလာပ်နှင့် ပျက်သော ရုပ်ကလာပ် တူမျှခြင်း, အပျက်များ၍ အဖြစ်နည်းခြင်းတို့သည်ဖြစ်၍ အလုံးအရပ်တို့သည် မတိုးပွားခြင်း, လျော့ပါးသေးငယ်ခြင်းတို့သည် ဖြစ်သဖြင့် တဘဝဖြင့် ပိုင်းခြားအပ်သော သမ္မုတိမရဏဟူသော သေခြင်းသည် ဖြစ်လေ၏။

## သက်ရှိသက်မဲ့ဟူသမျှ ရုပ်ကလာပ်မှုန့်ချည်းသာ

ဆိုခဲ့ပြီးသည့်အတိုင်း တိုးပွား၍ဖြစ်သော မရေတွက်နိုင် များသော ရုပ်ကလာပ်မှုန့်တို့တွင် ရုပ်ကလာပ်မှုန့်ငယ်လုံး တခုတခု၏ ပတ်လည်၌

အာကာသဓာတ် ပရိစ္ဆေဒဟူသော ဟင်းလင်းလဟာသည် ခြားလျက် ခြားလျက် ရှိသည်ဖြစ်၍, ထိုရုပ်မှုန့်လုံးချင်း ကပ်ပြား၍ မသွားရအောင် အာပေါဓာတ်သည် ဘွဲ့စု၍,ဝါယောဓာတ်သည် အတွင်းအပြင် ထောက်ကန်ဘိညှပ်လှုပ်ရှား သွားလာစေသဖြင့်, တေဇောဓာတ်သည် မပုပ်အောင်စောင့်သဖြင့်,ပသာဒရုပ်တို့သည် မွမ်းမံသဖြင့် မိန်းမ ယောကျ်ားမင်း ဆင်းရဲသား ရဟန်း ပုဏ္ဏား ဟူသော သမုတ်အပ်သော အဖြစ်သို့ ရောက်လေ၏၊ စင်စစ်မုချမူကား ရုပ်ကလာပ် အမှုန့်အစုသာဖြစ်၏။

ဤသို့ပဋိသန္ဓေအခါ ရုပ်ကလာပ်မှုန့်ငယ် စု၍ဖြစ်သော ဂဗ္ဘသေယျကသတ္တဝါတို့ဖြစ်သည်ကိုထောက်၍သစ်ပင် တောင် ကျောက်လုံး ကျောက်ခဲ ရေအစု အခိုးအစု ဓာတ်အစု တို့သည် အဋ္ဌကလာပ် ရုပ်မှုန့်ငယ်ကိုအအရင်းတည်၍ ဥတုအားလျော်စွာ ကြီးပွားကြသည်ကိုလည်း ထင်ရှားသိသာ၏၊ ထို့ကြောင့် လောက၌ သက်ရှိသက်မဲ့ရှိသမျှ အစိုင်အခဲတို့သည် ဓာတ်လေးပါးဟူသော မှုမှုန့်အစုဖြစ်၍ အဆင်း, သဏ္ဌာန်, ရူပါရုံ အစရှိသည်တို့နှင့် ပြည့်စုံသော အဋ္ဌကလာပ်ရုပ်မှုန့် အစုချည်းဟူ၍လည်း မှတ်လေ။

---

### ပရမာဏုမြူအောက်ငယ်သောအစိတ်မရှိ

ဤသို့ပင် သက်ရှိသက်မဲ့ ဝတ္ထုတို့သည် ရုပ်ကလာပ် မှုန့်ငယ်ကို အရင်းပြု၍ ဖြစ်ခြင်းတူကြသော်လည်း ရုပ်ကလာပ်မှုန့်ငယ် သဏ္ဌာန်ချင်းမတူကြ၊ အချို့၌ လူတို့ပဋိသန္ဓေ ရုပ်ကလာပ်မှုန့်ကဲ့သို့ အလုံး, တိရစ္ဆာန်တို့မှာလည်း အချို့အလုံးရှည်, အချို့ အလုံးဝိုင်း, သစ်ပင်ကျောက်ဓာတ်မျိုးတို့မှာ အချို့အလုံးရှည်, အချို့အလုံးဝိုင်း, အချို့ ခြောက်မြောင့်,အချို့ရှစ်မြောက် အစရှိသောသဏ္ဌာန် ဖြစ်ကြကုန်၏။

ဤသို့ ပဋိသန္ဓေဖြစ်ရင်း ရုပ်ကလာပ်မှုန့်၏ ပုံသဏ္ဌာန်ရုပ်ကို အတ္တဟုယူသောသူတို့က အဏုဟု ခေါ်ကုန်၏၊ ထိုသူတို့အယူ၌ လောကတွင်ရှိသမျှဝတ္ထုတို့သည် ပရမာဏုမြူကစ၍ ဖြစ်၏၊ ဤပရမာဏုမြူနှစ်ခုသည် အဏုမြူဖြစ်၏၊ ဤအဏုမြူသုံးခုသည် တဇ္ဇာရီဏုမြူ တခုဖြစ်၏၊ ဤသို့ အဏုမြူမှုန့်ငယ်စု၍ ဖြစ်ကြကုန်၏၊ဤသို့ဖြစ်ရာ ပျက်သည့်ကာလ ပရမာဏုမြူသို့ ကျလျှင်ရပ်သည်၊ပရမာဏုမြူကား နိစ္စ အမြဲဖြစ်၏၊ ပရမာ

ဏှူမှုအောက် ငယ်သောအစိတ်မရှိပြီဟူ၍ ယူ၏၊ ယခုအခါ သိုးဆောင်း လူမျိုးများလည်း ဤအတိုင်းပင် ယူကြ၏၊ ထို့ကြောင့် ရူပက္ခန္ဓာသည် ရေမြှုပ်နှင့်တူ၏ဟု—ဟောတော်မူလေသည်။

---

## ရုပ်ကလာပ်မှုန့်တို့၏ အနိစ္စ-ဒုက္ခ-အနတ္တသဘော

(၁) ရေမြှုပ်၌ အမြှုပ်ငယ်စု၍ ရေမြှုပ်ကြီး ဖြစ်သကဲ့သို့ ဤရုပ် အစု၌လည်း ရုပ်မှုန့်ငယ်စု၍ အစိုင်အခဲဖြစ်သည်။

(၂) ရေမြှုပ်၌ အနှစ်သာရမရှိသကဲ့သို့ ဤသက်ရှိသက်မဲ့ ရုပ် အစု၌လည်း တိတ္ထိတို့ ကြံဆအပ်သော မပျက်မစီး အမြဲတည် သော အတ္တဟူသော အနှစ်သည်မရှိ။

(၃) ရေမြှုပ်သည် တချို့ကြီးကြီး, တချို့ငယ်ငယ် ဖြစ်သကဲ့သို့ ဤရုပ်အစုသည်လည်း ယောနိ ဂတိသို့ လိုက်ပြီးလျှင် အကြီး အငယ် ဖြစ်၏။

(၄) ရေမြှုပ်၌ ရေပိုး,ရေမွှားတို့ ပုန်းအောင်းရာ ဖြစ်သကဲ့သို့ ဤသက်ရှိသက်မဲ့ ဝတ္ထု၌လည်း ပိုးလောက်တို့ ပုန်းအောင်း ရာ ဖြစ်၏။

(၅) ရေမြှုပ်သည် သမုဒ္ဒရာသို့ ရောက်လျှင် ပျက်သကဲ့သို့ ဤရုပ် အစုသည်လည်း အသက်တမ်းစေ့လျှင် ပျက်၏။

(၆) ရေမြှုပ်သည် သမုဒ္ဒရာသို့ မရောက်မီ ဖြစ်စ, ဖြစ်လယ်၌ပင် ပျက်သကဲ့သို့ ဤရုပ်အစုသည်လည်း ကလလမှစ၍ ဖြစ်စ, ဖြစ်လယ်၌သော်လည်း ပျက်စီးတတ်၏။

ဤရုပ်မှုန့်ငယ်တို့သည် စိတ်တဆဲ့ခုနစ်ချက်မျှလောက်တွင် ပျက်ရ ၏၊အကြောင်းအားလျော်စွာ အစဉ်မပြတ် ထပ်ကာထပ်ကာလည်းဖြစ် ၏၊ထို့ကြောင့် ဤရုပ်စု၏ ဖြစ်ခြင်း ပျက်ခြင်းသည် အလွန်လျင်မြန် သဖြင့် လျှပ်ပြက်သကဲ့သို့ဖြစ်၍ ပျက်၏၊ ထို့ကြောင့်—

(၁) အမြဲမတည် ကုန်ခန်း ပျက်စီးသော အနိစ္စသဘော,

(၂) ဆင်းရဲအတိ ဖြစ်သော ဒုက္ခသဘော,

(၃) အနှစ်သာရ မရှိသော အနတ္တသဘော—

ဖြစ်လေသတည်း။

## ပဋိသန္ဓေနေရသောဇာတိဒုက္ခ

ဤသို့ ဂဗ္ဘသေယျက သတ္တဝါတို့၏ ပဋိသန္ဓေ တည်ခြင်းသည် ကြာ တိုက်, ရတနာတိုက်, ကြက်သရေတိုက်တို့၌ ဖြစ်ရသည်မဟုတ်၊ စင်စစ် မူကား—အမိ၏ ကျင်ကြီးအိမ်အထက်၌ ထိုင်လျက် အစာသစ်အိမ်ကို ရှက်၍ ဝမ်းရေ ကျောက်ကုန်းတို့၏ အလယ်၌ ဘင်ပုပ်ငရဲ, လော ကန္တရိက် ငရဲသို့ရောက်သော သတ္တဝါကဲ့သို့ အမိုက်အတိ အပုပ်အတိ တို့ဖြင့် ပြည့်သော အလွန်စက်ဆုပ်ဘွယ် ရှိသော အမိဝမ်း၌ ကျင် ကြီးတွင်းတို့တွင် ဖြစ်သောလောက်ကဲ့သို့ အဘ၏သုက် အမိ၏ဥတု သွေးကို စွဲမှီ၍ အမိ၏ သားအိမ်တွင်း၌ ဖြစ်ရ၏၊ ဆယ်လတို့ပတ်လုံး အမိ၏ ကိုယ်ငွေ့ပူ, ဝမ်းမီးပူတို့ဖြင့် မုံ့ဖိုတွင်း၌ နှပ်ထားအပ်သော မုံ့ကဲ့ သို့ ချမ်းဧခြင်းကို စဉ်းငယ်မျှမရ၊ ကွေးခြင်း,ဆန့်ခြင်းကိုလည်း စဉ်း ငယ်မျှမရ၊ ပူလောင်လျက် အတိုင်းထက်အလွန် ဖြစ်သော ဆင်းရဲကို ခံ၍ တည်နေရ၏။

အမိသည် ခြေချော်သောအခါ, အိပ်ရာ၌ ပြောင်းလဲသောအခါ, သွားလာလုပ်ကိုင်သောအခါ, ဣရိယာပုထ် လေးပါးတို့၌ အလမ္ပာယ် လက်သို့ရောက်သောမြွေကဲ့သို့ ဆွဲငင်မြှောက်ယမ်း ခါတွက်ခြင်းဟူသော လွန်စွာသောဆင်းရဲကိုခံရ၏၊အမိသည် ဧးသောအရည်ကိုသောက်သော အခါ၌ သီတငရဲကို ကျသကဲ့သို့, ပူသော အရည် ယာဂု ထမင်း အစရှိ သည်ကို မျိုသောအခါ၌ မီးမိုးယ်း ရွာသကဲ့သို့, အချဉ် အစပ် အငန်တို့ ကို စားသောက်သောအခါ၌ ဓားဖြင့်ခွဲ၍ဆားရည် ပြုတ်ရည်တို့ဖြင့် ပက်သကဲ့သို့ ထက်သောဆင်းရဲကို ခံရ၏။

မဘွားနိုင်သောအခါ၌ ဖြတ်ခြင်း ခွဲခြင်း ဆင်းရဲကိုခံရ၏၊ အမိ၏ ကမ္မဇလေဖြင့် စောက်ထိုးလှည့်၍ ဘွားသောသူငယ်သည် အလွန် ကြောက်ဘွယ် ရှိသော နရက်ချောက်သို့ ကျသကဲ့သို့, သံကောက် ပေါက်၌ ဆင်ကိုသွင်း၍ နန်းဆွဲသကဲ့သို့, သင်္ဃာတတောင်ဖြင့် ညှပ်သော ငရဲသူကဲ့သို့ အမိယောနိမဂ်မှ ဘွားသောဆင်းရဲကိုခံရ၏။

အမာ၏ အသားနုကဲ့သို့ ဘွားစ သူငယ်တို့ကို ကိုင်ခြင်း,ရေချိုးခြင်း, အဝတ်ဖြင့် သုတ်ခြင်း အစရှိသည်တို့၌ အပ်, သင်ဓုန်းတို့ဖြင့် ထိုးဖြတ် သည်နှင့်တူသော ဆင်းရဲသည်ဖြစ်၏၊ ဤသို့အစရှိသော များစွာသော ဆင်းရဲတို့သည် ဖြစ်ကုန်၏။

ဤဆင်းရဲ အပေါင်းတို့သည် ပဋိသန္ဓေနေခြင်းကြောင့် ဖြစ်သော ဆင်းရဲခြင်း ဖြစ်သောကြောင့် သူတော်ကောင်းတို့သည် ပဋိသန္ဓေ တည်ခြင်း ဆင်းရဲကို အလွန်ကြောက်သဖြင့် မဂ် ဖိုလ်ကို အလျင်အမြန် ရအောင် အားထုတ်ကြ ကုန်သတည်း။

---

## ယောနိလေးပါးတို့၌သတ္တဝါဖြစ်ပုံ

ဂဗ္ဘသေယျက သတ္တဝါဟူသည်ကား– အမိဝမ်းတိုက် သားအိမ်ဟူသော ဇလာဗု၌ ဖြစ်သော ဇလာဗုဇသတ္တဝါ၊ အမိဝမ်းတိုက် ဥခွံတွင်း၌ဖြစ်သော အဏ္ဍဇသတ္တဝါ ဤယောနိနှစ်မျိုး၌ ဖြစ်သော သတ္တဝါနှစ်မျိုးတို့ကို ဆိုသည်။

သံသေဒဇ, ဩပပါတိက ယောနိနှစ်မျိုး၌ ဖြစ်သောသတ္တဝါဖြစ်ပုံကား....စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ဒသက ခုနစ်ခုတို့သည် ပဋိသန္ဓေစိတ်နှင့် အတူ ဖြစ်ကုန်၏၊ မျက်စိကဏ်းသော သံသေဒဇ, ဥပပါတ်တို့၌ စက္ခုဒသက မပါဘဲဖြစ်၏၊ နပုံးနှင့် ကမ္ဘာဦးသူတို့၌ ဘာဝဒသက မပါဘဲဖြစ်နိုင်၏၊ ရေညှိ, မစင်စသော အညစ် အကြေးတို့ကိုမှီ၍ မှက်,ခြင်အစရှိသော တိရစ္ဆာန်တို့သည် သံသေဒဇဖြစ်ကုန်၏။

နိရ္ဗာမ တကျိက ပြိတ္တာတို့သည် ဥပပါတ်ဖြစ်ကုန်၏၊ ကြွင်းသော ပြိတ္တာတို့နှင့် တိရစ္ဆာန်, လူ, ဘုမ္မစိုးနတ် တို့သည်ကား–ယောနိ နှစ်မျိုးလုံး၌ပင် ဖြစ်ကုန်၏၊ ငရဲ, စတုမဟာရာဇ်နတ်မှစ၍ အထက်နတ်တို့သည် ဥပပါတ်သာဖြစ်ကုန်၏၊ လူနှင့် ဘုမ္မစိုး နတ်တို့မူကား–ပဒုမ္မာကြာပွင့် စသည်တို့ကိုမှီ၍ သံသေဒဇဖြစ်ကုန်၏၊ ဖြစ်ရာ၌လည်း နို့စို့သူငယ်မျှသာ ဖြစ်ကုန်၏၊ ဥပပါတ်မူကား–တဆဲ့ခြောက်နှစ်အရွယ်, တဆဲ့ငါးနှစ်အရွယ် ဖြစ်ကုန်၏၊ ရုပ်ကလာပ်ရပုံချင်းကား–တူကြကုန်၏၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ယောနိလေးပါးတို့၌ သတ္တဝါတို့ဖြစ်ပုံကို မှတ်အပ်၏။

ပဋိသန္ဓေပြဆိုခဏ်း ပြီး၏။

---

# သီလက္ခန္ဓစသည်ပြဆိုခန်း

## သာသနာပ၌ ကာယဂတာသတိကမ္မဋ္ဌာန်းမထင်နိုင်

ဤသို့ အမိဝမ်းတွင်းမှ စ၍ဖြစ်သော ဆံ, အမွေး အစရှိသော ကောဋ္ဌာသတို့ကို သာသနာတော်မှ အပဖြစ်သော ရသေ့, ပုဏ္ဏား, ကုလား ဆေးကျမ်း ဆရာတို့သည် အတော်အသင့် သိကြငြားသော်လည်း ဆေးကုရန်ဘို့ကိုသာ သိကြကုန်၏၊ ကမ္မဋ္ဌာန်း အဖြစ်ဖြင့် မဂ်ဖိုလ်ရကြောင်း အဖြစ်ကို မသိကြကုန်၊ မြတ်စွာဘုရား သခင်သည် ကမ္မဋ္ဌာန်းအဖြစ်ဖြင့် သတိပဋ္ဌာန်အစရှိသော ပါဠိတော်တို့၌ ဟောတော်မူသောကြောင့်သာ သိကြရသည်၊ သို့ဖြစ်၍ ကသိုဏ်းဆယ်ပါး စသော ကမ္မဋ္ဌာန်းတို့ကဲ့သို့ သာသနာတော်မှ အပဖြစ်သော သူတို့ ကမ္မဋ္ဌာန်းမှန်း မသိနိုင်၊ သာသနာတော်ကို ကြည်ညိုယုံကြည်သောသူတို့သာ သိနိုင်၍ စီးဖြန်းပွားများနိုင်သော ကမ္မဋ္ဌာန်းဖြစ်သောကြောင့် ဤကာယဂတာ သတိကမ္မဋ္ဌာန်း၏ အကျိုးကို ဧကနိပါတ် အင်္ဂုတ္တရပါဠိတော်၌ အကြိမ်များစွာ အထပ်ထပ် ဟောတော်မူလေ သတည်း၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌—

အညတြ ဗုဒ္ဓုပ္ပါဒါ အပဝတ္တပုဗ္ဗံ၊ သဗ္ဗတိတ္ထိယာနံ အဝိသယ ဘူတံ။ ။ဟု မိန့်အပ်ပြီ။

မြတ်စွာဘုရားဖြစ်တော်မူသောအခါကို ကင်း၍ မဖြစ်စဘူး၊ တိတ္ထိတို့၏ အရာမဟုတ်သော ကမ္မဋ္ဌာန်း ဟူလို။ ။ဋီကာ၌လည်း—

ကာမံ ဗာဟိရကာပိ ကေစိ ကေသာဒိ ကောဋ္ဌာသေ ပရိဂ္ဂဏှန္တိ၊ ယထာ ပန ဝိပဿနာ ကမ္မဋ္ဌာနံ နာမ ဟောတိ၊ ဧဝံ အနုပ္ပန္နပုဗ္ဗံ မေဝ အညတြ ဗုဒ္ဓုပ္ပါဒါ၊ တတ္ထ စ ဝတ္တံ အညတြ ဗုဒ္ဓုပ္ပါဒါတိအာဒိ။ ။ဟု မိန့်အပ်ပြီ။

အဓိပ္ပါယ်ကား— သာသနာတော်မှအပ ဘုရားအလောင်းတော် ရသေ့, ရဟန်းတို့သည် ဆံ, အမွေးစသည်တို့ကို မတင့်တယ်သော အသုဘအဖြစ်ဖြင့် အကယ်၍သိကြငြားသော်လည်း ကမ္မဋ္ဌာန်းအဖြစ်ဖြင့် မသိကြကုန်၊ ထို့ကြောင့် ဘုရားဖြစ်တော်မူသော အခါကို ကင်း၍ ဖြစ်သော ကမ္မဋ္ဌာန်းမဟုတ်၊ ဤသို့ အစရှိသောစကားကို အဋ္ဌကထာ ဆရာတို့ ဆိုသည်ဟူလို။

---

## အဘယ်သူတကျော့မြေးကိုပယ်နိုင်သနည်းဟုမေးပုံ

"ကောယနော အယံ ဘိက္ခဝေ မဂ္ဂေါ သတ္တာနံ ဝိသုဒ္ဓိယာ" ဟူ၍ ဟောတော်မူသောကြောင့် နိဗ္ဗာန်ရကြောင်း လမ်းခရီးသည်ကား— ဤမဂ္ဂင်ရှစ်ပါး တခုတည်းသာရှိသည် ဟူ၍ မြဲမြဲ မှတ်အပ်သည်၊ ထို့ကြောင့် နိဗ္ဗာန်ကိုရလိုသောသူသည် ဤကာယဂတာ သတိ အစရှိသော မဂ္ဂင်ရှစ်ပါးကို ပွားများရမည်၊ အကြိမ်များစွာပြုရမည်၊ပွားများရမည် ဆိုသော်လည်း သတိပဋ္ဌာန်အစရှိသော ပါဠိတော်၌ ဟောတော်မူအပ်သော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ အစရှိသော အစဉ်သည် နိဗ္ဗာန်ကို ရအောင် ကျင့်ဆောင်ရန် အစဉ်မဟုတ်၊ဟောတော်မူသော ဒေသနာတော်အစဉ်ဖြစ်၍ ဤသတိပဋ္ဌာန်အစရှိသော ပါဠိတော်၌ လာသည့် အစဉ်အတိုင်း မကျင့်ဆောင်နိုင်၊ထို့ကြောင့် တကျော့ရာဂကုန်၍ နိဗ္ဗာန်ကိုရအောင် ကျင့်ဆောင်ရန်အစဉ်ကို သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် ညဉ့်သန်းခေါင်အခါ၌ဝယ် နတ်သားတယောက်သည် မြတ်စွာဘုရားအား—

> အန္တော ဇဋာ ဗဟိ ဇဋာ၊ ဇဋာယ ဇဋိတာ ပဇာ။
> တံ တံ ဂေါတမ ပုစ္ဆာမိ၊ ကော ဣမံ ဝိဇဋယေ ဇဋံ။ ။

ဟူ၍ မေးလျှောက်လေ၏။

ဂေါတမ၊ ဂေါတမအနွယ် ဖြစ်တော်မူသော မြတ်စွာဘုရား။ ယာ တကျော့၊ အကြင်တကျော့သည်။ အန္တော ဇဋာ၊ စက္ခုစသော အဇ္ဈတ္တာယတန ခြောက်ပါး၌ မြေးရှက်တတ်၏။ ဗဟိ ဇဋာ၊ ရူပါရုံစသော ဗာဟိရာယတနခြောက်ပါး၌ မြေးရှက်တတ်၏။ ဇဋာယ၊ တကျော့သည်။ ပဇာ၊ သတ္တဝါအပေါင်းကို။ ဇဋိတာ၊ မြေးရှက်ဖုံးရုံ ခေါင်းမြီးခြုံအပ်၏။ တံ၊ ထို့ကြောင့်။ တံ၊ အရှင်ဘုရားကို။ ပုစ္ဆာမိ၊ မေးလျှောက်ပါ၏။ ကော၊ အဘယ်တရားကို ကျင့်သောသူသည်။ ဣမံဇဋံ၊ဤမြေးရှက်ဖုံးရုံခေါင်းမြီး ခြုံတတ်သော တကျော့ကို။ ဝိဇဋယေ၊ ပယ်ခွာဘွင့်လှစ် စွန့်ပစ် နိုင်ပါမည်နည်း။

---

## ဤသူ တဏှာမြေးကို ဖယ်နိုင်သည်ဟု ဖြေပုံ

ဤအမေးကို ဖြေတော်မူလိုသော မြတ်စွာဘုရားသည်—

သီလေ ပတိဋ္ဌာယ နရော သပ္ပညော၊
စိတ္တံ ပညဉ္စ ဘာဝယံ။
အာတာပီ နိပကော ဘိက္ခု၊
သော ဣမံ ဝိဇဋယေ ဇဋံ။ ။

ဟူသောဂါထာကို ဟောတော်မူ၏။

သပ္ပညော၊တိဟိတ်ပဋိသန္ဓေ ပညာရှိသော။ နိပကော၊ အယုတ်ဆုံးအားဖြင့် စီးဖြန်းလိုသော ကမ္မဋ္ဌာန်းကို ကောင်းစွာသိသော ပညာရှိသော။ဘိက္ခု၊ သံသရာကို ဘေးဟုရှုတတ်သော။ အာတာပီ၊သမ္မပ္ပဓာန်ဝီရိယရှိသော။ ယော နရော၊ အကြင် တစုံတယောက်သော သူသည်။ သီလေ၊ဝိရတီသီလ၌။ ပတိဋ္ဌာယ၊ ရပ်တည်၍။စိတ္တံ၊ ကမ္မဋ္ဌာန်းလေးဆယ်တို့တွင် တခုခုသော ကမ္မဋ္ဌာန်းဟူသော သမာဓိကိုရင်း။ပညဉ္စ၊ ဝိပဿနာပညာကိုရင်း။ ဘာဝယံ၊ ပွားများစီးဖြန်းသော။သော နရော၊ ထိုသူသည်။ဣမံ ဇဋံ၊ ဤမြေးရှက်ဖုံးရုံ ခေါင်းမြီးခြုံတတ်သော တဏှာကို။ ဝိဇဋယေ၊ ဖယ်ခွာဘွင့်လှစ် စွန့်ပစ်နိုင်၏။

ဤပါဠိတော်ကို ထောက်၍ တိဟိတ်ပုဂ္ဂိုလ်ဖြစ်လျှင် ဤဘဝတွင်ပင် မဂ်ဖိုလ်ကိုရအောင် ကျင့်ဆောင်နိုင်ကြောင်းကို သိသာ၏။

ပါဠိတော်၌ ပဓာနိယအင်္ဂါများလည်း ပါသည်၊ ဤပါဠိတော်တွင် ဟောတော်မူသည်ကား—မဂ္ဂင်ရှစ်ပါးကို နိဗ္ဗာန်ရအောင်ကျင့်ဆောင်ရန် အစဉ်အတိုင်း ထား၍ ဟောတော်မူခြင်းတည်း။

---

## သီလ,သမာဓိ,ပညာ၌ မဂ္ဂင် ၈-ပါးဝင်ပုံ

ဤပါဠိတော်တွင် ဟောတော်မူသော သီလ,သမာဓိ,ပညာ ဂုဏ်သုံးပါးတို့၌ မဂ္ဂင်ရှစ်ပါးတို့သည် ထိုက်သည်အားလျော်စွာ ဝင်လေကုန်၏၊ ထို့ကြောင့်—

တီဟိ စ ခေါ အာဝုသော ဝိသာခ ခန္ဓေဟိ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ သင်္ဂဟိတော။

ယာစာဝုသော ဝိသာခ သမ္မာဝါစာ၊ ယောစ သမ္မာကမ္မန္တော၊ ယောစ သမ္မာအာဇီဝေါ၊ ဣမေ ဓမ္မာ သီလက္ခန္ဓေ သင်္ဂဟိတာ။

ယောစ သမ္မာဝါယာမော၊ ယာစ သမ္မာသတိ၊ ယောစ သမ္မာသမာဓိ၊ ဣမေ ဓမ္မာ သမာဓိက္ခန္ဓေ သင်္ဂဟိတာ။

ယာစ သမ္မာဒိဋ္ဌိ၊ ယောစ သမ္မာသင်္ကပ္ပေါ၊ ဣမေ ဓမ္မာ ပညာက္ခန္ဓေ သင်္ဂဟိတာတိ။

အာဝုသော ဝိသာခ၊ တကာ ဝိသာခ။ အရိယော၊ မြတ်သော။ အဋ္ဌင်္ဂိကော၊ အင်္ဂါရှစ်ပါးရှိသော။ မဂ္ဂေါ၊ မဂ်ကို။ ခေါ၊ ကေန်။ တီဟိ ခန္ဓေဟိ၊ သုံးပါးသောဂုဏ်တို့ဖြင့်။ သင်္ဂဟိတော၊ ပေါင်းရုံးရေတွက်အပ်၏။

အာဝုသော ဝိသာခ၊ တကာ ဝိသာခ။ ယာစ သမ္မာဝါစာ၊ အကြင် သမ္မာဝါစာရင်း။ ယောစ သမ္မာကမ္မန္တော၊ အကြင်သမ္မာကမ္မန္တရင်း။ ယောစ သမ္မာအာဇီဝေါ၊ အကြင်သမ္မာအာဇီဝရင်း။ ဣမေ ဓမ္မာ၊ ဤမဂ္ဂင် သုံးပါးတို့ကို။ သီလက္ခန္ဓေ၊ သီလဂုဏ်ဖြင့်။သင်္ဂဟိတာ၊ ပေါင်းရုံးရေတွက်အပ်ကုန်၏။

ယောစ သမ္မာဝါယာမော၊ အကြင် သမ္မာဝါယာမရင်း။ ယာစ သမ္မာသတိ၊ အကြင်သမ္မာသတိရင်း။ ယောစ သမ္မာသမာဓိ၊ အကြင် သမ္မာသမာဓိရင်း။ ဣမေ ဓမ္မာ၊ ဤတရားတို့ကို။ သမာဓိက္ခန္ဓေ၊ သမာဓိဂုဏ်ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။

ယာစ သမ္မာဒိဋ္ဌိ၊ အကြင်သမ္မာဒိဋ္ဌိရင်း။ ယောစ သမ္မာသင်္ကပ္ပေါ၊ အကြင်သမ္မာသင်္ကပ္ပရင်း။ဣမေ ဓမ္မာ၊ဤမဂ္ဂင် နှစ်ပါးတို့ကို။ပညာက္ခန္ဓေ၊ ပညာဂုဏ်ဖြင့်။ သင်္ဂဟိတာ၊ ကုန်၏။ ဣတိ၊ ဤသို့မှတ်အပ်၏။

ဤအရာ၌ ခန္ဓသဒ္ဒါ ဂုဏ်ဟောမှတ်ရမည်၊ ဤသို့ မူလပဏ္ဏာသ စူဠဝေဒလ္လသုတ်တွင် ဟောတော်မူသည်။

---

## စေတနာသီလနှင့် ဝိရတီသီလ

သီလဟူသည် အဘယ်နည်းဟူမူကား— ဝိရတီစေတသိက် သုံးခု အစရှိသော တရားသည် သီလမည်၏၊ ထို့ကြောင့် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၌—

ကိံ သီလန္တိ စေတနာ သီလံ၊ စေတသိကံ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။ ။ဟူ၍ရှင်း။

ပဉ္စသီလာနိ ပါဏာတိပါတဿ ပဟာနံ သီလံ၊ ဝေရမဏီ သီလံ၊ စေတနာ သီလံ၊ သံဝရော သီလံ၊ အဝီတိက္ကမော သီလံ။ ။ဟူ၍ရှင်း။ အရှင်သာရိပုတ္တရာဟောတော်မူသည်။

အနက်ကား။ ။သီလံ၊ သီလဟူသည်။ ကိံ၊ အဘယ်တရားနည်း။ ဣတိ၊ ဤအမေး၌။ စေတနာ၊ စေတနာစေတသိက်သည်။ သီလံ၊ သီလမည်၏။ စေတသိကံ၊ စေတနာစေတသိက်နှင့်အတူ ဖြစ်ဘက်စေတသိက်စုသည်။ သီလံ၊ သီလမည်၏။သံဝရော၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မိစ္ဆာအာဇီဝတို့ မဖြစ်ရအောင် ကြဉ်ရှောင်စောင့်စည်းခြင်း ဝိရတီစေတသိက်သုံးခုသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ ဒုစရိုက်တို့ကို မလွန်မကျူးအောင် ကြဉ်ရှောင်စောင့်စည်းခြင်း ဝိရတီစေတသိက်သုံးခုသည်။ သီလံ၊ သီလမည်၏။

ပဉ္စသီလာနိ၊ ငါးပါးသီလတို့ကား။ ပါဏာတိပါတဿ၊သူ၏အသက်ကိုသတ်ခြင်း၏။ ပဟာနံ၊ပယ်စွန့်ခြင်း ဝိရတီစေတသိက်သုံးခုသည်။သီလံ၊ သီလမည်၏။ ဝေရမဏီ၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မိစ္ဆာအာဇီဝတို့မှ ကြဉ်ရှောင်ခြင်း ဝိရတီစေတသိက်သုံးခုသည်။ သီလံ၊ သီလမည်၏။ စေတနာ၊ ကျင့်ဝတ်ပဋိပတ်ကို ဖြည့်ကျင့်သောသူ၏ စေတနာစေတသိက်သည်။ သီလံ၊သီလမည်၏။ သံဝရော၊ ကာယဒုစရိုက်၊ ဝစီဒုစရိုက်၊ မိစ္ဆာအာဇီဝတို့ မဖြစ်ရအောင် ကြဉ်ရှောင်စောင့်စည်းခြင်း ဝိရတီစေတသိက်သုံးခုသည်။ သီလံ၊ သီလမည်၏။ အဝီတိက္ကမော၊ ဒုစရိုက်တို့ကို မလွန်မကျူးအောင်ကြဉ်ရှောင်စောင့်စည်းခြင်း ဝိရတီစေတသိက်သုံးခုသည်။ သီလံ၊ သီလမည်၏။

---

ဝိရတီ ၃-ခု

ဤသို့သီလတို့တွင် မဂ္ဂင်ရှစ်ပါးအရာ၌—

(၁) ဝစီဒုစရိုက်လေးပါးမှ ကြဉ်ရှောင်ခြင်း—သမ္မာဝါစာ၊

(၂) ကာယဒုစရိုက်သုံးပါးမှ ကြဉ်ရှောင်ခြင်း—သမ္မာကမ္မန္တ၊

(၃) ဤဒုစရိုက်တို့ကို အသက်မွေးရန် ဥစ္စာ ပစ္စည်းရကြောင်း အသက်သေမည့် အကြောင်းတို့ကြောင့်သော်လည်း မပြုမကျင့်, ယုတ်မာသောအသက်မွေးခြင်း မိစ္ဆာအာဇီဝမှ ကြဉ်ရှောင်ခြင်း—သမ္မာအာဇီဝ၊

ဤဝိရတီစေတသိက်သုံးခုသည် သီလဖြစ်၍ သီလက္ခန္ဓဖြင့် ပေါင်းရုံးရေတွက်အပ်သတည်း။

ကြွင်းသော စေတသိက်တို့မှုကား-အပ္ပမာဏဖြစ်၏၊ စေတနာ စေတသိက်ဟူသောသီလမှုကား-ဝဋ်ဆင်းမှ ထွက်မြောက်ကြောင်း, နိဗ္ဗာန်ရောက်ကြောင်း တိုက်ရိုက်မဟုတ်သောကြောင့် မဂ္ဂင်ရှစ်ပါး၌ မပါမဝင်၊ မဂ် ဖိုလ်ရကြောင်းသီလ၌မသွင်းအပ်။

## စာရိတ္တသီလနှင့်ဝါရိတ္တသီလ

သီလသည် ဤပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ လာသည်ကို ယောက်၍ ဘုရား စသော သူတော်ကောင်းတို့က ပြုကျင့်ရမည် ဟောပြသည့်အတိုင်း ဆရာ့ဝတ်, တပည့်ဝတ်, ကျွန်ဝတ်, သခင့်ဝတ်,လင့်ဝတ်,မယားဝတ် အစရှိသော သိင်္ဂါလသုတ် စသည်တို့၌ ဟောတော်မူအပ်သော လူတို့ကျင့်ဆောင်အပ်သောဝတ် အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ ကုသိုလ်တို့သည်၎င်း၊ ရဟန်း, သာမဏေတို့၌ သေခိယဝတ်စသည်တို့သည်၎င်း စာရိတ္တသီလမည်၏၊ ဒါနသည်လည်း ပေးကမ်းလှူဒါန်းမြဲ အမျိုးကျင့်ဝတ် ရှိပေသည်ဟု ပေးကမ်းလှူဒါန်းမှု-စာရိတ္တသီလမည်၏။

ဘုရားအစရှိသော သူတော်ကောင်းတို့က ကြဉ်ရှောင်ရမည် ဟောပြောသည့်အတိုင်း ဝစီဒုစရိုက်, ကာယဒုစရိုက်, မိစ္ဆာအာဇီဝတို့မှ ကြဉ်ရှောင်ခြင်းသည် ဝါရိတ္တသီလမည်၏၊ ဤသို့ သီလနှစ်မျိုးဖြစ်၏။

## စာရိတ္တသီလသည် နိဗ္ဗာန်ရကြောင်းမဟုတ် ပဋိစ္စသမုပ္ပါဒ်အင်္ဂါသာဖြစ်ခြင်း

ဤစာရိတ္တသီလ, ဝါရိတ္တသီလနှစ်မျိုးတို့တွင် စေတနာ စေတသိက်သည် စာရိတ္တသီလမည်၏၊ ပါဏာတိပါတစသော ဒုစရိုက်အကုသိုလ်စုနှင့် ဒါနကုသိုလ်တို့သည်လည်း စေတနာ စေတသိက်ချည်း ဖြစ်ကြ

ကုန်၏၊ ရူပါဝစရဈာန်, အရူပါဝစရဈာန် ကုသိုလ်တို့ သည်လည်း စေတနာစေတသိက်ပင် ဖြစ်၏။

ထိုစေတနာစေတသိက်သည် သံသရာစက်ဟူသော ပဋိစ္စသမုပ္ပါဒ်၌ ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အနေဉ္စာဘိသင်္ခါရဟူသော အင်္ဂါတပါးဖြစ်၏၊ ထိုစေတနာဟူသောသင်္ခါရဖြစ်ကြောင်းကား—အဝိဇ္ဇာဖြစ်၏၊ ထိုသင်္ခါရဖြစ်လျှင် ဘဝသစ်၌ ပဋိသန္ဓေ ဝိညာဉ်ဟူသော အကျိုးကိုလည်း ရ၏၊ သံသရာစက် ဖြစ်လျက် လည်လေ၏။

ထို့ကြောင့် သံသရာစက်မှ ထွက်မြောက်ကြောင်း တရားတော် ဖြစ်သော မဂ္ဂင်ရှစ်ပါး၌ ဟောတော်မမူလေ သတည်း၊ သံသရာစက်မှ ထွက်မြောက်ကြောင်းသီလကို အရကောက်ရာ၌လည်း မကောက်ရ လေသတည်း။

ဤစေတနာဖြစ်သော ကုသိုလ် အကုသိုလ်ကံကို ရဲရဲညီးသော သေရာသေကြောင်း မီးခဲတွင်းကြီးနှင့်အတူ သံသရာစက်မှ ထွက်မြောက် လိုသောသူတို့ မှတ်အပ်၏၊ ထို့ကြောင့်—

ကထဉ္စ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗော။သေယျထာပိ ဘိက္ခဝေ အင်္ဂါရကာသု သာဓိကပေါရိသာ ပုဏ္ဏာ အင်္ဂါရာနံ ဝီတစ္စိကာနံ ဝီတဓူမာနံ၊ အထ ပုရိသော အာဂစ္ဆေယျ ဇီဝိတုကာမော အမရိတုကာမော သုခကာမော ဒုက္ခ-ပဋိက္ကူလော၊ တမေနံ ဒွေ့ ဗလဝန္တော ပုရိသာ နာနာဗာ-ဟာသု ဂဟေတွာ တံ အင်္ဂါရကာသုံ ဥပကဍ္ဎေယျုံ။

အထခေါ ဘိက္ခဝေ တဿ ပုရိသဿ အာရကာဝဿ စေတနာ၊ အာရကာ ပတ္ထနာ၊ အာရကာ ပဏိဓိ။ တံ ကိဿ ဟေတု၊ ဧဝဉှိ ဘိက္ခဝေ တဿ ပုရိသဿ ဟောတိ “ဣမံ စာဟံ အင်္ဂါရကာသုံ ပပတိဿာမိ၊ တတောနိဒါနံ မရဏံဝါ နိဂစ္ဆာမိ မရဏမတ္တံဝါ ဒုက္ခ”န္တိ။ ဧဝမေဝါဟံ ဘိက္ခဝေ မနောသဉ္စေတနာဟာရော ဒဋ္ဌဗ္ဗောတိ ဝဒါမိ။ ။

ဟူ၍ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်တွင် ဟောတော်မူသည်။

ဘိက္ခဝေ၊ရဟန်းတို့။ကထဉ္စ၊အသို့လျှင်။ မနောသဉ္စေတနာဟာရော၊ စေတနာ သဘောရှိသော ကုသိုလ်,အကုသိုလ်ကံကို။ ဒဋ္ဌဗ္ဗော၊မှတ်အပ်,ရှုအပ်သနည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ဝိတစ္စိကာနံ၊အတောက်အလျှံ မရှိကုန်သော။ ဝိတဓူမာနံ၊အခိုးမရှိကုန်သော။အင်္ဂါရာနံ၊မီးခဲတို့ဖြင့်။ပုဏ္ဏာ၊ပြည့်သော။သာဓိကပေါရိသာ၊တသူကျော် နက်သော။ အင်္ဂါရကာသု၊ မီးခဲတွင်းသည်။ ဘဝေယျ၊ရှိသည်ဖြစ်ရာ၏။

အထ၊ထိုမီးခဲတွင်းရှိသောအခါ၌။ ဒုက္ခပဋိက္ကူလော၊ ဆင်းရဲကိုစက်ဆုပ်သော။ သုခကာမော၊ ချမ်းသာကို လိုသော။ အမရိတုကာမော၊ မသေလိုသော။ ဇီဝိတုကာမော၊ အသက်ရှင်လိုသော။ ပုရိသော၊ ယောကျ်ားသည်။ အာဂစ္ဆေယျ၊ ဤတသူကျော်နက်သော မီးခဲတွင်းကြီးနားသို့လာရာ၏။ တမေနံ၊ ထိုလာသောယောကျ်ားကို။ဗလဝန္တော၊ အားကြီးကုန်သော။ ဒွေပုရိသာ၊ယောကျ်ားနှစ်ယောက်တို့သည်။နာနာဗာဟာသု၊ လက်မောင်းနှစ်ခုတို့၌။ ဂဟေတွာ၊ကိုင်၍။ တံအင်္ဂါရကာသုံ၊ ထိုတသူကျော်နက်သော မီးခဲတွင်းကြီးသို့။ ဥပကစ္ဆေယျုံ၊ ညွှပ်၍ဆွဲငင်ကုန်ငြားအံ့။

ဘိက္ခဝေ၊ရဟန်းတို့။ အထခေါ၊ စင်စစ်။တဿပုရိသဿ၊ ထိုအသက်ရှင်လိုသော ယောကျ်ား၏။ စေတနာ၊လိုက်လိုသော စေတနာသည်။ အာရကာဝ၊ ဝေးသည်သာလျှင်။အဿ၊ဖြစ်ရာ၏။ ပတ္ထနာ၊ မီးခဲတွင်းသို့ကျအောင် တောင့်တခြင်းသည်။ အာရကာဝ၊ ဝေးသည်သာလျှင်တည်း။ ပဏိဓိ၊မီးခဲတွင်းသို့ ကျအောင် ဆုတောင်းခြင်းသည်။ အာရကာဝ၊ ဝေးသည်သာလျှင်တည်း။

ဘိက္ခဝေ၊ရဟန်းတို့။တံ၊ထိုမီးခဲတွင်းကို မကျလိုခြင်းသည်။ ကိဿဟေတု၊ အဘယ် အကြောင်းကြောင့်နည်း ဟူမူကား။ဟိ၊ဧကန်။တဿပုရိသဿ၊ ထိုအသက်ရှင်လိုသော ယောကျ်ား၏။ ဧဝံ၊ ဤသို့ ဟောလတ့ံသောအတိုင်း။ စိတ္တံ၊ စိတ်သည်။ဟောတိ၊ဖြစ်၏။ အဟံ၊ ငါသည်။ ဣမံ အင်္ဂါရကာသုံ၊ ဤမီးခဲတွင်းကြီးထဲသို့။ စေ ပပတိဿာမိ၊ အကယ်၍ကျငြားအံ့။တတောနိဒါနံ၊ ထိုမီးခဲတွင်းကြီးထဲသို့ ကျသောကြောင့်။ မရဏံဝါ၊ သေခြင်းသို့မူလည်း။ နိဂစ္ဆာမိ၊ ရောက်ပါလိမ့်မည်တကား။

မရဏမတ္တံ၊ သေလောက်သော။ ဒုက္ခံဝါ၊ ဆင်းရဲခြင်းသို့ မူလည်း။ နိဂစ္ဆာမိ၊ ရောက်ပါလိမ့်မည်တကား။ ဣတိ၊ ဤသို့သော စိတ်သည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ခေါ၊စင်စစ်။ အယံမနောသဥ္စေတနာဟာရော၊ ဤစေတနာသဘောရှိသော ကုသိုလ်ကံ, အကုသိုလ်ကံ အာဟာရကို။ ဝေမေဝ၊ ဤအသက်ရှင်လိုသောသူ ကျမည်ကို ကြောက်သော မီးခဲတွင်းကြီးနှင့် အတူသာလျှင်။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်, ရှုအပ်၏။ ဣတိ၊ ဤသို့။အဟံ၊ငါဘုရားသည်။ဝဒါမိ၊ဟောတော်မူ၏။

ဤသို့ စာရိတ္တကုသိုလ်နှင့်ဒါနကုသိုလ်, ဒုစရိုက်အကုသိုလ်,ရူပ အရူပ ဈာန် ကုသိုလ်တို့သည် သံသရာစက် ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါတပါးဖြစ်သောကြောင့် သံသရာစက်မှ ထွက်မြောက်လိုသောသူသည် ဝေးစွာ ကြဉ်ရှောင်၍ မဂ္ဂင်သုံးပါးဖြစ်သော ဝိရတီသီလဥ္စ ရပ်တည်ပြီးလျှင် သမာဓိရအောင် တစုံတခု ကမ္မဋ္ဌာန်းကိုစီးဖြန်း၍ ဝိပဿနာဉာဏ်ဖြစ်အောင် ပြုလုပ်ရမည်–ဟု နိဗ္ဗာန်ရောက်ကြောင်းကို အကျဉ်းအားဖြင့် မှတ်အပ်သည်။

---

## သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ
## တရား ၃–ပါး သီလက္ခန္ဓဝင်ခြင်း

ဤဝိရတီသီလသုံးခုတို့တွင် သမ္မာဝါစာဟူရာ၌ ဝါစာသဒ္ဒါ စကားကိုမဟော မုသာဝါဒစသော မိစ္ဆာဝါစာ စေတနာကံမှ ကြဉ်ရှောင်ခြင်းကို ဟောသည်ဟု–မှတ်ရမည်။

ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊သာဓု သဗ္ဗတ္ထ သံဝရော။ ။

ဟူသော ပါဠိတော်၌–

ဝါစာသဒ္ဒါသည် ဝစီဝိညတ်ရုပ်ဟူသော ဝစီဒွါရကိုဟောသည်။ ။ ဝါစာ ဂိရာ ဗျပ္ပထော–ဤသို့စသော ပါဠိတော်တို့၌ ဝါစာသဒ္ဒါ ပြောဆိုသောစကားကို ဟောသည်၊ပိသုဏာဝါစာ,ဖရုသဝါစာ–ဟူသောပါဠိတော်၌ ဝါစာသဒ္ဒါ ဝစီဒုစရိုက် အကုသိုလ်စေတနာကို ဟောသည်၊ ထို့ကြောင့်–

(၁) သမ္မာဝါစာ—ဟူသည်ကား ကောင်းသော စကားကို ပြော ဆိုခြင်း, တရားဟောပြောခြင်းများကို မမှတ်နှင့်၊ မုသာ ဝါဒစသော ဝစီဒုစရိုက်လေးပါးတို့မှ ကြဉ်ရှောင်စောင့် စည်း၍ ဆိတ်ဆိတ်နေခြင်းကို သမ္မာဝါစာဟုမှတ်၊ကောင်း သောစကားကို ပြောဆိုခြင်း, တရားဟောခြင်းကိုမူကား ဓမ္မဒေသနာဟူ၍သာ မှတ်။

(၂) သမ္မာကမ္မန္တ—ဟူသည်လည်း ဘုရားရှိခိုးခြင်း,ရတနာသုံးပါး ဆရာ မိဘတို့၏ အမှုကြီးငယ် တည်းဟူသော ကောင်း သောအမှုကိုပြုခြင်းဟု မမှတ်နှင့်၊ ပါဏာတိပါတ စသော ကာယဒုစရိုက် အကုသိုလ်စေတနာသုံးခုတို့မှ ကြဉ်ရှောင် စောင့်စည်း၍ ငြိမ်သက်စွာနေခြင်းကိုသမ္မာကမ္မန္တ ဟူ၍မှတ်၊ ကောင်းသောအမှုကြီးငယ် ရွက်ဆောင်ခြင်းကို ဝေယျာဝစ္စ ကုသိုလ်ဟူ၍သာ မှတ်။

(၃) သမ္မာအာဇီဝ— ဟူသည်လည်း တရားသဖြင့် ဥစ္စာရှာ၍ အသက်မွေးခြင်းဟုမမှတ်နှင့်၊ ကာယဒုစရိုက်, ဝစီဒုစရိုက် အကုသိုလ် စေတနာ ခုနစ်ခုတို့ကို အသက်မွေးကြောင်း, အသက်သေမည့်အကြောင်းကြောင့်လည်း မပြုကျင့် ကြဉ် ရှောင်၍ ငြိမ်သက်စွာနေခြင်းဟု မှတ်၊တရားသဖြင့် ဥစ္စာ ရှာ၍ အသက်မွေးခြင်းကိုမူကား လောကီသမ္မာဝါယာမ ဆိုသင့်ယောင်ရှိ၏၊ သို့ရာတွင် မုချမူကား တဏှာမူလက တရားပင်ဖြစ်၏။

အပစာယန, ဝေယျာဝစ္စ,ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မ ဒေသနာကုသိုလ်စုကား စာရိတ္တသီလဖြစ်၍ စေတနာ ကုသိုလ်ချည်း ဖြစ်ကြသောကြောင့် ပဋိစ္စသမုပ္ပါဒ် သံသရာစက် အင်္ဂါတွင် အပါအဝင် ဖြစ်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် မဟာကဿပမထေရ် သည် ညီတော်အာနန္ဒာကို“ငါ့ရှင်....ရဟန္တာကြီးတို့သည် ရာဇဂြိုဟ်ပြည် ၌ ဝါကပ်၍ ပိဋကတ်သုံးပုံကို သင်္ဂါယနာတင်ကုန်အံ့၊သင်သည် တောသို့ ဝင်၍ အထက်မဂ်သုံးပါးအကျိုးငှာ လုံ့လထုတ်ချေ”ဟု စေခိုင်း၏၊

ထိုအာနန္ဒာမထေရ်သည် သပိတ်သက်န်းကိုယူ၍ ကောသလတိုင်း တခု သောတောအုပ်၌ နေ၍ ရွာသို့ဝင်လျှင် လူတို့သည် အာနန္ဒာထေရ်ကို မြင်၍—

အရှင်အာနန္ဒာ....ရှေးအခါ အရှင်တို့သည် မြတ်စွာဘုရားနှင့် အတူတကွ လာကြကုန်၏၊ယခု တယောက်ထီးထီး လာကုန်၏၊ အဘယ်၌ မြတ်စွာဘုရားကိုထား၍ လာကုန်သနည်း၊ ယခုအခါ အဘယ်သူ၏ သပိတ်သက်န်းကိုယူ၍ လှည့်လည်ကုန်သနည်း၊ အဘယ်သူအား မျက်သစ်ဒန်ပူ ကပ်ကုန်သနည်း၊ ပရိဝုဏ်ကို တံမြက်လှည်းကုန်သနည်း၊ ဝတ်ပဋိပတ်ကို ပြုကုန်သနည်း။

ဤသို့ များစွာဆို၍ငိုကြွေးကြကုန်၏၊အာနန္ဒာထေရ်သည် ဒါယကာ ဒါယိကာမတို့....မစိုးရိမ်, မငိုကြွေးကြကုန်လင့်၊ သင်္ခါရ တရားတို့သည် အနိစ္စချည်းသာတည်း၊ ဤသို့ အစရှိသည်တို့ကို ဟောကုန်၏၊ ထမင်း စားပြီးသူ အပေါင်းတို့သည်လည်း အရှင်အာနန္ဒာ နေရာသို့သွား၍ ငိုကြွေးကြကုန်၏၊ မထေရ်သည်လည်း ရှေးနည်းအတူ ဆုံးမ၏။

ဤသို့ သူတပါးတို့အား တရားဟောပြောဆုံးမ၍ မိမိကမ္မဋ္ဌာန်းကို မစီးဖြန်းသောကြောင့် ထိုတောအုပ်၌ စောင့်သော နတ်သားတယောက် သည် အရှင်အာနန္ဒာ၏ အကျိုးစီးပွားကို အလိုရှိ၍ အရှင်အာနန္ဒာကို သံဝေဂရစေလိုရကား အရှင်အာနန္ဒာသို့ကပ်၍—

ရုက္ခမူလဂဟဏံ ပသက္ကိယ၊
နိဗ္ဗာနံ ဟဒယသ္မိံ ဩပိယ။
ဈာယိ ဂေါတမ မာစ ပမာဒေါ၊
ကိံ တေ ဗိဠိဗိဠိကာ ကရိဿတိ။ ။

ဟူသောဂါထာဖြင့် လျှောက်၏။

ဂေါတမ၊ ဂေါတမ အနွယ်ဖြစ်တော်မူသော အာနန္ဒာ။ ရုက္ခမူ လဂဟဏံ၊ တောအုပ် သစ်ပင်ရင်းသို့။ ပသက္ကိယ၊ ဝင်ရောက်၍။ နိဗ္ဗာနံ၊ နိဗ္ဗာန်ကို။ ဟဒယသ္မိံ၊ နှလုံး၌။ ဩပိယ၊ ထည့်သွင်း၍။ ဈာယိ၊ဈာန်၌ လေ့လာခြင်းသည်။ဘဝ၊ဖြစ်လေလော့။မာစ ပမာဒေါ၊ မမေ့မလျော့နှင့်။ တေ၊ အရှင်အာနန္ဒာအား။ ဗိဠိဗိဠိကာ၊ ဒါယကာ, ဒါယိကာမတို့ကို ဗလစ်ဗလစ် တရားဟောခြင်းဖြင့်။ ကိံ ကရိဿတိ၊ အဘယ်အကျိုးကို ပြီးနိုင်စေအံ့နည်း။

ဤသို့ နတ်သားက သံဝေဂရစေသောအခါမှ အရှင်အာနန္ဒာသည် သံဝေဂရ၍ ဒွတ္တိံသာကာရ ကမ္မဋ္ဌာန်းကို အားထုတ်သဖြင့် ရဟန္တာ ဖြစ်လေသည်၊ ဤသို့မပြောမဆို မပြုမလုပ် ဒုစရိုက်ကိုကြဉ်ရှောင် ၍ ငြိမ်သက်စွာ နေခြင်းသည် ဝိရတီသီလဖြစ်သောကြောင့် မဂ်စိတ် တချက်၌ ဝိရတီစေတသိက်သုံးခု တပြိုင်နက် ဖြစ်နိုင်လေသတည်း၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း မဂ်ဖိုလ်ရကြောင်း သီလက္ခန္ဓ၌ သမ္မာဝါ စာ, သမ္မာကမ္မန္တ,သမာအာဇီဝ မဂ္ဂင်သုံးပါးဝင်သည်ကို မှတ်အပ်၏။

## သမ္မာဝါယာမ သမ္မာသတိ သမ္မာသမာဓိတရား
## ၃-ပါး သမာဓိက္ခန္ဓ၌ဝင်ခြင်း

သမာဓိဖြစ်လိုသောသူသည် စိုးရိမ်ကြောင့်ကြ ပလိဗောဓ အမှုကိစ္စ တို့ကို ဖြတ်၍ လုံ့လဝီရိယထုတ်ပြီးလျှင် သမထအာရုံ, ဝိပဿနာအာရုံ ဟူသော အာရုံတခုခုကို ယူမှ သမာဓိဖြစ်သည်၊ ဤသမာဓိကိုလည်း သတိနှင့်စောင့်ကြပ်မှ ကာမဝိတက်အစရှိသော သမာဓိဘေးရန်ကင်း ၍ ရပ်တည်နိုင်သည်။

ဥယျာဉ်သို့ လှည့်လည်သော အဆွေခင်ပွန်း သုံးယောက်တို့သည် ဥယျာဉ်၌ရှိသော စကားပင် အစရှိသည်တို့တွင် ပွင့်သောပန်းကို ခူး၍ ပန်ဆင်လိုသောကြောင့် လက်ဖြင့်လှမ်း၍ ဆွတ်ယူရာ မမှီနိုင်သည်ဖြစ် ၍ လူသုံးယောက်တို့အနက် တယောက်က ကုန်း၍ခံသည်၊ တယောက် က ကျောပေါ်သို့တက်၍ ပန်းကိုခူးယူမည်ပြုသည်တွင် ကျောပေါ်၌ မြဲမြဲမရပ်နိုင်၊ တုန်တုန်လှုပ်လှုပ်ရှိသောကြောင့် မတုန်လှုပ်ဘဲ မြဲရ အောင် တယောက်က ပခုံးဖြင့်ဝင်၍ အကိုင်ခံသဖြင့် မြဲစွာရပ်၍ အလို ရှိသော စကားအစရှိသောပန်းတို့ကို ရွေးယူဆွတ်ခူး ပန်ဆင်ရသကဲ့သို့ သမာဓိသည် မိမိချည်းသက်သက် သမထ, ဝိပဿနာအာရုံ၌ ရပ်၍မ တည်နိုင်၊ ဝီရိယသည် ချီးမြှောက်သည်ဖြစ်၍ သတိသည် ထိုထိုအာ ရုံသို့ မသွားရအောင် စောင့်ကြပ်မှ သမထ, ဝိပဿနာအာရုံတခုခု၌ ရပ်တည်၍ သမာဓိကိစ္စကို ပြီးစေနိုင်သည်ဖြစ်၍ သမ္မာဝါယာမနှင့် သမ္မာသတိသည် သမ္မာသမာဓိ၏ အမှုကိစ္စကို ရွက်ဆောင်ရသည့် အသင်း အပင်း ဖြစ်သောကြောင့် သမ္မာဝါယာမနှင့် သမ္မာသတိကို သမ္မာ သမာဓိဖြင့် ပေါင်းရုံးရေတွက်သည်ဟု-မှတ်ရမည်။

## သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ မဂ္ဂင်တရား ၂-ပါး ပညာက္ခန္ဓ၌ဝင်ခြင်း

ကောက်ပင်ကို ရိတ်ဖြတ်လိုသော လယ်ရိတ်သမားသည် လက်တဘက်ဖြင့် ကောက်ပင်ကို စုရုံး ဆုပ်ထားပြီးမှ လက်တဘက်၌ ကိုင်သောတံစဉ်ဖြင့် ကောက်ပင်ကို ရိတ်သကဲ့သို့ ပညာသည် သင်္ခါရအာရုံကို မိမိချည်းသက်သက် မယူနိုင်၊ ခပ်သိမ်းသော သင်္ခါရကို ဥပါဒ်, ဌီ, ဘင်ရှိသော သဘောချည်းသာဟု ဝိတက်ဖြင့်ကြံပြီးမှ ဥပါဒ်, ဌီ, ဘင်ရှိသမျှ တရားသည် အမြဲမရှိ၊ အနိစ္စ, ဒုက္ခ, အနတ္တသာဟု ပညာဖြင့် ဆုံးဖြတ်နိုင်သည်။

အာရုံကို လက်ဦးယူခြင်း၌ ဝိတက်မှတပါး အခြားတရားမရှိ၊ ထို့ကြောင့် ဈာန်အင်္ဂါတို့တွင်လည်း ဝိတက်သည် ပဌမဖြစ်၏၊ ဤသို့ သင်္ခါရအာရုံကို ကေန် အနိစ္စ, ဒုက္ခ, အနတ္တဟု ဆုံးဖြတ်ပိုင်းခြားနိုင်အောင် ဝိတက်ဟူသော အသင်းအပင်း ပါရသောကြောင့် ဤဝိတက်သည်လည်း ပညာဖြင့် ဆုံးဖြတ်ဘို့ အာရုံကိုယူ၍ ပေးရသောကြောင့် သမ္မာသင်္ကပ္ပကို သမ္မာဒိဋ္ဌိဟူသော ပညာက္ခန္ဓာဖြင့် ပေါင်းရုံးရေတွက်သည်ဟု—မှတ်ရမည်။

---

## ပိဋကတ် ၃-ပုံ သိက္ခာ ၃-ပါး၌ ဝင်ခြင်း

ဤသို့ မဂ္ဂင်ရှစ်ပါးသည် ဤသိက္ခာသုံးပါးဟူသော ဂုဏ်သုံးပါးတို့၌ ဝင်သည်၊ နိဗ္ဗာန်ရကြောင်းလည်း ဤမဂ္ဂင်ရှစ်ပါးမှတပါး အခြားလမ်းမရှိ၊ ထို့ကြောင့် သိက္ခာသုံးပါးသည် နိဗ္ဗာန်ရောက်ကြောင်းဖြစ်သည်။

အနည်းဆုံးအားဖြင့် လေးသင်္ချေနှင့် ကမ္ဘာတသိန်း, အများအားဖြင့် တဆဲ့ခြောက်သင်္ချေနှင့် ကမ္ဘာတသိန်းရှာမှ ထိုးထွင်း၍ သိသဖြင့် ဟောတော်မူအပ်သော ဓမ္မက္ခန္ဓာ (၈၄၀၀၀) ရှစ်သောင်းလေးထောင်ရှိသော ပိဋကတ်သုံးပုံသည်လည်း ဤသိက္ခာသုံးပါး၌ပင် ဝင်သည်။

(၁) သီလကို ဟောတော်မူသောကြောင့် အစ၏ကောင်းခြင်း—အာဒိကလျာဏ၊

(၂) သမာဓိကို ဟောတော်မူသောကြောင့် အလယ်၏ ကောင်းခြင်း—မဇ္ဈေကလျာဏ၊

(၃) ဝိပဿနာပညာ, မဂ်ပညာ, ဖိုလ်ပညာကို ဟောတော်မူသော ကြောင့် အဆုံး၏ကောင်းခြင်း—ပရိယောသာနကလျာဏ-
ဟူ၍ ပိဋကတ် သုံးပုံသည် ဤကောင်းခြင်းသုံးပါးနှင့် ပြည့်စုံသည် ဖြစ်၍ ဤသိက္ခာသုံးပါး၌ ဝင်သည်။

---

## ဝါရိတ္တသီလကိုစောင့်ရှောက်မှ မဂ်ဉာဏ်ကိုရနိုင်ခြင်း

ဝိရတီသီလကို မစောင့်ရှောက်၊ သူ၏အသက်ကိုသတ်ခြင်း အစရှိသော ဒုစရိုက်ကို ကျင့်မိသောသူသည် ပစ္စုပ္ပန် မျက်မှောက်တွင်ပင် နှိပ်စက် လွှန်ကျူး အပြုအကျင့်ကို ခံရသောသူတို့က ရန်ငြိုးထား၍ ရန်တုံ့ပြန်မည်ကို ကြောက်သောကြောင့် မပြတ် လူသူ လက်နက်တို့ဖြင့် စောင့်ရှောက်ရခြင်း,စုံစမ်းထောက်လှမ်းမေးမြန်း၍ ထိတ်ထိတ် လန့်လန့် ရှိနေရခြင်းကြောင့် နှစ်သက်ဝမ်းမြောက်ခြင်းမရှိ၊ နှစ်သက်ဝမ်းမြောက် ခြင်း မရှိသူသည် ကိုယ်, စိတ် နှစ်ပါး ငြိမ်းခြင်း—ပဿဒ္ဓိ မရှိ၊ ပဿဒ္ဓိမရှိသူသည် တည်ကြည်ခြင်း—သမာဓိကို မရ၊ သမာဓိမရှိသော သူသည် ကျိုက်ကျိုက်ဆူသော ရေပူ၌ အရိပ်မမြင်သကဲ့သို့ အဟုတ် အမှန် ယထာဘူတ မသိနိုင်၊ အမှားအလွဲကိုချည်း သိတတ်သည်။

(၁) သီလရှိသူ ဘေးရန်မရှိ၊ ပူမိလေခြင်းဟု—ကုက္ကုစ္စ မရှိသော ကြောင့် ပီတိပါမောဇ္ဇဖြစ်၏၊

(၂) ပီတိပါမောဇ္ဇဖြစ်သောကြောင့်ကိုယ်,စိတ်နှစ်ပါးငြိမ်းခြင်း-ပဿဒ္ဓိဖြစ်၏၊

(၃) ပဿဒ္ဓိဖြစ်သောကြောင့် ချမ်းသာခြင်း-သုခဖြစ်၏။

(၄) သုခဖြစ်သောကြောင့် တည်ကြည်ခြင်း—သမာဓိဖြစ်၏။

(၅) သမာဓိဖြစ်သောကြောင့် ယထာဘူတကို သိ၏၊

(၆) ယထာဘူတကို သိသောဉာဏ်သည် ကိလေသာတို့မှ လွတ်သော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ် ဖြစ်၏၊ ထို့ကြောင့်—

သီလပရိဘာဝိတော သမာဓိ မဟပ္ဖလော ဟောတိ မဟာ နိသံသော၊ သမာဓိ ပရိဘာဝိတာ ပညာ မဟပ္ဖလာ ဟောတိ မဟာနိသံသာ၊ ပညာပရိဘာဝိတံ စိတ္တံ သမ္မဒေဝ အာသဝေဟိ ဝိမုစ္စတိ။

သီလပရိဘာဝိတော၊ သီလဖြင့်ပွားစေအပ်, ထုံအပ်, ခြံရံအပ်သော။ သမာဓိ၊ သမာဓိသည်။ မဟပ္ဖလော၊ အကျိုးရင်းကြီးသည်။ မဟာနိသံသော၊ အကျိုးဖျားကြီးသည်။ ဟောတိ၊ ၏။ သမာဓိပရိဘာဝိတာ၊ သမာဓိဖြင့်ပွားစေအပ်,ထုံအပ်, ခြံရံအပ်သော။ ပညာ၊ ပညာသည်။ မဟပ္ဖလာ၊ အကျိုးရင်းကြီးသည်။ မဟာနိသံသာ၊ အကျိုးဖျားကြီးသည်။ ဟောတိ၊ ၏။ ပညာပရိဘာဝိတံ၊ ပညာဖြင့်ပွားစေအပ်, ထုံအပ်, ခြံရံအပ်သော။ စိတ္တံ၊စိတ်သည်။ သမ္မဒေဝ၊ အကြွင်းမရှိ ကောင်းစွာ သာလျှင်။ အာသဝေဟိ၊ ကာမတဏှာအစရှိသော အာသဝေါတို့မှ။ ဝိမုစ္စတိ၊ လွတ်ကြီးလွတ်၏—

ဟူ၍ ပရိနိဗ္ဗာနသုတ် ပါဠိတော်တွင် ဟောတော်မူသည်။

---

## ကျင့်ဝတ်ဒါန, စာရိတ္တ သီလ, ဈာန်တရားတို့ကို ဝေနေယျမရင့်သေးသူတို့ကိုရည်၍ဟောခြင်း

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ဝိရတီသီလ၌တည်၍ သမာဓိ, ပညာတို့ကိုရ၍ ကိလေသာတို့မှ လွတ်ကြောင်းကိုသာ မြတ်စွာဘုရား ဟောတော်မူသည် မဟုတ်၊ သိင်္ဂါလသုတ် အစရှိသည်တို့၌ လူတို့ကျင့်ဝတ်တရား—စာရိတ္တသီလ, ဒက္ခိဏာဝိဘင်္ဂသုတ် အစရှိသည်တို့၌ ဒါနကုသိုလ်, ရဟန်းသာမဏေတို့ ကျင့်ဆောင်ရန် သေခိယ အစရှိသော စာရိတ္တ သီလ, ရူပ အရူပဈာန် ကုသိုလ်ဟူကုန်သော သံသရာစက် ပဋိစ္စသမုပ္ပါဒ်၏ အင်္ဂါဖြစ်သော သင်္ခါရ တရားကို ပြုကျင့်ရမည်ဟု အဘယ်ကြောင့် ဟောတော်မူပြန်လေသနည်း၊သတ္တဝါတို့ကို သံသရာစက်၌လည်စေတော်မူလို၍ပင် ဟောတော်မူပြန်လေသလော ဟူမူ—

မြတ်စွာဘုရားတို့သည် သတ္တဝါတို့၏ ဝေနေယျနုရင့်ကို သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်, သတ္တဝါတို့ အလိုကို သိသော အာသယာနုသယဉာဏ်၊ ဤဉာဏ်တော် နှစ်ပါးဖြင့် ကြည့်၍

သတ္တဝါတို့၏ ဣန္ဒြေနုံရင့်, အလိုဆန္ဒ, အဇ္ဈာသယအတိုင်းသာ တရားဟောတော်မူမြဲ ဖြစ်သည်၊ဤကဲ့သို့ ဟောတော်မူမှုလည်း တရားတော် အကျိုး ရှိသည်၊ဣန္ဒြေကိုမထောက် သတ္တဝါတို့အလိုရှိတိုင်းကို မလိုက်ဘဲ ဟောတော်မူလျှင် ဟောတော်မူတိုင်း မကျင့်ဆောင် ဒေသနာတော်အကျိုးမရှိ ဖြစ်လိမ့်မည်၊မြတ်စွာဘုရားတို့မည်သည် ဗောဓိမဏ္ဍိုင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှစ၍ အကျိုးမရှိသော စကားကို တခွန်းမျှ ဆိုတော်မူမြဲ မဟုတ်၊ထို့ကြောင့် သုဂတဂုဏ်တော်နှင့် ပြည့်စုံတော်မူသည်။

ဤသို့ဖြစ်၍ နိဗ္ဗာန်ကို လောလောဆယ် အလိုမရှိသေး၊ အလိုရှိသော်လည်း နိဗ္ဗာန်ကိုရလောက်အောင် ဣန္ဒြေမရင့်သေးသော သိင်္ဂါလ သူဌေးသား အစရှိသော သူတို့ကဲ့သို့သောသူ, သာသနာတော်၌ ဂန္ထဓူရ, ဝိပဿနာဓူရဟူ၍ ရွက်ဆောင်ရန် ဝန်နှစ်ပါး ရှိသည်တွင် ဆရာ တပည့် ဂိုဏ်းသံဃာတို့နှင့် စာပေကျမ်းဂန် သင်ကြားပို့ချ ဂန္ထဓူရကို အားထုတ်လိုသော ရဟန်းတို့ကိုရည်၍ သတ္တဝါအားလျော်စွာ အပါယ်လေးပါးမှ ကင်းလွတ်၍ နောင်တမလွန်၌ သုဂတိဘဝကို ရအောင်, ပစ္စုပ္ပန်၌လည်း လောကီပညာရှိတို့ ကဲ့ရဲ့ခြင်းလွတ်အောင် တောတွင်းနေ အရိုင်းတို့ကဲ့သို့ ရိုင်းပြခြင်းမရှိ၊ ပြည်ကြီးသူတို့ကဲ့သို့ ပိယဝါစာဖြစ်၍ တဦးနှင့်တဦး, ဆရာနှင့်တပည့်, ကျွန်နှင့်သခင်, လင်နှင့် မယား, သားနှင့်အဘတို့ မေတ္တာ,ကရုဏာ ဗြဟ္မစိုရ်တရားဖြစ်ပွား၍ အစွန်းအငြိမရှိ၊ အသင့်အတင့် ဖြစ်ရအောင် ကျင့်ဝတ်ပဋိပတ် စာရိတ္တသီလကို ဟောတော်မူသည်။

---

## သူဌေးသားနှင့် လျော်အောင် ဟောကြားခြင်း

ရှေးဘုန်းကံရှိသောကြောင့် ဥစ္စာပစ္စည်း ပေါများသောသူ, နိဗ္ဗာန်ကို အလျင်အမြန် အလိုမရှိ-အလိုရှိသော်လည်း ဣန္ဒြေမရင့်သေးသော သူတို့ကိုရည်၍ စားရန်ဝတ်ရန်ဘို့ပြင် ပိုမိုသောဥစ္စာပစ္စည်း စားရန်ဝတ်ရန်ဘို့ကပင် ဖွံ့နိုင်လောက်သမျှ အတော် အသင့် ဥစ္စာပစ္စည်းများဖြင့် သေရည်သေရက်သောက်ခြင်း, လောင်းတမ်း ကစားခြင်း, မယားများစွာ ယူခြင်းများထက် ပေးကမ်းလှူဒါန်းခြင်းသည် ကောင်း

မြတ်သောကြောင့် သတ္တဝါအားလျော်စွာ ဒါနကို ဟောတော်မူသည်၊ သိင်္ဂါလ သူဌေးသားကို မူကား ဥစ္စာ များစွာ ရှိလိုသူ, စည်းစိမ်ကို ခံစားလိုသူဖြစ်၍ ရှားမှီး၍ရသည့်ဥစ္စာက ဖွဲ့ပြီးလျှင် လှူရမည်ဟူ၍မျှ ဟောတော်မမူ။

(၁) ဘောဂေ သံဟရ မာနဿ၊ ဘမရဿေဝ ဣရိယတော။
ဘောဂါ သန္နိစယံ ယန္တိ၊ ဝမ္မိကော ဝုပစိယတိ။ ။
(၂) ဧကေန ဘောဂံ ဘုဉ္ဇေယျ၊ ဒွီဟိ ကမ္မံ ပယောဇယေ။
စတုတ္ထဉ္စ နိဓာပေယျ၊ အာပဒါသု ဘဝိဿတိ။ ။

ဟူ၍သာဟောတော်မူသည်။

အဓိပ္ပါယ်ကား— ပျားပိတုန်း ပန်းယက်စုသကဲ့သို့, ခြတောင်ပို့ လုပ်သကဲ့သို့ ပြင်းစွာ လုံ့လထုတ်၍ရှာလျှင် ဥစ္စာများစွာ ပေါင်းစုမိလိမ့်မည်၊ ထိုရှာ၍ရသော ဥစ္စာတို့ကို လေးပုံပုံ, တပုံကို ဝတ်စားသုံးဆောင်၊ နှစ်ပုံ တို့ဖြင့် အမြတ်ရအောင် လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း အမှုတို့ကို ပြု၊ လေးခုမြောက်သော ကြွင်းသောတပုံကိုမူကား ဘေးရန်ရှိလျှင် ပေးကမ်းဆောင်ရွက်ရအောင် သိမ်း၍ထား—ဟူလိုသည်၊သူဌေးသားဖြစ်၍ သတ္တဝါနှင့်လျော်အောင် ဟောသောတရား ဟူ၍လည်း မှတ်။

---

## ရဟန်းနှင့် လျော်အောင် ဟောကြားခြင်း

အဆောတလျင် နိဗ္ဗာန်ကို ရလိုသောသူ, ဣန္ဒြေရင့်ပြီးသော သူတို့ကိုမူကား ဒါန, အပစာယနစသော စာရိတ္တသီလတို့ကို ဟောတော်မမူ၊ မဂ္ဂင်ရှစ်ပါး အဝင်အပါ ဝိရတီသီလကစ၍ သီလေ ပတိဋ္ဌာယ နရော အစရှိသော ဒေသနာတော်တို့ကိုသာ ဟောတော်မူသည်၊ မြတ်စွာ ဘုရား တပည့်သား ဖြစ်တော်မူသော ရဟန်းတော်တို့သည်မူကား ဒါန, အပစာယန, ဝေယျာဝစ္စ ကုသိုလ်တို့သည် ပြုကောင်းသော အမှုပင် မဟုတ် ဖြစ်လေသည်၊ ဤသို့ ကုသိုလ်များကို ရဟန်းသံဃာတော်တို့ ပြုသည်ကို အလျှင်းပင် မြတ်စွာဘုရားကြိုက်တော်မမူ၊ ထို့ကြောင့် မြတ်စွာဘုရားကို အလွန်ကြည်ညိုသော အရှင်ဝက္ကလိသည် မြတ်စွာဘုရားအား ကြည်ညိုလှသောကြောင့် အပစာယန ကုသိုလ်ဖြစ်အောင် မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ဆည်းကပ်ခစား ဖူးမြော်လျက်နေပါသည်ကို—

အလံ ကိံ တေ ဣမိနာ ပူတိကာယေန ဒိဋ္ဌေန၊ ယော ခေါ ဝက္ကလိ ဓမ္မံ ပဿတိ၊ သော မံ ပဿတိ။

ဝက္ကလိ၊ ဝက္ကလိ။ တေ၊ သင်အား။ ဒိဋ္ဌေန်၊ ဖူးမြင်အပ်သော။ ဣမိနာ ပူတိကာယေန၊ ဤရုပ်အကောင်ပုပ်ဖြင့်။ ကိံ၊ အဘယ်အကျိုးရှိအံ့နည်း။ အလံ၊ တန်တော့။ ခေါ၊ စင်စစ်။ ယော၊ အကြင်သူသည်။ ဓမ္မံ၊ တရားကို။ ပဿတိ၊ သိမြင်အောင် ရှုကြည့်၏။ သော၊ ထိုသူသည်။ မံ၊ ငါဘုရားကို။ ပဿတိ၊ ဖူးမြင်သည်မည်၏။ ။ဟူ၍ ဟောတော်မူသည်။

## ရဟန်းတော်များ လှူဒါန်းခြင်း ပူဇော်မှုပြုခြင်းကို ဘုရားရှင်နှစ်သက်တော်မမူ

သက်တော်ထင်ရှားရှိစဉ်သာမဟုတ်သေး၊ ပရိနိဗ္ဗာန် ပြုတော်မူပြီး နောက်လည်း ရဟန်းတော်တို့ သရီရဓာတ်တော်, မွေတော် များကို လှူဒါန်းပူဇော်ပြုသည်ကိုလည်း ကြိုက်တော်မမူ၊ ထို့ကြောင့်—

ကထံ မယံ ဘန္တေ တထာဂတဿ သရီရေ ပဋိပဇ္ဇာမာတိ။ အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယ။ ဣင်္ဃ တုမှေ အာနန္ဒ သာရတ္ထေ ဃဋထ၊ သာရတ္ထေ အနုယုဉ္ဇထ၊ သာရတ္ထေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထ။

သန္တာနန္ဒ ခတ္တိယပဏ္ဍိတာပိ ဗြာဟ္မဏပဏ္ဍိတာပိ ဂဟပတိ-ပဏ္ဍိတာပိ တထာဂတေ အဘိပ္ပသန္နာ၊ တေ တထာဂတဿ သရီရပူဇံ ကရိဿန္တိ။

ဟူ၍ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်တွင် ဟောတော်မူသည်။

ဘန္တေ၊ အရှင်ဘုရား။ တထာဂတဿ၊ မြတ်စွာဘုရား၏။ သရီရေ၊ အလောင်းတော်၌။ မယံ၊ အကျွန်ုပ်ရဟန်းတို့သည်။ ကထံပဋိပဇ္ဇာမ၊ အဘယ်သို့ပြုကျင့်ရကုန်အံ့နည်း။ ဣတိ၊ ဤသို့။အဝေါစ၊ လျှောက်၏။ အာနန္ဒ၊ အာနန္ဒာ။ တုမှေ၊ သင်ရဟန်းတို့သည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇာယ၊ အလောင်းတော်ကို ပူဇော်ခြင်း၌။ အဗျာဝဋာ၊ အမှုကြီးငယ်မလုပ်သောသူတို့သည်။ ဟောထ။ ဖြစ်ကြကုန်လော့။ အာနန္ဒ၊ အာနန္ဒာ။ ဣင်္ဃ၊ ငါတိုက်တွန်း၏။ တုမှေ၊ သင်တို့သည်။ သာ

ရတ္တော၊ အနှစ်သာရရှိသော မဂ်ဖိုလ်ကျိုးဟူသော ဝိပဿနာ၌။ ဿဋ္ဌထ၊ စပ်ကြကုန်လော့။ သာရတ္တော၊အနှစ်သာရရှိသော မဂ်ဖိုလ်ကျိုးဟူသော ဝိပဿနာ၌။ အနုယုဉ္ဇထ၊ လုံ့လထုတ်ကြကုန်လော့။ သာရတ္တော၊ အနှစ်သာရရှိသော မဂ်ဖိုလ်ကျိုးဟူသော ဝိပဿနာ၌။ အပ္ပမတ္တာ၊ မမေ့မလျော့ကုန်သည်ဖြစ်၍။ အာတာပိနော၊ကိလေသာကိုပူပန်စေနိုင်သော လုံ့လဝီရိယရှိကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်သည်ဖြစ်၍။ ဝိဟရထ၊နေကြကုန်လော့။

အာနန္ဒ၊ အာနန္ဒာ။ တထာဂတော၊မြတ်စွာဘုရားအား။အဘိပ္ပသန္နာ၊ အလွန်ကြည်ညိုကုန်သော။ ခတ္တိယပဏ္ဍိတာပိ၊ မင်းပညာရှိတို့သည်၎င်း။ ဗြာဟ္မဏပဏ္ဍိတာပိ၊ ပုဏ္ဏားပညာရှိတို့သည်၎င်း။ ဂဟပတိပဏ္ဍိတာပိ၊ သူဌေး,သူကြွယ်,ကုန်သည်,လယ်လုပ်ပညာရှိတို့သည်၎င်း။သန္တိ၊ရှိကုန်၏။ တေ၊ ထိုလူတို့သည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇံ၊အလောင်းတော်အား ပူဇော်ခြင်းကို။ ကရိဿန္တိ၊ ပြုကုန်လတ္တံ့။ ဣတိ၊ ဤသို့။ အဝေါစ၊ ဟောတော်မူ၏။

---

## လူ့အလုပ် ရဟန်းအလုပ် ခွဲခြားသိစေသည့် မိလိန္ဒအမေး—ရှင်နာဂသိန်အဖြေ

ဤသို့ ကုသိနာရုံပြည် မလ္လာမင်းတို့၏ ဥယျာဉ် အင်ကြင်းပင်ပျိုအစုံတို့၏အကြား ခင်းထားအပ်သော ပရိနိဗ္ဗာန် စံတော်မူသည့် ညောင်စောင်းတွင် လျောင်းစက်တော်မူလျက် ဟောတော်မူသော အမိန့်တော်၊ ဤသို့ ဟောတော်မူသော ပါဠိတော်မှတပါး အခြားသောအရာတို့၌ ဓာတ်တော်,မွေတော်များကို လှူဒါန်းပူဇော်လျှင် အကျိုးရှိကြောင်းနှင့် ဟောတော်မူသည့် ပါဠိတော်လည်း ရှိပြန်ရကား မြတ်စွာဘုရား၏ စကားတော် နှစ်ခွကဲ့သို့ ဖြစ်သည်ဟု ထင်မှတ်၍ မိလိန္ဒမင်းသည် ရဟန္တာရှစ်သောင်းတို့၏ဆရာ ရဟန္တာအရှင်နာဂသိန်ကို—

(၁) ဘန္တေ နာဂသေန ဘာသိတ မေ့တံ တထာဂတေန အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ၊ ပုနစ ဘဏိတံ ပူဇေထ နံ ပူဇနီယဿ ဓာတုံ၊ ဧဝံ ကရာ သဂ္ဂမိတော ဂမိဿထာတိ။

(၂) ယဒိ ဘန္တေ နာဂသေန တထာဂတေန ဘဏိတံ အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ၊ တေန ဟိ ပူဇေထ နံ ပူဇနီယဿ ဓာတုံ၊ ဧဝံ ကရာ သဂ္ဂမိတော ဂမိဿထာတိ ယံ ဝစနံ-တံ မိစ္ဆာ၊ ယဒိ တထာဂတေန ဘဏိတံ ပူဇေထ နံ ပူဇနီယဿ ဓာတုံ၊ ဧဝံ ကရာ သဂ္ဂမိတော ဂမိဿထာတိ၊ တေနဟိ အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ၊ တံပိ ဝစနံ မိစ္ဆာ၊ အယံပိ ဥဘတော ကောဋိကော ပဉှော တဝါနုပ္ပတ္တော၊ သော တယာ နိဗ္ဗာဟိတဗ္ဗောတိ။

(၃) ဘာသိတ မ္ပေတံ မဟာရာဇ အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ၊ ပုနစ ပရံ ဘဏိတံ ပူဇေထ နံ ပူဇနီယဿ ဓာတုံ၊ ဧဝံ ကရာ သဂ္ဂမိတော ဂမိဿထာတိ၊ တဉ္စ ပန န သဗ္ဗေသံ၊ ဇိနပုတ္တာနံ ယေဝ အာရဗ္ဘ ဘဏိတံ အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရ ပူဇာယာတိ၊ အကမ္မံ ဟေတံ မဟာရာဇ ဇိနပုတ္တာနံ ယဒိဒံ ပူဇာ၊ သမ္မသနံ သင်္ခါရာနံ၊ ယောနိသော မနသိကာရော၊ သတိပဋ္ဌာနာနုပဿနာရမ္မဏသာရဂ္ဂါဟော၊ ကိလေသယုဒ္ဓံ၊ သဒတ္ထမနုယုဉ္ဇနာ၊ ဧတံ ဇိနပုတ္တာနံ ကရဏီယံ၊ အဝသေသာနံ ဒေဝမနုဿာနံ ပူဇာ ကရဏီယာ။

(၄) ယထာ မဟာရာဇ မဟိယာ ရာဇပုတ္တာနံ ဟတ္ထိအဿရထဓနုလေခဂုဋ္ဌသိက္ခာ ခဂ္ဂမန္တမုဋ္ဌိယုဒ္ဓယုဇ္ဈာပန ကိရိယာ ကရဏီယာ။ အဝသေသာနံ ပုထုဝေဿသုဒ္ဒါနံ ကသိဝါဏိဇ္ဇဂေါရက္ခာ ကရဏီယာ၊ ဧဝမေဝ ခေါ မဟာရာဇ အကမ္မံ ဟေတံ ဇိနပုတ္တာနံ၊ ယဒိဒံ ပူဇာ သမ္မသနံ သင်္ခါရာနံ ယောနိသော မနသိကာရော သတိပဋ္ဌာနာနုပဿနာရမ္မဏသာရဂ္ဂါဟော ကိလေသယုဒ္ဓံ သဒတ္ထမနုယုဉ္ဇနာ၊ ဧတံ ဇိနပုတ္တာနံ ကရဏီယံ၊ အဝသေသာနံ ဒေဝမနုဿာနံ ပူဇာ ကရဏီယာ။

(၅) ယထာ ဝါပန မဟာရာဇ ဗြာဟ္မဏာ မာဏဝကာနံ ဣရုဝေဒံ ယဇုဝေဒံ သာမဝေဒံ အာထဗ္ဗဏဝေဒံ လက္ခဏံ ဣတိဟာသံ ပုရာဏံ နိဃဏ္ဍု ကေဋုဘံ အက္ခရပ္ပဘေဒံ ဝေယျာကရဏံ ဘာသမဂ္ဂံ ဥပ္ပါတံ သုပိနံ နိမိတ္တံ ဆဠင်္ဂံ စန္ဒဂ္ဂါဟံ သူရိယဂ္ဂါဟံ သုက္ကရာဟုစရိတံ ဥဋ္ဌုဂ္ဂဟယုဒ္ဓံ ဒေဝဒုန္ဒုဘိဿရံ ဩက္ကန္တိံ ဥက္ကာပါတံ ဘူမိကမ္ပံ ဒိသာဒါဟံ ဇောတိသံ လောကာယ-တိကံ သာဝကံ မိဂပက္ကံ အန္တရစက္ကံ မိဿကပ္ပါဒံ သကု-ဏရုဒံ ရုဝိတံ သိက္ခာ ကရဏီယာ၊ အဝသေသာနံ ပုထု ဝေဿ သုဒ္ဒါနံ ကသိဝါဏိဇဂေါရက္ခာ ကရဏီယာ၊ ဧဝ မေဝ ခေါ မဟာရာဇ အကမ္မံ ဟေတံ ဇိနပုတ္တာနံ ယဒိဒံ ပူဇာ၊ သမ္မသနံ သင်္ခါရာနံ၊ ယောနိသော မနသိကာရော၊ သတိပဋ္ဌာနာ နုပဿနာ ရမ္မဏာသာရဂ္ဂါဟော၊ ကိလေသ ယုဒ္ဓံ၊ သဒတ္ထမနုယုဉ္ဇနာ၊ ဧတံ ဇိနပုတ္တာနံ ကရဏီယံ၊ အဝ သေသာနံ ဒေဝမနုဿာနံ ပူဇာ ကရဏီယာ၊ တသ္မာ မဟာရာဇ တထာဂတော မာ အကမ္မေ ယုဉ္ဇတ္ထ၊ ကမ္မေ ဣမေ ယုဉ္ဇတ္ထာတိ အာဟ- အဗျာဝဋာ တုမှေ အာနန္ဒ ဟောထ တထာဂတဿ သရီရပူဇာယာတိ၊

(၆) ယဒေတံ မဟာရာဇ တထာဂတော န ဘဏေယျ ပတ္တ စီဝရံပိ အတ္တနော ပရိယာဒါပေတွာ ဘိက္ခူ ဗုဒ္ဓပူဇံ ယေဝ ကရေယျုန္တိ။ ။သာဓု ဘန္တေ နာဂသေန ဧဝ မေတံ တထာသမ္ပဋိစ္ဆာမီတိ။ ။ဟူ၍ မေးလျှောက်သည် ကို အရှင်နာဂသိန် ဖြေတော်မူရသည်။

(၁) ဘန္တေနာဂသေန၊အရှင်နာဂသိန်။ တထာဂတေန၊ မြတ်စွာဘုရားသည်။ အာနန္ဒ၊ အာနန္ဒာ။ တုမှေ၊ သင်တို့သည်။ တထာဂတဿ၊ ငါဘုရား၏။ သရီရပူဇာယ၊ အလောင်းတော် သရီရ ဓာတ်တော်များကို ပူဇော်ခြင်းငှါ။ အဗျာဝဋာ၊ အမှုကြီးငယ်မလုပ်ကြကုန်သည်။ ဟောထ၊ ဖြစ်ကြကုန်လော့။ ဧတံ၊ ဤစကားကို။ ဘာသိတံ၊ ပရိနိဗ္ဗာန်ပြုတော်မူခါနီးတွင် အရှင်အာနန္ဒာက ပရိနိဗ္ဗာန်ပြုတော်မူလျှင် အလောင်းတော်ကို မည်ကဲ့သို့ပြုရမည်ဟုလျှောက်ရာတွင် ဟောတော်မူအပ်၏။

ပုနစ၊ တဘန်လည်း။ ပူဇနီယဿ၊ ပူဇော်ထိုက်သော မြတ်စွာဘုရား ၏။ နံ ဓာတုံ၊ ထိုသရီရဓာတ်တော်ကို။ ပူဇေထ၊ ပူဇော်ကြကုန်လော့။ ဧဝံ ကရာ၊ ဤသို့သရီရဓာတ်တော်ကို ပူဇော်ခြင်းကိုပြုသောသူတို့သည်။ ဣတော၊ဤလူ့ပြည်မှ။ သဂ္ဂံ၊ နတ်ပြည်သို့။ ဂမိဿထ၊ ရောက်ရကြကုန်လတံ့။ ဣတိ၊ ဤသို့။ ဘဏိတံ၊ ဟောတော်မူပြန်အပ်၏။

(၂) ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ ယဒိ၊ အကယ်၍။တထာ ဂတေန၊ မြတ်စွာဘုရားသည်။ အဗျာဝဋာ၊ လ၊ ပူဇာယာတိ၊ အဗျာ ဝဋာ၊လ၊ပူဇာယဟူသော။ တံ၊ ဤငါဘုရား အလောင်းတော် သရီရ ဓာတ်တော်များကို ပူဇော်ရအောင် သင်တို့သည်လုံ့လ မထုတ်ကြနှင့် ဆိုသောစကားကို။ ဘဏိတံ၊ ဟောတော်မူသည်မှန်ငြားအံ့။ဟိ၊ စင်စစ်။ တေန၊ ထိုသို့ဟောတော်မူသောကြောင့်။ပူဇေထနံ၊ လ၊ ဂမိဿထာတိ၊ ပူဇေထနံ၊လ၊ ဂမိဿထဟူသော။ ယံဝစနံ၊ အကြင်ဘုရားဓာတ်တော် ကို ပူဇော်၍ နတ်ပြည်သို့ရောက်၏ ဟူသောစကားသည်။ အတ္ထိ၊ ရှိ၏။ တံ ဝစနံ၊ ထိုစကားသည်။ မိစ္ဆာ၊ အမှားဖြစ်ရမည်။

ယဒိ၊ အကယ်၍။ ပူဇေထ နံ၊လ၊ ဂမိဿထာတိ၊ ပူဇေထ နံ၊ လ၊ ဂမိဿထဟူသော။ တံ၊ဤဘုရားဓာတ်တော်ကို ပူဇော်လျှင် နတ်ပြည် သို့ရောက်၏ ဟုဆိုသောစကားကို။ ဘဏိတံ၊ဟောတော်မူသည် မှန်ငြား အံ့။ ဟိ၊စင်စစ်။ တေန၊ထိုသို့ ဟောတော်မူသောကြောင့်။ အဗျာဝဋာ ၊လ၊ ပူဇာယာတိ၊ ပူဇာယဟူသော။ ယံဝစနံ၊ အကြင်ငါ၏ အလောင်း တော် သရီရဓာတ်တော်ကိုပူဇော်ရအောင် လုံ့လမထုတ်ကြနှင့် ဆိုသော စကားသည်။ အတ္ထိ၊ ရှိ၏။ တံပိ ဝစနံ၊ ထိုစကားသည်မှုလည်း။ မိစ္ဆာ၊ အမှားဖြစ်ရမည်။

ဥဘတော ကောဋိကော၊ အစွန်းနှစ်ဘက်ရှိသော။ အယံပိ ပဉှော၊ ဤအမေးသည်လည်း။ တဝ၊ အရှင်ဘုရား၏။သန္တိကံ၊ အထံသို့။ အနုပ္ပ တ္တော၊ ကပ်ရောက်၏။သော၊ ထိုအစွန်းနှစ်ဘက် ထွက်သော အမေးကို။ တယာ၊ အရှင်ဘုရားသည်။ နိဗ္ဗာယိတဗ္ဗော၊ ငြိမ်းတော်မူအပ်ပါလော့။ ဣတိ၊ဤသို့မေးလျှောက်၏။

(၃) မဟာရာဇ၊မြတ်သောမင်းကြီး။ အဗျာဝဋာ၊လ၊ ပူဇာယာတိ၊ အဗျာဝဋာ၊လ၊ ပူဇာယဟူသော။တံ၊ ဤငါဘုရား၏ အလောင်းတော်

သရီရဓာတ်တော်များကို ပူဇော်ရအောင် အားမထုတ်ကြနှင့်ဆိုသော စကားကို။ တထာဂတေန၊ မြတ်စွာဘုရားသည်။ ဘာသိတံ၊ ဟော တော်မူ အပ်သည်မှန်၏။

ပုနစပရံ၊ တဘန်တပါးတုံလည်း။ ပူဇေထနံ၊လ၊ ဂမိဿထာတိ၊ ပူဇေထနံ၊ လ၊ဂမိဿထဟူသော။ တော၊ ဤငါဘုရား၏ ဓာတ်တော်ကို ပူဇော်၍ နတ်ပြည်သို့ရောက်၏ ဟူသော စကားကိုလည်း။ ဘဏိတံ၊ ဟောတော်မူသည်မှန်၏။

ပန၊ ပါဠိတော် နှစ်ရပ်အထူးကိုဆိုပေအံ့။ အဗျာဝဋာ၊လ၊ ပူဇာယ ယာတိ၊ အဗျာဝဋာ၊လ၊ ပူဇာယဟူသော။တတ္ထ၊ထိုငါဘုရား၏အလောင်း တော် သရီရဓာတ်တော်များကို ပူဇော်ရအောင် သင်တို့အားမထုတ် ကြနှင့် ဆိုသောစကားကို။ ဇိနပုတ္တာနံ ယေဝ၊ ဘုရားတပည့်သား, သံဃာတော်တို့ကိုသာလျှင်။ အာရဗ္ဘ၊ စွဲ၍။ ဘဏိတံ၊ ဟောတော်မူ အပ်၏။ သဗ္ဗေသံ၊ သတ္တဝါရှိသမျှအလုံးစုံတို့ကို။ အာရဗ္ဘ၊ စွဲ၍။ နဘ ဏိတံ၊ ဟောတော်မမူအပ်။

ဟိ၊ ထိုစကားမှန်၏။ မဟာရာဇ၊ မြတ်သောမင်းကြီး။ယဒိဒံ—ပူဇာ၊ အကြင်ဘုရားအလောင်းတော် သရီရဓာတ်တော်များကို ချီးမြှောက် လှူဒါန်းပူဇော်ခြင်းမည်သည်။ အတ္ထိ၊ရှိ၏။ တော၊ ဤလှူဒါန်းပူဇော်ခြင်း သည်။ဇိနပုတ္တာနံ၊ ဘုရားတပည့်သား သံဃာတော်တို့၏။ အကမ္မံ၊ ပြု ကောင်းသည့် အမှုမဟုတ်။

(၁) သင်္ခါရာနံ၊ သင်္ခါရတရားတို့ကို။ ယံ သမ္မသနံ၊ အကြင်လက္ခ ဏာယာဉ်သုံးပါးဖြင့် သုံးသပ်ဆင်ခြင်ခြင်းသည်ရှင်း။

(၂) ယော ယောနိသော မနသိကာရော၊ အကြင် အသင့်အတင့် နှလုံးသွင်းခြင်းသည်ရှင်း။

(၃) ယော သတိပဋ္ဌာနာနုပဿနာရမ္မဏသာရဂ္ဂါ ဟော၊ အကြင် သတိပဋ္ဌာန်ကို အဘန်ဘန်ရှု၍ အနှစ်သာရကို ယူခြင်း သည်ရှင်း။

(၄) ယံ ကိလေသယုဒ္ဓံ၊ အကြင်ကိလေသာကို စစ်ထိုးခြင်းသည် ရှင်း။

(၅) ယာ သဒတ္ထမနုယုဉ္ဇနာ၊ အကြင် မိမိအကျိုးဟူသော မဂ်ကို ရအောင် အားထုတ်ခြင်းသည်ရှင်း။

အတ္ထိ၊ရှိ၏။ တေ၊ ဤဆိုခဲ့ပြီးသော သမ္မသနအစရှိသော အမှုကို သာလျှင်။ဇိနပုတ္တာနံ၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့၏။ ကရဏီယံ၊ ပြုကောင်းသော အမှုတည်း။ အဝသေသာနံ၊ ရဟန်း သံဃာတို့မှကြွင်းကုန်သော။ ဒေဝမနုဿာနံ၊ နတ်, လူတို့၏။ ပူဇာ၊ အလောင်းတော်ဓာတ်တော်တို့အား ချီးမြှောက်လှူဒါန်းပူဇော်ခြင်းကို။ ကရဏီယာ၊ ပြုအပ်ပြုကောင်းသော အမှုတည်း။

(၄) မဟာရာဇ၊ မြတ်သောမင်းကြီး။ ယထာ၊ ဥပမာအဘယ်ကဲ့ သို့နည်းဟူမူကား။ မဟိယာ၊ ဇမ္ဗူတခွင် မြေအပြင်၌။ ရာဇပုတ္တာနံ၊ မင်းသားတို့၏။

(၁) ဟတ္ထိအဿထရုမနုလေခဂုဋ္ဌသိက္ခာ၊ဆင်စီး,မြင်းစီး,ထားခုတ် လုံထိုး,လေးပစ်, အရေးအမှတ်, ဗလီရိုက်အတတ်ကိုငှင်း။

(၂) ခဂ္ဂမန္တမုဋ္ဌိ ယုဒ္ဓ ယုဇ္ဈာပနကိရိယာ၊ ထား, သန်လျက်ချင်း ရှက်၍ ခုတ်ခြင်း, တိုင်းရေး ပြည်မှု နိုင်ငံချင်း ပြိုင်ဆိုင် ပြောဆိုခြင်း, လက်ပမ်းသတ်ခြင်း, စစ်တိုက်စေခြင်း အမှု ကိစ္စတို့ကိုငှင်း။

ကရဏီယာ၊ ပြုအပ်ပြုကောင်းသော အမှုတို့တည်း။ အဝသေသာနံ၊ မင်းမျိုးမှ ကြွင်းကုန်သော။ပုထုဝေဿသုဒ္ဒါနံ၊များစွာကုန်သောသူဌေး, သူကြွယ်, ကုန်သည်, လယ်လုပ် ဆင်းရဲသားတို့၏။ ကသိ ဝါဏိဇ ဂေါရက္ခာ၊ လယ်လုပ်ခြင်း, ကုန်ကူးခြင်း,ဝန်တိုက်နွား သားပွားအောင် နွားမတို့ကို မွေးကျွေး စေခိုင်းခြင်းအမှုတို့ကို။ ကရဏီယာ၊ ပြုအပ် ပြုကောင်းသော အမှုတို့တည်း။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဧဝမေဝခေါ၊ ဤအတူသာလျှင်။ ဟိ၊ စင်စစ်။ ယဒိဒံ-ပူဇာ၊ အကြင် ဘုရားအလောင်းတော် သရီရဓာတ် တော်များကို ချီးမြှောက်လှူဒါန်း ပူဇော်ခြင်းမည်သည်။ အတ္ထိ၊ ရှိ၏။ ဧတံ၊ ဤလှူဒါန်းပူဇော်ခြင်းသည်။ ဇိနပုတ္တာနံ၊ ဘုရားတပည့်သား သံဃာတော်တို့၏။ အကမ္မံ၊ ပြုကောင်းသည့် အမှုမဟုတ်။

(၁) သင်္ခါရာနံ၊ သင်္ခါရတရားတို့ကို။ ယံသမ္မသနံ၊ အကြင် လက္ခ ဏာယာဉ်သုံးပါးဖြင့် သုံးသပ်ဆင်ခြင်ခြင်းသည်ငှင်း။

(၂) ယော ယောနိသော မနသိကာရော၊ အကြင်အသင့်အတင့် နှလုံးသွင်းခြင်းသည်ရှင်း။

(၃) ယော သတိပဋ္ဌာနာနုပဿနာရမ္မဏာသာရဂ္ဂေါ၊ အကြင် သတိပဋ္ဌာန်ကို အဘန်ဘန်ရှု၍ အနှစ်သာရကို ယူခြင်းသည် ရှင်း။

(၄) ယံ ကိလေသယုဒ္ဓံ၊ အကြင် ကိလေသာကို စစ်ထိုးခြင်း သည်ရှင်း။

(၅) ယာသဒတ္ထမနုယုဉ္ဇနာ၊ အကြင် မိမိအကျိုးဟူသော မဂ်ကို ရအောင် အားထုတ်ခြင်းသည်ရှင်း။

အတ္ထိ၊ရှိ၏။တေ၊ ဤဆိုခဲ့ပြီးသော သမ္မသန အစရှိသော အမှုကို သာလျှင်။ ဇိနပုတ္တာနံ၊ မြတ်စွာဘုရားတပည့်သား သံဃာတော်တို့၏။ ကရဏီယံ၊ပြုကောင်းသောအမှုတည်း။

အဝသေသာနံ၊ ရဟန်းသံဃာတော်တို့မှ ကြွင်းကုန်သော။ ဒေဝ-မနုဿာနံ၊ နတ်,လူတို့၏။ ပူဇာ၊ အလောင်းတော် ဓာတ်တော်တို့အား ချီးမြှောက်လှူဒါန်းပူဇော်ခြင်းကို။ ကရဏီယာ၊ ပြုအပ်ပြုကောင်းသော အမှုတည်း။

(၅) မဟာရာဇ၊ မြတ်သောမင်းကြီး။ ယထာဝါပန၊ ဥပမာ တနည်းသော်ကား။ဗြာဟ္မဏမာဏဝကာနံ၊ ပုဏ္ဏားငယ်တို့၏။

(၁) ဣရုဝေဒံ၊ ဣရုဗေဒင်ကျမ်း။

(၂) ယဇုဝေဒံ၊ ယဇုဗေဒင်ကျမ်း။

(၃) သာမဝေဒံ၊သာမဗေဒင်ကျမ်း။

(၄) အာထဗ္ဗဏဝေဒံ၊ အာထဗ္ဗဗေဒင်ကျမ်း။

(၅) လက္ခဏံ၊လက္ခဏာကျမ်း။

(၆) ဣတိဟာသံ၊ဘာရတ အစရှိသော အရေးပုံရာဇဝင်, ငါးရာ့ ငါးဆယ်ဇာတ်တို့ကဲ့သို့သော ဣသိဟာသကျမ်း။

(၇) ပုရာဏံ၊ ဗုဒ္ဓဝင်, အာစရိယဓံသ စသော ကျမ်းတို့ကဲ့သို့ ဘုရားအကြောင်း, ဆရာကြီးတို့အကြောင်းကို ဆိုသော ပုရာဏ်တဆဲ့ရှစ်ကျမ်း။

(၈) နိဃဏ္ဍုံ၊ အဘိဓာန်ကျမ်း။

(၉) ကေဋုဘံ၊ အလင်္ကာကျမ်း။

(၁၀) အက္ခရပ္ပဘေဒံ၊ အက္ခရာ အပြားတို့ကို ဆိုသောကျမ်း။
(၁၁) ဝေယျာကရဏံ၊ကစ္စည်း သဒ္ဒါကျမ်းကဲ့သို့သော ဗျာကရိုဏ်း ကျမ်း။
(၁၂) ဘာသမဂ္ဂံ၊ နက္ခတ်တာရာတို့ ညီခြင်း ပုံသဏ္ဍာန်ကိုဆိုသော ကျမ်း။
(၁၃) ဥပ္ပါတံ၊ ကြယ်တံခွန်ထွက်ခြင်း အစရှိသော သုဘာသုဘ နိမိတ်ကို ဟောသောကျမ်း။
(၁၄) သုပိနံ၊ အိပ်မက်ဟောကျမ်း။
(၁၅) နိမိတ္တံ၊ချေဆတ်ခြင်း အစရှိသော နိမိတ်ကိုယူ၍ ကောင်း မကောင်းကို ဟောသောကျမ်း။
(၁၆) ဆငွင်္ဂ၊ ဆန်းအစရှိသော ဗေဒင်သုံးပုံ၏ အစိတ် ခြောက် ကျမ်း။
(၁၇) စန္ဒဂ္ဂါဟံ၊ လကြတ်တွက်နည်းနှင့်အဟော။
(၁၈) သူရိယဂ္ဂါဟံ၊ နေကြတ်တွက်နည်းနှင့်အဟော။
(၁၉) သုက္ကရာဟုစရိတံ၊ သောကြာဂြိုဟ်, ရာဟုဂြိုဟ်တို့အသွားကို ကြည့်၍ ကောင်းမကောင်းကို ဟောသောကျမ်း။
(၂၀) ဥဋ္ဌုဂဟယုဒ္ဓံ၊ နက္ခတ်နှင့်ဂြိုဟ် အတိုက်အခိုက်ကို တွက်နည်း နှင့်အဟော။
(၂၁) ဒေဝဒုန္ဒြဘိသဒ္ဒံ၊ တော်လည်းသံကိုထောက်၍ ကောင်း, မကောင်းအဟော။
(၂၂) ဩက္ကန္တိ၊ စစ်ထွက် အခါပေးကျမ်း။
(၂၃) ဥက္ကာပါတံ၊ ဥက္ကာကျသည်ကိုထောက်၍ကောင်း,မကောင်း အဟော။
(၂၄) ဘူမိကမ္ပံ၊ မြေလှုပ်ဟောကျမ်း။
(၂၅) ဒိသာဒါဟံ၊ ကိတ်ထွက်ဟောကျမ်း။
(၂၆) ဇောတိသံ၊ သူရိယသိဒ္ဓန္တ စသော လက်ရိုးကျမ်း။
(၂၇) လောကာယတိကံ၊ စကားကပ် ပြောသောကျမ်း။
(၂၈) သာဝက္ကံ၊ သာဝက္ကကျမ်း။
(၂၉) မိဂပက္ကံ၊ မိဂပက္ကကျမ်း။
(၃၀) အန္တရစက္ကံ၊ အန္တရစက္ကကျမ်း။

(၃၁) မိဿကံ၊ မိဿကကျမ်း။
(၃၂) ဥပ္ပါဒံ၊ ဥပါဒ်ကျမ်း။
(၃၃) သကုဏရုဒံ၊ ငှက်မြည်သံကို ဟောသောကျမ်း။
(၃၄) ရဝိတံ၊ ငှက်တွန်သံကိုထောက်၍ ဟောသောကျမ်း။

သိက္ခာ၊ဆောင်ရန်သိက္ခာပုဒ်တို့ကို။ ကရဏီယာ၊ ပြုအပ်ပြုကောင်းသောအမှုတို့တည်း။

အဝသေသာနံ၊ ပုဏ္ဏားမျိုးမှ ကြွင်းကုန်သော။ ပုထုဝေဿသုဒ္ဒါနံ၊ များစွာကုန်သော သူဌေး, သူကြွယ်, ကုန်သည်,လယ်လုပ်,ဆင်းရဲသားတို့၏။ ကသိ ဝါဏိဇ ဂေါရက္ခာ၊လယ်လုပ်ခြင်း, ကုန်ကူးခြင်း,ဝန်တိုက်နွား သားပွားအောင် နွားမတို့ကို မွေးကျွေးစေခိုင်းခြင်း အမှုတို့ကို။ ကရဏီယာ၊ ပြုအပ်ပြုကောင်းသောအမှုတည်း။

မဟာရာဇ၊ မြတ်သောမင်းကြီး။ ဝေမေဝခေါ၊ ဤအတူသာလျှင်။ ဟိ၊ စင်စစ်။ ယဒိဒံ-ပူဇာ၊ အကြင်ဘုရားအလောင်းတော် သရီရဓာတ်တော်များကို ချီးမြှောက်လှူဒါန်း ပူဇော်ခြင်း မည်သည်။ အတ္ထိ၊ ရှိ၏။ တံ၊ ဤလှူဒါန်း ပူဇော်ခြင်းသည်။ဇိနပုတ္တာနံ၊ ဘုရားတပည့်သားသံဃာတော်တို့၏။ အကမ္မံ၊ ပြုကောင်းသည့် အမှုမဟုတ်။

(၁) သင်္ခါရာနံ၊ သင်္ခါရတရားတို့ကို။ယံသမ္မသနံ၊ အကြင်လက္ခဏာယာဉ် သုံးပါးဖြင့် သုံးသပ် ဆင်ခြင်ခြင်းသည်ရှင်း။

(၂) ယော ယောနိသော မနသိကာရော၊ အကြင်အသင့်အတင့်နှလုံးသွင်းခြင်းသည်ရှင်း။

(၃) ယော သတိပဋ္ဌာနာ နုပဿနာရမ္မဏသာရဂ္ဂါဟော၊အကြင်သတိပဋ္ဌာန်ကို အဘန်ဘန်ရှု၍ အနှစ်သာရကိုယူခြင်းသည်ရှင်း။

(၄) ယံ ကိလေသယုဒ္ဓံ၊ အကြင် ကိလေသာကို စစ်ထိုးခြင်းသည်ရှင်း။

(၅) ယာ သဒတ္ထမနုယုဉ္ဇနာ၊ အကြင် မိမိအကျိုးဟူသောမဂ်ကိုရအောင် အားထုတ်ခြင်းသည်ရှင်း။

အတ္ထိ၊ရှိ၏။ တံ၊ ဤဆိုခဲ့ပြီးသော သမ္မသန အစရှိသောအမှုကိုသာလျှင်။ဇိနပုတ္တာနံ၊ ဘုရားတပည့်သား, သံဃာတော်တို့၏။ ကရဏီယံ၊ ပြုကောင်းသောအမှုတည်း။

အဝသေသာနံ၊ ရဟန်းသံဃာတို့မှ ကြွင်းကုန်သော။ဒေဝမနုဿာနံ၊ နတ်လူတို့၏။ ပူဇာ၊ အလောင်းတော်ဓာတ်တော်တို့အား ချီးမြှောက် လှူဒါန်း ပူဇော်ခြင်းကို။ ကရဏီယာ၊ ပြုအပ်ပြုကောင်းသောအမှုတည်း။

တသ္မာ၊ထို့ကြောင့်။ မဟာရာဇ၊မြတ်သောမင်းကြီး။တထာဂတော၊ မြတ်စွာဘုရားသည်။ဣမေ၊ ဤရဟန်းတို့သည်။ အကမ္မေ၊ မပြုကောင်းသောအမှုတို့ကို။မာယုဉ္ဇန္တု၊ လုံ့လမထုတ်ကြကုန်နှင့်။ကမ္မေ၊ ပြုကောင်းသောအမှုတို့ကို။ယုဉ္ဇန္တု၊ လုံ့လထုတ်ကြစေကုန်။ဣတိ၊ဤသို့ နှလုံးသွင်းတော်မူ၍။ အဗျာဝဋာ၊ လ၊ ပူဇာယာတိ၊ အဗျာဝဋာ၊လ၊ ပူဇာယဟူသော။တော်၊ ဤငါဘုရားပရိနိဗ္ဗာန်ပြုတော်မူပြီးနောက် အလောင်းတော် သရီရ ဓာတ်တော်များကို သင်တို့သည် ချီးမြှောက်လှူဒါန်း ပူဇော်ရ အောင် အမှုကြီးငယ်မလုပ်ကြနှင့်ဟူသော စကားကို။ အာဟ၊ ဟော တော်မူလေပြီ။

(ဧ) မဟာရာဇ၊မြတ်သောမင်းကြီး။တထာဂတော၊ မြတ်စွာဘုရား သည်။ယဒိ၊အကယ်၍။တော်-ဤငါဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် အလောင်းတော် သရီရဓာတ်တော်များကို သင်တို့သည် ချီးမြှောက် လှူဒါန်း ပူဇော်ရအောင် အမှုကြီးငယ်မလုပ်ကြနှင့်ဟူသော စကားကို နဘဏေယျ၊ ဟောတော် မမူငြားအံ့။ ဘိက္ခူ၊ ရဟန်းအပေါင်းတို့ သည်။အတ္တနော၊ မိမိ၏။ပတ္တစီဝရံပိ၊ သပိတ် သင်္ကန်း ကိုသော်လည်း။ ပရိယာဒါပေတွာ၊ ကုန်ခန်းစေ၍။ ဗုဒ္ဓပူဇံယေဝ၊ မြတ်စွာဘုရား အလောင်းတော် သရီဓာတ်တော်တို့ကို ပူဇော်ခြင်းကိုသာလျှင်။ ကရေယျုံ၊ ပြုကုန်ရာ၏။ဣတိ၊ဤသို့ ဖြေတော်မူ၏။

ဤသို့ အရှင်နာဂသိန်ဖြေတော်မူသောစကားကို ဟုတ်လှပေသည် ဟု ဝန်ခံလိုရကား—

ဘန္တေနာဂသေန၊ အရှင်နာဂသိန်။ သာဓု၊ကောင်းလှပေ၏။ တော်၊ ဤအရှင်ဘုရားဟောတော်မူသော စကားတော်ကို။ ဧဝံတထာ၊ အရှင် ဘုရား ဟောတော်မူသည့်အတိုင်း။ သမ္ပဋိစ္ဆာမိ၊ ထပ်၍မေးရန်, ပယ်ရန် မရှိ နာခံမှတ်သားပါ၏။ ဣတိ၊ဤသို့နှစ်နှစ်ခြိုက်ခြိုက် ဝန်ခံလိုက်၏။

သရီရဓာတ်တော်များကို လှူဒါန်းပူဇော်ရန် ပစ္စည်းဥစ္စာ ရှာမှီးရ ခြင်း, ဘုန်းကံအလျောက် မရှာမှီးဘဲ ရသော ပစ္စည်းကိုသော်လည်း

စောင့်ရှောက်ထိန်းသိမ်းရခြင်းအလုပ်သည် လူတို့နှင့် နှီးနှောဆက်ဆံရခြင်းများကြောင့် ရဟန်းတို့မှာ ရဟန်းတရားကိုအားထုတ်ခြင်းလစ်လပ်ပျက်စီးခုန်, အနေသန ကုလဒူသကဖြစ်ရန် ရှိခြင်းများကြောင့် ရဟန်းသံဃာတို့ အလောင်းတော် သရီရဓာတ်တော်များကို လှူဒါန်းပူဇော်ရအောင် အမှုကြီးငယ် မလုပ်မဆောင်ကြနှင့်ဟု– တားမြစ်တော်မူလေသတည်း။

---

## ဓမ္မအမွေကိုသာ ရဟန်းတော်တို့ ခံယူထိုက်ကြောင်း

တကြောင်းလည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်, သပိတ်ပရိက္ခရာ, ကျောင်းတော်, ပွင့်တော်မူသည့် ဗောဓိပင် အစရှိသည်များသည် အာမိသဖြစ်၏၊ သမထ,ဝိပဿနာ,ပရိယတ္တိ တရားတော်များသာ ဓမ္မဖြစ်၏၊ မြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့သည် အာမိသအမွေကိုမခံကောင်း၊ဓမ္မအမွေကိုသာ ခံယူကောင်းသည်၊ထို့ကြောင့်–

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသ–
ဒါယာဒါ။ ။ဟူ၍ ဟောတော်မူလေသည်။

ဘိက္ခဝေ၊ရဟန်းတို့။မေ၊ ငါ၏။ ဓမ္မဒါယာဒါ၊တရားအမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြကုန်။ အာမိသဒါယာဒါ၊ အာမိသ ဟူသော ပစ္စည်းဥစ္စာ အမွေခံတို့သည်။ မာဘဝထ၊ မဖြစ်ကြကုန်နှင့်။

ဤသို့ အာမိသအမွေခံမဖြစ် တရားအမွေခံ ဖြစ်အောင်လည်း သရီရဓာတ်တော်များကို လှူဒါန်းပူဇော်ရအောင် သင်ရဟန်းတို့ အားမထုတ်ကြနှင့် ဟူ၍ ဟောတော်မူလေသည်၊ ထို့ကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် အလောင်းတော်ကို ဗြဟ္မာ နတ် လူတို့သာ ဘုတ်ကျဉ်းသင်္ဂြိုဟ် ပူဇော်သက္ကာရကိုပြုကြ၍ ဓာတ်တော်များကို ဗြဟ္မာမင်း, သိကြားမင်း, လူမင်း, နဂါးမင်း,ဒေဝါနုပုဏ္ဏားတို့သာ ဝေယူကိုးကွယ်ကြသည်၊ရဟန်းသံဃာတော်တို့မှာ ကိစ္စမပြီးသေးသော ပုထုဇဉ်ရဟန်း, သေက္ခရဟန်းတို့ ရဟန်းတရားကိုသာ အသီးသီး အားထုတ်ကြသည်၊ကိစ္စပြီးပြီးသော အရှင်မဟာကဿပ, အရှင်ဥပါလိ အစရှိသော ရဟန္တာကြီးတို့လည်းနောက်သားမြေးတို့အကျိုးငှာပရိယတ္တိတရားတော်

အနှစ်(၅၀၀၀) ငါးထောင် တည်ရစ်အောင် ပဌမသင်္ဂါယနာတင်ခြင်းကိုသာ အားထုတ်တော်မူကြလေသည်၊ တစုံတယောက်သော ရဟန်းမှ တဆူသော ဓာတ်တော်ကိုပင်သော်လည်း ယူ၍ ကိုးကွယ်သောမည်သည်မရှိ။

ဤကဲ့သို့ မြတ်စွာဘုရားသည် အကြိမ်ကြိမ် ဟောတော်မူသည်ကို မတွေ့ဘူး၊ တွေ့ဘူးသော ရဟန်းတော်တို့လည်း သတိမထားကြသဖြင့် ယခုအခါ အချို့သော ရဟန်းတော်တို့သည် ဘုရားပုထိုး တည်ထားကိုးကွယ်ခြင်း, ဆွမ်းတော်ကြီး သင်္ကန်းတော်ကြီးလှူခြင်း, မီးပွဲသဘင်ပြုလုပ် ပူဇော်ခြင်း, ရေတွင်း ရေကန်တူးလုပ်ကြခြင်း, ဒက္ခိဏာသာခါ ဆင်းတု ဓာတ်တော်များကို ကုတ်ကုတ်ပတ်ပတ်ရှာ၍ အမှုတခု ပြုလုပ်ကိုးကွယ်ကြခြင်းများကို ပြုလုပ်ကြလေသည်။

---

### ယခုဘဝ၌ပင် နိဗ္ဗာန်အလိုရှိသူတို့ ကမ္မဋ္ဌာန်းကိုသာ အားထုတ် သင့်ပုံ

ဒါနကုသိုလ်, စာရိတ္တကုသိုလ်များကို သတ္တဝါတို့၏ ဣန္ဒြေနုရင့်, အလိုဆန္ဒ, အဇ္ဈာသယအလျောက်သာ ဟောတော်မူရသည်၊ မြတ်စွာဘုရားအလိုအားဖြင့် ရဟန်းတို့ကိုသာမဟုတ်၊ လူတို့ကိုလည်း ပြုစေတော်မမူလို၊ ကမ္မဋ္ဌာန်းဘာဝနာ, ဝိပဿနာကိုသာ အားထုတ်တော်မူစေလိုသည်ဟူ၍လည်း မြဲမြဲကြီးမှတ်လေ။

(၁) တေန ခေါပန သမယေန ယမကသာလာ သဗ္ဗဖာလိဖုလ္လာ ဟောန္တိ အကာလ ပုပ္ဖေဟိ၊ တေ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈောကိရန္တိ အဘိပ္ပကိရန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ မန္ဒာရဝ ပုပ္ဖာနိ အန္တလိက္ခာ ပပတန္တိ။ တာနိ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈောကိရန္တိ အဘိပ္ပကိရန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ စန္ဒနစုဏ္ဏာနိ အန္တလိက္ခာ ပပတန္တိ။ တာနိ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈောကိရန္တိ အဘိပ္ပကိရန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ တူရိယာနိ အန္တလိက္ခေ ဝဇ္ဇန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ သံဂီတာနိ အန္တလိက္ခေ ဝတ္တန္တိ တထာဂတဿ ပူဇာယ။

(၂) အထခေါ ဘဂဝါ အာယသ္မန္တံ အာနန္ဒံ အာမန္တေသိ သဗ္ဗဖာလိဖုလ္လာ ခေါ အာနန္ဒ ယမကသာလာ အကာလ-ပုပ္ဖေဟိ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈောကိရန္တိ အဘိပ္ပကိရန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ မန္ဒာရဝ-ပုပ္ဖာနိ အန္တလိက္ခာ ပပတန္တိ။ တာနိ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈောကိရန္တိ အဘိပ္ပကိရန္တိ တထာ ဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ စန္ဒနစုဏ္ဏာနိ အန္တလိက္ခာ ပပတန္တိ။ တာနိ တထာဂတဿ သရီရံ ဩကိရန္တိ အဇ္ဈော ကိရန္တိ အဘိပ္ပကိရန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ တူရိယာနိ အန္တလိက္ခေ ဝဇ္ဇန္တိ တထာဂတဿ ပူဇာယ၊ ဒိဗ္ဗာနိပိ သံဂီတာနိ အန္တလိက္ခေ ဝတ္တန္တိ တထာဂတဿ ပူဇာယ။

(၃) နခေါ အာနန္ဒ တ္တောဝတာ တထာဂတော သက္ကတော ဝါ ဟောတိ ဂရုကတော ဝါ မာနိတော ဝါ ပူဇိတော ဝါ အပစိတော ဝါ၊ ယောခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမိစိပ္ပဋိပန္နော အနုဓမ္မစာရီ၊ သော တထာဂတံ သက္ကရောတိ ဂရုံကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ၊ တသ္မာတိ ဟာနန္ဒ ဓမ္မာနုဓမ္မပ္ပဋိပန္နာ ဝိဟရိဿာမ သာမိစိပ္ပဋိပန္နာ အနုဓမ္မ စာရိနောတိ။ ဧဝဉှိ ဝေါ အာနန္ဒ သိက္ခိတဗ္ဗန္တိ။

ဟူ၍ ပရိနိဗ္ဗာန်ပြုတော်မူသည့် အင်ကြင်းပင်ပျိုအစုံတို့၏ အကြား ခင်းထားအပ်သော ညောင်စောင်း၌ လျောင်းတော်မူလျက် ဟော တော်မူသော မဟာပရိနိဗ္ဗာနသုတ်ပါဠိတော်။

(၁) တေန ခေါပန သမယေန၊ ထိုပရိနိဗ္ဗာန်ပြုခါနီး အင်ကြင်း ပင်ပျိုအစုံတို့၏အကြား ခင်းထားအပ်သောညောင်စောင်းတွင်လျောင်း တော်မူသော အခါ၌။ ယမက သာလာ၊ အင်ကြင်းပင်ပျိုအစုံတို့သည်။ အကာလပုပ္ဖေဟိ၊ အခါမဟုတ်ရာ၌ပွင့်သော ပန်းတို့ဖြင့်။ သဗ္ဗဖာလိ ဖုလ္လာ၊ပင်လုံးကျွတ်ပွင့်ကုန်သည်။ဟောန္တိ၊ဖြစ်ကုန်၏။တေ၊ ထိုအင်ကြင်း

ပင်ပျို့အစုံတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ပူဇာယ၊ ပူဇော်ခြင်းငှါ။ တထာဂတဿ၊ မြတ်စွာဘုရား၏။သရီရံ၊ ကိုယ်တော်ကို။ ဩကိရန္တိ၊ ကြဲကုန်၏။ အဇ္ဈောကိရန္တိ၊ ဖြူးကုန်၏။ အဘိပ္ပကိရန္တိ၊ ဖျန်းကုန်၏။

ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော၊ မန္ဒာရဝပုပ္ဖါနိပိ၊ ထင်ရှားပန်းတို့သည်လည်း။ အန္တလိက္ခာ၊ ကောင်းကင်မှ၊ ပပတန္တိ၊ကျကုန်၏။ တာနိ၊ ထိုထင်ရှားပန်းတို့သည်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ ပူဇာယ၊ ပူဇော်ခြင်းငှါ။ တထာဂတဿ၊ မြတ်စွာဘုရား၏။သရီရံ၊ကိုယ်တော်ကို။ ဩကိရန္တိ၊ကြဲကုန်၏။ အဇ္ဈောကိရန္တိ၊ဖြူးကုန်၏။ အဘိပ္ပကိရန္တိ၊ ဖျန်းကုန်၏။

ဒိဗ္ဗာနိ၊ နတ်၌ဖြစ်ကုန်သော။ စန္ဒနစုဏ္ဏာနိပိ၊ နံ့သာဝါမှုန့်တို့သည်လည်း။ အန္တလိက္ခာ၊ကောင်းကင်မှ။ ပပတန္တိ၊ ကျကုန်၏။ တာနိ၊ ထိုနံ့သာဝါမှုန့်တို့သည်။ တထဂတဿ၊ မြတ်စွာဘုရားအား။ ပူဇာယ၊ ပူဇော်ခြင်းငှါ။ တထာဂတဿ၊ မြတ်စွာဘုရား၏။ သရီရံ၊ ကို။ ဩကိရန္တိ၊ ကုန်၏။ အဇ္ဈောကိရန္တိ၊ ကုန်၏။ အဘိပ္ပကိရန္တိ၊ ကုန်၏။

ဒိဗ္ဗာနိ၊ ကုန်သော။ တူရိယာနိပိ၊ တူရိယာငါးပါးတို့ကိုလည်း။ အန္တလိက္ခေ၊ ၌။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ ဒေဝေဟိ၊ နတ်တို့သည်။ ဝဇ္ဇန္တိ၊ တီးမှုတ်အပ်ကုန်၏။ ဒိဗ္ဗာနိ၊ ကုန်သော။ သံဂီတာနိပိ၊ သီချင်းတို့ကိုလည်း။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ အန္တလိက္ခေ၊ ၌။ ဒေဝေဟိ၊ တို့သည်။ ဝတ္တန္တိ၊ ဖြစ်စေကုန်၏။

(၂) အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာ ဘုရားသည်။ အာယသ္မန္တံ အာနန္ဒံ၊ အရှင်အာနန္ဒာကို။ အာမန္တေသိ၊ ခေါ်၍မိန့်တော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ ခေါ၊ စင်စစ်။ ယမကသာလာ၊ တို့သည်။ အကာလပုပ္ဖေဟိ၊ တို့ဖြင့်။သဗ္ဗဖာလိဖုလ္လာ၊ကုန်သည်။ ဟောန္တိ၊ ကုန်၏။ တေ၊ တို့သည်။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ တထာဂတဿ၊ ၏။ သရီရံ၊ ကို။ ဩကိရန္တိ၊ ကုန်၏။ အဇ္ဈောကိရန္တိ၊ ကုန်၏။ အဘိပ္ပကိရန္တိ၊ ကုန်၏။

ဒိဗ္ဗာနိ၊ကုန်သော။ မန္ဒာရဝပုပ္ဖါနိပိ၊ တို့သည်လည်း။ အန္တလိက္ခာ၊ မှ။ ပပတန္တိ၊ ကုန်၏။ တာနိ၊ တို့သည်။ တထာဂတဿ၊ အား။ ပူဇာ

ယ၊ ငှါ။ တထာဂတဿ၊ ၏။ သရီရံ၊ ကို။ ဩကိရန္တိ၊ ကုန်၏။ အဇ္ဈော ကိရန္တိ၊ ကုန်၏။ အဘိပ္ပကိရန္တိ၊ ကုန်၏။

ဒိဗ္ဗာနိ၊ ကုန်သော။ စန္ဒနစုဏ္ဏာနိပိ၊ တို့သည်လည်း။ အန္တလိက္ခာ၊ မှ။ ပပတန္တိ၊ ကုန်၏။ တာနိ၊ တို့သည်။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ တထာဂတဿ၊၏။ သရီရံ၊ ကို။ ဩကိရန္တိ၊ ကုန်၏။ အဇ္ဈောကိရန္တိ၊ ကုန်၏။ အဘိပ္ပကိရန္တိ၊ ကုန်၏။

ဒိဗ္ဗာနိ၊ ကုန်သော။ တူရိယာနိပိ၊ တို့ကိုလည်း။ အန္တလိက္ခေ၊ ၌။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ ဒေဝတာ၊ တို့သည်။ဝဇ္ဇန္တိ၊ကုန်၏။ ဒိဗ္ဗာနိ၊ ကုန်သော။ သံဂီတာနိပိ၊ တို့ကိုလည်း။ တထာဂတဿ၊ အား။ ပူဇာယ၊ ငှါ။ အန္တလိက္ခေ၊ ၌။ ဒေဝတာ၊တို့သည်။ ဝတ္တန္တိ၊ ကုန်၏။

(၃) အာနန္ဒ၊ အာနန္ဒာ။ တွေ့ာဝတာ၊ ဤသို့ပူဇော်ခြင်းဖြင့်။ ခေါ၊ စင်စစ်။ တထာဂတော၊ ငါဘုရားကို။ သက္ကတော၀ါ၊ ကောင်းစွာပြုသောမည်သည်။ နဟောတိ၊ မဖြစ်။ ဂရုကတော၀ါ၊ အလေးပြုသောမည်သည်။ နဟောတိ၊ မဖြစ်။ မာနိတော၀ါ၊ စုံမက် မြတ်နိုးသော မည်သည်။ နဟောတိ၊ မဖြစ်။ ပူဇိတော၀ါ၊ ပူဇော်သောမည်သည်။ နဟောတိ၊ မဖြစ်။ အပစိတော၀ါ၊ ရိုသေကျိုးနွံသောမည်သည်။ နဟောတိ၊ မဖြစ်။

အာနန္ဒ၊ အာနန္ဒာ။ ဘိက္ခု၀ါ၊ ရဟန်း ယောကျ်ားသည်ငှင်း။ ဘိက္ခုနီ၀ါ၊ ရဟန်း မိန်းမသည်ငှင်း။ ဥပါသကော၀ါ၊ ဒါယကာ ယောကျ်ားသည်ငှင်း။ ဥပါသိကာ၀ါ၊ ဒါယိကာမိန်းမသည်ငှင်း၊ ယော၊ အကြင်တစုံ တယောက်သောသူသည်။ ဓမ္မာနုဓမ္မပ္ပဋိပန္နော၊ မဂ်ဖိုလ်နှင့် လျော်သော သမထဝိပဿနာကို စီးဖြန်း ပွားများသည်ဖြစ်၍။ ဝိဟရတိ၊ နေ၏။ သာမိစိပ္ပဋိပန္နော၊ သမထဝိပဿနာကို ရိုသေစွာ ကျင့်သည်ဖြစ်၍။ အနုဓမ္မစာရီ၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့်လျော်သော သမထဝိပဿနာကို စီးဖြန်းပွားများလျက်။ ဝိဟရတိ၊နေ၏။ သော၊ ထိုသူသည်သာလျှင်။ တထာဂတံ၊ ငါဘုရားကို။ ပရမာယ၊ လွန်မြတ်သော။ပူဇာယ၊ ပူဇော် ခြင်းဖြင့်။ သက္ကရောတိ၊ ကောင်းစွာ ပြုသည်မည်၏။ ဂရုံကရောတိ၊ အလေးပြုသည်မည်၏။ မာနေတိ၊ စုံမက်မြတ်နိုးသည်မည်၏။ အပစိယတိ၊ ရိုသေကျိုးနွံသည်မည်၏။

အာနန္ဒ၊ အာနန္ဒာ။ တသ္မာ၊ ထို့ကြောင့်။ ဣဟ၊ ဤသာသနာတော်၌။ ဓမ္မာနုဓမ္မပ္ပဋိပန္နာ၊ မဂ်ဖိုလ်နှင့်လျော်သော သမထဝိပဿနာကို ရှိသေစွာကျင့်ကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။ ဝိဟရိဿာမ၊ နေကုန်အံ့။ သာမီစိပ္ပဋိပန္နာ၊ သမထဝိပဿနာကို ရှိသေစွာကျင့်ကုန်သည်။ အနုဓမ္မစာရိနော၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် လျော်သော သမထဝိပဿနာကို စီးဖြန်းပွားများကုန်သည်ဖြစ်၍။ မယံ၊ ငါတို့သည်။ ဝိဟရိဿာမ၊ နေကြကုန်အံ့။ဣတိ၊ဤသို့နှလုံးသွင်း၍။ ဧဝံဟိ၊ဤငါဟောတော်မူသော သမထဝိပဿနာတို့အား စီးဖြန်းပွားများခြင်းကို သာလျှင်။ အာနန္ဒ၊ အာနန္ဒာ။ ဝေါ၊ သင်တို့သည်။ သိက္ခိတဗ္ဗံ၊ စီးဖြန်းပွားများကျင့်ဆောင်ရစ်ကြရမည်။ ဣတိ၊ ဤသို့ အဆုံးစကား မှာထားတော်မူ၏။

သေခါနီးသို့ ရောက်သောသူသည် ချစ်လှစွာသောသားသမီးတို့အား အကျိုးစီးပွား များစေခြင်းငှါ မိမိအစွမ်းသတ္တိရှိသမျှ ဥစ္စာပစ္စည်း,အဆုံးအမတို့ကို အကုန်အစင် ပြသပြောဆို အဆုံးစကား သွန်သင်မှာကြားသကဲ့သို့ အရှင်အာနန္ဒာမှစ၍ သတ္တဝါတို့အား သားတော်ရာဟုလာကဲ့သို့ သနားစုံမက်တော်မူသော မဟာကရုဏာအရှင် ဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူမည့်ညောင်စောင်းတွင်လျောင်းတော်မူသောအခါ၌ လေးသင်္ချေနှင့် ကမ္ဘာတသိန်း ပါရမီတော်ကို ဖြည့်ကျင့်ထိုးထွင်းသိမြင်နိုင်သော ပိဋကတ်သုံးပုံ၏ အဆီအနှစ်ကို စုရုံးတော်မူ၍ နောက်ဆုံးစကား မှာကြားတော်မူသည့် ပါဠိတော်ဖြစ်သောကြောင့် အခြားအခါ ဟောတော်မူသော ပါဠိတော်များနှင့် မနှိုင်းခိုင်းအပ်သည်ကိုလည်း မဲမဲသဲသဲ, မြဲမြဲစွဲစွဲ မှတ်လေ။

---

## ဝိဝဋ္ဋနိဿိတကုသိုလ်ဖြစ်အောင် ပြုထိုက်ကြောင်း

ဒါနကုသိုလ်စေတနာသည် သံသရာစက်အငံ့ါ အပါအဝင်ဖြစ်လျက် ဘုရားအလောင်းအစရှိသော သူတော်ကောင်းတို့ ဖြည့်ကျင့်ရန် ပါရမီဆယ်ပါးတွင် အဘယ့်ကြောင့် ပါဝင်ပြန်လေသနည်းဟူသော အမေးကို ဖြေခြင်းငှာ စရိယာပိဋကအဋ္ဌကထာ၌—

တတ္ထာယံ ပစ္စဝေက္ခနာဝိဓိ၊ခေတ္တ ဝတ္ထု ဟိရည သုဝဏ္ဏ
ဂေါ မဟိံသ ဒါသီ ဒါသ ပုတ္တ ဒါရာဒိပရိဂ္ဂဟ ဗျာသတ္တစိတ္တာ
နံ သတ္တာနံ ခေတ္တာဒီနံ ဝတ္ထုကာမဘာဝေန ဗဟုပတ္ထနီယံ

ဘာဝတော ရာဇစောရာဒိ သာမာရဏဘာဝတော ဝိဝါဒါမိ
ဋ္ဌာနတော သပတ္တကရတော နိဿာရတော ပဋ္ဌိလာဘပရိပါ
လနေသု ပရဝိဟေဋ္ဌနဟေတုတော ဝိနာသနိမိတ္တာဋ္ဌ။ သောကာဒိ
အနေကဝိဟိတ ဗျသနာဝဟတော သဒါသတ္တနိဒါနဋ္ဌ။ မစ္ဆေရ
မလပရိယုဋ္ဌိတစိတ္တာနံ အပါယူပပတ္တိဟေတုဘာဝေါစာတိ ဧဝံ
ဝိဝိဓဝိပုလာ နတ္ထာဝဟာနိ ပရိဂ္ဂဟဝတ္ထူနိနာမ။ တေသံ ပရိစ္စာ
ဂေါယေဝ ဧကော သောတ္ထိဘာဝေါတိ ပရိစ္စာဂေါ
အပ္ပမာဒေါ ကရဏီယော။

အစရှိသဖြင့် များစွာဆို၏။

တတ္ထ၊ထိုဒါနပါရမီ၌။ အယံ၊ဤဆိုလတံ့သည်ကား။ ပစ္စဝေက္ခနာဝိဓိ၊ ဆင်ခြင်ရန်, နှလုံးသွင်းရန် အစီအရင်တည်း။ ခေတ္တာဝတ္ထု ဟိရညသုဝဏ္ဏ ဂေါ မဟိံသ ဒါသိဒါသ ပုတ္တဒါရာဒိ ပရိဂ္ဂဟ ဗျာသတ္တစိတ္တာနံ၊ လယ်, ယာ, ရွှေ, ငွေ, နွား, ကျွဲ, ကျွန်မိန်းမ, ကျွန်ယောကျ်ား, သား, မယား အစရှိသော သိမ်းဆည်းအပ်သော ဥစ္စာပစ္စည်းတို့ကို လွန်စွာတပ်သောစိတ်ရှိကုန်သော။ သတ္တာနံ၊ သတ္တဝါတို့၏။ ခေတ္တာဒီနံ၊ လယ်, ယာ အစရှိသော ဥစ္စာပစ္စည်းတို့၏။ ဝတ္ထုကာမဘာဝေန၊ ဝတ္ထုကာမအဖြစ်ဖြင့်။ ဗဟုပတ္ထနီယဘာဝတော၊ များစွာလိုချင် တောင့်တအပ်သည်၏ အဖြစ်ကြောင့်၎င်း။ ရာဇစောရာဒိသာမာရဏဘာဝတော၊ မင်းခိုးသူအစရှိသောရန်သူမျိုးငါးပါးနှင့်ဆက်ဆံသည်၏အဖြစ်ကြောင့်၎င်း။ ဝိဝါဒါမိဋ္ဌာနတော၊ခိုက်ရန်ငြင်းခုံ ဖြစ်ရာဖြစ်ကြောင်း ဖြစ်သောကြောင့်၎င်း။ သပတ္တကရတော၊ ရန်သူကို ပြုတတ်သောကြောင့်၎င်း။ နိဿာရတော၊ အနှစ်မရှိသောကြောင့်၎င်း။ ပဋ္ဌိလာဘပရိပါလနေသု၊ ရပြီးသော ဥစ္စာပစ္စည်းကို စောင့်ရှောက်ခြင်းတို့၌။ ပရဝိဟေဋ္ဌန ဟေတုတော၊ သူတပါးကို ညှဥ်းဆဲရသော အကြောင်းကြောင့်၎င်း။ ဝိနာသနိမိတ္တာဋ္ဌ၊ ဥစ္စာရှင် ပျက်စီးကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။

သောကာဒိအနေက ဝိဟိတဗျသနာ ဝဟတော၊ စိုးရိမ်ကြောင့်ကြခြင်း အစရှိသော များစွာစီရင်အပ်သော ပျက်စီးခြင်းကိုရွက်ဆောင်တတ်သောကြောင့်။ သဒါသတ္တနိဒါနဋ္ဌ၊ အမြဲမပြတ် ဆောင်အပ်သော ထား,လုံ့လက်နက်အကြောင်းသည်လည်း။ ဟောတိ၊ ဖြစ်၏။ မစ္ဆေရမလပရိယုဋ္ဌိတစိတ္တာနံ၊ ရှိပြီးသောဥစ္စာကို မပေးမကမ်းလို ဝန်တိုစဥ်းလဲ

ခြင်း အညစ်အကြေးတက်သော စိတ်ရှိကုန်သော သူတို့၏။ အပါယ္ဃုပ ပတ္တိဟေတု ဘာဝေါ၏၊အပါယ်လေးပါး၌ ဖြစ်ကြောင်း သဘောသည် လည်း။ ဟောတိ၊ ဖြစ်၏။

ဣတိစေ၊ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း။ပရိဂ္ဂဟငတ္ထုနိန္နာမ၊ သိမ်းဆည်း အပ်သော ဥစ္စာပစ္စည်းတို့ မည်သည်။ဝိဝိဓဝိပုလာ နတ္ထာဝဟာနိ၊အထူး ထူး အပြားပြား ကြီးမားပြန့်ပြောသော အကျိုးမဲ့ကို ရွက်ဆောင် တတ်ကုန်၏။ တေန၊ ထို့ကြောင့်။တေသံ၊ ထိုသိမ်းဆည်းအပ်သော ဥစ္စာပစ္စည်းတို့ကို။ ပရိစ္စာဂေ၊ မသိမ်းမဆည်း စွန့်ပစ်ပေးကမ်း၍။ ကောယေဝ၊ပေးစရာမရှိ တယောက်တည်း ဖြစ်ခြင်းသည်သာလျှင်။ သောတ္ထိဘာဝေါ၊ ချမ်းသာသော အဖြစ်တည်း။ဣတိ၊ ဤသို့နှလုံးသွင်း ၍။ပရိစ္စာဂေ၊ ပေးကမ်းစွန့်ကြဲခြင်း ဒါနပါရမီကို။ အပ္ပမာဒေါ၊ မမေ့ မလျော့။ကရဏီယော၊ပြုအပ်၏။

အဓိပ္ပါယ်အကျဉ်းကား—ရွှေ ငွေ လယ် ယာ စသောသက်မဲ့ဥစ္စာ, ကျွဲ နွား ဆင် မြင်း ကျေးကျွန် သား မယားတိုင်အောင်သောသက်ရှိ ဥစ္စာ ရှိသောသူတို့၌ ရန်သူမျိုးငါးပါးဟူသော ပြင်ပရန်,ရှိသော ဥစ္စာ ကို မပေးကမ်းလို မိမိဥစ္စာကို သူတပါးတို့နှင့် မဆက်ဆံစေလိုသော မစ္ဆေရဟူသောအတွင်းရန်၊ဤသို့အစရှိသောဥစ္စာပစ္စည်း၌ရန်သူများစွာ ရှိသောကြောင့် ပစ္စုပ္ပန်၌လည်း ပျက်စီးကြောင်း, သံသရာ၌လည်း မပေး မကမ်းလို ဝန်တိုခြင်း မစ္ဆေရ နှိပ်စက်သောကြောင့် အပါယ် ရောက်ကြောင်းဖြစ်၍ သက်ရှိ သက်မဲ့ဥစ္စာများကို စွန့်ပစ်ပြီးလျှင် သုမေဓာ ရသေ့တို့ကဲ့သို့ ကျင့်ဆောင်ခြင်းသည် ဒုစရိုက်တို့မှ ကြဉ် ရှောင်ခြင်း သီလပါရမီ, ဝတ္ထုကာမတို့မှ ထွက်မြောက်ခြင်း နိက္ခမ ပါရမီ ဖြစ်သောကြောင့် လက်ရှိ,သက်မဲ့ ဥစ္စာများကိုစွန့်ပစ်ခြင်းသည် ပင်လျှင် ဒါနပါရမီကိုကောက်ရသည်၊ ပါရမီဆယ်ပါးတွင် ဒါနပါရမီ ကိုမထည့်လျှင် ဥစ္စာပစ္စည်းတို့ကို သိမ်းဆည်းထားသောကြောင့် ဆိုခဲ့ ပြီးသည့်အတိုင်း သီလပါရမီ, နိက္ခမပါရမီ မဖြစ်နိုင် ဟူလိုသည်။

ဤသို့ သုတ္တန်ဒေသနာတော်သည် အဘိဓမ္မာဒေသနာတော်ကဲ့သို့ သဘာဝဓမ္မကို ဟောသည့်တရားမဟုတ်၊ သတ္တဝါအလိုက် ရဟန်းမှာ ရဟန်းနှင့်လျော်အောင်, လူမှာလူနှင့်လျော်အောင် ဣန္ဒြေအနုအရင့် အလိုအဇ္ဈာသယများကို ခွဲခြမ်းစိတ်ဖြာ၍ သိတော်မူတတ်,ဟောတော်

မှုတတ်သော ဝိဘဇ္ဇဝါဒီ ဖြစ်တော်မူသော မြတ်စွာဘုရား၏ တရားတော်ကို အလိုတော်အတိုင်း မသိသူတို့သည် တစ္ဆန်းတစတွေ့နှင့် ဒါနကုသိုလ်များကို အလျှင်းပင် မလုပ်ကောင်းကြောင်းနှင့် စာပေရေးသား ဟောပြောကြသည်၊ အချို့ကလည်း ဒါနသည် ပါရမီဆယ်ပါးမှာပင် ပါလျက်ရှိသည်၊ ပြုမှကောင်းသည်ဟု ပြောကြားခြင်းများသည် မြတ်စွာဘုရားဒေသနာတော်ကို လယ်လယ်ပတ်ပတ် စုံစုံလင်လင် တွေ့မြင်သိကျွမ်းရာမရောက် ဖြစ်လေသည်၊ ဤကဲ့သို့ သီလအစရှိယော ပါရမီကိုးပါးအကျိုးငှါ ပြုသောဒါနကိုပင် ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း ဝိဝဋ္ဋုပနိဿိတဒါန ဆိုရလေသည်၊ ဤကဲ့သို့ မဟုတ်သောဒါနကို ဝဋ်ဆင်းရဲကိုမှီသော ဝဋ္ဋုပနိဿိတဒါန ဆိုရလေသည်။

အပစာယနအစရှိသော စာရိတ္တသီလ၌လည်း ဆရာနှင့်တပည့်, ကျွန်နှင့်သခင်, လင်နှင့်မယား, သားနှင့်မိဘတို့အချင်းချင်း ကျင့်ဝတ်ပဋိပတ်အတိုင်း မကျင့်လျှင် ပစ္စုပ္ပန်၌ပင် ရန်သူဖြစ်ကြ၍ ဆင်းရဲဒုက္ခတွေ့သဖြင့် သီလစသောပါရမီကို ကောင်းစွာမဖြည့်ကျင့်နိုင်၊ တမလွန်၌လည်း အချင်းချင်း ဖြဟ္မစိုရ်ကင်း၍ အပါယ်သို့ရောက်သဖြင့် သီလစသော ပါရမီတို့ကို ကောင်းစွာမဖြည့်ကျင့်နိုင်မည် ဖြစ်သောကြောင့် စာရိတ္တသီလကိုလည်း ပြုရလေသည်၊ ဤကဲ့သို့ပြုရသော စာရိတ္တသီသကိုပင် ဝိဝဋ္ဋုပနိဿိတသီလ၊ ဤကဲ့သို့မဟုတ်သော စာရိတ္တသီလကို ဝဋ္ဋုပနိဿိတသီလ၊ ရှုပ အရှုပစျာန် ကုသိုလ်၌လည်း ထိုစျာန်သမာဓိကို အခြေပြု၍ ဝိပဿနာကိုပွားများလျှင် ထိုစျာန်ကုသိုလ်သည် ဝိဝဋ္ဋုပနိဿိတကုသိုလ်၊ ဤကဲ့သို့ မဟုတ်လျှင် ဝဋ္ဋုပနိဿိတ ကုသိုလ်ဟူ၍လည်း မှတ်လေ၊ဝိရတီသီလ အစရှိသော မဂ္ဂင်တရားတို့ကဲ့သို့ ဝဋ်ဆင်းရဲမှထွက်မြောက်ကြောင်း တိုက်ရိုက်မဟုတ်လေ။

မဂ္ဂင်ရှစ်ပါးကို ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းဟူ၍ ဟောတော်မူသောကြောင့် ဤမဂ္ဂင်ရှစ်ပါးနှင့် သဘောတူသော ဗောဇ္ဈင်အစရှိသော ဗောဓိပက္ခိယတရားတို့ကိုလည်း နေတ္တိကျမ်း, လက္ခဏာ´ဂါရတွင် သဘောတူရာ ယူကောင်းသည် ဆိုသည့်အတိုင်း နိဗ္ဗာန်ရောက်ကြောင်းပင် ဟူ၍မှတ်အပ်သည်။

**သီလကဏ္ဍစသည် ပြဆိုခဏ်း ပြီး၏။**

# ကမ္မဋ္ဌာန်းယူနည်းပြဆိုခဏ်း

## ကမ္မဋ္ဌာန်းပြဆရာအင်္ဂါနှင့်ရွေးချယ်နည်း

ဤဆိုခဲ့ပြီးသော စကားစုတို့ကိုထောက်၍ နိဗ္ဗာန်ကို ဤဘဝအလျှင် အမြန် အလိုရှိသော ယောဂီပုဂ္ဂိုလ်သည် မြတ်စွာဘုရားသည် များစွာ ချီးမွမ်းအပ်သော ဤကာယဂတာသတိကမ္မဋ္ဌာန်းကို ဆိုလတံ့သော အင်္ဂါနှင့် ပြည့်စုံသော ဆရာသို့ကပ်၍ အကုန်အစင်တတ်အောင် ရှေးဦးစွာသင်ရမည်။

ပိယော ဂရု ဘာဝနီယော၊ ဝတ္တာစ ဝစနက္ခမော။
ဂမ္ဘီရဉ္စ ကထံ ကတ္တာ၊ နောစာ ဋ္ဌာနေ နိယောဇယေ။ ။

(၁) ပိယော၊သီလသမာဓိဂုဏ်တို့ကြောင့်ချစ်အပ်သည်။

(၂) ဂရု၊ အလေးပြုအပ်သည်။

(၃) ဘာဝနီယော၊ချီးမွမ်းထိုက်သည်။

(၄) ဝတ္တာစ၊ သတ္တဝါတို့၏ ဣန္ဒြေနုရင့် အလိုဆန္ဒအလိုက် တရားဟောတတ်သည်။

(၅) ဝစနက္ခမော၊မသိ၍ မေးလျှောက်သမျှကို မမောင်းမမဲ သည်းခံ၍ ဖြေဆိုနိုင်သည်။

(၆) ဂမ္ဘီရံ၊ နက်နဲသော။ ကထံ၊ ဗောဓိပက္ခိယ တရားစကားကို။ ကတ္တာ၊ စိတ်စိတ်ဖြာဖြာ နေရာကျအောင် ဟောပြောတတ်သည်။

(၇) အဋ္ဌာနေ၊ သတ္တဝါနှင့်မလျော် မပြုကောင်းသော အမှုကိစ္စ အရာဌာန တို့ကို။ နောနိယောဇယေ၊ အားမထုတ်စေတတ်။

ဤသည်ကား ကမ္မဋ္ဌာန်းသင်ရန် ဆရာ၏ အင်္ဂါတည်း။

ဋီကာ၌ကား—သဒ္ဓါ, သီလ, သုတ, စာဂ, ဝီရိယ, သတိ, သမာဓိ, ပညာတို့နှင့် ပြည့်စုံသောသူဟူ၍ ဆိုကုန်၏၊ သို့သော်လည်း ဤသဒ္ဓါ အစရှိသော ဂုဏ်တို့ကြောင့်သာ ချစ်အပ်, အလေးပြုထိုက် ရကား— ဆိုခဲ့ပြီးသော အဋ္ဌကထာ၌လာသည့်ဆရာ့အင်္ဂါတို့တွင် ဝင်လေသည်ပင်။

ဤဆရာ့အင်္ဂါနှင့် ကောန်ပြည့်စုံသည်ကား—မြတ်စွာဘုရားသာတည်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသည့်နောက်ဖြစ်လျှင် မဟာသာဝက၊

ဤမဟာသာ၀ကပင် မရှိပြန်လျှင် ဈာန်အဘိညာဉ်ရ ရဟန္တာ,ဤရဟန္တာ ပင် မရှိပြန်လျှင် ဈာန်မရ ရဟန္တာ, အနာဂါမ်, သကဒါဂါမ်, သောတာပန်, ဈာနလာဘီ, ကျမ်းဂန်တတ်မြောက်ပြီး ပိဋကတ်သုံးပုံ ဆောင်, နှစ်ပုံဆောင်, တပုံဆောင်, နိကာယ်တခုဆောင်,လဇ္ဇီပေသလ သိက္ခာကာမ ဗဟုဿုတ ပုထုဇဉ် ရဟန်းတို့ထံ သင်ကြားအပ်၏။

ဤပုဂ္ဂိုလ်တို့ကိုမှ မရလျှင် စာပေကျမ်းဂန် ကျကျနန တတ်မြောက် သော လဇ္ဇီပေသလ သိက္ခာကာမ ဗဟုဿုတရှိသော သူတို့ထံ သင် အပ်၏၊ ဤပုဂ္ဂိုလ်တို့မှ မရှိခဲ့လျှင် နေရာကျ ရေးသားထားသော ကမ္မဋ္ဌာန်းစာများကို တတ်မြောက်အောင် ကြည့်ရှု မှတ်သားရမည်၊ အခြားစာပေကျမ်းဂန်များကိုပင် မတတ်သော်လည်း စီးဖြန်းပွားများ ရန် ကမ္မဋ္ဌာန်း တခုခုကိုဖြစ်လျှင် အကုန်အစင် နေရာကျ တတ်မြောက်မှ စီးဖြန်းပွားများနိုင်မည်။

---

## အလိုရှိရာကမ္မဋ္ဌာန်း ယူနိုင်ရန်ပြခြင်း

သင်ကြားရန် ကာယဂတာသတိပါဠိကား—မဟာသတိပဋ္ဌာနသုတ်, အဘိဓမ္မာသတိပဋ္ဌာနဝိဘင်းတို့၌ ပဋိက္ကူလအဖြစ်ဖြင့် ဟောတော်မူ၏၊ မဟာဟတ္ထိပဒေါပမသုတ်, ရာဟုလောဝါဒသုတ်, အဘိဓမ္မာဓာတု ဝိဘင်းပါဠိတော်တို့၌ ဓာတ်အဖြစ်ဖြင့် ဟောတော်မူ၏၊ ကာယဂတာသ တိသုတ်၌ အဖြူ,အနီစသော ဝဏ္ဏကသိုဏ်းအဖြစ်ဖြင့် ဟောတော်မူ၏၊ ထို့ကြောင့်—

(၁) ကေသာ,လောမာ အစရှိသော ကောဋ္ဌာသတို့၏ အဖြူ, အနီစသော အဆင်းကို နှလုံးသွင်းလျှင် ကသိုဏ်းဖြစ်၏။

(၂) စက်ဆုပ်ရွံရှာဘွယ်ဟု နှလုံးသွင်းလျှင် ကာယဂတာသတိ ကမ္မဋ္ဌာန်းဖြစ်၏။

(၃) အစိုင်အခဲကောဋ္ဌာသစုကို ပထဝီဓာတ်, အရည်ကောဋ္ဌာသ စုကို အာပေါဓာတ်၊ ဤသို့စသည်ဖြင့် နှလုံးသွင်းလျှင် ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းဖြစ်၏။

ဝဏ္ဏကသိုဏ်း ကာယဂတာ သတိကမ္မဋ္ဌာန်းဖြစ်လျှင် သမထ၌ဝင်၏၊ ဓာတုဝဝတ္ထာန်ဖြစ်လျှင် သမထ, ဝိပဿနာနှစ်ပါး၌ပင်ဝင်၏။

စရိုက်အားလျော်စွာ ကမ္မဋ္ဌာန်းပေးရမည်ဆိုရာ၌ ကိလေသာနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ကိုသာ ရည်၍ဆိုသည်၊ ကမ္မဋ္ဌာန်းဟူသမျှသည် ကိလေသာကို ပယ်ဖျက်နိုင်သည်ချည်းဖြစ်၍ စရိုက်ကိုမထောက်ဘဲ အလိုရှိရာ ကမ္မဋ္ဌာန်းကိုပင် ယူနိုင်သည်ဟူ၍ မှတ်ရမည်၊ ဤပါဠိတော်တို့တွင် ဓာတုဝိဘင်းပါဠိတော်သည် အကျယ်ဆုံးဖြစ်၍ ဤပါဠိတော်ကို ရလျှင် ကြွင်းသော ပါဠိတော်တို့ အတွင်း ဝင်သောကြောင့် ဤဓာတုဝိဘင်း ပါဠိကို ထုတ်ဆောင်ပြဆိုပေအံ့။

---

## ဓာတ် ၄-ပါးသရုပ်ပြပါဠိ

(၁) တတ္ထ ကတမာ ပထဝီဓာတု၊ ပထဝီဓာတုဒ္ဒယံ၊ အတ္ထိ အဇ္ဈတ္တိကာ၊ အတ္ထိ ဗာဟိရာ။ တတ္ထ ကတမာ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယံ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရဂတံ ကက္ခဠတ္တံ ကက္ခဠဘာဝေါ အဇ္ဈတ္တံ ဥပါဒိန္နံ။ သေယျထိဒံ၊ ကေသာ၊ လောမာ၊ နခါ၊ ဒန္တာ၊ တစော၊ မံသံ၊ နှာရု၊ အဋ္ဌိ၊ အဋ္ဌိမိဉ္ဇံ၊ ဝက္ကံ၊ ဟဒယံ၊ ယကနံ၊ ကိလောမကံ၊ ပိဟကံ၊ ပပ္ဖါသံ၊ အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ၊ ကရီသံ။ ယံ ဝါ ပနညမ္ပိ အတ္ထိ အဇ္ဈတ္တံ ပစ္စတ္တံ ကက္ခဠံ ခရဂတံ ကက္ခဠတ္တံ ကက္ခဠဘာဝေါ အဇ္ဈတ္တံ ဥပါဒိန္နံ၊ အယံ ဝုစ္စတိ အဇ္ဈတ္တိကာ ပထဝီဓာတု။

(၂) တတ္ထ ကတမာ ဗာဟိရာ ပထဝီဓာတု၊ ယံ ဗာဟိရံ ကက္ခဠံ ခရဂတံ ကက္ခဠတ္တံ ကက္ခဠဘာဝေါ ဗဟိဒ္ဓါ အနုပါဒိန္နံ။ သေယျထိဒံ၊အယော၊လောဟံ၊တိပု၊သီသံ၊သဇ္ဈံ၊ မုတ္တာ၊မဏိ၊ ဝေဠုရိယော၊ သင်္ခေါ၊ သိလာ၊ ပဝါဠံ၊ရဇတံ၊ ဇာတရူပံ၊ လောဟိတင်္ဂေါ၊ မသာရဂလ္လံ၊ တိဏံ၊ ကဋ္ဌံ၊သက္ခရံ၊ကထလံ၊ ဘူမိ၊ ပါသာဏော၊ပဗ္ဗတော။ ယံ ဝါ ပနညမ္ပိ အတ္ထိ ဗာဟိရံ ကက္ခဠံ ခရဂတံ ကက္ခဠတ္တံ ကက္ခဠဘာဝေါ ဗဟိဒ္ဓါ အနုပါ ဒိန္နံ၊ အယံ ဝုစ္စတိ ဗာဟိရာ ပထဝီဓာတု။ ယာ စ အဇ္ဈတ္တိကာ ပထဝီဓာတု၊ ယာ စ ဗာဟိရာ ပထဝီဓာတု၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ပထဝီဓာတု။

(၃) တတ္ထ ကတမာ အာပေါဓာတု၊ အာပေါဓာတု ဒွယံ၊ အတ္ထိ အဇ္ဈတ္တိကာ၊ အတ္ထိ ဗာဟိရာ။ တတ္ထ ကတမာ အဇ္ဈတ္တိကာ အပေါဓာတု၊ ယံ အဇ္ဈတ္တံ ပစ္စတ္တံ အာပေါ အာပေါဂတံ သ္နေဟော သ္နေဟဂတံ ဗန္ဓနတ္တံ ရူပဿ အဇ္ဈတ္တံ ဥပါဒိန္နံ။ သေယျထိဒံ။ ပိတ္တံ သ္လေမှံ၊ ပုဗ္ဗော၊ လောဟိတံ၊ သေဒေါ၊ မေဒေါ၊ အဿု၊ ဝသာ၊ ခေဠော၊ သိင်္ဃာဏိကာ၊ လသိကာ၊ မုတ္တံ။ ယံ ဝါ ပန ညမ္ပိ အတ္ထိ အဇ္ဈတ္တံ ပစ္စတ္တံ အာပေါ အာပေါဂတံ၊ သ္နေဟော သ္နေဟဂတံ ဗန္ဓနတ္တံ ရူပဿ အဇ္ဈတ္တံ ဥပါဒိန္နံ၊ အယံ ဝုစ္စတိ အဇ္ဈတ္တိကာ အာပေါဓာတု။

(၄) တတ္ထ ကတမာ ဗာဟိရာ အာပေါ ဓာတု၊ ယံ ဗာဟိရံ အာပေါ အာပေါဂတံ သ္နေဟော သ္နေဟဂတံ ဗန္ဓနတ္တံ ရူပဿ ဗဟိဒ္ဓါ အနုပါဒိန္နံ၊ သေယျထိဒံ။ မူလရသော၊ ခန္ဓရသော၊ တစရသော၊ ပတ္တရသော၊ ပုပ္ဖရသော၊ ဖလရသော၊ ခီရံ၊ ဒဓိ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ၊ ဘုမ္မာနိဝါ၊ ဥဒကာနိဝါ၊ အန္တလိက္ခာနိဝါ။ ယံ ဝါ ပန ညမ္ပိ အတ္ထိ ဗာဟိရံ အာပေါ အာပေါဂတံ သ္နေဟော သ္နေဟဂတံ ဗန္ဓနတ္တံ ရူပဿ ဗဟိဒ္ဓါ အနုပါဒိန္နံ၊ အယံ ဝုစ္စတိ ဗာဟိရာ အာပေါဓာတု။ ယာစ အဇ္ဈတ္တိကာ အာပေါဓာတု၊ ယာစ ဗာဟိရာ အာပေါဓာတု၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ အာပေါဓာတု။

(၅) တတ္ထ ကတမာ တေဇောဓာတု၊ တေဇောဓာတု ဒွယံ၊ အတ္ထိ အဇ္ဈတ္တိကာ၊ အတ္ထိ ဗာဟိရာ။ တတ္ထ ကတမာ အဇ္ဈတ္တိကာ တေဇောဓာတု၊ ယံ အဇ္ဈတ္တံ ပစ္စတ္တံ တောဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသုမံ ဥသုမဂတံ အဇ္ဈတ္တံ ဥပါဒိန္နံ။ သေယျထိဒံ၊ ယေနစ သန္တပ္ပတိ၊ ယေနစ ဇီရီယတိ၊ ယေနစ ပရိဒယှတိ၊ ယေနစ အသိတံ ပီတံ ခါယိတံ သာယိတံ သမ္မာပရိဏာမံ ဂစ္ဆတိ။ ယံ ဝါ ပနညမ္ပိ အတ္ထိ

အဇ္ဈတ္တံ ပစ္စတ္တံ တေဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသုမံ ဥသုမဂတံ အဇ္ဈတ္တံ ပစ္စတ္တံ ဥပါဒိန္နံ၊ အယံ ဝုစ္စတိ အဇ္ဈတ္တိကာ တေဇောဓာတု။

(၆) တတ္ထ ကတမာ ဗာဟိရာ တေဇောဓာတု။ ယံ ဗာဟိရံ တေဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသုမံ ဥသုမဂတံ ဗဟိဒ္ဓါ အနုပါဒိန္နံ။ သေယျထိဒံ၊ ကဋ္ဌဂ္ဂိ၊ ပလာလဂ္ဂိ၊ တိဏဂ္ဂိ၊ ဂေါမယဂ္ဂိ၊ ထုသဂ္ဂိ၊ သင်္ကာရဂ္ဂိ၊ ဣန္ဒဂ္ဂိ၊ အဂ္ဂိသန္တာပေါ၊ သူရိယသန္တာပေါ၊ ကဋ္ဌသန္နိစယသန္တာပေါ၊ တိဏသန္နိစယ သန္တာပေါ၊ ဓညသန္နိစယ သန္တာပေါ၊ ဘဏ္ဍသန္နိစယ သန္တာပေါ၊ ယံ ဝါ ပနညမ္ပိ အတ္ထိ ဗာဟိရံ တေဇော တေဇောဂတံ ဥသ္မာ ဥသ္မာဂတံ ဥသုမံ ဥသုမဂတံ ဗဟိဒ္ဓါ အနုပါဒိန္နံ၊ အယံ ဝုစ္စတိ ဗာဟိရာ တေဇောဓာတု။ ယာစ အဇ္ဈတ္တိကာ တေဇောဓာတု၊ ယာစ ဗာဟိရာ တေဇောဓာတု၊ တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ၊ အယံ ဝုစ္စတိ တေဇောဓာတု။

(၇) တတ္ထ ကတမာ ဝါယောဓာတု၊ ဝါယောဓာတု ဒွယံ။ အတ္ထိ အဇ္ဈတ္တိကာ အတ္ထိ ဗာဟိရာ။ တတ္ထ ကတမာ အဇ္ဈတ္တိကာ ဝါယော ဓာတု၊ ယံ အဇ္ဈတ္တံ ပစ္စတ္တံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ အဇ္ဈတ္တံ ဥပါဒိန္နံ။ သေယျထိဒံ၊ ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ သတ္ထကဝါတာ၊ ခုရကဝါတာ၊ ဥပ္ပလကဝါတာ၊ အဿာသော၊ ပဿာသော၊ ယံ ဝါ ပနညမ္ပိ အတ္ထိ အဇ္ဈတ္တံ ပစ္စတ္တံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ အဇ္ဈတ္တံ ဥပါဒိန္နံ၊ အယံ ဝုစ္စတိ အဇ္ဈတ္တိကာ ဝါယောဓာတု။

(၈) တတ္ထ ကတမာ ဗာဟိရာ ဝါယောဓာတု။ ယံ ဗာဟိရံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ ဗဟိဒ္ဓါ အနုပါဒိန္နံ။ သေယျထိဒံ၊ ပုရတ္ထိမာ ဝါတာ၊ ပစ္ဆိမာ ဝါတာ၊ ဥတ္တရာ

ဝါတာ၊ ဒက္ခိဏာ ဝါတာ၊ သရဇာ ဝါတာ၊ အရဇာ ဝါတာ၊ သီတာ ဝါတာ၊ ဥဏှာ ဝါတာ၊ ပရိတ္တာ ဝါတာ၊ အဓိမတ္တာ ဝါတာ၊ ကာဠဝါတာ၊ ဝေရမ္ဘဝါတာ၊ ပက္ခဝါတာ၊ သုပဏ္ဏဝါတာ၊ တာလဝဏ္ဋဝါတာ၊ ဝိဓူပနဝါတာ။ ယံ ဝါ ပနညမ္ပိ အတ္ထိ ဗာဟိရံ ဝါယော ဝါယောဂတံ ထမ္ဘိတတ္တံ ရူပဿ ဗဟိဒ္ဓါ အနုပါဒိန္နံ၊ အယံ ဝုစ္စတိ ဗာဟိရာ ဝါယောဓာတု။ ယာစ အဇ္ဈတ္တိကာ ဝါယောဓာတု၊ ယာစ ဗာဟိရာ ဝါယောဓာတု၊တဒေကဇ္ဈံ အဘိသညူဟိတွာ အဘိသင်္ခိပိတွာ အယံ ဝုစ္စတိ ဝါယောဓာတု။ ။အဘိဓမ္မာပိဘင်း ပါဠိတော်။

---

## အဇ္ဈတ္တိကပထဝီဓာတ်

(၁) တတ္ထ၊ထိုဓာတ်တို့တွင်၊ပထဝီဓာတု၊ ပထဝီဓာက်ဟူသည်။ကတမာ၊အဘယ်သဘောအဘယ်ဝတ္ထုနည်း။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ဖြစ်သော ပထဝီဓာတ်သည်။ အတ္ထိ၊ ရှိ၏။ ဗာဟိရာ၊ သတ္တဝါသန္တာန် မဟုတ် ပြင်ပ၌ဖြစ်သောပထဝီဓာတ်သည်။အတ္ထိ၊ရှိ၏။ဣတိ၊ဤသို့။ အယံ ပထဝီဓာတု၊ဤပထဝီဓာတ်သည်။ဒွေ၊နှစ်ပါးရှိကုန်၏။

တတ္ထ၊ထိုနှစ်ပါးတို့တွင်။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပထဝီဓာတု၊ပထဝီဓာတ်သည်။ကတမာ၊ အဘယ်သဘော အဘယ်ဝတ္ထုနည်း။အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊ သတ္တဝါကိုယ်၌ဖြစ်သော။ကက္ခဠံ၊ခိုင်မာသော။ခရဂတံ၊တောင့်တင်းသော။(အရည်မဟုတ်ဟူလို)။ ကက္ခဠတ္တံ၊ ခိုင်မာသောအဖြစ်။ ကက္ခဠဘာဝေါ၊ ခိုင်မာသောသဘော။ အဇ္ဈတ္တံ၊သတ္တဝါကိုယ်၌ဖြစ်သောကြောင့် အဇ္ဈတ္တမည်သော။ ဥပါဒိန္နံ၊ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော။ယံ၊ အကြင်ဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ဣဒံ-တံ၊ထိုဝတ္ထုသည်။ သေယျထာ-ကတမံ၊အဘယ်နည်း။ကေသာ၊ ဆံတို့။လောမာ၊ အမွေးတို့။နခါ၊ ခြေသည်းလက်သည်းတို့။ ဒန္တာ၊ သွားတို့။တစော၊အရေ။မံသံ၊အသား။နှာရု၊ အကြော။ အဋ္ဌိ၊အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညှို။ ဟဒယံ၊ နှလုံးသား။ ယကနံ၊အသည်း။ ကိလောမကံ၊ အမြှေး။(လင်းတပိုင်ဟူ၍ရင်း, အရွတ်ဟူ၍ရင်း ခေါ်ကြသည်။)ပိဟကံ၊သရက်ရွက်။ (ရှေးကအဖျဉ်းခေါ်သည်၊ ကသည်းအနှိပ်

သည်တို့ ပြောသောစကားကိုလိုက်၍ ဗေလည်းခေါ်သည်၊ ပစောက်နှင့် လငယ်ဆင့်လျက် ပ္လိဟာကံရှိစေ။) ပဝ္ဖါသံ၊အဆုတ်။ (အထက်ကပစောက်, အောက်ကဖဦးထုပ် ဆင့်လျက်ရှိစေ။)အန္တံ၊ အူ။ အန္တဂုဏံ၊ အူသိမ်။ (အူကိုဘွဲ့သော အကြောလည်းဟူ၏။) ဥဒရိယံ၊ အစာသစ်။ (မကျေသေးသောအစာဟူလို)။ကရီသံ၊ အစာဟောင်း။ အညမ္ပိ၊ ဆိုပြီးသည်မှတပါးလည်း ဖြစ်သော။ အဇ္ဈတ္တံ၊သတ္တဝါ သန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊သတ္တဝါကိုယ်၌ဖြစ်သော။ ကက္ခဠံ၊ခိုင်မာသော။ခရဂတံ၊ တောင့်တင်းသော။ (အရည်မဟုတ်ဟူလို)။ ကက္ခဠတ္တံ၊ ခိုင်မာသောအဖြစ်။ ကက္ခဠဘာဝေါ၊ ခိုင်မာသောသဘော။ အဇ္ဈတ္တံ၊ သတ္တဝါကိုယ်၌ ဖြစ်သောကြောင့် အဇ္ဈတ္တမည်သော။ ဥပါဒိဏ္ဏံ၊ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော။ယံဝါပန၊အကြင်တစုံတခုသော ကောဋ္ဌာသသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ဤအလုံးစုံကို။ အဇ္ဈတ္တိကာ၊သတ္တဝါသန္တာန်၌ ဖြစ်သော။ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ဝုစ္စတိ၊ဆိုအပ်၏။

[ဆိုပြီးသည်မှတပါး အစိုင်အခဲဖြစ်သော ကောဋ္ဌာသ တစုံတခုကိုလည်း ယူရဦးမည်ဟု– ဟောတော်မူသောကြောင့် ဦးနှောက်ဟူသော မတ္ထလုင် စသည်တို့ကိုလည်း ယူအပ်၏။ ။အဋ္ဌကထာတို့၌ကား– ဦးနှောက်သည် ရိုးတွင်းခြင်ဆီပင်ဖြစ်၍ ရိုးတွင်းခြင်ဆီ၌ ပါဝင်သောကြောင့် ဦးနှောက်ကို မယူအပ်၊ အာပေါကောဋ္ဌာသစသည်တို့၌ ခိုင်ခံ့သောသဘော ပထဝီဓာတ်ကို ယူလေဟူ၏။]

---

## ဗာဟိရ ပထဝီဓာတ်

(၂) တတ္ထ၊ ထိုအဇ္ဈတ္တိက,ဗာဟိရပထဝီဓာတ် နှစ်မျိုးတို့တွင်။ဗာဟိရာ၊သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ပထဝီဓာတု၊ သည်။ကတမာ၊အဘယ်နည်း။ဗာဟိရံ၊ သတ္တဝါသန္တာန်မဟုတ်–ပြင်ပ၌ဖြစ်သော။ ကက္ခဠံ၊ ခိုင်မာသော။ခရဂတံ၊ တောင့်တင်းသော။ (အရည်မဟုတ်ဟူလို)။ ကက္ခဠတ္တံ၊ ခိုင်မာသောအဖြစ်။ ကက္ခဠဘာဝေါ၊ ခိုင်မာသောသဘော။ ဗဟိဒ္ဓါ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိဏ္ဏံ၊ငါ့ဥစ္စာဟူ၍ မစွဲလမ်းအပ်သော။ ယံ၊ အကြင်ပထဝီဓာတ်သည်။ အတ္ထိ၊ရှိ၏။

ဣဒံ-တံ၊ ထိုပထဝီဓာတ်သည်။ သေယျထာ—ကတမံ၊ အဘယ်နည်း။ အယော၊သံ။လောဟံ၊ကြေး။ တိပု၊ခဲဖြူ။ (ရှေးကသလွဲဖြူခေါ်သည်။) သီသံ၊ခဲနက်။(ရှေးက သလွဲမည်းခေါ်သည်။)သဇ္ဈုံ၊ငွေ။ မုတ္တာ၊ ပုလဲ။ မဏိ၊အမျက်ကျောက်မျိုး။ ဝေဠုရိယော၊ ကြောင်။ (ရှေးကကျောက်မျက်ရွဲခေါ်သည်။) သင်္ခေါ၊ခရုသင်း။ သိလာ၊ မြင်းသိလာ။ ပဝါဠံ၊ သန္တာနီ, သန္တာနက်။ ရဇတံ၊ ငွေ။ ဇာတရူပံ၊ ရွှေ။ လောဟိတင်္ဂေါ၊ ကျောက်နီ။မသာရဂလ္လံ၊ပတ္တမြားပြောက်။(မသာရဂလ်—အနီအဖြူ,အနီအစိမ်း စသည်ဖြင့်စပ်၍ ဖြစ်သောကျောက်မျိုးဟူလို။)တိဏံ၊မြက်မျိုး။ (ပြင်ပ၌အကြောအသားမာ၍ အတွင်း၌အူရှိသော ထန်း, အုန်း, ပေ,ဝါး,ကျူ အစရှိသော သစ်ပင်မျိုးတိုင်အောင် မြက်မျိုးဟုမှတ်။) ကဋ္ဌံ၊ သစ်သား။(ထင်းသုံးသောသစ်ပင်မျိုး၊ပြင်ပ၌ အကာ,အတွင်း၌ အနှစ်ရှိသမျှ သစ်ပင်မျိုးကို ကဋ္ဌခေါ်သည် ဟူ၍မှတ်။)သက္ခရံ၊ကျောက်စစ်ခဲ။ကထလံ၊အိုးစောင်ခြမ်း။ ဘူမိ၊ မြေ။ ပါသာဏော၊ ကျောက်လုံး။ ပဗ္ဗတော၊တောင်။

[ပဲနောက် ခန့်ကကို လက်သီးဆုပ်ခန့်လောက် ကြီးသည်တိုင်အောင် ကျောက်ကို ကျောက်စစ်ခဲ၊လက်သီးဆုပ်ခန့် အထက်ကကို ဆင်လောက်ကြီးသည်တိုင်အောင် ကျောက်ကို ကျောက်လုံး၊ ထိုထက် ကြီးသည်ကို တောင်၊ ပဲနောက်ခန့်အောက် ငယ်သည့်ကျောက်ခဲကို သဲခေါ်သည် ဟူ၍လည်းမှတ်။]

အညမ္ပိ၊ဤသို့ဆိုခဲ့ပြီးသည်မှတပါးလည်းဖြစ်သော။ ဗာဟိရံ၊သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ ဖြစ်သော။ ကက္ခဠံ၊ ခိုင်မာသော။ ခရဂတံ၊ တောင့်တင်းသော။(အရည်မဟုတ်ဟူလို။) ကက္ခဠတ္တံ၊ခိုင်မာသော အဖြစ်။ကက္ခဠဘာဝေါ၊ ခိုင်မာသောသဘော။ ဗဟိဒ္ဓါ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိန္နံ၊ ငါ့ဉစ္စာဟူ၍ မစွဲလမ်းအပ်သော။ ယံဝါပန၊ အကြင်တစုံတခု ခိုင်ခံ့သော သဘောရှိသောဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။အယံ၊ ဤသို့ဆိုခဲ့ပြီးသော အလုံးစုံကို။ ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ပထဝီဓာတု၊ ဟူ၍။ဝုစ္စတိ၊၏။

အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ ဖြစ်သော။ ယာစ ပထဝီဓာတု၊ အကြင်ပထဝီဓာတ်သည်၎င်း။ ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ယာစ ပထဝီဓာတု၊အကြင် ပထဝီဓာတ်သည်၎င်း။ အတ္ထိ၊

ရှိ၏။ တံ၊ ထိုနှစ်မျိုးလုံးကို။ ကေဇ္ဈံ၊ တပေါင်းတည်း။ အဘိသညူဟိတွာ၊ စု၍။ အဘိသင်္ခိပိတွာ၊ ချုံး၍။ အယံ၊ ဤအလုံးစုံအစုကို။ ပထဝီဓာတု၊ ပထဝီဓာတ်ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

[ဤဗာဟိရ ပထဝီဓာတ်၌ ဆိုပြီးသည်မှတပါးကိုလည်း ယူရဦးမည် ဆိုသောကြောင့် ထန်းသီး, အုန်းသီး အစရှိသော အစိုင်အခဲရှိသမျှ ဝတ္ထုကိုယူ။]

## ဗာဟိရ ပထဝီဓာတ် ရှင်းပြချက်

ဗာဟိရာပထဝီဓာတုနိဒ္ဒေသေ အယောတိ ကာဠလောဟံ။ လောဟန္တိ ဇာတိလောဟံ ဝိဇာတိလောဟံ ကိတ္တိမလောဟံ ပိသာစလောဟန္တိ စတုဗ္ဗိဓံ။ တတ္ထ အယော သဇ္ဈံ သုဝဏ္ဏံ တိပု သီသံ တမ္ဗလောဟံ ဝေကန္တကလောဟန္တိ ဣမာနိ သတ္တ ဇာတိလောဟာနိ နာမ။ နာဂနာသိကလောဟံ ဝိဇာတိလောဟံ နာမ။ ကံသလောဟံ ဝဋ္ဋလောဟံ အာရကူဋန္တိ တီဏိ ကိတ္တိမလောဟာနိ နာမ။ မောရက္ခကံ [illegible] ပုထုကံ မလိနကံ စပလကံ သေလံ အဋ္ဋလကံ အလ္လကံ ဒုသိလောဟန္တိ အဋ္ဌ ပိသာစလောဟာနိ နာမ။ တေသု ပဉ္စဇာတိလောဟာနိ ပါဠိယံ ဝိသုံ ဝုတ္တာနိဝေ။ တမ္ဗလောဟံ ဝေကန္တကန္တိ ဣမေဟိ ဒွိဟိ ပန ဇာတိလောဟေဟိ သဒ္ဓိံ သေသံ သဗ္ဗံ ဣဓ လောဟန္တိဝေဒိတဗ္ဗံ။—

[ဟူ၍ သမ္မောဟဝိနောဒနီမည်သော အဘိဓမ္မာ ဝိဘင်းအဋ္ဌကထာ ဗာဟိရ ပထဝီဓာတ်အဘွင့်၌ ရွှေ, ငွေ, ကြေးနီ, သံ, ခဲဖြူ, ခဲနက်တို့သည် ဇာတိ လောဟ—မြေမှအလိုလိုဖြစ်သည်၊ ကြေးကြုပ်, ကြေးဝါ, ကြေး ပုပ်တို့မှာ လူတို့လုပ်ဆောင် ပြုပြင်၍ ဖြစ်သောကြောင့် ကိတ္တိမလောဟ ဟု ဆိုသည်ကိုထောက်၍ ဇာတိလောဟမျိုးကို လူလုပ်၍မဖြစ်, မြေမှ အလိုလိုဖြစ်ရကား—ရွှေငွေဖြစ်အောင် အဂ္ဂိရတ်မထိုးနိုင်ဟူ၍လည်း မှတ် လေ၊ ဤအဋ္ဌကထာကို မတွေ့ဘူး,တွေ့ဘူးသော်လည်း သတိမထားသူတို့ က အဂ္ဂိရတ်ထိုး၍ ရွှေငွေဖြစ်မည် ထင်ကြသည်၊ ကျမ်းဂန်တတ်တို့အား ဤအဋ္ဌကထာပါဠိကို ပြ၍မေးလေ။]

## ပုလဲ ၈–မျိုးရှင်းပြချက်

ဟတ္ထိကုမ္ဘ ဝရာဟဒါဌာ ဘုဇင်္ဂသီသံ ဝလာဟကံ ဝေဏု မစ္ဆသိ ရော သင်္ခေါ သိပ္ပိတိ. အဋ္ဌ မုတ္တာယောနိယော။

(၁) ဟတ္ထိကုမ္ဘ၊ဆင်ဦးကင်း။
(၂) ဝရာဟဒါဌာ၊ဝက်စွယ်။
(၃) ဘုဇင်္ဂသီသံ၊မြွေဦးခေါင်း။
(၄) ဝလာဟကံ၊မိုဃ်းတိမ်။
(၅) ဝေဏု၊ဝါး။
(၆) မစ္ဆသိရော၊ ငါးဦးခေါင်း။
(၇) သင်္ခေါ၊ ခရုသင်း။
(၈) သိပ္ပိ၊ယော်ကက်သွား ကနုကမံ။

ဣတိ၊ ဤသို့။ မုတ္တာယောနိယော၊ ပုလဲဖြစ်ရာဝတ္ထုတို့သည်။ အဋ္ဌ၊ ရှစ်မျိုးတို့တည်း။ ။ဖြစ်ရာကိုစွဲ၍ ပုလဲလည်း ရှစ်မျိုးဖြစ်သည်၊ ပင်လယ် ယောက်သွားကြီးကို ကနုကမံဟူ၍၎င်း ပုလဲမိဟူ၍၎င်း ခေါ်ကြကုန်၏။

(၁) ဆင်ဦးကင်း၌ဖြစ်သော ပုလဲသည် ဝါသော အဆင်းရှိ၍ အရောင်မရှိ။

(၂) ဝက်စွယ်၌ဖြစ်သော ပုလဲသည် ဝက်စွယ်အဆင်းအရောင်နှင့် တူ၏။

(၃) မြွေဦးခေါင်း၌ဖြစ်သော ပုလဲသည် အညိုစသောအဆင်းရှိ၏၊ အလွန်စင်ကြယ်၏၊ လုံးလျောင်းသောသဏ္ဌာန်ရှိ၏။

(၄) မိုဃ်းတိမ်၌ဖြစ်သော ပုလဲသည် နေရောင်ကဲ့သို့ တောက်၏၊ မဝေဘန်နိုင်အောင် အဆင်းအထူးထူးအပြားပြားရှိ၏၊ ညဥ့်အခါအမိုက် မှောင်ကို ဖျောက်နိုင်၏၊ နတ်တို့သာ သုံးဆောင်ရ၏။

(၅) ဝါး၌ဖြစ်သော ပုလဲသည် မိုဃ်းသီး အဆင်းကဲ့သို့ ရှိ၏၊ အရောင်တောက်၏၊ ထိုဝါးတို့သည် လူတို့ကျက်စားရာ မဟုတ်သော တောကြီး၌ ပေါက်တတ်၏။

(၆) ငါးဦးခေါင်း၌ဖြစ်သောပုလဲသည် ငါးဘတ်၏ ကျောက်ကုန်း အဆင်းနှင့်တူ၏၊လုံးလျောင်းသောသဏ္ဌာန်ရှိ၏၊ ပေါ့၏၊ အရောင်မရှိ၊ ထိုငါးတို့သည်လည်း ပင်လယ်၏အလယ်၌သာ ဖြစ်တတ်ကုန်၏။

(၇) ခရုသင်း၌ ဖြစ်သော ပုလဲသည် ခရုသင်း၏ ရင်ဘတ်ကဲ့သို့ ဖြူ၏၊ ဆီးသီးလောက်ပင် ကြီးတတ်၏၊ အရောင်မရှိ။

(၈) ယောက်သွား၌ ဖြစ်သော ပုလဲသည် အနီ, အဖြူ နှစ်မျိုးရှိ၏၊ ထူးသောအရောင်ရှိ၏၊ သဏ္ဍာန် အမျိုးမျိုးရှိ၏၊ လောက၌ ယခု သုံးဆောင်ကြသော ပုလဲမူကား—ယောက်သွား၌ဖြစ်သော ပုလဲချည်းသာတည်း၊ ကြွင်းသော ပုလဲတို့ကိုမူကား—တရံတခါသာ ရတတ်သည်။

ဤပုလဲအကြောင်းကို လောကီသင်္ကရိုဠ် ရတန ပရိက္ခာစသော ကျမ်းတို့တွင် ဆိုသည်ကိုအနုဋီကာဆရာဆောင်၍ ဘွင့်၏၊ ရှေးကဲ ပုလဲကိုအမြုတေခေါ်သည်၊ ထို့ကြောင့်—ဂဇေ ဂဇေ၊ဆင်ဆင် ဟူသမျှ၌။ နမုတ္တိကံ၊ အမြုတေမရှိ ဟု နီတိကျမ်းပါဠိကို ရှေးဆရာတို့အနက်ပြန်ကြသည်၊ မုတ္တိကသဒ္ဒါ, မုတ္တာသဒ္ဒါ ပုလဲဟောချည်းမှတ်လေ။

---

## အဇ္ဈတ္တိကအာပေါဓာတ်

(၁) တတ္ထ၊ထိုဓာတ်လေးပါးတို့တွင်။အာပေါဓာတု၊ အာပေါဓာတ်သည်။ ကတမာ၊ နည်း။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ အာပေါဓာတု၊ အာပေါဓာတ်သည်။အတ္ထိ၊၏။ဗာဟိရာ၊သတ္တဝါသန္တာန် မဟုတ် ပြင်ပ၌ဖြစ်သော။ အာပေါဓာတု၊အာပေါဓာတ်သည်။အတ္ထိ၊၏။ ဣတိ၊ ဤသို့။ အယံအာပေါဓာတု၊ ဤအာပေါဓာတ်သည်။ ဒွေနှစ်ပါး ရှိကုန်၏။

တတ္ထ၊ထိုနှစ်ပါးတို့တွင်။ အဇ္ဈတ္တိကာ၊သတ္တဝါသန္တာန်၌ ဖြစ်သော။ အာပေါဓာတု၊ သည်။ ကတမာ၊နည်း။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ပစ္စတ္တံ၊ သတ္တဝါကိုယ်၌ဖြစ်သော။ အာပေါ၊ စိမ့်ဝင်တတ်သော။ အာပေါဂတံ၊ စိမ့်ဝင်တတ်သောသဘောဖြစ်သော။ သ္နေဟော၊ စေးကပ်တတ်သော။သ္နေဟဂတံ၊ စေးကပ်ခြင်းသဘောရှိသော။ရူပဿ၊အဝိနိဗ္ဘောဂရုပ်၏။ဗန္ဓနတ္တံ၊ဘွဲ့စည်းခြင်းသဘောရှိသော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ဥပါဒိဏ္ဏံ၊ငါ့ဥစ္စာဟုစွဲလမ်းအပ်သော။ ယံ၊ အကြင် ဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။

ဣဒံ—တံ၊ ထိုဝတ္ထုသည်။ သေယျထာ—ကတမံ၊ အဘယ်နည်း။ ပိတ္တံ၊ သည်းခြေ။ သ္လေမှံ၊ သလိပ်။ (သအထက် လငယ်ကအောက်ဆင့်လျက်

ရှိစေ၊ သိလေသုမပုဒ်ရင်းကို စီရင်၍ပြီးသောပုဒ်၊ စီရင်ပုံကို သိလိုလျှင် ငါတို့ရေးသည့် သဒ္ဒသင်္ဂဟသဒ္ဒါကျမ်းကိုကြည့်။)ပုဗ္ဗော၊ပြည်။ (ဗထက် ခြိုက်နှစ်ဆင့်ရှိစေ၊) လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။ အဿု၊ မျက်ရည်။ ဝသာ၊ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာ ဏိကာ၊ နှပ်။လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်။

အညမ္ပိ၊ ဆိုပြီးသည်မှ တပါးလည်းဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါ သန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊ သတ္တဝါကိုယ်၌ဖြစ်သော။ အာပေါ၊ စိမ့်ဝင် တတ်သော။ အာပေါဂတံ၊ စိမ့်ဝင်တတ်သော သဘောဖြစ်သော။ သ္နေ ဟော၊စေးကပ်တတ်သော။ သ္နေဟဂတံ၊ စေးကပ်တတ်သော သဘော ဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ဗန္ဓနတ္တံ၊ ဘွဲ့စည်းတတ်သော သဘောဖြစ်သော။ အဇ္ဈတ္တံ၊သတ္တဝါသန္တာန်၌ ဖြစ်သော။ ဥပါဒိန္နံ၊ ငါ့ ဥစ္စာဟု စွဲလမ်းအပ်သော။ ယံဝါပန၊ အကြင်တစုံတခုသော သတ္တဝါ သန္တာန်၌ဖြစ်သော ကောဋ္ဌာသသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအလုံးစုံ ကို။ အဇ္ဈတ္တိကာ၊ သတ္တဝါ သန္တာန်၌ဖြစ်သော။ အာပေါဓာတု၊ ဟူ၍။ ဝုစ္စတိ၊ ၏။

---

## ဗာဟိရအာပေါဓာတ်

(၄) တတ္ထ၊ ထိုအာပေါဓာတ်နှစ်မျိုးတို့တွင်။ ဗာဟိရာ၊ သတ္တဝါ သန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အာပေါဓာတု 'သည်။ ကတမာ၊ အဘယ်နည်း။ ဗာဟိရံ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ ဖြစ်သော။ အာပေါ၊ စိမ့်ဝင်တတ်သော။ အာပေါဂတံ၊ စိမ့်ဝင်တတ်သော သဘော ဖြစ်သော။ သ္နေဟော၊ စေးကပ်တတ်သော။ သ္နေဟဂတံ၊ စေးကပ်တတ် သောသဘောဖြစ်သော။ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ဗန္ဓနတ္တံ၊ ဘွဲ့စည်း ခြင်းသဘောဖြစ်သော။ ဗဟိဒ္ဓါ၊ သတ္တဝါ သန္တာန်မဟုတ် ပြင်ပ၌ဖြစ် သော။ အနုပါဒိန္နံ၊ ငါ့ဥစ္စာဟူ၍ မစွဲလမ်းအပ်သော။ ယံ၊ အကြင် အာ ပေါဓာတ်သည်။ အတ္ထိ၊ ရှိ၏။

ဣဒံ-တံ၊ ထိုအာပေါဓာတ်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။ မူလရသော၊ အမြစ်ရည်။ ခန္ဓရသော၊ အပင်ရည်။ တစရသော၊ အခေါက်ရည်။ ပတ္တရသော၊ အရွက်ရည်။ ပုပ္ဖရသော၊ အပွင့်ရည်။ ဖလ

ရသော၊ အသီးရည်။ ခီရံ၊ နို့ရည်။ ဒမိ၊ နို့ချဉ်။ (ရှေးကနို့ဓမ်းခေါ်သည်)။ သပ္ပိ၊ ထောပတ်။ (ပဓောက်နှစ်ဆင့်ရှိစေ)။ နဝနီတံ၊ ထောပေး။ (မသကာလည်းခေါ်သည်၊ ရှေးက ဆီဉလည်းခေါ်သည်။) တေလံ၊ ဆီမျိုး။ မဓု ပျားရည်။ ဖာဏိတံ၊ တင်လဲသကာ။ ဘုမ္မာနိဝါ၊ မြေ၌မူလည်းဖြစ်ကုန်သော။ ဉဒကာနိဝါ၊ ပင်လယ်မြစ်ချောင်းစသော ရေတို့သည်၎င်း။ အန္တလိက္ခာနိဝါ။ မြေသို့မရောက် မိုဃ်းတိမ်တွင် ကောင်းကင်၌မူလည်း ဖြစ်ကုန်သော။ ဉဒကာနိဝါ၊ ရေတို့သည်၎င်း။

အညမ္ပိ၊ဆိုပြီးသည်မှတပါးလည်းဖြစ်သော။ ဗာဟိရံ၊သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အာပေါ၊စိမ့်ဝင်တတ်သော။ အာပေါဂတံ၊ စိမ့်ဝင်တတ်သော သဘောဖြစ်သော။ သ္နေဟော၊ စေးကပ်တတ်သော။ သ္နေဟဂတံ၊ စေးကပ်တတ်သော သဘောဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဗောဂရုပ်၏။ ဗန္ဓနတ္တံ၊ ဘွဲ့စည်းခြင်း သဘောဖြစ်သော။ ဗဟိဒ္ဓါ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိဏ္ဏံ၊ ငါ့ဉစ္စာဟုမစွဲလမ်းအပ်သော။ ယံဝါပန၊ အကြင်တစုံတခုသော ဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအလုံးစုံကို။ ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အာပေါဓာတု၊ဟူ၍။ ဝုစ္စတိ၊ ၏။

ယာ အဇ္ဈတ္တိကာ၊ အကြင် သတ္တဝါသန္တာန်၌ဖြစ်သော။ အာပေါဓာတုစ၊ သည်၎င်း။ ယာ ဗာဟိရာ၊ အကြင် သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အာပေါဓာတုစ၊သည်၎င်း။ တံ၊ ထိုနှစ်မျိုးကို။ကေဝ္လံ၊ တပေါင်းတည်း။ အဘိသညူဟိတွာ၊ စု၍။ အဘိသင်္ခိပိတွာ၊ ချုံး၍။ အယံ၊ ဤအလုံးစုံအစုကို။ အာပေါဓာတု၊ ဟူ၍။ ဝုစ္စတိ၊ ၏။

[အဇ္ဈတ္တိက အာပေါဓာတ်၌ ဆိုပြီးသည်မှ တပါးသော အရည်ဖြစ်သော ကောဋ္ဌာသကိုလည်း ယူရဦးမည်ဟု ဆိုသောကြောင့် စားသောက်အပ်သမျှ အရည်အဖတ်တို့ကို ငါးပုံပုံ၊ တပုံသည်အနှစ်သာရအရည်ဖြစ်၏၊ ထိုအရည်ဟူသော ရသဓာတ်, သုက်စသည်တို့ကိုယူအပ်၏။ ။အဋ္ဌကထာ၌လည်း အာပေါကောဋ္ဌာသမှ တပါးသော ကောဋ္ဌာသတို့၌ ရှိသော သဘာဝအာပေါဓာတ်ကို ယူရမည်ဟုဆို၏။ ။ဗာဟိရအာပေါဓာတ်၌ ဆိုပြီးသည်မှတပါးကိုလည်း ယူရဦးမည်ဟု ဆိုသည့်အတိုင်း ဆီးနှင်း,ကမ္ဘာပျက်မိုးရေ, မြေအောက်က ခံသောရေတို့ကို ယူအပ်ကုန်၏။]

## အဇ္ဈတ္တိကတေဇောဓာတ်

(၅) တတ္ထ၊ ထိုဓာတ်တို့တွင်။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ကတမာ၊ နည်း။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ အတ္ထိ၊ ၏။ ဗဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ ဤသို့။ အယံတေဇောဓာတု၊ ဤတေဇောဓာတ်သည်။ ဒွေနှစ်မျိုးတို့တည်း။

တတ္ထ၊ ထိုနှစ်မျိုးတို့တွင်။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ တေဇောဓာတု၊ တေဇောဓာတ်သည်။ ကာတမာ၊နည်း။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊သတ္တဝါကိုယ်၌ဖြစ်သော။ တေဇော၊ ထက်သော။ တေဇောဂတံ၊ထက်ခြင်းသဘောဖြစ်သော။ ဥသ္မာ၊ ပူသော။ ဥသ္မာဂတံ၊ ပူခြင်းသဘောဖြစ်သော။ ဥသုမံ၊အလွန်ပူသော။ ဥသုမဂတံ၊ အလွန်ပူခြင်းသဘောဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ဥပါဒိန္နံ၊ ငါ့ဥစ္စာဟုစွဲလမ်းအပ်သော။ ယံ၊ အကြင်ဝတ္ထုသည်။ အတ္ထိ၊ ရှိ၏။

ဣဒံ–တံ၊ထိုဝတ္ထုသည်။သေယျထာ–ကတမံ၊နည်း။ ယေနစ၊အကြင်ပျက်သောတေဇောဓာတ်ဖြင့်လည်း။ သန္တပ္ပတိ၊ ဖျားအောင်ပူ၏။ယေနစ၊ အကြင်ကိုယ်၌ရှိသော အပူဖြင့်သည်း။ ဇီရိယတိ၊ ဆံဖြူခြင်း, သွားကျိုးခြင်း,အရေတွန့်ခြင်း, မျက်စိသိခြင်း, နားထိုင်းခြင်းဖြစ်အောင်အိုရ၏။ ယေနစ၊ အကြင်ပျက်သော တေဇောဓာတ်ဖြင့်လည်း။ ပရိဒယှတိ၊ မီးယပ်ပူ, ဒူလာပူ ထသောကြောင့် အကြိမ်တရာဆေးပြီး ထောပတ်, ဂေါသီတစန္ဒကူး, ယပ်ခပ်ခြင်းတို့ကို တောင့်တရအောင်ပူ၏။ ယေနစ၊ အကြင်ဝမ်းမီးဖြင့်လည်း။ အသိတံ၊ စားအပ်သောထမင်းစသောဝတ္ထုသည်၎င်း။ ပီတံ၊ ရေ, အဖျော်ရှစ်ပါးစသော သောက်အပ်သော ဝတ္ထုသည်၎င်း။ ခါယိတံ၊ ကိုက်ခဲအပ်သော မုံ့သစ်သီးစသော ဝတ္ထုသည်၎င်း။ သာယိတံ၊ ပျားရည်, တင်လဲစသော လျက်အပ်သောဝတ္ထုသည်၎င်း။ သမ္မာပရိဏာမံ၊ ကောင်းစွာကြေကျက်ခြင်းဟူသော ရသ,အရည်, အဖတ် သုံးမျိုးကွဲခြင်းသို့။ ဂစ္ဆတိ၊ရောက်၏။

အညမ္ပိ၊ဆိုပြီးသည်မှ တပါးလည်း ဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊ သတ္တဝါကိုယ်၌ဖြစ်သော။တေဇော၊ ထက်

သော။ တေဇောဂတံ၊ ထက်ခြင်းသဘောဖြစ်သော။ ဥသ္မာ၊ ပူသော။ ဥသ္မာဂတံ၊ ပူခြင်းသဘောဖြစ်သော။ ဥသုမံ၊အလွန်ပူသော။ ဥသုမဂတံ၊ အလွန်ပူခြင်းသဘောဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊သတ္တဝါကိုယ်၌ဖြစ်သော။ ဥပါဒိဏ္ဏံ၊ငါ့ဥစ္စာဟု စွဲလမ်းအပ်သော။ ယံဝါပန၊အကြင်တစုံတခုသတ္တဝါသန္တာန်၌ ဖြစ်သောကောဋ္ဌာသသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤအလုံးစုံကို။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ ဖြစ်သော။ တေဇောဓာတု၊ ဟူ၍။ ဝုစ္စတိ၊ ၏။

[ဆိုပြီးသည်မှ တပါးသော အဇ္ဈတ္တိကတေဇောဓာတ်ကိုလည်း ယူရဦးမည် ဆိုသောကြောင့် ပကတိကိုယ်ငွေ့ပူဟူသော ပကတိဥတုနှင့်တေဇောကောဋ္ဌာသမှ တပါးသော ကောဋ္ဌာသတို့၌ရှိသော သဘာဝတေဇောဓာတ်ကိုယူ။]

---

## ဗာဟိရတေဇောဓာတ်

(၆) တတ္ထ၊ထိုနှစ်မျိုးတို့တွင်။ဗာဟိရာ၊သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ ဖြစ်သော။ တေဇောဓာတု၊တေဇောဓာတ်သည်။ ကတမာ၊ အဘယ်နည်း။ ဗာဟိရံ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ တေဇော၊ ထက်သော။ တေဇောဂတံ၊ ထက်ခြင်း သဘောဖြစ်သော။ ဥသ္မာ၊ ပူသော။ဥသ္မာဂတံ၊ ပူခြင်းသဘောဖြစ်သော။ ဥသုမံ၊ အလွန်ပူသော။ ဥသုမဂတံ၊ အလွန်ပူခြင်း သဘောဖြစ်သော။ဗဟိဒ္ဓါ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိဏ္ဏံ၊ ငါ့ဥစ္စာဟု မစွဲလမ်းအပ်သော။ ယံ၊အကြင်တေဇောသည်။အတ္ထိ၊၏။

ဣဒံ-တံ၊ ထိုတေဇောဓာတ်သည်။ သေယျထာ-ကတမံ၊ နည်း။ ကဋ္ဌဂ္ဂိ၊ ထင်းကိုစွဲ၍ ဖြစ်သောမီး။ပလာလဂ္ဂိ၊ ကောက်ရိုးကိုစွဲ၍ ဖြစ်သောမီး။ တိဏဂ္ဂိ၊မြက်ကိုစွဲ၍ ဖြစ်သောမီး။ ဂေါမယဂ္ဂိ၊ နွားချေးခြောက်ကိုစွဲ၍ ဖြစ်သောမီး။ ထုသဂ္ဂိ၊ဖွဲကိုစွဲ၍ဖြစ်သောမီး။ သင်္ကာရဂ္ဂိ၊ အမှိုက်ကိုစွဲ၍ ဖြစ်သောမီး။ ဣန္ဒဂ္ဂိ-မိုးကြိုးလောင်မီး။အဂ္ဂိသန္တာပေါ၊မီးပူ။ သူရိယသန္တာပေါ၊ နေပူ။ ကဋ္ဌသန္နိစယသန္တာပေါ၊ ထင်းပုံ၌ ဖြစ်သောအပူ၊ တိဏသန္နိစယ သန္တာပေါ၊ မြက်ပုံ၌ဖြစ်သော အပူ။ ဓညသန္နိစယ သန္တာပေါ၊ စပါးပုံ၌ဖြစ်သောအပူ။ ဘဏ္ဍသန္နိစယ သန္တာပေါ၊ရွှေ,ငွေ, အထည်အလိပ် ဘဏ္ဍာစု၌ ဖြစ်သောအပူ။

အညမ္ပိ၊ဆိုပြီးသည်မှ တပါးလည်း ဖြစ်သော။ ဗာဟိရံ၊ သတ္တဝါ သန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ တေဇော၊ ထက်သော။ တေဇောဂတံ၊ ထက်ခြင်းသဘောဖြစ်သော။ ဥသ္မာ၊ပူသော။ ဥသ္မာဂတံ၊ ပူခြင်းသဘောဖြစ်သော။ ဥသုမံ၊ အလွန်ပူသော။ ဥသုမဂတံ၊ အလွန်ပူခြင်းသဘောဖြစ်သော။ ဗဟိဒ္ဓါ၊သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိန္နံ၊ ငါ့ဥစ္စာဟု မစွဲလမ်းအပ်သော။ ယံဝါပန၊ အကြင်တစုံတခုသော ဝတ္ထု၊သည်။အတ္ထိ၊ရှိ၏။အယံ၊ ဤအလုံးစုံကို။ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။တေဇောဓာတု၊ဟူ၍။ဝုစ္စတိ၊၏။

ယာအဇ္ဈတ္တိကာ၊ အကြင်သတ္တဝါ သန္တာန်၌ဖြစ်သော။ တေဇောဓာတုစ၊ သည်၎င်း။ယာဗာဟိရာ၊အကြင်သတ္တဝါ သန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ တေဇောဓာတုစ၊ သည်၎င်း။ အတ္ထိ၊ရှိ၏။ တံ၊ထိုနှစ်မျိုးကို။ကေဇ္ဇုံ၊ တပေါင်းတည်း။အဘိသညူဟိတ္ဝာ၊ စု၍။ အဘိသင်္ခိပိတ္ဝာ၊ ချုံး၍။ အယံ၊ဤစုပြီး,ချုံးပြီးကို။တေဇောဓာတု၊ဟူ၍။ဝုစ္စတိ၊၏။

[ဤဗာဟိရတေဇော၌ ဆိုပြီးသည်မှ တပါးကိုလည်း ယူရဦးမည်ဟု ဆိုသည့်အတိုင်း ကမ္ဘာပျက်မီး, ငရဲ မြေ တောတောင်တို့မှ ဖြစ်သော ဓာတ်မီး, လူတို့ခတ်၍ ခြစ်၍ ညှပ်၍ ဖြစ်သောမီး အစရှိသည် တို့ကို ယူအပ်၏။ ။အဋ္ဌကထာမှာ ပြိတ္တာ၌ဖြစ်သော မီးကိုလည်းယူရမည်ဟု ဆိုသောစကားကို ပြိတ္တာသည် သတ္တဝါဖြစ်၍ ထိုမီးသည် အဇ္ဈတ္တိကတေဇောဓာတ်ဖြစ်သောကြောင့် မမှတ်အပ်။]

---

## အဇ္ဈတ္တိက ဝါယောဓာတ်

(၄) တတ္ထ၊ ထိုဓာတ်တို့တွင်။ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ကတမာ၊နည်း။အဇ္ဈတ္တိကာ၊သတ္တဝါသန္တာန်၌ ဖြစ်သော။ ဝါယောဓာတု၊ဝါယောဓာတ်သည်။ အတ္ထိ၊၏။ ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ အတ္ထိ၊ ၏။ ဣတိ၊ဤသို့။ အယံဝါယော ဓာတု၊ ဤဝါယောဓာတ်သည်။ ဒွေ၊ နှစ်ပါးရှိကုန်၏။

တတ္ထ၊ထိုနှစ်ပါးတို့တွင်။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ ဖြစ်သော။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ကတမာ၊နည်း။ အဇ္ဈတ္တံ၊သတ္တဝါ သန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊သတ္တဝါကိုယ်၌ဖြစ်သော။ဝါယော၊လှုပ်ရှား

သွားလာတတ်သော။ ဝါယောဂတံ၊ လှုပ်ရှား သွားလာတတ်သော သဘောဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ထမ္ဘိတတ္တံ၊ ကျားကဲ့သို့ တွန်းကန် ထောက်ပံ့ ဘိညှပ်သော သဘောဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ဥပါဒိဏ္ဏံ၊ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော။ ယံ၊ အကြင်ဆိုခဲ့ပြီးသော သဘောရှိသော။ ဝါယောဓာတု၊ သည်။ အတ္ထိ၊ ၏။

ဣဒံ·တံ၊ ထိုဝါယောဓာတ်သည်။ သေယျထာ·ကတမံ၊ အဘယ်နည်း။ ဥဒ္ဓင်္ဂမာ ဝါတာ၊ အထက်သို့ တက်သော လေ၊ အာဓောဂမာ ဝါတာ၊ အောက်သို့သက်သောလေ။ ကုစ္ဆိသယာ ဝါတာ၊ အူ၏အပြင် ဝမ်း၏အတွင်း၌တည်သောလေ။ ကောဋ္ဌာသယာ ဝါတာ၊ အူ၏ အတွင်း၌တည်သောလေ။ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ သွေးကြောကိုလျှောက်သဖြင့် ကိုယ်အလုံး၌ အင်္ဂါကြီးငယ်တို့ကို ပျံ့နှံ့လျက် ကွေးခြင်း, ဆန့်ခြင်း စသည်တို့ကို ဖြစ်စေတတ်သောလေ။ သတ္ထကဝါတာ၊ အဆစ်, အမျက်, အဆက်, အကြောတို့ကို ကတ်ကျေးဖြင့်ဖြတ်သကဲ့သို့ ဖြတ်တတ်သော လေ။ ခုရကဝါတာ၊ သင်ဓုန်းကဲ့သို့ နှလုံးသားကို ခွဲတတ်သော လေ။ ဥပ္ပလကဝါတာ၊ နှလုံးသားတွင်း၌ တည်သောလေ။ အဿာသော၊ ဝင်သက်လေ။ ပဿာသော၊ ထွက်သက်လေ။

အညမ္ပိ၊ ဆိုပြီးသည်မှတပါးလည်း ဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ပစ္စတ္တံ၊ သတ္တဝါကိုယ်၌ဖြစ်သော။ ဝါယော၊ လှုပ်ရှားသွားလာတတ်သော။ ဝါယောဂတံ၊ လှုပ်ရှားသွားလာတတ်သော သဘောဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ထမ္ဘိတတ္တံ၊ ကျားကဲ့သို့တွန်းကန် ထောက်ပံ့ ဘိညှပ်သော သဘော ဖြစ်သော။ အဇ္ဈတ္တံ၊ သတ္တဝါသန္တာန်၌ဖြစ်သော။ ဥပါဒိဏ္ဏံ၊ ငါ့ဥစ္စာဟု စွဲလမ်းအပ်သော။ ယံဝါပန၊ အကြင်တစုံတခုသောဝါယောဓာတ်သည်။ အတ္ထိ၊ ၏။ အယံ၊ ဤအလုံးစုံကို။ အဇ္ဈတ္တိကာ၊ သတ္တဝါသန္တာန်၌ ဖြစ်သော။ ဝါယောဓာတု၊ ဟူ၍။ ဝုစ္စတိ၊ ၏။

[ဤအဇ္ဈတ္တိက ဝါယောဓာတ်၌ ဆိုပြီးသည်မှ တပါးကိုလည်း ယူရ ဦးမည်ဆိုသည့်အတိုင်း ရှေ့သို့တက်ခြင်း,နောက်သို့ဆုတ်ခြင်း အစရှိသော သွားလာခြင်းကို ဖြစ်စေတတ်သော အဘိက္ကမာဒိပဝတ္တက ဝါယောဓာတ်ကိုယူ၊ အဋ္ဌကထာ၌ကား·ဝါယောကောဋ္ဌာသမှ ကြွင်းသော ကောဋ္ဌာသတို့၌ရှိသော သဘာဝ ဝါယောဓာတ်ကိုယူ၏။]

## ဗာဟိရဝါယောဓာတ်

(ဂ) တတ္ထ၊ ထိုနှစ်မျိုးတို့တွင်။ ဗာဟိရာ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ဝါယောဓာတု၊ ဝါယောဓာတ်သည်။ ကတမာ၊ အဘယ်နည်း။ ဗာဟိရံ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော၊ ဝါယော၊ လှုပ်ရှားသွားလာတတ်သော။ ဝါယောဂတံ၊ လှုပ်ရှားသွားလာတတ်သော သဘောဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ထမ္ဘိတတ္တံ၊ ကျားကဲ့သို့ တွန်းကန် ထောက်ပံ့ ဘိညှပ်သော သဘောဖြစ်သော။ ဗဟိဒ္ဓါ၊ သတ္တဝါ သန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိန္နံ၊ငါ့ဉစ္စာ ဟုမစွဲလမ်းအပ်သော။ ယံ၊ အကြင်ဆိုခဲ့ပြီးသော သဘောရှိသော ဝါယောဓာတ်သည်။ အတ္ထိ၊ ၏။

ဣဒံ-တံ၊ထိုဝါယောဓာတ်သည်။ သေယျထာ-ကတမံ၊ အဘယ်နည်း။ ပုရတ္ထိမာ ဝါတာ၊ အရှေ့လေတို့။ ပစ္ဆိမာ ဝါတာ၊ အနောက်လေတို့။ ဥတ္တရာ ဝါတာ၊ မြောက်လေတို့။ ဒက္ခိဏာဝါတာ၊ တောင်လေတို့။ သရဇာဝါတာ၊ မြူမှုန့်ပါသောလေတို့။ အရဇာဝါတာ၊ မြူမှုန့်ကင်းသောလေတို့။ သီတာဝါတာ၊ လေအေးတို့။ ဥဏှာဝါတာ၊ လေပူတို့။ ပရိတ္တာဝါတာ၊ နည်းသောလေတို့။ အဓိမတ္တာဝါတာ၊ များသောလေတို့။ ကာဠဝါတာ၊ ကောင်းကင်၌ အသံမည်အောင် တိုက်သော လေတို့။ ဝေရမ္ဘဝါတာ၊ကာဠလေအထက်၌ နေ လ နက္ခတ်တာရာတို့ကိုလည်စေတတ်သော လေပွေကြီးတို့။ပက္ခဝါတာ၊ ငှက်တောင်မှဖြစ်သောလေတို့။ သုပဏ္ဏဝါတာ၊ ဂဠုန်တောင်ဟုန်ကြောင့် ဖြစ်သောလေတို့။ တာလဝဏ္ဋဝါတာ၊ ယပ်ဝန်း, ယပ်မားလေတို့။ ဝိဓူပနဝါတာ၊ ဒေါင်းမြီး စသည်တို့ဖြင့် ခပ်သောလေတို့။

အညမ္ပိ၊ဆိုပြီးသည်မှ တပါးလည်း ဖြစ်သော။ ဗာဟိရံ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ဝါယော၊ လှုပ်ရှား သွားလာတတ်သော။ ဝါယောဂတံ၊ လှုပ်ရှားသွားလာတတ်သော သဘောဖြစ်သော။ ရူပဿ၊ အဝိနိဗ္ဘောဂရုပ်၏။ ထမ္ဘိတတ္တံ၊ ကျားကဲ့သို့တွန်းကန် ထောက်ပံ့ ဘိညှပ်သော သဘောဖြစ်သော။ ဗဟိဒ္ဓါ၊ သတ္တဝါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ အနုပါဒိန္နံ၊ ငါ့ဉစ္စာဟု မစွဲလမ်းအပ်သော။ ယံဝါပန၊

အကြောင်တစုံတခုသော၀တ္ထုသည်။ **အတ္ထိ၊ ၏။** အယံ၊ ဤဆိုခဲ့ပြီးသော အလုံးစုံကို။ ဗာဟိရာ၊ သတ္တ၀ါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ ၀ါယောဓာတု၊ ဟူ၍။ ၀ုစ္စတိ၊ ၏။

ယာ အဇ္ဈတ္တိကာ၊အကြောင်သတ္တ၀ါသန္တာန်၌ဖြစ်သော။ ၀ါယောဓာတုစ၊ သည်ငင်း။ ယာ ဗာဟိရာ၊ အကြောင်သတ္တ၀ါသန္တာန်မဟုတ် ပြင်ပ၌ဖြစ်သော။ **၀ါယောဓာတုစ၊ သည်ငင်း။** အတ္ထိ၊ ၏။တံ၊ ထိုနှစ်မျိုးကို။ အဘိသညူဟိတွာ၊ စု၍။ အဘိသင်္ခိပိတွာ၊ ချုံး၍။ အယံ၊ ဤအလုံးစုံ အစုကို။ ၀ါယောဓာတု၊ ဟူ၍။ ၀ုစ္စတိ၊ ၏။

[ဤဗာဟိရ **၀ါယောဓာတ်**၌လည်း ဆိုပြီးသည်မှတပါးကိုလည်း ယူရ **ဦး**မည် ဆိုသည့်အတိုင်း ကမ္ဘာပျက်လေ, ရေအောက်ကခံသော လေအစ ရှိသည်တို့ကိုယူ။]

## အားခွန်ဗလခေါ်သောလေ

ကုစ္ဆိသယ, ကောဋ္ဌာသယ, အင်္ဂမင်္ဂါ နုသာရီဟူသော အဇ္ဈတ္တိက ၀ါယောဓာတ် အတွင်းက ကန်ခြင်း, ဗာဟိရ၀ါယောဓာတ် ပြင်ဘက်က ထောက်ကန်ခြင်းကြောင့် သတ္တ၀ါတို့ တည်နိုင်သည်၊ တခုခုဆုတ်ယုတ် လျှင် မတည်နိုင်၊ ထို့ကြောင့် လေပျက်သူတို့ ကိုယ်တခြမ်းသေခြင်း, အောက်ပိုင်းသေခြင်း, အထက်ပိုင်း သေခြင်းတို့သည် ဖြစ်ကုန်၏၊ ဗာဟိရလေကြောင့် အသက်ရှူနိုင်၏၊ ဤလေတို့၏ ထောက်ကန် ဘိညှပ်ခြင်းသည် လက်မစတုရန်းတကွက်၌ အချိန် လေးပိဿာ တဆဲ့တကျပ်ခန့် တွန်းကန်ဘိညှပ်၏၊ အဇ္ဈတ္တိက လေကိုပင် အားခွန်ဗလခေါ်သည်။

## ပထဝီ ၄-မျိုး

ဤဓာတ်လေးပါးအရာ၌—

(၁) ကက္ခဠသဘောဖြစ်သော ပရမတ္ထ ပထဝီဟူသော လက္ခဏာ ပထဝီ။

(၂) ဤ၀ိဘင်းပါဠိတော်တွင် ဆိုခဲ့ပြီးသော ဆံ,အမွေး အစရှိသော ကျောက်လုံး,ကျောက်ခဲ အစရှိသော အစိုင်အခဲ၀တ္ထု ရှိသမျှဟူသော သမ္ဘာရပထဝီ။

(၃) ပထဝီကသိုဏ်းကို စီးဖြန်းသောယောဂီ၏ မနော‌ဒွါရ၌ထင်သော အာရမ္မဏပထဝီ။

(၄) ပထဝီကသိုဏ်းကို စီးဖြန်း၍ ဈာန်ရပြီးလျှင်သေ၍ နတ်ဖြစ်၍ ဖြစ်သော ပထဝီမည်သော နတ်ဟူသော ပညတ္တိပထဝီ။

ဟူ၍ ပထဝီလေးမျိုး၊ ဤနည်းအတူ အာပေါ၊ တေဇော၊ ဝါယော တို့၌လည်း လေးမျိုးစီကို မှတ်အပ်၏။

---

## ဓာတ် ၄-ပါးတို့အချင်းချင်း စွဲမှီဖြစ်ပုံ

ဤလေးမျိုးတို့တွင် ပရမတ္ထဖြစ်သော သဘာဝပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော၊ ဓာတ်လေးခုတို့သည် အချင်းချင်းစွဲမှီ၍ ဖြစ်ကြရာ၌ တခု၏အတွင်းတခု၊ တခု၏အပြင်တခု တည်ကြသည်ဟု မဆိုနိုင်၊ လူကိုနတ်ပူးသကဲ့သို့ အတွင်းအပြင်၏ အဖြစ်ကိုမရကောင်း။

ပထဝီဓာတ်သည် ကြွင်းသော ဓာတ်သုံးခုတို့၏ တည်ရာ ဖြစ်၏ဟု ဆိုရာ၌ တေဇောဓာတ်၊ ဝါယောဓာတ်နှစ်ခုကို ထိလျက် တည်ရာဖြစ်၏။

အာပေါဓာတ်၏ကား မတွေ့မထိကောင်းသော ဓာတ်ဖြစ်သောကြောင့် မထိဘဲ တည်ရာဖြစ်၏၊ အာပေါဓာတ်ဖွဲ့စည်း၏ ဆိုရာ၌လည်း ကြွင်းသော ဓာတ်သုံးပါးတို့ကို မထိဘဲ ဖွဲ့စည်း၏။

တေဇောဓာတ်သည်လည်း ပထဝီဓာတ်တို့ကိုထိလျက် အာပေါဓာတ်ကိုမထိဘဲ ကျက်စေ လောင်စေ၏၊ ထိုသို့ပင် ကျက်စေသော်လည်း တေဇောဓာတ်မှ ကြွင်းသော ဓာတ်သုံးခုတို့သည် မပူဘဲကျက်၏၊လောင်၏၊အကယ်၍ဓာတ်သုံးခုတို့ ပူကြငြားအံ့၊ တေဇောဓာတ်ကဲ့သို့ ဥဏှတ္တလက္ခဏာ ဖြစ်ရာ၏။

ဝါယောဓာတ်သည် တွန်းကန် ဘိညှပ်ရာ၌လည်း အာပေါဓာတ်ကို မထိဘဲ ကြွင်းသော ဓာတ်နှစ်ခုတို့ကို ထိလျက် တွန်းကန် ဘိညှပ်၏၊ ထန်းရည်ကိုချက်၍ ထန်းလျက်ခဲလုပ်ရာ၌ အာပေါဓာတ် အခဲဖြစ်သည် မဟုတ်၊အာပေါဓာတ်သည် ယိုစီးစိမ့်ဝင်ခြင်းသဘော၊ ပထဝီဓာတ်သည် ခိုင်ခံ့ခြင်းသဘောဖြစ်၏၊ပမာဏနည်းသော အာပေါဓာတ်သည် ပမာဏ များသော ပထဝီဓာတ်သို့လိုက်၍သာ အခဲဖြစ်၏၊ ထန်းလျက်ခဲကို ရေ ဖျော်ရာ၌လည်း ပမာဏနည်းသော ပထဝီဓာတ်သည် ပမာဏများသော အာပေါဓာတ်သို့ လိုက်၍သာ အရည်ဖြစ်၏။

## သဘောလက္ခဏာမဘောက်ပြန်

ပရမတ္ထ တရားတို့မည်သည် အခြင်းအရာသာ ဘောက်ပြန်နိုင်၏၊ သဘောလက္ခဏာ မဘောက်ပြန်နိုင်၊ ထို့ကြောင့်—

သိယာ ခေါ ပနာနန္ဒ စတုန္နံ မဟာဘူတာနံ အညထတ္တံ ပထဝီဓာတုယာ၊ ဝါယောဓာတု၊ နတွေဝ ဗုဒ္ဓေ အဝေစ္စ ပသာဒေန သမန္နာဂတဿ အရိယသာဝကဿ သိယာ အညထတ္တံ။ ။

ဟူ၍ ဟောတော်မူ၏။

ဤ၌အဓိပ္ပါယ်ကား—အာနန္ဒာ.... မဟာဘုတ်လေးပါးတို့၏ သဘောလက္ခဏာ ဘောက်ပြန်ခြင်းသည် ဖြစ်စေဦးတော့၊ မြတ်စွာဘုရား၌ မတုန်လှုပ်သော ကြည်ညိုခြင်းနှင့် ပြည့်စုံသော အရိယာပုဂ္ဂိုလ်သည် ဘုရားကိုစွန့်ပစ်သော ဘောက်ပြန်ခြင်း မဖြစ်နိုင်ဟူလို၊ ကောင်းကင်ကွဲသော်လည်း မြင်းမိုရ်တောင် ပြိုသော်လည်း သူတော် ကောင်းတို့ မမှန်သောစကားကိုမဆို ဟူသကဲ့သို့ အဋ္ဌာနပရိကပ္ပ စကားဖြစ်၍ ဓာတ်လေးပါးလည်း သဘောလက္ခဏာ မဘောက်ပြန်နိုင် ဟူလို။

ထို့ကြောင့် ဘောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ ဟု- ဆိုသော်လည်း ညှိုးနွမ်းခြင်း,ရှင်လန်းခြင်း,အခဲဖြစ်ခြင်း, အရည်ဖြစ်ခြင်း,အမှုန့်ဖြစ်ခြင်း အစရှိသော အခြင်းအရာသာ ဘောက်ပြန်နိုင်သည်၊ သဘောလက္ခဏာ မဘောက်ပြန်နိုင်၊ ဤအရာကိုထောက်၍ ဓမ္မနိယာမ, ဇာတိနိယာမ, ဗီဇနိယာမတို့ သဘောဇာတ်ကိုစွန့်၍ မဘောက်ပြန်နိုင်သည်ကိုလည်း မှတ်အပ်၏၊ ထို့ကြောင့် သရက်စေ့ဘောက်ပြန်၍ ဆီးစေ့မဖြစ်၊တမာပင်ဘောက်ပြန်၍ သရက်ပင်မဖြစ်၊ လူဘောက်ပြန်၍ ဘဝမကူးဘဲ ခွေးမဖြစ်၊ကြေးနီဘောက်ပြန်၍ သံမဖြစ်၊ခဲဘောက်ပြန်၍ ရွှေငွေ မဖြစ်နိုင်သည်များကိုလည်း မှတ်လေ။

---

## ဥဂ္ဂဟကောသလ္လဉာဏ် ၇–ပါးကိုပြခြင်း

ဤ ဆိုခဲ့ပြီးသည့် အတိုင်း ကာယဂတာသတိ, ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း နှစ်ခုတို့နှင့် ဆိုင်သော ဆိုခဲ့ပြီးသော ဝိဘင်းပါဠိတော်ကိုမှတ်သားပြီးလျှင် ကေသာ အစရှိသော ကောဋ္ဌာသတို့၌ ကမ္မဋ္ဌာန်းစီးဖြန်း

ရာ လိမ္မာအောင် သင်နည်း ခုနစ်နည်းဟူသော ဥဂ္ဂဟကောသလ္လခုနစ်ပါးကို သင်ကြားရာ၏၊ ဥဂ္ဂဟကောသလ္လခုနစ်ပါးဟူသော်ကား—

ဝစသာ မနသာ စေဝ၊ ဝဏ္ဏသဏ္ဍာနတော ဒိသာ။
ဩကာသတော ပရိစ္ဆေဒေါ၊ သတ္တဓုဂ္ဂဟဏံ ဝိဒူတိ။ ။

အနက်ကား။ ။ဝစသာ၊ နှုတ်ဖြင့်သရဇ္ဈာယ်ခြင်းငှင်း။မနသာစေဝ၊ စိတ်ဖြင့်ဆင်ခြင်အောက်မေ့ခြင်းငှင်း။ ဝဏ္ဏသဏ္ဍာနတော၊ အဆင်းအားဖြင့်ဆုံးဖြတ်ခြင်း,သဏ္ဍာန်အားဖြင့်ဆုံးဖြတ်ခြင်းငှင်း။ ဒိသာ၊အရပ်အားဖြင့် ဆုံးဖြတ်ခြင်းငှင်း။ ဩကာသတော၊ ဖြစ်ရာအားဖြင့် ဆုံးဖြတ်ခြင်းငှင်း။ပရိစ္ဆေဒေါ၊ နယ်နိမိတ်အပိုင်းအခြား အားဖြင့် ဆုံးဖြတ်ခြင်းငှင်း။ ဣတိ၊ ဤသို့။ဥဂ္ဂဟဏံ၊ ကမ္မဋ္ဌာန်းသင်ကြား ဆောင်ယူခြင်းကို။ သတ္တဓာ၊ ခုနစ်ပါးအပြားရှိ၏ဟူ၍။ ဝိဒူ၊သိအပ်၏။ ထိုခုနစ်ပါးတို့တွင်—

(၁) ကေသာအစရှိသော ကောဋ္ဌာသတို့ကို သရဇ္ဈာယ်ခြင်းသည် ဝစသာ သဇ္ဈာယမည်၏။
(၂) ဤအတိုင်း စိတ်ဖြင့် အောက်မေ့ဆင်ခြင်ခြင်းသည် မနသာ သဇ္ဈာယမည်၏။
(၃-၄) ဆံအစရှိသော ကောဋ္ဌာသတို့ကို အဆင်းအားဖြင့် ဆုံးဖြတ်ခြင်း, သဏ္ဍာန်အားဖြင့် ဆုံးဖြတ်ခြင်း တို့သည် ဝဏ္ဏသဏ္ဍာနတော မည်၏။
(၅) လူတို့၏ချက်ကို အလယ်ထား၍ အထက်အရပ်၌ ဖြစ်သော ကောဋ္ဌာသ, အောက်အရပ်၌ ဖြစ်သောကောဋ္ဌာသ, အထက်အောက် အရပ်နှစ်ပါး၌ ဖြစ်သော ကောဋ္ဌာသဟူ၍ဆုံးဖြတ်ခြင်းသည် ဒိသာမည်၏။
(၆) ဆံသည် ဦးခေါင်းရေ၌ ဖြစ်၏၊ဤသို့ အစရှိသဖြင့် ဆုံးဖြတ်ခြင်းသည် ဩကာသတောမည်၏။
(၇) ဆံသည် အောက်၌ မိမိအမြစ်အောက်အပြင် ဝဲယာ၌ အချင်းချင်း, အထက်၌ ဟင်းလင်းလဟာ အာကာသ ဟူသော နယ်နိမိတ်ရှိ၏ဟူသော သဘာဂပရိစ္ဆေဒ၊ ဆံသည် အမွေး

အစရှိသည် မဟုတ်၊အမွေး စသည်တို့သည်လည်း ဆံမဟုတ်၊ ဤသို့ ဆုံးဖြတ်ခြင်းသည် ဝိသဘာဂပရိစ္ဆေဒမည်၏။

[ဤခုနစ်ပါးတို့တွင် နှုတ်ဖြင့် သရဇ္ဈာယ်ခြင်း,စိတ်ဖြင့် အောက်မေ့ခြင်း နှစ်ပါးတို့ကို မှုကား ကမ္မဋ္ဌာန်း စီးဖြန်း ပွားများခြင်းပင်ဖြစ်၍ ကောဋ္ဌာသတို့၏ အဆင်းစသည်တို့ကို အကျယ်ဆိုပြီးမှ ဆိုပေအံ့။]

**ကမ္မဋ္ဌာန်းယူနည်းပြဆိုခဏ်း ပြီး၏။**

# တစပဉ္စကကဋ္ဌာန်းပြဆိုခဏ်း

## ဆံပင်၌ ဝဏ္ဏစသော ၅-ပါး

ဆံတို့သည် အရှယ်သို့လိုက်၍ အနက်, အဖြူ, ၎င်းနှစ်ပါးရောသော အဆင်း-ဤသို့အဆင်းအားဖြင့် သုံးမျိုးရှိ၏၊ သဏ္ဌာန်အားဖြင့် အလုံးရှည်သဏ္ဌာန်ရှိ၏၊ အဆင်းသဏ္ဌာန်အားဖြင့် နက်သော ပိုးချည်မျှင်နှင့်တူ၏၊ ချက်မှအထက်အရပ်၌ဖြစ်၏၊ ဝဲယာ နားပန်းစွန်း, ရှေ့နောက် နဖူး,လည်ကုပ်စွန်းတို့ဖြင့် ပိုင်းခြားအပ်သော ဦးခေါင်းရေ၌ စပါးမွေး ဖျားခန့်မျှ အမြစ်ဝင်လျက်ဖြစ်၏၊ အောက်၌ ဆံမြစ်၏ အောက်အပြင် ဝဲယာ၌ ဆံပင်ချင်းချင်း, အထက်၌ ဟင်းလင်းလဟာ အာကာသတို့ဖြင့် ပိုင်းခြားအပ်၏၊ ဆံပင်တို့သည် အမွေးစသော ကောဋ္ဌာသတို့ မဟုတ်ကုန်၊ အမွေးစသော ကောဋ္ဌာသတို့သည်လည်းဆံတို့ မဟုတ်ကုန်။

[ဤနောက်ဆုံး ဆိုသော ဝိသဘာဂပရိစ္ဆေဒမှာ အမွေး တို့သည် ကေသာ အစရှိသည်တို့ မဟုတ်ကုန်၊ ဤသို့ အစရှိသဖြင့် မိမိမှ ကြွင်းသော ကောဋ္ဌာသတို့ဖြင့် ပိုင်းခြားအပ်ရကား သိလွယ်သောကြောင့် ကြွင်းသောကောဋ္ဌာသတို့၌ မဆိုဘဲ ချန်လှပ်လတံ့။]

ဝိသုဒ္ဓိမဂ်,သမ္မောဟဝိနောဒနီ, ခုဒ္ဒကပါဌအဋ္ဌကထာတို့၌ကား ဆံတို့သည် ဗုဒ္ဓသရဏစေ့ အဆင်း,ချိန်ခွင်ပေါင်သဏ္ဌာန်ဟု ဆိုကုန်၏၊ဆံတို့၏ အရေအတွက်ကို ပါဠိ,အဋ္ဌကထာ, ဋီကာတို့၌ မရှိ၊အချို့ဆရာတို့ကား နှစ်ကုဋေငါးသန်းဟူ၏၊ အချို့ဆရာတို့ကား ရှစ်ကုဋေငါးသန်းဟူ၏၊ အချို့ဆရာတို့ကလည်းသုံးကုဋေငါးသန်း ဟူ၏၊ တွက်ပုံမကိုက်၊ ဘုမ္မိသင်္ဂဟ ဆရာကား– အစုကောဋိယာကေသာဟု ဆို၏၊ ငါးသန်းဟူလို။ ။ပဋိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ အနေကသတသဟဿသင်္ခါဟု ဆို၏၊ အများအပြားရှိသည် ဟူလို။

---

## အမွေး၌ ဝဏ္ဏစသော ၅-ပါး

အမွေးတို့သည် ဆံတို့လောက်မနက်, အမည်း, အကြောင်အဆင်း ရှိကုန်၏၊ အလုံးအရှည်သဏ္ဌာန်မှာ သစ်ရွက်, သစ်သီး, သစ်အုတို့၌ရှိသော အမွေးသဏ္ဌာန် (အဋ္ဌကထာတို့၌ကား–အောက်သို့ သက်သော

ထန်းမြစ်သဏ္ဌာန်ဟူ၏။)ချက်မှအောက်အထက် အရပ်နှစ်ပါးတို့၌ ဖြစ်ကုန်၏၊ လက်ဝါး,ဘဝါးအပြင် ဆံပင်ပေါက်ရာအရပ်တို့မှ ကြွင်းသော ကိုယ်အလုံးအရေ၌ လိက္ခာခန့်မျှ အမြစ်ဝင်လျက်ဖြစ်၏၊ မိမိအမြစ်၏ အောက်အပြင် အထက်၌ အာကာသဝဲယာ၌ အမွေးအချင်းချင်းတို့ဖြင့် ပိုင်းခြားအပ်၏။

အထယ အဋ္ဌန္တိရာ ပီတိ ဥပ္ပဇ္ဇိတ္ဗာ နဝနဝုတိ လောမသ ဟဿာနိ ဥဒဂ္ဂါနိ ဟောန္တိ။ တေန ဝုတ္တံ သံဝိဂ္ဂေါ လောမဟဋ္ဌ- ဇာတော။

ဟူသော မဇ္ဈိမပဏ္ဏာသ အဋ္ဌကထာကို ထောက်၍ အမွေး အရေ အတွက် ကိုးသောင်းကိုးထောင် ရှိ၏ဟုမှတ်၊ အချို့စာတို့တွင် ကိုးသိန်း ကိုးသောင်းဟု အရေးမှားလျက်ရှိ၏၊အမွေးမြစ်ပမာဏ၌ လိက္ခာဟူသည် ကား—သန်းကဲ့သို့ လူတို့၏ဆံပင် အဝတ်များ၌ဖြစ်သော သန်းအောက် ငယ်သော ပိုးကောင်ငယ်မျိုးတခုကိုယူ၊ မသိသူတို့က ကညစ်ချေးဟု အနက်ပြန်ကြကုန်၏၊ ပဋ္ဌိသမ္ဘိဒါမဂ် အဋ္ဌကထာ၌ကား—

ယေဘုယျေန သရီရစမ္မေ နဝနဝုတိယာ လောမကူပသဟ ဿေသု လိခါမတ္တံ ပဝိသေတွာ ဌိတာ။

ဟုဆို၏၊ အမွေးပေါက်သည့် တွင်းပေါင်း ကိုးသောင်းကိုးထောင် ဟူလို။

---

ခြေသည်းလက်သည်း၌ ဝဏ္ဏစသော ၅-ပါး

လက်သည်း တဆယ်, ခြေသည်း တဆယ်—ဤနှစ်ဆယ်တို့သည် အသားပြင်ဘက်၌ ဖြူသောအဆင်းရှိ၏၊(ခုဒ္ဒကပါဌအဋ္ဌကထာ၌ အသား တွင်း၌ နီသော အဆင်းရှိ၏ဟု ဆို၏။) သစ်မယ်ဇယ်စေ့ သဏ္ဌာန်, ငါး၏ အကြေးသဏ္ဌာန်၊ (အချို့သူတို့က ယောက်သွားငယ်သဏ္ဌာန်ဆို ကုန်၏။) လက်သည်းတို့သည် ချက်မှအထက်၌ ဖြစ်ကုန်၏၊ ခြေသည်း တို့သည် အောက်၌ဖြစ်ကုန်၏။

[ချက်၏ အောက် အထက်ဒိသာ အဆုံးအဖြတ်တို့ကား— သိလွယ်သော ကောဋ္ဌာသတို့၌ မဆို၊ ချန်ထားပေအံ့။]

ခြေချောင်းဖျား,လက်ချောင်းဖျားတို့၏ အထက်၌ဖြစ်ကုန်၏၊ လက် ချောင်း, ခြေချောင်းဖျားတို့၏အဆုံး အာကာသဝဲယာအတွင်း၌ ခြေ ချောင်း,လက်ချောင်းတို့၏ အသားတို့ဖြင့် ပိုင်းခြားအပ်ကုန်၏။

ခြေသည်း၊ လက်သည်းနှစ်ခုတို့သည် တပေါင်းတည်း မဖြစ်ကုန်၊ ခြေချောင်း၊ လက်ချောင်းတို့၌ အချို့သော သူတို့တွင် အတက်အပွါး ပါလာတတ်၏၊ ထိုအတက်အပွါး၌ မာသောအရိုးမရှိ၊ ငယ်သေးသော ခြေသည်း၊ လက်သည်းမျှကား—ရှိတတ်၏။

---

## သွား၌ ဝဏ္ဏစသော ၅ ပါး

အရွယ်ရောက်၍ သွားပြည့်စုံလျှင် အထက် တဆဲ့ခြောက်ချောင်း၊ အောက်တဆဲ့ခြောက်ချောင်းအားဖြင့် သုံးဆဲ့နှစ်ချောင်းဖြစ်၏၊ ငယ်သွားမလဲသေးသော သူငယ်၌ ငယ်သွားပြည့်စုံလျှင် အထက် ဆယ်ချောင်း၊ အောက်ဆယ်ချောင်းအားဖြင့် အချောင်းနှစ်ဆယ်ဖြစ်၏။

ထိုငယ်သွားသည် ခုနစ်နှစ်မှ တဆဲ့လေးနှစ်အတွင်း၌ ကျိုးတတ်၏၊ ကျိုးပြီးလျှင် ပေါက်ရန် သွားလည်း ငယ်သွားအောက် အမြစ်ခြေတွင် မုံ့ကျွဲသဲကဲ့သို့ နုနု၊ ပြေ့ပြေ့ အထက်တဆဲ့လေးချောင်း၊ အောက်တဆဲ့လေးချောင်း ရှိ၏၊ ထို့ကြောင့် ငယ်သွားမကျိုးမီ ခြောက်နှစ်ရွယ်သူငယ်၌ ပေါက်ရန်သွားနှင့်တကွ အောက်နှစ်ဆဲ့လေးချောင်း၊ အထက်နှစ်ဆဲ့လေးချောင်းအားဖြင့် လေးဆဲ့ရှစ်ချောင်းရှိ၏။

ပေါက်ရန်သွားနှတို့သည် ရှေးဦးစွာ အလယ်က မာပြီးမှ ပြင်ကို တပြည်းပြည်း မာ၏၊ ပေါက်ရန်သွားကြီးသည်ကာလ ငယ်သွားတို့သည် ကျိုးကြ၊ ကျွတ်ကြကုန်၏၊ အထက် တဆဲ့လေးချောင်း၊ အောက်တဆဲ့ လေးချောင်း ပေါက်ပြီးမှ အထက်အောက်ဝဲယာ အံဆုံးဟု ခေါ်သော သွားလေးချောင်းပေါက်၍ အထက် တဆဲ့ခြောက်ချောင်း၊ အောက် တဆဲ့ခြောက်ချောင်းအားဖြင့် သုံးဆဲ့နှစ်ချောင်း ဖြစ်ကုန်၏။

ပေါက်ပြီးသောသွားတို့၏ အမြစ်တို့သည် အထက်အောက် ပါးရိုး၌ သံရိုက်သကဲ့သို့ စိုက်ဝင်လျက်နေ၏၊ သွားဖုံးတွင်း၌တည်သော အလယ်ပိုင်းသည် သေး၏၊ သွားဖုံးပြင်၌ရှိသော အပိုင်းသည်ကြီး၏၊ သွားတို့သည် အဆင်းအားဖြင့် ဖြူကုန်၏။

သဏ္ဌာန်အားဖြင့် အထူးထူးအပြားပြား ရှိကုန်၏၊ အထက်အောက် ရှေ့သွားလေးချောင်းစီရှစ်ချောင်းတို့သည် အမြစ်တခုစီသာရှိကြကုန်၏၊ မြေစိုင်ခဲ၌ စီ၍စိုက်ထားသော ဗူးစေ့သဏ္ဌာန် ရှိကုန်၏။

အစွယ်လေးချောင်းတို့သည် အမြစ်တခုစီ စပယ်ငုံသဏ္ဍာန် ရှိကုန်၏၊ အစွယ်တို့၏ ဝဲယာအထက်အောက် အံငယ်လေးချောင်းစီ ရှစ်ချောင်းတို့သည် အမြစ်တိုတို ဝဲယာနှစ်ချောင်းစီ ရှိကြကုန်၏၊ လှည်းထောက်ခွသဏ္ဍာန်နှင့် တူကြကုန်၏၊ အံယောင်တို့ ဝဲယာ အထက်အောက် သုံးချောင်းစီ၊ အံကြီး တဆဲ့နှစ်ချောင်းတို့သည် ခိုင်ခံ့သော အမြစ်ကြီး ပြင်ဘက်နှစ်ချောင်း, အတွင်းတချောင်းအားဖြင့် သုံးချောင်းစီ ရှိကြကုန်၏၊ ဆူလေသီးသဏ္ဍာန်နှင့် တူကြကုန်၏၊ ဤသို့ သွားတို့သည် သဏ္ဍာန်အားဖြင့် လေးမျိုးရှိကုန်၏။

အဋ္ဌကထာ၌ကား—အစွယ်တို့မှ ဝဲယာ အထက်အောက် အံယောင်လေးချောင်းတို့သည် အမြစ်နှစ်ခုစီ၊ ထိုနောက် ဝဲယာနှစ်ချောင်းစီ လေးချောင်း၊ အထက်အောက်ပေါင်း ရှစ်ချောင်းတို့သည် အမြစ်သုံးခုစီ၊ ထိုနောင် ဝဲယာနှစ်ချောင်းစီ အထက်အောက် ပေါင်းရှစ်ချောင်းတို့သည် အမြစ်လေးခုစီ၊ ရှေ့သွား အထက်အောက် လေးချောင်းစီ ရှစ်ချောင်း၊ အစွယ်လေးချောင်းတို့မူကား—အောက်၌ ဆိုခဲ့ပြီးသည့် အတိုင်း အမြစ်တချောင်းစီ ရှိကြကုန်၏ဟု ဆိုကြကုန်၏၊ ထိုစကားသည် ယခုရှိသောလူတို့၏ သွားနှင့်တိုက်ဆိုင်လျှင် မညီလေ။

ဤကောဋ္ဌာသတို့ကို အကျယ်ဆိုရာ၌ ဘုရားဟော, ရဟန္တာဟော ပါဠိတော်မရှိ၊ သမ္မောဟဝိနောဒနီ အဋ္ဌကထာ,ဝိသုဒ္ဓိမဂ်, ခုဒ္ဒကပါဌ အဋ္ဌကထာသုံးစောင်နှင့် ဤကျမ်းတို့၏ အဘွင့်ဋီကာတို့တွင်သာ ရှိသည်၊ဤစာတို့လည်း အချို့သော ကောဋ္ဌာသတို့၌ အဆိုမညီကြလေ၊ ထို့ကြောင့် ယုတ္တိရှိရာ မျက်မြင် လက်တွေ့ အများရှိရာကို ဆိုသော အနာတမိကျမ်း, ဆေးကျမ်းတို့ စကားကိုလည်း ယူသင့်သည်ပင်ဖြစ်၏၊ အဘယ့်ကြောင့်နည်း ဟူမူကား—ဆို, အမွေးစသော ကောဋ္ဌာသတို့သည် ပရမတ်သဘောဖြစ်၍ လူသာမန်တို့ မသိနိုင်အောင် ခက်ခဲသည်မဟုတ်၊ မျက်မြင်လက်တွေ့ချည်းဖြစ်၍ အတော် အသင့် ဉာဏ်ရှိသော သူတို့ပင်သော်လည်း သိနိုင်ရာသောကြောင့်တည်း။

ရှေးအဋ္ဌကထာ ဋီကာတို့ဆိုသည့်အရာ နှစ်ကာလအရှည် အဆင့်ဆင့်ကူးသန်းကြသောကြောင့် အရေးအသား ချွတ်ယွင်း

သည်လည်း အများပင်ရှိသည်၊ ပါဠိတော်မှာသာ သင်္ဂါယနာ အကြိမ်ကြိမ်တင်၍ ဘာဏဝါရ,သုတ်,ဝဂ်,အက္ခရာ,အရေအတွက် တိုင်အောင်ရဟန္တာအရှင်မြတ်တို့ မှတ်သားပိုင်းခြား ထားတော်မူသည်ကို အဋ္ဌကထာ ဋီကာဆရာတို့ အကြိမ်ကြိမ် အထပ်ထပ် ဘွင့်ပြထားကြသောကြောင့်သာ အကူးအသန်း မချွတ်မယွင်း တည့်နိုင် ရှိလေသည်၊ မချွတ်မယွင်းသည့် အရာမှာလည်း ထင်ရှား သိသာလွယ်လေသည်။

သွားတို့သည် အောက်အထက် မေးရိုးနှစ်ခုတို့၌ တည်ကုန်၏၊ မိမိ အမြစ်အဆုံး၏ အောက် အပြင် သွားဖျားအဆုံး ရှေ့နောက်အာကာသ ဝဲယာ၌ သွားချင်းချင်းတို့ဖြင့် ပိုင်းခြားအပ်ကုန်၏၊ သွားနှစ်ချောင်း တို့သည် တနေရာတည်း၌မရှိ။

---

## အရေ၌ ဝဏ္ဏစသော ၅-ပါး

အရေသည် နှစ်ထပ်ရှိ၏၊ ထိုနှစ်ထပ်တို့တွင် အောက်ထပ်သည် အထူ အခေါက်ဖြစ်၏၊ကိုယ်အလုံးကို ရစ်ပတ်၍ တည်၏၊ ပါဠိဘာသာအားဖြင့် စမ္မဟု-ခေါ်ဝေါ်အပ်၏၊ ထိုအရေထူ၏ အထက်၌ အနက်, အဖြူ, အဝါ, အနီစသော အဆင်းရှိသော အလွန်ပါးသော မှန်ကဲ့သို့ ကြည်လင်သော အရေသည် ဆဝိမည်၏၊ ထိုအရေးပါးကို ခွါ၍လုံးလျှင် ဆီးစေ့ခန့်မျှရှိ၏၊ အရေထူသည် ဖြူသောအဆင်းရှိ၏၊ အရေထူ ဖြူသည်၏အဖြစ်ကို မီးလောင်ဖူးပေါက်သောအခါ, ပွတ်ကြိတ်မိ၍ အရေပါးကွာသောအခါ ထင်ရှား၏၊ အပေါင်းအားဖြင့် ကိုယ်၏သဏ္ဌာန်နှင့် တူ၏၊ သင်တိုင်းနှင့် တူသည်လည်း ဟူ၏။ ။ဤကား-အဋ္ဌကထာတို့၌ဆိုသောစကားတည်း။

သုဿုတစသော ဆေးကျမ်းတို့၌ကား—

(၁) အနက်,အဖြူ,အဝါ,အနီရောသော အဆင်းဟူသော အဆင်း ငါးပါးရှိသော ညှင်း,တင်းတိပ်, ကြက်သီးတို့၏ ဖြစ်ရာဖြစ်သော ပြင်ဆုံး အထပ်ဖြစ်သော ကောက်လတ်စပါး၏($\frac{၁}{၁၈}$)တဆဲ့ရှစ်ပိုင်း တပိုင်းခန့်ထူ သော အဝဘာသိနီမည်သော ပဌမအရေ။

(၂) ထိုအောက် မှဲ့ပါးသက်နှာ စသည်တို့၏ဖြစ်ရာ ကောက်လတ်စပါး၏ (၁/၁၆)တဆဲ့ခြောက်ပိုင်း တပိုင်းခန့်ထူသော လောဟိတာမည်သော ဒုတိယအရေ။(အရေနီဆိုလိုသည်။)

(၃) ထိုအောက် ကောက်လတ်စပါး၏ (၁/၁၂)တဆဲ့နှစ်ပိုင်းတပိုင်းခန့်ထူသော ပြူသောအဆင်းရှိသော သေတမည်သော တတိယအရေ။

(၄) ထိုအောက် ကောက်လတ်စပါး၏ (၁/၈) ရှစ်ပိုင်း တပိုင်းခန့်ထူသော ပွေး,ညှင်း,နူနာတို့၏ ဖြစ်ရာဖြစ်သော တမ္ဗမည်သော စတုတ္ထအရေ။

(၅) ထိုအောက် ကောက်လတ်စပါး၏ (၁/၅) ငါးပိုင်း တပိုင်းခန့်ထူသော နူနာ, ဝက်သက်နာတို့၏ ဖြစ်ရာဖြစ်သော ဝေဒိနီမည်သော ပဉ္စမအရေ။

(၆) ထိုအောက် ကောက်လတ်စပါး တလုံးခန့်ထူသော ကျပ်နာ, ဆင်ခွလည်ပြတ်နာစသည်တို့၏ ဖြစ်ရာဖြစ်သော ရောဟိဏီ မည်သော ဆဋ္ဌအရေ။

(၇) ထိုအောက် ကောက်လတ်စပါး နှစ်လုံးခန့်ထူသော ဘဂန္ဒြုလ်နာ,အနာသဆုပ်,မြင်းသရိုက်နာတို့၏ ဖြစ်ရာဖြစ်သော မံသဓရမည်သော သတ္တမအရေ။

ဤအရေခုနစ်ထပ်တို့သည် နပုံး, အသားထုရာ ခြောက်မိုး, လက်ဘမိုးတို့၌ အပြည့်အစုံမရှိ၊ ကျော, ဝမ်းပိုက်တို့၌သာရှိ၏၊ ဤကား သုဿုတစသော ဆေးကျမ်းတို့၌ ဆိုသောစကား ။တည်း။

အချို့သောကျမ်းဘို့၌ကား—

(၁) အပေါ်ဆုံးအရေသည် ရေထိရာဖြစ်သောအကြောင်း တောယရေ။

(၂) ထိုအောက် အရေသည် သွေး၏ ဥည်ရာ ဖြစ်သောအကြောင်း မုဒိရရေ။

(၃) သုံးခုမြောက်သော အရေသည် ညှင်း,... ပ်တို့၏ ဖြစ်ရာ ဖြစ်သောအကြောင်း ကိလာသရေ။

(၄) လေးခုမြောက်သော အရေသည် နူနာ,ပွေး... တို့၏ ...ရာဖြစ်သောအကြောင်း ကုဋ္ဌရှုရေ။

(၅) ငါးခုမြောက်သော အရေသည် အနာပဆုပ်၏ ဖြစ်ရာဖြစ်သောကြောင့် ဝိဒ္ဒုရေ။

(၆) ခြောက်ခုမြောက်သော အရေသည် ယုတ်မာသောနူနာ ဖြစ်ရာဖြစ်သောကြောင့် ပါပရေ။

(၇) တထောင်ဆစ် စသည်တို့၌ရှိသော နက်သော ထူသော အရေသည် ခုနစ်ခုမြောက်သော အရေထူဆိုလို၏။

အနာတမီကျမ်း၌ကား—

လူတို့ကိုယ်၌ အရေသည် လေးထပ်ရှိ၏၊ လေးထပ်ဟူသော်ကား—

(၁) အခေါက်ထူသော အတွင်းဆုံး၌တည်သော အရေတထပ်။

(၂) ၎င်းအခေါက်၏ ပြင်ဘက်၌ အတွေ့အထိကို သိစေခြင်းငှာ ဖြစ်သော ပိန္နဲသီးခွံကဲ့သို့ နူးညံ့သော ဆူးငယ် အစရှိသော အရေတထပ်။

ဤအရေတွင် အတွေ့အထိကို သိလွယ်သော နူးညံ့သောနေရာတို့၌ ဆူးအရေအတွက် များ၏၊ ၎င်းဆူးတို့၏ အမြင့် ပမာဏသည်လည်း လက်တသစ်ကို အစိတ် တရာ့ငါးဆယ် စိတ်၍ တစိတ်မှသည် သုံးရာစိတ်၍ တစိတ်တိုင်အောင် ရှိ၏၊ သိမ်မွေ့သော တွေ့ထိခြင်းကို အသိနည်းသော နေရာတို့၌မူကား ဤဆူးတို့သည် အရေအတွက်အားဖြင့် နည်းကုန်၏၊ အမြင့်ပမာဏ အားဖြင့်လည်း လက်တသစ်ကို သုံးရာ့ခုနစ်ဆဲ့ငါးစိတ် စိတ်၍ တစိတ်မှသည် ခြောက်ရာစိတ်၍ တစိတ်တိုင်အောင်သာ ရှိကြ၏။

ဦးနှောက်မှထွက်၍ ကိုယ်အလုံးကို ပျံ့နှံ့သော ရသကြောတို့သည်လည်း ဤဆူးပေါက်သော ဒုတိယအရေလွှာ ပြင်ဘက်၌ ကွန်ရက်ကဲ့သို့ ဖုံးအုပ်လျက် တည်ကြကုန်၏၊လူတို့၏ အဖြူ အနက် အစရှိသော အဆင်းငါးပါးဖြစ်သော ပန်းချီတို့သည် ရေဖျော်အပ်သော ဆေးကဲ့သို့သော အရေသည်လည်း ဤဒုတိယအရေလွှာ ပြင်ဘက်၌ ကပ်လျက် တည်၏။

(၃) ၎င်းဒုတိယ အရေလွှာ ပြင်ဘက်၌ အရောင်ရှိသော မှန်ကဲ့သို့ အရောင်ထုတ်ချင်းခတ် ပေါက်သော တတိယ အရေလွှာသည် ဒုတိယအရေလွှာ၏ ပြင်ဘက်၌တည်သော ရသကြော

ကွန်ရက် အဖြူ့အနက် အစရှိသော အဆင်းငါးပါးရှိသော အရေတို့ကို ဖုံးအုပ်လျက်တည်၏။

(၄) ဤတတိယအရေလွှာ၏ ပြင်ပတ်လည်၌ အရောင်သည် မှန်ကဲ့သို့ ထက်ဝက်ခန့်သာပေါက်သော စတုတ္ထ အရေတထပ်၊ ဤစတုတ္ထအရေသည် ပြင်ဆုံးသော အရေဖြစ်၏။

ဤတတိယ အရေလွှာ စတုတ္ထအရေတို့သည် အထိအခိုက် အကိုင်အတွယ် များသောနေရာတို့၌ တသစ်၏ တဆဲ့ရှစ်စိတ် တစိတ်မျှသည် တဆဲ့ကိုးစိတ်တစိတ်တိုင်အောင်ထူ၏၊အထိအခိုက် အကိုင်အတွယ် နည်းသောနေရာတို့၌ တသစ်ကို တရာ့ရှစ်ဆယ်စိတ်၍ တစိတ်ခန့် ထူ၏၊ နွား့ကျွဲစသော တိရစ္ဆာန်တို့၏ ကိုယ်မှခွါယူ၍ လူတို့ သုံးဆောင်သော သားရေမူကား—ပဌမ အရေတည်းဟူသော အခေါက်ဖြစ်၏၊ ဒုတိယ ပိန္နဲဆူးထသောအရေနှင့်မှန်ကဲ့သို့ အရောင် ထုတ်ချင်းခတ်ပေါက်သော တတိယအရေ အကြား၌တည်သော အဖြူ့ အနက်စသော အရေကိုစွဲ၍ လူတို့၏ အဖြူ့အနက်အစရှိသောအဆင်းတို့သည် ဖြစ်ကုန်၏။ရံခါ သွေးလေ ဘောက်ပြန်သောအခါ ဤအရေသည်လည်းဘောက်ပြန်၍ ဖြူသောသူသည် နက်၏၊ နက်သောသူသည်ဖြူ၏ဟူ၍ဆို၏။

ဤဆိုခဲ့ပြီးသော အရေတို့သည် ကိုယ်အင်္ဂါ ကြီးငယ်တို့၌ ရစ်ပတ်ဖုံးအုပ်လျက်တည်သော အစိတ်စိတ်သော ပုံသဏ္ဌာန်အားဖြင့်ကား—

(၁) ခြေချောင်းငယ်တို့၏ အရေသည် ပိုးချည်ထွက်သော ပိုးကောင်၏ ပိုးအိမ်သဏ္ဌာန်ရှိ၏။

(၂) ခြေဘမိုးရေသည် ခြေနင်းအပေါ် ဖုံး သဏ္ဌာန်ရှိ၏။

(၃) သလုံးမြင်းခေါင်းရေသည် ငှက်ပျောဖူးဖတ် သဏ္ဌာန်ရှိ၏၊ ထမင်းထုပ်သောထန်းရွက်သဏ္ဌာန်ဟု အဋ္ဌကထာတို့၌ဆို၏။

(၄) ပေါင်ရေသည်ဆန်ပြည့်သော ဆန်စလွယ်အိတ်သဏ္ဌာန်ရှိ၏။

(၅) တင်ပါးမှ ခါးကိုထိအောင်သော အရေသည် ရေပြည့်သော ပိတ်ရေစစ်သဏ္ဌာန်ရှိ၏။

(၆) ကျောက်ကုန်း ရေသည် ပျဉ်ပြား၌ ကျက်သော သားရေ သဏ္ဌာန်ရှိ၏။

(၇) ဝမ်းရေသည် တယောခွက်၌ကျက်သော သားရေသဏ္ဌာန် ရှိ၏။

(၈) ရင်ဘတ်ရေသည် များသောအားဖြင့် လေးထောင့်သဏ္ဍာန် ရှိ၏။

(၉) လက်မောင်းလက်ဖျံ နှစ်ခုတို့၏ အရေသည် ချိန်ခွင်ပေါင်ကို ကွပ်သော သားရေနှင့်တူ၏။

[တတောင်ဆစ်အထက် ပခုံးစွန်းတိုင်အောင် လက်ရုံး, လက်မောင်း ခေါ်သည်မှတ်၊ တတောင်ဆစ်အောက် လက်ကောက်ဝတ် တိုင်အောင် လက်ဖျံ ခေါ်သည်မှတ်၊ ရံခါ ပခုံးစွန်းလက်ကောက်ဝတ် တိုင်အောင်ကိုပင် လက်ရုံးလက်မောင်းလည်း ခေါ်သည်။]

(၁၀) လက်ဖမိုးရေသည် တရုတ်မီးခတ်အိတ် သဏ္ဍာန်ရှိ၏၊ အဋ္ဌကထာတို့၌ကား– သင်ဓုန်းအိတ် သဏ္ဍာန်ရှိ၏၊ ဇွန်းအိတ် သဏ္ဍာန်လည်း ဆိုကုန်၏၊ ရှေးက သင်ဓုန်းသည် ခုကာလ သင်ဓုန်းနှင့်မတူ၊ မြက်ထိုးဇွန်းမြီးတူးရှင်းနှင့်တူသည်ဟုမှတ်။

(၁၁) လက်ချောင်းငယ်တို့၏ အရေသည် လက်ကိုင်ဖု တပ်သည့် တံခါးပိတ်ကြေးဝါကန့်လန့်၏ အိမ်သဏ္ဍာန်။ (ကုဥ္စိကာ– ကောသသဏ္ဍာနော ပါဌ်ကို သံကောက်အိမ် သဏ္ဍာန်ဟု– အနက်ပေးသည်ကား–အရေပုံနှင့်မတူ။)

(၁၂) လည်ကုပ်ရေသည် လည်စွပ်သင်တိုင်းသဏ္ဍာန်။

(၁၃) မျက်နှာရေသည် အပေါက်အပေါက်ရှိသော စာဗူးတောင်း သိုက် သဏ္ဍာန်။

(၁၄) ဦးခေါင်းရေသည် သပိတ်အိတ်သဏ္ဍာန်။

ဤအရေသည် ကိုယ်အလုံးကို ဖုံးလွှမ်းလျက်တည်၏၊ အောက်၌ အမြွှေး, အထက်၌ ဆံဝိမည်သော အရေပါးတို့ဖြင့် ပိုင်းခြားအပ်၏။

[ကေသာအစ ဤတစတိုင်အောင်သော ကောဋ္ဌာသ ငါးခုတို့ကို တစပဉ္စကခေါ်သည် ဟူ၍ လည်းမှတ်။]

**တစပဉ္စက ကမ္မဋ္ဌာန်းပြဆိုခဏ်းပြီး၏။**

# ဝက္ကပဥ္စကကမ္မဋ္ဌာန်းပြဆိုခဏ်း

**အသားဥ ဝက္ကစသော ၅-ပါး**

အသား ဟူသည်ကား—အမြှောင့်တုံးအားဖြင့် (၉၀၀) ကိုးရာရှိ၏၊ ပေါက်ပွင့်, ကသစ်ပွင့်တို့ကဲ့သို့ နီသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် အမျိုးမျိုးရှိ၏။

(၁) သလုံးကြွက်သားသည် ဆတ်သွားဖူး သဏ္ဌာန်ရှိ၏၊ ထန်းရွက်ဖြင့်ထုပ်သော ထမင်းထုပ်သဏ္ဌာန် ဟူ၍လည်း ဆို၏။

(၂) ပေါင်သားသည် ကြိတ်သောကျောက်လုံးသဏ္ဌာန်။

(၃) တင်သားသည် ခုံလောက်ဖျား သဏ္ဌာန်။

(၄) ကျောက်ကုန်းဝဲယာ အသားမြှောင်သည် မပွင့်မကွဲသေးသော ထန်းနို့အိမ်သဏ္ဌာန်၊ မပွင့်မကွဲသေးသော ကွမ်းသီးဖူး အုန်းသီးဖူး သဏ္ဌာန်လည်းဆိုသင့်၏။

[တာလ ဂုဠပဋလ သဏ္ဌာန်ကို အနက်မနိုင်သူတို့က ထန်းသီးမှည့်၏ အထဲအလွှာ သဏ္ဌာန် ဟူ၍ရင်း, တန်းရွက်စသည်ဥ ကပ်၍ခွါသော ထန်းလျက်ခဲ သဏ္ဌာန် ယူ၍ရင်း ပြန်ကြကုန်၏။]

(၅) နံပါးဝဲယာ အသားသည် ပုတ်ဝဲယာဥ ပါးပါးသုတ်သော မြေကြီးသဏ္ဌာန်။

(၆) သားမြတ်သားနှစ်ခုတို့သည် ဗူးသီးပိုင်းသဏ္ဌာန်၊ လုံး၍ ပစ်သောချုံလုံးသဏ္ဌာန်လည်းဆိုကုန်၏။

(၇) လက်မောင်းနှစ်ခုတို့၏ အသားသည် အမြီးခေါင်းကိုဖြတ်၍ အရေကိုခွါပြီးလျှင် ထားသောကြွက်ကြီးသဏ္ဌာန်၊ စဉ်းတီးတုံးသဏ္ဌာန်လည်း ဆိုကုန်၏၊သမ္မော, ဝိသုဒ္ဓိ မဂ်တို့ဥ ဤမျှသာပါသည်။

(၈) လက်ဖျံနှစ်ခုတို့၏ အသားသည် ဆတ်သွားဖူး ထက်ခြမ်းသဏ္ဌာန်။

(၉) ပါးစောင်သားသည် ကလိမ်စေ့ သဏ္ဌာန်၊ သစ်အယ်သီးသဏ္ဌာန်လည်း ဆိုသင့်၏၊ဘားသဏ္ဌာန်လည်း ဟူ၏။

(၁၀) လျှာသားသည် ရှားစောင်းကြီးရွက်သဏ္ဌာန်။

(၁၁) နှာခေါင်းသားသည် စောက်ထိုးထားသော ဖက်ကန်တော့ သဏ္ဌာန်။
(၁၂) ပါးစုန့်သားသည် သဖန်သီးသဏ္ဌာန်။
(၁၃) ခေါင်းသားသည် ထမင်းအိုး၌ သုတ်သောရွှံသဏ္ဌာန်။
လက်ဖျံမှတပါး ဤနောက် ထပ်၍ဆိုသော အသားတို့၏ သဏ္ဌာန်တို့သည် ခုဒ္ဒကပါဌ အဋ္ဌကထာ၌ လာသောစကားတည်း။
ယောဂီတို့သည် ဤဆိုခဲ့ပြီးသော အသားမြှောင့်တုံးကြီး တို့ကို ဆုံးဖြတ်ဆင်ခြင်လျှင်ပင် ကြွင်းသော အသားတုံးငယ်တို့သည် ဉာဏ်၌ ထင်ခြင်းသို့ ရောက်ကုန်၏ ဟု—အဋ္ဌကထာ၌ ဆိုကုန်၏၊ အရေအတွက် (၉၀၀)ကိုးရာပြည့်အောင် မဆိုကုန်။

---

## သုဿုတကျမ်းအလို အသားကုံးများ

သုဿုတဆေးကျမ်း၌ကား အသားတုံးငါးရာဟု ဆိုပြီးလျှင် အရေအတွက် ငါးရာစေ့အောင်ပြ၏၊ပြပုံကား-ခြေချောင်းငယ် တခုတခုတွင် သုံးခုစီအားဖြင့် ခြေတဘက်တဆဲ့ငါး, ခြေဘမိုး၌ တဆယ်, ခြေဘမိုး အထက် ခြေမျက်စိ၌တဆယ်, ခြေမျက်စိအောက် ခြေဘဝါးအပြင်၌ တဆယ်, ခြေမျက်စိနှင့် ဒူးဆစ်အကြား၌ နှစ်ဆယ်, ဒူးဆစ်၌ငါး, ပေါင်၌နှစ်ဆယ်, တင်ပါး၌တဆယ်၊ဤသို့လျှင် ခြေတဘက်သင့် တရာ၊ ဂှင်းနည်း ခြေတဘက်သင့်တရာ၊ ဂှင်းနည်း လက်တဘက်လျှင် တရာစီ၊ ပေါင်း(၄၀၀)။
ဘင်ဝ၌သုံး, အင်္ဂဇာတ်၌တစ်, အင်္ဂဇာတ် ချုပ်ကြောင်း၌တစ်, သိုအိမ်ကပ်ပယ်အိတ်၌နှစ်, ခါးစောင်း နှစ်ဘက်၌ ငါးခုစီ တဆယ်, ချက်အောက် ဆီးချိုင့်၌နှစ်, ဝမ်း၌ငါး, ချက်၌တစ်, ကျောမြှောင်၌ ဝဲယာ ငါးခုစီ—တဆယ်, နံပါးတဘက် သုံးခုစီ ခြောက်, ရင်ဘတ်၌ တဆယ်, ညှပ်ရိုးအထက် ထမ်းပိုးကျည်းတွင်း၌ ခုနှစ်, နှလုံး၌တစ်၊အစာ သစ်အိမ်၌တစ်,အသည်း သရက်ရွက် ကျောက်ကပ်တို့၌ တခုစီ ခြောက်, ကုပ်၌လေး, မေး၌ရှစ်, ရေမျိုအောက် အထက်၌ တခုစီ နှစ်, အာ စောက်၌နှစ်, လျှာ၌တစ်, နှုတ်ခမ်းအောက် အထက်၌ နှစ်,နှာခေါင်း၌ နှစ်,ပါးစောင်ဝဲယာ၌ နှစ်ခုစီ-လေး၊ နား၌နှစ်,နဖူး၌ လေး,ဦးခေါင်း၌ တစ်၊ ပေါင်း(၁၀၀)၊နှစ်စု (၅၀၀)။

ဤသို့အကျယ်အားဖြင့် နေ့တွက်၍ပြ၏၊ အရှယ်ရောက်ပြီးသော မိန်းမ၌ကား ဤသို့ဆိုခဲ့ပြီးသော အသားတုံး ငါးရာထက် နှစ်ဆယ် ပိုသည်၊ ပိုသောနှစ်ဆယ် ဟူသည်ကား—သားမြတ် ဝဲယာငါးခုစီ-တဆယ်, အင်္ဂါဇာတ်၌ အတွင်းအပြင် နှစ်ခုစီ-လေး, သားအိမ်၌သုံး,သုက် ဥတု ၏ထွက်ဝင်ရာ သားအိမ်အဝ၌သုံး၊ ပေါင်းနှစ်ဆယ်ဟူ၍ ဆိုကုန်၏။

---

## အနာ့တမိကျမ်းအလို အသားကုံးနှင့်အမျှင်များ

အနာ့တမိကျမ်း၌ကား-လူတို့၏ အရိုးအရှည်တို့သည် အလယ်သေး ၍ အရင်းအဖျား၌ အဆစ်အဖုဖြစ်လျက် ကြီး၏၊ အသားမြှောင်တုံးတို့ သည် အလယ်ကြီး၍ အရင်းအဖျား၌ ငယ်ပြီးလျှင် ဖူးဖူးပြားပြား ခိုင် မာသောအကြောဖြင့် အရိုး၏အဆစ်တွင် ရစ်ပတ်လျက်ရှိသော အမြေး နှင့်တွယ်ကပ်လျက် အရေသည် ဖုံးလွှမ်းသောကြောင့် မျက်မြင် ပြေပြစ် ၏၊ ထိုအသားတုံးတို့သည် ပျားလဘို့နှင့် တူသော အတွင်း၌ ဆီဥ အနည်းငယ်ရှိသော အစေးတုံးတမျိုးဖြင့် ကပ်ကြ၏၊ အသားတုံးတခုမှာ သော်လည်း ဤအစေးတုံးငယ်များနှင့် အသားမျှင်ငယ်များ စုပေါင်း လျက်ရှိ၏၊ ဤအစေးတုံးမျိုးသည် ဇာကွန်ချာနှင့်တူသော အမြေးမျိုး ဖြစ်၍ ပါဠိဘာသာ ဇာလခေါ်သည်။

အသားတုံးအဆင်းအရင်းမှာ အနီမဟုတ်၊ ဖက်ရွက်လျှော်အဆင်း ဖြစ်၏၊ အသားမျှင်တို့၌ သွေးရှိသောကြောင့် နီသောအဆင်းဖြစ်၏၊ အသားတုံးကို ရေနှင့်နာနာပွတ်၍ ကန့်လန့်ဖြတ်ပြီးလျှင် ကြည့်သည် ကာလ ဖြူပြော့သောအဆင်း အမျှင်ငယ်တို့ ပေါင်းစုလျက် ဖြစ်သည် များကို သိသာသည်၊လက်ကိုကွေးသောအခါ လက်မောင်း၌ ကြွက်သား သည် အဖုဖြစ်၏၊ ဆန့်သောအခါ အဖုပြေ၏၊ သည်အကြောင်းကို ထောက်၍ အသားတုံး၌ရှိသော အမြှေးငယ်တို့သည် ဝါးခြမ်း သစ်သား တို့၌ ရှိသောအမျှင်, ကြေးနန်း, သံနန်း, ချည်မျှင်တို့ကဲ့သို့ မဟုတ်၊ ဤဆိုခဲ့ပြီးသော အမျှင်တို့ကဲ့သို့ဖြစ်လျှင် ကွေးသည့်ကာလ ကြက်ကွန့် တက်၍ ဆန့်သည့်ကာလ ကောင်းစွာ မပြေပြစ်နိုင်ရာ၊ ထို့ကြောင့် ထိုအသားအမျှင်ငယ်တို့သည် သံကြိုးကဲ့သို့ ကွင်းငယ်ချင်း ဆက်ကြ သည်ကို သိသာသည်။

သည်အရာကိုသိလိုလျှင် ပကတိမျက်စိထက် အဆတထောင်ကျော် မြင်သည့် မှန်ဘီလူးနှင့်ကြည့်လျှင် အတပ်မြင်လိမ့်မည်၊ အသားတုံးတို့၏ အဖျားအမြစ် အရိုးဆစ်တွင် တွယ်ကပ်ရာ၌ အချို့ အသားတုံးသည် အမြစ်အဖျား နှစ်ခုစီနှင့်တွယ်သည်၊အချို့တခုချင်းဖြင့် တွယ်သည်။

ဤအသားတုံးကို ရေတွက်ရာ၌ အနာဌာမီကျမ်းတတ်သောဆရာတို့ သဘောကွဲပြားကြသည်၊ အချို့က တတုံးဆိုသည်ကို အချို့က နှစ်တုံး သုံးတုံး ဆိုကြသည်၊ သို့ရာတွင် အနည်းဆုံးအားဖြင့် အသားတုံးပေါင်း လေးရာ့ငါးဆယ်ခန့်ရှိသည်၊အလတ်အားဖြင့် ငါးရာ့နှစ်ဆယ်ခန့်ရှိသည်၊ အများအားဖြင့် ခြောက်ရာကျော်ခန့်ရှိသည်ဟု ဆိုကြကုန်၏၊ အသား တို့ကို အောက်အပြင်၌ အရိုးကိုပတ်သောအမြှေး ရှေ့နောက်၌ အရိုးဆစ် တွင် တွယ်သောအဖျား၊ အမြစ်ဝဲယာ၌ အသားတုံးချင်းချင်းအထက်၌ အရေထူတို့ဖြင့် ပိုင်းခြားအပ်၏။

အသားတုံးတို့၏ အမြစ်အဖျားတို့သည် အရိုးတခုနှင့် စပ်လျက်နေ အောင် တွယ်ထားကြကုန်၏၊ ဘနှောင့်ကြော, ခါးကောက်ကြော, လက်မောင်းလယ်အကြော, ဆက်ကြော, ပခုံးကြော, နံပါးကြော, ရင်ကြောဟု စမ်း၍တွေ့သော အကြောကြီးတို့သည်လည်း အသားတုံး တို့၏ အမြစ်အဖျားတို့သာတည်း၊ ဤအသားတုံးတို့သည် တဘက်၌ရှိ သော အသားတုံးနှင့် ပုံတူတဘက်၌ ရှိမြဲဖြစ်၍ အစုံအစုံ ဖြစ်ကြကုန်၏ ဟူ၍ ဆိုကုန်၏။

---

## အကြော၌ ဝဏ္ဏစသော ၅-ပါး

အသားတုံးတို့၏ အစအဆုံး၌ ရှိသောအသားနှင့် အရိုးကိုငင်း, အရိုး နှစ်ခုကိုငင်း တွယ်ထားသော အကြော, အရိုးနှစ်ခုတို့၏ အဆက်တွင် အရိုးနှစ်ခု အခြားစီမနေရအောင် တွယ်ထားသောအကြောဟူ၍နှစ်မျိုး တို့သည် အရေအတွက် (၉၀၀)ကိုးရာရှိ၏၊ ထိုကိုးရာသော အကြောတို့ သည် ဖြူသော အဆင်းရှိကုန်၏၊ ပျားရည်အဆင်းဟူ၍လည်း ဆိုကုန်၏၊ သဏ္ဌာန် အမျိုးမျိုး ရှိကုန်၏၊

ထိုအကြောတို့တွင် လည်ဘင်း၏ အထက်ပိုင်းမှ အကြောကြီး ငါး ချောင်းစီတို့သည် ရင်ဘတ် ကျောက်ကုန်း ဝဲယာ နံပါးတို့အားဖြင့်

ကိုယ်အလုံးကို ဖုံးလွှမ်းလျက် ဆင်းသက်ကုန်၏၊ဝဲယာခြေလက်တို့၌လည်း ရွှေနောက် ငါးချောင်းစီ ခြေလက်တို့ကို ဘွဲ့ရှက် ဆင်းသက်ကုန်၏၊ ထိုအကြောကြီး ခြောက်ဆယ်တို့ကို ကဏ္ဍရာဟူ၍ ဆိုအပ်ကုန်၏၊ ကိုယ်ကို ဆောင်တတ်သော အကြောတို့ဟူ၍လည်း မှတ်အပ်၏၊ ဤအကြောကြီး ခြောက်ဆယ်တို့သည် ဝါငုံဖူးသဏ္ဌာန် ရှိကုန်၏၊ အနက်မနိုင်သူတို့က "တေ သဗ္ဗေပိ ကဏ္ဍူလ မကုလသဏ္ဌာနာ" ဟူသော အဋ္ဌကထာပါဠိ၌ ကဏ္ဍူလ—သဒ္ဒါကို ဗြူတိုင်းခတ္တာပင် ဟောထင်၍ ဗြူတိုင်းခတ္တာငုံ သဏ္ဌာန်ဟု ဆိုကုန်၏၊ကဏ္ဍူလ၌ ဏကြီး ဥသံကောက်ဆင့်၍ နှစ်ချောင်း ငင်နှင့်ရှိစေ၊ သူရဏဟု သဒ္ဒတ္ထ မုတ္တာဝလိ အစရှိသော အဘိဓာန်တို့၌ ဘွင့်သည်ကိုထောက်။

ထိုမှ တပါးသော အကြောတို့သည် ထိုထိုအရပ်ကို ဖုံးလွှမ်း၍တည် ကုန်၏၊ အကြောကြီး ခြောက်ဆယ်အောက် ငယ်သောအကြောတို့သည် ဝက်ထောင်သော ပိုက်ကြိုးသဏ္ဌာန်ရှိကုန်၏၊ "တတော သုခုမတရာ သူကရဝါကုရရဇ္ဇု သဏ္ဌာနာ"ဟူသောခုဒ္ဒကပါဌအဋ္ဌကထာကိုထောက်၊ သမ္မော့, ဝိသုဒ္ဓိမဂ်တို့၌ကား—ပါဠိပျက်လျက်ရှိ၏၊ ထိုအောက်ငယ်သော အကြောတို့ကား—ကလိမ်ဖြူနွယ် သဏ္ဌာန်ရှိကုန်၏။ အနက်မနိုင်သူတို့က "အညေ တတော သုခုမတရာ ပူတိလတာသဏ္ဌာနာ" ဟူသော အဋ္ဌကထာပါဠိကို ဆင်သမားနွယ်သဏ္ဌာန်, နွယ်ပုပ် သဏ္ဌာန်ဟူ၍ အနက် ပြန်ကြကုန်၏။

ထိုအောက်ငယ်သော အကြောတို့သည် တယောကြိုးကြိုး သဏ္ဌာန်ရှိ ကုန်၏၊"အညေ တတော သုခုမ တရာ မဟာဝီဏာ တန္တိသဏ္ဌာနာ" ဟူသော အဋ္ဌကထာပါဠိကို အနက်မနိုင်သူတို့ကစောင်းကြိုးကြိုး သဏ္ဌာန် ဟူ၍ အနက်ပြန်ကြကုန်၏၊ ဝီဏာသဒ္ဒါကို ရှေးရာဇမတ္တဏ် နိသျများ တွင် အောင်ဂနေဟု အနက်ပြန်ကုန်၏။

ဤဝီဏာမည်သော တူရိယာကို တီးသော ဝတ္ထုသည် ကောဏ မည်၏၊ ကြိုးသုံးချောင်းသာ ရှိသည်တွင် ကြိုးခုနစ်ချောင်း ရှိသော ဝီဏာဖြစ်လျှင် ပရိဝါဒိနီ မည်ကြောင်းနှင့် အဘိဓာန် ကျမ်းတို့တွင် ဆိုသောကြောင့်ရင်း, စောင်းမှာ တလိုင်းမြန်မာတို့သာ သုံးဆောင် ကြသည်၊ မဇ္ဈိမဒေသမှစ၍ အရပ်ရပ်နိုင်ငံများမှာ အသုံးအဆောင်မရှိ၊

တယောမှာ ရှေးကျသော တူရိယာမျိုးဖြစ်သောကြောင့် မဇ္ဈိမဒေသမှ စ၍ အရပ်ရပ်နိုင်ငံများမှာ မရှိသော မည်သည်မရှိ၊ဤအကြောင်းများကြောင့် ဝီဏာသဒ္ဒါကို စောင်းဟု— အနက် မပြန်သင့်၊ သီဟိုဠ်သားမှ စ၍ အနောက်တိုင်းပြည်သားတို့ကို မေးလျှင်လည်း သိလိမ့်မည်။

ထိုအောက်ငယ်သော အကြောတို့သည် ကြီးသော ချည်မျှင်သဏ္ဍာန် ရှိကုန်၏၊ ခြေဘမိုး,လက်ဘမိုးတို့၌ အကြောတို့သည် ငှက်ခြေသဏ္ဍာန်ရှိကုန်၏၊ခေါင်း၌အကြောတို့သည် သူငယ်တို့၏ခေါင်း၌အုပ်သောဇာကွန်ချာကိုလုပ်သော သမ္ဘာရာခံ့ဦးထုပ် သဏ္ဍာန်ရှိကုန်၏၊ ကျောက်ကုန်း၌ အကြောတို့သည် နေပူ၌ဖြန့်လှန်းအပ်သော စိုသောပိုက်ကွန် သဏ္ဍာန်ရှိကုန်၏၊ ကြွင်းကုန်သော အကြောတို့သည် ထိုထို အင်္ဂါ ကြီးငယ်တို့၌ ပွံ့နှံ့ကုန်လျက် ကွန်ချာဇာကိုလုပ်သော သင်တိုင်းသဏ္ဍာန် ရှိကုန်၏၊ ကိုယ်အလုံး၌ အရိုးတို့ကို ဘွဲ့ရှက်၍ တည်ကုန်၏၊ အောက်၌ အရိုး, အထက်၌ အသားအရေ, ဘီလာ၌ အချင်းချင်းတို့ဖြင့် ပိုင်းခြားအပ်ကုန်၏၊ ဤသို့ အဋ္ဌကထာတို့၌ ဆိုကုန်၏၊ အကြောခြောက်ရာ ပြည့်အကျယ်သရုပ်ကို မပြကုန်။

သုဿုတဆေးကျမ်း၌ကား—ဤ နှာရုဟူသောအကြော ကိုးရာတို့ကို အကျယ်ပြ၍၊ ပြပုံကား—

(၁) ခြေချောင်းငယ် တခုတခု၌ ခြောက်ခုစီ၊ တဘက်သင့် သုံးဆယ်။
(၂) ခြေဘမိုးက ခြေမျက်စိတိုင် သုံးဆယ်။
(၃) သလုံးမြင်းခေါင်း၌ သုံးဆယ်။
(၄) ထူးဆစ်၌ တဆယ်။
(၅) ပေါင်၌လေးဆယ်။
(၆) တင်ပါး၌ တဆယ်၊ ဤသည်လျှင် ခြေတဘက်၌ အကြော တရာ့ငါးဆယ်၊ ၎င်းနည်း ခြေတဘက်၌ အကြော တရာ့ငါးဆယ်၊နှစ်ဘက်သင့် သုံးရာ၊ပေါင်းခြောက်ရာ။
(၇) ခါး၌ခြောက်ဆယ်။
(၈) ကျောက်ကုန်း၌ရှစ်ဆယ်။
(၉) နံပါးနှစ်ဘက်၌ ခြောက်ဆယ်။

(၁၀) ရင်ဘတ်၌သုံးဆယ်။
(၁၁) လည်၌သုံးဆဲ့ခြောက်။
(၁၂) ခေါင်း၌ သုံးဆဲ့လေး၊ ပေါင်းသုံးရာ၊ နှစ်စုကိုးရာရှိကုန်၏။
ဤသို့ အကြောကိုးရာတို့သည် ပတာနဝတီ, ဝဋ္ဋ, ပုထုလ, သုသိရ ဟူ၍ အမည်အားဖြင့် လေးပါးဖြစ်ကုန်၏၊ ခြေလက် အရိုးဆက်တို့၌ အကြောတို့သည် **ပတာနဝတီ** မည်၏။

ဤကိုယ်ကိုဆောင်သော တဆဲ့ခြောက်ချောင်းသော ကဏ္ဍရာမည်သော အကြောတို့သည်ပင် ဝဋ္ဋ မည်၏။

ဤအကြောတဆဲ့ခြောက်ချောင်းတို့တွင် ခြေနှစ်ဘက်, လက်နှစ်ဘက်,လည်ဘင်း, ကျောက်ကုန်းတို့၌ လေးခုစီသွားကုန်၏၊ လက်ခြေသို့ သွားသော အကြောတို့သည် ခြေသည်း, လက်သည်းတို့၏ အတွင်းတိုင်အောင် သွားကုန်၏၊ လည်ပင်းမှအကြောတို့သည် ရင်ဘတ်,အင်္ဂါဇာတ်တိုင်အောင် သွားကုန်၏၊ကျောက်ကုန်းမှ အကြောတို့သည် ခါးမချပ်, တင်ပါး, ဘန္ဓောင့်တိုင်အောင် သွားကုန်၏၊ ဦးထိပ်, ရင်ဘတ်, မျက်ခုံး, ပါးတိုင်အောင်သွား၍ ကိုယ်ပုံအတိုင်း ဖြစ်နိုင်ကုန်၏၊ အစာသစ်အိမ်, အစာဟောင်းအိမ်တို့၏ အဆုံး၌ရင်း၊ ဆီးအိမ်, စည်ပေါင်းအိမ်၌ရင်း ရှိသောအကြောတို့သည် **သုသိရ** မည်၏။

နံပါးဝဲယာ, ရင်ဘတ်, ကျောက်ကုန်း, ဦးခေါင်းတို့၌ ရှိသော အကြောတို့သည် ပုထုလမည်၏၊ ဤသို့နှာရုဟူသော အကြောကိုးရာ တို့၏ အကြောင်းကို အကျယ်ပြဆို၏။

တနည်းကား အကြောသည်—
(၁) အရိုးအသားတို့ကိုဘွဲ့သော နှာရုမည်သောအကြော။
(၂) သွေးတို့၏သွားလာရာ ဓမနီမည်သော သွေးကြော။
(၃) အရသာကိုဆောင်သော ရသဟရဏီမည်သော ရသကြော-
ဟူ၍ သုံးမျိုးရှိ၏၊ ထိုသုံးမျိုးတို့တွင် နှာရုမည်သော အကြောကို မူကား ဆိုခဲ့ပြီးသည့်အတိုင်း မှတ်အပ်၏။

သွေးကို လှုပ်ရှား သွားလာအောင် မှုတ်လွှင့်တတ်သောကြောင့် ဓမနီ မည်သော, ကျည်တောက်ကဲ့သို့ အခေါင်းရှိသောကြောင့် နာဠိ ဟူ၍လည်းမည်သော သွေးကြောတို့၏အကြောင်းနှင့် ရသဂ္ဂသဂ္ဂီဟူ၍

ဂုင်း, ရသဟရဏီဟူ၍ဂုင်း ဆိုအပ်သော **ရသကြော** တို့၏အကြောင်းကို ဂုင်းပါဠိ အဋ္ဌကထာ ဋီကာတို့တွင် အကျယ်မပြမဆိုကြကုန်။

သံသရဏသွေးကိုဆိုရာ ဝိသုဒ္ဓိမဂ်အစရှိသော အဋ္ဌကထာတို့၌—

> ဩကာသတော သံသရဏလောဟိတံ ဌပေတွာ ကေသ လောမဒန္တနခါနံ မံသဝိနိမုတ္တဋ္ဌာနဉ္စေဝ ထဒ္ဓသုက္ခ စမ္မဉ္စ ဓမနိ ဇာလာနုသာရေန သဗ္ဗံ ဥပါဒိန္နံ သရီရံ ဖရိတွာ ဌိတံ။

ဟူ၍ ဆို၏။

တည်ရာအားဖြင့် သံသရဏသွေးသည် အသားတွင်း၌ ဝင်သော အမြစ်မှ ပြင်ဘက်ဖြစ်သော ဆံ အမွေး သွား ခြေသည်း လက်သည်း တို့ကိုဂုင်း, ကြမ်းတမ်း ခြောက်သွေ့သော အရေကိုဂုင်း ချန်လှပ်၍ ဤ ကိုယ်အလုံး၌ ကမ္မဇရုပ်ရှိသမျှဟူသော ဥပါဒိန္နကကိုယ်ကို ကွန်ရက်ကဲ့သို့ ပျံ့နှံ့ဖုံးအုပ်သော ဓမနီမည်သော သွေးကြောကို အစဉ်လျှောက်သဖြင့် ပျံ့နှံ့၍တည်၏၊ ဤသို့ အကျဉ်းမျှသာ ဆို၏။

**ရသကြော** အကြောင်းကိုလည်း သုတ်ပါထေယျ လက္ခဏသုတ် ပါဠိတော်, ဤသုတ်အဘွင့် အဋ္ဌကထာတို့၌ မြတ်သော ရသကြော ခုနစ်ထောင် မြတ်စွာဘုရား၌ရှိကြောင်းနှင့်သာဆိုသည်၊ **အကျယ်မဆို**။

မဟာသုတသောမဇာတ် **အဋ္ဌကထာ၌လည်း**—

> ရဉ္ဉော မံသခဏ္ဍံ ဇိဝှါဂ္ဂေ ဌပိတမတ္တေယေဝ သတ္တ ရသ ဟရဏီသဟဿာနိ ဖရိတွာ သကလသရီရံ ခေါဘေတိ။

ဟူ၍ ဆို၏။

အတ္ထကား။ ။ရဉ္ဉော၊ ပေါရိသာဒမင်း၏။ မံသခဏ္ဍံ၊ လူသားတုံး ကို။ ဇိဝှါဂ္ဂေ၊ လျှာဖျား၌။ ဌပိတမတ္တေယေဝ၊ ထားကာမျှ၌သာလျှင်။ သတ္တ ရသဟရဏီသဟဿာနိ၊ အရသာကိုဆောင်သော ခုနစ်ထောင်ကုန် သောအကြောတို့ကို။ ဖရိတွာ၊ ပျံ့နှံ့၍။ သကလသရီရံ၊ ကိုယ်အလုံးကို။ ခေါဘေတိ၊ ဖျဉ်းဖျဉ်းဖြစ်စေ၏။

ရှေးဘဝက ဘီလူးဖြစ်ခဲ့ဘူးသည် ဖြစ်သောကြောင့် လက်ဦးအစ လူသားတုံးကို လျှာပေါ် သို့တင်လျှင်ပင် ဤကဲ့သို့ဖြစ်သည်ဟူ၏၊ ဤအဋ္ဌ ကထာကို သတိမထားသောသူတို့က သုံးဆဲ့နှစ်ပါးသော မဟာပုရိသ လက္ခဏာကိုရသော မြတ်စွာဘုရားနှင့် စကြာမင်းတို့၌သာ ဤအကြော ခုနစ်ထောင်ရှိသည်ဟု ထင်မှတ်ပြောဆိုကြ၏။

မဟာပုရိသ လက္ခဏာ၌ကား—ရသဂ္ဂသဂ္ဂီ ဟောတိဟူ၍ သုတ်ပါထေယျ လက္ခဏာသုတ်၌ ဟောတော်မူသောကြောင့် ဤအရသာကို ဆောင်သော အကြောသည် ပကတိလူတို့အကြောထက် အရသာကို သိလွယ်သောကြောင့် ထူးမြတ်သောအကြောရှိသည်၊ အရေအတွက်မှာ အပိုအလျော့ မရှိဟူ၍ မှတ်ရမည်၊ ဤသို့အကျဉ်းမျှသာဆို၏။ ။အနုဋ္ဌီကာ၌လည်း—

အင်္ဂမင်္ဂါနုသာရိနော ရသဿ သာရောတိ ရသဟရဏီ ဓမနိဇာလာ နုသာရေန သရီရာဝယဝေ အနုပဝိဋ္ဌဿ **အာဟာ** ရရသဿ အဗ္ဘန္တရာဟာရပစ္စယော ဩဇပေ ာ၊ ယော လောကေ ရသဓာတူတိ ဝုစ္စတိ။

ဟူ၍ ကဗဋ္ဌီကာရ အာဟာရဟူသော ဩဇာသည်—

(၁) ရသဟရဏီမည်သော ရသကြော,

(၂) ဓမနီမည်သောသွေးကြော—

တို့၏ ကွန်ရက်သို့ အစဉ်လျှောက်၍ ကိုယ်၏အင်္ဂါကြီးငယ်အစိတ်၌ ဝင်သည်ဟု-အကျဉ်းမျှသာ ဆိုသည်၊ အကျယ်မလာ။

ဤရသဟရဏီအကြောနှင့် ဓမနီအကြောတို့၏ အကြောင်းကို နာဋ္ဌီပရိက္ခာ ကျမ်း၌ကား—အကျယ်ဆို၏၊ ဆိုပုံကား—ဤ**ရသဟရဏီအကြော, ဓမနီ**မည်သော အကြောတို့သည် သုံးကုဋေခွဲရှိကုန်၏။

ထိုအကြောတို့တွင် ချက်တိုင်၌ဘွဲ၍ အောက်အထက်ဘီလာ သွားကုန်သော ခုနစ်သောင်းနှစ်ထောင်သော အကြောတို့သည် အကြောကြီးဖြစ်ကုန်၍ သွေးလေတို့ကို ဆောင်ကုန်၏။

ခုနစ်သောင်းနှစ်ထောင်သော အကြောတို့တွင် သိမ်မွေ့သော အပေါက်ရှိကုန်သော အကြောခုနစ်ထောင်တို့သည် ရသမည်သောဓာတ်ကို ဆောင်ကုန်၏၊ သွေး, လေ, သလိပ်တို့ကို ဆောင်ကုန်၏။

ထိုခုနစ်ရာတို့တွင် နှစ်ဆဲ့လေးချောင်းသော အကြောကြီးတို့သည် ဓမနီအမည်ဖြင့် ထင်ရှားစွာဖြစ်လျက် ချက်၌လိပ်သဏ္ဌာန်-ကုမ္ဘဟု ဆိုအပ်သော ကကျည်းဖြစ်ကုန်၏။

ထိုလိပ်၏ခေါင်းကား— လက်ဝဲနံပါး, အမြီးကား- လကျာနံပါးတို့ကို ရှေးရှုကုန်၏၊ ထိုလိပ်ပုံဖြစ်သော **အ**ကြောကြီး

နှစ်ဆဲ့လေးခုတွင် ခေါင်းနှင့်အမြီးတို့မှ အကြောကြီး နှစ်ခုစီ ထွက်၍ ဝဲယာနံပါးနှစ်ဘက်တို့ကို ပျံ့နှံ့၍ သွားကုန်၏၊ လက်နှစ်ဘက် ခြေနှစ်ဘက်တို့မှ အကြောကြီးငါးခုစီတို့သည် လူတို့၏ လက်ခြေတို့ကို အသီးအသီးပျံ့နှံ့၍ သွားကုန်၏၊ ထိုအကြောကြီး နှစ်ဆဲ့လေးခုတို့တွင် ယောကျ်ားတို့၌ လကျ်ာဘက်လက်ကောက်ဝတ်, ခြေကျဉ်းဝတ်, မိန်းမတို့၌ လက်ဝဲဘက်လက်ကောက်ဝတ်, ခြေကျဉ်းဝတ်တို့၌ သွေးကြောကြီး လေးခုတို့သည် အနာရောဂါကိုသိအောင် ဆေးဆရာတို့ စမ်းသပ်ရန် ဖြစ်ကုန်၏။

**အထက်သို့တက်သောအကြော** ဆယ်ခုတို့သည် ရင်ဘတ်သို့ရောက်လျှင် ဆယ်ခုစီသုံးဖြာကွဲ၍ သုံးဆယ်ဖြစ်ကုန်၏၊ ဖြစ်ပုံကား—

လေ, သည်းခြေ, သလိပ်, သွေး, ရသဓာတ်- ဤငါးခုတို့ကို နှစ်ခုစီ ဆောင်သောကြောင့် ဆယ်ခု၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ- ဤလေးခုတို့ကို နှစ်ခုစီဆောင်သောကြောင့် ရှစ်ခု၊ အကြောနှစ်ခုတို့ဖြင့် စကားပြောဆို၏၊ နှစ်ခုတို့ဖြင့် ဟစ်အော်ခြင်းကို ပြုကုန်၏၊ နှစ်ခုတို့ဖြင့် အိပ်ကုန်၏၊ နှစ်ခုတို့ဖြင့် နိုးကြားကုန်၏၊ နှစ်ခုတို့သည် မျက်ရည်ကို ဆောင်ကုန်၏၊ နှစ်ခုတို့သည် သားမြတ်ကိုမှီ၍ နို့ရည်နှင့် သုက်ကို ဆောင်ကုန်၏၊ ဤသို့ သုံးပုံကွဲ၍ သုံးဆယ်ဖြစ်ကုန်၏။

ချက်၏အောက်၌ ဝမ်းပိုက်, နံပါး, ကျောက်ကုန်း, ရင်ဘတ်, ပခုံး, လည်ဘင်း, လက်ပေါင်းတို့ကို ဆောင်ကုန်၏၊ ကွေးခြင်း,ဆန့်ခြင်း, အမှုတို့ကို လုပ်ကိုင်နိုင်ခြင်း အစရှိသော မျှဝေခြင်းကို ဖြစ်စေကုန်၏၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗတို့နှင့် အသက်ရှူခြင်း, သမ်းခြင်း, ချေဆတ်ခြင်း, ပြုံးရယ်ခြင်း, ပြောဆိုခြင်း အစရှိသော အမှုတို့ကို ရွက်ဆောင်ကုန်၏။

**အောက်သို့သွားသောအကြော** ဆယ်ခုတို့သည် အစာပေါင်းအိမ်သို့ရောက်၍ သုံးပုံကွဲ၍ သုံးဆယ်ဖြစ်ကုန်၏၊ ဖြစ်ပုံကား—လေ, သည်းခြေ, သလိပ်, သွေး, ရသဓာတ်တို့ကို နှစ်ခုစီဆောင်သောကြောင့် ဆယ်ခု၊ အကြောနှစ်ခုတို့သည် အူ၌တည်၍ အစာကိုဆောင်ကုန်၏၊ အကြောနှစ်ခုတို့သည် ရေကိုဆောင်ကုန်၏၊ အကြောနှစ်ခုတို့သည် ကျင်ငယ်စည်ပေါင်း၌တည်၍ ကျင်ငယ်ကို ဆောင်ကုန်၏၊ အကြောနှစ်ခုတို့သည် သုက်ကို

ဆောင်ကုန်၏၊ အကြောနှစ်ခုတို့သည် သုက်,ဥတုသွေးတို့ကို ထွက်စေကုန်၏၊ အကြောနှစ်ခုတို့သည် အူမကြီး၌ဘွဲ့၍ ကျင်ကြီးကို ထုတ်ကုန်ဆောင်ကုန်၏။

**ဘီလာသွားသောအကြော**တို့သည် ချွေးကို ဖြစ်စေကုန်၏၊ ချက်အောက်၌ အစာဟောင်းအိမ်, ခါး, ကျင်ကြီး, ကျင်ငယ်, လိပ်ခေါင်း, ဆီးအိမ်,စည်ပေါင်းခြေတို့ကို ဆောင်ကုန်၏၊သွားလာလှုပ်ရှားခြင်း အမှုတို့ကို ပြုနိုင်ခြင်းတည်းဟူသော မျှတခြင်းကို ဖြစ်စေကုန်၏။

**ဝဲယာနံပါးသို့ သွားကုန်သောအကြော တို့၏ ကား-** အရာအထောင်မက မရေတွက်နိုင် ပွါးများကြကုန်၍ ထိုအကြောတို့၏ အဆုံးတို့သည် မွေးတွင်းသို့ရောက်ကုန်၍ ချွေးကိုဆောင်ကုန်၏၊ ရသဓာတ်ကိုလည်း ဆောင်ကုန်၏၊ အတွင်းပြင်တို့၌ ပွံ့နှံ့စေပြီးလျှင် လူတို့ကို ဝစေကုန်၏၊ ကိုယ်တွင်း၌ စိုစွတ်ခြင်း, လိမ်းကျံခြင်း, ရစ်ပတ်ခြင်းတို့ကို ဖြစ်စေကုန်၏၊ အရေကို ရင့်စေကုန်၏၊ တွေ့ထိခြင်း၌ ဆင်းရဲချမ်းသာကို ယူကုန်၏၊ ဤမနီမည်သော အကြောကြီး နှစ်ဆဲ့လေးခုတို့သည် သစ်ပင်၏အမြစ်သည် ရေကိုယူ၍ သစ်ပင်တွင်းသို့သွင်း၍ သစ်ပင်ကို ပွံ့နှံ့စေသကဲ့သို့ ရသမည်သောဓာတ်ကို ယူ၍ ကိုယ်အလုံးကို ပွံ့နှံ့စေကုန်၏။

[နာဠိပရိက္ခာကျမ်း၌ကား — သိရာမည်သော အကြောခုနစ်ရာတွင် ဤမနီမည်သော အကြောနှစ်ဆဲ့လေးချောင်းသည် ဝင်၏ဟု ဆိုကုန်၏။ ။သုသုတဆေးကျမ်း၌ကား အသီးအခြားဟုဆို၏။]

**သိရာမည်သောအကြော** ခုနစ်ရာတို့သည် ချက်တိုင်၌ဘွဲ့၍ ထက်ဝန်းကျင် ပွံ့နှံ့ကုန်၏၊ လူတို့၏ အသက်သည် ချက်၌တည်၏၊ ချက်သည် အသက်ကို မှီ၏၊ ဤသိရာ မည်သော အကြောတို့ဖြင့် ပိတ်ဖုံးအပ်၏၊ ရထားဘီး၏ အလက်တို့နှင့် ပုံတောင်းဖြစ်သကဲ့သို့ ချက်သည် ဖြစ်၏၊ ထိုအကြော ခုနစ်ရာတို့တွင် ချက်၌ မူလအရင်းဖြစ်သော အကြောကြီးလေးဆယ်တို့သည် ရစ်ပတ်ကုန်၏၊ ထိုလေးဆယ်တို့တွင် လေ,သည်းခြေ,သလိပ်, သွေးတို့ကို အသီးအသီး ဆယ်ခုစီဆောင်ကြကုန်၏။

**လေ၏** တည်ရာကို ရောက်ကုန်သော အကြောဆယ်ခုတို့သည် တရာ့ခုနစ်ဆဲ့ငါးခုဖြာ၍ ဖြစ်ကုန်၏၊ဤမျှလောက် သည်းခြေကို ဆောင်သော အကြော, သလိပ်ကို ဆောင်သော အကြောတို့သည်လည်း သည်းခြေ,

သလိပ်တို့၏ တည်ရာသို့ရောက်၍ တရာ့ခုနစ်ဆဲ့ငါးခုစီ ဖြစ်ကုန်၏၊ သွေးကိုဆောင်သောအကြော ဆယ်ခုတို့ သည်လည်း သွေး၏ တည်ရာ အသည်း, သရက်ရွက်တို့သို့ ရောက်၍ တရာ့ခုနစ်ဆဲ့ငါးခုဖြစ်၏၊ ဤသို့ အကြောလေးဆယ်တို့သည် ခုနစ်ရာဖြစ်ကုန်၏။

**လေကိုဆောင်သော အကြော** တရာ့ခုနစ်ဆဲ့ငါးခုဟူသည်ကား–

(၁) ခြေနှစ်ဘက်, လက်နှစ်ဘက်တွင် တခုလျှင်နှစ်ဆဲ့ငါးချောင်းစီအားဖြင့် တရာ။

(၂) ဘင် အင်္ဂါဇာတ်တို့ကိုမှီသော ခါး၌တည်သော အကြော ရှစ်ချောင်း။

(၃) နံပါး ဝဲယာ၌ နှစ်ချောင်းစီ လေးချောင်း။

(၄) ကျောက်ကုန်း၌ ခြောက်ချောင်း။

(၅) ဝမ်း၌ခြောက်ချောင်း။

(၆) ရင်ဘက်၌ဆယ်ချောင်း (အားဖြင့် သုံးဆဲ့လေးချောင်း။)

(၇) လည်ဘင်း၌ တဆဲ့လေးချောင်း။

(၈) နား၌ တဘက်နှစ်ချောင်းစီ လေးချောင်း။

(၉) လျှာ၌ကိုးချောင်း။

(၁၀) နှာခေါင်း၌ ခြောက်ချောင်း။

(၁၁) မျက်စိ၌တဘက် လေးချောင်းစီ ရှစ်ချောင်း။

စုစု (၁၇၅) တရာ့ခုနစ်ဆဲ့ငါးချောင်းဖြစ်၏၊ သည်းခြေ, သလိပ်, သွေးတို့ကို ဆောင်တတ်သော အကြောသည်လည်း ဤနည်း အတိုင်း တရာ့ ခုနစ်ဆဲ့ငါးချောင်း ဖြစ်ကုန်၏။

**အထူးအားဖြင့်ကား–သည်းခြေ, သလိပ်, သွေးတို့ကို ဆောင်သော** အကြော တို့၌ မျက်စိတွင်တဆယ်၊ နားတွင် တချောင်းစီ ထား၍ ရေတွက်ခြင်းမျှသာ ထူး၏။

ဤသို့ နှာဠီ မည်သောအကြောတို့၏ အကြောင်းကို နာဠီပရိက္ခာ ကျမ်း, သုဿုတဆေးကျမ်းတို့၌ ဆို၏၊ အရိုးရှည်တို့၏ ဖာလုံးထိပ်၌ ကွန်ချာကဲ့သို့ ဖုံးအုပ်သော အကြောမျိုးတို့ကို သုဿုတ ကျမ်းတို့၌ အကြောဟူ၍မဆို၊ ဇာကွန်ချာနှင့် တူသောကြောင့် ဇာလဟုဆို၏၊ ဤဇာလကား–

(၁) အသား။
(၂) သိရာမည်သောအကြော။
(၃) နှာရှုမည်သောအကြော။
(၄) အရိုးတို့၏ ဇာလ—

အားဖြင့် လေးမျိုးဖြစ်ကုန်၏၊ လက်ကောက်ဝတ်, ခြေကျဉ်းဝတ် တို့၌မှီ၍ အချင်းချင်း ဘွဲ့ရှက်ကြကုန်၏ဟူ၍ဆိုလေသည်။

အနာဂတမိကျမ်း၌ကား—ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗဟူသော အာရုံငါးပါးတို့ကို သိတတ်သောရသကြောမကြီးတို့သည် ခုနစ်ဆဲ့ကိုးချောင်း ခန့်မျှ ရှိကုန်၏၊ ထိုခုနစ်ဆဲ့ကိုးချောင်း တို့တွင် ဦးခေါင်းရိုး၌ ရှိသော အပေါက်ငယ်တို့မှ—

(၁) ပဌမ အကြောတစုံသည် မျက်မှောက်ကြားမှ ထွက်၍ နှာခေါင်း၏အတွင်း အသားနုနှင့် အမြေးပေါ်မှာပျံ့၍အနံ့ကို သိစေ၏။

(၂) ဒုတိယ တစုံသည် ပဌမ အကြောတစုံ ထွက်သောနေရာ အထက်မှထွက်၍ မျက်လုံးအတွင်းပေါ်မှာ ပျံ့လျက် မျက်စိကို မြင်စေ၏။

(၃) တတိယ အကြောတစုံသည် ပဌမ, ဒုတိယ တစုံတို့လောက် မကြီး၊ နဖူးရိုးမှထွက်၍ မျက်လုံး၌ပင် ပျံ့လျက်တည်၏။

(၄) စတုတ္ထအကြောတစုံသည် အလွန်သေး၏၊ နဖူးရိုးမှထွက်၍ မျက်လုံးမှာပင် ပျံ့လျက်တည်၏။

(၅) ပဥ္စမ အကြောတစုံသည် အကြောကြီးဖြစ်၍ အခက်တသွယ် စီဖြစ်၏၊ ပဌမအခက်သည် နဖူး, မျက်တောင်, နှာခေါင်း အပေါ်မှာ ပျံ့လျက်ရှိ၏၊ ဒုတိယအခက်သည် ပါးစောင်ရိုး, အာခေါင်တို့၌ ပျံ့လျက်တည်၏၊ တတိယအခက်သည် ပါးချိတ်ရိုးအဆက် တံတွေးအိမ်၌တည်၏။

(၆) ဆဋ္ဌတစုံသည် တတိယနှင့် စတုတ္ထတစုံကဲ့သို့ မျက်လုံး၌ပျံ့လျက်တည်၏။

(၇) ဆဋ္ဌတစုံနောက်ဘက် သတ္တမတစုံထွက်၍ အခက်မကြီး နှစ်သွယ်စီ ဖြစ်၏၊ ပဌမအသွယ်သည် နားနှစ်ဘက်သို့သွား၍

အလွန်သေးသော အခက်အလက်များတို့ဖြင့် ကွဲပြားလျက် နား၏အတွင်း၌ မှို့ကွဲသဲနှင့်တူသော အသားနု၌ ဖြစ်၍ တည်၏၊ ဒုတိယ အသွယ်သည် နား၏အကြော့နား၌ရှိသော ဆီတို့၏တည်ရာ မျက်နှာတို့၌ ပျံ့လျက်တည်၏။

(၈) အဋ္ဌမ တစုံသည် ဦးခေါင်းခွံ နောက်ဘက်မှထွက်၍ လည်ဘင်းနောက်ဘက် လျှာရင်းသို့ရောက်ပြီးမှ သွေးကြောကြီး တကြောင်းနှင့် အပြိုင်သွား၍ နှလုံး၌ ပျံ့လျက်တည်၏။

(၉) နဝမတစုံသည် လျှာ၌ ပျံ့နှံ့လျက်တည်၏၊ ဤအကြောကိုးစုံ တို့သည် ဦးနှောက်မှ ထွက်သော အကြောကြီးတို့တည်း။

ပဥ္စမ, ဆဋ္ဌ, အဋ္ဌမ တစုံတို့မှ ဖြာသော အခက်အချို့တို့သည် ပေါင်း စုကြ၍ ကျောရိုးကို ကပ်ဆင်းပြီးလျှင် ရင်ဘတ်နှင့် ဝမ်းခေါင်းတွင်းသို့ ဝင်၍ ထိုအခေါင်းတို့၌ ပျံ့နှံ့လျက်တည်၏၊ ကျောရိုး, ကုပ်ရိုး နှစ်ခုတို့၏ အစပ်တွင် ဝဲယာအပေါက်, ၎င်းအရိုးတို့၏နောက်အထက်တွင်အပေါက် ငယ်တို့သည် ရှိကြကုန်၏၊ ကျောရိုးဆစ် အဆင့်ဆင့်နှင့် ကုပ်ရိုးဆစ် အဆင့်ဆင့်တလျှောက်လုံး အပေါက်ချင်း အတည့်အတန်းဖြစ်၍ ထိုအ ပေါက်၌ ကျောရိုးကုပ်ရိုး အလုံးစုံတို့ကို ထိုးလျှိုပြီးလျှင် ဦးနှောက်သို့ ဝင်သည်တိုင်အောင် ခြင်ဆီတောင့် တန်းလျက်ရှိ၏။

ထိုခြင်ဆီတောင့်မှ ဝဲယာခွဲ၍ ကျောရိုးဆစ် ဝဲယာ အပေါက်ကို ထွက်ပြီးလျှင် ဖြူသောအဆင်းရှိသော ရသကြော အစုံသုံးဆယ် တို့သည် ထွက်၍ မရေတွက်နိုင်၊ အခက်အလက်ငယ်တို့သည် ပွားများသဖြင့် ကိုယ် အင်္ဂါ အလုံးစုံ၌ ပျံ့နှံ့လျက်တည်၏၊ ရသကြောတို့သည် ဖြူသောအဆင်း ရှိ၏၊ နူညံ့ပျောင်းပြေ၏၊ အခေါင်းမရှိ၊ ဤကိုယ်အလုံး၌ အလွန်ငယ် သော အပ်ဖျားခန့်လောက်မျှ ရသကြော လွတ်သောနေရာမရှိ၊ လက် ဘမိုး, ခြေသလုံး, ပေါင်, ဝမ်းပိုက်တို့၌ သန်းသန်းပေါ်သော ပြေ ပျောင်းသော အကြောတို့သည် ဤရသကြောတို့ချည်းတည်း။

အနာတမီကျမ်းဆရာတို့ အလိုအားဖြင့် ဤရသကြောတို့၌ ပဿာဒ ရုပ်တို့သည် တည်ကြကုန်၏၊ နှလုံးသား၏အတွင်း တွင်းငယ် အခေါင်း ငယ်လေးခုတို့တွင် လက်ဝဲဘက်အောက် တွင်းကြီးမှ သွေးကြောကြီး တခုသည် နှလုံး၏နောက် လက်ျာဘက်သို့ စောင်းထွက်ပြီးလျှင် အထက်

သို့တက်သွား၍ အထက်ဆုံးနံရိုးလောက် ရင်ဘတ်ဆီတည့် အရပ်သို့ ရောက်သည့်ကာလ လက်ဝဲဘက်သို့ ခွေကောက်၍ ကျောရိုးကိုကပ်ဆင်း သွားရာ နှလုံးအောက် အသည်းနေရာလောက်၌ အကိုင်းတခု ထွက်၍ ၎င်းအကိုင်းမှ အခက်ငယ်သုံးခုဖြာပြီးလျှင် လကျ်ာဘက်သို့ သွားသည့် အခက်တွင် အသည်းနှင့် သည်းခြေ တွယ်ကပ်၍ ဖြစ်၏၊ လက်ဝဲဘက်သို့ သွားသည့် အခက်ဖျားတွင် သရက်ရွက် တွယ်ကပ်၍ဖြစ်၏၊

အလယ်အခက်သည် အခက်ငယ်အများ ဖြာပြန်၍ အချို့က အစာ သစ်အိမ်တွင်းသို့သွား၏၊ အချို့သည် ပြည်အိတ်ရှိရာသို့သွား၍ အဖျား တွင် ပြည်အိတ်တွယ်ကပ်လျက်ဖြစ်၏၊ အချို့သည် သူငယ်၏ ပဌမပိုင်း သို့ ဖြာလျက်သွား၏၊

နှလုံးမှ ထွက်လာရင်း အကြောကြီးသည်ပင် အောက်သို့ ဆင်းသွား ပြန်၍အောက်ဆုံးနံတိုနှစ်ချောင်းအနက်အထက်နံတိုနှင့်စပ်သည့် ကျော ရိုးမှ အောက်ကျောရိုးလေးချောင်းအတွင်းတွင် အကိုင်းနှစ်ခု ထွက်ပြီး လျှင်အဖျားတွင် ဝဲယာကျောက်ကပ်နှစ်ခုဖြစ်ပြန်၏၊ ဤကျောက်ကပ်၏ ရှေ့ဘက် အကြောကြီးမှ ထွက်သည့် အညာမှနောက် အခေါင်းရှိသော အကြော တခုစီ ထွက်၍ ဆီးအိမ် စည်ပေါင်းတွင်းသို့ ဝင်၏။

ဤနှလုံးမှထွက်ရင်း သွေးကြောကြီးသည်ပင် ကျောက်ကပ်အောက် သို့ ရောက်သည့်ကာလ အကိုင်းကြီးနှစ်ခု, အကိုင်းငယ် သုံးခုဖြစ်၍ ခြေ နှစ်ဘက်သို့ အကိုင်းကြီးနှစ်ခုတို့သည် သွားကုန်၏၊ အကိုင်းငယ်သည် နောက် ဓားမချပ်ရိုး, မီးညှောင်းရိုး, တင်ပါးရိုးတို့သို့ဖြာ၍ သွား၏။

ခြေနှစ်ဘက်သို့သွားသော အကိုင်းနှစ်ခုတို့သည် တခုလျှင် နှစ်ခုစီ ဖြာ၍ ဝဲယာပေါင်တို့ကို ရှေ့နောက်အုပ်ပြီးလျှင် အောက်သို့ဆင်းသက်၍ ခြေသလုံးသို့ရောက်ပြန်လျှင် သုံးဖြာကွဲ၍ ခြေဖျားတိုင်အောင် အတွင်း ပြင်ဖြာ၍ သွား၏။

ဆေးဆရာတို့သည် ဤသို့ဆင်းသက်သော သွေးကြောကြီး၏ အ ကိုင်းအခက်ဖြစ်သော သွေးကြောတို့၌ ရှိသောသွေးကို ခြေကျဉ်းဝတ်, ခြေဘမိုးတို့မှာ အနာရောဂါကိုသိအောင် စမ်းသပ်ကြကုန်၏။

ဤနှလုံးက ထွက်ရင်းသွေးကြောကြီး၏ အထက်ဆုံး ရင်ရိုးအနီး သို့ရောက်၍ ပြန်ခေါက်သည့် အကွေးဘက်မှ အကိုင်းသုံးခု ထွက်၍

လက်ဝဲ လက်ျာ နှစ်ခုတို့သည် လက်နှစ်ဘက်သို့သွား၏၊ အလယ် အပိုင်းသည် နှစ်ဖြာကွဲ၍ လည်ဘင်းဝဲယာကို ညှပ်ပြီးလျှင် နား, နားခေါင်း, မျက်လုံး, လျှာ,ဦးနှောက်တွင်းတိုင်အောင် များစွာသော အခက်ငယ်တို့သည် ဖြာ၍အုပ်၏၊ လက်သို့သွားသော အကိုင်းနှစ်ခုတို့သည်လည်း အထက်လက်မောင်း အလယ်ခန့်လောက်တွင် နှစ်ခုဖြာ၍ လက်ရှေ့နောက်ကို အုပ်ပြီးလျှင် လက်ဖျားတိုင်အောင် အပ့်ျအနှံ့ ဖြာ၍သွား၏။

ဆေးဆရာတို့သည် ဤလက်သို့ သွားသော သွေးကြောတို့တွင် လက်ကောက်ဝတ်၌ ရှိသော သွေးကြောကို စမ်း၍ အနာရောဂါ အကြောင်းကို သိကြကုန်၏၊ဤနှလုံးမှထွက်ရင်း သွေးကြောကြီးသည်ပင် အောက်သို့ဆင်းသွားစဉ် ဆိုခဲ့ပြီးသော အကိုင်းအခက် တို့မှတပါး ဝဲယာတို့၌ များစွာသော အကိုင်းအခက်တို့သည် ထွက်၍ နံရိုးဝဲယာ တဘက် တဆဲ့နှစ်ချောင်းစီနှင့် ဝမ်းတွင်း ရင်တွင်း ကျောဘက် အူအတွန့်တို့၏အကြား အူကိုပတ်ထုပ်သော အမြှေးတို့၌ အပ့်ျအနှံ့ ဖြာ၍သွား၏။

ဤသို့ များစွာသော သွေးကြောတို့သည် ခြေဖျား, လက်ဖျား, ဦးခေါင်းဖျား အစရှိသော အဖျားသို့ ရောက်သည်ကာလ ပြန်ခေါက်၍ အကြောငယ်တို့သည် တဖြည်းဖြည်း အကြောကြီး ဖြစ်လေပြန်၏၊ အသည်းသရက်ရွက်, သည်းခြေ,ပြည်အိတ်, ကျောက်ကပ် တို့သည်လည်း သွေးကြောတို့သည် ပေါင်းစုထုံးဘွဲ့၍ ဖြစ်သော ဝတ္ထုချည်း ဖြစ်သော ကြောင့် ထိုဝတ္ထုတို့မှလည်း တဘန် အကြောငယ်တို့သည် ပေါင်းစုပြန်၍ ထွက်ကြပြန်၏၊ နှလုံးအောက် ခြေဖျားတိုင်အောင် သွားသော သွေးကြောတို့ပေါင်းစုပြီးလျှင် အကြောကြီးဖြစ်၍ ပြန်လာပြန်၏။

ဤပြန်လာသော အကြောကြီးတွင် ကျောက်ကပ်, အသည်း, သရက်ရွက်,သည်းခြေ,ပြည်အိတ်တို့မှ ပေါင်းစု၍ ထွက်သော အကြောတို့သည် တွယ်ကပ်ပေါင်းစုပြန်၏၊ ဤသို့ အရပ်ရပ် အကြောတို့သည် တွယ်ကပ်ပေါင်းစု၍ ဖြစ်သောနှလုံး၏ အောက်အရပ်မှတုံ့ပြန်၍ လာသော သွေးကြောကြီးသည် နှလုံး၏ လက်ျာဘက် အထက်တွင်းသို့ ဝင်၏။

နှလုံး၏အထက်ပိုင်း လက်ဦးခေါင်းသို့သွားသော အကြောတို့သည် လည်း ပြန်ခေါက် ပေါင်းစု၍ အကြောကြီးတခုတည်း ဖြစ်ပြီးလျှင်နှလုံး ၏ လက်ျာဘက် အထက်တွင်း၏ အထက်ဘက်က နှလုံးသို့ ဝင်ပြန်၏။

ဤသို့ ကိုယ်၏အထက်ပိုင်း အောက်ပိုင်းတို့မှ နှလုံး၏လက်ျာဘက် အထက်တွင်း၌ အောက်အထက်ညှပ်၍ ဝင်သော သွေးတို့သည်လည်း နှလုံး၏လက်ျာဘက် အောက်တွင်းသို့ဝင်ပြီးမှ ဤအောက်တွင်းမှ သွေးကြောကြီးတခု ထွက်ပြန်၍ ကိုယ်အလုံးပျံ့နှံ့ရအောင် ထွက်သောသွေးကြောကြီး၏ ခေါက်ချိုးအကွေးသို့ရောက်လျှင် နှစ်ဖြာကွဲ၍ ကိုယ်အလုံးကို ပျံ့နှံ့ရအောင် ထွက်သော သွေးကြောကြီး၏ ရှေ့ဘက်မှ ၎င်းသွေးကြောကြီးကို ကျော်နင်း၍ လက်ဝဲဘက်အဆုပ်သို့ တဖြာသွား၏။

တဖြာသည်မူကား ကိုယ်အလုံးကို ပျံ့နှံ့ရအောင် သွေးထွက်သော သွေးကြောကြီးနောက်ဘက်မှ လက်ျာဘက် အဆုတ်သို့ သွား၏၊ ဝဲယာ အဆုတ်သို့ရောက်လျှင် များစွာသော သွေးကြောငယ်, အမြှေးအိတ်ငယ် ကလေးတို့သည် ဖြစ်၍ ထိုအမြှေးအိတ်ငယ်တို့သည် ပေါင်းစုသည် ဖြစ်၍ အဆုတ်ဖြစ်၏။

ဤအဆုတ်ဖြစ်သော သွေးကြောငယ်, အိတ်ငယ် တို့သည်လည်း တဘန်ပေါင်းစုပြန်၍ ဝဲယာအဆုတ် နှစ်ခုတို့တွင် တခုလျှင် အကြော နှစ်ခုဖြစ်၍ နှလုံး၏လက်ဝဲဘက် အထက်တွင်းသို့ ဝဲယာညှပ်ပြီးလျှင်ဝင်၏၊ ဤနှလုံးတို့၏လက်ဝဲဘက် အတွင်းသို့ရောက်သော သွေးတို့သည်ပင် နှလုံး ၏လက်ဝဲဘက် အောက်တွင်းသို့ ရောက်ပြန်၍ ကိုယ်အလုံးကို ပျံ့နှံ့သော သွေးကြောကြီးသို့ဝင်၍ ကိုယ်အလုံးကို ပျံ့နှံ့ပြန်၏။

ထိုမှတပါးလည်း ဆံခြည်ခန့်လောက်သာရှိသော သွေးကြောငယ် တမျိုးသည် နှလုံးကထွက်သော သွေးကြောတို့မှ သွေးတို့ကို စုတ်ယူ၍ ကိုယ်အလုံးကို ပျံ့နှံ့စေသော သွေးကြောငယ်မျိုးတို့သည်၎င်း, ဤမှတပါး သွေးများရာမှ စုတ်ယူ၍ နည်းရာသို့ ဆောင်တတ်သော မှန်ဘီလူးနှင့် ကြည့်မှ မြင်နိုင်သော သွေးကြောတို့သည်၎င်း အများအပြား ရှိကုန်၏။

ဤမှန်ဘီလူးနှင့်ကြည့်မှ မြင်နိုင်သော သွေးကြောငယ်တို့သည် ပေါင် ခြံ, လက်ကတီး, လည်ဘင်း, အသားတုံးကြီးတို့၌ များစွာရှိကုန်၏၊ ထို အကြောငယ်တို့၏ ဝဲယာ၌ အမြှေးအိတ်ငယ်တို့သည်လည်း ရှိကုန်၏၊ သွေးလေ ဘောက်ပြန်၍ ထိုအမြှေးအိတ်ငယ်တို့ ရောင်သောကြောင့်

ပေါင်ခြံ၊ လက်ကတီးအောက်၊ မေးရိုးအောက်တို့၌ ကျိတ်စေ့၊ တက်စေ့တို့သည် ဖြစ်တတ်ကုန်၏။

ဤကဲ့သို့ ကိုယ်အလုံး၌ ပျံ့နှံ့၍တည်သော သွေးကြောတို့သည်၎င်း၊ ရသကြောတို့သည်၎င်း အရိုးတို့၏ အတွင်းတိုင်အောင် ဝင်သော အကြော၊ ထွက်သောအကြောဖြစ်၍ ပျံ့နှံ့၏၊ ထို့ကြောင့် အသားမှ လွတ်သော ဆံ၊ ခြေသည်း လက်သည်း၊ ခြောက်သွေ့သော အရေတို့ကို ချန်လှပ်၍ ဤကိုယ်အလုံး၌ သွေးကြော၊ ရသကြောတို့သည် ပရမာဏုမြူခန့်မျှ မလပ်အောင် ကွန်ရက်ကဲ့သို့ အုပ်လျက်တည်၏။

နှာရမည်သော အကြောမျိုးသည်—

(၁) အသားတုံးနှင့် အရိုးကိုတွယ်သော အကြောတမျိုး၊

(၂) အရိုးအချင်းချင်းကို တွယ်သောအကြောတမျိုး—

ဟူ၍ နှစ်မျိုးရှိ၏၊ ထိုနှစ်မျိုးတို့တွင် အသားတုံးနှင့်အရိုးကို တွယ်ကပ်သော အကြောမျိုးသည် အသားတုံးတို့၏ အစအဆုံး၌ ရှိ၏၊ ဖြူသောအဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် အပြားဖြစ်၏၊ အရိုးကိုပတ်သော အမြေးနှင့် တွယ်ကပ်လျက် တည်၏၊ အသားတုံးကပ်သောအရိုးမှ အခြားသောအရိုး၌ ဆက်တွယ်၏။

ဤအသားတုံးတို့၏ အစအဆုံး၌ရှိသော အကြောမျိုးတို့တွင် လက်မောင်းကြွက်သား၊ သလုံးကြွက်သား၊ ပေါင်၏နောက်အသားတို့၏ အစအဆုံး၌ရှိသောအကြောတို့သည် အသားတုံး၏တဘက်၌ နှစ်ချောင်းစီရှိကုန်၏၊ ဤအကြော၊ အသားတုံးတို့ကိုစွဲ၍ ခြေလက်တို့၏ ကွေးခြင်း၊ ဆန့်ခြင်းတို့သည် ဖြစ်နိုင်ကုန်၏။

အရိုးနှစ်ခုတို့ တွယ်သောအကြောတို့သည်လည်း အရိုး၏အဖျားတို့၌ အရိုး၏အဆစ်မှ ထွက်လာသကဲ့သို့ဖြစ်၍ အရိုးနှစ်ခုအဆက်ကြားတွင် အရိုးနှစ်ခုကို မြဲစွာတွယ်ကပ်လျက် တည်၏၊ အရိုးနှင့်ကပ်သည့်ဘက်က အလွန်နူးညံ့ ချောမော၏၊ ဖြူသော အဆင်းရှိ၏၊ သဏ္ဌာန်အားဖြင့် အပြားဖြစ်၏၊ အရိုးဆက်နှစ်ခု အကြား၌ရှိသော အစေးနှင့် မပြတ်စိုလျက်ရှိ၏၊ ဒူး၊ ခုံညင်းရိုးကို ဤအကြောနှစ်ချောင်းသည် ကြက်ခြေခတ် နှိပ်တွယ်လျက်ရှိ၏၊ ဤသို့ အကြောသုံးမျိုးတို့၏ အကြောင်းကို ဆိုကုန်၏။

## အရိုး၌ ဝဏ္ဏစသော ၅-ပါး

အရိုးတို့သည် ဖြူသောအဆင်း ရှိကုန်၏၊သဏ္ဍာန်အမျိုးမျိုး ရှိကုန်၏၊ သဏ္ဍာန်အမျိုးမျိုးတို့ကိုဆိုရာ အရိုးတို့၏ အရေအတွက်ပါ ဆိုလိမ့်မည်၊ "အဋ္ဌိတိ ဌပေတွာ ဒွတ္တိံသ ဒန္တဋ္ဌိနိ အဝသေသာနိ"ဟူ၍ အဋ္ဌကထာ တို့တွင် ဆိုသောကြောင့် သွားမှတပါးသော အရိုးတို့ကို ယူရမည် ဖြစ်ရ ကား—ခြေသည်း, လက်သည်းတို့ကိုလည်း ယူသင့်၏။

ခြေချောင်းဖျားဆစ်ရိုးတို့သည် ခပေါင်းရေကြည်စေ့သဏ္ဍာန်, အ လယ်ဆစ်ရိုးတို့သည် ပိန္နဲစေ့သဏ္ဍာန်, အရင်းဆစ်ရိုးတို့သည် ထက်စည် သဏ္ဍာန်၊ (စည်ဟူသည်ကား-အလယ်သေး၍ အဝနှစ်ဘက်ကြီးသော စည်မျိုး။)

ဘမိုးရိုးတို့သည် ပြားအောင်ထုထားသော ဝပင်ရိုးသဏ္ဍာန်, ခြေ ကျဉ်းဝတ်တို့၏ ပုံသဏ္ဍာန်မပါ အဋ္ဌကထာပါဠိတိုင်း ကျလျက်ရှိသည်၊ သို့သော်လည်း လက်ကောက်ဝတ်ရိုးမှာ အချင်းချင်းထိ၍ တပေါင်း တည်းထားအပ်သော ခဲပြားအထုပ်သဏ္ဍာန်ဟူ၍ဆိုလတံ့သည်နှင့်တူ၏။

ဘနှောင့်ရိုးသည် တစေ့တည်းရှိသော ထန်းသီးစေ့သဏ္ဍာန်၊ ဤ ဘနှောင့်ရိုးတိုင် ခြေသည်းပါ ဆိုခဲ့ပြီးသည့် အရိုးပေါင်း ခြေတဘက် သင့် သုံးဆဲ့နှစ်၊ နှစ်ဘက်သင့် ခြောက်ဆဲ့လေး။

ခြေမျက်စိရိုးသည် မြင်းခေါင်းရိုးနှစ်ခုတို့၏ အဖျားအဖုနှစ်ခုပင် ဖြစ် သောကြောင့် အသီးအခြား မရေတွက်သင့်၊ ခြေမျက်စိရိုးကို အကယ်၍ အသီးအခြားရေတွက်လျှင် လက်မျက်စိရိုးကိုလည်း အသီးအခြား ရေ တွက်ရလိမ့်မည်၊ ထို့ကြောင့် ရှေးအဋ္ဌကထာပါဠိတွင်မရှိ၊ မရှိကြောင်း သက်သေကား—

> စေံ တိမတ္တာနီတိ ဧဝံ မတ္တာသဒ္ဒေဟိ ဂေါပ္ဖကဋ္ဌိကာနိ
> အဂ္ဂတ္တာနိ ဒဿေတီတိ ဝေဒိတဗ္ဗံ။

ဟူသော သမ္မောဟမူလဋီကာပင်တည်း။

ဝိသုဒ္ဓိမဂ်မဟာဋီကာ, အနုဋီကာတို့ကို စီရင်သော ရှင်မေ့ပါလမူ ကား- ခြေမျက်စိရိုးကို အသီးအခြားရေတွက်လျက် အဋ္ဌကထာပါဠိ၌ရှိ သင့်သည်ဟု-ဆို၏၊ ယုတ္တိမရှိ။

အနာဂတမီကျမ်း၌ကား ခြေချောင်းဖျားဆစ်ရိုးငါး၊ ၎င်းအလယ်ဆစ်ရိုးလေး၊ ခြေမတွင် အလယ်ဆစ်မရှိ၊ ၎င်းအရင်းအဆစ်ရိုးငါး၊ ဘမိုးရိုးငါး၊ ဘနှောင့်ရိုးတစ်၊ မြင်းခေါင်းရိုး, အောက်ဘမိုးရိုး, ဘနှောင့်ရိုးတို့အထက်အကြား၌ ခြေကျဉ်းဝတ်ရိုးခြောက်၊ ခြေသည်းငါး၊ ခြေတဘက်သင့်ပေါင်း သုံးဆဲ့တစ်၊ ခြေနှစ်ဘက်သင့်ခြောက်ဆဲ့နှစ်။ ။အဋ္ဌကထာအရေအတွက်အောက် နှစ်ခုလျော့သည်။

ခြေကျဉ်းဝတ်ရိုးတို့၌တည်သော မြင်းခေါင်းရိုးအရင်းသည် အခွံသင်ပြီးသော စွံပလွန်ညှောက်ရင့် သဏ္ဍာန်ရှိ၏၊ "နိစ္စာဒိတ ခဇ္ဇုရိကင္ဌိရသဏ္ဌာန်"ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာကို ထောက်။ ။သမ္မော, ဝိသုဒ္ဓိမဂ်တို့၌ကား–ပါဌ်ပျက်လျက်ရှိ၏၊ မျှတည့်တည့် မြင်းခေါင်းရိုးကြီးသည် ပိန်သောမြွေ၏ ကျောက်ကုန်းသဏ္ဌာန်တခု၊ ပြင်ဘက်မြင်းခေါင်းရိုးငယ်သည် သူငယ်တို့ကစားသော လေးရိုးသဏ္ဌာန်တခု။

ဒူးခွက်ရိုးသည် တဘက်ပွဲ့သော ရေမှုတ်သဏ္ဌာန်တခု၊ ခုံညင်းသဏ္ဌာန်လည်း ဆိုသင့်၏၊ ပေါင်ရိုးအောက် အစွန်းတွင်းသို့ဝင်သော ဒူးခွက်ရိုးအပိုင်းသည် မထက်သော နွားချိုဖျားသဏ္ဌာန်။

ပေါင်ရိုးသည် မဖြောင့်သော ပြုအပ်သော ပဲခွပ်ပုဆိန်ရိုးတို့၏ သဏ္ဌာန်၊ တင်ပါးရိုး၌ဝင်သော အဖျားဖုသည် ဂူလီလုံးသဏ္ဌာန်၊ ထိုအလုံးတည်သော တင်ပါးရိုးအခွက်သည် မျက်နှာဝကိုဖြတ်၍ အဆန်ထုတ်ပြီး ပုန်းညက်သီး, မှုတ်ကြီးသဏ္ဌာန်၊ အနာဂတမီ ကျမ်းနှင့်လည်း ဤအရာတွင် အရိုးအရေအတွက်တူ၏။

မြင်းခေါင်းရိုးကြီးသည် ပြောင်းနှင့်တူ၏၊ မြင်းခေါင်းရိုးကြီးနှင့် ပေါင်ရိုးသည် တဘက်ကိုသာ ကွေး၍ ရသော အဆက်ဖြစ်သောကြောင့် သေတ္တာတွင်ထည့်သော ပတ္တာဆက်နှင့်တူ၏၊ ဤအရိုးနှစ်ခု ဆက်ပုံကို ကြည့်၍ ပတ္တာဆက်လုပ်ကြသော ဟူ၏။

ဒူးခွက်ရိုးသည် ခုံညင်းကဲ့သို့ အပြားအဝိုင်းသဏ္ဌာန်၊ ဒူးဆစ်ပေါ်တွင် ခိုင်ခံ့သော အကြောကြီးဖြင့် တွယ်ကပ်လျက်ရှိ၏၊ ဤမျှသာ အဆိုထူးသည်၊ နောက်ထပ်၍ဆိုသော အရိုးကြီး ခြေတဘက်သင့်–လေး၊ နှစ်ဘက်သင့်-ရှစ်၊ ဆိုခဲ့ပြီးသော အရိုးစုကိုပေါင်းလျှင် အဋ္ဌကထာတို့အလိုခုနစ်ဆဲ့နှစ်၊ အနာဂတမီကျမ်းအလို ခုနစ်ဆယ်။

သုဿုတဆေးကျမ်း၌ကား—

(၁) ခြေချောင်းငယ်ငါးခုတွင် တခုလျှင်အရိုးသုံးခုစီ-တဆဲ့ငါး။

(၂) ခြေဘမိုးနှင့် ခြေမျက်စိတို့ကိုမှီသော အရိုးတဆယ်။

(၃) ဘနှောင့်ရိုးတစ်။

(၄) မြင်းခေါင်းရိုးနှစ်။

(၅) ဒူးခွက်ရိုးတစ်၊ ခြေတဘက်သင့် ပေါင်း-သုံးဆယ်၊ နှစ်ဘက်သင့်—ခြောက်ဆယ်ဟု ဆိုကုန်၏။

ခြေမတွင် အလယ်အဆစ်မရှိသောကြောင့် တဆဲ့ငါးခု မဖြစ်နိုင်၊ ခြေသည်းတဆယ်ကိုထည့်လျှင် ခုနစ်ဆယ်ပင် ဖြစ်ရန်ရှိ၏၊ ခြေကျဉ်းဝတ်ရိုးကို အဋ္ဌကထာတွင် တဘက်ခုနစ်ခုစီထားသည်၊ အနာတမိတွင် ခြောက်ခုကားသည်၊ သုဿုတတွင် ငါးခုထားသည်၊ ခြေမျက်စိကို သုဿုတကျမ်းတွင်လည်း အရေအတွက်မသွင်း၊ ခြေသည်း ဆယ်ခုကိုလည်း အရိုးအရေအတွက်၌ မသွင်း။

တင်ပါးရိုးနှစ်ခုတို့သည် နှစ်ခုစပ်လျက် တည်ပုံအားဖြင့် အိုးထိန်းသည်တို့၏ ခုံလောက်သဏ္ဌာန် ရှိကုန်၏၊အသီးအသီးဖြစ်မူကား ပန်းပဲတို့၏ သံကိုက် သဏ္ဌာန် ရှိကုန်၏၊ ခေါးမချပ်ရိုးသည် ဦးစောက်ထားသောမြွေ၏ ဖြန့်လျက်နေသော ပါးပျဉ်း သဏ္ဌာန်၊ ဤအရိုးတွင် အပေါက် ခုနစ်ခုရှိ၏။

ကျောရိုး တဆဲ့ရှစ်ချောင်းတို့သည် အတွင်းအပြင် အားဖြင့် အလယ်ကို ထိုးဖောက်၍ သီပြီးလျှင် အဆင့်ဆင့်ထပ်၍ ထားသော ခဲနက်ပြားသဏ္ဌာန်၊ ပြင်ဘက် အမြင်အားဖြင့် ချည်မရှိသော ဗိန်းလုံး အဆင့်ဆင့်သဏ္ဌာန်၊ "ဗာဟိရတော ဝဋ္ဋနာဝဠိသဏ္ဌာနာနိ" ဟူသော အဋ္ဌကထာပါဠိကို ဝင့်သည့် ချည်ဝင့်သောသူတို့သည် သီ၍ထားအပ်သော ချည်တို့၏ အစဉ်သဏ္ဌာန်ရှိကုန်၏ဟု အနက်ပြန်ခြင်းကား—

ယေန သုတ္တံ ကန္တန္တိ၊ တသ္မိံ တက္ကမှိ ဒ္ဓပိတဂေဠံကံ ဝဋ္ဋနံ နာမ၊ ဝဋ္ဋနာနံ အာဝဠိ ဝဋ္ဋနာဝဠိ။

ဟူသော မဟာဋီကာနှင့်မညီ၊ ချည်ဝင့်အဆင့်ဆင့်သဏ္ဌာန်ဟု အနက်ပေးခြင်းသည်လည်း ဤဋီကာနှင့်ရင်း, အရိုးပုံနှင့်ရင်း မကိုက်။

ထိုကျောရိုးဆစ်တို့တွင် အဆစ်တခုတခုတို့၌ နှစ်ခု သုံးခုကုန်သော လှသွားနှင့်တူသော အတက်တို့သည် ရှိကုန်၏၊ဝဲယာ တဆဲ့နှစ်ချောင်း စီ နံရိုးနှစ်ဆဲ့လေးချောင်းတို့တွင် နံတိုရိုးတို့သည်လုပ်၍ မပြီးသေးသော ဓားကောက်သဏ္ဌာန်၊ရှည်သောနံရိုးတို့သည်လုပ်၍ပြီးသော ဓားကောက် သဏ္ဌာန် ရှိကုန်၏။

ခုဒ္ဒက ပါဠိအဋ္ဌကထာ၌ကား သီဟိုဠ်တံစဉ်သဏ္ဌာန်ရှိ၏၊ အသိသဒ္ဒါ သန်လျက်ဟု အနက်ပြန်ကြကုန်၏၊နံရိုးနှင့်တူသည်ဟု—သမ္မော, ဝိသုဒ္ဓိ မဂ်အဋ္ဌကထာတို့၌ ဆိုသောကြောင့် သန်လျက်ဟူသည် ဓားကောက်ပင် တည်းဟု မှတ်အပ်၏။

နံရိုးအလုံးစုံ စုလျက်နေသော ပုံအားဖြင့် ကြက်ဖို၏ ဖြန့်ထားအပ် သော အတောင်နှစ်ဘက်သဏ္ဌာန်ရှိ၏၊ဖြန့်ထားအပ်သော ရထားပေါင်း မိုးသဏ္ဌာန်ရှိ၏၊ သို့မှ အရိုးပုံနှင့် သာ၍တူ၏။

ရင်ရိုးတဆဲ့လေးချောင်းတို့သည် ရထားပျက်အိမ်သဏ္ဌာန်ရှိကုန်၏။

[ဇိဏ္ဏသန္ဒနိကပဉ္ဇရသဏ္ဌာနာနိ–ဟူသော အဋ္ဌကထာပါဠ်ကို အနက် မနိုင်သူတို့က ဆွေးမြည့်သော သံလျင်းချိုင့်သဏ္ဌာန်၊ ဆွေးမြည့်သော လှည်းပေါင်းသဏ္ဌာန်ရှိကုန်၏ဟု- အနက်ပြန်ကြသည်ကား- သန္ဒနသဒ္ဒါ, သန္ဒနိကသဒ္ဒါတို့သည် ဤသူတို့ပေးသောအနက်ကို မဟော၊ရထားကိုသာ ဟောသည်၊အဘိဓာန်တို့ကိုကြည့်လေ။]

ရင်ညွန့်ရိုးသည် ယောက်မရွက်သဏ္ဌာန်တခု၊ "ဟဒယဋ္ဌိ ဒဗ္ဗိဖဏ သဏ္ဌာန်"ဟူသော အဋ္ဌကထာပါဠ်ကို နှလုံးရိုး,နှလုံး၏တည်ရာ အရိုးဟု အနက်ပြန်ကြသည်ကား နှလုံးနှင့်နှလုံး၏တည်ရာတွင် အရိုးမရှိသော ကြောင့်မသင့်၊နှလုံးနှင့် တည့်တည့် ရင်ညွန့်ရိုးကိုသာ မှတ်၊ယောက်မတွင် မွှေသည့်ဘက်က အပြားကို ဒဗ္ဗိဖဏ ခေါ်သည်။

ညှပ်ရိုး နှစ်ချောင်းတို့သည် သံပဲခွပ်ငယ်၏ အရိုးသဏ္ဌာန် ရှိကုန်၏၊ လည်ကုပ်ရိုး ခုနစ်ချောင်းတို့သည် အကွင်းအကွင်း လှီးသော ဝါးမြစ်ကို အလယ်၌ဘောက်၍ တုတ်ဖြင့် အဆင့်ဆင့် သီထားသည်နှင့်တူ၏။

တင်ပါးရိုး နှစ်ချောင်းမှစ၍ ဤကုပ်ရိုးခုနစ်ချောင်းတိုင် ကိုယ်၌ ရှိသော အရိုးပေါင်း ခြောက်ဆဲ့ကိုးချောင်းဖြစ်၏၊ ကျောရိုး တဆဲ့ရှစ် ချောင်းကို ဆိုရာတွင် ခါးရိုးပါ၏။

သုဿုတဆေးကျမ်း၌ကား တင်ပါးရိုးနှစ်ဘက်အကြား နောက်ဘက်က မိုးညှောင်းရိုးတစ်၊ ရှေ့ဘက်ရိုးတစ်၊ တင်ပါးရိုးနှစ်၊ ခါးမချပ်ရိုးတစ်၊ နံရိုးတဘက်လျှင် သုံးဆဲ့ခြောက်ချောင်းစီ– ခုနစ်ဆဲ့နှစ်၊ ကျောကုန်းရိုးသုံးဆယ်၊ ရင်ရိုးရှစ်၊ ညှပ်ရိုးနှစ်၊ ကုပ်ရိုးကိုး၊ စုစုအရိုးပေါင်း တရာ့နှစ်ဆဲ့ခြောက်ချောင်း ဖြစ်ကုန်၏။

အနာဂတမိကျမ်း၌ကား တင်ပါးရိုး နှစ်ခုအကြား နောက်ဘက်မိုးညှောင်းရိုး တစ်၊ ၎င်းအရိုးသည် စောက်ထိုးထားသော မြွေခေါင်းနှင့်တူ၏၊ များသောအားဖြင့် လေးဆစ်ရှိ၏၊ အချို့သူတို့မှာ ငါးဆစ်၊ အချို့သူတို့မှာ သုံးဆစ်ရှိကုန်၏၊ တင်ပါးရိုးနှစ်၊ ခါးမချပ်ရိုးတစ်၊ ၎င်းအရိုးတွင် ဝဲယာအပြိုင် အထက်အောက်တန်းလျက် တဘက်လေးပေါက်စီရှစ်ပေါက်ရှိ၏၊ ၎င်းအရိုးသည် ငယ်စဉ်ကာလ ငါးဆစ်ရှိသည်၊ အရွယ်ရောက်မှစေ့၍ တခုတည်းဖြစ်သည်။

ခါးရိုးငါးချောင်း၊ ကျောက်ကုန်းရိုး တဆဲ့နှစ်ချောင်း၊ လည်ကုပ်ရိုးခုနစ်ချောင်းတို့တွင် အရိုးတခုတခု၌ ဝဲယာ မျောက်လက်ကဲ့သို့ အတက်တခုစီ၊ နောက်၌ လှံသွားကဲ့သို့ အတက်တခုအားဖြင့် အတက်သုံးခုစီရှိမြဲ၊ ဤအရိုးတခုတခုတို့၏ အလယ်နှင့်နောက် အတက်၏အရင်းတွင် အပေါက်ရှိ၏၊ အပေါက်အချင်းချင်း အထက်အောက် အတည့်အတန်းဖြစ်၍ ခြင်ဆီသည် အလယ်ပေါက် တလျှောက်လုံး ထိုးလျို၍ ဦးနောက်တိုင်အောင် တည်၏၊ နောက်အပေါက်မှ လည်ကုပ်ကိုလှည့်ရန် အကြောကြီးတခုသည် ထိုးလျိုလျက်ရှိ၏။

ခါးရိုး, ကျောရိုးတို့၏ ဝဲယာ၌လည်း အောက်အထက် အဝိုင်းထက်ခြမ်းသဏ္ဍာန် နိမ့်လျက်ရှိ၍ ကျောရိုးနှစ်ခု စပ်ကြသည်ကာလ ဝဲယာအပေါက်ဖြစ်၍ ထိုအပေါက်တို့မှ ရသကြောတို့ထွက်၍ ဝမ်း, ခြေ, လက်တို့ကို အပွံ့အနှံ့ သွားကုန်၏။

နံရိုးတဘက် တဆဲ့နှစ်ချောင်းစီ–နှစ်ဆဲ့လေးချောင်း၊ ဤနှစ်ဆဲ့လေးချောင်းတို့တွင် ရှည်သောနံရိုးကြီး တဘက်ခုနစ်ချောင်းစီတို့သည် ရှေ့၌ရင်ရိုး နောက် ကျောရိုးနှင့် ဆက်လျက်ရှိ၏၊ တိုသော တဘက်ငါးချောင်းစီသော နံရိုးတို့တွင် တဘက်သုံးချောင်းစီသော နံရိုးတို့သည် ကျောရိုး၌သာ ဆက်၏၊ ရှေ့ဘက်၌ကား ရင်ရိုးကိုဆက်မိသော

အောက်ဆုံးနံရိုးကြီးမှစ၍ အောက်ကို အဆင့်ဆင့် တို၍သွားကြသဖြင့် အမြေးအစေးတို့နှင့် အချင်းချင်း ကပ်လျက်တည်၏၊ အောက်ဆုံး တဘက်နှစ်ချောင်းစီသော နံရိုးတို့သည် ကျောရိုး၌သာ တွယ်၍ နံတို ခေါ်သော အရိုးဖြစ်ကုန်၏။

ရင်ရိုးသုံးချောင်းတို့သည်ငယ်စဉ်ကာလ မျှားစွာမစေ့မစပ်၊ကြီးသည့် ကာလ အလွန်စေ့စပ်သောကြောင့် တခုတည်းကဲ့သို့ ဖြစ်သည်၊ ရေနှင့် နာနာပြုတ်မှ သုံးခုကွဲသည်၊ဤသုံးချောင်းတွင် ရင်ညွန့်ရိုးပါဝင်သည်၊ ဤရင်ညွန့်ရိုးသည် အထက်နှစ်ပိုင်းနှင့် အောက်တပိုင်းသာ အဆက်ထင် ရှားသည်၊အလယ်လေးပိုင်းမှာ အဆစ်သာရှိသည်၊ ရင်ညွန့်ရိုးအထက် ရင်ရိုးဝဲယာနံရိုးကြီးသည် တဘက်ခုနစ်ချောင်းဆက်သည့် အဆက်နေရာ တဘက်ခုနစ်ခုစီလည်း ရှိသည်၊ ဤအဆက်နေရာ တဆဲ့လေးခုကို ရည်၍ အဋ္ဌကထာတွင် ရင်ရိုးတဆဲ့လေးချောင်း ဆိုဟန်ရှိသည်၊ စင်စစ် တဆဲ့လေးချောင်းမရှိ၊ ညှပ်ရိုးနှစ်ခု၊ လည်ချောင်းရိုးတခု၊ မီး ညောင်းရိုးမှစ၍ ဤလည်ချောင်းရိုးတိုင် ကိုယ်နှင့်စပ်ဆိုင်သော အရိုး ပေါင်း ငါးဆဲ့ရှစ်ခုဖြစ်ကုန်၏၊ အဋ္ဌကထာတို့တွင် မီးညောင်းစွန်းရိုး မပါ၊ ခါးမချပ်ရိုးနှင့်ပေါင်း၍ တခုတည်းယူလေသည်။

လက်ချောင်းဖျားဆစ်ရိုးတို့သည် ခပေါင်း ရေကြည်စေ့သဏ္ဌာန်၊ ၎င်းအလယ်ဆစ်ရိုးတို့သည် ပိန်သောပိန္နဲစေ့ သဏ္ဌာန်၊ ၎င်းအရင်းဆစ်ရိုး တို့သည် ထက်စည်သဏ္ဌာန်၊ လက်ဘမိုးရိုးတို့သည် ထု၍ဖြန့်ထားအပ် သော ဝါးရိုးသဏ္ဌာန်၊ လက်ဘမိုးတို့နှင့် လက်ဖျံရိုးနှစ်ခုအကြား လက် ကောက်ဝတ်ရိုးတို့သည် စေ့အောင် တပေါင်းတည်း စီခင်း စပ်ထား၍ ထုပ်သော ခဲနက်ပြားသဏ္ဌာန် ရှိကုန်၏၊ လက်သည်းမှာ သဏ္ဌာန်ဆိုပြီး ဖြစ်၍ မဆို၊ ဤတွင် လက်တဘက်သင့် လက်သည်းပါ အရိုး သုံးဆဲ့ ခြောက်ချောင်းဟု–အဋ္ဌကထာတို့အလို ရေတွက်အပ်ကုန်၏။

လက်ဖျံရိုးတဘက်သင့်– နှစ်ချောင်းပူးတို့သည် အမြွာအစုံပူးသော ထန်းပင်နှသဏ္ဌာန်၊ တဘက်သင့် လက်မောင်းရိုး တခုမှုကား–ကြေးမုံ ခွက်အရိုးသဏ္ဌာန်၊ တဘက်သင့် လက်ပြင်ရိုး တခုသည် ငါးတို့၏ ဘဟက် ရိုးသဏ္ဌာန်၊ သမ္မော, ဝိသုဒ္ဓိမဂ်တို့၌ အသွားတဘက် ကုန်သော သီဟိုဠ် ပေါက်တူးသဏ္ဌာန်ဟု–ဆိုကုန်၏၊ သီဟိုဠ်ကရေးသည့် အဋ္ဌကထာဖြစ်၍

သီဟိုဠ်သားတို့သိအောင် ပြသောဥပမာဖြစ်သောကြောင့် ငါတို့အရပ်သားမှာ အသိခက်သည်၊ ဇိနပတ္တသဘောဆိုပ်ကရေးသည့် ခုဒ္ဒကပါဌအဋ္ဌကထာဆရာ ရှင်ဓမ္မပါလက ထိုစကားကို ဧကေဟု–ဆိုပြီးလျှင် ပုဆိန်ပြားသဏ္ဍာန်ဟု–ဆို၏။

လက်ဖျံရိုးမှစ၍ ဤအရိုးတိုင် တဘက်သင့်–လေးချောင်း၊ လက်ဖျားရိုး သုံးဆဲ့နှစ်ခုပါ၊ နှစ်စုပေါင်း သုံးဆဲ့ခြောက်၊ လက်နှစ်ဘက်သင့်–ခုနှစ်ဆဲ့နှစ်ချောင်း၊ လက်သည်းကဆယ်ကိုနုတ်လျှင် ခြောက်ဆဲ့နှစ်ချောင်းရှိ၏။

အနာဂတမိကျမ်း၌ကား–တဘက်သင့် လက်ချောင်းဖျားဆစ်ရိုး ငါး၊ အလယ်ဆစ်ရိုး လေး၊ လက်မတွင် အလယ်ဆစ်မရှိ၊ အရင်းဆစ်ရိုး ငါး၊ လက်ကောက်ဝတ်ရိုး ရှစ်၊ တဘက်သင့် ပေါင်း နှစ်ဆဲ့ခုနှစ်ချောင်း၊ လက်သည်းငါးချောင်းကို ထည့်လျှင် သုံးဆဲ့နှစ်ချောင်း၊ တဘက်သင့် လက်ဖျံရိုး နှစ်၊ လက်မောင်းရိုး တချောင်း၊ လက်ပြင်ရိုး တချောင်း၊ ပေါင်းလေးချောင်း၊ နှစ်စု လက်တဘက်သင့် သုံးဆဲ့ခြောက်ချောင်း၊ နှစ်ဘက်သင့် ခုနစ်ဆဲ့နှစ်ချောင်းဟူ၍ပင် ဆိုကုန်၏။

သုဿုတဆေးကျမ်း၌ကား–ခြေတဘက်ကဲ့သို့ လက်တဘက်သင့် သုံးဆယ်၊ နှစ်ဘက်သင့် ခြောက်ဆယ်၊ လက်သည်း ဆယ်ခုကိုထည့်လျှင် နှစ်ဘက်သင့် ခုနစ်ဆယ်ဖြစ်၏။

အောက် မေးရိုးတခုသည် သံဖြင့်လုပ်သော ပန်းပဲတို့၏ ကိုက်သဏ္ဍာန်၊ အထက်မေးရိုး တခုသည် ဓားမောက်သဏ္ဍာန်၊ နဖူးရိုးသည် အနားပတ်လည်ပွဲ့သော မှောက်ထား အပ်သော ခရုသင်း ထက်ခြမ်းသဏ္ဍာန်၊ "နလာဋဋ္ဌိသြမုခဋ္ဌပိတဘိန္နသင်္ခကပါလ သဏ္ဍာနံ" ဟူသော ခုဒ္ဒကပါဌအဋ္ဌကထာကို ထောက်။ ။သမ္မောဝိသုဒ္ဓိမဂ်တို့၌ ပါဌ်ပျက်လျက်ရှိသည်။

မျက်စိအောက် ပါးရိုးဝဲယာနှစ်ခုတို့သည်၎င်း, မျက်ခုံးဝဲယာနှင့်တကွ နှာခေါင်းရိုးတခုသည်၎င်း ထိပ်ကိုဖြတ်၍ အဆန်ထုတ်ပြီး ထန်းသီးနှုမှုတ်သဏ္ဍာန်၊ နားရိုးတို့ အရေအတွက်တွင် နှစ်ခုဆိုပြီးလျှင် ပုံသဏ္ဍာန်တွင်မဆို၊ ဤဆိုခဲ့ပြီးသော မေးရိုးမှစ၍ မျက်နှာတွင်ရှိသော အရိုးပေါင်း

ရှစ်ခု၊ ဝံယာ နားထင်ရိုးနှစ်ခုတို့သည် တရုတ်မီးခတ်အိတ်သဏ္ဍာန်၊ အင္ဂကထာတို့၌ကား—ဆေတ္တာသည်တို့၏ သင်ဓုန်းအိမ်သဏ္ဍာန်ဟူ၏၊ ရှေးအခါ သင်ဓုန်း ဟူသည် ယခုအခါ မြက်ထိုးဇွန်းမြီး တူးရွင်းနှင့်တူ၏။

ထိုအရိုးနှစ်ချောင်းအထက် ဝဲယာဦးကင်းရိုး နှစ်ချောင်းတို့သည် အနားပတ်လည်ကိုင်း၍ ထောပတ်အပြည့် ထည့်အပ်သော ပိတ်ပိုင်းသဏ္ဍာန်၊ ဦးထိပ်ရိုးသည် ရွံ့သော အုန်းမှုတ် မျက်နှာဝပြတ်သဏ္ဍာန်၊ ဦးခေါင်းနောက်ဖယ်ရိုး ငါးခုတို့သည် စပ်ချုပ်၍ ထားသော ဗူးတောင်းဟောင်းကွဲ ငါးခုသဏ္ဍာန်ရှိကုန်၏။ ။ဤဆိုခဲ့ပြီးသော ခေါင်းရိုးကားဆယ်ချောင်း၊ မျက်နှာရိုး ခေါင်းရိုးနှစ်ရပ်ပေါင်း တဆဲ့ရှစ်ချောင်းဖြစ်ကုန်၏။

သုဿုတဆေးကျမ်း၌ကား—အောက်အထက် မေးရိုးနှစ်ခု၊ နှာခေါင်းရိုးသုံးခု၊ အာစောက်ရိုးတခု၊ ဝဲယာပါး, နား, နားထင်ရိုးတို့၌ နှစ်ခုစီခြောက်ခု၊ ဦးခေါင်းရိုးခြောက်ခု၊လေးစုပေါင်း တဆဲ့ရှစ်ခု၊ သွား သုံးဆဲ့နှစ်ချောင်းပါပေါင်း ငါးဆယ်ဟု—သွားကိုထည့်၍ ဆိုကုန်၏။

အနာတမိကျမ်း၌ကား—အောက်မေးရိုးတခု, အထက်မေးရိုး ဝဲယာနှစ်ခု၊ ဤအထက်မေးရိုးတို့သည်နှာခေါင်းနှင့်တည့်တည့်အရပ်၌ စပ်ကုန်၏၊နှာခေါင်းဖုအောက်အထက်မေးရိုးနှစ်ခုအကြားအဖျားဝင်သောအာစောက်ရိုးတခု၊နှာခေါင်းဖု အထက်ဝဲယာ နှာယောင်ရိုးနှစ်ခု၊ မျက်လုံးအောက်ဝဲယာ မျက်ကွင်းရိုးနှစ်ခု၊ဝဲယာပါးရိုးနှစ်ခု၊ ပါးရိုးနှင့် နှာခေါင်းဖုအကြား နှာခေါင်းဖုအောက်ဝဲယာ အရိုးနှစ်ခု၊ မေးရိုးနှစ်ခုအကြား နဖူး, နားရွက်အုံ တို့အောက် မျက်နှာရိုးသက်သက်တည်း၊ နဖူးရိုးတခု၊ နားအုံအောက်က နားအုံပေါ်ကိုပတ်လျက် နားထင်ရိုးဝဲယာနှစ်ခု၊ ၎င်းအရိုးအထက်ဦးကင်းရိုး ဝဲယာနှစ်ခု၊ဦးထိပ်ရိုးကြီး တခု၊ ဝဲယာမျက်ခုံးရိုးနှစ်ခု၊ ဤအရိုးကား—ဆန်ကာကဲ့သို့ အပေါက်အပေါက်ရှိ၏၊နောက်စေ့တွင် မောက်လျက်ရှိသော အရိုးကြီးတခု။

ထိုဆိုခဲ့ပြီးသော ဦးခေါင်းရိုး ရှစ်ခုတို့၏ အကြားတွင် ပဲတောင့်စေ့လောက်ရှိသော အရိုးငယ်နှစ်ခု၊ နားအုံတွင်း၌ တဘက်လျှင် အရိုးငယ်လေးခုကျ ရှစ်ခု၊ ဦးနှောက်တွင်း၌ လုံးသောအရိုးတခု၊ ဤသို့ဦးခေါင်း

၌ အရိုးတဆဲ့ကိုးခု၊ မျက်နှာ ခေါင်းတို့၌ရှိသော အရိုးစုပေါင်း သုံးဆဲ့သုံးချောင်းဖြစ်ကုန်၏၊ဤဦးခေါင်းအရိုးတို့၏ အနားပတ်လည်၌လွှသွားကဲ့သို့ အစိတ်အစိတ်ရှိ၏၊ အသွားစိတ် အကြားချင်းစေ့၍ စပ်ကြ၏။

ဤသို့ဆိုခဲ့ပြီးသော အဋ္ဌကထာတို့၌ လာသော အရိုးတို့ကို ပေါင်းလျှင် ခြေတဘက်၌ အရိုးသုံးဆဲ့ခြောက်ချောင်း၊ နှစ်ဘက်သင့်ခုနစ်ဆဲ့နှစ်၊ (ဤခုနစ်ဆဲ့ နှစ်ချောင်းတွင် ခြေသည်းစုနှင့် ဘနှောင့်ရိုး နှစ်ခုပါသည်။)လက်နှစ်ဘက်၌လည်းဝဲယာသုံးဆဲ့ခြောက်ချောင်းစီ ခုနစ်ဆဲ့နှစ်ချောင်း၊ မျက်နှာခေါင်းတို့၌ အရိုးတဆဲ့ရှစ်ချောင်း၊ စုစုပုံသဏ္ဍာန်နှင့် တကွဆိုသည့် အရိုးပေါင်းနှစ်ရာ့သုံးဆဲ့တချောင်း၊ ဤအရိုးတို့တွင် နားရိုးနှစ်ခုကို ပုံသဏ္ဍာန်ဆိုရာမပါ၊ရှိရာအရပ် ပုံသဏ္ဍာန်ကိုမဆို၊အသားကိုမှီသော အရိုးနုဟူ၍ သာမန်သာဆိုသော အရိုးခြောက်ဆဲ့ လေးချောင်းကိုထည့်လျှင် အရိုးပေါင်း နှစ်ရာ့ကိုးဆဲ့ငါးချောင်းရှိ၏။

အရိုးသုံးရာမပြည့်၊ ငါးချောင်းလျော့သည်ကိုပင် ပမာဏမလောက်၍ သုံးရာဟုဆိုသည်မှတ်၊ရှင်ဓမ္မပါလ အယူအားဖြင့် ဤနှစ်ရာ့ကိုးဆဲ့ငါးချောင်းတွင် ခေးမချပ်ရိုးတချောင်းကို နုတ်၍ခြေမျက်စိရိုးလေးချောင်းကို ထည့်လျှင်နှစ်ရာ့ကိုးဆဲ့ ရှစ်ချောင်းဖြစ်၏၊ ဤနှစ်ရာ့ကိုးဆဲ့ရှစ်ချောင်းတွင်ခြေဖျားရိုး ခြောက်ဆဲ့လေးချောင်း ရေတွက်ရာ ဘနှောက်ရိုး နှစ်ချောင်းကို မထည့်ဘဲပင် ခြောက်ဆဲ့လေးချောင်း ဖြစ်၏ဟုယူပြီးလျှင် ဤဘနှောက်ရိုး နှစ်ချောင်းကို ထည့်သည့် ကာလ သုံးရာပြည့်၏ဟု နောက်ဆရာတို့ ဆိုကြကုန်၏၊ယုတ္တိမရှိ၊ အထပ်ထပ်ရှိသည်။

အဋ္ဌကထာတို့၌ "ဇံ တိမတ္တာနိ အဋ္ဌိသတာနိ"ဟူသော ပါဠိ၏ မတ္တသဒ္ဒါဖြင့် မူလဋီကာဆရာအလို ခြေမျက်စိရိုးလေး–စသည်တို့ကိုယူ၊ ရှင်ဓမ္မပါလအလို ခေးမချပ်ရိုး စသည်တို့ကိုယူ၊ ဤသို့ ဆိုကြသော်လည်း မတ္တသဒ္ဒါသည် သာမညအနက်, ပိုင်းခြားခြင်း အဝဓာရဏ အနက် စသည်တို့၌ဖြစ်သောကြောင့် "ပဥ္စမတ္တေဟိ ဘိက္ခုသတေဟိ" ဆိုရာ၌ကဲ့သို့ အတပ်မဟုတ်၊ ခန့်ချေ့မှန်းချေသာဟူ၍မှတ်လေ၊ "အတိရေကတိသတအဋ္ဌိကသမုဿယံ"ဟူ၍ အရိုးသုံးရာကျော်ဆိုသော အရာတို့၌ကား သွားနှင့်တကွယူ၍ သဗ္ဗသင်္ဂါဟိကနည်းအားဖြင့် ဆိုလေသည်ဟု အနုဋီကာတွင်ဆို၏။

သုသုတဆေးကျမ်းအလိုအားဖြင့် ခြေတဘက်သင့် အရိုးသုံးဆယ်, နှစ်ဘက်သင့်ခြောက်ဆယ်, လက်တဘက်သင့်သုံးဆယ်, နှစ်ဘက်သင့် ခြောက်ဆယ်, ကိုယ်၌ အရိုးတရာ့သုံးဆယ်, ခေါင်း၌ သွားပါအရိုး ငါးဆယ်၊ စုစုပေါင်း အရိုးသုံးရာဖြစ်၏၊ ဤအရိုးတို့တွင် ခြေသည်း လက်သည်း မပါ။

အနာတမိကျမ်းအလိုအားဖြင့် ခြေတဘက်လျှင် ခြေသည်းမပါဘဲ အရိုးသုံးဆယ်၊ နှစ်ဘက်သင့် ခြောက်ဆယ်၊ လက်တဘက်လျှင် လက်သည်းမပါ အရိုးသုံးဆဲ့တချောင်း၊နှစ်ဘက်သင့် ခြောက်ဆဲ့နှစ်ချောင်း၊ ကိုယ်၌ အရိုးငါးဆဲ့ရှစ်ချောင်း၊မျက်နှာ, ခေါင်းတို့၌ အရိုးသုံးဆဲ့သုံး ချောင်း၊အစုစုအရိုးပေါင်း နှစ်ရာ့တဆဲ့သုံးချောင်း ဖြစ်ကုန်၏၊ (ဤ အရိုးတို့တွင် ခြေသည်း,လက်သည်းနှင့်သွားတို့သည် မပါ။)

အသက်ကြီးသောသူတို့၌ ခြေမဆစ်, လက်မဆစ်တို့တွင် ရုံခါရှိ တတ်သော ပဲစေ့ခန့်မျှရှိသော အများဆုံးအားဖြင့် တဆဲ့လေးချောင်း၊ အနည်းဆုံးအားဖြင့် ရှစ်ချောင်းကုန်သော အရိုးငယ်တို့သည် လူတို့၌ ရုံခါရှိတတ်ကုန်၏၊နှာခေါင်းဖျား အဖုံ, နားရွက်, လည်ချောင်းတွင်ရှိ သော မာသောအရိုး တခုပြင် ကျန်သောမာသောဝတ္ထုစု၊နား၏အတွင်း ဘက်တို့၌ရှိသော အသားကိုမှီသော အရိုးနုတို့သည်လည်း ရှိကြကုန်၏၊ ဤဆိုခဲ့ပြီးသော ကျမ်းအမျိုးမျိုးတို့၌ ဆိုသောစကားတို့တွင် အနာတမိ ကျမ်း၌ ဆိုသော စကားသည် ယခုအခါ လူတို့၌ရှိသော ကောဋ္ဌာသ တို့နှင့် ညီညွတ်သည်ကိုလည်း မှတ်အပ်သည်။

ဤသို့ဆိုခဲ့ပြီးသော အရိုးတို့သည် အပေါင်းအားဖြင့်ကား ဤကိုယ် ၌တည်ကုန်၏၊ အစိတ်အားဖြင့်ကား ခေါင်းရိုးသည် လည်ရိုး၌, လည် ရိုးသည် ကျောက်ကုန်း ရိုး၌, ကျောက်ကုန်း ရိုးသည် ခါးမချပ်ရိုး၌, ခါးမချပ်ရိုးသည် တင်ပါးရိုး၌, တင်ပါးရိုးသည် ပေါင်ရိုးတို့၌, ပေါင်ရိုး တို့သည် မြင်းခေါင်းရိုးတို့၌,မြင်းခေါင်းရိုးတို့သည် ခြေကျဉ်းဝတ်ရိုးတို့၌, ခြေကျဉ်းဝတ်ရိုးတို့သည် ဘမိုးရိုးတို့၌ တည်ကြကုန်၏၊ ဒူးခွက်ခုံညင်း ရိုးမူကား မြင်းခေါင်းရိုးနှင့် ပေါင်ရိုးတို့အကြားမှာ အကြောတို့ဖြင့် တွယ်လျက်ရှိ၏၊ မြင်းခေါင်းရိုး, ပေါင်ရိုးတို့၌ တည်သည်ဟုဆိုအပ်၏။

အဋ္ဌကထာတို့၌“ဥဒ္ဓရွဋ္ဌိနိ ဇာဏုကဋ္ဌိသု”ဟူ၍ ပေါင်ရိုးတို့သည်ဒူးခွက်ခုံညင်းတို့၌ တည်ကုန်၏ဟု–ဆိုခြင်းသည် မျက်မြင်နှင့်မကိုက်၊ အတွင်း၌ခြင်ဆီကိုပတ်သော အမြေးဖြင့်, ပြင်ပတ်လည်၌ အရိုးကိုပတ်သော အမြေးဖြင့်, ရှေ့နောက်၌ အရိုးအချင်းချင်းဖြင့် ပိုင်းခြားအပ်၏။

အရိုးတို့သည် အလုံးရှည်, အပြား, အလုံးဟု သဏ္ဌာန်သုံးမျိုးရှိကုန်၏၊ အလုံးရှည် အရိုးတို့သည် ဝါးကဲ့သို့အခေါင်းရှိ၏၊ အခေါင်းတွင်း၌ ခြင်ဆီအပြည့်ရှိ၏၊ ကြွင်းသောအရိုးနှစ်မျိုးတို့၌ အခေါင်းမရှိ၊ အပေါက်ငယ်အများရှိ၏၊ ရှည်သောအရိုးတို့သည်လည်း အလယ်သိမ်၍ အဆစ်၌ကြီး၏၊အပေါက်ငယ်များလည်းရှိ၏၊ထိုအပေါက်ငယ်တို့မှ သွေးထွက်ဝင်ရန် သွေးကြောတို့သည်လည်း ဝင်လျက်ရှိ၏၊ ရသကြောများလည်း ဝင်လျက်ရှိ၏၊အရိုးတွင်း၌ရှိသော အကြော,သွေး, ခြင်ဆီတို့နှင့်တကွ အရိုးရှိသမျှချိန်လျှင် ရှစ်ပိဿာကျော်ခန့်ရှိ၏၊ အရိုးချည်းသက်သက် အခြောက်လှန်း၍ချိန်လျှင် သုံးပိဿာခန့်ရှိ၏၊ မီးနှင့်ဘုတ်လျှင်ကျွဲကော်ထွက်၍ ထုံးဖြစ်၏၊အချိန်လည်း တဝက်ခန့်လျော့ပြန်၏၊ ဤသို့ဆိုခဲ့ပြီးသော အရိုးတို့၏ အဆက်အစပ်တို့ကို အစေး၏တည်ရာ ဩကာသကိုပြရာ၌—

> ဩကာသတော အဋ္ဌိသန္ဓီနံ အဗ္ဘဉ္ဇနကိစ္စံ သာဓယမာနာ
> အသီတိသတသန္ဓီနံ အဗ္ဘန္တရေ ဌိတာ။

ဟူ၍ အဋ္ဌကထာတို့၌ဆို၏၊ အရိုးတို့၏ အဆက်အစပ် တရာ့ရှစ်ဆယ်ရှိ၏ ဟူလိုသည်၊ဆိုခဲ့ပြီးသော အရိုးတို့၌ ရေတွက်၍ကြည့်လျှင်မကိုက်၊ အကျယ်ကိုလည်းမဆို။

သုဿုတဆေးကျမ်း၌ကား အရိုးတို့အဆက်အစပ် နှစ်ရာ့တဆယ်ရှိကုန်၏၊နှစ်ရာ့တဆယ်ဟူသော်ကား ခြေချောင်းငယ်တို့၌ သုံးခုစီ၊ခြေမ၌ နှစ်ခု၊ ပေါင်းတဆဲ့လေးခု၊ထူးခြေမျက်စိတို့၌သုံးခု၊နှစ်စု·ခြေတဘက်၌တဆဲ့ခုနစ်ခု၊နှစ်ဘက်သင့် သုံးဆဲ့လေးခု၊ ဤအတိုင်း လက်တဘက်လျှင် တဆဲ့ခုနစ်ခု၊ နှစ်ဘက်သင့် သုံးဆဲ့လေးခု၊ခြေလက်တို့၌ ပေါင်းခြောက်ဆဲ့ရှစ်ခု။

ပေါင်ဆစ်အထက် တင်ပါး ခါးမချပ်တို့၌ သုံးခု၊ကျောရိုး၌ နှစ်ဆဲ့လေးခု၊ နံရိုးဝဲယာ၌ နှစ်ဆဲ့လေးခုစီ၊ လေးဆဲ့ရှစ်ခု၊ ရင်ဘတ်၌ရှစ်ခု၊ လည်ကုပ်၌ရှစ်ခု၊ လည်ချောင်း၌သုံးခု၊ ပေါင်း ကိုယ်၌ အရိုးအဆက်အစပ် ကိုးဆဲ့လေးခု။

သွားမြစ်တို့၌ သုံးဆဲ့နှစ်ခု၊ နှာခေါင်း၌တခု၊ မျက်ကွင်း ဝဲယာ၌ တခုစီ နှစ်ခု၊ ပါးစောင်၊ နား၊ နားထင်ရိုးတို့၌ တခုစီ သုံးခု၊မေးရိုးနှစ်ခု၌ နှစ်ခု၊ နှာယောင်ရိုးအထက် နှစ်ခု၊ ခေါင်းရိုးခြောက်ချောင်း၌ ငါးခု၊ ဦးထိပ်၌တခု၊ ဤသို့ဦးခေါင်း၌ အဆက်အစပ်ပေါင်း လေးဆဲ့ရှစ်ခု၊ ဤသို့ ဆိုခဲ့ပြီးသော အဆက်အစပ်စုစုပေါင်း နှစ်ရာ့တဆယ် ဖြစ်ကုန်၏။

ဤအရိုးစပ်တို့သည် ခြေကျဉ်းဝတ်၊ ဒူး၊ ပေါင်ရင်း၊ ကျောက်ကုန်းဆက်၊ လက်ကောက်ဝတ်၊ တထောင်ဆစ်၊ မောင်းရင်း၊ လက်ပြင်၊ ခါးမချပ်၊ ဦးခေါင်း၊ဤအစပ်တဆဲ့လေးခုတို့ကို အင်္ဂသဿာဠှဟု ခေါ်အပ်ကုန်၏၊သမ္ဗန္ဓဟူ၍လည်း ခေါ်အပ်၏။

အနာတမီကျမ်း၌လာသော သွားနှင့်ခြေသည်း လက်သည်းမပါသော အရိုးတို့၏ အဆက်အစပ်ကို ရေတွက်လျှင် တရာ့ငါးဆယ်ခန့်ရှိ၏၊ ရေတွက်ခြင်းငှာလည်း လွယ်၏၊အမိဝမ်းတွင်း၌ အရိုးတို့၏ ဖြစ်ဦးဖြစ်စအခါ မှိုကျွဲသဲကဲ့သို့ ပြော့ပြော့ဖြစ်၍ တဖြည်းဖြည်းမာကုန်၏။

---

## ရိုးတွင်းခြင်ဆီ၌ ဝဏ္ဏစသော ၅-ပါး

မိုးတွင်းခြင်ဆီသည် ဖြူသောအဆင်းရှိ၏၊ အမြေးဖြင့် ရစ်ပတ်အပ်၏၊ ဝါးကျူ အခေါင်းတွင်း၌ထည့်၍ ပြုတ်အပ်သော မုံ့ညက်သည် ဝါးမြေး၊ကျူမြေးကပ်သော အတောင့်ဖြစ်သကဲ့သို့ အမြေးဖြင့်ပတ်အပ်သော အတောင့်သဏ္ဌာန်ရှိ၏၊ ဝါးလုံးခေါင်း၌ထည့်၍ ပြုတ်အပ်သော ကြိမ်ညှောက်နု သဏ္ဌာန်လည်း ဟူ၏၊ အရိုးရှည်ကြီးတို့၏ အတွင်း၌တည်၏၊ခြင်ဆီပတ်လည် အမြေးတို့ဖြင့် ပိုင်းခြားအပ်၏။ ။(အဋ္ဌိမဇ္ဇ၌ မတွင်လုံးကြီးတင်မရှိဘဲ နောက်၌ဇကွဲနှစ်ဆင့်နှင့်ရှိစေ၊ မဒခါတ်ရင်းမှတ်။)

---

## အညှို၌ ဝဏ္ဏစသော ၅-ပါး

အညှိုဟူသည်ကား—အညှာတခုတည်းသော အသားစိုင်နှစ်ခုတည်း၊ စဉ်းငယ်နီသောအဆင်း၊ "ပါလိဘဒ္ဒကအဋ္ဌိဝဏ္ဏံ"ဟူသော အဋ္ဌကထာပါဌ်ကို ပင်လယ်ကသစ်စေ့အဆင်းဟု–အနက်ပြန်ကြ၏၊ ဤပါလိဘဒ္ဒကကို မန္ဒာရဟု—သဒ္ဒတ္ထမုတ္တာဝလိ အစရှိသော အဘိဓာန်တို့တွင် ဘွင့်၏၊ ဤမန္ဒာရကို ထင်ရှားပင်ဟု—အနက်ပေးကြ၏၊ ယခု မြန်မာနိုင်ငံတွင်ရှိသည့် ကသစ်စေ့ကား—နီသောအဆင်းမရှိ၊ မန္ဒာရသဒ္ဒါ စွယ်တော်ပင်ကိုလည်း ဟောသည်၊ သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ အထက်၌အုပ်ထားသော နတ်ကသစ်ပင်ကိုလည်း ဟောသည်၊ ထင်ရှားပင်အနက်ပေးကြသည်မှာ မည်သည့်အပင်ကို ထင်ရှားပင်ခေါ်သည်ဟု မသိကြ၊ ပါလိဘဒ္ဒကသဒ္ဒါမူကား—တမာပင်, ဒေဝတာပင်, ထင်းရှူးပင် များကိုလည်း ဟောသည်။

သဏ္ဌာန်အားဖြင့် သူငယ်တို့ ကစားသည့် ဂူလီနှစ်လုံးပူးသဏ္ဌာန်၊ အညှာရင်းတခုတည်းရှိသော သရက်သီးနှစ်လုံးပြွတ်သဏ္ဌာန်လည်း ဟူ၏၊ ချက်၏အထက်အရပ်၌ ဖြစ်၏၊ လည်ချောင်းပေါက်မှ ထွက်သော အမြစ်တခုဖြင့် စဉ်းငယ်သွား၍ နှစ်ဖြာကွဲသော အကြောကြီးဖြင့် ဘွဲ့သည်ဖြစ်၍ နှလုံးသားကို ခြံရံလျက်တည်၏၊ အညှို၏ ထက်ဝန်းကျင် အဘို့ဖြင့် ပိုင်းခြားအပ်၏ဟု—အဋ္ဌကထာတို့တွင် ဆို၏။

ဤအဋ္ဌကထာတို့တွင် ဆိုသောအညှိုနေရာသည် အောက်ကျသည်၊ အညှိုနှစ်ခု တွယ်ကပ်ပုံလည်း လွဲသည်၊ ယခုလူတို့တွင်ရှိသော အညှိုနှင့် မကိုက်။ ။ကာယဂတာသတိ ကမ္မဋ္ဌာန်းဟူသော ဤကိုယ်၏ ကောဋ္ဌာသတို့ကို နားမလည်သူတို့က ကျောက်ကပ်ဟူ၍ အနက်ပြန်ကြ၏၊ ဤအဋ္ဌကထာတွင်ဆိုသော အညှို၏နေရာနှင့် ကျောက်ကပ်၏နေရာ အလွန်ဝေးသောကြောင့် ထိုသူတို့စကားကိုလည်း မမှတ်အပ်။

သုဿုတဆေးကျမ်း၌ကား "ရတ္တမေဒေါ ပသာဒေါ ဝက္ကော"ဟု—ဆိုသောကြောင့် ဝမ်းတွင်း၌ သွေးနှင့်အဆီခဲ ပေါင်းစု ကြည်လင်ခြင်းကြောင့် ဤအညှိုဖြစ်သည် ဟူ၏။

ဒဗ္ဗဂုဏပကာသ စသောဆေးကျမ်းတို့၌ကား "ဝက္ကော ဝုဒ္ဓိကရော ဝုတ္တော၊ ဥဒရဿစ မေဒသော"ဟူ၍ ဆိုသောကြောင့် အညှိုသည် အစာသစ်အိမ်၏ရင်း, အဆီခဲ၏ရင်း ပွါးစီးခြင်းကိုပြုတတ်၏ဟု—ဆို၏။

ကပ္ပိဒုမစသော အဘိဓာန်ကျမ်းတို့၌ကား— ရဿအသရ, ဥသရနှစ်ချက်နှင့် ဝက္က, ဝုက္ကသဒ္ဒါတို့သည် နှလုံးဟူသော အနက်, ကျင်ငယ်အိမ်စည်ပေါင်း ဟူသော အနက်တို့၌ ဖြစ်သည်ဟု–ဆို၏။

သက္ကဋဘာသာကို များစွာမနိုင်သော ဟိန္ဒူဘာင်္ဂါလီ ဆရာအချို့တို့လည်း ဝက္က ဝုက္ကသဒ္ဒါတို့သည် ကျောက်ကပ်ပင်ဟောသည်ဟု ဆိုကြကုန်၏။ ။မာဂဓအဘိဓာန်ဋီကာ၌ ဝက အာဒါနေ၊ ဝက္ကတိ အနန္တိ ဝက္ကံဟု ဝိဂြိုဟ်ဆို၏၊ အစာကိုယူတတ်သည် ဟူလို။

အနာတမိကျမ်း၌ကား—လျှာခင်နောက် လည်ချောင်းပေါက်မှ ရေအစာဝင်သော အပေါက်သည် ကျောဘက်က, အသက်ရှူသော လေစင်သော အပေါက်သည် ရင်ဘက်ဘက်ကဖြစ်၍ နှစ်ခုရှိ၏၊ ထိုနှစ်ခုတို့တွင် အသက်ရှူသည့် လေဝင်သော ရင်ဘတ်ဘက်အပေါက်သည် ဆီသွတ်ကတော့သဏ္ဌာန်နှစ်ဆင့်ရှိ၏၊ ထိုနှစ်ဆင့်တို့တွင် ပြင်ဘက်အဆင့်ကတော့ကို လက်နှင့်စမ်းလျှင် လည်ချောင်း၌ မာမာတွေ့သော အရိုးနုံ အဖုအထစ်တို့ပင်တည်း။

ဤပြင်ဘက်ကတော့သည် ရေအစာတို့ကိုမျိုလျှင် ရင်ဘတ်အပေါက်သို့ မဝင်ရအောင် တက်၍ပိတ်၏၊ ဤပြင်ဘက်ကတော့အောက် လေဝင်သော လည်ချောင်းပေါက်ဝဲယာ၌ ဤအညှို့သည် တွယ်ကပ်လျက်တည်၏၊ သောက်သောရေတွင် ထုံးဖြစ်စေ, ဆားဖြစ်စေ များစွာပါသည့်ရေငန်၊ ဖူသောအဆင်းရှိသော့ရေများကို သောက်ရသောအရပ်သားတို့၌ ဤအညှို့တွင်းသို့ ထုံး, ဆား အများဝင်သဖြင့် အညှို့ကြီးသောကြောင့် လည်ပင်းကြီးသောရောဂါ ဖြစ်တတ်သည်ဟူ၍ ဆို၏၊ အနာတမိကျမ်းတွင် ဆိုသောစကားသည် ယခုလူတို့အညှို့၏ တည်ပုံနှင့်ညီသည်။

မံသံအစ ဤဝက္ကအဆုံးရှိသော ကောဋ္ဌာသငါးခုတို့ကို ဝက္ကပဉ္စကခေါ်သည်။

**ဝက္ကပဉ္စက ကမ္မဋ္ဌာန်း ပြဆိုခဏ်း ပြီး၏။**

# ပဋ္ဌါသပဋ္ဌက ကမ္မဋ္ဌာန်း ပြဆိုခဏ်း

## နှလုံးသား၌ ဝဏ္ဏမသော ၅-ပါး

နှလုံးသားသည် နီသောအဆင်းရှိ၏၊ ပဒုမာကြာနီပွင့် အတွင်းဖတ်ကျောဘက်အဆင်းနှင့် တူ၏၊အပေါ်ဖတ်ကိုခွါ၍ စောက်ထိုးထားသော ပဒုမာကြာငုံသဏ္ဌာန်၊ပြင်ဘက်သားကား အချော၊ အတွင်းသားကား သပြွတ်သီး၏ အတွင်းသားကဲ့သို့ အရှုပ်၊ ပညာရှိတို့၏ နှလုံးသားကား အဖျားတိတိ စဉ်းငယ်ပွင့်ယောင်၊ ပညာနည်းသောသူတို့မှာ ငုံသည် ဖြစ်၍ အဖျားချွန်ယောင်၊ ထိုနှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့နေရာမျှလောက် တွင်းရှိ၏၊ အကြင်တွင်း၌ လက်ဆွန်း၏ ထက်ဝက်မျှလောက်သော သွေးသည် တည်၏၊အကြင်သွေးကိုမှီ၍ ထိုဟဒယဝတ္ထုရုပ်သည် ဖြစ်၏။

(၁) ရာဂစရိုက်ရှိသောသူ၏ သွေးသည် နီ၏။

(၂) ဒေါသစရိုက်ရှိသောသူ၏ သွေးသည်နက်၏။

(၃) မောဟစရိုက်ရှိသောသူ၏ သွေးသည် အသားဆေးရည်အဆင်းရှိ၏။

(၄) ဝိတက်စရိုက်ရှိသောသူ၏ သွေးသည် ပဲပိစပ် ပြုတ်ရည်အဆင်းရှိ၏။

(ကုလတ္ထယူသဝဏ္ဏံ-ဟူသော ပါဠိကို ပဲကုလားပြုတ်ရည်အဆင်းဟူ၍၎င်း, ပဲကုလားရိုးအဆင်းဟူ၍၎င်း အနက်မနိုင်သူတို့ကပြန်ဆိုကြကုန်၏၊ အချို့သူတို့လည်း ကုလတ္ထကို ကုလားပဲဟူ၍ အနက်ပြန်ကြကုန်၏။)

(၅) သဒ္ဓါစရိုက်ပြောသောသူ၏ သွေးသည် မဟာလှေကားပွင့်အဆင်းရှိ၏။

(၆) ပညာစရိုက် ပြောသောသူ၏ သွေးသည် ကြည်လင်၏၊ စင်ကြယ်၏၊ အရောင်တောက်၏၊ အနီအဖြူ ရောသောအဆင်းရှိ၏။

သားမြွတ်နှစ်ခုတို့၏အကြား ရင်ခေါင်းတွင်း၌တည်၏၊ နှလုံးသား၏ ပတ်လည်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။

[ပဿဋ္ဌသဒ္ဒါကို လက်ဆွန်းဟူ၍ အနက်ပြန်ကြ၏၊တလက်ခုပ် ထက်ဝက်ရှိ၏၊အချိန်အားဖြင့် နှစ်ပိုလ်ရှိ၏၊ ပိုလ်ဟူသည်လည်း တပိုလ်လျှင် လေးသပြာရှိ၏၊တသပြာလျှင် ရွှေးရှစ်ဆယ်ရှိ၏၊ ကဟာပဏသဒ္ဒါ, ရူပိယသဒ္ဒါ, အက္ခသဒ္ဒါတို့ကား သပြာဟောတည်း၊ ဟိန္ဒူ, ဘင်္ဂါလီတို့က ဤကဟာပဏကို ဋ္ဌကာခေါ်သော စကားသို့လိုက်၍ မြန်မာတို့က ဒင်္ဂါးခေါ်သည်၊ ယခုသုံးဆောင်ကြသည့် ကုလားခေါင်း ဒင်္ဂါးမူကား ရွှေးချိန်(၁၀၀)ရှိ၏၊ ဤနှလုံးသားတွင်း၌ ရှိသောသွေးသည် အချိန်အားဖြင့် တပိုလ်, မြန်မာချိန် (၂ ၂ကျပ်) နှစ်ကျပ်နှစ်မူးခန့်ရှိကုန်၏။)

အနာတမိကျမ်း၌ကား နှလုံးသားသည် လူတို့၏ လက်သီးခန့်လောက်ရှိ၏၊ အဖျားကောက်ယောင်ရှိသော ပုသောသရက်သီးသဏ္ဍာန်ရှိ၏၊နီသောအဆင်းရှိ၏၊ အထက်ဆုံး နံရိုးမှစ၍ အောက်ကို တတိယနံရိုးအောက် ရင်ညွန့်ရိုးကုန်ခါနီးရောက် ရင်ခေါင်းတွင်း၌ စဉ်းငယ်ကောက်ယောင်ရှိသော အဖျားသည် လက်ဝဲဘက်သို့ ကောက်လျက်အညာရင်း၌ရှိသော အဒေမာက်သည် လကျ်ာဘက်အထက် မြင့်မြင့်ရင်ရိုးသည် နှလုံး၏ အလယ်တည့်တည့်တွင် နှလုံးကစဉ်းငယ် လက်ဝဲဘက်သို့အားကြီးလျက် ဝဲယာ အဆုတ်ညှပ်လျက် အဆုတ်နှင့် ဝဲယာသွေးကြောကြီးနှစ်ခု တွယ်ကပ်လျက်တည်၏။

နှလုံးဟူသည် ဤကိုယ်၌ရှိသော အလုံးစုံသော သွေးကြောတို့၏ ပေါင်းဆုံရာ အမြစ်အရင်းဖြစ်၏၊နှလုံးသား၏အခေါင်းတွင်း အထက်၌ အလျားလိုက် ထူထဲခိုင်ခံ့သော အမြှေးအပိုင်းအခြား အကန့်ရှိ၏၊ ဤအကန့်၏ဝဲယာ ရေစုတ်ပုံပါတွင်ထည့်သော လိပ်ပြာတောင်ကဲ့သို့ကန့်လန့်တည့်တည့်တွင် လိပ်ပြာတောင်နှစ်ခု ပိတ်လျက်ရှိ၏၊ ထိုလိပ်ပြာတောင်နှစ်ခုတို့သည် အောက်ကိုပွင့်သော လိပ်ပြာတောင်ချည်းဖြစ်၏။

ဤသို့ အလယ်ကန့်နှင့် ဝဲယာလိပ်ပြာတောင်နှစ်ခု ပိတ်လျက်ရှိသောကြောင့် နှလုံးသားအခေါင်းတွင်း၌ တွင်းငယ်လေးခုရှိ၏၊ အညာဘက်အထက် တွင်းငယ်နှစ်ခုသည် အလုံးဝိုင်းသဏ္ဍာန်၊ အောက်တွင်းငယ်နှစ်ခုသည် ထိပ်၌စဉ်းငယ်ပြတ်သော စွံပလွန်သီးသဏ္ဍာန်၊ အလုံးအလျားပုံဖြစ်၏၊ ထိုတွင်းလေးခု၌ ဤကိုယ်အလုံးကို သွားလာ ပျံ့နှံ့လျက်နေသော သံသရဏသွေးချိန် (၁၂ ၅ကျပ်)ခန့်ရှိ၏၊ နှလုံး၏ ပြင်သားချောမော၏၊ အတွင်းသားကား အကြောတို့၏ ပေါင်းဆုံ၍ဖြစ်သော ဝတ္ထုဖြစ်သောကြောင့် သပွတ်အူကဲ့သို့ရှုပ်၏။

## နှလုံးသား၏ အလျား, အနံ, အချိန်ပမာဏဇာလျားပုံ

| နှလုံးသား၏အလျား၊ အနံအချိန် ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အလျားလက်သစ် .... .... | ၆ ၂/၃ | .... |
| နှလုံး၏ကြီးသည့် နေရာရင်း အပိုင်းမှာ လက်သစ် .... .... | ၄ ၂/၃ | .... |
| နှလုံးသား၏အခွံထုလက်သစ် .... | ၃ ၁/၃ | .... |
| နှလုံး၏အချိန် .... .... | ၁၀၂ ၂။း-ဲ | ၁၈ ၅။း |
| ပေါင်း | | |

| ဆရာအမျိုးမျိုးတို့အယူအားဖြင့် နှလုံးသားအချိန်ပမာဏစာရင်း | မိန်းမ | ယောကျ်ား |
|---|---|---|
| ဆရာတဦးအလိုအားဖြင့် .... | ၁၀၅ ၇။း ဲ | ၁၀၉ ၂။း ဲ |
| ဆရာတဦးအလိုအားဖြင့် .... | ၁၀၅ ၇။း ဲ | ၁၈ ဲ |
| ဆရာတဦးအလိုအားဖြင့်(၁၅)နှစ်က (၂၉)နှစ်တိုင် .... | ၁၀၄ ၇။း ဲ | ၁၀၄ ၈။း ဲ |
| အသက်(၃၀)က(၅၀)ထိ .... | ၁၀၄ ၈။း ဲ | ၁၀၆ ၆။း |
| အသက်(၅၀)က(၆၀)ထိ .... | ၁၀၄ | ၁၈ ၇။း ဲ၄ ဉ |
| အသက်(၆၀)က အထက် .... | ၁၀၄ | ၁၀၈ ၂။း ဲ |
| ပေါင်း | | |

| ဆရာအမျိုးမျိုးတို့အယူအားဖြင့်နှလုံးသားအချိန်ပမာဏစာရင်း | မိန်းမ | ယောကျ်ား |
|---|---|---|
| ဆရာတဦးအလိုအားဖြင့်(၁၆)နှစ်က(၂၀) ထိ .... | ၁၂ိ ဝဲ | ၁၅ိ ၁။း |
| အသက်(၂၀)က(၃၀)ထိ .... | ၁၄ိ | ၁၇ိ ၉။းဝဲ |
| အသက်(၃၀)က(၄၀)ထိ .... | ၁၆ိ ဝဲ °ဝ▵ | ၁၈ိ ၃။းဝဲ •ဝ▵ |
| အသက်(၄၀)က(၅၀)ထိ .... | ၁၆ိ ၆။း •ဝ▵ | ၂၀ိ ၂ °ဝ▵ |
| အသက်(၅၀)က(၆၀)ထိ .... | ၁၇ိ ၂။းဝဲ ၄ •▵ | ၂၀ိ ၃။းဝဲ ၄ •▵ |
| အသက်(၆၀)က(၇၀)ထိ .... | ၁၆ိ ၂။းဝဲ ၅ °▵ | ၂၁ိ ၆။းဝဲ |
| အသက်(၇၀)ကအထက် .... | ၁၆ိ ၄။း | ၂၁ိ ၆။းဝဲ |
| ပေါင်း | | |
| ဆရာတဦးအလိုအားဖြင့် အသက်(၁၆)နှစ်က(၂၀)ထိ .... | ၁၄ိ ၃။းဝဲ ၄ •▵ | ၁၄ိ ၂။းဝဲ ၅ °▵ |
| အသက်(၂၀)က(၃၀)ထိ .... | ၁၅ိ ၃။း ၁ •▵ | ၁၅ိ ၇။းဝဲ ၂ •▵ |
| အသက်(၃၀)က(၄၀)ထိ .... | ၁၅ိ ၅။း | ၁၆ိ ၅။း ၂ °▵ |
| အသက်(၄၀)က(၅၀)ထိ .... | ၁၆ိ ဝဲ | ၁၅ိ ၂။း |
| အသက်(၅၀)က(၆၀)ထိ .... | ၁၆ိ ၅။းဝဲ | ၁၂ိ ဝဲ °ဝ▵ |
| အသက်(၆၀)က(၇၀)ထိ .... | ၁၂ိ ၂။းဝဲ | ၁၈ိ ၆။း ၂ •▵ |
| ပေါင်း | | |

| နှလုံးတွင် သွေးကူးပေါက်၏ အဝန်းအတိုင်း အထွာပမာဏစာရင်း | အကြီး | အလတ် | အငယ် |
|---|---|---|---|
| နှလုံးသား ဝဲယာအခန်း ၂-ခု တွင် လကျ်ာဘက် အထက် အခန်းနှင့် အောက် အခန်း သွေးကူးသည့် အပေါက်၏ အဝန်း လက်သစ် .... .... .... .... .... .... | ၅ ၂/၃ | ၅ ၁/၂ | ၅ ၁/၃ |
| ၎င်းလက်ဝဲဘက် အခန်း ၂-ခု သွေးကူးပေါက်၏ အဝန်းလက်သစ် .... .... .... .... | ၆ ၂/၃ | ၅ | ၄ ၁/၂ |
| အဆုတ်ကိုသွားသည့် နှလုံး၏ လကျ်ာဘက် အောက်ကန့်၏ အပေါက်ဝန်း .... .... | ၄ ၁/၃ | ၃ ၅/၆ | ၁/၂ |
| လက်ဝဲဘက် အောက်အခန်းမှ ကိုယ်ကိုပျံ့နှံ့သော သွေးကြောကြီးသို့ ထွက်သည့် အပေါက်ဝန်းလက်သစ် .... .... .... | ၄ | ၃ ၅/၆ | ၄ ၁/၃ |
| ပေါင်း | | | |

| ဆရာတဦးအလိုအားဖြင့်ကား | မိန်းမ | ယောကျ်ား |
|---|---|---|
| အသက်(၂၀)က(၆၀) အတွင်း၌ နှလုံး၏ လကျ်ာဘက် အခန်းနှစ်ခုအကြား ကန့်၏ အပေါက်ဝန်းလက်သစ် .... .... .... | ၅ ၁/၃ | ၆ ၁/၂ |
| ၎င်းလက်ဝဲဘက်အကန့်၏ အပေါက်ဝန်း လက်သစ် .... .... .... .... .... | ၅ ၂/၃ | ၅ ၁/၆ |
| ၎င်း လကျ်ာဘက် အောက်အခန်းမှ အဆုတ်သို့ သွားသော သွေးကြောပေါက် အဝန်း လက်သစ် .... .... .... .... | ၄ ၁/၂ | ၄ ၁/၃ |
| ၎င်းလက်ဝဲအောက်အခန်းမှ ကိုယ်ကိုသွားသောသွေးကြောပေါက်အဝန်းလက်သစ် | ၄ ၂/၃ | ၄ |
| ပေါင်း | | |

## အသည်း၌ ဝဏ္ဏစသော ၅-ပါး

အသည်းသည် အနီအဖြူရောသော စဉ်းငယ်နီသောအဆင်း၊ ကြာနီပွင့် အတွင်းဖက်ကျောအဆင်း အရင်း၌တခုတည်း၊ အဖျား၌နှစ်ခု၊ ပင်လယ်ကသစ်ရွက် သဏ္ဍာန်၊ အလယ်တွင် ကွဲသော ယောက်သွားခုံ သဏ္ဍာန်လည်း ဟူ၏၊ မိုက်သောသူ၏ အသည်းကား—အကွဲမရှိတခုတည်း ကြီး၏၊ လိမ္မာသောသူ၏အသည်းကား—နှစ်ခုသုံးခုကွဲ၏၊ ငယ်၏၊ သားမြတ်နှစ်ခုတို့၏အကြား လက်ျာနံပါးတွင်းကို မှီ၍တည်၏၊ အသည်း၏ ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။ ။ဤကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမီကျမ်း၌ကား— အသည်းသည် နီကြန်ကြန် အဆင်းရှိ၏၊ အညှာရင်းတခုတွင် နှစ်ခုကွဲယောင်ရှိ၏၊ လက်ျာဘက်ပိုင်းသည် ကြီး၏၊ ငယ်သောလက်ဝဲဘက်အပိုင်းသည် အစာသစ်အိမ်ပေါ်၌ ဘိကပ်လျက်ရှိ၏၊ သို့သော်လည်း အသည်းနှင့် အစာသစ်အိမ်အကြားတွင် အမြှေးသည် ခြားလျက်ရှိ၏၊ နှလုံးမှထွက်သောသွေး၏ ပျံ့နှံ့ရာဖြစ်သော အကြောကြီး၊ နှလုံးသို့သွေးပြန်၍ ဝင်ရာသော အကြောကြီးတို့မှ အညှာထွက်၍ အကြောငယ်အများ ပေါင်းစုပြီးလျှင် အသည်းဖြစ်၏၊ ဤအသည်းသည်လည်း လက်ျာနို့အောက်နိမ့်ရာမှ ရင်ရိုးနှင့်မဆက်သော အထက်မှ တဆဲ့တခုမြောက် နံရိုးရောက်၊ ရှေ့ဘက်ကို ရင်ညွန့်ရိုးအထက် အဆက်ရောက်၊ ဤသုံးထောင့်ပုံအတွင်း၌တည်၏။

## အရွယ်ရောက်ပြီးသောသူ၏အသည်း အလျား, အနံ, ထု, အချိန် ပမာဏဇာလျားပုံ

| အရွယ်ရောက်ပြီးသောသူ၏အသည်းအလျား၊ အနံထုအချိန်ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အသည်းလွှားစွန်းတဘက်မှအလွှားစွန်း တဘက်ရောက် ဝဲယာလက်သစ် .... .... | ၃၅ ၁/၄ | ၂၀ |
| အသည်း၏ ရှေ့နောက်ထုလက်သစ် .... | ၃ | ၃၀ ၁/၄ |
| အထက်အောက်လက်သစ် .... .... .... | ၄ ၂/၄ | ၄ ၂/၄ |
| လက်သစ်ဿနတုံးပေါင်း .... .... ... | ၄၉၇ ၃/၈ | ၆၉၆ ၁/၈ |
| ပေါင်း | | |
| အလျားအနံ ထုတသစ်ရှိသော တုံးကို လက်သစ်ဿနတုံးခေါ်သည်။) .... .... | | |
| အသည်းချိန် .... .... .... .... | ၀၇၅ူး | ၁။ ၃ |
| ဆရာအချို့အလိုအားဖြင့်ယောက်ျား ၂၀ ယောက်တို့၏အသည်းကိုချိန်ရာ .... .... | ၀၄၀ | ၁။ ၃၅ူး |
| မိန်းမ ၁၆-ယောက်တို့၏အသည်းကိုချိန်ရာ | ၇၀ | ၀၇ ၅ူး |
| ပေါင်း | | |

ဆရာအချို့တို့၏ အယူအားဖြင့် အသည်းသည် အငယ်ဆုံးအချိန် (၅၆) ကကို ၁၁၂ တိုင်အောင်ရှိတတ်၏ဟု ဆို၏။ ။အသည်းသည် များသောအားဖြင့် လူကိုယ်တခုလုံး အလေး၏ သုံးဆဲ့ခြောက်ပုံ တပုံ ရှိ၏။

---

### အမြေး၌ ဝဏ္ဏစသော ၅-ပါး

အမြေး ဟူသည်ကား—ဖုံးလွှမ်းသော အမြေး, မဖုံးလွှမ်းသော အမြေး နှစ်မျိုးဖြစ်သော မြေးရှုက်တတ်သော အသားမျိုးတည်း၊ နှစ်မျိုး လုံးပင် ဖြူသော အဆင်းရှိ၏၊ ဘီသွာလျှော်ကိုယက်သော ပုဆိုးဖြူကြမ်း အဆင်းရှိ၏၊ မိမိတည်ရာအရပ်နှင့် တူသောသဏ္ဌာန်လည်း ရှိ၏၊ ဖုံးလွှမ်း

တတ်သော အမြေးသည် ချက်၏အထက်အရပ်၌ ဖြစ်၏၊ မဖုံးလွှမ်းတတ်သော အမြေးသည် ချက်၏ အောက် အထက် အရပ်နှစ်ပါးတို့၌ ဖြစ်၏၊ ဖုံးလွှမ်းတတ်သော အမြေးသည် နှလုံးသားနှင့် အညှို့ကို ဖုံးလွှမ်း၍ မဖုံးလွှမ်းတတ်သော အမြေးသည် ကိုယ်အလုံး၌ အသားကို ဖုံးလွှမ်း၍ တည်၏၊ အောက်၌အသားဖြင့်, အထက်၌ အရေထူဖြင့်, ဘီလာ၌ အမြေးတို့၏ အဘို့အစုဖြင့် ပိုင်းခြားအပ်၏။

"ဒုကူလ ပိလောတိက ဝဏ္ဏံ"ဟူသော အဋ္ဌကထာပါဌ်ကို ဘွဲ့ဖြူပုဆိုး အဆင်းဟု-အနက်ပြန်ကြကုန်၏၊ ဝိဓုရအမတ်ကြီးကို သိကြားမင်းပူဇော်ခဲ့သည့် အပေါ်ရုံအဝတ်ကိုလည်း ဘွဲ့ဖြူဟုပင် အနက်ပြန်ကြ၏၊ အာဠွာဝကဘီလူး အပေါ်ရုံ အဝတ်ကိုလည်း ဘွဲ့ဖြူဟုပင် အနက်ပြန်ကြ၏၊ ထိုဆရာတို့ ပြန်ကြသော ဘွဲ့ဖြူအဝတ်သည် မည်ကဲ့သို့ အဆင်းရှိ၏ဟု နောက်သားတို့ မသိနိုင်၊ အချို့ကလည်း အဖြူဟူ၍ပင် ယူကြ၏၊ သိကြားမင်း၏ အပေါ်ရုံအဝတ်သည် မီးခိုးအဆင်း, မိုဃ်းတိမ်အဆင်းဟူ၍ ဝိဓုရဇာတ်တွင် ဆိုသည်။

ဒုကူလ မူကား-စိန်ချိန်သော ဘီသွာစေ့ထွက်သည့် သစ်ပင်ငယ်က လျှော်ကိုယက်သည့် အဝတ်ဖြစ်သည်၊ ပိလောတိကသဒ္ဒါလည်း ကြမ်းသော အဝတ်ကို ဟောသည်၊ ထို့ကြောင့် တံငါသားမွေးရာတွင် ဤဒုကူလမည်သော လျှော်ယက် ပုဆိုးကြမ်းနှင့်ခံသောကြောင့် ဒုကူလမည်ကြောင်းနှင့် သုဝဏ္ဏသာမဇာတ်၌ ဆိုသည်။ ။ခေါမသဒ္ဒါ, ဒုကူလသဒ္ဒါတို့သည် ဘီသွာလျှော်ကို ယက်သောအဝတ်ကို ဟောသည်၊ ဤဘီသွာစေ့ကို မြန်မာတို့ ရှေးအခါ နှမ်းကြပ်ခေါ်ကြသည်၊ ဥပမာသဒ္ဒါ, အတသီသဒ္ဒါ, ဥမာသဒ္ဒါတို့သည် ဤနှမ်းကြပ်ပင်ကို ဟောသည်။ ။ ဤဆိုခဲ့ပြီးသည်ကား-အဋ္ဌကထာတို့တွင် ဆိုသောစကားတည်း။

အနုတာဓိကျမ်း၌ကား-အဆုတ်, နှလုံး, အသည်း, သည်းခြေ, ပြည်အိတ်, သရက်ရွက်တို့သည် နံရိုး, ရင်ရိုးတို့ကို ကာရံသော ရင်ခေါင်းတွင်း၌ တည်ကြကုန်၏၊ ဤနံရိုး, ရင်ရိုးတို့၏အောက် ဝမ်းခေါင်းတွင်း၌ အစာသစ်အိမ်, အူ, ကျောက်ကပ်, ဆီးအိမ်, စည်ပေါင်း, အစာဟောင်း အိမ်တို့သည် တည်ကြကုန်၏၊ ဤရင်ခေါင်းတွင်း၌ တည်သော ဝတ္ထုတို့နှင့် ဝမ်းခေါင်းတွင်း၌ တည်သောဝတ္ထုတို့၏အကြား အစာသစ်အိမ်၏ အထက်၌

ကန့်ကွက်ပိုင်းခြားသော အမြှေးထူမျိုး၊ ဤကိုယ်အလုံးကို ဖုံးအုပ်သော အခေါက်ထူသော အောက်၌တည်သော အမြှေးထူမျိုး၊ နွားအစရှိသော တိရစ္ဆာန်တို့၌ရှိသော ဤအမြှေးထူမျိုးကို ယူ၍ စက္ကူလုပ်ပြီးလျှင် မြင့်ရှည်ခိုင်ခံ့စွာ တည်စေလိုသော စာများကို အနောက်တိုင်းပြည်တို့၌ ရေးသားကြကုန်၏။

အစာသစ်အိမ်၌တွယ်၍ အူအလုံးစုံကို ရှေ့မျက်နှာဘက်က ဖုံးအုပ်သော အမြှေးထူမျိုး၊ အသားတုံးတို့၏ ပြင်ပတ်လည်အတွင်းတို့၌ ပတ်ထုပ်ကန့်ကွက်သော အမြှေးမျိုး၊ အရိုးတို့၏ ပြင်ပတ်လည်၌ဒငင်း, ခြင်ဆီကိုဒငင်း ပတ်ထုပ်သော အမြှေးမျိုး၊ နှလုံး,အသည်း,သရက်ရွက်,သည်းခြေ, ပြည်အိတ်,အဆုတ်,နှပ်,တံတွေး,ချွေး,ဆီကြည်, ဗဒ္ဓသည်းခြေ,ပြည်တို့ ဂည်ရာအိတ်ဖြစ်သော အမြှေးမျိုး၊ လည်ချောင်းပေါက်, နှလုံး, အစာသစ်အိမ်,အူ,နားတွင်း, နှာခေါင်းတွင်း, ပစပ်တွင်းတို့၌ရှိသော တံထွေး,နှပ်,သွေးတို့ကို ကာဆီးသောအမြှေးမျိုး၊ မျက်လုံး,ဦးနှောက်တို့ကို ပတ်ထုပ်သော အမြှေးမျိုးဟူ၍ အမြှေးတို့သည် အမျိုးမျိုးရှိကြကုန်၏၊ ထိုအမြှေးမျိုးတို့၏ တည်နေပုံကို ထိုအမြှေးတို့နှင့်ဆိုင်သော ကောဋ္ဌာသတို့ကို ဆိုရာ၌ ကြည့်ရှုမှတ်သားအပ်ကုန်၏။

---

## အဖျဉ်း၌ ဝဏ္ဏစသော ၅-ပါး

သရက်ရွက်ဟူသည် အစာသစ်အိမ်၏ လျှာသဘွယ်ဖြစ်သော အသားတုံးတည်း၊ ညိုးသောကြောင်ပန်းပွင့်ကဲ့သို့ ညိုသောအဆင်း အလျားခုနစ်သစ် ပမာဏရှိ၏၊ အညှာအဘွဲ့မရှိသော နွားနက်ငယ်သဏ္ဍာန်၊နှလုံး၏လက်ဝဲနံပါး၌ အစာသစ်အိမ် အထက်ပိုင်းကို မှီ၍တည်၏၊ ထိုးခုတ်ပုတ်ခတ်မိ၍ ဤသရက်ရွက်ပြင်သို့ ထွက်သည်ရှိသော် သတ္တဝါသည် သေ၏၊ သရက်ရွက်၏ ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။ ။ဤကား— အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

[တွဲလျားကျသော အသားပျဉ်းဖြစ်၍ သရက်ရွက်ကို ရှေးအခါ အဖျဉ်းဟုခေါ်သည်၊ သရက်ရွက်နှင့် တူသောကြောင့် နောက်အခါ သရက်ရွက်ဟု ခေါ်သည်။]

အနာတမီကျမ်း၌ကား— သရက်ရွက်ဟူသည် မီးခိုးကဲ့သို့ ညိုသော အဆင်း, နူးညံ့သော အလျားရှည်သဏ္ဍာန်၊ အထက်ဆုံး နံရိုးအောက်

ခြောက်ခုမြောက်သော နံရိုးမှစ၍ အောက်ကိုတမိုက်တိုင်အောင် လက်ဝဲနံပါးအတွင်း အစာသစ်အိမ်၏ လက်ဝဲဘက် အထက်ပိုင်းကို ဘိကပ်လျက် လူ့ကိုယ်၏အထက်အောက် အလျားလိုက်တည်၏၊ နှလုံးသို့ အထွက်အဝင် သွေးကြောကြီးတို့မှ ထွက်သော သွေးကြောအများ ပေါင်းစုရုံဖြစ်သော ဝတ္ထုဖြစ်၍ ဤနှလုံးသို့အထွက်အဝင် သွေးကြောကြီးနှစ်ခုတို့၌ အညှာဖြင့် တွယ်ကပ်လျက်တည်၏၊ ထိုးခုတ်မိ၍ ဤသရက်ရွက်ထက်ဝက်ခန့်မျှလောက်သာထွက်လျှင် ဆေးကုနိုင်၏၊ အကုန်ထွက်လျှင် လူတို့သည် သေ၏၊ တိရစ္ဆာန်တို့မူကား–အချို့သေ၏၊ အချို့မသေ။

## သရက်ရွက်ဟူသော အဖျဉ်း၏အလျားအနံ ထုချိန်ပမာဏဇာလျားပုံ

| သရက်ရွက်၏အလျား၊ အနံ၊ အချိန် ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အလျားလက်သစ် .... .... .... | ၆ ၂/၃ | ၈ |
| အနံလက်သစ် .... .... .... | ၄ | ၅ ၁/၃ |
| ထုလက်သစ် .... .... .... | ၁ ၁/၃ | ၂ |
| လက်သစ်ဃနတုံး .... .... .... | ၃၅ ၅/၉ | ၈၆ ၂/၃ |
| အချိန် .... .... .... .... | ၇ ၃မူး ၁ပဲ | ၁၂ ၂မူး ၁ပဲ |
| အချို့ဆရာအလိုအားဖြင့်အချိန် .... | ၇ | ၁၇ ၅မူး |
| ပေါင်း | | |

သရက်ရွက်သည် ကိုယ်အလုံး အချိန်ပမာဏ၏ (၁/၃၂၀) သုံးရာ့နှစ်ဆယ်ပိုင်းတပိုင်း၊ အချို့ဆရာ အလိုအားဖြင့်(၁/၄၈၀)လေးရာပိုင်းတပိုင်း၊ အချို့ဆရာအလိုအားဖြင့် (၁/၇၆၀)ခုနစ်ရာပိုင်းတပိုင်း ရှိ၏။

---

## အဆုတ်၌ ဝဏ္ဏစသော ၅–ပါး

အဆုတ်ဟူသည် အသားတုံးငယ် သုံးဆဲ့နှစ်ခုစုသော အသားတုံးကြီးတခုတည်း၊မှည့်စသဖန်းသီးကဲ့သို့ နီသောအဆင်း၊မညီမညွတ် ပြတ်သော

မှဲ့ဆီကြော်, မုံ့ပျားသလက်သဏ္ဍာန်၊ အင့်ုနီခဲကျိုး အပုံအစုသဏ္ဍာန်လည်း ဟူ၏၊ အတွင်း၌ စားသောက်အပ်သော အရည်အဖတ်တို့၏ မရှိခြင်းကြောင့် ထက်သော ကမ္မဇတေဇောဓာတ်အပူဖြင့် နှိပ်စက်အပ်သောကြောင့် တိရစ္ဆာန်တို့ ဝါးဖတ် ကောက်ရိုးစုကဲ့သို့ အရသာ သြဇာမရှိ၊ ကိုယ်၏အတွင်း သားမြတ်နှစ်ခုတို့၏ အကြား နှလုံးသားနှင့်အသည်းကို ဖုံးအုပ်လျက် တွဲလျားတည်၏၊ အဆုတ်၏ ပတ်လည်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။

[အချို့သူတို့က ဤပဌ္ဌါသကို ကုလားအုန်းဆောင်းထပ်ဟု–အနက်ပြန်ကြကုန်၏၊ စမြုံ့ပြန်နိုင်သော တိရစ္ဆာန်မျိုးတို့တွင်သာ ကုလားအုန်းဆောင်းထပ်ရှိသည်၊ ကုလားအုန်းဆောင်းထပ်မရှိသော လူစသောသတ္တဝါတို့ကား– စမြုံ့မပြန်နိုင်ကုန်၊ စမြုံ့ပြန်နိုင်သော တိရစ္ဆာန်တို့မှာသာ အဆုတ်နှင့်ကုလားအုန်းဆောင်းထပ် နှစ်မျိုးပင် ရှိသည်ဖြစ်၍ ဤစကားကို မမှတ်အပ်။]

ဤကား–အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား–လျှာခင်နောက်၌ လည်ချောင်းပေါက် သုံးခုတို့တွင် ရှေ့ဖြစ်သော ရင်ဘတ်ဘက်သို့သွားသော ပြွန်ပေါက်သည် မြူတိုင်းပွင့်သဏ္ဍာန် နှစ်ဆင့်ဖြစ်၏၊ အတွင်းကတော့ပြွန်သည် လျှာရင်းအောက် အမြဲဘွယ်လျက်တည်၏၊ အတွင်းကတော့ ပြင်ဘက်က ပတ်သော ပြင်ကတော့သည် ရေအစာတို့ကိုမျိုလျှင် ရင်ဘတ်သို့သွားသော ပြွန်ခေါင်းတွင်းသို့ ရေအစာမဝင်ရအောင် အထက်သို့တက်၍ ပိတ်ပြီးလျှင် အောက်သို့သက်၏။

ဤကတော့ပြွန်နှစ်ဆင့်တို့တွင် ပြင်ကတော့ဝ၏အနား လည်ဘင်းတွင် ဖုလျက်နေသည်ကို ပြင်ဘက်ကပင် မြင်နိုင်၏၊ လက်နှင့်စမ်းလျှင် မာမာတွေ့၏၊ အရိုးနုဖြစ်၏၊ ရင်ဘတ်၏ပြင်ဘက်၌ ဤအရိုးနုကတော့ပြွန်သည် ရင်ဘတ်တွင်းသို့ရောက်လျှင် ပြော့သောအမြေးပြွန်နှစ်ခု ဝဲယာကွဲ၍ အရွက်မရှိ အသီးငယ် အများရှိသော သစ်ကိုင်းကြီးနှစ်ခုကဲ့သို့ အဆုတ်နှစ်ခုဖြစ်သဖြင့် နှလုံး, ပြည်အိတ်, ဗဒ္ဓသည်းခြေအိတ်,အသည်း, သရက်ရွက်ကို ဖုံးအုပ်လျက် နံရိုး,ရင်ရိုးအတွင်း အပြည့်တည်၏။

ဤအဆုတ်နှင့် အစာသစ်အိမ်, အူတို့အကြား ထူသောအမြေးဖြင့် ပိုင်းခြားလျက်ရှိ၏၊ နှလုံးမှ အထွက်အဝင်ဖြစ်သော သွေးကြောကြီးတို့မှ

ဖြာသောသွေးငယ်တို့သည် အမြွေးအိတ်ငယ်အများဖြစ်၍ ပေါင်းစုတည် ကြသော ဝတ္ထုဖြစ်၏၊ အရွယ်ရောက်သောသူ၏ ဤအဆုတ်ဟူသော အ မြွေးအိတ်ငယ်တို့ကို ဖြန့်၍တောင်လျှင် အလျားဆယ်တောင်, အနံဆယ် တောင်ခန့်ရှိ၏၊ အသက်ရှူသောလေသည် ဤအဆုတ်တွင်းသို့ ဝင်ပြီးမှ ထွက်၏၊ ဤအဆုတ်ဖြင့် သတ္တဝါတို့သည် အသက်ရှူကုန်၏၊ ဤအဆုတ် တွင်း၌ လေချိန် တပိဿာကျော်ခန့် ရှိ၏၊ အသက်ရှူရာ ထွက်ဝင်သော လေတို့မူကား—အချိန်သုံးဆယ်ခန့်သာ ရှိ၏။

မိန်းမတို့မှာ ယောကျ်ားတို့အောက် အဆုတ်ငယ်၏၊ မျက်စိ၏အနီး အပါးသို့ တစုံတခုသော ဝတ္ထုရောက်လျှင် အထက်မျက်ထောက်သည် မှိတ်သကဲ့သို့ အစားအသောက်ကို မျိုမည်အားထုတ်လျှင် ကတော့နှစ် ထပ်ပြွန်၏ ပြင်ဘက်ကတော့သည် ရင်ဘတ်တွင်းအဆုတ်သို့ မသွားရ အောင် တက်၍ပိတ်သည်ကာလ အစာသစ်အိမ်သို့သွားသော ပြွန်ခေါင်း နှင့်တူသော အပေါက်သို့ဝင်ပြီးလျှင် အစာသစ်အိမ်သို့ သွား၏။

သတိမထား အမှတ်မဲ့ ခံတွင်း၌ ငုံထားသော ဝတ္ထု တစုံတခု ဤ ကတော့မပိတ်မိဘဲ အဆုတ်ပြွန်ခေါင်းသို့ဝင်လျှင် ပြင်းထန်စွာချောင်း ဆိုး၍ အခန့်သင့်လျှင် ထွက်၏၊ အခန့်မသင့်၍ မထွက်သော်လည်း ဝင် သောဝတ္ထု ပြော့ပြော့ဖြစ်လျှင် တဖြည်းဖြည်းကြေ၍ ပြစ်သောအရည် ဖြစ်ပြီးလျှင် ထွက်၏၊ မာသောဝတ္ထုဖြစ်မူကား—မထွက်ဘဲ ချောင်းဆိုး နာစွဲပြီးလျှင် သေတတ်သည်၊ ထို့ကြောင့် ကွမ်း ထမင်း အစရှိသော ဝတ္ထုကိုစားလျှင် စကားမပြော, အခြားကိုအာရုံမပြု, သတိထား၍မျိုရ မည်၊ မာသောဝတ္ထုများကိုလည်း ခံတွင်း၌ငုံ၍ မထားရာ။

**အဆုတ်၏အချိန်ပမာဏဇာလျားပုံ**

| အဆုတ်၏အချိန်ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| ယောကျ်ား၏ လကျ်ာဘက် အဆုတ်ချိန် | .... | ၄ပ |
| ၎င်းလက်ဝဲဘက်အဆုတ်ချိန် .... .... | .... | ၃ဗိ ၇ပြား ဝဲ |
| မိန်းမ၏လကျ်ာဘက်အဆုတ်ချိန် .... | .... | ၂ဗိ ၇ပြား ဝဲ |
| ၎င်းလက်ဝဲဘက်အဆုတ်ချိန် .... | .... | ၂ဗိ ၂ပြား ဝဲ |
| ပေါင်း | | |

| အဆုတ်၏ အချိန်ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
| --- | --- | --- |
| ယောကျ်ားတကိုယ်လုံး၏အချိန် | ၃၇-ပုံ၁-ပုံ | .... |
| မိန်းမတကိုယ်လုံး၏ အချိန် | ၄၃-ပုံတပုံ | ရှိမြဲ |
| အချို့ဆရာအလိုအားဖြင့် အဆုတ် ၂ ဘက်လုံး အချိန် .... .... | ၅၅ ၂။း | ၆ ၅။း |
| အချို့ဆရာအလိုအားဖြင့်ရင်းအချိန် .... | ၆၃ | ၇၃ ၅။း |
| ပေါင်း | | |

လူတကိုယ်လုံး အချိန်(၁/၄၅)သုံးဆဲ့ငါးပိုင်း တပိုင်းက (၁/၅၀)ငါးဆယ်ပိုင်းတပိုင်းရှိ၏ဟု—ဆို၏။

(ဟာဒယံအစ ကျ်ပဌ္ဌါသတိုင်အောင်သော ကောဋ္ဌာသ ငါးခုတို့ကို ပဌ္ဌါသပဥ္စက ခေါ်သည်။)

**ပဌ္ဌါသပဥ္စက ကမ္မဋ္ဌာန်းပြဆိုခဏ်း ပြီး၏။**

# မဇ္ဈလုဂ်ပဋ္ဌက ကမ္မဋ္ဌာန်း ပြဆိုခဏ်း

## အအူဠ် ဝဏ္ဏစသော ၅-ပါး

ယောကျ်ားတို့၏အူ သုံးဆဲ့နှစ်တောင်၊ မိန်းမတို့၏အူ နှစ်ဆဲ့ရှစ်တောင်၊နှစ်ဆဲ့တပါးသော နေရာတို့ဌ် အတွန့် အကွေ့ရှိသော ကျောက်ဖြူမှုန့်အင်္ဂတေအဆင်း၊နီသောသစ်သားခွက်တွင်းဌ် စုပုံ၍ထားအပ်သော ဦးခေါင်းမရှိသော မြွေသဏ္ဍာန်၊လည်ချောင်းပေါက်မှ ဘင်ဝတိုင် တွယ်ကပ်၍ ကိုယ်တွင်းဌ်တည်၏၊ အူ၏ ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။ ။ ဤကား—အဌကထာ ဋီကာတို့တွင် ဆိုသော စကားတည်း။ ။ဤအဌကထာအလိုသော် ရေအစာဝင်သော လည်ချောင်း, အစာသစ် အိမ်အလုံးစုံတို့သည် အူဌ် ပါဝင်သည် ဟူလို၏။

အနာတမီကျမ်းဌ်ကား—အူသည် အစာသစ်အိမ်၏ လကျ်ာဘက်အပေါက်မှစ၍ လကျ်ာဘက်သို့ သွားသည့်အူ အတိုဆုံး တမိုက်ငါးသစ်နှင့် သုံးပိုင်းတပိုင်း၊ ရှည်သောအူဖြစ်လျှင် နှစ်မိုက်ရှိသော ပဌမပိုင်း၊ ထိုနောက် လက်ဝဲဘက်သို့ အတွန့်အတွန့် ပြန်ခေါက်သည့်အူ အတိုဆုံး ငါးတောင် တသစ်နှင့် ငါးပိုင်းသုံးပိုင်း,ရှည်သောအူဖြစ်လျှင် ငါးတောင် တမိုက် တသစ်နှင့် ငါးပိုင်း သုံးပိုင်းရှိသော ဒုတိယပိုင်း၊ ထိုနောက် တဘက်က တဘက်သို့ အခါခါပြန်ခေါက်သည့်အူ အတိုဆုံးခုနစ်တောင် တမိုက် ခြောက်သစ်နှင့် ငါးပိုင်းနှစ်ပိုင်း,ရှည်သောအူဖြစ်မူ ခုနစ်တောင် နှစ်မိုက်ရှိသော တတိယပိုင်းဟူ၍ အူငယ်ဌ် သုံးပိုင်းရှိ၏၊ ဤသုံးပိုင်းတို့တွင် ပဌမပိုင်း၏ အချင်းနှစ်သစ်ကကို နှစ်သစ်နှင့် သုံးပိုင်း နှစ်ပိုင်းတိုင်ရှိ၏၊ဒုတိယပိုင်း၏ အချင်း နှစ်သစ်, တတိယပိုင်း၏အချင်း တသစ်နှင့် သုံးပိုင်းနှစ်ပိုင်းရှိ၏၊ အူငယ်၏ တတိယပိုင်း အဆုံးတွင် အူမကြီးနှင့် စပ်ကြ၏။

ထိုအူမကြီးသည် ဝမ်း၏ လကျ်ာဘက် အူငယ်နှင့်စပ်သည့် နေရာအောက် အူမကြီးအရှည် သုံးသစ်နှင့်သုံးပိုင်းနှစ်ပိုင်းရှိသော ပဌမပိုင်း၊ ၎င်းအူမကြီးသည် အူငယ်နှင့် စပ်သည့်နေရာမှ ဝမ်း၏ လကျ်ာဘက် အထက်သို့တက်၍ အူငယ်တို့၏ အထက် အစာသစ်အိမ်အောက် ရှေ့မျက်နှာဘက်က ရင်ဝကိုဖြတ်၍ ဝမ်းပိုက်၏ လက်ဝဲဘက်ကို ကူးသန်း

သွားသည့် အူမကြီး အရှည် နှစ်တောင် နှစ်မိုက် လေးသစ်နှင့် သုံးပိုင်းနှစ်ပိုင်းကကို သုံးတောင် နှစ်မိုက် နှစ်သစ်တိုင်အောင် ရှိသော ဒုတိယပိုင်း၊ အူမကြီး ဒုတိယပိုင်းနှင့် ပဥ္စမပိုင်းသည် ထူထဲ၏၊ ဆင်ရေကဲ့သို့ အတွန့်အတွန့်ရှိ၏။

အူမကြီး၏ ပဥ္စမပိုင်းအောက်၌လည်း အရှည်တသစ်နှင့် သုံးပိုင်းတပိုင်း၊ အလုံးလက်ညှိုးခန့် အဖျားကစွတ်လျက် တွဲလျားကျသော အူငယ်တခုလည်း ရှိ၏၊ ဤအူမကြီး ဒုတိယပိုင်းအဆုံး ဝမ်း၏ လက်ဝဲဘက်မှသည် ကျော,မီးညှောင်းရိုးတို့ အတွင်းကိုကပ်၍ ဘင်ဝတိုင်အောင်အောက်သို့ဆင်းသွားသော အရှည်တမိုက်ကကို တမိုက် နှစ်သစ်နှင့် သုံးပိုင်းနှစ်ပိုင်းတိုင်ရှိသော အူမကြီး၏ တတိယပိုင်းဟူ၍ အူမကြီး၌လည်းသုံးပိုင်းရှိ၏၊ ဤအူမကြီး၏ တတိယပိုင်းကား အတွန့်အရှုပ်မရှိ၊ ဤအူမကြီး တတိယပိုင်းကိုပင် အစာဟောင်း အိမ်ဟု- အဋ္ဌကထာတို့တွင်ဆို၏၊ ဤအူငယ်သုံးပိုင်း,အူမကြီးသုံးပိုင်းတို့ကို ပေါင်းလျှင် တိုသောအူဖြစ်အံ့၊ တဆဲ့ခုနစ်တောင် နှစ်သစ်၊ ရှည်သောအူဖြစ်အံ့၊ တဆဲ့ခုနစ်တောင် တမိုက် လေးသစ် ရှိ၏။

ဤသို့ဆိုခဲ့ပြီးသည်ကား များသောအားဖြင့် ရှိတတ်သော လူတို့၏အူ အရှည် အချင်းပမာဏတည်း၊ အူသည် လူတို့၏အရပ် ငါးပြန်ကကို ရှစ်ပြန်တိုင်အောင် ရှိတတ်သောကြောင့် အရပ်လေးတောင်ရှိသော လူတို့၏အူသည် အရှည်သုံးဆဲ့နှစ်တောင် ရှိ၏၊ အူငယ်တို့သည် မြေကြီး၌ တီတို့သည် ထွေး၍ဟည်သကဲ့သို့ အတွန့်အတွန့် ထွေးရှုပ်၍ တည်၏၊ ကြိုးကဲ့သို့ အဖွေမဟုတ် အမြွေးလေးထပ်ရှိ၏ဟု ဆို၏၊ သုသုတစသော ဆေးကျမ်းတို့၌ကား ယောကျ်ားတို့၏ အူ သုံးလံနှစ်တောင်၊ မိန်းမတို့၏ အူ သုံးလံရှိသည်ဟု ဆိုကုန်၏။

[ဇင်းမယ်မြို့နေ ယွန်းဘုန်းကြီးတို့ ရေးသားသော စာတွင်ကား ပေက်ကောက်ဝတ်မှ လက်ဖျားဆုံးအောင်ကို ဟတ္ထသဒ္ဒါ ဟောသောကြောင့် အူ၏အရှည် ဒွတ္တိံသဟတ္ထာ၌ လက်ကောက်ဝတ်မှ လက်ဖျားဆုံးတိုင် ပမာဏဖြင့် သုံးဆဲ့နှစ်ပြန်တိုင်းရမည်ဟု ဆို၏၊ ထိုစကားကို အရပ်ရပ်ကျမ်းဂန်တို့နှင့် မညီသောကြောင့်ရင်း၊ ဟတ္ထသဒ္ဒါသည် ပခုံးစွန်းမှ လက်ဖျားကုန်တိုင်အောင် ဟူသောအနက်, လက်ကောက်ဝတ်မှ လက်ဖျားဆုံးတိုင်အောင် ဟူသောအနက်, အတောင်ဟူသော အနက်,နက္ခတ်

အထူးဟူသော အနက်တို့ကို ဟောပြောသော်လည်း ဒွိတ္တိသဟူသော သင်္ချာသဒ္ဒါ မလျက်ရှိသောကြောင့်ရင်း, ဤအရာ၌ အတိုင်းပမာဏ ဖြစ်သော အတောင်ကိုသာ ဟောသောကြောင့်ရင်း မယူအပ်၊ အဋ္ဌကထာတို့တွင် ယောကျ်ားတို့၏ အူအရှည် သုံးဆဲ့နှစ်တောင် ဆိုသော စကားသည် ရှေးအခါ လူတို့၏ အရပ်လေးတောင် ပြည့်သည့်ကာလကို ရည်၍ ဆိုသည်ဟူ၍လည်း မှတ်ရမည်။]

## အူသိမ်၌ ဝဏ္ဏစသော ၅–ပါး

အူသိမ်ဟူသည် အူတွင်း၌ အစားအသောက်တို့မှ ဖြစ်သော ရသ မည်သောဓာတ်ကို စုတ်ယူတတ်သော အခေါင်းရှိသော အကြောမျိုးပင် တည်း၊ဖြူသောအဆင်းရှိ၏၊ မှော်မြစ်, ရေကညို့မြစ်တို့၏ အဆင်းသဏ္ဌာန်၊ ပေါက်တူး,ပေါက်ဆိန်အမှု အစရှိကုန်သော အကြမ်းအထမ်း လုပ်ကိုင်သောသူတို့၏ ပေါက်တူး, ပေါက်ဆိန် စသည်တို့ကို ဆွဲငင် ခုတ်ဖြတ်သောအခါ အူအတွန့်အပတ်စု မပျက်စီးရအောင် စက်ယန္တရား ပျဉ်ပြားကို စက်ကြိုးတို့ဖြင့် ဆိုင်းဘိသကဲ့သို့ ဆိုင်း၍ ခြေသုတ်ကြိုးဝန်း၏ အကြားအကြား၌ ချုပ်ထားသော အပ်ကြိုးကဲ့သို့ နှစ်ဆဲ့တချက်သော အူတွန့်တို့အကြား၌ တည်၏။

မြွေ့တွယ် ကပ်သကဲ့သို့ အူငယ် ပဋမပိုင်း မှစ၍ တွယ်ကပ်ကြပြီးလျှင် ဤအူသိမ် အကြောငယ်တို့သည် စုရုံး၍ ခါးရိုးအောက်စွန်းအထက် ငါးဆင့်မြောက် ခါးရိုး အနီးတွင် ငန်းတောင် အရင်းပိုင်းမျှလောက်ရှိသော အကြောကြီး တခုတည်း ဖြစ်၍ လက်ဝဲဘက်ပခုံးဖျား အနီးတိုင်အောင်တက်၍ လက်ဝဲလက်ဖျားမှနှလုံးသို့ဝင်ရအောင် ပြန်လာသော သွေးကြောတခုနှင့် ပေါင်းစုပြီးလျှင် အကြောတခုတည်း ဖြစ်ပြန်၍ နှလုံးတွင်းသို့သွား၏၊ ထို့ကြောင့်အစအဆုံး အူနှင့် နှလုံးတို့ဖြင့် ပတ်လည်ဝဲယာ အူသိမ်၏ အဆုံးတို့ဖြင့်ပိုင်းခြားအပ်၏ဟူ၍ ဆိုကုန်၏။

## အစာသစ်၌ ဝဏ္ဏစသော ၅–ပါး

အစာသစ်အိမ်၌တည်သော စားအပ်, ခဲအပ်,လျက်အပ်,သောက်အပ်သော ဝတ္ထုသည် အစာသစ်မည်၏၊ ဝါး၍မျိုအပ်, သောက်အပ်သော အစာသစ်နှင့်တူသော အဆင်းရှိ၏၊ရေစစ်၌ ဆန်ကိုထည့်၍ လျော့လျော့

ထုပ်သော သဏ္ဍာန်ရှိ၏၊ အစာသစ်အိမ်ဟူသော ဥဒရ၌ တည်၏၊ ဥဒရ မည်သည်ကား- အစွန်းနှစ်ဘက်၌ လိမ်၍ညှစ်အပ်သော ပုဆိုးစို၏ အလယ်၌ဖြစ်သော အဖောင်းကဲ့သို့သော အူ၏ဖေါင်းပွသော နေရာပင် တည်း၊ ဤအစာသစ်အိမ်၏ ပြင်သားကား-အချော၊ အတွင်းသား ကား-ပြုအပ်သော ပိန္နဲခံ၏ အတွင်းသားနှင့်တူ၏။

ထိုအစာသစ်အိမ်၌ သန်အစရှိသော သုံးဆဲ့နှစ်မျိုးသော ပိုးတို့သည် ရှုပ်ထွေးလျက် အစုအစု သွားလာကုန်သည်ဖြစ်၍ နေကြကုန်၏၊ ဤအ စာသစ်အိမ်၌ စားသောက်အပ်သော အရည်အဖတ်မရှိလျှင် ဤအစာ သစ်အိမ်၌ရှိသော အကြင်ပိုးတို့သည် မြည်တမ်းလျက်ခုန်၍ နှလုံးကိုထိ အောင် တိုက်ကြကုန်၏၊ အရည်အဖတ် စသည်ကိုစား၍ မျိုသည်ရှိသော် ထိုပိုးတို့သည် အထက်သို့ ခေါင်းမော့၍ ပဋမမျိုသော နှစ်လုပ်, သုံးလုပ် တို့ကို လုယက်စားသောက်ကြကုန်၏။

ထိုအစာသစ်အိမ်သည် ထိုပိုးတို့၏ မီးနေအိမ်,ကျင်ကြီးအိမ်,သုသာန် သဘွယ် ဖြစ်၏၊ ဒွန်းစဏ္ဍားဘို့၏ ရွာတံခါးအနီး ရွံ့အိုင်တွင် နွေလအခါ မိုးသည်းကြီး သည်းထန်စွာရွာ၍ အရပ်ရပ်အညစ်အကြေးတို့ကို တိုက်စီး သော ရေသည် ထိုအိုင်သို့ရောက်၍ နှစ်ရက်,သုံးရက် နေပူသဖြင့် ရေပူ၍ အမြှုပ်တစီစီ အလွန် စက်ဆုပ်ဘွယ်ပုပ်၍ ပိုးလောက်တို့ဖြင့် ပြည့်လျက် တည်သကဲ့သို့ အလွန်မွန်မြတ်သော အနံ့အရသာနှင့် ပြည့်စုံသော အစား အသောက်ပင် ဖြစ်သော်လည်း ခံတွင်း၌ သွားတည်းဟူသော ဆုံကျည် ပွေ့, လျှာတည်းဟူသော လက်တို့ဖြင့် ကြိတ်ထောင်းထိုးဆွ၍ တံတွေး ဖြင့် လိမ်းကျံလျက် သွေး, ပြည်, သလိပ်, သည်းခြေဟူသော အာသယ လေးပါးတို့ဖြင့် ရောနှော၍ ပိုးတို့ဖြင့်ပြည့်လျက် အစာသစ်အိမ်၌ ဝမ်းမီး ဖြင့် ပူသောကြောင့် အမြှုပ်တစီစီထွက်လျက် အလွန်မကောင်းသော အ နံ့, ဘောက်ပြန်သောအဆင်း, ချွေးအန်ဖတ်ကဲ့သို့ စက်ဆုပ်ဘွယ်သော အဖြစ်သို့ရောက်၍ အစာသစ်သည် တည်၏။

ဤအကြောင်းကို ကြားသော သူတို့ပင်သော်လည်း အစားအ သောက်တို့ကို နှစ်သက်ဘွယ်မရှိ၊ ပညာစက္ခုဖြင့် ကြည့်၍ကား-အဘယ် ဆိုဘွယ်ရှိအံ့နည်း၊ ဤအစာသစ်အိမ်၌ ရောက်သော အရည်အဖတ် တို့ကို ငါးပုံပုံ၍ တပုံကို ပိုးတို့စားကုန်၏၊ တပုံသည် ဝမ်းမီးကြောင့်

ကျွမ်းပျောက်၏၊ အရည်တပုံသည် ကျင်ငယ်ဖြစ်၏၊ အဖတ်တပုံသည် ကျင်ကြီးဖြစ်၏၊ တပုံသည် ချက်သောထမင်း၏ အရည်နှင့်တူသော ရသမည်သော ဓာတ်ဖြစ်၍ အသွေး,အသား အစရှိသော ဓာတ်ခုနစ်ပါးတို့ကို ပွါးစေကုန်၏၊ အစာသစ်အိမ်၏ အမြေးတို့ဖြင့် ပိုင်းခြားအပ်၏။ ။ ဤကား--အဋ္ဌကထာ ဋီကာတို့တွင် ဆိုသော စကားတည်း။

အနာတမီကျမ်း၌ကား — အစာသစ်အိမ်၏ အတွင်းဘက်အသားကား–ပိန္နဲသီးခွံကဲ့သို့ အဆူးထလျက်ရှိသော ပုဆိုးကြမ်းဟု-ခေါ်သော ဝတ္ထုတည်း၊ ဤအစာသစ်အိမ် အလွှာအထပ်တို့တွင် ပြင်ဆုံးသည် ချောသောအမြေးဖြစ်၏၊ ဤအမြေးအတွင်း အစာသစ်အိမ်ကို အလျားလိုက်သွားသော အသားမျှင်စု, ၎င်းအတွင်း၌ အစာသစ်အိမ်ကိုရစ်ပတ်သော အသားမျှင်စု, ၎င်းအတွင်း၌ ပိန္နဲဆူးကဲ့သို့ နူးညံ့သော ဆူးရှိသောအသားနုမျိုးတို့၌ အစာကို ကြေစေတတ်သော အရည်တို့သည် အမြေးအိတ်ငယ်တို့ဖြင့် တည်ကုန်၏၊ ဤအမြေးအိတ်စုနှင့် ဆူးပေါက်သော အသားနုတို့ကို အုပ်သော ပါးသော အတွင်းဆုံးအမြေးသည် ဖြစ်၏၊ဤအမြေးအိတ်ငယ်တို့မှ အရည်ထွက်ရန် ပြွန်ဝတို့သည်လည်း အတွင်းဆုံးအရေကို ဖောက်၍ အတွင်းဘက်သို့ အဝလှည့်၍ တည်ကြကုန်၏။

ဤအစာသစ်အိမ်သည် လက်ခုပ်သီးသဏ္ဌာန် ရှိ၏၊ လျှာခင်နောက် အစာဝင်သော ကျောကိုကပ်၍ သွားသောပြွန်သည် ရင်ဘတ်ကိုလွန်လျှင် လက်ခုပ်သီးသဏ္ဌာန် အစာသစ်အိမ် ဖြစ်၏၊ လက်ဝဲဘက်နို့အောက် နိမ့်ရာမှ အောက်ရင်ရိုးနှင့် မဆက်သည့် အထက်မှ တဆဲ့တခုမြောက် နံရိုးရောက်, ရှေ့ကိုရင်ညွန့်ရိုးအထက် အဆက်ရောက်, လက်ဝဲဘက် အဆုတ်၏ လကျာ်ဘက် ဝမ်းခေါင်းအတွင်း၌ ကန့်လန့်တည်၏၊ လည်ဘင်းမှသွားသော ပြွန်တံဟူသော အညှာသည် အစာအိမ်၏ အရင်းဖြစ်သော လက်ဝဲဘက်၌ ကပ်လျက်တည်၏။

အစာသစ်အိမ်၏ လကျာ်ဘက် အဖျားမှစ၍ အူသည်ဖြစ်၏၊ အရွယ်သို့ ရောက်သော ယောကျ်ား၏ အစာအိမ်သည် အချိန် ခုနစ်ကျပ်ခန့် ဝင်၏၊ ဗဒ္ဓသည်းခြေအိတ်, ပြည်အိတ်မှလာသော ပြွန်တံတို့သည်လည်း ဤအစာသစ်အိမ်သို့ ဝင်၏၊ အူနှင့်အစာသစ်အိမ်ကို ဖုံးအုပ်ရစ်ပတ်သော ထူသောအမြေးတို့သည် အစာအိမ်၏ ရှေ့ဘက်က ဖုံးအုပ်လျက်ရှိ၏၊

အသည်းအဆုတ်တို့အောက် ဤအစာသစ်အိမ်၏ အထက် အကြား၌ အပိုင်းအခြားဖြစ်သော ရင်ရိုး,နံရိုးတို့၏ အဆုံး၌ဝမ်းပိုက်နှင့်ရင်ခေါင်းကိုလည်း ပိုင်းခြားကန့်ကွက်သော ထူသော အမြှေးဖြင့်လည်းပိုင်းခြားကန့်ကွက်လျက် ရှိ၏။

**အစာသစ်အိမ်၏အလျား,အနံ, အချိန်ပမာဏဇာလျားပုံ**

| အစာသစ်အိမ်၏အလျား,အနံ,အချိန် ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အလျားလက်သစ် .... .... .... .... | ၁၅ ၁/၃ | ၁၂ |
| အစာသစ်အိမ်၏ အကြီးဆုံးဘက် | | |
| အချင်းလက်သစ်.... .... .... .... | ၅ ၁/၃ | ၉ |
| အချိန် .... .... .... .... .... | ၇ | ၇ ဂျူး ၀ဲ ၁/၄ |
| ပေါင်း | | |

ဤကာယဂတာသတိကမ္မဋ္ဌာန်း၌—

ယတ္ထ တက္ကောဋ္ဌကာ ဂဏ္ဍုပ္ပါဒကာ တာလဟီရကာ သူစိမုခကာ ပဋ္ဌတန္တုသုတ္တကာ ဣစ္စေဝမာဒိဒွတ္တိံသ ကုလပ္ပဘေဒါ ကိမိယော အာကုလဗျာကုလာ သဏ္ဍာသဏ္ဍစာရိနော ဟုတွာ နိဝသန္တိ။

ဟူ၍ တက္ကောဋ္ဌက,ဂဏ္ဍုပ္ပါဒက, တာလ ဟီရက, သူစိမုခက,ပဋ္ဌ—တန္တုသုတ္တက ဤသို့အစရှိသော ပိုးမျိုးသုံးဆဲ့နှစ်မျိုးဟူ၍ အာဒိသဒ္ဒါဖြင့် အဋ္ဌကထာတို့တွင်ဆိုသည်၊ မရဏာဿတိကမ္မဋ္ဌာန်း၌ သာမညရဏာအားဖြင့် သေခြင်းကို အောက်မေ့အပ်သည်တွင် "အသီတိယာ ကိမိကုလာနံ"ဟူ၍ ပိုးမျိုးရှစ်ဆယ်ရှိကြောင်းနှင့် ဆိုသည်၊ သရုပ်အကျယ်ကို မဆိုကုန်။

---

**ဇင်းမယ်ရှင်ဥတ္တမအလို**

**ပိုးမျိုး ၈၂-ပါး**

ဇင်းမယ်မြို့နေ တောရဆရာ အရှင်ဥတ္တမ ရာမရေးသည့် ဝိသုဒ္ဓိဒီပနီကျမ်းတွင် ကမ္မဋ္ဌာန်းဆရာတို့၏ကား အကျယ်အားဖြင့် ဤသို့ ထုတ်၍ မှတ်ကုန်၏ဟုဆို၍ အကျယ်ပြ၏။

ရှေးဦးစွာ တစပဥ္စက,ဝက္ကပဥ္စကဥ္စ—

(၁) ဇဝါမည်သောပိုးမျိုး၊ (၂)ဇိလဝါမည်သော ပိုးမျိုးနှစ်ပါး တို့သည်ကား—ဆံရင်း၌ဖြစ်ကုန်၏။

(၁) တုန္နာ (၂) မဟာတုန္နာအမည်ရှိသော ပိုးမျိုးတို့သည်ကား သွားရင်း၌ဖြစ်ကုန်၏၊ သွားရင်းကို စားကုန်၏၊ ကျင်ကြီးကျင်ငယ် စွန့်ခြင်း, သားဘွားခြင်း, သေခြင်းတို့ကိုပြုကုန်၏။

(၁) ကာလမည်သောပိုး (၂) ကာလရာသိမည်သောပိုး၊ ဤပိုးနှစ်မျိုးတို့သည်ကား–ဦးခေါင်း၌ ဖြစ်ကုန်၏၊ ဦးနှောက်ကိုစားကုန်၏၊ ကျင်ကြီးကျင်ငယ်စွန့်ခြင်းကို ပြုကုန်၏။

(၁) နိန္နပိုး (၂) ပဒိုမိတ္တာပိုး (၃) အတ္တရာမာဒါနကာပိုး၊ (၄) မဟာဇနပိုး၊ ဤလေးပါးသော ပိုးတို့သည်ကား ရင်၌ဖြစ်ကုန်၏။

(၁) လောမမုခါပိုး (၂) မဟာလောမမုခါပိုး (၃) အလောမမုခါပိုး၊ (၄) မဟာအလောမမုခါပိုး၊ ဤလေးပါးသော ပိုးမျိုးတို့သည်ကား ကျောက်ကုန်းကို မှီ၍ဖြစ်ကုန်၏။

(၁) ဝေရမ္ဘာပိုး (၂) မဟာဝေရမ္ဘာပိုး၊ဤနှစ်မျိုးသော ပိုးတို့သည်ကား နားရင်း၌ နားရိုးကိုမှီ၍ ဖြစ်ကုန်၏။

(၁) ဘာဝတ္တာပိုး (၂) ဝဒါပိုး၊ (၃) ဝသဒါပိုး၊ ဤသုံးပါးသောပိုးမျိုးတို့သည်ကား အညှို့ကိုမှီ၍ ဖြစ်ကုန်၏။

(၁) စုရန္တာပိုး (၂) မဟာစုရန္တာပိုး (၃) စုဏ္ဏာပိုး (၄) မဟာစုဏ္ဏာပိုး၊ ဤလေးပါးသော ပိုးမျိုးတို့သည်ကား မျက်စိ,နား,နှာခေါင်း, လျှာဟူသော အသားနှ,အရေနှ,အရိုးနှတို့ကို မှီ၍ဖြစ်ကုန်၏။

(၁) ဥမတ္တာပိုး (၂) အန္တောမတ္တာပိုး (၃) ဥဇုကာပိုး (၄) မဟာဥဇုကာပိုး (၅) အစလာပိုး (၆) မဟာအစလာပိုး ဤခြောက်ပါးသော ပိုးမျိုးတို့သည်ကား—အမွေးတွင်း, ခြေသည်း,လက်သည်း,အရေထူ,အရေပါး,အသား,အရိုး,ခြင်ဆီဟူသော ဆယ်ပါးသော ကောဋ္ဌာသတို့ကို အနှံ့မှီ၍ဖြစ်ကုန်၏။

ဤနိပ္ပမနိဿဒကိုးပါး,အနိယမဆယ်ပါးကို ပေါင်းသော် ဒွေပဥ္စကဥ္စ နှစ်ဆဲ့ကိုးပါးပြား၏။

ပပ္ဖါသပဋ္ဌာကဍ္ဍ (၁) ရန္တာပိုး၊ (၂) မဟာရန္တာပိုး၊ (၃) ဟိရောပိုး၊ (၄)မဟာဟိရောပိုး၊ ဤလေးပါးသော ပိုးမျိုးတို့သည်ကား–ဟဒယဝတ္ထုကိုမှီ၍ ဖြစ်ကုန်၏။

(၁) ဝလာပိုး၊ (၂)မဟာဝလာပိုး၊ (၃) နန္ဒပိုး၊ (၄)သီဝလာပိုး၊ ဤလေးပါးသော ပိုးမျိုးတို့သည်ကား–အသည်းကိုမှီ၍ ဖြစ်ကုန်၏။

(၁) အတ္ထိဝတ္တာပိုး၊ (၂)မဟာအတ္ထိဝတ္တာပိုး၊(၃)မဟာသတ္တာပိုး၊ (၄)မဥ္ဇိဂါပိုး၊ (၅)မဥ္ဇိသိနာပိုး၊ ဤငါးပါးသော ပိုးမျိုးတို့သည်ကား–ပ္လိဟကာဟူသော အဖျဉ်းကိုမှီ၍ ဖြစ်ကုန်၏။

(၁) သေတာပိုး၊ (၂) မဟာသေတာပိုး၊ (၃) ကေသိရာပိုး၊ (၄) လောဟိတာပိုး၊ ဤလေးပါးသော ပိုးမျိုးတို့သည်ကား–ပပ္ဖါသဟူသော အဆုတ်ကိုမှီ၍ ဖြစ်ကုန်၏။ ။(ကိလောမဍ္ဍကား အသီးမလာ။) ဤသို့အားဖြင့် ပပ္ဖါသပဋ္ဌာကဍ္ဍ တဆဲ့ခုနစ်ပါးဖြစ်၏။

ကရီသစတုက္ကဍ္ဍကား– (၁) စုရန္တာပိုး၊ (၂) မဟာစုရန္တာပိုး၊ (၃) သိပ္ပါပိုး၊ (၄) မဟာသိပ္ပါပိုး၊ (၅) ရန္တာပိုး၊ (၆) မဟာရန္တာပိုး၊ ဤခြောက်ပါးသော ပိုးမျိုးတို့သည်ကား–အူသိမ်အူမတို့ကို မှီ၍ဖြစ်ကုန်၏။

(၁) တက္ကောဋကာပိုး၊ (၂)ဂဏ္ဍုပ္ပါဒကာပိုး၊ (၃)တာလဟီရကာပိုး၊ (၄)သူစိမုခကာပိုး၊ (၅)ပဋတန္တုသုတ္တကာပိုး၊ (၆)ဥစ္စဝါပိုး၊ (၇) မဟာဥစ္စဝါပိုး၊ (၈) နစ္စဝါပိုး၊ (၉) မဟာနစ္စဝါပိုး၊ (၁၀)သစ္စဝါပိုး၊ (၁၁) မဟာသစ္စဝါပိုး၊ (၁၂)ခဏ္ဍာပိုး၊ (၁၃)မဟာခဏ္ဍာပိုး၊ (၁၄) မလာပိုး၊ (၁၅) စန္ဒပိုး၊ (၁၆) နာရီမရာပိုး၊ (၁၇) ကုဋမေဃာပိုး၊ (၁၈)ဝဇ္ဇဝါပိုး၊ (၁၉) သဏ္ဍာပိုး၊ (၂၀)သောဝိလာပိုး၊ (၂၁)ဝိဇ္ဇူလပုတ္တာပိုး၊(၂၂)ကြူနာပိုး၊(၂၃)ဥပေက္ခာပိုး၊ (၂၄)သေတာပိုး၊ (၂၅) ပီတကာပိုး၊ (၂၆)နီလကာပိုး၊ ဤနှစ်ဆဲ့ခြောက်ပါးသော ပိုးမျိုးတို့သည် ဥဒရပဋလဟူ၍ ဆိုအပ်ကုန်သော အစာသစ်၏ တည်ရာဖြစ်သော အူမကိုမှီ၍ ဖြစ်ကုန်၏။

ဤနှစ်ဆဲ့ခြောက်ခုနှင့် ယခင် အူသိမ်အူမကို မှီ၍ဖြစ်သော ခြောက်ပါးသော ပိုးတို့ကို ပေါင်းသည်ရှိသော် သုံးဆဲ့နှစ်ပါးဖြစ်၏၊ ဤပိုးမျိုးတို့ကိုရည်၍ "ဒွတ္တိံသကုလပ္ပဘေဒါ ကိမိယော" ဟူ၍ ကာယဂတာသတိဍ္ဍ မိန့်သတည်း။

ပိတ္တသ္လေမှ အစရှိသော ဒွေ့ဝဂ္ဂတို့၌ကား-(၁)ဟေလာပိုး၊(၂)မဟာဟေလာပိုး၊ (၃) ဝတ္ထာပိုး၊(၄)မဟာဝတ္ထာပိုး၊ဤလေးပါးသော ပိုးတို့သည် ဖြစ်ကုန်၏၊ သည်းခြေ, သလိပ်, ပြည့်,သွေး, ချွေး,အဆီ,မျက်ရည်, တံတွေး,နှပ်,အစေး,ကျင်ငယ်ကိုကို စားကုန်၏၊ ယေဘုယျအားဖြင့် သွေးကို စားကုန်၏၊ ထိုထိုအရပ်၌ ဖြစ်သော ပိုးမျိုးတို့သည်လည်း ထိုထိုမှီရာတို့ကို စားကုန်၏၊ ကျင်ကြီး, ကျင်ငယ်စွန့်ခြင်း, အိုခြင်း, သေခြင်းတို့ကို ပြုကုန်၏။

ဤသို့ဆိုအပ်ခဲ့ပြီးသော—

(၁) တစပဉ္စက,ဝက္ကပဉ္စက၌ နှစ်ဆဲ့ကိုးပါး၊

(၂) ပပ္ဖါသပဉ္စက၌ တဆဲ့ခုနစ်ပါး၊

(၃) ကရီသစတုက္က၌ သုံးဆဲ့နှစ်ပါး၊

(၄) ဒွေ့ဝဂ္ဂ၌ လေးပါး—

တို့ကို ပေါင်းသော် ရှစ်ဆဲ့နှစ်ပါးဖြစ်၏၊ ဤနှစ်ပါးကို ဂဏာနုပဂမပြုမူ၍ အသီတိ ကုလာနိဟု ဆိုတော်မူသတည်းဟူ၍ အကျယ်အားဖြင့်ပြကုန်၏။

---

### ရောဂနိဒါန်းဆေးကျမ်းအလို
### ပိုးမျိုး ၃၈-ပါး

ရောဂနိဒါန်းဆေးကျမ်း ကိမိရောဂါပိုင်း၌ကား—ဗာဟိရပိုး,အဗ္ဘန္တရပိုးဟူ၍ ပိုးနှစ်မျိုးရှိ၏၊ ဖြစ်ကြောင်းအားဖြင့်ကား-ဗဟိမလပိုး,ကဖပိုး, ရတ္တပိုး, ဝစ္စပိုးဟူ၍ လေးမျိုးဖြစ်ကုန်၏၊ ထိုလေးမျိုးတို့တွင် ကိုယ်၏ပြင်ဘက်၌ ချွေး, အညစ်အကြေးမှ ဖြစ်သောပိုးသည် ဗဟိမလပိုးမည်၏၊ သလိပ်မှ ဖြစ်သောပိုးသည် ကဖပိုးမည်၏၊ သွေးမှ ဖြစ်သောပိုးသည် ရတ္တပိုးမည်၏၊ ကျင်ကြီးမှ ဖြစ်သောပိုးသည် ဝစ္စပိုးမည်၏။

(၁) ထိုလေးမျိုးတို့တွင် ဗဟိမလပိုးသည် အမည်အားဖြင့် နှစ်ဆယ်ပြားကုန်၏၊ ထိုနှစ်ဆယ်တို့တွင် နှမ်းလုံးပမာဏရှိသော ဆံအဝတ်တို့၌နေသော ခြေထောက်များသော သန်းဟုခေါ်သောပိုးသည် ဠိကာမည်၏၊ သန်းအောက်ငယ်သောပိုးသည် လိက္ခာမည်၏၊ ဤပိုးနှစ်မျိုးတို့သည် ယားနာ,ပွေးနာ,ဒက်နာတို့ကို ဖြစ်စေတတ်ကုန်၏၊ ကြွင်းသော ပိုးတဆဲ့ရှစ်မျိုးတို့သည်ကား— ရောဂါကို မဖြစ်စေတတ်သောကြောင့် ဤ

ကျမ်းတွင်မဆို၊ (သမ္မောအဋ္ဌကထာ စျာနဝိဘင်း အဘင့်၌ကား ဤလိက္ခာပိုးခုနစ်ကောင်သည် ဦကာပိုးဟူသော သန်းတကောင်ရှိသည်ဟု ဆိုကုန်၏။)

၂။ အစာသစ်အိမ်၌ သလိပ်ကြောင့်ဖြစ်သော ပိုးတို့သည်ကြီးပွား၍ တည်နေကုန်၏၊ ကြီးသောပိုးတို့သည် သစ်မြစ်သဏ္ဌာန်, နွယ်သဏ္ဌာန်ရှိကုန်၏၊ ထို့အောက်ငယ်သော ပိုးတို့သည် တီသဏ္ဌာန်ရှိကုန်၏၊ ထို့အောက်ငယ်သော ပိုးတို့သည် ပေါက်သစ်စ စပါးညှောက် သဏ္ဌာန်ရှိကုန်၏၊ သေးရှည်သော ကိုယ်ရှိကုန်၏၊အဆင်းအားဖြင့် အဖြူ,အနီဖြစ်ကုန်၏။ ။(၁) အန္တာဒါ၊ (၂) ဥဒရဝေဋ္ဌာ၊ (၃) ဟဒယာဒါ၊ (၄) မဟာဂုဒါ၊ (၅) စုရဝါ၊ (၆) ဥဒဗ္ဘကုသုမာ၊ (၇) သုဂန္ဓာဟူ၍ အမည်အားဖြင့် ခုနစ်ပါးရှိကုန်၏၊ထိုပိုးတို့သည် ရင်ပြည့်ခြင်း, နှလုံးပျို့ခြင်း,အစာမကြေခြင်း,နှုတ်မမြိန်ခြင်း,မူးဝေခြင်း, အော့အန်ခြင်း, ဖျားခြင်း, ဝမ်းလေချုပ်ခြင်း, ချောင်းဆိုးခြင်း, နှာစေးခြင်း အနာတို့ကို ဖြစ်စေတတ်ကုန်၏၊ ဤပိုးမျိုးကို မြန်မာတို့က သန်ဟုခေါ်သည်။

၃။ သွေးမှဖြစ်သော ပိုးတို့သည် သွေးကြောတွင်း၌ နေကုန်၏၊ အလွန်ငယ်ကုန်၏၊ လုံးသောသဏ္ဌာန်, နီသောအဆင်းရှိကုန်၏၊ အချို့သောပိုးတို့ကို ပကတိမျက်စိဖြင့် မမြင်နိုင်ကုန်။ ။(၁) ကေသာဒါ၊ (၂) ရောမသိဒ္ဓံသာ၊ (၃) ရောမဒီပါ၊ (၄) ဥဒုမ္ဗရာ၊ (၅) သောရာ၊ (၆) မာတုဟူ၍ အမည်အားဖြင့် ခြောက်ပါးရှိကုန်၏၊ ထိုပိုးတို့သည် နူနာကို ဖြစ်စေတတ်ကုန်၏။

၄။ ကျင်ကြီးမှ ဖြစ်သောပိုးတို့သည် ပက္ကာသယဟူသော ကျက်ပြီးသော အစာအိမ်၌ နေကုန်၏၊ အောက်ဘင်သို့ ထွက်တတ်ကုန်၏၊အကြင်အခါ အစာသစ်အိမ်သို့ ဦးခေါင်းလှည့်၍ ထောင်ကုန်အံ့၊ ထိုအခါ လေကြို့ခြင်း,အသက်ရှူခြင်းတို့၌ ကျင်ကြီးနှံ့ခံတွင်းဝသို့ ထွက်ကုန်၏၊ အလုံးရှည်သဏ္ဌာန်,ကြီးသောကိုယ် ရှိကုန်၏၊ အညို,အဝါ, အဖြူ, အနက်ဟူ၍ အဆင်းလေးပါးရှိကုန်၏။ ။(၁) ကကေရုကာ၊ (၂) မကေရုကာ၊ (၃) ဥသုရာဒါ၊ (၄) သုလာချာ၊ (၅) လေလိဟာဟူ၍ အမည်အားဖြင့် ငါးပါးရှိကုန်၏၊ ထိုပိုးတို့သည် ဝမ်းသက်ခြင်း, ဝမ်းချုပ်ခြင်း, ရင်ဘတ်နာခြင်း, ချောင်းဆိုးခြင်း, အသားဝါသောပဏ္ဍုနာ, ကြက်သီးထခြင်း, ဝမ်းမီးညှံ့ခြင်း,ဖင်ယားခြင်းတို့ကို ဖြစ်စေတတ်ကုန်၏။

ဤသို့ ကိုယ်၏ပြင်ပ၌ ဖြစ်သောပိုးနှစ်ဆယ်၊ သလိပ်မှ ဖြစ်သောပိုး ခုနစ်၊ သွေးမှဖြစ်သောပိုး ခြောက်၊ ကျင်ကြီးမှဖြစ်သောပိုး ငါးမျိုးအားဖြင့် သုံးဆဲ့ရှစ်မျိုး ဖြစ်ကုန်၏၊ ကိုယ်ပ၌ဖြစ်သော ပိုးနှစ်ဆယ်တို့တွင် နှစ်မျိုးသာရောဂါကို ဖြစ်စေတတ်သောကြောင့် ဤပိုး သုံးဆဲ့ရှစ်မျိုးတို့တွင် နှစ်ဆယ်သော ပိုးမျိုးတို့သည် ရောဂါကို ဖြစ်စေတတ်ကုန်၏။

---

## စိကိစ္ဆာတထဆေးကျမ်းအလို-ပိုးမျိုးများ

လက်တွေ့မျက်မြင် ဆေးကုနည်းတို့ကို ဆိုသော သိုးဆောင်းဆေးကျမ်းတို့မှ အနှစ်သာရတို့ကို ထုတ်ယူထားအပ်သော စိကိစ္ဆာတထဆေးကျမ်း၌ကား— ယားနာ, ပွေးနာတို့ကို ဖြစ်စေတတ်သော ဤလိက္ခာမည်သော ပိုးသည် ဖြူဝါရောသော အဆင်းရှိ၏၊ အလွန်ငယ်၏၊ ပကတိမျက်စိနှင့်ကြည့်လျှင် မြင်ရုံမျှသာရှိ၏။

ဤပိုးမျိုးတွင် အမဖြစ်သော ပိုးသည် အလျားချည်မျှင်တခု ခုနစ်စိတ်—တစိတ်၏ လေးပုံတပုံခန့်ရှိ၏၊ အနံကား—ချည်မျှင်တမျှင် ဆယ်စိတ်တစိတ်၏ ခြောက်ပုံ တပုံခန့်ရှိ၏၊ သန်ကဲ့သို့ အရှည်မဟုတ်၊ အလုံးဖြစ်၏၊ ခြေရှစ်ချောင်း အမြီးအမျှင်လေးခုရှိ၏၊ မှန်ဘီလူးနှင့်ကြည့်လျှင် ရေဘီလားဝိုင်းကြီးနှင့် တူ၏၊ အဖိုဖြစ်သောပိုးသည် အမအောက်ငယ်၏၊ ဤပိုးကောင်ကို လူတို့အပေါ်၌ တင်ထားလျှင် သိုးဆောင်းနာရီ ထက်ဝက်အတွင်း၌ စောက်ထိုးချာချာလှည့်၍ အရေတွင်းသို့ ဝင်၏၊ ဤပိုးကောင်ဝင်သောနေရာ၌ အဖုငယ်ပေါက်၍ ယားနာ, ပွေးနာဖြစ်ကုန်၏။

ဝိသုဒ္ဓိမဂ်အစရှိသော အဋ္ဌကထာ, ရောဂနိဒါန်းအစရှိသော ဆေးကျမ်းတို့၌ အစာသစ်အိမ်တွင် နေသည်ဟု—ဆိုသည့် သန်မည်သော ပိုးမျိုးတို့သည် လူတို့၏အစာဝင်သော ပြွန်ခေါင်း၌ရံခါ ခုနစ်ကောင်ခန့်နေတတ်သည်၊ ဤပိုးတို့တွင် လေးကောင်သောပိုးတို့၏ ကိုယ်၏အလယ်၌ အစာထွက်ဝင်သည့် ပြွန်တံရှိသည်၊ ဝမ်းမရှိ၊ ထို့ကြောင့် အဂဗ္ဘပိုး ဟုခေါ်ဝေါ်အပ်၏။

ထိုမှတပါး သုံးကောင်သောပိုးတို့၏ ကိုယ်၌ ဤကဲ့သို့သော ပြွန်တံမရှိ၊ ဤပိုးတို့ကို ကဋ္ဌိနကီမိဟု—ခေါ်ဝေါ်အပ်၏။

**ဂဏ္ဍုပ္ပါဒကမည်သော** ပိုးမျိုးသည်၊ အူတွင်း၌နေတတ်၏၊ အထူးအားဖြင့် ပိန်သောသူတို့၏အတွင်း၌ တွေ့ရှိတတ်၏၊ အရှည်တမိုက်၊ တတောင် ငါးသစ်၊ သုံးပုံတပုံ၊ တတောင်တမိုက်တိုင်အောင် ရှိတတ်၏၊ စဉ်းငယ်ဝါသော ဖြူဖြော့သောအဆင်းရှိ၏၊

အခြားပိုးတို့ထက် တီနှင့်တူသောကြောင့် ဂဏ္ဍုပ္ပါဒကမည်သော ဤပိုးသည် လူတို့နှင့်ဆက်ဆံ၏၊ အလုံးရှည်သဏ္ဌာန်တွင် ခေါင်းထက်ကိုယ်က လေးဆကြီး၏၊ ငယ်ငယ်နို့သီးသုံးခုစီရှိ၏၊ ဤအလုံးစုံသော နို့သီးငယ်တို့၏ လှသော စက်ဝန်းသဏ္ဌာန်ဖြစ်၍ သွေးစုတ်သောဘွင်းသဏ္ဌာန်ရှိ၏၊ ဤတွင်းဖြင့် လူတို့၏ အတွင်း၌ရှိသောအရည်ကို စုတ်ယူ၏၊ အဖိုထက် အမကကြီး၏၊ ဤပိုး၏ ရှေ့တည့်တည့် သုံးပုံတပုံ၏ အနီး၌ အင်္ဂါဇာတ်ကို မြင်ရ၏၊ မျက်နှာလေးမျက်နှာ၌ အလုံးငယ်သုံးခု မြင့်မြင့်ရှိ၏၊

ဤပိုးမျိုးတို့သည် အတွင်း၌ပင် နေ၏ဟု ဆိုသော်လည်း ရံခါ အယက်သို့တက်၍ အစာသစ်အိမ်၊ သည်းခြေအိတ်၏ ပြွန်တံ၊ နှာခေါင်းပေါက်တိုင်အောင် ရောက်၏၊ အောက်ကိုလည်း အူမကြီးတိုင်အောင် သွား၏၊ ထို့ကြောင့် အန်၍ငင်း၊ ကျင်ကြီးသွား၍ငင်း ထွက်တတ်၏၊ ရံခါ ဤပိုးမျိုးတို့သည် အများအပြားပွား၏၊ သူငယ်တယောက်မှာ ခုနစ်ရက်အတွင်း အကောင်နှစ်ရာကျော်တိုင်အောင်ပင် ထွက်၏။

ဤပိုးကောင်ဝမ်းတွင်း၌ရှိလျှင် ရေငတ်ခြင်း၊ အိပ်၍မပျော်ခြင်း၊ သွားကြိတ်ခြင်း၊ စိတ်ညှိုးနွမ်းခြင်း၊ မျက်နှာအဆင်း ဘောက်ပြန်ခြင်း၊ ထွက်သက်လေ၌ မကောင်းသောအနံ့ပါခြင်း၊ ဝမ်းတွင် ရောင်ရမ်းခြင်း၊ ခြေလက်မသိမ်းယူခြင်း၊ အစားအသောက် နည်းခြင်း၊ ပိတ်နှင့်ရောသော ကျင်ကြီးသွားခြင်း၊ နှာခေါင်းယားခြင်း၊ ဘင်၌ ပူခြင်း—ဤသို့အစရှိသော လက္ခဏာတို့သည် ထင်ရှားစွာဖြစ်ကုန်၏၊ သူငယ်များ၌ ဖြစ်မူကား စဉ်းငယ်ဖျားခြင်း၊ တက်ခြင်း၊ ပတောက်ပရစ် ပြောခြင်း၊ ပြူးတူးပြာတာဖြစ်ခြင်းတို့သည် ဖြစ်ကုန်၏။

**ပဋ္ဌာန္တ၊ သုတ္တကပိုးမျိုး** တို့သည် အစာဟောင်းအိမ်၊ အူမကြီး၊ အူမကြီးတို့အစ အူ၏အလယ် တွန့်ရှုပ်သော နေရာတို့၌ နေတတ်ကုန်၏၊ အူ၌ရှိသောပိုးတို့သည် အခြားပိုးတို့အောက် ငယ်၏၊ မြန်မာတို့တွင် ပိုး

ဟုခေါ်သော ပိုးကောင်နှင့်တူ၏၊ အရှည်တသစ်၏ သုံးပုံတပုံရှိ၏၊ အဖိုထက် အမကရှည်၏၊ အလျားရှစ်ဆရှိ၏၊ ဤပိုးမျိုးတို့ကို ခုဒ္ဒသုတ္တာပိုး ဟူ၍လည်း ခေါ်ဝေါ်အပ်၏။

ဤပိုးမျိုးတို့တွင် မဟာသုတ္တာ ပိုးသည်လည်း ဤပိုးနေသော နေရာ၌ ပင် နေကြ၏၊ အရှည် တသစ်နှင့် ဆယ်ပုံရှစ်ပုံ၊ နှစ်သစ်နှင့် ခြောက်ပုံ လေးပုံတိုင်အောင် ရှိ၏၊ ရှေးရှုကိုယ်၏ သုံးပုံတပုံ၌အလွန်ကြုံ၏၊နောက် သုံးပုံတပုံ၌ ကြီး၏၊ အဖိုအမ လိမ်လျက်နေတတ်ကြ၏၊ မဟာသုတ္တာပိုး သည် အူလယ်၌နေတတ်၏၊ ဤပိုးရှိသော်လည်း ရောဂါအထူးမဖြစ်၊ မိဆရအရပ်၌ နေသောသူတို့၏ အူတွင်း၌၎င်း၊ ဣတာလီနိုင်ငံ မြောက် ပိုင်း၌ နေသောသူတို့၏ အူတွင်း၌၎င်း တသစ်၏ ခုနစ်ပုံသုံးပုံခန့်လောက် သော ပိုးတမျိုးလည်းရှိ၏၊ ဤပိုးမျိုး ဖြစ်လာလျှင် သွေးနည်းခြင်း၊ ကိုယ်နွမ်းနယ်ခြင်းများ ဖြစ်တတ်သည်။

အူ၏အတွင်း သလိပ်ကပ်သောအမြှေး၌ တွယ်ကပ်တတ်သော ပန္နမည်သောပိုးတမျိုး သည် အူ၏အလယ်၌ နှစ်တောင်ကကို ခုနစ်တောင် တိုင်အောင် ရှည်၏၊ ခြေကိုဖြုတ်ထားအပ်သောကင်းခြေများနှင့်တူ၏၊ ခေါင်းငယ်၏၊ ပြား၏၊ ဤပိုးကောင်ကိုယ်၏ အလယ်၌ နို့သီးကဲ့သို့ အဖု ငယ်ရှိ၏၊ ဤနို့သီးငယ် လေးမျက်နှာ၌ စက်ကဲ့သို့ အကြောင်းနှစ်ခု ကောက်သော ဆူးတောင်နှင့် ရစ်ပတ်လျက်ရှိ၏၊ ဤစက်လေးမျက်နှာ၌ သွေးစုတ်တွင်းကဲ့သို့ ပါးစပ်ပေါက်လေးခုရှိ၏၊ ဤပိုးကောင်၏ အလယ်၌ အင်္ဂါဇာတ်ရှိ၏၊ အလွန်သေးသော အခေါင်းပေါက်ရှိ၏၊ ထိုအခေါင်း ပေါက်အလယ်၌ အလွန်သေးသော ချည်မျှင်ကဲ့သို့ ပြွန်ရှိ၏၊ အစာဝင် ရန်ပြွန်ပေါက်မရှိ၊ စားအပ်သောဝတ္ထု၌ ဤပိုးတည်လျက် ဆိုခဲ့ပြီးသော တွင်းဖြင့် စုတ်၍ ကြီးပွားရ၏။

လူ၏ ကိုယ်တွင်း၌၎င်း၊ ဆိတ်၏ဦးခေါင်း၌၎င်း ရတတ်သောပိုး တမျိုးလည်း ရှိ၏၊ နွားငယ်၏ဦးခေါင်း၌ ဖြစ်တတ်သော ပိုးတမျိုးလည်း ရှိ၏၊ဤပိုးဝမ်းတွင်း၌ဖြစ်လာလျှင် အလွန်စားချင်ခြင်း၊ အားမရှိခြင်း၊ အစာသစ်အိမ်အထက်၌ ရစ်၍၊ထိုး၍နာခြင်း၊ခေါင်းအုံခြင်း၊မူးဝေခြင်း၊ မရပ်မတည်ရှိခြင်း၊ ကိုယ်လက် ခြောက်သွေ့ခြင်း၊ နှာခေါင်းဘင်ဝတို့ ယားယံခြင်း အစရှိသောလက္ခဏာတို့သည် ဖြစ်ကုန်၏၊ ခေါင်း၌ သွေး စုတ်သောတွင်းကဲ့သို့ တွင်းကြီးနှစ်ခုရှိသော မဟာပန္နမည်သောပိုးသည်

ပဋ္ဌမည်သောပိုးထက် ကြီး၏၊ မြက်ကိုစားတတ်သော ခြေလေးချောင်း ကောင်တို့၏ အသားဌ်၌ရှိတတ်၏၊ ပဋ္ဌမည်သောပိုးသည် ဆင်းရဲသောသူ၌ ဖြစ်၏၊ မဟာပဋ္ဌမည်သောပိုးသည် ချမ်းသာသောသူ၌ဖြစ်တတ်၏။

ပသတပဋ္ဌမည်သောပိုးမျိုးသည် ပိုလံနိုင်ငံ, စွပ်ဇလံနိုင်ငံသားတို့၏ အူတွင်း၌ဖြစ်တတ်၏၊ ဤပိုးသည် ဆိုခဲ့ပြီးသောပိုးတို့ထက် အလွန်ရှည်၏၊ ခြေကိုဖြတ်ထားသော ပိုးနသန်ကောင်နှင့်တူ၏၊ အရစ်အရစ်ရှိ၏၊ အရစ်တိုင်း၌ အင်္ဂါဇာတ်ရှိ၏၊ တဆဲ့ခြောက်တောင် နှစ်မိုက်ရှည်သော ဤပိုးကောင်၏ နှစ်မိုက်အရှည်ရှိသော နေရာခန့်မျှ၌ အရစ် (၁၅၀) တရာ့ငါးဆယ်ရှိ၏၊ ဥအိမ်တခုတခု၌ ဥ(၁၀၀၀)ရှစ်ထောင်ရှိ၏၊ ဤပိုးမျိုး၌ အငယ်ဖြစ်သော ခြောက်တောင်နှစ်မိုက်ရှည်သောပိုး၌ ဥပေါင်း တကုဋေနှစ်သန်းရှိ၏၊ ထို့ကြောင့် ဤပိုးမျိုးဖြစ်လျှင် မရေမတွက်နိုင် ပွါးများ၍လာ၏၊ သို့ရာတွင် အရှေ့နိုင်ငံများမှာ ဤပိုးမျိုးဖြစ်သည်ကို မမြင်ဘူး၊ ဤပိုးမျိုးဖြစ်လာလျှင် ဆိုခဲ့ပြီးသော သန်ရှိသောလက္ခဏာတို့ ကဲ့သို့ ဖြစ်ကုန်၏။

ခွေးတို့၏ကိုယ်၌ နေတတ်သောတသစ်၏သုံးပုံတပုံခန့်မျှသော ပိုးမျိုးတို့သည် အရစ်လေးခုရှိ၏၊ နောက်ဆုံးအရစ်၌ ဤပိုး၏ဥ တည်၏၊ ဤပိုး၏ဥသည် လူတို့၏ ကိုယ်သို့ရောက်၍ အနာရောဂါ ဖြစ်တတ်၏။

လူတို့၏ကိုယ်သို့ ဤပိုးမျိုးရောက်လျှင် လုံးသောသဏ္ဍာန် ဖြူစင်သော ထုတ်ခြင်းခတ်ပေါက်သော အရောင်ရှိ၏၊ ဦးခေါင်း၏ အထက်၌ သွေးကိုစုတ်သော တွင်းကဲ့သို့ အပေါက်ရှိ၏၊ ခူကောင် ကဲ့သို့ ဆူးရှိ၏၊ အရှည်လက်သစ်၏ တရာပုံနှစ်ပုံခန့် ရှိ၏၊ ဤပိုး ကောင် လူသို့ရောက်လျှင် အသည်းကြီး,အဆုတ်ကြီးသောအနာ ဖြစ်တတ်၏။

အစာသစ်အိမ်၏ လက်ျာဘက် အူ၏အစ၌ရင်း, သည်းခြေ အိမ်တွင် အသည်း၏ပြွန်တံတို့၌ရင်း သွားလာနေထိုင်သော ပိုး တမျိုးသည် အသည်းတိုင်အောင် ဝင်၍ စားတတ်၏၊ ယခု ဆိုခဲ့ ပြီးသော နေရာတို့၌ပင် နေတတ်သော ပိုးတမျိုးသည်လည်း အ ရှည်တသစ်နှင့် သုံးပုံတပုံ, အနံတသစ်၏ ခြောက်ပုံလေးပုံခန့်ရှိ၏၊ ဆိတ်တို့၏အသည်း၌လည်း တွေ့တတ်၏။

ဆိုခဲ့ပြီးသော နေရာတို့၌ပင် နေတတ်သော ပိုးတမျိုးသည်သည်း ချည်မျှင်ထက်ဝက်ခန့် အလုံးရှိ၏၊ အရှည် တသစ်ခုနစ်ပုံသုံးပုံခန့် ရှိ၏၊ ထိုလူတို့၏ အသည်းတွင်း၌ ဤပိုးမျိုး သုံးကောင်တိုင်အောင် တွေ့ရှိတတ်၏၊ ရှေးဆေးကျမ်းဟောင်းတို့၌ သွေး၌ အထူးထူးအပြားပြားရှိသော ပိုးတို့၏အကြောင်းကို ဘွင့်၍ပြကြကုန်၏၊ယခုအခါ ဤအကြောင်းများ ကို မကြည့်မရှုကြပြီ။

ကုပ္ပေလော အမည်ရှိသော ဆေးသမားတယောက်သည် ဖျားသော လူ၏ သွေးကိုယူ၍ ကြည့်ရှုစုံစမ်းရာ တသစ်၏(၁/၂၂၅၀)နှစ်ထောင့်နှစ်ရာ့ ငါးဆယ်ပိုင်း တပိုင်း၊(၁/၃၇၅၀)သုံးထောင့်ခုနစ်ရာ့ ငါးဆယ်ပိုင်း တပိုင်း မျှလောက် ငယ်သောပိုးကို တွေ့၏၊ အစာသစ်အိမ်, အူသိမ်တွင်းတို့၌ လောက်လမ်းကောင်နှင့် တူသောပိုးတို့သည် နေတတ်၏။

> နီလမည်သောမြစ်နား၌ နောက်ကျိသောရေကို သောက်ခြင်း, ပုပ်သိုးသော အစာကိုစားခြင်းများကြောင့် ဤပိုးသည် သွေး၌ဖြစ်လာ၏၊ အမေရိကကျွန်း တောင်ပိုင်း မရီဆတ်မည်သော ကျွန်း၌ ကျင်ငယ်နှင့်ရော၍ ပါသောသွေးတွင် ဤပိုးမျိုးကို တွေ့၏၊ ဤပိုးမျိုးရှိလျှင် အားကုန်ခန်းခြင်း, သွေးနှင့်တကွသော ဆီးသွားရခြင်း လက္ခဏာများ ဖြစ်တတ်၏၊ သွေးကြောတွင်း၌၎င်း, အဆုတ်၌၎င်း, သလိပ်နှင့်ရော၍ ထွက်သော သွေး၌၎င်း ပိုးငယ်တမျိုးလည်း ပါတတ်၏။

ခွေးတို့၏ သွေး၌ရှိသော အလွန်ငယ်သော ပိုးတမျိုးသည်လည်း ရှိ၏၊ သွေးတွင်ပါသော နီနီအလုံးငယ် ကလေးများအောက်ပင် ငယ်၏၊ အသက် လေးဆဲ့ကိုးနှစ်ရှယ် ရှိသော သူတယောက် သေသည်တွင် ကြည့်ရှုရာ သွေးတွင် ငယ်သောပိုးတမျိုးကိုတွေ့သည်၊အသည်း၏သွေးကြောင်း, သည်းခြေပွန်ပ,တို့၌လည်း ပိုးတမျိုးကို ရံခါရံခါ တွေ့တတ်သည် ဟူ၍ ဆို၏။

မေတ္တသုတ်ပါဠိတော် အဏုကထူလာ ဟူသော ပါဠိ၏အဘွင့်တွင် ပကတိမျက်စိတို့ဖြင့် မမြင်နိုင်သော ပိုးမျိုးများရှိကြောင်းနှင့် ဘွင့်ဆိုသည်။

## ကျင်ကြီး၌ ဝဏ္ဏစသော ၅-ပါး

ဤကျင်ကြီးသည် အစား,အသောက်,အနာရောဂါတို့ကို လိုက်၍ အဆင်းအမျိုးမျိုးဖြစ်၏၊ များသောအားဖြင့် ဝါဖြော့ဖြော့ အဆင်းရှိ၏၊ သဏ္ဍာန်အားဖြင့် ကျင်ကြီးနေရာ အိမ်သဏ္ဍာန်ရှိ၏၊ ကျင်ကြီးအိမ်၌တည်၏၊ ကျင်ကြီးအိမ်၏ အမြေးပတ်လည်ဖြင့် ပိုင်းခြားအပ်၏၊ ကျင်ကြီးဟူသော ပက္ကာသယမည်သည်ကား—ချက်အောက် ကျောရိုး မြစ်ရင်းတို့၏ အကြား, အူ၏အဆုံးတွင် အစောက်အားဖြင့် ရှစ်သစ်ရှိသော ဝါးကျည်တောက်ကဲ့သို့သော ဝတ္ထုတည်း၊ ဤကျင်ကြီးအိမ် ဟူသည် အူ၏အဆုံး အပိုင်းပင်တည်း။

ရောဂနိဒါန်းဆေးကျမ်းဋီကာ, သုဿုတ ဆေးကျမ်းတို့၌ကား--အူ၏အဆုံး၌ လေးသစ်ခွဲပမာဏရှိသော နေရာသည် ဂူထမည်၏၊ ဤဂူထကို ပင် ဘင်ဟူ၍ အနက်ပြန်ကြကုန်၏၊ ဤဂူထတွင်းဘက် အောက်အစ လက်သစ်၏ထက်ဝက်မှ အထက်တွင် လက်တသစ်ခန့် ပဌမအရစ်, ၎င်း အထယ် လက်တသစ်ခွဲစီ ဒုတိယ, တတိယရစ်တို့သည် ဖြစ်ကုန်၏၊ ဤသုံး ရစ်တို့ကို တိဝလိတ္တယဟု-ခေါ်ဝေါ်အပ်၏၊ တိဝလိဟူ၍လည်း ခေါ်ဝေါ် အပ်၏၊ ခရုသင်း၏ အရစ်,ဝက်အူ၏ အရစ်နှင့်လည်း တူ၏။

ပဌမအရစ်သည် ပဝါဟဏီမည်၏၊ ဒုတိယအရစ်သည် ဝိသဇ္ဇနီမည်၏၊ တတိယအရစ်သည် သမ္ဘရဏီမည်၏၊ ဤဂူထ၌ လေနှင့် ကျင်ကြီးတို့သည် တည်ကုန်၏၊ မြင်းသရိုက်နာမျိုး ဟူသမျှသည် ဤဂူထ၌သာ ဖြစ်ကြ ကုန်၏၊ မြန်မာတို့က လိပ်ခေါင်းလည်း ခေါ်ဝေါ်လေသည်ဟူ၍ ဤသို့ ဆိုကုန်၏။ ။အနာတမီကျမ်း၌ကား— အူမကြီး၏အပိုင်း သုံးပိုင်းတို့ တွင် အစာဟောင်းဟူသော ကျင်ကြီးသည် တည်၏ဟု—ဆို၏။ ။ အဋ္ဌကထာဆရာတို့မူကား—အူမကြီး၏ သုံးပိုင်းတို့တွင် တတိယပိုင်း၌ ကျင်ကြီးတည်သည်ဟု- နှလုံးသွင်း၍ ကျင်ကြီး၏တည်ရာအိမ်သည် အလျားအစောက် လက်ရှစ်သစ်ရှိ၏ဟု-ဆိုကုန်၏။

---

## ကျောက်ကပ်၌ အနာတမီကျမ်းအလိုအားဖြင့်ပြခြင်း

ကျောက်ကပ်ဟူသည် ပဲ့တလက် နီစွေ့ကဲ့သို့ နီညိုသော အဆင်း သဏ္ဍာန်၊ နှလုံးမှ သွေးအထွက်အဝင် သွေးကြောကြီးတို့မှ အညှာကဲ့သို

သွေးကြောထွက်၍ ဤသွေးကြောတို့သည် စုရုံးထုံးဘွဲ့၍ ဖြစ်သော ဝတ္ထု တည်း၊ နံရိုးတဘက် တဆဲ့နှစ်ချောင်းတို့တွင် အောက်ဆုံးနံတိုနှင့် တွယ် ဆက်သော ကျောရိုးအောက် ကျောရိုးလေးချောင်းအတွင်း ဤကျော ရိုးကို ကပ်လျက်တည်၏၊ ဤကျောက်ကပ်နှစ်ခုတို့မှ အကြောတခုစီတို့ သည် အောက်သို့သက်၍ ချက်အောက်ဆီးအိမ်, စည်ပေါင်းအထက်မှ လျှို၍ ပြွန်ကဲ့သို့တည်၏၊ ဤအကြော၌ အခေါင်းရှိ၏။

သတ္တဝါတို့၏ နှလုံးမှထွက်သောသွေးသည် ကျောက်ကပ်သို့ရောက် သည့်ကာလ အချို့ဆီးဖြစ်၍ ဤကျောက်ကပ်မှထွက်သော အကြော၏ အတွင်းကို လျှောက်ပြီးလျှင် ဆီးအိမ်,စည်ပေါင်းသို့ ရောက်သဖြင့် ဤ စည်ပေါင်းမှ စည်ပေါင်းတွင်းရှိသော ပြွန်တံအားဖြင့် အောက်သို့သက် ၍ အင်္ဂါဇာတ်မှထွက်၏၊ ကျော၌ကပ်လျက်နေသော ဝတ္ထုနှစ်ခု ဖြစ် သောကြောင့် ကျောက်ကပ်ဟု-ခေါ်ကြကုန်၏၊ ကျောက်ကပ်မှ ဆီး အိမ်တို့သွားသောအကြောကိုလည်း ဆီးကြောဟု-ခေါ်အပ်၏။

(ဤကျောက်ကပ်၏ အကြောင်းအရာကို အဋ္ဌကထာ ဋီကာတို့တွင် မဆို၊ အနာတမိကျမ်းတွင် ဆို၏၊ ပထဝီဓာတ်ကိုပြသော ပါဠိတော်တွင် ယံဝါပနညမ္ပိ ဟူသောပါဠိဖြင့် ယူအပ်၏။)

**ကျောက်ကပ်၏အလျား,အနံ, အချိန်ပမာဏဇာလျားပုံ**

| ကျောက်ကပ်၏ အလျား,အနံ,အချိန် ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အလျားလက်သစ် .... .... .... .... | .... | ၅ ၁/၃ |
| အနံလက်သစ် .... ... .... .... | .... | ၄ ၄/၈ |
| ထုလက်သစ် .... .... .... .... | .... | ၁ ၂/၃ |
| ပေါင်း | | |
| ယောကျ်ား၏ကျောက်ကပ်အချိန် .... | ၇ ၅ျူး ဝဲ ၁ွံ | ၁၆ ၆ျူး ၁ွံ |
| မိန်းမ၏ကျောက်ကပ်အချိန် .... .... | ၇ | ၁၀ ၅ျူး |
| ပေါင်း | | |

## ဦးနှောက်၌ ဝဏ္ဏစသော ၅-ပါး

ဦးနှောက်ဟူသည် ဦးခေါင်းခွံတွင်း၌ရှိသော ခြင်ဆီပင်တည်း၊ ဖြူ၏၊ မှိုပွင့်အဆင်းရှိ၏၊ ပျက်သောနွားနို့ချဉ်ခဲ အဆင်းရှိသည်လည်း ဟူ၏၊ တည်ရာခေါင်းခွံသဏ္ဌာန်နှင့်တူ၏၊ ခေါင်းခွံတွင်း၌ ချုပ်ရိုးလေးချောင်းတို့ကိုမှီ၍ တပေါင်းတည်း စုထားအပ်သော မုံ့ညက်စိုင်ခဲ လေးခုကဲ့သို့တည်၏၊ ခေါင်းခွံအတွင်း ပတ်လည်အားဖြင့် ပိုင်းခြားအပ်၏၊ ဤကား–အဋ္ဌကထာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား–လူတို့၏ဦးနှောက်သည် ဆိတ် ဝက် စသော တိရစ္ဆာန်တို့၏ ဦးနှောက်ကဲ့သို့ မဟုတ်၊

> တိရစ္ဆာန်တို့၏ ဦးနှောက်မှာ ဦးခေါင်းခွံအတွင်း အပြည့်မရှိ၊ လူတို့၏ ဦးနှောက်မူကား–ဦးခေါင်းခွံ အတွင်း အပြည့်ဖြစ်၏။

အရွယ်ရောက်ပြီးသော သူတို့၏ ဦးနှောက်သည် အချိန် ခုနစ်ဆယ်ကကို ကိုးဆယ်ကျော်တိုင်အောင် ရှိတတ်၏၊ မျက်ခုံးမှ နောက်စေ့အောက်တွင် ကြိုးနှင့်ဦးခေါင်းကို ပတ်ရစ်လျှင် ရစ်သော့ကြိုး၏ အထက်ပိုင်း ဦးခေါင်းခွံအတွင်း ဦးနှောက်အပြည့်ရှိ၏၊ မျဉ်းကြိုးအောက်၌လည်း ဦးနှောက်အနည်းငယ် ရှိသေး၏၊ ကျောရိုးအလယ်ချက်မှ အထက်သို့ တက်သော ခြင်ဆီနှင့်ရောလျက် တည်၏။

မျက်ခုံးအထက် နောက်စေ့ မောက်လျက်ရှိသည့် အစတိုင်အောင် ဦးနှောက်ခဲကြီးတွင် နဖူးမှနောက်စေ့ အစတိုင်အောင် အမြွေးခြားလျက် ဝဲယာဦးနှောက်ခဲနှစ်ခု၊ဤနောက်စေ့အစမှ နောက်စေ့အောက်တိုင်အောင် အတွင်းဦးနှောက်ခဲတခု၊ ရှေ့ဘက် ဦးနှောက်ခဲ တခုနှင့် နောက်ဘက်ဦးနှောက်ခဲတခု အကြားလည်း အမြွေးခြားလျက်ရှိ၏၊ ထိုအမြွေးတို့လည်း အဖြောင့်မဟုတ်၊ကောက်ကောက်ကွေ့ကွေ့ အမြွေးငယ်များလည်း ရှိ၏၊ နဖူးမှ နောက်စေ့သို့ သွားသောအမြွေးကြီးသည် ဖြောင့်၏။

ရှေ့ဘက် နှစ်ပိုင်းရှိသော ဦးနှောက်ခဲကြီးသည် ကြက်ဥ၏ထက်ခြမ်းသဏ္ဌာန်နှင့်တူ၏၊ဦးနှောက်အလုံးစုံကို အမြွေးသုံးထပ် ထုပ်လျက်ရှိ၏၊ အလယ်အထပ်သည် ပင့်ကူအိမ်အမြွေးကဲ့သို့ ပါး၏၊ ပြင်ထပ်သည် ထူ၏၊

အတွင်းထပ်သည့် ဦးနှောက်တို့၏ အပိုင်းအပိုင်းအကြားတွင် ခြား၏၊ ဦးနှောက်လုံးသည် အချောမဟုတ်၊တွင်းငယ် ချိုင့်ငယ်များလည်းရှိ၏၊ ဦးနှောက်သည် ရိုးတွင်းခြင်ဆီပင် ဖြစ်၏၊ ပြင်ဘက်ပိုင်း ဖြူဝါဝါရှိ၏၊ အတွင်းသား ဖြူ၏၊ ဤဖြူသော အတွင်းသားမှ ရသကြောတို့သည် ထွက်၍ ကိုယ်အလုံးကို ပျံ့နှံ့၏၊ဤသို့ ဦးခေါင်းတွင် ချုပ်ရိုးလေးချောင်း ရှိ၏ဟူ၍ အဋ္ဌကထာဆိုကုန်၏။

သုဿုတဆေးကျမ်းတွင်ကား-
(၁) ခေါင်းတွင် ချုပ်ရိုးငါးချောင်း၊
(၂) အင်္ဂါဇာတ်တွင်တချောင်း၊
(၃) လျှာတွင်တချောင်း—

ဟူ၍ လူတို့ကိုယ်၌ ချုပ်ရိုးခုနစ်ချောင်း ရှိကြောင်းနှင့် ဆိုသည်၊ စင်စစ်မူကား ခေါင်းတွင် အရိုးကြီးရှစ်ချောင်းရှိသောကြောင့် ချုပ်ရိုး ခုနစ်ချောင်း ရှိသည်ကိုသာ မှတ်အပ်၏။

(အန္တံအစ ဤမတ္ထလုင်္ဂ အဆုံးတိုင်အောင်သော ကောဋ္ဌာသ ခြောက်ခုတို့သည် မတ္ထလုင်္ဂဆက္ကမည်ကုန်၏။)

**မတ္ထလုင်္ဂပဉ္စက-တနည်းဆက္ကကမ္မဋ္ဌာန်း ပြဆိုခဲ့ပြီး၏။**

# မေဒဆက္က ကမ္မဋ္ဌာန်း ပြဆိုခန်း

## သည်းခြေ၌ ဝဏ္ဏစသော ၅-ပါး

သည်းခြေသည်—

(၁) အိတ်ငယ်ဖြင့်တည်သော ဗဒ္ဓသည်းခြေ,

(၂) အိတ်မရှိ ကိုယ်အလုံးကို ပျံ့နှံ့ပြေးသွားလျက် ဟည်သော အဗဒ္ဓသည်းခြေ—

ဟူ၍ နှစ်မျိုးရှိ၏၊ထိုနှစ်မျိုးတို့တွင် အိတ်ရှိသော ဗဒ္ဓသည်းခြေသည် အထုထူသော အစေးကပ်နက်သော ခွက်တွင်း၌ ထည့်ထားအပ်သော သစ်မယ်ဇယ်ဆီအဆင်းရှိ၏။

အိတ်မရှိသော အဗဒ္ဓသည်းခြေသည် ညှိုးသော ချရားပွင့်အဆင်း၊ အချို့သူတို့က ညှိုးသော ပဲတလက်ပွင့်အဆင်း, ညှိုးသောကြောင်ပန်းပွင့် အဆင်းဟူ၍ငင်း၊ ဟောင်းသည်ဖြစ်၍ တဘန်ပြန်ပြီးသော အရည်နှင့်ရောသော သစ်မယ်ဇယ်ဆီ အဆင်း၊ နောက်ပြီးပြန်ပြီးသော အရည်နှင့်ရောသော သစ်မယ်ဇယ်ဆီအဆင်းဟူ၍ငင်း၊ ညှိုးသော တောင်းကြီးပွင့် အဆင်းဟူ၍ငင်း ကမ္မဋ္ဌာန်း စာများတွင် အထူးထူးအထွေထွေ ရှုပ်အောင် ပြောဆိုကြသည်ကို မမှတ်နှင့်။

ခုဒ္ဒကပါဌ် အဋ္ဌကထာတွင်ကား— ဤသည်းခြေ နှစ်မျိုးလုံးပင် အထုထူသော သစ်မယ်ဇယ်ဆီအဆင်းဟူ၍ ဆို၏၊ ချရားပွင့်ခြောက် အဆင်း ဟူသော စကားသည် ဧကေဟူ၏။

အဗဒ္ဓသည်းခြေသည် ဆံ,အမွေး,သွား,ခြေသည်း, လက်သည်းတို့၏ အသားမှ လွတ်ရာ အရပ်ကိုငင်း, မာခြောက်သော အရေကိုငင်း ချန်လှပ်၍ ဆီပေါက်ကို ရေ၌ချသကဲ့သို့ ကိုယ်အလုံးကို ပျံ့နှံ့၍ တည်၏၊ အဗဒ္ဓသည်းခြေပျက်လျှင် မျက်လုံးဝါ၏၊ချာချာလည်၏၊ ကိုယ်တုန်လှုပ်၏၊ယား၏။

ဗဒ္ဓသည်းခြေသည် နှလုံး အဆုတ်တို့၏ အကြား၌ အသည်းကို မှီ၍ တည်သော သပွတ်သီးကြီး အခွံအိမ်နှင့်တူသော သည်းခြေအိမ်၌ တည်၏၊ ဤဗဒ္ဓသည်းခြေပျက်လျှင် သတ္တဝါတို့သည် ရူးကုန်၏၊ စိတ်ဖောက်ပြန်သောကြောင့် အရှက်အကြောက်ကို စွန့်ပစ်၍ မပြုအပ်,

မှကြံအပ်သည်တို့ကို ပြုကျင့် ပြောဆို ကြံစည်ကုန်၏၊ ဗဒ္ဓသည်းခြေကို မိမိနေရာအိမ်၏ အမြွေးဝန်းကျင်ဖြင့်, အဗဒ္ဓသည်းခြေကို ကိုယ်အလုံးဖြင့် ပိုင်းခြားအပ်၏၊ဤကား အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

ဒဗ္ဗဂုဏပကာသ စသော ဆေးကျမ်းတို့၌ကား သလိပ်,သည်းခြေ, လေ သုံးခုတို့သည် ကိုယ်ကိုဖျက်ဆီးတတ်သောကြောင့် ဒေါသမည်ကုန်၏၊ ထိုဒေါသသုံးပါးတို့တွင် သည်းခြေသည် ပူ၏၊ အရည်သဘောဖြစ်၏၊ စိမ်းဝါသော အဆင်းရှိ၏၊ စပ်ခါးသော အရသာရှိ၏၊ မီးဖြင့် ချက်၍ကျက်မှုကား ချဉ်၏၊ ဝက်ရူးနာ, နူနာ, အနာပျက်တို့ကို ပယ်နိုင်၏၊ မျက်စိနှင့်သင့်၏၊ ထက်၏၊ ပူ၏၊ရူးသောအနာ,ပိုးနာတို့ကိုနိုင်၏။ ။ ဤကား—သည်းခြေကို စားသောက်လိမ်းကျံသောအကျိုး ရာဇဝလ္လဘ ကျမ်းထွက်။

သည်းခြေသည် ဝမ်းမီး၏တည်ရာ ချက်၏အလယ် အသည်း, သရက်ရွက်, နှလုံး, မျက်လုံးနှစ်ဘက်, အရည်, အစာသစ်အိမ်, ချွေး, အစေး, သွေး, ဆီကြည် အစရှိသော အလုံးစုံသောကိုယ်၌ တည်၏။

(၁) ပါစကသည်းခြေ၊
(၂) ရဉ္စကသည်းခြေ၊
(၃) သာဓကသည်းခြေ၊
(၄) လောစကသည်းခြေ၊
(၅) ဘာဇကသည်းခြေ—

ဟူ၍ သည်းခြေသည် ငါးပါးအပြားရှိ၏၊ ထိုငါးပါးတို့တွင်—

(၁) ဆိုခဲ့ပြီးသော အကြောတို့သည် လကျာရစ်ခွေ၍ တည်သော ချက်၏ စဉ်းငယ် လက်ဝဲဘက်၌မှီသော စန္ဒမဏ္ဍလမည်သော အကြောခွေတခု၊ ထိုအကြောခွေ၏အလယ်၌ သူရိယမဏ္ဍလမည်သော အကြောခွေတခု၊ ဤအကြောခွေ၏အလယ်၌ မှုန်အိမ်တွင်း၌ ထွန်းထားအပ်သော မီးကဲ့သို့ ဝမ်းမီးသည် ရှိ၏၊ ထိုဝမ်းမီး၌၎င်း, အစာသစ်အိမ်၌၎င်း ပါစကမည်သော သည်းခြေသည် တည်၏။

ဝမ်းမီး၌တည်သော သည်းခြေသည် ဝသော, ကြီးသော သူတို့၌ မယောတလုံးခန့် ရှိ၏၊ ပုသောငယ်သောသူတို့၌ နှစ်လုံးခန့်မျှ ရှိ၏၊ နှံ

ကောင် ပရစ် အစရှိသော ငယ်သောအကောင်တို့၌ အဏုမြူခန့်ရှိ၏၊ သည်းခြေငါးပါးတို့တွင် ဤသည်းခြေသည် ပဋ္ဌာနဖြစ်၏၊ ကြွင်းသော သည်းခြေတို့၏ တည်ရာသို့ရောက်၍လည်း ကျက်ခြင်းကိစ္စကို ပြီးစေ၏၊ ဝမ်းမီးအားကို ပွါးစေ၏။

စားအပ်သော အရည် အဖတ်တို့ကို အဆိ,အစေးဟူသော ရသဓာတ်, ကျင်ကြီး,ကျင်ငယ်သုံးခုကွဲအောင် နွားနို့ကို မီးချက်သကဲ့သို့ ချက်၏၊ ဝမ်းမီးအခြား, ဤသည်းခြေအခြား တမျိုးစီပင် ဖြစ်ကြသော်လည်း ဝမ်းမီး၏အလယ်၌ ဤပါစကသည်းခြေ တည်နေသောကြောင့်ငှင်း၊ ပူသောသဘောရှိသောကြောင့်ငှင်း တေဇောမယဖြစ်၍ ဝမ်းမီး ဆောင်ရွက်ရန်ကိစ္စကို ရွက်ဆောင်နိုင်၏၊ ဤပါစကသည်းခြေကို ဝမ်းမီးဟူ၍ပင် ဆိုအပ်ကုန်၏။

(၂) အသည်း၌ အိတ်နှင့်တည်သော ရန္ဇကမည်သော သည်းခြေသည် အစာသစ်အိမ်သို့ရောက်၍ စားအပ်သော အစာသစ်ကို စိမ်းဝါသော အဆင်းဖြစ်အောင် ဆိုးတတ်သောကြောင့် ရန္ဇကမည်၏။

(၃) အသိပညာ, သတိ,သမာဓိ, လုံ့လဝီရိယတို့ကို ပြီးစေတတ်သောကြောင့် နှလုံး၌တည်သော သည်းခြေသည် သာဓကမည်၏။

(၄) မျက်လုံး၌တည်သော သည်းခြေသည် ရူပါရုံကို မြင်စေတတ်သောကြောင့် လောစကမည်၏။

(၅) အရေ၌တည်၍ ကိုယ်အလုံးကိုပျံ့နှံ့သော ဘာဇကသည်းခြေသည် အရေ အဆင်း၏ နှစ်သက်ဘွယ်ကို ပြုတတ်၏၊ ကိုယ်၌ လိမ်းကျံအပ် သွန်းလောင်းအပ်သော အဆီ,အရည် စသည်တို့ကို ခြောက်စေတတ်, ကျက်စေတတ်၏၊ ဤသည်းခြေတို့၏ တေဇောဓာတ်နှင့် ပေါင်း၍ ပူခြင်းကိုပင် ကိုယ်ငွေ့ဟုဆိုအပ်၏။ ။ဤကား— ဗြဟ္မဝေဝတ္တကျမ်း, ဗြဟ္မခဏ္ဍ တဆဲ့ခြောက်ခုမြောက်သော အပိုင်း၌ လာသောစကားတည်း။

အနာတမိကျမ်း၌ကား—အိတ်နှင့်နေသော ဗဒ္ဓ သည်းခြေသည် အသည်း၏ လကျါဘက်အပိုင်းကို ကပ်လျက်ရှိ၏၊ သည်းခြေမှ ထွက်သော ပြွန်သည် အစာသစ်အိမ် လကျါဘက်အဆုံး, အူတို့၏ အစတွင် ပေါင်းဆုံ၍ သည်းခြေအိတ်မှ ထွက်သော သည်းခြေရည်သည် ညိုမောင်းသော

ရွှေအဆင်းရှိ၏၊ သစ်ပင်မှထွက်သော အစေးနှင့်တူ၏၊ ထိုအရည်သည် ဤအူ၏ အစတွင်း၌ မပြတ်ဝင်လျက်ရှိ၏၊ အစာစားပြီးစ၌ ဤအရည်သည် များစွာထွက်၍ အူတွင်း၌ အစာသစ်နှင့်ရောကြ၏၊ အသက်သုံးဆယ်ကကို ငါးဆဲ့ငါးနှစ်အတွင်း၌ ဤသည်းခြေရည် သာ၍အထွက်များ၏၊ တရက်လျှင် အချိန် ငါးဆဲ့ခြောက်ကျပ်ခန့် နေ့စဉ်ထွက်၏၊ဤသည်းခြေအိတ်သည် အနံ့သုံးသစ်နှင့် သုံးပုံတပုံ၊ အလျားငါးသစ်နှင့် သုံးပုံတပုံ ရှိ၏ဟု—ဤသို့ဆို၏။ ။အိတ်မရှိသော အဗဒ္ဓသည်းခြေကို အထူးမဆိုကုန်။

---

## သလိပ်၌ ဝဏ္ဏစသော ၅-ပါး

ကိုယ်အတွင်း၌ တကွမ်းစား မျှလောက်သော သလိပ်သည် ဖြူ၏၊ သနပ်သီးမှည့်, တမာသီးမှည့် အရည်အဆင်းရှိ၏၊ သ္လေမှန္တိ သရီရဗ္ဘန္တရေ ကေပတ္တပူရဏပ္ပမာဏံ သ္လေမှံ ဟူသော အဋ္ဌကထာပါဌ်၌ ပတ္တသဒ္ဒါကို တဝမ်းပူနှစ်ဆင့်ထင်ကြ၍ တသပိတ်ပမာဏဟု အနက်ပေးကြသည်ကို မမှတ်နှင့်၊တဝမ်းပူထဆင်ထူးဆင့်လျက် ပတ္တ—ဟုရှိစေ၊သို့မှ တည်ရာအစာသစ်အိမ်နှင့် တန်မည်။

[ကွမ်းစားဟူသည်လည်း ယခုအခါ စလယ်ခေါ်ကြသည်၊ မဇ္ဈိမဒေသမဂဓတွင် စလယ်မှာ အလျား,အနံ့တမိုက် စောက်နှစ်သစ်ခန့် ရှိသော တောင်းကိုယူ၊ ဆေးကျမ်းတို့၏ အလိုအားဖြင့် အချိန်လေးပိုလ် ရှိသည်ဟု မှတ်။ ]

အဆင်းကိုဆိုရာ၌"နာဂဗလပတ္တရသဝဏ္ဏံ" ဟူသောအဋ္ဌကထာပါဌ်ကို ဂုံနွယ်ရွက်ရည် အဆင်းဟူ၍ငင်း, ကံ့ကော်ရွက်ရည် အဆင်းဟူ၍ငင်း အနက်အမျိုးမျိုး ပေးကြသည်၊ သလိပ်အဆင်းနှင့် မတူ၊ဤနာဂဗလဟူသော အပင်သည် ငြုတ်ပင်, ခရမ်းပင်များကဲ့သို့ အပင်ငယ်မျိုးဖြစ်သည်၊ မြစ်နားမှာပေါက်တတ်သည်၊ ချိုချဉ်ရသာ အသီးရှိသည်ဟု—ဆေးကျမ်းတွင် ဆိုသည်၊ အနောက်တိုင်းပြည်များမှာ ရှိသောအပင်မျိုး ဖြစ်သည်၊ငါတို့အရပ်မှာ ရှိမရှိကို မသိကြသေး။

မိမိတည်ရာနှင့်သဏ္ဌာန်တူ၏၊ အစာသစ်အိမ်၌ တည်၏၊ အစားအသောက်ကို မျိုသည်ရှိသော် ရေပေါ်တွင် မှော်ပြင်အထက်၌ ခဲကျ

လျှင် ကွဲ၍တဘန်စေ့ပြန်သကဲ့သို့ အစာသစ်အိမ်အထက်၌ နေသော သလိပ်သည် အစာဝင်လျှင် ကွဲ၍စေ့မြဲ စေ့ပြန်၏၊ ဤသလိပ်နည်းသည် ရှိသော် အစာသစ်အိမ်မှ မကောင်းသောအနံ့သည် လေကြို့လျှင် စကားပြောလျှင် ထွက်၏၊ ဤသလိပ်ရှိမြဲတိုင်းရှိလျှင် ကျင်ကြီးအိမ် အ ပေါက်၌ ပိတ်သောပျဉ်ကဲ့သို့ ဝမ်းတွင်းမှ မကောင်းသောအနံ့ကို အစာ သစ်အိမ်အတွင်း၌ ပိတ်လျက် တည်၏၊ သလိပ်၏ ထက်စန်းကျင်ဖြင့် ပိုင်းခြားအပ်၏၊ ဤကား အဋ္ဌကထာတို့တွင် ဆိုသော စကားတည်း။

ဒဗ္ဗဂုဏပကာသ စသော ဆေးကျမ်းတို့၌ကား သလိပ်သည် ရင်, လည်ချောင်း, ဦးခေါင်း, ပြည်အိတ်, အရိုးတို့၏ အဆက်အစပ်,အစာ သစ် အိမ်, နှာခေါင်း, လျှာ, ဆီကြည်, ဆီခဲတို့၌ တည်၏၊ အထူးအား ဖြင့်ကား ရင်၌တည်၏၊ သလိပ်သည် ဖြူ၏၊ ပြော့ပျောင်း၏၊ ပြစ်ချွဲ၏၊ နေး၏၊ ချို၏၊ ကျက်သည် ကာလ ငန်၏၊ ပကတိအတိုင်း သလိပ်ရှိလျှင် သလိပ်သည်ပင် ခွန်အားမည်၏၊ ဘောက်ပြန်လျှင် စွန့်ပစ်အပ်သော အညစ်အကြေး ဖြစ်၏။

(၁) ရင်၌တည်သော သလိပ်သည် တွယ်ကပ်ခြင်းကို ပြုတတ် သောကြောင့် အဝလမ္ဗက သလိပ်မည်၏။
(၂) အစာသစ်အိမ်၌ တည်သော သလိပ်သည် အစာကို စိုစွတ် စေတတ်သောကြောင့် ကိလေဒက သလိပ်မည်၏။
(၃) အရိုးတို့၏အစပ်၌ တည်သော သလိပ်သည် စေးကပ်တတ် သောကြောင့် သိလေသက သလိပ်မည်၏။
(၄) လျှာ၌တည်သော သလိပ်သည် အရသာကို သိစေတတ် သောကြောင့် ဗောဓက သလိပ်မည်၏။
(၅) ဦးခေါင်း၌တည်သော သလိပ်သည် မျက်စိကို စိုစွတ်စေ တတ်သောကြောင့် တေမက သလိပ်မည်၏။

ဤသို့ဆိုကြကုန်၏၊ သင်္ကရိုဠ်ဆေးကျမ်းတို့၌ နှပ်, ပြည်, အစေး, သလိပ် ဤအလုံးစုံကို နိုင်သောဆေး တူသောကြောင့် သလိပ်ဟူ၍ ချည်း ဆိုသည်ဟုမှတ်။

အနာတမီကျမ်း၌ကား အစာဝင်သော လည်ချောင်းပေါက်၏ အ သားသည် သုံးထပ်ရှိ၏၊ ပြင်ထပ်ကား အသားမျှင်တုံးငယ် ပတ်ရစ်

သည်ကို အမြေးအုပ်လျက်ရှိ၏၊ အလယ်သားသည် ပြွန်ခေါင်းအလျား လိုက်တည်သော အသားတုံးငယ်စု ဖြစ်၏၊ အတွင်းသားသည် အသား နုံပြော့ အလုံးငယ်စုဖြစ်၏၊ ထိုအသားပြော့တည်ရာ ပြွန်ခေါင်းအတွင်း ဘက် အပြင်တွင် ပိန္နဲသီးခံ့ကဲ့သို့ ဆူးထလျက်ရှိသည်ကို နူးညံ့သော အမြေးလွှာဖြင့် အုပ်လျက်ရှိ၏။

ထိုအတွင်းဆုံး အသားတွင်း၌ သလိပ်၏တည်ရာ အမြေးအိတ်စု သည် ရှိ၏၊ ဤအမြေးအိတ်တို့မှ ပြွန်တံသည် ပိန္နဲဆူးအသားနုကို အုပ် သော အမြေးရှိရာ ပြွန်ခေါင်းအတွင်းသို့ အဝလှည့်လျက်ရှိ၏၊ထိုပိန္နဲဆူး ထသော အသားနုကိုအုပ်သော အတွင်းဆုံးအမြေးကို သလိပ်မြေးဟု ခေါ်ဝေါ်အပ်၏၊ ဤအစားဝင်သော လည်ချောင်းပေါက်မှာကဲ့သို့ သလိပ်အိတ်နှင့် သလိပ်မြေးမျိုးတို့သည် နှာခေါင်းအထက်ပိုင်း အဆုတ် သို့သွားသောပြွန်, အစာသစ်အိမ် အူ, အစာဟောင်းအိမ်, ကျင်ငယ်၏ တည်ရာ စည်ပေါင်း, ကျောက်ကပ်မှ ဆီးအိမ်,စည်ပေါင်းသို့သွားသော အကြောအတွင်းတို့၌လည်း ရှိသောကြောင့် ထိုအရပ်တို့မှလည်း သလိပ် တို့သည် ထိုက်သည်အားလျော်စွာ ထွက်ကုန်၏ဟူ၍ ဆို၏။

---

## ပြည်၌ ဝဏ္ဏစသော ၅-ပါး

ပြည်သည် ဖြူသောပြော့သော ဖက်ရွက်လျော်အဆင်း၊ သေသော အလောင်းကောင်၌ကား ထမင်းချိုးပုပ်ခဲအဆင်း ရှိ၏၊ မိမိတည်ရာနှင့် သဏ္ဌာန်တူ၏၊ပြည်၏တည်ရာ ဩကာသမည်သည် အမြဲမရှိ၊ ထိခိုက်ရှနာ, အမာပေါက်ရာတို့၌ ပေါင်းစုမိသောသွေးသည် ကျက်၍ ပြည်ဖြစ်၍ တည်၏၊ ပြည်၏ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏၊ဤကား သမ္မောဟ ဝိနောဒနီ, ဝိသုဒ္ဓိမဂ်, ခုဒ္ဒကပါဌအဋ္ဌကထာ သုံးစောင်တို့၌ ဆိုသော စကားတည်း။

ဤအဋ္ဌကထာ သုံးစောင်တို့တွင် ကာယဂတာသတိ ကမ္မဋ္ဌာန်း, ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း အဘွင့်တို့၌ ပြည်၏တည်ရာ ဩကာသ သည် ဗန္ဓသည်းခြေမျှားကဲ့သို့ နေရာအမြဲမရှိဟု ဆိုသောစကားသည် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာဟာရေ ပဋိကူလသညာကမ္မဋ္ဌာန်း အဘွင့် အာသယအားဖြင့် အာဟာရကို စက်ဆုပ်ရွံရှာဘွယ်ဟု ရှုဆင်ခြင် ရာ၌—

ကတမာသယတော၊ စေ ပရိဘောဂံ ဥပဂတော စ ပနေသ အန္တော ပဝိသမာနော ယသ္မာ ဗုဒ္ဓပစ္စေကဗုဒ္ဓါနမ္ပိ ရညော စက္ကဝတ္တိဿပိ ပိတ္တသေ္လမှပုဗ္ဗလောဟိတာသယေသု စတူသု အညတရော အာသယော ဟောတိယေဝ။ မန္ဒပုညာနံ ပန စတ္တာရောပိ အာသယာ ဟောန္တိ၊ တသ္မာ ယဿ ပိတ္တာ-သယော အဓိကော ဟောတိ၊ တဿ ဗဟာလမဓုကတေလမက္ခိတော ဝိယ ပရမဇေဂုစ္ဆော ဟောတိ၊ ယဿ သေ္လမှာ-သယော အဓိကော ဟောတိ၊ တဿ နာဂဗလ ပဏ္ဏရသမက္ခိတော ဝိယ၊ ယဿ ပုဗ္ဗာသယော အဓိကော ဟောတိ၊ တဿ ပူတိတက္ကမက္ခိတော ဝိယ၊ ယဿ လောဟိတာသယော အဓိကော ဟောတိ၊ တဿ ရဇနမက္ခိတော ဝိယ ပရမဇေ-ဂုစ္ဆော ဟောတီတိ။ ဧဝံ အာသယတော ပဋိက္ကူလတာ ပစ္စဝေက္ခိတဗ္ဗာ။

ဟူသောစကားနှင့် မညီကြလေ၊ ဤပါဠိ၏အဓိပ္ပါယ်ကား—

အာသယအားဖြင့် အဘယ်သို့ အစာကို စက်ဆုပ်ဘွယ်ဟု ဆင်ခြင်ရာသနည်းဟူမူ—ဤသို့ သုံးဆောင် စားသောက်အပ်သော အစာသည် အစာသစ်အိမ်တွင်းသို့ဝင်လျှင် အကြွင့်ကြောင့် ဘုရားပစ္စေကဗုဒ္ဓါတို့၏ ၎င်း,စကြာမင်း၏၎င်း သည်းခြေ, သလိပ်, ပြည်, သွေး, အာသယလေးပါးတို့တွင် တပါးပါးဖြင့် လိမ်းကျံအပ်သည်သာလျှင်တည်း၊ ဘုန်းကံနည်းကုန်သော လူသာမန်တို့၏ကား– ဤအာသယ လေးပါးတို့ဖြင့်ပင် လိမ်းကျံအပ်ကုန်၏၊ ထို့ကြောင့်—

(၁) အကြွင်သူ၏ သည်းခြေဟူသော လိမ်းကျံတတ်သော အာသယသည် လွန်၏၊ ထိုသူ၏ သုံးဆောင်အပ်သော အစာသည် အထူထူသော သစ်မယ်ဇယ်ဆီလိမ်းကျံအပ်သကဲ့သို့ အလွန်စက်ဆုပ်ဘွယ်ဖြစ်၏။

(၂) အကြွင်သူ၏ သလိပ်ဟူသော လိမ်းကျံတတ်သော အာသယသည် လွန်၏၊ထိုသူ၏သုံးဆောင်အပ်သော အစာသည် နာဂဗလမည်သော သစ်ပင်၏ အရွက်ရည်ဖြင့် လိမ်းကျံအပ်သကဲ့သို့ အလွန်စက်ဆုပ်ဘွယ်ဖြစ်၏။

(၃) အကြင်သူ၏ ပြည်ဟူသော လိမ်းကျံတတ်သော အာသယသည် လွန်၏၊ ထိုသူ၏ သုံးဆောင်အပ်သော အစာသည် မဒီရေပုပ်ဖြင့် လိမ်းကျံအပ်သကဲ့သို့ အလွန် စက်ဆုပ်ဘွယ် ဖြစ်၏။

(၄) အကြင်သူ၏ သွေးဟူသော လိမ်းကျံတတ်သော အာသယသည် လွန်၏၊ ထိုသူ၏ သုံးဆောင်အပ်သော အစာသည် ချိပ်ရည်ဖြင့် လိမ်းကျံအပ်သကဲ့သို့ အလွန် စက်ဆုပ်ဘွယ် ဖြစ်၏။

ဤသို့ လိမ်းကျံတတ်သော အာသယဟူသော ဝတ္ထုလေးမျိုးအားဖြင့် အစာတို့၏ စက်ဆုပ် ရွံရှာဘွယ် အဖြစ်ကို ရှုဆင်ခြင်အပ်၏ ဟု ဆိုလိုသည်။

ဤအလိုသော် သည်းခြေ, သလိပ်, ပြည်,သွေး–ဤလေးခုတို့သည် အစာဝင်သော ပြွန်ပေါက်၏ အနီး၌ မိမိတို့၏တည်ရာ အသီးသီးအိတ်တို့နှင့် ရှိနှင့်ကြ၍ စားအပ်သောအစာ ဝင်သည့် ကာလ ထိုသည်းခြေအစရှိသော အရည်လေးမျိုးတို့သည် မိမိနေရာတို့မှ ထွက်လာ၍ အစာနှင့်ရောနှောလိမ်းကျံကြသည်ဟု ဆိုလိုသည်၊ ဤသို့ စကားနှစ်ရပ် မညီမညွတ်ရှိသည်ကို ဝိသုဒ္ဓိမဂ် မဟာဋီကာ ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း အဘွင့်၌–

ပုဗ္ဗာသယော မန္ဒပုညာနံ ဧကသ္မိံဒေဝ ဟောတီတိကတွာ အသဗ္ဗသာဓာရဏန္တိ အဓိပ္ပါယေန ပုဗ္ဗော အနိဗဒ္ဓေါကာသောတိ။

ဟူ၍ဆို၏။

အဓိပ္ပါယ်ကား–ပြည်ဟူသော လိမ်းကျံတတ်သော အိတ်ဖြင့် အမြဲတည်သော ပြည်သည် ဘုန်းကံနည်းကုန်သော အချို့သော သူတို့၌သာ ဖြစ်၏၊ ထို့ကြောင့် စားအပ်သောအစာကို လိမ်းကျံတတ်သော အမြဲတည်သော ပြည်သည် အလုံးစုံသောသူတို့နှင့် မဆက်ဆံ၊ ဤသို့သော အဓိပ္ပါယ်အာဖြင့် ပြည်သည် တည်ရာအမြဲမရှိဟု အဋ္ဌကထာ ဆိုသည် ဟူလို။

ဤသို့ အိတ်နှင့် အမြဲတည်သော ပြည်သည် ဤကိုယ်တွင်း၌ ရှိကြောင်းကိုသာ အဋ္ဌကထာ ဋီကာတို့၌ ဆိုသည်၊ အဆင်းသဏ္ဌာန်တည်ရာ အစရှိသည်တို့ဖြင့်မူကား–အသေအချာ မဆိုလေ၊ ဤအဋ္ဌကထာ ဋီကာတို့တွင် လာသောပြည်သည်–

(၁) ထိခိုက်ရှနရာ, အမာပေါက်ရာတို့၌ ဖြစ်သော အမြဲမတည်သော အနိယတပြည်၊

(၂) ဗဒ္ဓသည်းခြေကဲ့သို့ အိတ်နှင့် အမြဲတည်သော အာသယလေးပါးတို့တွင် ပါဝင်သော ဗဒ္ဓပြည်–

ဟူ၍ ပြည်နှစ်မျိုးရှိသင့်သည်ကိုမှတ်၊ ထိုနှစ်မျိုးတို့တွင် ဗဒ္ဓပြည်သည် ဖြူသောကြောင့် တံတွေး အဆင်း, နွားနို့ချဉ်ရည် အဆင်းလည်းဆို၏၊ ဤပြည်တည်သော ဒိတ်ငယ်သည်လည်း သည်းခြေအိတ်ကဲ့သို့ ဖြစ်၏၊ ထို့ကြောင့် သဏ္ဌာန်အားဖြင့် သည်းခြေကဲ့သို့ပင် ဖြစ်၏၊ ရင်ခေါင်းတွင်းလက်ဝဲဘက် အစာသစ်အိမ်၏အထက် ကျောဘက်၌တည်၏၊ ဤပြည်အိတ်၏ ပြွန်တံသည် အစာသစ်အိမ်လက်ျာဘက် အပေါက်စမှာ တွယ်ကပ်လျက်ရှိ၏၊

ဗဒ္ဓသည်းခြေ၏ အရည့်သည်လည်း အစာသစ်၌ ရောသကဲ့သို့ ဤဗဒ္ဓပြည်၏ အရည်သည်လည်း အစာသစ်အိမ်သို့ ဝင်ပြီးလျှင် အစာသစ်နှင့် ရော၏၊ ငန်သောအရသာရှိ၏၊ ဤဗဒ္ဓပြည်အိတ်သည် နူးညံ့ ပျောင်းပြော့၏၊ အလျားအားဖြင့် လူတို့၏ အလုံးအရပ် အကြီး အငယ်ကိုလိုက်၍ တမိုက်ကကို တမိုက်နှစ်သစ်နှင့် ခြောက်ပုံလေးပုံ တိုင်အောင်ရှိ၏၊ အချင်းမူကား–များသောအားဖြင့် နှစ်သစ်ရှိ၏၊ပြည်ပါ အချိန်ခြောက်ကျပ်သုံးမူးခန့် ရှိ၏၊ဤပြည်သည် မပြတ်ထွက်၍ အစာသစ်အိမ်လက်ျာဘက် အထွက်၌ လူတို့၏ ဓာတ်သဘောကိုလိုက်၍ တနေ့ တည့်၌တွင်း၌ ( ဂိ ၇။း ၁ ) ကကို (၁၄) တိုင်အောင်နေ့စဉ်ဝင်၏၊ ဤကား အနာတမီကျမ်း, သိုးဆောင်းဆေးကျမ်းတို့တွင် ဆိုသောစကားတည်း။

အမရကောသမည်သော သက္ကဋ္ဌ အဘိဓာန်ကျမ်း၌ တိလက ဟု အမည်ထုတ်၏၊ ၎င်းဋီကာ၌ ကိလောမ, ကောမဟူ၍ ပရိယာယ် နှစ်ပုဒ်ထုတ်၏၊ သုဿုတဆေးကျမ်း၌လည်း နှလုံး၏အောက် လက်ျာဘက်၌ အသည်းနှင့် ဤပြည်အိတ်နေသည်ဟု ဆို၏၊ ဒဗ္ဗဂုဏပကာသ စသော ဆေးကျမ်း၌လည်း ချက်၏အထက် ပြည်အိတ်၊ ၎င်းအောက် လေ၏

တည်ရာ၊ ၎င်းအောက်ကျင်ကြီးအိမ်ဟူ၍ဆို၏၊ ဤဗဒ္ဓပြည်မှ ထွက်သော ပြည် အရည်နည်းလျှင် လူတို့သည် ရေငတ်၏၊ ထို့ကြောင့် ဒဗ္ဗဂုဏ ပကာသစသော ဆေးကျမ်း၌—

ဇလဝါဟီ သိရာမူလံ၊ တဏှာဓာတုနကံ တိလံ။

ဟူ၍ဆို၏၊ အတ္ထကား—

ဇလဝါဟီ၊ ရေကိုဆောင်တတ်သော။ သိရာမူလံ၊ အခေါင်းရှိသော သိရာမည်သော အကြောပြွန်တံ အမြစ်အရင်းရှိသော။ တဏှာဓာတုနကံ၊ ရေကိုမွတ်သိပ်စေတတ်သော ပြည်ကို ဖုံးလွှမ်းတတ်သော ဝတ္ထုသည် ကား။ တိလံ၊တိလမည်၏။ တိလံ၊ ပြည်အိတ်။

အနိယတပြည်ကိုမူကား—အဋ္ဌကထာတို့တွင် ဆိုတိုင်းဆိုခဲ့ပြီ။

**ပြည်အိတ်၏အလျား, အနံ, ထု, အချိန်ပမာဏဇာလျားပုံ**

| ပြည်အိတ်၏အလျား၊အနံ၊အထု၊အချိန် ပမာဏစာရင်း | အငယ်ဆုံး | အကြီးဆုံး |
|---|---|---|
| အလျားလက်သစ် .... .... .... .... | ၁ိ | ၆ိ ၂ံ ၂/၃ |
| အနံလက်သစ်.... .... .... .... .... | ၁/၂ | ၂ိ |
| ထုလက်သစ် .... .... .... .... .... | ၂/၃ | ၁ံ ၁/၃ |
| အချိန် .... .... .... .... .... | ၄ ၃ယူး၁ဲ၃ံ | ၆ ၁ယူး ၁ဲ ၃ံ |
| ပေါင်း | | |

**ရသဓာတ်၌ ဝဏ္ဏစသော ၅-ပါး**

စားသောက်အပ်သော အရည် အဖတ်တို့၏ အဆီ, အစေးဖြစ် သော ငါးပုံတပုံသည် ရသဓာတ်မည်၏၊ ဤရသဓာတ်သည် ဖြူသောအဆင်း ရှိ၏၊ အစာတွင် အသားများလျှင် ဆန်ဆေးရည်နှင့်တူ၏၊ ထမင်း မုံ့ များလျှင် ထမင်းရည်နှင့်တူ၏၊မိမိတည်ရာသဏ္ဌာန်ရှိ၏၊ ချက်၏ အထက် အောက် အရပ် နှစ်ပါးတို့၌ ဖြစ်၏၊ အူတွင်း၌တည်၏၊ ဟည်ရာဖြစ် သောအူ၏ အတွင်းပတ်လည်ဖြင့် ပိုင်းခြားအပ်၏၊ သွေးဖြစ်ကြောင်း ဖြစ်သော ဓာတ်တည်း။

[ဝိဘင်းပါဠိတော် အဋ္ဌကထာအာပေါဓာတ်ကို ဟောတော်မူသည့် အရာ ယံဝါပနည္ဓမ္မိ ဟူသောပါဠိဖြင့် ယူအပ်သော အရည်ဓာတ်တည်း။]

## သွေး၌ ဝဏ္ဏစသော ၅-ပါး

(၁) ပေါင်းစု၍တည်သော သန္နိစိတသွေး၊
(၂) သွေးကြောကို လျှောက်၍ ပြေးသွားလျက် တည်သော သံသရဏသွေး—

ဟူ၍ သွေးသည် နှစ်မျိုးရှိ၏၊ထိုနှစ်မျိုးတို့တွင် သန္နိစိတသွေးသည် ကျက်သော အထုထူသော ချိပ်ရည်အဆင်း, သံသရဏသွေးသည် ကြည်လင်သော ချိပ်ရည်အဆင်း, တည်ရာနှင့်တူသောသဏ္ဌာန်ရှိ၏၊ သန္နိစိတသွေးသည် တကွမ်းစားခန့်မျှရှိ၏၊ (ဤ၌လည်း "ကေပတ္ထပူရဏမတ္တံ" ဟူသော ပါဠိ၌ တ ဝမ်း ပူ,ဏ ဆင်ထူး ဆင့်လျက်ပင်လိုသည်၊ တသပိတ်ဟု—အနက်မပေးနှင့်၊)

နှလုံး, အညှို့တို့၏ အထက်၌တည်၍ နှလုံးအညှို့တို့အပေါ်ကို အစက်စက် ကျစေလျက် နှလုံးအညှို့အဆုတ်တို့ကို စိုစွတ်စေ၍ အသည်း၏ အောက်အဘို့ကို ကျသော သွေးပေါက်တို့ဖြင့် ပြည့်စေရကား—နှလုံး, အညှို့အဆုတ်တို့၏ အထက်၌တည်၏၊ ထိုသန္နိစိတ သွေးသည် နှလုံး, အညှို့, အဆုတ်တို့ကို မစိုစွတ်သည်ရှိသော် သတ္တဝါတို့သည် ရေမွတ်သိပ်ကုန်၏။

သံသရဏသွေးသည် အဗဒ္ဓသည်းခြေကဲ့သို့ သွေးကြောကွန်ယက်ကို အစဉ်လျှောက်သဖြင့် အလုံးစုံသော ကံကြောင့် ဖြစ်သော ဤကိုယ်ကို ပျံ့နှံ့၍ တည်၏၊ သွေးတို့၏ ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။

သြကာသတော သံသရဏလောဟိတံ ဌပေတွာ ကေသ လောမ ဒန္တ နခါနံ မံသဝိနိမုတ္တဋ္ဌာနဉ္စေဝ ထဒ္ဓသုက္ခစမ္မဉ္စ ဓမနီ ဇာလာနုသာရေန သဗ္ဗံ ဥပါဒိဏ္ဏသရီရံ ဖရိတွာ ဌိတံ။

ဟူ၍ အဋ္ဌကထာတို့တွင် ဆိုသောကြောင့် ဓမနီမည်သော သွေးကြောကို လျှောက်၍ ပြေးသွားသော သံသရဏသွေးသည် ခြေသည်း, လက်သည်း, ဆံ, အမွေး, သွားတို့မှ လွတ်ရာအရပ်ကို ချန်လှပ်၍ ကိုယ်အလုံးကို ပျံ့နှံ့လျက်တည်၏။

အနာဂတမိကျမ်းအလိုအားဖြင့် ကိုယ်အလုံး၌ အပျံ့အနှံ့ဖုံးအုပ်သော ရသကြော၌ တည်၏ ဟူ၍ မှတ်အပ်၏၊ ကာယပသာဒရုပ်သည်လည်း

ရသကြောကိုမှီ၍ ကိုယ်အလုံးကို ပျံ့နှံ့သည်ဟု သိအပ်သည်၊ ဘာဝရုပ်နှစ်ခုလည်း ဤရသကြောကိုပင်မှီ၍ ကိုယ်အလုံးကို ပျံ့နှံ့သည်ဟု–မှတ်၊ စက္ခုစသော ပသာဒရုပ်တို့သည်လည်း ဤရသကြောနှင့် စပ်ဆိုင်ကြသည်ချည်းမှတ်လေ၊ ထို့ကြောင့် အလွန်ငယ်သော မမြင်နိုင်အောင်ထက်သော အပ်ဖျားဖြင့် ဤကိုယ်ကိုထိုးလျှင်အနည်းဆုံးအားဖြင့် သွေးကြောတချောင်းနှင့် ရသကြောတချောင်းကို ထိုးမိလိမ့်မည်၊ထိုအကြောနှစ်ခုတို့ကို လွတ်အောင်မထိုးနိုင် ဟူ၍လည်းမှတ်လေ။

ဤအဋ္ဌကထာ၌ နှလုံး,အညှို့,အဆုတ်တို့၏ အထက်က သန္ဓိစိတသွေးသည် အပေါက်အစက်စက်ကျ၍ နှလုံး,အညှို့, အဆုတ်တို့ကို စွတ်စေပြီးလျှင် အသည်း၏ အောက်ကို ပြည့်စေ၏ဟူ၍သာ ဆိုသည်၊ ၎င်းသွေးတခု ဖြစ်၍သော်လည်းထွက်မှ, အဆီ အသား ဖြစ်သော်လည်းလူတို့၏ ကိုယ်တွင် တိုးပွားမှုသာ အဆုံးသို့ရောက်မည်၊ သို့မဟုတ်လျှင်လည်း ကျပြီးသွေး တဘန်ပြန်တက်၍ ကျပြန်သည် ဖြစ်မှ ဖြစ်ပုံ အစအဆုံး ကိုက်မည်၊သို့မဟုတ်လျှင် အသည်းအောက်တွင် အပေါက်အစက် ကျသောသွေးများ တနေ့ထက်တနေ့ ပွားများ၍ လူခံနိုင်ရန်မရှိ။

ဋီကာတို့တွင်လည်း ဤစကားကို ကွဲပြားအောင်မဘွင့်၊ ဤသန္ဓိစိတသွေးသည် အစက်အပေါက်ကျရအောင် ဗဒ္ဓသည်းခြေများကဲ့သို့ အိတ်နှင့်နေသည်ဟူ၍၎င်း, တစုံတခုကဖြစ်ပွား၍ ကျသည်ဟူ၍၎င်း စာတို့တွင်မဆို၊ အသိခက်သည်၊ အရပ်ရပ်ဆေးကျမ်း, အနာတမီကျမ်းတို့၌လည်း ဤသန္ဓိစိတသွေးရှိကြောင်းနှင့် မလာမရှိ၊ နှလုံး, ကျောက်ကပ်, အဆုတ်တို့ကို ဤသွေးအပေါက်အစက် မစိုမစွတ်လျှင် သတ္တဝါတို့ရေမွတ်သိပ်ကုန်၏ဟု– ဆိုသောစကားသည် ဆေးကျမ်းတို့၌ ဆိုသောစကားနှင့်မညီ၊ ဆေးကျမ်းတို့တွင်မူကား–ပြည်အိတ်က ပြည်အထွက်နည်းလျှင်သာ ရေမွတ်သိပ်သည်ဟု ဆိုကုန်၏။

အနာတမီကျမ်း၌ကား– အကြောစုတို့ကို ဆိုရာတွင် ဆိုခဲ့ပြီးသည့်အတိုင်း နှလုံးသည် အလုံးစုံသော သွေးကြောတို့၏ ပေါင်းဆုံရာဖြစ်၍ ဤနှလုံးမှထွက်သော သွေးကြောတို့သည်လည်း ကွန်ယက်ကဲ့သို့ ကိုယ်အလုံးကို အနှံ့အစပ် ဖုံးအုပ်ပြီးလျှင် ဤနှလုံးနှင့် အကြောတို့၏အတွင်း

၌ အချိန်ခြောက်ပိဿာကျော် ခန့်လောက်သော သွေးတို့သည် မပြတ် လှုပ်ရှားသွားလာ နေကြကုန်၏၊ သွေးကို ထုတ်ယူ၍နေပူမှာထားလျှင် အခဲနှင့် ကြက်တက်ရည် ကွဲကြလိမ့်မည်၊အခဲကို ယူ၍ကြည့်လျှင် အမျှင် အမျှင်ဖြစ်သော ဝတ္ထုနှင့် အလုံးငယ် ကလေးများ ရှိသည်၊ ရေနှင့်နာ နာဆေးလျှင် အလုံးငယ်ကလေးများကုန်၍ဖြူဖြူအမျှင်စုသာ ကျန်သည်၊ နီသော အဆင်းလည်း ပျောက်သည်၊ထို့ကြောင့် ဤအလုံးငယ်ကလေး စုကိုစွဲ၍ သွေးသည် နီသောအဆင်း ဖြစ်သည်ဟုအချို့ကဆိုကြကုန်၏။

ဤကြက်တက်ရည်သည် ဝါသော့အဆင်းရှိ၏၊ ဤကြက်တက်ရည် ကိုပင် အဗဒ္ဓသည်းခြေဆိုသည် မှတ်ရမည်၊ ဤကြက်တက်ရည်တွင် ကန့် အနည်းငယ်နှင့် သံ,ကြက်ဥစသော ဥတို့တွင်ရှိသော ဖြူသောအကာ ရည်နှင့် တူသော အရည်မျိုး, ပကတိရေ, မီးသွေးဓာတ်တို့ ရှိကုန်၏၊ အရွယ် ရောက်ပြီးသော သူတယောက်၌ ရှိသောသွေးတို့၏ ကြက်တက် ရည်ကို ယူ၍ချက်လျှင် သံချိန်(၅၇ကျပ်ခွဲ)ရသည်၊ ထို့ကြောင့် သွေးပွား များအောင်, အားရှိအောင် သံပါသောဆေးကို လူတို့ကိုပေးရမည်၊ ကြက်ဥအကာရည်ကဲ့သို့သော အကာရည်သည် သုက်ဖြစ်ရန်, ဖြူဖြူအ မျှင်စုံလည်း အသားဖြစ်ရန်ဟု ယူရန်ရှိသည်ဟူ၍ သံသရဏသွေးအ ကြောင်းကိုသာ ဆိုသည်၊သိန္နိစိတသွေးရှိကြောင်းနှင့် မဆို။

မိန်းမတို့၌မူကား ခရှသင်း၏ဝမ်းဘက် ချက်နှင့်တူသော အင်္ဂါ ဇာတ်တွင် ပသာဝမဂ္ဂသည် အထက်,ယောနိမဂ္ဂသည် အောက်၊ ဤ အပေါက်နှစ်ခု ရှိသည်တွင် ချက်အောက် အင်္ဂါဇာတ် အထက်အကြား ဝမ်းတွင်း၌ရှိသော ဆီး၏တည်ရာ စည်ပေါင်း၏ ဆီးထွက်သောပြွန် တံသည် ပသာဝမဂ္ဂနှင့် တပ်လျက်ရှိ၏၊ ဤစည်ပေါင်းအနောက်ဘက် ကျင်ကြီးအိမ်၏ရှေ့အကြား သားအိမ်၏ပြွန်တံသည် ယောနိမဂ္ဂနှင့် တပ် လျက်ရှိ၏။

အင်္ဂါဇာတ်၏ အရစ်သုံးခုအနက် အတွင်းရစ်၏ အဆုံး၌ ခံတွင်းနှင့် တကွသော ငါးကြင်းခေါင်းနှင့်တူသော သားအိမ်သည် တည်၏၊ ဤသားအိမ်တွင်း၌ သွေးကြောတို့မှ အထက်က ဝင်သောသွေးသည် တလပြည့်သည်ကာလ မိန်းမတို့၏ ဓာတ်သဘောကို လိုက်၍ သုံးရက်က

ကို ငါးရက်တိုင်အောင် ယိုစီး၍ထွက်ရ၏၊ ပဋိသန္ဓေရှိသောအခါ၌သွေးသည် အနည်းဆုံး ခုနစ်လတိုင်အောင် သားအိမ်တွင်း၌ ပေါင်းစုလျက်တည်၏၊ သားဘွားသည့်ကာလမှ ၎င်းသွေးစုသည် အကုန်ထွက်၏၊ ဤကဲ့သို့ မိန်းမတို့၏ သားအိမ်၌ ဆိုခဲ့ပြီးသည့်အတိုင်း ကိုယ်ဝန်မရှိသည့်အခါ တလ, ကိုယ်ဝန်ရှိသည့်အခါ အနည်းဆုံး ခုနစ်လတိုင်အောင် ပေါင်းစု၍ တည်သောသွေးကို သန္နိစိတသွေးဟု— ခေါ်ဝေါ်သင့်၏။

သတ္တဝါတို့၏ အူတွင်း၌ရှိသော အရည်, ကျင်ကြီးတို့မှတပါး ဤကိုယ်၌ရှိသော အရည်အဖတ်, အသားအကြော, သလိပ် အစရှိသော ဝတ္ထုရှိသမျှတို့သည် သွေးက ဖြစ်သည်ချည်း ဟူ၍မှတ်ရမည်၊ ဤသွေးသည် ဆန့်ကျင်ဘက်ဖြစ်သော ဥတု, အာဟာရ တစုံကခုတို့ကြောင့်—

(၁) ပကတိရေကဲ့သို့ ဖြစ်သော ရောဂါတမျိုး,

(၂) သစ္စေးကဲ့သို့ နက်သောအဆင်းရှိသော ရောဂါတမျိုး—

တို့သည် ဖြစ်တတ်သည်၊ ဆားငန်သည့် သားခြောက်, ငပိတို့ကို များစွာစားလျှင် ဤကိုယ်၌ရှိသော သွေးသည် ပကတိရေကဲ့သို့ ဖြစ်၍ လူသေတတ်သည်ဟု ဆေးကျမ်းတို့တွင် ဆိုသည်။

---

## ချွေး၌ ဝဏ္ဏစသော ၅-ပါး

မွေးတွင်းပေါက် စသည်တို့မှ ထွက်ယိုသော အာပေါဓာတ်သည် ချွေးမည်၏၊ ကြည်လင်သော နှမ်းဆီအဆင်းရှိ၏၊ တည်ရာသဏ္ဌာန်နှင့်တူ၏၊ ချွေး၏တည်ရာ အမြဲမရှိ၊ အကြင်အခါ မီး, နေ စသောအပူတို့ကြောင့် ကိုယ်ပူ၏၊ထိုအခါ ရေမှနုတ်သစ်စဖြစ်သော ကြာစွယ်စည်းကို ချီးသကဲ့သို့ အလုံးစုံသော ဆံ, အမွေး တွင်းပေါက်တို့မှ ထွက်ယို၏၊ ထို့ကြောင့် ထိုချွေးသဏ္ဌာန်ကိုလည်း ဆံ, အမွေးတို့၏ တွင်းပေါက်၌ ပြည့်လျက် တည်သော ချွေးရှိသော အဖြစ်ဖြင့် နှလုံးသွင်းအပ်၏၊ ချွေး၏ထက်ဝန်းကျင်အားဖြင့် ပိုင်းခြားအပ်၏။

ဆေးကျမ်းတို့၌ကား—ဓမဒဟူသော အဆီခဲမှ ချွေးဖြစ်သည်ဟုဆို၏၊ အနာတမီ ဆေးကျမ်း၌ကား— အခေါက်ထူသော အရေထူကြီး

အောက် ချေးတို့တည်ရာ ပြွန်ငယ်အခွေတို့သည် တည်ကုန်၏၊ ၎င်းပြွန်ခွေတခုလုံး၏ အချင်းသည် တသစ်ကို တရာ့ကိုးဆဲ့နှစ်စိတ် စိတ်၍ သုံးစိတ်တိုင်အောင် ရှိ၏၊ ချေးထွက်ရန် အရေ၌ရှိသော အပေါက်ငယ်တို့သည် လက်ဝါး, ဘဝါးစသော အချို့သောအရပ်တို့၌ စတုရန်းတသစ်နှင့် သုံးပုံတပုံအတွင်း နှစ်ထောင့်ရှစ်ရာ ရှိကုန်၏၊ ကျောက်ကုန်း, နဖူးပြင်, လည် စသောအရပ်တို့၌ နှစ်ထောင့်ရှစ်ရာအောက် နည်းကုန်၏၊ ရင်, ဝမ်း, လက်ကတီး စသောအရပ်တို့၌ ထောင့်တရာခန့် ရှိကုန်၏၊ အချို့သောအရပ်တို့၌ ထောင့်တရာအောက် နည်းကုန်၏။

လူစသောသတ္တဝါတို့ ကိုယ်၌ရှိသော ဟောင်းနွမ်းလေပြီးသော သွေးသည် ဤချေးပြွန်တွင်းသို့ဝင်၍ ဤချေးပြွန်မှ အရေတွင်း၌ရှိသော အပေါက်ငယ်သို့ ရောက်၍ ပြင်သို့ထွက်ကုန်၏၊ တစုံတခု အလုပ်အဆောင်တို့ကို ပြုလုပ်ခြင်း စသော အပင်အပန်းခံသော အခါ၌၎င်း, နေပူ မီးစသော အပူတို့ကြောင့်၎င်း, တစုံတခုသော အတွင်း အပ ရောဂါတို့ကြောင့်၎င်း ဤချေးသည် ပြင်သို့ထွက်ရ၏၊ ဤချေးပြင်သို့ မထွက်လျှင် ဒူလာနာဟု—မြန်မာတို့ခေါ်သော လေပျက်သောအနာ ဖြစ်တတ်၏၊ ပြင်သို့ထွက်ရလျှင် ကိုယ်အလုံး၌ ရှိသောအပူကို ချေးသည် ဆောင်ယူသွားသဖြင့် အပူငြိမ်း၍ လူသည် ကျန်းမာပကတိဖြစ်၏ ဟူ၍ ဆို၏။

---

### အဆီခဲ၌ ဝဏ္ဏစသော ၅-ပါး

ခိုင်မာသော အဆီစုသည် အဆီခဲမည်၏၊ ဖြတ်အပ်သော နန္ဒင်းတက် အသားအဆင်းကဲ့သို့ ဝါ၏၊ ဝသောသူ၏ကိုယ်၌ အရေထူနှင့် အသားအကြား၌ နန္ဒင်းဆိုး ဘီသွာလျှော် အဝတ်ကြမ်းသဏ္ဌာန်ရှိ၏၊ ပိန်သောသူ၏ ကိုယ်၌ကား—မြင်းခေါင်းသား, ပေါင်သား, ကျောမြှောင်သား, ဝမ်းပျဉ်းသားတို့ကိုမှီ၍ နှစ်ထပ်, သုံးထပ် ခေါက်ထားအပ်သော နန္ဒင်းဆိုးဘီသွာလျှော် ပုဆိုးကြမ်းသဏ္ဌာန်ရှိ၏၊ ဝသောသူ၏ ကိုယ်အလုံး၌ ပျံ့နှံ့၍တည်၏၊ ပိန်သောသူ၏ ကိုယ်၌မူကား— မြင်းခေါင်းစသည်တို့၌ တည်၏၊ အောက်၌ကား—အသား, အထက်၌ အရေထူ, ပတ်လည်၌ အဆီခဲ၏ အဆုံးဖြင့် ပိုင်းခြားအပ်၏။

အဆီပင် ဖြစ်သော်လည်း စက်ဆုပ်ဘွယ်ဝတ္ထုဖြစ်၍ ခေါင်းလိမ်းရန်, ရှူရန်ဘို့ လူတို့မယူကြကုန်။ ။ဆေးကျမ်းတို့၌ကား—ဦးနှောက်ဟူသော အဆီခဲသည် အသားမှ ဖြစ်သည်ဟုဆို၏။ ။ဦးနှောက်သည် အစိုင်အခဲ သဘော ဖြစ်သော်လည်း အသား,အရိုးတို့ကဲ့သို့ မခိုင်မာသောကြောင့် အာပေါဓာတ်၌သွင်း၍ ဟောတော်မူသည် ဟူ၍လည်း မှတ်လေ။

[ပိဋကတ်ဘာသာ ဦးနှောက်အဆုံးတိုင်အောင် ကောဋ္ဌာသခုနစ်ခုတို့ကို မေဒ-သတ္တကဟု ခေါ်ဝေါ်အပ်၏။]

**မေဒဆက္ကုံ - တနည်းသတ္တက ကမ္မဋ္ဌာန်း**
**ပြဆိုခဏ်း ပြီး၏။**

# မုတ္တာဆက္ကာကမ္မဋ္ဌာန်း ပြဆိုခန်း

## မျက်ရည်၌ ဝဏ္ဏစသော ၅-ပါး

မျက်ရည်ဟူသည် မျက်စိတို့မှ ယိုစီးသော အာပေါဓာတ်တည်း၊ ကြည်လင်သော နှမ်းဆီအဆင်း၊ တည်ရာဖြစ်သော မျက်လုံးတွင်း၏သဏ္ဌာန်၊ မျက်လုံး၌တည်၏၊ ဗန္ဓသည်းခြေကဲ့သို့ မျက်လုံးတွင်းတို့၌ ဤမျက်ရည်သည် အမြဲမတည်၊ အကြင်အခါ၌ ပြင်းစွာရယ်ကုန်၏၊ ငိုကြွေးမြည်တမ်းကုန်၏၊ အစပ်အပူစသော အာဟာရကို စားကုန်၏၊မျက်စိ၌ အခိုးမြူမှုန်စသော ဝတ္ထုတို့သည် ဝင်ကုန်၏၊ ထိခိုက်ကုန်၏၊ အနာရောဂါနှိပ်စက်ကုန်၏၊ ဘောက်ပြန်သောဥတုနှင့် တွေ့ကုန်၏၊ ထိုအခါ မျက်လုံးတွင်း၌ ပြည့်လျက် ယိုစီးကုန်၏၊မျက်ရည်ကို သိမ်းဆည်းသော ယောဂီသည် မျက်လုံး၏တွင်း၌ ပြည့်၍ တည်သည်ဟု နှလုံးသွင်းအပ်၏ဟူ၍ သမ္မောဟဝိနောဒနီ မဂ်တို့၌ ဆိုသည်ကို ခုဒ္ဒကပါဌအဋ္ဌကထာ၌—

အဿုံ ပရိဂ္ဂဏှကေနစ ယောဂါဝစရေန အက္ခိကူပကေ ပူရေတွာ ဌိတဝသေနေဝ ဟံ မနသိကာတဗ္ဗန္တိ ပုဗ္ဗာစရိယာ ဝဏ္ဏယန္တိ။

ဟူ၍ ဆို၏။

မျက်ရည်ကို သိမ်းဆည်းသော ယောဂါဝစရပုဂ္ဂိုလ်သည် မျက်လုံး၏တွင်း၌ ပြည့်၍တည်သည်၏ အစွမ်းအားဖြင့် ထိုမျက်ရည်ကို နှလုံးသွင်းအပ်၏ဟု ရှေးဆရာတို့ ဘွင့်ကုန်၏ ဟူလိုသည်။ ။ဤကား—အဋ္ဌကထာဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား – မျက်ထောင့်၏ အတွင်းဘက် အမြေး၏အောက်၌ သည်းခြေအိတ်ကဲ့သို့ မျက်ရည်၏တည်ရာ အမြေးအိတ်ငယ်အများရှိ၏၊ ထိုအိတ်မှပြွန်တံတို့သည် မျက်ထောင့်၏အမြေးသို့ အဝပြုလျက် တည်ကြ၏၊ ထိုမျက်ရည်အိတ်မှ မျက်ရည်သည် အနည်းငယ်အစဉ်ယိုထွက်ကျသဖြင့် မျက်တောင်ခတ်တိုင်း မျက်လုံးကို စိုစွတ်ဆေးလျှော် ကြည်လင်စေ၏။

မျက်လုံးကို ဆေးလျှော်၍ ကျန်သောမျက်ရည်သည် မျက်ထောင့်မှ ပြွန်ငယ်တခုအားဖြင့် နှာခေါင်းထဲသို့ ဝင်၏၊ထိုပြွန်ငယ်သည် တရံတခါ

ပိတ်တတ်၏၊ ထိုပြွန်ငယ်ပိတ်လျှင် မျက်ရည်သည် ပါးပေါ်သို့ ဆင်း၏၊ ထိုကဲ့သို့သော ရောဂါဖြစ်သောအခါ မျက်ရည် နှာခေါင်းထဲသို့ဝင်အောင် ကုလားဆေးဆရာတို့သည် ရွှေငွေတို့ဖြင့် လုပ်သောပြွန်ငယ်ကို မျက်ထောင့်ထဲသို့ သွင်းကြကုန်၏၊နှလုံးမသာယာခြင်း, အလွန်ရယ်ခြင်း, မြူမှုန်အခိုးဝင်ခြင်း အစရှိသော တစုံတခုသော အကြောင်းတို့ကြောင့် မျက်ရည်အများထွက်လျှင်လည်း ပြွန်လျှံ၍ ပါးပေါ်သို့စီးဆင်း၏ ဟူ၍ ဆိုကုန်၏။

---

## ဆီကြည်၌ ဝဏ္ဏစသော ၅-ပါး

ဆီကြည်ဟူသည်ကား- အုန်းဆီအဆင်းရှိ၏၊ ထမင်းချိုး၌ သွန်းလောင်းအပ်သော ကြည်သော နှမ်းဆီအဆင်း ဟူ၍လည်း ဆိုသင့်၏၊ ရေချိုးသောအခါ ကြည်သောရေ၏ အထက်၌ အပေါက်အကွက်ဖြစ်သော ဆီသဏ္ဌာန်ရှိ၏။

ခုဒ္ဒကပါဌအဋ္ဌကထာ၌ကား—ဆီကြည်၏ တည်ရာအရပ်၏ သဏ္ဌာန်နှင့်တူသော သဏ္ဌာန်ရှိ၏ဟု ဆို၏၊ များသောအားဖြင့် လက်ဝါး, လက်မိုး, ဘဝါး, ဘမိုး, နဖူး, နှာခေါင်း ဖုဖျား, လက်ကတီးကြားတို့၌ တည်ကုန်၏၊ ဤအရပ်တို့၌လည်း အမြဲမတည်ကုန်၊ အကြင်အခါ မီးပူ, နေပူ, ဥတုဘောက်ပြန်ခြင်း, သွေး လေ ဘောက်ပြန်ခြင်းတို့ကြောင့် ထိုလက်ဝါး စသည်တို့၌ ပူကုန်၏၊ ထိုအခါ ထိုအရပ်တို့၌ ရေချိုးသောအခါ ရေကြည်အထက်တို့၌ ဆီပေါက် ရွေ့ရှားသွားလာသကဲ့သို့ ထိုမှ, ဤမှ ရွေ့ရှားသွားလာ၏၊ ဆီကြည်၏အဘို့အစု ထက်ဝန်းကျင်တို့ဖြင့် ပိုင်းခြားအပ်၏၊ ဤကား အဋ္ဌကထာ ဋီကာတို့တွင် ဆိုသော စကားတည်း။

အနာတမီကျမ်း၌ကား—အရေထူဟူသော အခေါက်၏ အောက်၌ အမြှေးသည်ရှိ၏၊ ဤအမြှေးအခေါက်တို့၏ အကြား၌ ချွေးစုဝေးရာ ပြွန်တို့ကဲ့သို့ ဆီကြည်၏တည်ရာ အမြှေးအိတ်ငယ်တို့သည် အများရှိကုန်၏၊ထိုအမြှေးအိတ်ငယ်တို့၏ ပြွန်တံတို့သည်လည်း အရေလွှာတို့ကို ထိုးဘောက်၍ ဆံ,အမွှေးပေါက်သော အပေါက်တို့၌ အဝပြင်သို့ လှည့်၍ တည်သဖြင့် ထိုဆီကြည်တို့သည် အတန်ငယ် စီးထွက်ကြပြီးလျှင် အရေ အမွှေးတို့ကို ပျောင်းပြေ ပြောင်လက်စေကုန်၏။

မီးပူ နေပူ တို့ကြောင့်ရင်း,ဥတု အာဟာရ သွေးလေ ချောက်ချား ခြင်းကြောင့်ရင်း ထိုဆီကြည်သည် အများထွက်တတ်၏၊ ဆံ, အမွေး ပေါက်သော အပေါက်တို့၌ ဤဆီကြည်ပြွန်တံတပ်၍ ဆီကြည်မပြတ် အတန်ငယ်ထွက်လျက်ရှိသောကြောင့် ပြင်ပမှမိုးမှုန်တို့သည် ကိုယ်တွင်းသို့ မဝင်နိုင်ကုန်၊ ထိုဆီကြည်အိတ်ငယ်တို့သည် ဦးခေါင်း, လက်ဝါး, လက်မိုး,မျက်နှာ,နားရွက်,လက်ကတီး,ပေါင်ခြံတို့၌ များပြားကြကုန်၏၊ သိုးအစရှိသော အမွေးထူသော တိရစ္ဆာန်တို့၌လည်း ဆီအိတ်ငယ်တို့သည်အများရှိကြကုန်၏ ဟူ၍ဆို၏။

---

## တံတွေး၌ ဝဏ္ဏစသော ၅-ပါး

တံတွေးဟူသည်ကား—ခံတွင်း၌ အမြှုပ်နှင့်ရောသော အာပေါဓာတ်တည်း၊ ဖြူသောကြောင့် အမြှုပ်နှင့်တူသော အဆင်းရှိ၏၊ တည်ရာနှင့်တူသော သဏ္ဍာန်ရှိ၏၊ ရေမြှုပ်သဏ္ဍာန် ရှိ၏ ဟူ၍လည်း ဆိုသင့်၏၊ ပါးစောင်နှစ်ဘက်တို့မှ ဆင်းသက်၍ လျှာ၌တည်၏၊ ဤလျှာ၌လည်း ထိုတံတွေးသည် အမြဲမတည်၊အကြင်အခါ၌ သတ္တဝါတို့သည် ချဉ်,ဆားစသော တံတွေးဖြစ်ကြောင်း အာဟာရကို မြင်မူလည်း မြင်ကုန်၏၊ အောက်မေ့မူလည်း အောက်မေ့ကုန်၏၊ အပူ, အခါး, အစပ်, အငန်, အချဉ်အရသာတို့တွင် တစုံတခုကိုမူလည်း ခံတွင်း၌ ထားကုန်၏။

အကြင်အခါ၌မူလည်း သတ္တဝါတို့ နှလုံးသည် နောက်ကျုကုန်၏၊ တစုံတခုကိုလည်း စက်ဆုပ်ရွံရှာခြင်းသည် ဖြစ်၏၊ ထိုအခါ တံတွေးသည် ဖြစ်၍ ပါးစောင်နှစ်ဘက်တို့မှဆင်းသက်၍ လျှာ၌တည်ကုန်၏၊လျှာဖျား၌ အထုပမာဏပါး၏၊လျှာရင်း၌ ထူ၏၊ခံတွင်း၌ မုံ့,ဆန်းကိုရင်း,ဆန်ကိုရင်း, ထိုမှတပါး တစုံတခုသောခဲဘွယ်ကိုရင်း ထည့်လျှင် မြစ်သဲပြင်၌တူးအပ်သော လက်ယက်တွင်းရေကဲ့သို့ မကုန်နိုင်သည် ဖြစ်၍သာလျှင် စိုစွတ်နိုင်၏၊ တံတွေး၏ ထက်ဝန်းကျင်အဘို့ဖြင့် ပိုင်းခြား အပ်၏၊ ဤကား အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား— တံတွေးတို့သည် ပါးစောင်ဝဲယာ အောက်မေးရိုး၏အဆုံး ပါးချိတ်နောက်အတွင်းဘက် အသားနုကို ဖုံးသော အမြေးအောက်၌ မျက်ရည်ကဲ့သို့ အမြေးအိတ်ငယ်တို့ဖြင့် တည်၏၊ ထို

အမြွေးအိတ်ငယ်တို့မှ ပြွန်တံတို့သည် ဖုံးအုပ်သောအမြွေးကို ဘောက်၍ ခံတွင်းဘက်သို့ ရှေးရှုတည်ကြကုန်၏။

လျှာဖျားအောက်၌လည်း ဤဆိုခဲ့ပြီးသောအမြွေးအိတ်ငယ်အောက် ငယ်သော တံတွေး၏တည်ရာ အမြွေးအိတ်ငယ်တို့သည် ရှိကုန်၏၊ ဆိုခဲ့ပြီးသည့်အတိုင်း ထိုအိတ်၏ ပြွန်တံတို့သည်လည်း ဖုံးအုပ်သော အမြွေးကို ဘောက်၍ တည်ကြကုန်၏၊ ထိုတံတွေးအိတ်တို့မှ တံတွေးတို့သည် မပြတ်ယိုစိမ့်၍ ခံတွင်းလျှာတို့ကို စွတ်ကုန်၏၊ တံတွေးဖြစ်ရန်အကြောင်း တစုံတခုရှိလျှင် ထိုအိတ်ငယ်တို့မှ တံတွေးတို့သည် အများအပြား ထွက်ကြကုန်၏ ဟူ၍ဆို၏။

---

## နှပ်၌ ဝဏ္ဏစသော ၅-ပါး

နှပ်ဟူသည်ကား – ဦးနှောက်မှယိုစီးသော မစင်ကြယ်သော ဝတ္ထု တည်း၊ ဖြူသောကြောင့် ထန်းသီးနုဆန်အဆင်းရှိ၏၊ တည်ရာနှင့်တူသော သဏ္ဌာန်ရှိ၏၊ နှာခေါင်းဖုအတွင်း၌ တည်၏၊ ဤနှာခေါင်းဖုအတွင်း၌ လည်း အမြဲပေါင်းစု၍မတည်၊ စင်စစ်မူကား—နွားနို့ချဉ်ကို ပဒုမာကြာ ဘက်ဖြင့်ထုပ်၍ ဆူးဖြင့်ဘောက်လျှင် နွားနို့ချဉ်၏အရည် ယိုကျသကဲ့သို့ အကြင်အခါ သတ္တဝါတို့သည် ငိုကုန်၏၊ စပ်သောအရသာရှိသော အာ ဟာရအစရှိသည်ကိုမူလည်း စားကုန်၏၊ ဓာတ်ဘောက်ပြန်ကုန်၏၊ ထို အခါ ဦးခေါင်းခံတွင်း၌ပုပ်သောသလိပ်အဖြစ်သို့ ရောက်သောဦးနှောက် သည် ယိုစီး၍ အာစောင်ရင်း၌ရှိသော အပေါက်မှသက်၍ နှာခေါင်း၌ ပြည့်၍ တည်မူလည်း တည်၏၊ယိုစီးမူလည်း စီး၏၊နှပ်ကိုသိမ်းဆည်းသော ယောဂီသည် နှာခေါင်း၌ပြည့်၍ တည်သည်၏အဖြစ်ဖြင့် သိမ်းဆည်းအပ် ၏၊ နှပ်၏ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏၊ ဤကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား—နှာခေါင်းတွင်း အရိုးနုတို့၏တည်ရာ ပျော့ ပျောင်းသောအောက်ပိုင်း, ပဒုအုံနှင့် တူသောအရိုးရှိသော အထက်ပိုင်း ဟူ၍နှစ်ပိုင်းရှိ၏၊ ထိုနှစ်ပိုင်းတို့တွင် အထက်ပိုင်းအရိုးတို့၏ ပဒုအုံပေါက် အတွင်းပတ်လည် နှပ်၏တည်ရာ အမြွေးအိတ်ငယ် အများရှိ၏၊ ထိုအမြွေး အိတ်ငယ်တို့ကို ဖုံးအုပ်၍ အလွန်ပါးသောအမြွေးသည် ရှိ၏၊ နှာရည်အိတ်

ငယ်တို့မှ နှာရည်ထွက်သည့် ပြွန်တံတို့သည် ဖုံးအုပ်သော အမြေးကို ဘောက်၍တည်ကြကုန်၏၊ ထိုအမြေးတို့နှင့် နှာခေါင်းရိုး အပေါက်တို့ သည် ဝါးလုံးခေါင်းအတွင်းပတ်လည်အဒမြေးကပ်လျက်ရှိသကဲ့သို့ဖြစ်၏။

နှာရည်အိတ်တို့ အကြား၌လည်း ဦးခေါင်းမှလာသော ရသကြော တို့သည် အပြည့်ရှိကြ၏၊ ထိုရသကြောတို့မှ ဆင်း၍ဖြာသော အလွန် သေးငယ်သော ရသကြောတို့သည် နှာရည်အိတ်ကို ဖုံးအုပ်သော အမြေး ပါး၌ ပျံ့နှံ့လျက်တည်၏၊ နှာရှူခြင်း,နှာစေးခြင်း အစရှိသော တစုံတခု သော နှာရည်ထွက်ရန်အကြောင်း ဖြစ်လျှင် ဤနှာရည်အိတ်ငယ်တို့မှ နှာရည်တို့သည် အများအပြားထွက်၍ ယိုစီးကြကုန်၏၊ ပကတိအားဖြင့် လည်း စဉ်းငယ် နှာရည်ထွက်၍ နှာခေါင်း၌ စိုစွတ်လျက်ရှိ၏ ဟူ၍ဆို ကုန်၏။

---

### အစေး၌ ဝဏ္ဏစသော ၅-ပါး

အစေးဟူသည်ကား—အရိုးဆက်တို့၏အတွင်း၌ ပြစ်ချွဲသော စက်ဆုပ် ဘွယ်သော ဝတ္ထုတည်း၊ မဟာလေ့ခါးပင်၏ အစေးနှင့်တူသောအဆင်း ရှိ၏၊ တည်ရာ၏ သဏ္ဌာန်နှင့်တူသော သဏ္ဌာန်ရှိ၏၊ အရိုးဆက်တို့၏ နယ် ဆီအမှုကို ပြီးစေလျက် (၁၀၈) တရာ့ရှစ်ခုသော အရိုးဆက်တို့၏ အ တွင်း၌ တည်၏။

ဤအစေးသည် အကြင်သူအား နည်း၏၊ ထသော,ထိုင်သော,သွား လာ ကွေးဆန့်သော ထိုသူ၏အရိုးတို့သည် လက်ဖျစ်တီးသကဲ့သို့ ကျွတ် ကျွတ် မြည်ကုန်၏၊ တယူဇနာ,နှစ်ယူဇနာခရီးကိုသွားမူ—ဝါယောဓာတ် ပျက်၍ အဆစ်,အမျက် နာကျင်ကိုက်ခဲ၏၊ ကိုယ်တို့သည် ဆင်းရဲကုန်၏။

အကြင်သူအား ထိုအစေးသည် များ၏၊ ထခြင်း,ထိုင်ခြင်း စသည်ကို ပြုသော ထိုသူ၏အရိုးတို့သည် ကျွတ်ကျွတ်မမြည်ကုန်၊ ရှည်သောခရီးသို့ သွားသော်လည်း ဝါယောဓာတ် မပျက်သောကြောင့် အဆစ်,အမျက် တို့သည် နာကျင်ခြင်း မဖြစ်ကုန်၊ ကိုယ်တို့သည် မဆင်းရဲကုန်။ ။ဤ ကား—အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမိကျမ်း၌ကား ခါး,ကျောက်ကုန်း, ကုပ်ရိုးတို့နှင့် အရိုး ကြီးတို့၏ အဆုံးထိပ်၌ ပျောင်းပျော့သော အရိုးနုသည်ရှိ၏၊အရိုးနှစ်ခု

အဆက်အစပ်တို့မှာ ဤအရိုးနှတို့ဖြင့် စပ်ကြ၏၊ ဤအစပ်ကြားတွင် သွား လာလှုပ်ရှားရာ မနာကျင်ရအောင် ကွေးနိုင် ဆန့်နိုင်အောင် ဝက်ဆီ့ ငါးဆီတို့ကဲ့သို့ အဆီသည်ရှိ၏ ဟူ၍ဆိုကုန်၏။

## သုက်တမျိုး၌ ဝဏ္ဏ စသော ၅—ပါး

သုက်ဟူသည်ကား—သတ္တဝါတို့၏ ရသအစရှိသော ဓာတ်ခုနစ်ပါး တို့၌ အဝင်အပါဖြစ်သော မစင်ကြယ်သော ဝတ္ထုတည်း၊ အာသယ လေးပါးတို့၏ အပြားအားဖြင့်၎င်း ဓာတ်ချင်းမတူ အထူးထူး အပြား ပြားရှိသောကြောင့်၎င်း အဆင်းမတူဘဲ ဆယ်မျိုးကွဲပြား၏၊ ထို့ကြောင့် ပါရာဇိကဏ်ပါဠိတော် သုက္ကဝိဿဋ္ဌိ သိက္ခာပုဒ်၌—

သုက္ကန္တိ ဒသသုက္ကာနိ၊ နီလံ၊ ပီတံ၊ လောဟိတကံ၊ ဩဒါတံ၊ တက္ကဝဏ္ဏံ၊ ဒကဝဏ္ဏံ၊ တေလဝဏ္ဏံ၊ ခီရဝဏ္ဏံ၊ ဒဓိဝဏ္ဏံ၊ သပ္ပိဝဏ္ဏံ။ ဟူ၍ ဟောတော်မူ၏။

အတ္တကား။ ။သုက္ကန္တိ၊ သုက်ဟူသည်ကား—

(၁) နီလံ၊ ညိုသောအဆင်းရှိသောသုက်။
(၂) ပီတံ၊ ဝါသောအဆင်းရှိသောသုက်။
(၃) လောဟိတံ၊ နီသောအဆင်းရှိသောသုက်။
(၄) ဩဒါတံ၊ ဖြူသောအဆင်းရှိသောသုက်။
(၅) တက္ကဝဏ္ဏံ၊ နွားနို့ချဉ်၏ကြက်တက်ရည်အဆင်းရှိသော သုက်။
(၆) ဒကဝဏ္ဏံ၊ ရေအဆင်းရှိသောသုက်။
(၇) တေလဝဏ္ဏံ၊ နှမ်းဆီအဆင်းရှိသောသုက်။
(၈) ခီရဝဏ္ဏံ၊ နို့ရည်အဆင်းရှိသောသုက်။
(၉) ဒဓိဝဏ္ဏံ၊ နွားနို့ချဉ်အဆင်းရှိသောသုက်။
(၁၀) သပ္ပိဝဏ္ဏံ၊ ထောပတ်အဆင်းရှိသောသုက်။

ဣတိ၊ ဤသို့။ သုက္ကာနိ၊ သုတ်တို့သည်။ ဒသ၊ ဆယ်မျိုးတည်း။

ဆီးအိမ်, စည်ပေါင်းထိပ်, ခါးစောင်း, ကိုယ်အလုံးဟူ၍ သုက်၏ တည်ရာ ဩကာသကိုသုံးပါးဟူ၍ ဆရာသုံးယောက် ဆိုကုန်၏၊ ထိုအ ယူသုံးပါးတို့တွင် ကိုယ်အလုံး၌ သုက်တည်၏ ဟူသော အယူသည် မှန်၏ဟု ပါရာဇိကဏ် အဋ္ဌကထာတို့တွင် ဆို၏၊ ထို့ကြောင့် ၎င်းအဋ္ဌ ကထာ၌—

ကော ကိရ စရိယော ဝတ္တိသိသံ သုက္ကဿ ဌာနန္တိ အာဟ။ ကော ကဋ္ဌိတိ။ ကော သကလော ကာယောတိ။ တေသု တတိယဿ ဘာသိတံ သုဘာသိတံ။ ကေသလောမ နခဒန္တာနဋ္ဌိ မံသဝိနိမုတ္တဋ္ဌာနံ ဥစ္စာရ ပဿဝ ခေဠ သိင်္ဃာ ဏိက ထဒ္ဓသုက္ခမ္မာနိ စ ဝဇ္ဇေတွာ အဝသေသော ဆဝိ မံသ လောဟိတာနုဂတော သမ္ဘောပိ ကာယော ကာယပ္ပသာဒ ဘာဝဇီဝိတိန္ဒြိယ အဗဒ္ဓပိတ္တာနံ သမ္ဘဝဿစ ဌာနမေဝ၊ တထာဟိ ရာဂပရိယုဋ္ဌာနေနာ ဘိဘူတာနံ ဟတ္ထိနံ ဥဘောဟိ ကဏ္ဏစူလိကာဟိ သမ္ဘဝေါ နိက္ခမတိ။ မဟာသေနရာဇာစ ရာဂ ပရိယုဋ္ဌိတော သမ္ဘဝဝေဂံ အဓိဝါသေတုံ အသက္ကောန္တော သတ္တေန ဗာဟုသိသံ ဖာလေတွာ ဝဏမုခေန နိက္ခန္တသမ္ဘဝံ ဒဿေတီတိ။ ။ဟူ၍ဆိုကုန်၏။

အတ္တကား။ ။ကော၊ တယောက်သော။ အာစရိယော၊ ဆရာ သည်။ ဝတ္တိသိသံ၊ ဆီးအိမ်, စည်ပေါင်းထိပ်သည်။ သုက္ကဿ၊ သုက်၏။ ဌာနံ၊ တည်ရာတည်း။ ဣတိ၊ဤသို့။ အာဟကိရ၊ ဆိုသတတ်။ ကော၊ တယောက်သော။ အာစရိယော၊ ဆရာသည်။ ကဋ္ဌိ၊ခါးသည်။ သုက္ကဿ၊ သုက်၏။ ဌာနံ၊ တည်ရာတည်း။ဣတိ၊ ဤသို့။ အာဟကိရ၊ ဆိုသတတ်။ ကော၊ တယောက်သော။ အာစရိယော၊ ဆရာသည်။ သကလော၊ အလုံးစုံသော။ ကာယော၊ ကိုယ်သည်။ သုက္ကဿ၊ သုက်၏။ ဌာနံ၊ တည် ရာတည်း။ ဣတိ၊ ဤသို့။ အာဟာကိရ၊ ဆိုသတတ်။

တေသု၊ ထိုဆရာသုံးယောက်တို့တွင်။ တတိယဿ၊ အဆုံးဖြစ်သော သုံးခု မြောက်သော ဆရာ၏။ ဘာသိတံ၊ ကိုယ်အလုံးသည် သုက်၏ တည်ရာဟု—ဆိုသော စကားသည်။ သုဘာသိတံ၊ ကောင်းသောစကား တည်း။ ဟိ၊ ထိုစကားမှန်၏။ ကေသလောမနခဒန္တာနံ၊ ဆံ, အမွေး, လက်သည်း, ခြေသည်း, သွားတို့၏။မံသဝိနိမုတ္တဋ္ဌာနံ၊ အသားမှလွတ် သောနေရာကိုဎင်း။ဥစ္စာရ ပဿာဝခေဠ သိင်္ဃာဏိက ထဒ္ဓသုက္ခမ္မာနိစ၊ ကျင်ကြီး, ကျင်ငယ်, တံတွေး, နှပ်, မာခြောက်သော အရေတို့ကိုဎင်း။ ဝဇ္ဇေတွာ၊ ကြဉ်၍။ အဝသေသော၊ ကြွင်းသော။ ဆဝိမံသလောဟိတာ နုဂတော၊ အရေ, အသား, အသွေးကိုပျံ့နှံ့သော။ သမ္ဘောပိ၊ အလုံးစုံ

လည်းဖြစ်သော။ ကာယော၊ ကိုယ်သည်။ ကာယပ္ပသာဒဘာဝဇီဝိတိန္ဒြိယအဗဒ္ဓပိတ္တာနံ၊ ကာယပသာဒရုပ်, ဘာဝရုပ်, ဇီဝိတိန္ဒြေရုပ်, ကိုယ်အလုံးကိုပျံ့နှံ့သော အဗဒ္ဓသည်းခြေတို့၏ငှင်း။ သမ္ဘဝဿစ၊ သုက်၏ငှင်း။ (စသဒ္ဒါဖြင့်၊ သံသရဏသွေးကိုယူ။) ဌာနမေဝ၊ တည်ရာ သည်သာလျှင်တည်း။

တထာဟိ၊ ထို့ကြောင့်သာလျှင်၊ ရာဂပရိယုဋ္ဌာနေန၊ ရာဂထကြွခြင်းဖြင့်။ အဘိဘူတာနံ၊ နှိပ်စက်အပ်ကုန်သော။ ဟတ္ထီနံ၊ ဆင်တို့၏။ ဥဘောဟိကဏ္ဏစူလိကာဟိ၊ နားပန်းစွန်းနှစ်ဘက်မှန်ပေါက်တို့မှ။ သမ္ဘဝေါ၊ သုက်သည်။ နိက္ခမတိ၊ ထွက်၏။ မဟာသေနရာဇာစ၊ သီဟိုဠ်ကျွန်း၌ မဟာသေနမင်းသည်လည်း။ ရာဂပရိယုဋ္ဌိတော၊ ရာဂထကြွသည်ဖြစ်၍။ သမ္ဘဝဝေဂံ၊ သုက်လာသောအဟုန်ကို။ အဓိဝါသေတုံ၊ သည်းခံခြင်းငှါ။ အသက္ကောန္တော၊ မတက်နိုင်သည်ဖြစ်၍။ သတ္တေန၊ ဓားဖြင့်။ ဗာဟုသီသံ၊ ပခုံးစွန်းကို။ ဖာလေတွာ၊ ခွဲ၍။ ဝဏမုခေန၊ ဓားခွဲသော အမာဝဖြင့်။နိက္ခန္တသမ္ဘဝံ၊ ထွက်သောသုက်ကို။ ဒဿေတိ၊ ပြနိုင်၏။ ဣတိ၊ ထို့ကြောင့်။ တတိယဿ၊ နောက်ဆုံး ဖြစ်သော သုံးခုမြောက်သော ဆရာ၏။ ဘာသိတံ၊ ဆိုအပ်သော စကားသည်။ သုဘာသိတံ၊ ကောင်းသောစကားတည်း။

ဤမဟာသေနမင်းကား— ဒီပဝင်ကျမ်း, မဟာဝင်ကျမ်းတို့၌ ဆိုသောမင်းတို့တွင် နောက်ဆုံးဖြစ်သော ဘုရားပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် နှစ်ပေါင်း ၇၉၅–ခုနှစ်တွင် နန်းတက်သောမင်းတည်း၊ နန်းစံနှစ်ဆဲ့ခုနစ်နှစ်ရှိ၏။ ။အဋ္ဌသာလိနီအဋ္ဌကထာ သသမ္ဘာရစက္ခုကို ပြရာ၌—

မံသစက္ခုပိ သသမ္ဘာရစက္ခု ပသာဒစက္ခူတိ ဒုဝိဓံ ဟောတိ။ တတ္ထ ယွာယံ အက္ခိကူပကေ ပတိဋ္ဌိတော ဟေဋ္ဌာ အက္ခိကူပကဋ္ဌိကေန ဥပရိ ဘမုကဋ္ဌိကေန ဥဘတော အက္ခိကူဋေဟိ အန္တော မတ္ထလုင်္ဂေန ဗဟိဒ္ဓါ အက္ခိလောမေဟိ ပရိစ္ဆိန္နော မံသပိဏ္ဍော၊ သင်္ခေပတော စတဿော ဓာတုယော ဝဏ္ဏော ဂန္ဓော ရသော ဩဇာ သမ္ဘဝေါ သဏ္ဌာနံ ဇီဝိတံ ဘာဝေါ ကာယပသာဒေါ စက္ခုပသာဒေါတိ စုဒ္ဒသသမ္ဘာရာ၊ ဝိတ္ထာရ

တော စတသော ခါတုယော တံသမ္ဘိဿိတ ဝဏ္ဏ ဂန္ဓ ရသ
ဩဇာ သဏ္ဍာနံ ဘမ္ဘဝေါစာတိ ဣမာနိ ဒသ စတုသမုဋ္ဌာနိ
ကတ္တာ စတ္တာလီသံ ဟောန္တိ၊ ဇီဝိတံ ဘာဝေါ ကာယ-
ပသာဒေါ စက္ခုပသာဒေါတိ စတ္တာရိ ကေန္တကမ္မသမုဋ္ဌာနာနေ
ဝါတိ ဣမေသံ စတုစတ္တာလီသရူပါနံ ဝသေနစ စတုစတ္တာ
လီသသမ္ဘာရာ။

ဟူ၍ဆို၏။

အဓိပ္ပါယ်ကား။ ။ဤအသားစိုင်, အသားတုံးဟူသော စက္ခုသည်
လည်း သသမ္ဘာရစက္ခု, ပသာဒစက္ခုဟူ၍ နှစ်ပါးအပြားရှိ၏၊ ထိုနှစ်
ပါးတို့တွင် မျက်လုံးတွင်း၌ တည်သော အောက်၌ ပါးရိုး, အထက်၌
မျက်ခုံးရိုး, ဝဲယာတို့၌ မျက်ထောင့်, အတွင်း၌ ဦးနှောက်, ပြင်၌မျက်
တောင်မွေးတို့ဖြင့် ပိုင်းခြားအပ်သော အကြင်အသားတုံးသည် ရှိ၏၊
ထိုအသားတုံးသည် အကျဉ်းအားဖြင့် ခါတ်လေးပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ,
ဩဇာ, သုက်, သဏ္ဍာန်, ဇီဝိတရုပ်, ဘာဝရုပ်, ကာယပသာဒရုပ်, စက္ခု
ပသာဒရုပ်ဟူ၍ အဆောက်အဦ တဆဲ့လေးပါးရှိကုန်၏။

**အကျယ်အားဖြင့်ကား**— ခါတ်လေးပါး၊ ထိုလေးပါးကို မှီသော
ဝဏ္ဏ, ဂန္ဓ, ရသ ဩဇာ, သဏ္ဍာန်, သုက်— ဤသို့ဆယ်ပါးရှိကုန်၏၊ ကံ,
စိတ်, ဥတု, အာဟာရအကြောင်းလေးပါးတို့ကြောင့် ဖြစ်သည်၏အဖြစ်
ကြောင့်လေးဆယ်ဖြစ်ကုန်၏၊ ဇီဝိတရုပ်, ဘာဝရုပ်, ကာယပသာဒရုပ်,
စက္ခုပသာဒရုပ်— ဤလေးပါးတို့သည် ကေန်ကံကြောင့်သာလျှင် ဖြစ်
ကုန်၏၊ ဤသို့ လေးဆဲ့လေးပါးကုန်သော ရုပ်တို့၏ အစွမ်းအားဖြင့်
အဆောက်အဦ လေးဆဲ့လေးပါးရှိကုန်၏ဟူလိုသည်။

ဤအလိုအားဖြင့် မျက်စိဟူသော အသားတုံး၌လည်း သုက်ရှိရကား·
သုက်သည် ကိုယ်အလုံး၌ပျံ့နှံ့လျက်တည်၏ ဟူ၍ပင်ဆိုလိုသည်၊ ထိုသုက်
သည်လည်း စတုသမုဋ္ဌာနိကဟူ၍ ဆိုရကား—ကံ, စိတ်, ဥတု, အာဟာရ
အကြောင်းလေးပါးတို့ကြောင့် ဖြစ်၏ ဟူလို။ ။**အနုဋီကာ၌ကား**—
ဤမျက်လုံးအစရှိသောအသားတုံးတို့၌ သုက်ရှိ၏ ဟူသော စကားသည်
များသောအားဖြင့် ဆိုသောစကားတည်း ဟု ဆို၏၊ ထို့ကြောင့် အနု
ဋီကာ၌—

ဝိဇ္ဇမာနတ္တာတိ ဘိယျောဝုတ္တိဝသေန ဝုတ္တံ၊ တထာဟိ ခီဏာသဝါနံ ပြဟ္မာနဉ္စ သမ္ဘဝေါ နတ္ထိတိ။ ။ဟူ၍ဆို၏။

ဤအတ္ထကား။ ။ဝိဇ္ဇမာနတ္တာတိ၊ မျက်လုံး၌ သုက်ရှိသော ကြောင့်ဟု–မူလဋီကာ ဆိုသည်ကား။ ဘိယျောဝုတ္တိဝသေန၊ များးစွာ ဖြစ်သည်၏ အစွမ်းအားဖြင့်။ ဝုတ္တံ၊ ၏။တထာဟိ၊ ထို့ကြောင့်သာလျှင်။ ခီဏာသဝါနဉ္စ၊ ရဟန္တာတို့၏၎င်း။ ပြဟ္မာနဉ္စ၊ ပြဟ္မာတို့၏၎င်း။ သမ္ဘဝေါ၊ သုက်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထိုသုက်သည် တဆဲ့ခြောက်နှစ် အရွယ်ရောက်မှ ဖြစ်၏၊ ထိုသုက် သည်လည်း ရာဂ၏အစွမ်းအားဖြင့် နေရာမှရွေ့၍ ထွက်ခြင်းဖြစ်သည် ဟူ၍ ပြောဆိုကြကုန်၏ဟု အနုဋီကာ, သာရတ္ထဒီပနီဋီကာတို့၌ ဆိုကုန် ၏။ ။ကထာဝတ္ထုအဋ္ဌကထာ၌ နတ်တို့၏သုက်သည် ထွက်ခြင်း, လွတ် ခြင်းမရှိဟု ဆို၏။

ဝိမတိဝိနောဒနီဋီကာ၌ ဤသုက်မည်သည်ကား–ချသသွေး အစရှိ သော ကိုယ်၏ဓာတ်ခုနစ်ပါးတွင် နောက်ဆုံးဖြစ်သော ဓာတ်ဖြစ်၏၊ ကံ, စိတ်, ဥတု, အာဟာရ အကြောင်းလေးပါးတို့ကြောင့် ဖြစ်၏၊ ရိုး တွင်း, ခြင်ဆီ အစရှိသည်တို့ကဲ့သို့ ပထဝီဓာတ်ဖြင့် ပေါင်းရုံးအပ်၏၊ ကဗဠီ ကာရအာဟာရကိုမှီ၍ အသက်ရှည်ကုန်သော သတ္တဝါတို့၏ ကိုယ်အလုံး ၌ ပျံ့နှံ့၍တည်၏၊ အလွန်ငယ်သော သတ္တဝါတို့၌လည်း သုက်သည်ရှိ၏၊ ထိုသုက်သည် တဆဲ့ငါးနှစ်, တဆဲ့ခြောက်နှစ် အရွယ်မှစ၍ ရာဂစိတ် ဖြစ်လျှင် နေရာမှရွေ့၍ ထွက်၏၊ အာပေါဓာတ်၏ အဖြစ်ဖြင့် စိတ္တဇ ဖြစ်၍ အင်္ဂါဇာတ်သို့ သက်၏၊ အင်္ဂါဇာတ်သို့ ရောက်သည်မှစ၍ စိတ္တ ပစ္စယဥတုသမုဋ္ဌာန်ဖြစ်၏။

ဦးနှောက်မှယိုစီးသော နှပ်ကဲ့သို့ နတ်ပြည်ခြောက်ထပ် ကာမာဝစရ နတ်တို့အား သုက်ရှိ၍ ရာဂစိတ်ဖြစ်ငြားသော်လည်း သုက်မထွက်၊ တည် မြဲတိုင်းနေရာ၌ တည်၍သာလျှင် စဉ်းငယ်ဘောက်ပြန်ခြင်းသို့ ရောက်၍ ထိုရာဂပူလောင်ခြင်းငြိမ်း၍ မေထုန်ကိစ္စသည်ပြီး၏၊ ရဟန္တာတို့၏၎င်း, အနာဂါမိတို့၏၎င်း အလုံးစုံ ကာမရာဂ မရှိသောကြောင့် သုက်ထွက် ခြင်းမဖြစ်၊ ရူပပြဟ္မာတို့၏ကား– ဈာန်ဖြင့်ခွါထားအပ်သော ရာဂစိတ် ရှိသောကြောင့်၎င်း, ကဗဠီကာရအာဟာရကိုမှီ၍ အသက်မမွေးရသော

ကြောင့်ငင်း အလျှင်းပင် သုက်မရှိ ဟူ၍ဆို၏၊ ဤအလိုသော် ရဟန္တာ, အနာဂါမ်တို့၌လည်း သုက်ရှိ၏၊ ရာဂစိတ်မရှိသောကြောင့်သာ မထွက်သည်ဟူလို။

[လောကပညတ္တိကျမ်း၌ စတုမဟာရာဇ်နတ်မှတပါး အထက်နတ်တို့၌ လူကဲ့သို့ မေထုန်မှီဝဲခြင်း, သုက်ထွက်ခြင်းမရှိ၊ လည်ဘက်ခြင်း, လက်ကိုဆွဲခြင်း, ကြည့်ရှုခြင်းမျှပင် ကာမစိတ်ပျောက်သည်ဟုဆို၏၊ ထိုစကားကို အဋ္ဌကထာဋီကာဆရာတို့ မကြိုက်၍ပယ်၏၊ ဤကား- အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။]

**အနာတမီကျမ်း**၌ကား-သုက်ဟူသည်ကား ဤကိုယ်တွင်း၌ရှိသော အရည်ဓာတ်မျိုးတမျိုးတို့ အမြေးအိတ်ငယ် အများအားဖြင့် ပေါင်းစု၍ ဖြစ်၏၊ ဤအမြေးအိတ်ငယ်တို့၏ ပြွန်တံပေါက်သည် အင်္ဂါဇာတ်အရင်းသို့ ထောင်၍လှည့်လျက် ရှိ၏၊ ဆီးအိမ်, စည်ပေါင်း၏ ပြင်ပတ်လည်၌လည်း အမြေးဖြင့်ဖုံးအုပ်သော အရည်ဓာတ်မျိုးတခု၏ အမြေးအိတ်ငယ်တို့၏ ပြွန်တံပေါက်တို့သည်လည်း အင်္ဂါဇာတ်အရင်းသို့ အဝပြုလျက်တည်ကြကုန်၏၊ ဤအမြေးအိတ်ငယ်တို့မှ ထွက်သောအရည်တမျိုးနှင့် စည်ပေါင်း၏ ပြင်ပတ်လည်အိတ်တို့မှ ထွက်သောအရည်တမျိုးတို့ ပေါင်းစပ်၍ ထွက်သောဝတ္ထုပင်တည်း။

ဤသုက်ဟူသော ဝတ္ထုအတွင်း၌ သလိပ်ကဲ့သို့ အရင်းမှ အလုံးအလျား, အဖျားကို အမျှင်သွယ်တန်းလျက် ဝတ္ထုမျိုးအများရှိ၏၊ ဤဝတ္ထုအရင်းပိုင်း အလုံးအလျား၏ အချင်းကား—တသစ်ကို လေးရာ့ငါးဆယ်စိတ်၍ တစိတ်ရှိ၏၊ ဤအလုံးအလျား၏ အရှည်ကား- တသစ်ကို သုံးရာစိတ်၍တစိတ်, သုံးရာနှစ်ဆဲ့ငါးစိတ် စိတ်၍ တစိတ်ခန့်မျှလောက်ရှိ၏ ဟူ၍ဆို၏။

---

### ကျင်ငယ်၌ ဝဏ္ဏစသော ၅-ပါး

ကျင်ငယ်ဟူသည်ကား—မာသ်ပဲကိုဖုတ်၍ ပြာကိုရေနှင့်ဖျော်ပြီးလျှင် စစ်၍ယူထားရာ ကြည်လင်သော အရည်အဆင်းရှိ၏၊ "ဝဏ္ဏတော မာသခါရောဒကဝဏ္ဏံ" ဟူသော အဋ္ဌကထာပါဠိကို အမြစ်နှင့်တကွ တပင်လုံးကိုမီးဖုတ်၍ ပြာကိုစစ်၍ယူသော ပဲပြားရည်အဆင်းဟု အနက်မနိုင်သူတို့ ပြန်သောအနက်ကို မမှတ်နှင့်၊ ရွှံပုပ်အိုင်၌မှောက်၍ထားအပ်သော

ဗသီလူမျိုးတို့ ရေခပ်အိုး၏အတွင်း၌ ဝင်၍တည်သော ရေသဏ္ဍာန်ရှိ၏၊ ဆီးအိမ်, စည်ပေါင်း၌တည်၏၊ ဆီးအိမ်, စည်ပေါင်းဟူသည်ကား–ချက်အောက် ဝမ်းခေါင်းတွင်း၌တည်၏။

ရွှံ့ပုပ်အိုင်၌ ပစ်ထားအပ်သော မျက်နှာဝမရှိသော ဗသီလူမျိုးတို့ ရေခပ်အိုး၌ ရွှံ့အိုင်ရေသည် စိမ့်၍ဝင်၏၊ ထိုအိုး၏ ရေဝင်ရန်မျက်နှာဝအပေါက်လမ်းသည် မထင်ရှားသကဲ့သို့ ဤအတူ ဤကိုယ်မှ ကျင်ငယ်သည် ဆီးအိမ်, စည်ပေါင်းတွင်းသို့ဝင်၏၊ ဝင်ပေါက်သည်ကား မထင်ရှား၊ ထွက်ပေါက်သည်မူကား ထင်ရှား၏၊ အကြင်စည်ပေါင်း၌ ဆီးဝင်၍ပြည့်သည်ရှိသော် ကျင်ငယ်စွန့်အံ့ဟု သတ္တဝါတို့သည် အားထုတ်ခြင်းဖြစ်၏၊ စည်ပေါင်း၏ ထက်ဝန်းကျင်ဖြင့် ပိုင်းခြားအပ်၏။ ။ဤကား–အဋ္ဌကထာ ဋီကာတို့တွင် ဆိုသောစကားတည်း။

အနာတမီကျမ်းဆရာတို့၏ အလိုအားဖြင့်ကား–ကျင်ငယ်၏တည်ရာစည်ပေါင်းဟူသည် ဝက်တို့၏ စည်ပေါင်းကဲ့သို့ အမြေးအိတ်လုံးလျောင်းသော သဏ္ဍာန်ရှိ၏၊ ဤစည်ပေါင်းအောက်မှ အင်္ဂါဇာတ်သို့ လျှောက်သော ကျင်ငယ်ထွက်ရန် ပြွန်တံပေါက်သည် သွယ်တန်းလျက်ရှိ၏၊ ထိုစည်ပေါင်းသည် ချက်အောက် ဆီးစပ်, ဝမ်းခေါင်းတွင်း၌ တည်၏၊ ကျောက်ကပ်၌ ဆိုခဲ့ပြီးသည့်အတိုင်း ကျောက်ကပ်နှစ်ခုတို့မှ ထွက်လာသော အခေါင်းရှိသော ဆီးကြောနှစ်ခုတို့သည် ဤစည်ပေါင်း၏ အထက်ဘက်၌ ဘောက်ဝင်၍တည်၏ ဟူ၍ဆို၏။

အဿုအစ ဤမုတ္တံအဆုံးရှိသော ကောဋ္ဌာသနှစ်ခုတို့ကို မုတ္တသတ္တကဟု ခေါ်ဝေါ်အပ်၏။

**မုတ္တဆက္က-တနည်းသတ္တကကမ္မဋ္ဌာန်း**
**ပြဆိုခဏ်းပြီး၏။**

---

# ဓာတ် ကောဋ္ဌာသ စုပေါင်း ပြဆိုခန်း

## တေဇောဓာတ် ကောဋ္ဌာသ ၅-ပါး

(၁) သန္တပ္ပနတေဇောဓာတ်။ ။ဖျားသောအပူ၊ ဤအပူကား—တေဇောဓာတ်ပျက်မှ ဖြစ်သောအပူတည်း။

(၂) ဇိရဏတေဇောဓာတ်။ ။ဆံဖြူခြင်း, သွားကျိုးခြင်းစသော သတ္တဝါတို့၏ အရွယ်ဘောက်ပြန်ခြင်း, သစ်ပင် တောတောင် အသီးအရွက်တို့၏ ကြီးခြင်း, မှည့်ခြင်း, ရင့်ခြင်း, အိုခြင်း, အထည်အလိပ်တို့၏ ဟောင်းနွမ်းခြင်း အစရှိသော သမ္မုတိဇရာကို ဖြစ်စေတတ်သော တေဇောဓာတ်ဟူသောအပူတည်း။

ဤအပူသည် နတ်ပြဟ္မာတို့၌ မရှိ၊ ဆေးဝါးပယောဂတို့ဖြင့်လည်း ဤတေဇောဓာတ်ဟူသော အပူကိုပျောက်အောင် ကုစားနိုင်၏၊ထို့ကြောင့် အဗ္ဘန္တရသရက်သီးကိုစားလျှင် အရွယ်မအိုနိုင်ဟု ကဏ္ဍမုဏ္ဍ ပေတဝတ္ထုပါဠိတော်၌ ဟောတော်မူသည်။

ဆေးကျမ်းတို့တွင်လည်း "ဇရာဗျာဓိဝိနာသနံ ရသာယနံ" ဟူ၍ဆို၏။ ။ဇရာဗျာဓိဝိနာသနံ၊ အိုခြင်း, နာခြင်းကိုဖျောက်တတ်, ဖျက်ဆီးတတ်သောဆေးသည်။ ရသာယနံ၊ ရသာယနမည်၏ဟူ၍ဆို၏၊ မြတ်စွာဘုရားအား ပန်းထိမ်သည် စုန္ဒလှူသော ဝက်သားဟင်းသည်လည်း ရသာယနဆေးဖြစ်အောင်ချက်၍ လှူဒါန်းသောဟင်းဟု အပရေဆရာတို့ ဆိုကြောင်းနှင့် မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာ၌ ဆိုသည်၊ ကြဇ့သီး, ကန့်ချုပ်နီ, ဆင်သမန္တယ်, စရို, သံ, ပြဒါး အစရှိသော ဆေးတို့သည်လည်း ရသာယနဆေးဖြစ်ကြောင်းနှင့် သုဿုတ,စရကစသော ဆေးကျမ်းတို့၏ ရသာယနပိုင်းတွင် ဆိုသည်။

(၃) ပရိဍယှနတေဇောဓာတ်။ ။မီးယပ်ပူ, ဒူလာပူကို ဖြစ်စေတတ်သော ပျက်သောတေဇောဓာတ်ဟူသော အပူ။

(၄) ပရိပါစကတေဇောဓာတ်။ ။အစာကို ကြေစေတတ်သော ဝမ်းမီးဟူသော အပူ။

(၅) ပကတိဥတု။ ။ကိုယ်၌ ပကတိမပြတ်ရှိသော ကိုယ်ငွေ့ဟူသော အပူ။

ဤအပူသည် ချမ်းသောကာလ, ပူသောကာလ, ဧးသောအရပ်, ပူသောအရပ်တို့၌၎င်း၊ အသားတုံးကျက်လောက်အောင် ပူသောမီး၏ အနီး၌၎င်း၊ ရေ-ခဲအောင်ဧးသော အရပ်၌၎င်း မတိုးမဆုတ် အညီအမျှ ဖြစ်၏။

လူတို့ကိုယ်၌ရှိသော ပကတိကိုယ်ငွေ့ဟူသော ဤအပူသည် ပါရင်ဟစ်မည်သော ဓာတ်ကျမ်းဆရာလုပ်သည့် အပူ့အဧးကို တိုင်းသော ပြဒါးတိုင်တွင် အမှတ်ဂဏန်း များသောအားဖြင့် (၉၈)ခုတိုင်အောင် အမြဲရှိ၏၊ ငှက်တို့၌မူကား—လူတို့ထက် အပူသာသောကြောင့်ဂဏန်းအမှတ်(၁၀၈)တိုင် ပြဒါးတက်အောင် ပူတတ်၏၊ သူငယ်တို့၌ ဂဏန်းအမှတ် (၉၄) တိုင်ရုံသာ ပြဒါးတက်အောင် ပူ၏၊ အရွယ်သို့ရောက်လျှင် ဂဏန်းအမှတ် (၉၈) တိုင် ပြဒါးတက်အောင် ပူ၏၊ အရွယ်ကြီးလျှင် အပူအနည်းငယ် လျော့ပြန်၏။

ဤအပူအမြဲမရှိ၊ သေသောအလောင်းကောင်၏ ကိုယ်သည်ဧး၏၊ သက်မဲ့ဝတ္ထုတို့ကို နေ့မီးတို့ဖြင့်ပူအောင် လုပ်သော်လည်း တခဏမျှသာ ပူ၍ ဧး၏၊ သက်ရှိသတ္တဝါ၌ကဲ့သို့ အမြဲမတည်နိုင်၊ ထို့ကြောင့်—

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ ပရဘတ္တံ အစေတနံ။ ။

ဟူ၍ ခန္ဓဝဂ္ဂသံယုတ် ပါဠိတော်တွင် ဟောတော်မူသည်။

အတ္ထကား။ ။ယဒါ၊အကြင်အခါ၌။အာယု၊ ဇီဝိတိန္ဒြေသည်၎င်း။ ဥသ္မာစ၊ကိုယ်ငွေ့အပူသည်၎င်း။ဝိညာဏံ၊ဝိညာဏ်သည်၎င်း။ ဣမံကာယံ၊ ဤကိုယ်ကို။ ဇဟန္တိ၊ စွန့်ကုန်၏။ တဒါ၊ ထိုအခါ၌။ အပဝိဒ္ဓေါ၊ဆွေမျိုး အပေါင်းအဘော်မပါ တယောက်အထီးတည်း။ (တနည်းကား)။အပဝိဒ္ဓေါ၊ မြေမှုန့်တို့ဖြင့် လိမ်းကျံလျက်။ သေတိ၊ အိပ်ရ၏။ ပရဘတ္တံ၊ သူတပါးဟူသော ခွေး,ကျီး,လင်းတ,ပိုးလောက်တို့၏ အစာဖြစ်၏။ အစေတနံ၊ အမှုတစုံတခုတို့ကို အားမထုတ်နိုင်ပြီ။ ။(ဝိသုဒ္ဓိမဂ် ဓာတုဝဝတ္ထာန် ကမ္မဋ္ဌာန်း၌ကား—ဤပကတိ ဥတုဟူသော တေဇောဓာတ်ကို မဆိုလေ)။ ။ဤသို့အားဖြင့် ၅-ပါးဖြစ်ကုန်၏။

(၈) **ကိရက**။ ။စားချင်ခြင်း, ဆာလောင်ခြင်းကို ဖြစ်စေတတ်သောလေ။

(၉) ဒေဝဒတ္တ။ ။သမ်းခြင်း, ချေဆတ်ခြင်းကို ဖြစ်စေတတ်သောလေ။

(၁၀) ဝနဉ္စယ။ ။ကိုယ်အလုံးကို ပျံ့နှံ့သော အထူးအားဖြင့် အင်္ဂါဇာတ်၌ တည်သောလေ။

ဤလေသည် သေသောသူ၏ အလောင်း၌သော်လည်းရှိ၏။

ဤသို့ ဆိုခဲ့ပြီးသည်ကား— ပကတိရှိသော လေတည်း၊ လေကြောင့် ဖျားခြင်းမှတပါး ကိုယ်တခြမ်းသေခြင်း-ပက္ခဃာတ၊ အဆစ်, အမျက် ကိုက်ခဲရောင်ရမ်းခြင်း- အာမာဝါတ အစရှိသော လေတို့ကြောင့် ဖြစ်သော အနာသည်ကား ရှစ်ဆယ်အပြားရှိကုန်၏ဟူ၍ ဘာဝပ္ပကာသ စသော ဆေးကျမ်းတို့၌ ဆိုကုန်၏။ ။ဤသို့အားဖြင့် ပေါင်း ၁၀-ပါး ဖြစ်သတည်း။

ဤဆိုခဲ့ပြီးသော ကောဋ္ဌာသတို့ကို ပေါင်းလျှင်—

(၁) တစပဉ္စက, ဝက္ကပဉ္စက, ပပ္ဖါသပဉ္စက, မတ္ထလုင်္ဂဆက္ကဟူ၍ ပထဝီခေတ်ဖြစ်သော ကောဋ္ဌာသနှစ်ဆဲ့တခု၊

(၂) မေဒသတ္တက, မုတ္တသတ္တကဟူ၍ အာပေါခေတ် ဖြစ်သော ကောဋ္ဌာသတဆဲ့လေးခု၊

(၃) တေဇောခေတ်ဖြစ်သော ကောဋ္ဌာသငါးခု၊

(၄) ဝါယောခေတ်ဖြစ်သော ကောဋ္ဌာသဆယ်ခု—

ဟူ၍ ကောဋ္ဌာသပေါင်းငါးဆယ်ရှိ၏။

**ဝိသုဒ္ဓိမဂ်၌ကား**—ခေတ်လေးပါးဖြစ်သော ကောဋ္ဌာသပေါင်း လေးဆဲ့နှစ်ခုသာဆို၏၊ ဤလေးဆဲ့နှစ်ကောဋ္ဌာသတို့သည်လည်း အချင်းချင်း မည်ကဲ့သို့ ကျေးဇူးပြုသည်, ပစ္စည်းပစ္စယုပ္ပန်ဖြစ်ကြသည်များကို လည်း မဆိုလေ၊ ထို့ကြောင့် ကာယဂတာသတိ ကမ္မဋ္ဌာန်း, ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းများကို စီးဖြန်းပွါးများလိုသော နောက်သားမြေး တို့သည် ဤသုတ္တဝါတို့ အမိဝမ်းတွင်း ပဋိသန္ဓေမှစ၍ တနေ့ထက်တနေ့

မည်သည့်ပုံအားဖြင့် မည်ကဲ့သို့ကြီးပွါးရသည်, ကောဋ္ဌာသချင်း မည်ကဲ့သို့ စပ်ဆိုင်ကြသည်, ရုပ်တရားတို့သဘော မည်ကဲ့သို့ဖြစ်၍ ပျက်သည်များကို ယခုထက်တိုင် မသိနိုင်ကြရှိလေသည်။

## ကောဋ္ဌာသတို့ ကျေးဇူးပြုပုံ

"အာရောဂျ ပရမံ လာဘံ"ဟူ၍ ဂဟာတော်မူသောကြောင့် အနာရောဂါကင်းခြင်းသည် အမြတ်ဆုံးသော လာဘ်ဖြစ်၏၊ ယောဂီပုဂ္ဂိုလ်တို့၏ ပဓာနိယင်္ဂါ ငါးပါးတို့တွင် အနာကင်းခြင်းသည် တပါးအဝင်အပါ လည်းဖြစ်၏၊ အနာရောဂါကင်းလိုသောသူ, ကမ္မဋ္ဌာန်းစီးဖြန်းလိုသောသူတို့အား ဤကောဋ္ဌာသတို့၏ တခုနှင့်တခု မည်ကဲ့သို့စပ်ဆိုင်ကြသည်, ကျေးဇူးပြုကြသည်, သတ္တဝါတို့သည် အမိဝမ်းတွင်းကစ၍ တနေ့ထက်တနေ့ မည်ကဲ့သို့ကြီးပွါးကြသည်များကို သိခြင်းသည် များစွာ အကျိုးရှိ၏၊ ထို့ကြောင့် ဤဆိုခဲ့ပြီးသော ကောဋ္ဌာသငါးဆယ်တို့သည် အချင်းချင်း မည်ကဲ့သို့ စပ်ဆိုင်ကြသည်, ကျေးဇူးပြုကြသည်, သတ္တဝါတို့သည် အမိဝမ်းတွင်းမှစ၍ တနေ့ထက်တနေ့ မည်ကဲ့သို့ ကြီးပွါးကြသည်များကို ယခုအခါ ပြဆိုပေအံ့။

## လေဝင်ရန်နှင့်အစာဝင်ရန် ကျေးဇူးပြုပုံ

လျှာခင်နောက်၌ ရင်ခေါင်းအဆုတ်တွင်းသို့သွားသော ရှောက်၌ အပေါက်တခု၊ ဤအပေါက်မှ အသက်ရှူသောလေသည် ဝင်၍ အဆုတ်တွင်းသို့ ရောက်ပြီးလျှင် ပြန်၍ထွက်၏၊ ဤအပေါက်သည် ဖြူဒိုင်းပွင့်သဏ္ဌာန်, ဆီသွတ်သောကတော့သဏ္ဌာန်နှင့်တူသော ကတော့နှစ်ထပ်သဏ္ဌာန်ဖြစ်၏၊ ဤအပေါက်၏နောက်၌ ရေအစာတို့ဝင်သော ပြွန်တံနှင့်တူသော ကျောရိုးနားသို့ကပ်၍ ဆင်းသောအပေါက်, နှာခေါင်းသို့သွားသော အပေါက်တို့သည်လည်း ရှိကုန်၏။

ရေအစာတို့ကိုမျိုလျှင် ရင်ဘတ်သို့ မသွားရအောင် ကတော့နှစ်ထပ်တွင် ပြင်ဘက်ကဖုံးအုပ်သော ကတော့သည် အထက်သို့တက်၍ ပိတ်ပြီးလျှင် အောက်သို့ ဆင်း၏၊ ရေအစာတို့သည် တိုက်၍ဘိသောကြောင့် ကဲလားနှင့်တူသော လျှာခင်သည် နှာခေါင်းသို့ ရေအစာမသွားရ

## ဝါယောဓာတ် ကောဋ္ဌာသ ၁၀-ပါး

(၁) ဥဒ္ဓင်္ဂမဝါတာ။ ။လေကြို့ခြင်း, ကြို့ထိုးခြင်း, ပျို့ခြင်း,အန်ခြင်း အစရှိသည်တို့ကို ဖြစ်စေတတ်သော အထက်သို့ ဆန်တက်သော လေ။

(၂) အဓောဂမဝါတာ။ ။ကျင်ကြီး,ကျင်ငယ်ထုတ်ခြင်း စသည်ကိုပြုတတ်သော အောက်သို့သက်သောလေ။

(၃) ကုစ္ဆိသယဝါတာ။ ။အူ၏ပြင်, ဝမ်းခေါင်း၏ အတွင်း၌ တည်သောလေ။

(၄) ကောဋ္ဌာသယဝါတာ။ ။အူ၏အတွင်း၌ တည်သောလေ။

(၅) အင်္ဂမင်္ဂါနုသာရိနော ဝါတာ။ ။သွေးကြောကို လျှောက်သဖြင့် ကိုယ်အလုံး၌ အင်္ဂါကြီးငယ်တို့ကို ပျံ့နှံ့လျက် ကွေးခြင်း,ဆန့်ခြင်းကို ဖြစ်စေတတ်သောလေ။

(၆) သတ္ထကဝါတာ။ ။အဆစ်,အမျက်,အဆက်,အကြောတို့ကို ကတ်ကျေးဖြင့် ဖြတ်သကဲ့သို့ ဖြစ်စေတတ်သောလေ။

(၇) ခုရကဝါတာ။ ။သင်ဓုန်းကဲ့သို့ နှလုံးသားကို ခွဲတတ်ဖြတ်တတ်သောလေ။

(၈) ဥပ္ပလကဝါတာ။ ။(နှလုံးသားတွင်း၌ တည်သောလေ။

ဤလေကြောင့် နှလုံးသည် ပိန်ချည်, ဖောင်းချည် မပြတ်ဖြစ်၏၊ ဤနှလုံးသား ပိန်ခြင်း,ဖောင်းခြင်းကြောင့် ဤကိုယ်၏ သွေးကြောတို့၌ ရှိသောသွေးနှင့် နှလုံးသားတွင်း၌ ရှိသောသွေးသည် အထွက်အဝင် အသွားအလာပြု၍ ခြေကျင်းဝတ် လက်ကောက်ဝတ်တို့၏ သွေးကြော၌ ရှိသော သွေး၏လှုပ်ရှားခြင်းကို ဆေးသမားတို့သည် စမ်းသပ်၍ အနာကို သိကြကုန်၏။

(၉) အဿာသပဿာသဝါတာ။ ။ဝင်သက်, ထွက်သက်လေ။

(၁၀) အဘိက္ကမာဒိ ပဝတ္တကဝါတာ။ ။ရှေ့သို့ တက်ခြင်းစသော သွားလာခြင်းကို ဖြစ်စေတတ်သောလေ။

(ဝိသုဒ္ဓိမဂ် ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌ကား— သတ္ထက, ခုရက, ဥပ္ပလက, အဘိက္ကမာဒိ ပဝတ္တက–ဤလေလေးမျိုးတို့ကို မဆိုကုန်)။ ။ ဤသို့အားဖြင့် ပေါင်း ၁၀–ပါးဖြစ်ကုန်၏။

## လောကီကျမ်းအလို-ဝါယောဓာတ် ၁၀-ပါး

ဒဗ္ဗဂုဏပကာသ ဆေးကျမ်း, ဘာဂဝတာ ဋီကာ, သုခဗောဓကျမ်းတို့တွင်ဆိုသော လူတို့၌ ပကတိရှိမြဲသော လေဆယ်ပါးဟူသည်ကား—

(၁) ပါန။ ။ပြင်သို့ထွက်တတ်သောလေ။

ဤလေသည် ထွက်သက်, ဝင်သက်လေပင်တည်း၊ နှာခေါင်းဖျားမှ ရင်ဘတ်တိုင်အောင် အရပ်၌တည်၏၊ သွေး၌ သွားလာကျက်စား၏၊ အစာကို ဝင်စေတတ်၏၊ အသက်ဇီဝနှင့်စပ်၏။

(၂) အပါန။ ။အောက်သို့သက်တတ်သော အဓောဂမလေ။

ဤလေသည် ချက်မှ ခြေဘဝါးပြင်တိုင်အောင် အရပ်၌တည်၏၊ အထူးအားဖြင့်ကား—ဂူထမည်သော လိပ်ခေါင်း, အစာဟောင်းအိမ်တို့၌တည်၏၊ လေ, ကျင်ကြီး, ကျင်ငယ်, သုက်, ကိုယ်ဝန်တို့ကို အောက်သို့ထုတ်တတ်, ဆောင်တတ်၏။

(၃) ဗျာန။ ။ကွေးခြင်း, ဆန့်ခြင်းကို ဖြစ်စေတတ်သော ကိုယ်အလုံးကိုပျံ့နှံ့သော အင်္ဂမင်္ဂါနုသာရီလေ။

ဤလေသည် အရသာကိုဆောင်တတ်၏၊ ချွေးသွေးတို့ကို လှုပ်ရှားသွားလာ ထွက်ယိုစေတတ်၏။

(၄) သမာန။ ။စားအပ်, သောက်အပ်သော အစာတို့ကို အညီအမျှ ဆောင်တတ်သော ရင်ဘတ်မှချက်တိုင်အောင် အောက်အရပ်၌ တည်သောလေ။

အထူးအားဖြင့် ချက်, အစာသစ်အိမ်, အစာဟောင်းအိမ်တို့၌ တည်၏၊ ဝမ်းမီး၏အဘော်သဟဲဖြစ်၏၊ အစာကိုကြေစေတတ်၏၊ အစာကို ယူတတ်၏၊ ဝမ်းကျစေတတ်၏။

(၅) ဥဒါန။ ။အထက်သို့ ဆန်တက်သော ဥဒ္ဓင်္ဂမလေ။

ဤလေသည် ဦးနှောက်မှ နှာခေါင်းအဆုံးတိုင်အောင်သော အရပ်၌တည်၏၊ အထူးအားဖြင့် လည်ချောင်း၌တည်၏၊ စကားပြောဆိုခြင်း အသံကို ဖြစ်စေတတ်၏။

(၆) နာဂ။ ။ပျို့ခြင်း, အန်ခြင်းကို ဖြစ်စေတတ်သောလေ။

(၇) ကုမ္မ။ ။ခံတွင်း, မျက်စိတို့၏ ဘွင့်ပိတ်ခြင်းကို ဖြစ်စေတတ်သောလေ။

အောင် ပိတ်၏၊ အားထုတ်၍ ရေအစာတို့ကို မမျိုဘဲ အမှတ်မဲ့ ခံတွင်း၌ ရှိသော တစုံတခုသော ဝတ္ထုသည် ဝင်သွား၍ ကတော့ လျှာခင်တို့သည် မပိတ်မိသောကြောင့် ဝင်သောဝတ္ထုသည် နှာခေါင်းပေါက်သို့ဝင်လျှင် နှာခေါင်းမှထွက်၏၊ အဆုတ်ပေါက်သို့ဝင်လျှင် ပြင်းထန်စွာ ချောင်းဆိုး၍ အခန့်သင့်လျှင်ထွက်၏၊ မထွက်သော်လည်း ဝင်သောဝတ္ထု အပျော့ဖြစ်လျှင် တဖြည်းဖြည်း အရည်ဖြစ်၍ ထွက်၏၊ ဝင်သောဝတ္ထု အမာဖြစ်၍ မကြေနိုင်လျှင် ဤဝင်သော မာသောဝတ္ထု အဆုတ်တွင်း၌တည်၍ ချောင်းဆိုးနာစွဲပြီးလျှင် သေတတ်၏၊ ထို့ကြောင့် မာသောဝတ္ထုကို အမှတ်မဲ့ခံတွင်း၌ ငုံ၍မထားရာ၊ကွမ်း ထမင်း အစရှိသော အစာတို့ကိုလည်း သတိမထားဘဲ မစားရာ၊ အစာစားစဉ်ကာလလည်း စကားများစွာ မပြောမဆိုရာသည်များကိုလည်း မှတ်အပ်၏။

---

### အစာကြေရန် ကျေးဇူးပြုပုံ

ဤသို့ဆိုခဲ့ပြီးသော အစာဝင်သော အပေါက်ကို စားသောက်သော ရေအစာတို့သည် တံတွေးအိမ်မှထွက်သော တံတွေး၊ အစာဝင်သော အပေါက်၌ရှိသော သလိပ်အိတ်မှထွက်သော သလိပ်တို့နှင့် ရောနှော၍ အစာအိမ်တွင်းသို့ ရောက်သည်တွင် အစဉ်အတိုင်း ရွှေရွှေသောအလုပ်သည် အစာသစ်အိမ်မှထွက်သော အရေနှင့်ပေါင်းသောကြောင့် နူးညံ့ပျောင်းပျော့ခြင်းဟူသော အတော်အသင့်ကျက်၍ အစာအိမ်လကျ်ာဘက်အစ၌ ဗဒ္ဓသည်းခြေအိတ်, ပြည်အိတ်တို့မှ လာသောသည်းခြေရည်, ပြည်ရည်တို့နှင့် ပေါင်းမိပြန်သည့်ကာလ သာ၍ကြေနပ်ပြန်သဖြင့် အူငယ် ပဌမပိုင်းသို့ ရောက်သည်ကစ၍ အစာတို့မှ ရသမည်သော ဓာတ်ရည်တို့သည် ဖြစ်ကုန်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ အာဟာရေ ပဋိကူလသညာ ကမ္မဋ္ဌာန်းအဘွင့်တွင် စားသောက်အပ်သော ရေအစာတို့နှင့် ရောနှောသော ပိတ္တာသယ, ပုဗ္ဗာသယ, သေ္လမှာသယ, လောဟိတာသယဟူသော အာသယလေးမျိုးတို့တွင် အစာအိတ်မှထွက်သော အရည်ကိုပင် လောဟိတာသယဟူ၍ ဆိုဟန်ရှိ၏။

ဤအာသယလေးပါးတို့တွင် ပြည်သည် ငန်သောရသရှိသောကြောင့် အစာ၌ပါသော အဆီကို ကြေစေတတ်၏၊ သည်းခြေသည် ခါးသော အရသာရှိသောကြောင့် ထက်၏၊ ပူ၏၊ ထို့ကြောင့် အစာကိုကြေစေနိုင်၏၊ အစာသစ်အိမ်မှ ထွက်သောအရည်သည် အရသာအထူးမရှိသော်လည်း အစာကိုလွန်စွာ ကြေစေတတ်သောကြောင့် နွားငယ်, ဝက်တို့၏ အစာအိမ်တွင်း၌ရှိသော ဤအရည်ကို ကုလားဆေးဆရာတို့ယူ၍ အစာကြေအောင် အစာမကြေသူတို့ကို ပေးသုံးကြကုန်၏၊ အစာကြေ၍ ရသဓာတ် ဖြစ်စေရာ၌ ဤအရည်ကိုလုပ်သော ဆေးထက်ကောင်းသော ဆေးမည်သည်မရှိဟူ၍ သိုးဆောင်း ဆေးကျမ်းတို့တွင် ဆို၏။

---

## နှလုံးအိမ် သွေး, လေတို့ကျေးဇူးပြုပုံ

သစ်ပင်၏ အမြစ်သည် ရေကိုစုတ်ယူသကဲ့သို့ အူ၌တွယ်ကပ်လျက် အခေါင်းရှိသော အူသိမ်ဟူသော အကြောယ်တို့သည် အူတွင်းသို့ လျှောက်သွားသော ရသရည်ကို စုတ်ယူကြ၍ ဤစုတ်ယူသော အကြောငယ်တို့သည် ခါးရိုးအောက်စွန်းအထက်, ငါးဆင့်မြောက် ခါးရိုး အနီးတွင် ပေါင်းစုကြပြီးလျှင် ငန်းတောင် အရင်းပိုင်းမျှ လောက်ရှိသော အကြောကြီးတခုတည်းဖြစ်၍ ဤအကြောသည် လက်ဝဲဘက် ကျောရိုး၏ အတွင်းဘက်အထက်ကို လက်ဝဲပခုံးဖျားအနီး တိုင်အောင် တက်၍ လက်ဝဲလက်မှနှလုံးတွင်းသို့ ဝင်ရအောင် ပြန်ခေါက်၍လာသော သွေးကြောတခုနှင့် ပေါင်းစုပြီးလျှင် အကြော တခုတည်းဖြစ်၍ နှလုံး၏ လကျ်ာဘက် အထက်အခေါင်း၌ ဝင်၏။

နှလုံးသားတွင်း၌ တည်သော ဥပ္ပလကလေး၊ ကိုယ်အလုံး၌ သွေးကြောကို လျှောက်၍ ပျံ့နှံ့ပြေးသွားသော အင်္ဂမင်္ဂါနုသာရီလေတို့၏ အစွမ်းဖြင့် နှလုံးသည် ပိန်ချည်, ဖောင်းချည်နေရာတွင် နှလုံးသား ဖောင်းပွသော အခိုက် ကိုယ်အလုံးမှ ပြန်လာသော သွေးနှင့် ဤရသအရည်နှော၍ နှလုံး၏ လကျ်ာဘက် အထက်အခေါင်းသို့ဝင်၏၊ ဤဝင်ပြီးသော သွေးနှင့် ရသရည်သည် ဆိုခဲ့ပြီးသော လေနှစ်မျိုးတို့၏ အစွမ်းဖြင့် နှလုံးသည် ပိန်ပြန်သောကြောင့် နှလုံး၏ လကျ်ာဘက် လိပ်ပြာတောင် အကန့်ပွင့်၍ နှလုံး၏ လကျ်ာဘက် အောက်အခန်းသို့ ရောက်

ပြီးလျှင် နှလုံးပိန့်ခြင်းအားဖြင့် လကျ်ာဘက် အောက်အခန်းမှ အဆုတ်သို့သွားသော သွေးကြောတွင်းကိုလျှောက်၍ အဆုတ်တွင်းသို့ ရောက်သည်ကာလ အသက်ရှူသောလေနှင့် ပေါင်းဆုံသဖြင့် သွေးနှင့် ရသာရည်တို့သည် စင်ကြယ်ခြင်းဖြစ်၏။

ဤသို့ မျှားသောအားဖြင့် ရသရည်ကား—အဖြူဖြစ်၏၊ ကိုယ်အင်္ဂါတို့မှ ပြန်လာသောသွေးသည် နက်သော အဆင်းရှိ၏၊ဤအဆင်းတို့သည် အဆုတ်သို့ရောက်လျှင် ပျောက်၍ နီသောအဆင်းဖြစ်ပြီးလျှင် အဆုတ်မှ ပြန်လာ၍ လက်ဝဲဘက် အောက်အခန်းသို့ ရောက်၍ နှလုံး၏ပိန့်၍ ဘိညှပ်ခြင်းဖြင့် ဤလက်ဝဲဘက် အောက် အခေါင်းမှ ကိုယ်အင်္ဂါကြီးငယ်သို့သွားသော သွေးကြောကြီးအတွင်း လျှောက်ပြီးလျှင် အကြောအကြောင်း၌ဆိုခဲ့ပြီးသည့်အတိုင်းသွေးသည်ပြေးသွားပြီးလျှင် ပြန်သောအကြောကို အစဉ်လျှောက်သဖြင့် ပြန်လာ၍ဆိုခဲ့ပြီးသည့်အတိုင်း နှလုံး၏လကျ်ာဘက် အထက်အခေါင်းတွင်းသို့ ရသဓာတ်အရည်နှင့် ရော၍ဝင်ပြန်၏။

ဤသို့နှလုံး၏ ပိန့်၍ ညှပ်ခြင်းသည် အားကြီးသော ယောကျ်ားလက်ဝါးနှစ်ခုအတွင်း၌ နှလုံးကိုထား၍ ဘိညှပ်သည်မျှလောက် ညှပ်၏၊နှလုံးသားဖောင်းပွသောအခါကိုယ်အင်္ဂါကြီးငယ်တို့မှ ပြန်လာသောသွေးနှင့် အဆုတ်မှ ပြန်လာသော သွေးတို့သည် နှလုံး၏ လက်ဝဲလကျ်ာ အထက်အခန်းနှစ်ခုတို့သို့ ဝင်၏၊ နှလုံးပိန့်၍ ညှပ်သောအခါနှလုံး၏လကျ်ာဘက် အောက်အခန်းမှ သွေးသည် အဆုတ်သို့သွားသော အကြောကြီးကို လျှောက်၍ အဆုတ်တွင်းသို့ဝင်၏၊ လက်ဝဲဘက်အောက်အခန်းမှ သွေးသည် ကိုယ်အင်္ဂါကြီးငယ်သို့ သွားသော သွေးကြောကြီးကို လျှောက်၍ ကိုယ်အင်္ဂါတို့ကို ပျံ့နှံ့၏၊ ဤသို့ပျံ့နှံ့သောသွေးသည် အသား အစရှိသော ဓာတ်ခုနစ်ပါး၊ ဆီကြည့်ချွေးစသော ဉပဓာတ်ခုနစ်ပါး အစရှိသည်တို့ ဖြစ်ကြကုန်၏။

---

### ဓာတ် ၁၄-ပါးတို့ ကျေးဇူးပြုပုံ

ဓာတ်ခုနစ်ပါး ဟူသည်ကား–ရသ, သွေး, အသား, အဆီခဲ, အရိုး, ရိုးတွင်းခြင်ဆီ, သုက်—ဤခုနစ်ပါးတို့တည်းဟု ဝိမတိဝိနောဒနီဋီကာ,

သုဿုတဆေးကျမ်း, ဒဗ္ဗဂုဏာပကာသဆေးကျမ်း, ဘေသဇ္ဇမဉ္ဇူသာ ဆေးကျမ်းတို့၌ ဆိုကုန်၏။ ။အဘိဓမ္မာ မူလဋီကာ၌ကား—

ရသ သောဏိတ မံသ မေဒ နှာရု အဋ္ဌိ အဋ္ဌိမဉ္ဇာ ရသာ-ဒယော။ ကေစိ နှာရုံ အပနေတွာ သုက္ကံ သတ္တမ ဓာတုတိ အဝေါစုန္တိ။

ဟူ၍ သုက်ကိုနုတ်ပြီးလျှင် အကြောကိုထည့်၍ ဓာတ်ခုနစ်ပါးဟု ဆို၏။

ဥပဓာတ်ခုနစ်ပါး ဟူသည်ကား–နို့ရည်, ဥတု သွေး, ဆီကြည်, ချွေး, သွား, ဆံပင်, ဩဇာ—ဤခုနစ်ပါးတို့တည်း၊ ထိုခုနစ်ပါးတို့သည် ရသသုက်တိုင်အောင် အစဉ်အတိုင်းဖြစ်၏၊ ဩဇာမည်သော ဥပဓာတ်မူကား-သုက်ဖြစ်ပြီးနောက်မှဖြစ်၏၊ စားသောက်အပ်သော အစာသည် စားပြီးနောက်တလရှိမှ သုက်ဖြစ်သည်ဟူ၍ ဆေးကျမ်းတို့တွင်ဆို၏။

ရသဓာတ်သည် သတ္တဝါတို့ကို ဝစေတတ်၏၊ သွေးသည် အသက်ကိုရှည်စေတတ်၏၊ အသားသည် ပြည့်ဖြိုးအောင် မွမ်းမံတတ်၏၊အဆီခဲသည် နယ်ဆီကဲ့သို့ စိုစွတ်စေတတ်၏၊အရိုးသည် ကိုယ်ကိုရွက်ဆောင်စေတတ်၏၊ ခြင်ဆီသည် အရိုးကိုပြည့်စေတတ်၏၊ သုက်သည် ပဋိသန္ဓေကို ဖြစ်စေတတ်၏ ဟူ၍လည်း ဆေးကျမ်းတို့၌ဆို၏၊ ထို့ကြောင့် သွေးအားနည်းလျှင် အသက်တိုသည်၊ သွေးများလျှင် အသက်ရှည်သည်ဟူ၍ ဝိသုဒ္ဓိမဂ် မရဏာဿတိ ကမ္မဋ္ဌာန်းအဘွင့် မဟာဋီကာတွင် ဆို၏၊ ထို့ကြောင့် အသက်ရှည်လိုလျှင် ရသဓာတ်သွေးတို့ကို ကောင်းမွန်စွာ ဖြစ်စေတတ်သော အရည်အဖတ်တို့ကို စားသောက်အပ်ကုန်၏။

ဂျုံ, ပြောင်း, ပြောင်းဖူး,ကောက်ကြီးဆန်, ကောင်းစွာမှည့်သော သစ်သီး, သာဂူ, ပဲမျိုး,နွားနို့,မလိုင်,မျောက်ဥ,ပိန်းဥ-ဤအစာတို့သည် ရသဓာတ်နှင့်သွေးကို များစွာဖြစ်စေတတ်၏၊ လတ်လတ်လောလော သော အသား ပြုတ်ရည်တို့သည် သွေးကို များစွာဖြစ်စေတတ်ကုန်၏၊ ဟင်းရွက်,ငါးတို့သည် ရသဓာတ်သွေးတို့ကို စဉ်းငယ်မျှသာ ဖြစ်စေတတ်ကုန်၏၊ အသားမျိုးတို့သည် ဂျုံအစရှိသော ဝတ္ထုတို့လောက် သွေးကို များစွာမဖြစ်စေနိုင်၊ အရက်မျိုးသည် သွေးဖြစ်အံ့သောအစစ

ကိုသော်လည်း ဖျက်ဆီးတတ်၏၊ ထို့ကြောင့် အရက်မျိုးတို့ကို သောက်လျှင် အသက်တိုတတ်၏၊ ထောပတ်, အုန်းသီး, နှမ်းဆီ, ငါးဆီအစရှိသော ဆီတို့သည် သွေးကို သန့်ရှင်း ကြည်လင်စေတတ်၏၊ အစာကို ဝမ်းမီးသည် ကောင်းစွာ လောင်စေတတ်၏။

---

## သွေးကြောနှင့်သွေးတို့ ကျေးဇူးပြုပုံ

နှလုံးသားတွင်းသို့ သွေးနှင့်ရသဓာတ် အဝင်အထွက်ဖြစ်ရာ၌ နှလုံးသား ဖောင်းပွသည့်ကာလဝင်သောသွေးကြောတို့မှ သွေးတို့သည်ဝင်၍ နှလုံးသားပိန်၍ ညှပ်သည်ကာလ ထွက်သော သွေးကြောမှ ထွက်လျှင် ဝင်သောသွေးကြောတို့မှ သွေးသည် ပြန်၍ ထွက်သွားသင့်သော်လည်း သွေးကြောကြီးတို့၏ အခေါင်းတွင်း၌ နှလုံး၏အခေါင်းတွင်းမှာကဲ့သို့ လိပ်ပြာတောင်တို့သည် ပိတ်သောကြောင့် သွေးပြန်၍ မထွက်နိုင်၊ တကြောင်းလည်း သွေးကြောတို့သည် နှလုံးမှထွက်ပြီးလျှင်နှလုံးသို့ပြန်၍ ဝင်သည်တိုင်အောင် တလျှောက် တဆက်တည်းဖြစ်၍ ထွက်သောသွေးသည် သွေးကြောတို့၏ အတွင်းမှခုခံ၍ တောင့်သောကြောင့်ဝင်သော သွေးသည် ပြန်၍မထွက်နိုင်၊ အခေါင်းရှိသော ပြွန်ဝိုင်းတွင်း၌ ရေသွတ်၍ လှည့်သကဲ့သို့သွေးတို့သည် ချာချာလည်၍သာ သွားလာ၏။

ရသဓာတ်နှင့်ပေါင်း၍ အဆုတ်သို့ ရောက်သောသွေး စင်ကြယ်ပြီးနောက် ကိုယ်အလုံးကို အပျံ့အနှံ့ နှလုံးမှထွက်သွားရာ အသည်းတွယ်သော သွေးကြောသို့ရောက်လျှင် အသည်းကြီးပွါးရန်သွေးသည် အသည်းသို့ဝင်၍ ကြီးပွါးစေပြီးလျှင် ကျန်သောသွေးတို့သည် အသည်းမှ နှလုံးသို့ပြန်သော သွေးကြောတွင်းသို့ရောက်၍ နှလုံးသို့ဝင်၏၊ အသည်းဖြစ်သော အသည်း၌ရှိသော အရည်တို့သည် ဗဒ္ဓသည်းခြေအိတ်သို့ စိမ့်ဝင်၍ ဤသည်းခြေအိတ်မှ သည်းခြေရည်တို့သည် သည်းခြေအကြောင်းတွင် ဆိုခဲ့ပြီးသည့်အတိုင်း တရက်အတွင်း၌ အချိန် ငါးဆဲ့ခြောက်ကျပ် ခန့်ထွက်၍ အစာသစ်နှင့်ရောနှော၏၊ ဤနည်းအတိုင်း ကျောက်ကပ်သို့ ရောက်သောသွေးသည် ကျောက်ကပ်ကိုကြီးပွါးစေ၍ သွေး၌ပါသော ကြက်တက်ရည်သည် ကျောက်ကပ်မှ ဆီးအိမ်, စည်ပေါင်းတွင်းသို့သွားသော ဆီးကြောနှစ်ခုအတွင်းသို့လျှောက်၍ ဆီးအိမ်,စည်ပေါင်းတွင်းကို ဝင်ပြီးလျှင် ကျင်ငယ်ဖြစ်၍ထွက်၏။

ကျောက်ကပ်တွင်ကျန်သော သွေးကြောတို့သည်လည်း ကျောက်ကပ်မှ နှလုံးကိုပြန်သော သွေးကြောတွင်းကိုလျှောက်၍ နှလုံးသို့ဝင်၏၊ ဤနည်းအတိုင်း ပြည်အိတ်အညှိတို့၌ ဝင်သောသွေးတို့သည် ပြည်အိတ်အစရှိသည်တို့ကို ကြီးပွါးစေ၍ ဤဝတ္ထုတို့မှ နှလုံးသို့ပြန်သော သွေးကြောကို လျှောက်ပြီးလျှင် နှလုံးသို့ဝင်ကြကုန်၏၊ အူသိမ်တို့ကို စုတ်ယူသော သွေးနှဖြစ်သော ရသဓာတ်ပိုမိုသည်ကို သရက်ရွက်နှင့်တွယ်သော အကြောသည် နုတ်၍ သရက်ရွက်ကို ကြီးပွါးစေ၏၊ အူသိမ်, သရက်ရွက်ကို စုတ်ယူသည့်ပြင် ရသဓာတ်ပိုမိုလျှင် မစားချင် မသောက်ချင်သော အစာကောင်းစွာမကြေသော ရသသေသမည်သော အနာတမျိုးဖြစ်တတ်၏။

အသားသို့ရောက်သော သွေး, ခြင်ဆီ ဦးနှောက်သို့ ရောက်သော သွေးတို့သည်လည်း အသား,အရိုး စသည်တို့ကို ကြီးပွါးစေ၍ ကျန်သော သွေးတို့သည် ထိုဝတ္ထုတို့မှ နှလုံးသို့ပြန်သော သွေးကြောကို လျှောက်ပြီးလျှင် နှလုံးသို့ဝင်ကြကုန်၏၊ တံတွေးအိတ်, မျက်ရည်, နှာရည်အိတ်, ဆီကြည်အိတ်သို့ ရောက်သောသွေးတို့သည်လည်း တံတွေးအစရှိသည်တို့ ဖြစ်၍ ထွက်ကြကုန်၏၊ ဤကဲ့သို့ အသီးအသီးဖြစ်သည့်ပြင် ပိုမိုဟောင်းနွမ်းလေပြီးသော သွေးတို့သည် ချွေးအိတ်သို့ရောက်ပြီးလျှင် ချွေးဖြစ်၍ ထွက်ကုန်၏၊ အချုပ်အားဖြင့် ဤသတ္တဝါတို့၏ ကိုယ်၌ရှိသမျှ အရည်အခဲ ဝတ္ထုတို့သည် သွေးကဖြစ်သည်ချည်းမှတ်ရမည်၊ သွေးသည်လည်း ရသဓာတ်မှဖြစ်သည်၊ ရသဓာတ်သည်လည်း အစာအာဟာရတို့မှ ဖြစ်သည်၊ အစာ၏အဖတ်သည် အူကိုလျှောက်၍သွား၏၊ အူမကြီးပဌမပိုင်းသို့ ရောက်သည်မှစ၍ ကျင်ကြီးဖြစ်စပြုသည်၊ အူမကြီး တတိယပိုင်းသို့ရောက်လျှင် ကျင်ကြီးလုံးလုံးဖြစ်သည်ဟူ၍ အနာတမိကျမ်းတို့၌ဆိုကုန်၏။

---

### အစာသစ် အာဟာရဓာတ် ကျေးဇူးပြုပုံ

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကာမဘုံ၌ သတ္တဝါတို့သည် ကဗဠီကာရ အာဟာရကို အမှီပြု၍ တနေ့ထက်တနေ့ ကြီးပွါးကြကုန်၏၊ အသက် (၁၀၀)တန်းလူတို့၌ အသက်(၆၀)ကျော်လျှင် အစားအသောက်ဆုတ်ယုတ်သဖြင့်၎င်း,အနာရောဂါပွါးများသဖြင့်၎င်း,စားသောက်အပ်သော

အဇ္ဈဟာရတို့မှ ရသအစရှိသော ဓာတ်တို့သည် အဖြစ်နည်း၍ တနေ့ထက် တနေ့ ဆုတ်ယုတ်လျော့ပါး အလုံးအရပ်အသားအရေတို့ မတိုးပွါး တဘာဝဖြင့် ပိုင်းခြားအပ်သော သမ္မုတိမရဏဖြစ်လေသတည်း။

ဥတု, ဣရိယာပုထ်, အစာအာဟာရ, ဆေးကံတို့ကြောင့် ရောဂါ အနာဖြစ်ပြန်လျှင်လည်း ဤဆိုခဲ့ပြီးသော ရသအစရှိသော ဓာတ်တို့ မဖြစ်မူ၍ အသား, အသွေးတို့သည် ပိန်ခြောက်ပြီးလျှင် သတ္တဝါတို့သည် သေကြေပျက်စီးကြကုန်၏၊ ထို့ကြောင့် "သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ" ဟူ၍ ဟောတော်မူလေသတည်း။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား—စားအပ်သော အရည်, အဖတ်တို့ကို ငါးပုံပုံ၍ တပုံကို အစာသစ်အိမ်၌ရှိသော ပိုးတို့စားကုန်၏၊ တပုံသည် ဝမ်းမီးချက်၍ ပျောက်ပျက်သည်၊ ကြွက်တက်ရည်တပုံ ဆီးဖြစ်သည်၊ အဖတ်တပုံသည် ကျင်ကြီးဖြစ်သည်၊ အဆီ, အစေး, အနှစ်သာရဖြစ်သော တပုံသည် ရသမည်သော အရည်ဓာတ်ဖြစ်ပြီးလျှင် အသွေး, အသား အစရှိသော ဓာတ်ခုနစ်ပါးတို့ကို ဖြစ်စေကုန်၏ဟု ဆို၏။

[အမိဝမ်းတွင်း၌ ကြီးပွါးပုံတို့ကိုကား— ပဋိသန္ဓေအခန်းတွင် ဆိုခဲ့လေပြီးဖြစ်ကုန်၏။]

သစ်ပင်တို့သည်မူကား—ရေဟူသောအာဟာရတို့ကို ညဉ့်အခါ အမြစ်ဖြင့်စုတ်ယူ၍ အရွက်ဖျားတိုင်အောင် သွားပြီးလျှင် အကိုင်း, အခက်, အပင်, အရွက်တို့ကို ကြီးပွါးစေ၍ ကျန်သောအရည်တို့သည် နေ့အခါ အောက်သို့သက်၍ အမြစ်ကပင် ထွက်ကြကုန်၏၊ ထို့ကြောင့် သရက် အစရှိသော အသီးကိုချိုစေလိုသော် သစ်ပင်တို့၏ အမြစ်ရင်းတို့၌ သကြား, ထန်းလျက် အစရှိသော ချိုသောအရည်ကို လောင်းလျှင် အသီးသာ၍ချိုသည်၊ ခါးသောအရည်တို့ကိုလောင်းလျှင် အသီးအချိုပျက်သည်၊ ထို့ကြောင့် ဒမိဝါဟဏဇာတ်၌ အသီးချိုသော သရက်ပင် မြစ်ရင်းတွင် တမာပင်ကို ရှေ၍စိုက်သောကြောင့် သရက်သီး၏ ချိုသောအရသာပျက်ကြောင်းနှင့် ဆိုသည်။

## ကောဋ္ဌာသဉ် သရဇ္ဈာယ်နည်း

ဤဆိုခဲ့ပြီးသည့်အတိုင်း ကေသာအစရှိသော ကောဋ္ဌာသတို့၏ အဆင်းသဏ္ဌာန်, ချက်မှအထက်အရပ်, အောက်အရပ်, ကောဋ္ဌာသတို့၏ တည်ရာအရပ်, ကောဋ္ဌာသတို့၏ ထက်ဝန်းကျင်နယ်နိမိတ် အပိုင်းအခြား ဟူသော ဥဂ္ဂဟကောသလ္လငါးပါးတို့ကို တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားပြီးလျှင် ကြွင်းသော—

(၁) ဝစသာသဇ္ဈာယ,
(၂) မနသာသဇ္ဈာယ—

ဟူသော ဥဂ္ဂဟကောသလ္လ နှစ်ပါးတို့ကို ဆိုလတံ့သော နည်းအားဖြင့် ယောဂီပုဂ္ဂိုလ်သည် ပြုအပ်၏။

သီဟိုဠ်ကျွန်း မလယအရပ်၌နေသော မဟာရေဝတမထေရ်၏အထံ၌ နိကာယ်နှစ်ခု, သုံးခုကို ဆောင်သော မထေရ်နှစ်ယောက်တို့သည် ဤကာယဂတာသတိ ကမ္မဋ္ဌာန်းကို သင်ကြားဆောင်ယူရာ ကေသာ, လောမာ အစရှိသော ဤကာယဂတာသတိကမ္မဋ္ဌာန်းပါဠိကို နှုတ်တက်အောင် လေးလပတ်လုံး သရဇ္ဈာယ်လေဟူ၍ ပေးအပ်လိုက်၏။

ကမ္မဋ္ဌာန်းယူသော မထေရ်နှစ်ယောက်တို့သည် နိကာယ် နှစ်ခု, သုံးခု တို့ကိုပင် ဆောင်ရွက်နိုင်၍ ဤကမ္မဋ္ဌာန်းပါဠိကို ရပြီးဖြစ်သော်လည်း ဆရာကို ရိုသေသောအားဖြင့် ဤကေသာ, လောမာ အစရှိသော ကမ္မဋ္ဌာန်းပါဠိကို ဆရာမှာတိုင်း လေးလပတ်လုံး သရဇ္ဈာယ်၍ပင်လျှင် သောတာပန်ဖြစ်ကြကုန်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းပေးသောဆရာသည် ရှေးဦးစွာ ကမ္မဋ္ဌာန်းပါဠိကို နှုတ်တက်ရအောင် နှုတ်ဖြင့်သရဇ္ဈာယ်ခြင်း ပြုလေဟု တပည့်ကို နှုတ်ဖြင့်သရဇ္ဈာယ်ရန် ဆိုအပ်၏၊ တပည့်သည်လည်း ပိဋကတ်သုံးပုံကို ရသည်ပင်ဖြစ်စေ ဆရာမှာတိုင်း ရှေးဦးစွာ နှုတ်ဖြင့်သာ သရဇ္ဈာယ်အပ်၏။

သရဇ္ဈာယ်ပုံကား—ဆိုခဲ့ပြီးသည့်အတိုင်း တစပဉ္စက အစရှိသည်တို့ကို ပိုင်းခြား၍ အနုလောမ, ပဋိလောမအားဖြင့် သရဇ္ဈာယ်အပ်၏၊ ကေသာ အစ တစော အဆုံးတိုင် အနုလောမ၊ တစောအစ ကေသာအဆုံးတိုင် ပဋိလောမ၊ ထို့နောင် မံသံအစ–ဝက္ကံအဆုံးတိုင် အနုလောမ၊ ဝက္ကံအစ–

ကောဋ္ဌာသအဆုံးတိုင် ပဋိလောမ၊ ဤအနုလောမ၌ ပဉ္စက, ဆက္က, သတ္တက တို့ကို အသီးအခြားစီ ပဋိလောမသရဇ္ဈာယ်ရာ၌ ကောဋ္ဌာသတိုင်အောင် ချည်းပြန်၍ သရဇ္ဈာယ်အပ်၏၊ ဤသို့ ကာလ အရာအထောင်တို့ပတ်လုံး သရဇ္ဈာယ်ခြင်းကို ပြုအပ်၏။

ဤသို့ နှုတ်ဖြင့် သရဇ္ဈာယ်သည်ရှိသော် ကမ္မဋ္ဌာန်းပါဠိ နှုတ်တက်ခြင်း သည် ဖြစ်၏၊ စိတ်သည် အနုလုံ, ပဋိလုံ, ထိုမှ, ဤမှ ပြေးသွား၏၊ စည်း စောင်ရန်းတိုင်တို့၏ အခြေတို့ကို မြင်ရသကဲ့သို့ ကောဋ္ဌာသတို့သည် ထင် ရှားကုန်၏၊ နှုတ်ဖြင့် သရဇ္ဈာယ်ခြင်းကို ပြုသကဲ့သို့ အနုလုံ, ပဋိလုံအား ဖြင့်ပင် စိတ်ဖြင့် သရဇ္ဈာယ်ခြင်းကိုလည်းပြုအပ်၏၊ နှုတ်ဖြင့် သရဇ္ဈာယ် ခြင်းသည် စိတ်ဖြင့် သရဇ္ဈာယ်နိုင်ခြင်း အကြောင်းတည်း၊ စိတ်ဖြင့် သရဇ္ဈာယ်နိုင်ခြင်းသည် လက္ခဏာကို ထိုးထွင်း၍ သိကြောင်းတည်း။ ။ ဤသို့ ဆိုခဲ့ပြီးသောသရဇ္ဈာယ်နည်းကား–ဝိသုဒ္ဓိမဂ် အဋ္ဌကထာတွင် လာ သောနည်းတည်း။

---

## သမ္မောဟဝိနောဒနီ အဋ္ဌကထာနည်း

သမ္မောဟဝိနောဒနီ အဋ္ဌကထာ၌ကား–ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ဆို သည့်အတိုင်း ဆိုခဲ့ပြီး၍ တစပဉ္စက၌ အနုလောမငါးရက်, ပဋိလောမ ငါးရက်, အနုလုံပဋိလုံ အပြန်အလှန်ငါးရက်၊ ဤသို့တဆဲ့ငါးရက် သ ရဇ္ဈာယ်အပ်၏၊ ထို့နောင် ဝက္ကပဉ္စက၌လည်း ထို့အတူ တဆဲ့ငါးရက် သရဇ္ဈာယ်အပ်၏၊ ထို့နောင် ပဉ္စကနှစ်ခုတို့ကို ပေါင်း၍တဆဲ့ငါး ရက် သရဇ္ဈာယ်အပ်၏။

တဖန်ပပ္ဖါသပဉ္စက၌လည်း တဆဲ့ငါးရက်၊ လွန်ခဲ့ပြီးသော ပဉ္စက နှစ်ခုတို့နှင့် ပေါင်းပြန်၍ ကောဋ္ဌာသ တဆဲ့ငါးခု တို့ကို တဆဲ့ ငါးရက်၊ မတ္ထလုင်ဆက္က၌ တဆဲ့ငါးရက်၊ လွန်ခဲ့ပြီးသော ကောဋ္ဌာသ တဆဲ့ငါးခုတို့နှင့် ပေါင်းပြန်၍ ကောဋ္ဌာသနှစ်ဆဲ့တခုတို့ကိုတဆဲ့ငါး ရက်၊မေဒသတ္တက၌လည်း ဤနည်းအတိုင်း အနုလုံ, ပဋိလုံတဆဲ့ငါးရက်၊ လွန်ခဲ့ပြီးသော ကောဋ္ဌာသ နှစ်ဆဲ့တခုတို့နှင့် ပေါင်းပြန်၍ကောဋ္ဌာသ နှစ်ဆဲ့ရှစ်ခုတို့ကို တဆဲ့ငါးရက်၊ မုတ္တသတ္တက၌လည်း တဆဲ့ငါးရက်၊

လွန်ခဲ့ပြီးသော ကောဋ္ဌာသနှစ်ဆဲ့ရှစ်ခုတို့နှင့် ပေါင်းပြန်၍ ကောဋ္ဌာသ သုံးဆဲ့ငါးခုတို့ကို တဆဲ့ငါးရက်ကျသို့ ငါးလခွဲတိုင်အောင် သရဇ္ဈာယ် အပ်၏ဟူ၍ သရဇ္ဈာယ်ပုံတနည်းကို ပြ၏။

---

**မနသိကာရကောသလ္လ ၁၀-ပါး**

ဤသို့ဆိုခဲ့ပြီးသည့်အတိုင်း စိတ်ဖြင့် သရဇ္ဈာယ်ရာ၌—

(၁) တခုခြား နှစ်ခုခြားခုန်၍ နှလုံးသွင်းခြင်းကိုမပြုဘဲ အစဉ် အတိုင်းသော နှလုံးသွင်းခြင်း။

(၂) မမြန်လွန်းသောအားဖြင့် နှလုံးသွင်းခြင်း။

(၃) မနှေးလွန်းသောအားဖြင့် နှလုံးသွင်းခြင်း။

(၄) ပျံ့လွင့်သော စိတ်ကို တားမြစ်ခြင်း။

(၅) ကေသာ အစရှိသော ပညတ်ကို နှလုံးမသွင်းဘဲ ကာယ ဂတာသတိ၌ စက်ဆုပ်ရွံရှာဘွယ် ပဋိကူလအဖြစ်ဖြင့် နှလုံး သွင်းခြင်း။

(၆) ခာတုဝဝတ္ထာန်၌ ခာတ်အဖြစ်ဖြင့် နှလုံးသွင်းခြင်း။

(၇) ဝဏ္ဏကသိုဏ်းဖြစ်ရာ၌ အဆင်းအားဖြင့် နှလုံးသွင်းခြင်း။

(၈) စိတ်၌မထင်သော ကောဋ္ဌာသကိုလွှတ်၍ ထင်ရာကိုသာနှလုံး သွင်းခြင်း။

(၉) တစုံတခုသော ကောဋ္ဌာသ၌ အသီးအသီး တခုစီတခုစီ အပ္ပနာစျာန်ဖြစ်အောင် နှလုံးသွင်းခြင်း။

(၁၀) ဣန္ဒြေတို့ ညီညွတ်အောင် ကမ္မဋ္ဌာန်းစီးဖြန်းတတ်အောင် အဓိစိတ္တသုတ်, သီတိဘာဝသုတ်, ဗောဇ္ဈင် ကောသလ္လသုတ် ဟူသော ပါဠိတော်သုံးခုတို့ကို သိအောင်ပြု၍ နှလုံးသွင်း ခြင်း—

ဟူသော ဆယ်ပါးသော မနသိကာရ ကောသလ္လတို့ဖြင့် ကမ္မဋ္ဌာန်း ကို နှလုံးသွင်းအပ်၏။

## ကမ္မဋ္ဌာန်းထင်ခြင်းနှင့် မထင်ခြင်းများ

ဥပမာကား သုံးဆဲ့ငါးထစ်ရှိသော လှေကားကို တက်သောသူသည် လှေကားထစ်ကို အစဉ်အတိုင်း မတက်ဘဲ ခုန်၍တက်လျှင် ပင်ပန်း၍ မတက်နိုင်သကဲ့သို့ ဤကောဋ္ဌာသ သုံးဆဲ့ငါးခုတို့ကို အစဉ်အတိုင်း နှလုံးမသွင်းဘဲ တခုခြား,နှစ်ခုခြားခုန်၍ နှလုံးသွင်းလျှင် စိတ်ပင်ပန်း၍ ကမ္မဋ္ဌာန်းမထင်နိုင်၊ အစဉ်အတိုင်း နှလုံးသွင်းရာ၌လည်း မြန်လွန်းလျှင်လည်း ကမ္မဋ္ဌာန်းမထင်နိုင်၊လေးလွန်းလျှင်လည်း ကမ္မဋ္ဌာန်း အပြီးအဆုံးသို့ မရောက်နိုင်။

ကမ္မဋ္ဌာန်း၌ နှလုံးသွင်းသော စိတ်မှတပါး အထူးထူး အပြားပြားသော အခြားသော အာရုံတို့၌ နှလုံးသွင်းခြင်းဟူသော စိတ်၏ပျံ့လွင့်ခြင်းကို တားမြစ်အပ်၏၊ ကမ်းပါးပြတ် နှစ်ဘက် ညှပ်လျက်ရှိသော တဘဝါးစာခန့်သော လမ်းကိုသွားသော သူသည် ခြေနင်းခြင်း, သွားအပ်သောလမ်းကို နှလုံးသွင်းခြင်းတို့ကို သတိမထားဘဲ ထိုမှ, ဤမှ တောင်မြောက်လေးပါးကို ကြည့်ရှု၍သွားလျှင် ခြေနင်းလွဲ၍ အသူတရာနက်သော ချောက်သို့ကျသကဲ့သို့ ဤကမ္မဋ္ဌာန်းမှတပါး အခြားသော အာရုံကို နှလုံးသွင်းလျှင် ကမ္မဋ္ဌာန်းသည် ဆုတ်ယုတ်၏၊ ပျက်စီး၏။

ကေသာ,လောမာ အစရှိသော နာမပညတ်ကို နှလုံးမသွင်းဘဲ ပဋိကူလအားဖြင့်ရင်း, ဓာတ်အားဖြင့်ရင်း, အဆင်းအားဖြင့်ရင်း နှလုံးသွင်းမှသာလျှင် ကမ္မဋ္ဌာန်းဖြစ်နိုင်၏၊ ဥပမာကား နွေလအခါ ရေရှားသောတောတွင် ရေတွင်းရေကန်တို့၌ ထန်းရွက် စသော အမှတ်သညာကို ဘွဲ့ထား၍ ထိုအမှတ်ဖြင့် ခရီးသွားလူတို့သည် ချိုးကြ သောက်ကြကုန်၏၊ အကြင်အခါ မပြတ်သွားလာ ဝင်ထွက်ဘန် များသဖြင့် သွားလမ်း လာလမ်းသည် ထင်ရှား၏၊ထိုအခါ ထန်းရွက်အမှတ်အစရှိသည်တို့သည် အသုံးမရှိပြီ၊ အလိုရှိသောအခါ၌ ဤရေတွင်း ရေကန်တို့သို့သွား၍ ချိုးသောက်ကြကုန်သကဲ့သို့ ကမ္မဋ္ဌာန်းစီးဖြန်းစ ရှေးအဘို့၌ ကေသာ,လောမာဟူသော ပညတ်၏ အစွမ်းဖြင့်သာလျှင် နှလုံးသွင်းသော ယောဂီ၏ပါရမီဝါသနာကိုလိုက်၍ အချို့သူမှာ စက်ဆုပ်ရွံရှာဘွယ်အဖြစ်ဖြင့် ထင်၏၊ အချို့သူမှာ ဓာတ်အဖြစ်ဖြင့် ထင်၏၊ အချို့သူမှာ ဝဏ္ဏကသိုဏ်းအဖြစ်ဖြင့်ထင်၏။

ထိုသို့ထင်သောအခါ ကေသာ, လောမာဟူသော နာမ်ပညတ်, အတ္ထပညတ်ကို လွှတ်၍ မိမိထင်သည့်အတိုင်း အားဖြင့်သာလျှင် နှလုံးသွင်းအပ်ကုန်၏၊ ထို့ကြောင့် ကမ္မဋ္ဌာန်းပေးသော ဆရာသည် စက်ဆုပ်ဘွယ် ပဋိကူလ, ဓာတ်,ဝဏ္ဏကသိုဏ်းတို့တွင် တစုံတခုဖြင့် နှလုံးသွင်း၍ ကမ္မဋ္ဌာန်းစီးဖြန်းအပ်၏–ဟုရှေးဦးစွာ တပည့်ကိုမဆိုအပ်၊ကောဋ္ဌာသ၏ အစွမ်းအားဖြင့် ပညတ်အတိုင်းသာ လေ့လာပွန်းတည်းအောင် စီးဖြန်းပွားများလေဟူ၍သာ သွန်သင်အပ်၏။

အကြင်အခါ ယောဂီ၏ ပါရမီဝါသနာကိုလိုက်၍ အကြင်သူ၌ စက်ဆုပ်ဘွယ် ပဋိကူလအဖြစ်သည်ထင်၏၊ ထိုသူကိုစက်ဆုပ်ဘွယ် အားဖြင့် နှလုံးသွင်းနည်းကို သင်အပ်၏၊ အကြင်သူ၌ ဓာတ်အဖြစ်ဖြင့် ထင်၏၊ ထိုသူကို ဓာတ်အားဖြင့် နှလုံးသွင်းနည်းကို သင်အပ်၏၊ အကြင်သူ၌ ဝဏ္ဏကသိုဏ်းအားဖြင့် ထင်၏၊ ထိုသူကို ဝဏ္ဏကသိုဏ်းအားဖြင့် နှလုံးသွင်းနည်းကို သင်အပ်၏။

---

## ထင်-မထင်နှစ်မျိုး

ဤသို့ ပညတ်အတိုင်း ကောဋ္ဌာသ၏အစွမ်းအားဖြင့်စီးဖြန်းပွားများရာ၌လည်း အကြင်အကြင် ကောဋ္ဌာသသည် ပဋိကူလစသော သုံးပါးတို့တွင် တပါးပါးမျှမထင်၊ ထိုမထင်သော ကောဋ္ဌာသကိုလွှတ်၍ ထင်သော ကောဋ္ဌာသကိုသာ နှလုံးသွင်းအပ်၏။

အဘယ်သို့ မထင်သနည်း ဟူမူကား–ကမ္မဋ္ဌာန်းကို နှလုံးသွင်းစဖြစ်သော ပုဂ္ဂိုလ်အား ကေသာဟု–နှလုံးသွင်းစဉ် ကမ္မဋ္ဌာန်းပါဠိသို့ အစဉ်လျှောက်သဖြင့် မနသာသဇ္ဈာယကာရ၌ လက္ခဏာကိုမမှတ်သကဲ့သို့ လက္ခဏာကို ကောင်းစွာမမှတ်ဘဲ ထိုထိုကောဋ္ဌာသတို့ကို သုံးသပ်ကာမျှ ပြု၍ မနသိကာရသွားလေ၍ မတ္ထလုင်္ဂဟူသောအဆုံး ကောဋ္ဌာသကိုထိလျက် တည်၏၊ မတ္ထလုင်္ဂဟု–နှလုံးသွင်းစဉ်လည်း ဆိုအပ်ခဲ့ပြီးသော နည်းအတိုင်း သွားလေ၍ ကေသာ-ဟူသော အစကောဋ္ဌာသတို့ကို ထိ၍တည်၏။

အကြင်အခါ၌လက္ခဏာကိုမှတ်သဖြင့်ကောင်းစွာစုံစမ်း၍ နှလုံးသွင်းခြင်း မနသိကာရကိုပြု၏၊ထိုအခါ၌အချို့သောကောဋ္ဌာသထင်၏၊အချို့သောကောဋ္ဌာသမထင်၊ ထိုသို့မထင်သောအခါ ထိုပုဂ္ဂိုလ်သည် မထင်

သောကောဋ္ဌာသကိုလွှတ်၍ ထင်သောကောဋ္ဌာသတို့၌သာလျှင် နှလုံး သွင်းခြင်းအမှုကို ပြုအပ်၏။

အဘယ်မျှလောက် ကြာမြင့်စွာ နှလုံးသွင်းခြင်းကို ပြုအပ်သနည်း ဟူမူ—မထင်သည်ကို လွှတ်ကာလွှတ်ကာ ထင်သည်ကို မနသိကာရပြု ကာ, ပြုကာ အကြင်မျှလောက်သော ကောဋ္ဌာသနှစ်ခုထင်၏၊ ထိုနှစ်ခု တို့တွင်လည်း တခုသည်လွန်၍ထင်၏၊ ထိုမျှလောက် ကြာမြင့်စွာ နှလုံး သွင်းခြင်းအမှုကိုပြု၍ ထိုထင်သောကောဋ္ဌာသကို အဖန်တလဲလဲ နှလုံး သွင်း၍ အပ္ပနာကိုဖြစ်စေအပ်၏။

---

## ထင်သည်ကိုသာနှလုံးသွင်းရခြင်း

ဤအနုပုဗ္ဗမုဥ္စနာ၌ ထင်သည်ကို နှလုံးသွင်းခြင်း, မထင်သည်ကို လွှတ်ခြင်း စကားနှစ်ရပ်တို့တွင် ထင်သည်ကို နှလုံးသွင်းခြင်း၌ ဥပမာ ကား— သုံးဆဲ့ငါးပင်ရှိသော ထန်းတော၌ နေသောမျောက်ကို ဘမ်း ယူလိုသော မုဆိုးသည် အစထန်းပင်၏အရွက်ကို မြှားဖြင့်ပစ်၍ ကြွေး ကြော်ခြင်းကိုပြု၏၊ ထိုအခါ ထိုမျောက်သည် အစထန်းပင်မှသည် ထို ထိုထန်းပင်၌ကျ၍ အဆုံးထန်းပင်ရောက်အောင် အစဉ်အတိုင်း ခုန်၍ ပြေး၏၊ ထိုအဆုံးထန်းပင်သို့ ရောက်သွား၍ ရှေးနည်းပြုပြန်လျှင်အစဉ် အတိုင်းခုန်၍ အစထန်းပင်၌ တည်ပြန်၏၊ ဤသို့ အဖန်တလဲလဲ လိုက် ကြွေးကြော်သည်ရှိသော် ရှေးကဲ့သို့ အဆုံးတိုင်, အစတိုင် မပြေးမူ၍ ကြွေးကြော်ရာ ကြွေးကြော်ရာ၌သာ ထ၍ တခုသော ထန်းပင်၌ဝပ်၍ ထိုထန်းဖူးကို မြဲစွာကိုင်လျက် အဖန်ဖန်ထိုးပစ်သော်လည်း မထ, မသွား သကဲ့သို့တည်း။

ဤ၌ ဥပမာ ဥပမေယျဟပ်သော်ကား—ထန်းသုံးဆဲ့ငါးပင်နှင့် သုံး ဆဲ့ငါးပါးသော ကောဋ္ဌာသနှင့်တူ၏၊ ထိုတော၌နေသော မျောက်နက် နှင့် သုံးဆဲ့ငါးပါးသော ကောဋ္ဌာသအာရုံ၌ ကာမရတိဖြင့် မွေ့လျော် သောစိတ်နှင့်တူ၏၊ မုဆိုးနှင့် ကာယဂတာသတိ ကမ္မဋ္ဌာန်းကို အားထုတ် သော ယောဂီနှင့် တူ၏၊ ထန်းသုံးဆယ့်ငါးပင်၌မျောက်အမြဲနေသည်နှင့် ယောဂီသည် သုံးဆဲ့ငါးပါးသော ကောဋ္ဌာသရှိသော ကိုယ်၌ အာရုံပြု၍ ကမ္မဋ္ဌာန်း၏ အဖြစ်ဖြင့် အမြဲနှလုံးသွင်းသည်နှင့်တူ၏၊ မုဆိုးသည် အစ

ထန်းပင်၏ အရွယ်ကို မြှားဖြင့်ပစ်၍ ကြေးကြော်လျှင်မျောက်သည် အစ ထန်းပင်မှ ထိုထိုထန်းပင်၌ကျ၍ အဆုံးထန်းပင်ရောက်အောင် အစဉ် အတိုင်း ခုန်၍ ပြေးသည်နှင့် ယောဂီပုဂ္ဂိုလ်သည် ကေသာဟူ၍ နှလုံးသွင်း စဉ် ပါဠိအစဉ်သို့လျှောက်၍ မုတ္တံ ဟူသော အဆုံး ကောဋ္ဌာသ၌ စိတ် တည်သည်နှင့်တူ၏၊ အဆုံးမှအစတိုင် ခုန်ရာ၌လည်း ဤနည်းတူ အဖန် တလဲလဲလိုက်၍ ကြေးကြော်သည် ရှိသော် ရှေးကဲ့သို့ အဆုံး အစတိုင် မပြေးမူ၍ ကြေးကြော်ရာ ကြေးကြော်ရာ၌သာ ထသည်နှင့် လက္ခဏာ ကိုသာ မှတ်သဖြင့် ကောင်းစွာ စုံစမ်း၍ မနသိကာရ ပြုသောအခါ ရှေးကဲ့သို့ အဆုံးကောဋ္ဌာသ, အစကောဋ္ဌာသသို့ မပြေးမူ၍ အချို့ထင်, အချို့မထင်ရှိသည်တွင် မထင်သည်ကိုလွှတ်၍ ထင်သည်ကိုသာ မနသိ ကာရပြုသည်နှင့် တူ၏၊ တခုသောထန်းပင်၌ဝပ်၍ ထိုထန်းဖူးကို မြဲစွာ ကိုင်၍ အဖန်တလဲလဲ ထိုးပစ်သော်လည်း မထ,မသွားသကဲ့သို့ ထင် သော ကောဋ္ဌာသနှစ်ခုတို့တွင် လွန်၍ ထင်သော ကောဋ္ဌာသတခုကို အဖန်တလဲလဲ အာရုံပြု၍ အပ္ပနာကို ဖြစ်စေသည်နှင့်တူ၏၊ ဤကား- ထင်သည်ကို နှလုံးသွင်းခြင်း၌ ဥပမာတည်း။

---

## မထင်သည်ကို လွှတ်ထားရခြင်း

မထင်သည်ကို လွှတ်ခြင်း၌ ဥပမာကား သုံးဆဲ့ငါးအိမ်ရှိသော ရွာ ကိုမှီ၍နေသော ပိဏ္ဍပါတိက ရဟန်းသည် သုံးဆဲ့ငါးအိမ်လုံး အညီ အမျှလှူသော ဆွမ်းဖြင့်မျှတ၏၊ တနေ့သ၌ ပဌမအိမ်က နှစ်အိမ်တွက် ဆွမ်းလှူသည်ဖြစ်၍ တအိမ်ကိုလွှတ်၏၊ တနေ့သ၌ ပဌမအိမ်က သုံးအိမ် တွက်ဆွမ်းလှူသည်ဖြစ်၍ နှစ်အိမ်ကိုလွှတ်၏၊ ဤနည်းဖြင့် တိုး၍လှူသည် ဖြစ်၍ သုံးအိမ်,လေးအိမ်စသည်ဖြင့် လွှတ်ခဲ့၍ အဆုံးစွန်နေ့၌ ပဌမအိမ် ကပင် သပိတ်ပြည့်အောင်ဆွမ်းလှူ၍ နေရာစရပ်သို့သွား၍ သုံးဆောင် သကဲ့သို့တည်း။

ဤ၌ ဥပမာဥပမေယျ ဟပ်သော်ကား သုံးဆဲ့ငါးအိမ်ရှိသောရွာကို မှီ၍နေသော ရဟန်းသည် သုံးဆဲ့ငါးအိမ်လုံး အညီအမျှ လှူသောဆွမ်း ဖြင့် မျှတသည်နှင့် ကေသာ,လောမာ အစရှိသော သုံးဆဲ့ငါးပါးသော ကောဋ္ဌာသကို အာရုံပြု၍ ထိုကောဋ္ဌာသတို့၌ ဝဏ္ဏ သဏ္ဌာန စသည်တို့ကို

အညီအမျှ ရှိသည်နှင့်တူ၏၊ တနေ့သ၌ ပဌမအိမ်က နှစ်အိမ်တွက် ဆွမ်းလှူသည်ဖြစ်၍ တအိမ်ကိုလွှတ်ခဲ့သည်နှင့် ထိုယောဂီ ပုဂ္ဂိုလ်သည် အချို့ထင်၊အချို့မထင်လျှင် မထင်သောကောဋ္ဌာသတခုကိုလွှတ်ခဲ့သည် နှင့်တူ၏။

တနေ့သ၌ ပဌမအိမ်က သုံးအိမ်တွက်ဆွမ်းလှူသည်ဖြစ်၍ နှစ်အိမ် ကိုလွှတ်ခြင်း၊တိုး၍တိုး၍လှူသည်ဖြစ်၍ တိုး၍တိုး၍လွှတ်ခြင်းနှင့် ယောဂီ ပုဂ္ဂိုလ်သည် မနသိကာရပြုဘန်များသဖြင့် အချို့တိုး၍တိုး၍ထင်လျှင် မထင်သမျှလွှတ်ခဲ့၍ ကောဋ္ဌာသတခုကျန်သည်နှင့်တူ၏၊ အဆုံးစွန်နေ့၌ ပဌမအိမ်ကပင် သပိတ်ပြည့်အောင် ဆွမ်းလှူ၍ နေရာစရပ်သို့ သွား၍ သုံးဆောင်သည်နှင့် ယောဂီပုဂ္ဂိုလ်သည် ထင်သောကောဋ္ဌာသတခုကို အဖန်တလဲလဲ နှလုံးသွင်း၍ အပ္ပနာကို ဖြစ်စေသည်နှင့်တူ၏။

ခ္ခတ်ကောဋ္ဌာသစုပေါင်းပြဆိုခဏ်းပြီး၏။

---

# နှလုံးသွင်းနည်းပြဆိုခဏ်း

## နှလုံးသွင်းနည်းပြ သုတ် ၃-ခု

ကမ္မဋ္ဌာန်းစီးဖြန်းသော ယောဂီသည် နှလုံးသွင်းအပ်သော သုတ် ပါဠိတော် သုံးခုဟူသည်ကား—

(၁) အဓိစိတ္တသုတ်၊
(၂) သီတိဘာဝသုတ်၊
(၃) ဗောဇ္ဈင်္ဂကောသလ္လသုတ်တို့တည်း။

ထိုတွင် အဓိစိတ္တသုတ်ကား သမထဝိပဿနာစိတ်ကို ပြတတ်သော သုတ်တည်း၊ သီတိဘာဝသုတ်ကား နိဗ္ဗာန်ကို မျက်မှောက်ပြုခြင်းငှာ ဟောတော်မူသောသုတ်တည်း၊ ဗောဇ္ဈင်္ဂကောသလ္လသုတ်ကား ဗောဇ္ဈင် တို့၌ လိမ်မာသည်၏အဖြစ်ကို ပြတတ်သောသုတ်တည်း၊ ထိုသုတ်တို့ကို ဝီရိယနှင့် သမာဓိမျှစေခြင်းငှာ လျော်လျာမှတ်သား ပိုင်းခြားသိအပ်ကုန် ၏၊ထိုသုတ်တို့တွင် အဓိစိတ္တသုတ်သည် အဘယ်နည်းဟူမူကား—

# ၂) ကာယာနုပဿနာကျမ်း

## အဓိစိတ္တသုတ်တော်

(၁) အဓိစိတ္တ မနုယုတ္တေန ဘိက္ခဝေ ဘိက္ခုနာ တီဏိ နိမိတ္တာနိ ကာလေန ကာလံ မနသိကာတဗ္ဗာနိ၊ ကာလေန ကာလံ သမာဓိနိမိတ္တံ မနသိကာတဗ္ဗံ၊ ကာလေန ကာလံ ပဂ္ဂဟနိမိတ္တံ မနသိကာတဗ္ဗံ၊ ကာလေန ကာလံ ဥပေက္ခာနိမိတ္တံ မနသိ-ကာတဗ္ဗံ။

(၂) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ သမာဓိနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ ကောသဇ္ဇာယ သံဝတ္တေယျ။

(၃) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ ပဂ္ဂဟနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တေယျ။

(၄) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ ဥပေက္ခာနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ န သမ္မာ သမာဓိယေယျ အာသဝါနံ ခယာယ။

(၅) ယတော စ ခေါ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ကာလေနကာလံ သမာဓိနိမိတ္တံ ပဂ္ဂဟနိမိတ္တံ ဥပေက္ခာနိမိတ္တံ မနသိကရောတိ၊ တံ ဟောတိ စိတ္တံ မုဒုဉ္စ ကမ္မညဉ္စ ပဘဿရဉ္စ နစ ပဘင်္ဂု၊ သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။

(၆) သေယျထာပိ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏ-ကာရန္တေဝါသီ ဝါ ဥက္ကံ ဗန္ဓတိ ဥက္ကံ ဗန္ဓိတွာ ဥက္ကာမုခံ အာလိမ္ပေတိ၊ ဥက္ကာမုခံ အာလိမ္ပေတွာ သဏ္ဍာသေန ဇာတရူပံ ဂဟေတွာ ဥက္ကာ မုခေ ပက္ခိပိတွာ ကာလေန ကာလံ အဘိဓမေတိ၊ ကာလေန ကာလံ ဥဒကေန ပရိပ္ဖောသေတိ၊ ကာလေန ကာလံ အဇ္ဈုပေက္ခတိ။

(၇) သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ အဘိဓမေယျ၊ ဌာနံ တံ ဇာတရူပံ ဍဟေယျ။

(၈) သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ ဥဒကေန ပရိပ္ဖေါသေယျ၊ ဌာနံ တံ ဇာတရူပံ နိဗ္ဗာယေယျ။

(၉) သစေ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ဧကန္တံ အဇ္ဈုပေက္ခေယျ၊ ဌာနံ တံ ဇာတရူပံ န သမ္မာပရိပါကံ ဂစ္ဆေယျ။

(၁၀) ယတော စ ခေါ ဘိက္ခဝေ သုဝဏ္ဏကာရော ဝါ သုဝဏ္ဏကာရန္တေဝါသီ ဝါ တံ ဇာတရူပံ ကာလေနကာလံ အဘိဓမတိ၊ ကာလေန ကာလံ ဥဒကေန ပရိပ္ဖေါသေတိ၊ ကာလေန ကာလံ အဇ္ဈုပေက္ခတိ၊ တံ ဟောတိ ဇာတရူပံ မုဒုဉ္စ ကမ္မညဉ္စ ပဘဿရဉ္စ န စ ပဘင်္ဂု၊ သမ္မာ ဥပေတိ ကမ္မာယ၊ ယဿာယဿာစ ပိလန္ဓနဝိကတိယာ အာကင်္ခတိယဒိ ပဋ္ဋိကာယ၊ ယဒိကုဏ္ဍလာယ၊ ယဒိဂီဝေယကေ၊ ယဒိ သုဝဏ္ဏ မာလာယ၊ တဉ္စဿ အတ္ထံ အနုဘောတိ။

(၁၁) ဧဝမေဝ ခေါ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တေန ဘိက္ခုနာ တီဏိ နိမိတ္တာနိ ကာလေနကာလံ မနသိကာတဗ္ဗာနိ၊ ကာလေနကာလံ သမာဓိနိမိတ္တံ မနသိကာတဗ္ဗံ၊ ကာလေန ကာလံ ပဂ္ဂဟနိမိတ္တံ မနသိကာတဗ္ဗံ၊ ကာလေနကာလံ ဥပေက္ခာနိမိတ္တံ မနသိကာတဗ္ဗံ။

(၁၂) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ သမာဓိ နိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံစိတ္တံ ကောသဇ္ဇာယ သံဝတ္တေယျ။

(၁၃) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ ပဂ္ဂဟနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ ဥဒ္ဓစ္စာယ သံဝတ္တေယျ။

(၁၄) သစေ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ဧကန္တံ ဥပေက္ခာနိမိတ္တညေဝ မနသိကရေယျ၊ ဌာနံ တံ စိတ္တံ န သမ္မာ သမာဓိယေယျ အာသဝါနံ ခယာယ။

(၁၅) ယံတော စ ခေါ ဘိက္ခဝေ အဓိစိတ္တ မနုယုတ္တော ဘိက္ခု ကာလေနကာလံ သမာဓိနိမိတ္တံ ပဂ္ဂဟနိမိတ္တံ ဥပေက္ခာ နိမိတ္တံ မနသိကရောတိ၊ တံ ဟောတိ စိတ္တံ မုဒုဉ္စ ကမ္မညဉ္စ ပဘဿရဉ္စ နစ ပဘင်္ဂု၊ သမ္မာ သမာဓိယတိ အာသဝါနံ ခယာယ။

(၁၆) ယဿယဿစ အဘိညာသစ္ဆိကရဏီယဿ ဓမ္မဿ စိတ္တံ အဘိနိန္နာမေတိ၊အဘိညာ သစ္ဆိကရဏီယာယ တတြတတြေ ဝ သက္ခိတဗ္ဗတံ ပါပုဏာတိ၊ သတိသတိ အာယတနေတိ။
ဤသည်လျှင် အဓိစိတ္တသုတ်တည်း။

အနက်ကား—

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တန်၊ အဖန်တလဲလဲ လုံ့လပြုသော။ ဘိက္ခုနာ၊ ရဟန်းသည်။ တီဏိနိမိတ္တာနိ၊ သုံးပါးသောအာရုံတို့ကို။ ကာလေနကာလံ၊ ရံခါရံခါ။ မနသိကာတဗ္ဗာနိ၊ နှလုံးသွင်းအပ်ကုန်၏။ ကာလေနကာလံ၊ ရံခါရံခါ။ သမာဓိနိမိတ္တံ၊ သမာဓိသာလျှင် ဖြစ်သော အာရုံကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ကာလေနကာလံ၊ ရံခါရံခါ။ပဂ္ဂဟနိမိတ္တံ၊ ကမ္မဋ္ဌာန်း အာရုံ၌ လုံ့လထုတ်ခြင်းကို။မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ကာလေန ကာလံ၊ ရံခါရံခါ။ ဥပေက္ခာနိမိတ္တံ၊ လျစ်လျူရှုသော အာရုံကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

(၂) ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထဝိပဿနာ စိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ လုံ့လပြုသော။ ဘိက္ခု၊ ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။ သမာဓိနိမိတ္တညေဝ၊ သမာဓိ အာရုံကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံ စိတ္တံ၊ ထိုဘာဝနာစိတ်သည်။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။သံဝတ္တေယျ၊ ဖြစ်ရာ၏။ဌာနံ၊ ထိုပျင်းရိခြင်းကို ဖြစ်စေခြင်း၏။ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၃) ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထဝိပဿနာ စိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ လုံ့လပြုသော။ဘိက္ခု၊ရဟန်းသည်။ဧကန္တံ၊ စင်စစ်။ ပဂ္ဂဟနိမိတ္တညေဝ၊ ကမ္မဋ္ဌာန်းအာရုံ၌ လုံ့လထုတ်ခြင်းကိုသာ

လျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံစိတ္တံ၊ ထိုဘာဝနာစိတ်သည်။ဥဒ္ဓစ္စာယ၊ပျံ့လွင့်ခြင်းငှာ။သံဝတ္တေယျ၊ဖြစ်ရာ၏။ ဌာနံ၊ ထိုဥဒ္ဓစ္စကို ဖြစ်စေခြင်း၏။ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ရှိ၏။

(၄) ဘိက္ခဝေ၊ ရဟန်းတို့။အဓိစိတ္တံ၊ သမထဝိပဿနာစိတ်ကို။ အနုယုတ္တော၊အဖန်တလဲလဲ လုံ့လပြုသော။ဘိက္ခု၊ ရဟန်းသည်။ ကေဝလံ၊ စင်စစ်။ဥပေက္ခာနိမိတ္တမေဝ၊လျစ်လျူရှုသော အာရုံကိုသာလျှင်။သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံစိတ္တံ၊ ထိုဘာဝနာစိတ်သည်။အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ကုန်ခြင်းငှာ။ သမ္မာ၊ ကောင်းစွာ။ နသမာဓိယေယျ၊ မတည်ကြည်ရာ။ ဌာနံ၊ ထို မတည်ကြည်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၅) ဘိက္ခဝေ၊ရဟန်းတို့။ ယတောစခေါ၊အကြင်အခါ၌။အဓိစိတ္တံ၊ သမထဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ လုံ့လပြုသော။ ဘိက္ခု၊ ရဟန်းသည်။ ကလေနကာလံ၊ ရံခါရံခါ။ သမာဓိနိမိတ္တံ၊ သမာဓိ အာရုံကို။ ပဂ္ဂဟနိမိတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌ လုံ့လထုတ်ခြင်းကို။ ဥပေက္ခာနိမိတ္တံ၊ ဥပေက္ခာအာရုံကို။ မနသိကရောတိ၊ အဖန်တလဲလဲ နှလုံးသွင်း၏။ တံစိတ္တံ၊ ထိုဘာဝနာစိတ်သည်။ မုဒုဉ္စ၊ နူးညံ့သည်ရင်း။ ကမ္မညဉ္စ၊ ဘာဝနာစီးဖြန်းခြင်းအမှု၌ ခံ့သည်ရင်း။ ပဘဿရဉ္စ၊ ဖြူစင်သည်ရင်း။ ဟောတိ၊ ဖြစ်၏။ ပဘင်္ဂုစ၊ ပျက်စီးသော သဘောရှိသည်လည်း။ န ဟောတိ၊ မဖြစ်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည်ကြည်၏။

(၆) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ သုဝဏ္ဏကာရောဝါ၊ ရွှေပန်းထိမ်သည်သည်ရင်း။ သုဝဏ္ဏကာရန္တေဝါသီဝါ၊ ရွှေပန်းထိမ်သည်၏တပည့်သည်ရင်း။ ဥက္ကံ၊ ရွှေကျိုရန်ဖိုကို။ ဗန္ဓတိ၊ ဘွဲ၏။ ဥက္ကံ၊ ဖိုကို။ ဗန္ဓိတွာ၊ ကောင်းစွာဘွဲ၍။ ဥက္ကာမုခံ၊ ဖိုဝကို။ အာလိမ္ပေတိ၊ မီးတိုက်၏။ ဥက္ကာမုခံ၊ ဖိုဝကို။ အာလိမ္ပေတွာ၊ မီးတိုက်၍။ သဏ္ဍာသေန၊ ညှပ်ဖြင့်။ ဇာတရူပံ၊ ရွှေကို။ ဂဟေတွာ၊ယူ၍။ ဥက္ကာမုခေ၊ ဖိုဝ၌။ ပက္ခိပိတွာ၊ ထည့်၍။ ကာလေနကာလံ၊ ရံခါရံခါ။ အဘိဓမေတိ၊ မှုတ်၏။ ကာလေနကာလံ၊ ရံခါရံခါ။ ဥဒကေန၊ ရေဖြင့်။ ပရိပ္ဖေါသေတိ၊ဖျန်း၏။ ကာလေနကာလံ၊ ရံခါရံခါ။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။

(၇) ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရောဝါ၊ ရွှေပန်းထိမ်သည် သည်၎င်း။ သုဝဏ္ဏကာရန္တေဝါသီဝါ၊ ရွှေပန်းထိမ်သည်၏ တပည့်သည် ၎င်း။ တံဇာတရူပံ၊ ထိုရွှေကို။ ကေန္တိ၊စင်စစ်။ သစေအဘိဓမေယျ၊ အကယ်၍မှုတ်ငြားအံ့။ တံဇာတရူပံ၊ ထိုရွှေသည်။ ဒဟေယျ၊ အရည်ဖြစ် အောင်လောင်ရာ၏။ တေဿ၊ ထိုအရည်ဖြစ်အောင် လောင်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၈) ဘိက္ခဝေ၊ရဟန်းတို့။သုဝဏ္ဏကာရောဝါ၊ရွှေပန်းထိမ်သည်သည် ၎င်း။ သုဝဏ္ဏကာရန္တေဝါသီဝါ၊ ရွှေပန်းထိမ်သည်၏ တပည့်သည်၎င်း။ တံဇာတရူပံ၊ ထိုရွှေကို။ ကေန္တိ၊ စင်စစ်။ ဥဒကေန၊ရေဖြင့်။ သစေပရိပ္ပေါ သေယျ၊ အကယ်၍ဖျန်းငြားအံ့။ တံဇာတရူပံ၊ ထိုရွှေသည်။ နိဗ္ဗာယေယျ၊ ငြိမ်းရာ၏။ တေဿ၊ ထိုငြိမ်းခြင်း၏။ ဌာနံ၊အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၉) ဘိက္ခဝေ၊ ရဟန်းတို့။ သုဝဏ္ဏကာရောဝါ၊ ရွှေပန်းထိမ်သည် သည်၎င်း။ သုဝဏ္ဏကာရန္တေဝါသီဝါ၊ ရွှေပန်းထိမ်သည်၏ တပည့်သည် ၎င်း။ တံဇာတရူပံ၊ထိုရွှေကို။ ကေန္တိ၊စင်စစ်။ သစေအဇ္ဈုပေက္ခေယျ၊ အကယ်၍ လျစ်လျူရှုငြားအံ့။ တံဇာတရူပံ၊ ထိုရွှေသည်။ သမ္မာ၊ ကောင်း စွာ။ ပရိပါကံ၊ ကျက်ခြင်းသို့။ နဂစ္ဆေယျ၊ မရောက်ရာ။ တေဿ၊ ထို မကျက်ခြင်း၏။ ဌာနံ၊အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၁၀) ဘိက္ခဝေ၊ရဟန်းတို့။ ယတောစခေါ၊အကြင်အခါ၌။ သုဝဏ္ဏ ကာရောဝါ၊ ရွှေပန်းထိမ်သည်သည်၎င်း။ သုဝဏ္ဏကာရန္တေဝါသီဝါ၊ ရွှေ ပန်းထိမ်သည်၏တပည့်သည်၎င်း။ တံဇာတရူပံ၊ထိုရွှေကို။ ကာလေနကာ လံ၊ရံခါရံခါ။ အဘိဓမတိ၊မှုတ်၏။ ကာလေနကာလံ၊ရံခါရံခါ။ဥဒကေန၊ ရေဖြင့်။ ပရိပ္ပေါသေတိ၊ ဖျန်း၏။ ကာလေနကာလံ၊ ရံခါရံခါ။ အဇ္ဈု ပေက္ခတိ၊ လျစ်လျူရှု၏။တံဇာတရူပံ၊ထိုရွှေသည်။ မုဒုဉ္စ၊နူးညံ့သည်၎င်း။ ကမ္မညဉ္စ၊ လက်ကောက်လက်ကြပ် စသော တန်းဆာလုပ်ခြင်း၌ခံ့သည် ၎င်း။ ပဘဿရဉ္စ၊ပြိုးပြိုးပြက်သောအရောင်ရှိသည်၎င်း။ဟောတိ၊ဖြစ်၏။ ပဘင်္ဂုစ၊ ပျက်သောသဘောရှိသည်လည်း။ နဟောတိ၊ မဖြစ်။ ကမ္မာယ၊ အထူးထူးသောအမှုအလို့ငှါ။ သမ္မာ၊ ကောင်းစွာ။ ဥပေတိ၊ ကပ်၏။ ယဿာယဿာစ ပိဠန္ဓနဝိကတိယာ၊ အကြင် အကြင်တန်းဆာအထူး ဖြင့်။ အာကင်္ခတိ၊ အလိုရှိ၏။ ပဋ္ဋိကာယ၊ သကျိစ်ဖျဉ်းဖြင့်။ ယဒိအာစ

ကခ်တိ၊ အကယ်၍ အလိုရှိအံ့။ ကုဏ္ဍလာယ၊ နားဒောင်းဖြင့်။ ယဒိအာကခ်တိ၊ အကယ်၍အလိုရှိအံ့။ ဂီဝေယကေ၊လည်ရွဲတန်းဆာတို့ကို။ ယဒိအာကခ်တိ၊ အကယ်၍အလိုရှိအံ့။ သုဝဏ္ဏမာလာယ၊ ရွှေပန်းဖြင့်။ ယဒိအာကခ်တိ၊အကယ်၍အလိုရှိအံ့။ အဿ၊ထိုရွှေပန်းထိမ်သည်အား။ တဥ္စအတ္ထံ၊ ထိုတန်းဆာအထူးဟူသောအကျိုးကိုလည်း။ အနုဘောတိ၊ ပြီးစေ၏။

(၁၁) ဘိက္ခဝေ၊ရဟန်းတို့။ ဧဝမေဝ၊ ဤအတူသာလျှင်။အဓိစိတ္တံ၊ သမထဝိပဿနာစိတ်ကို။ အနုယုတ္တေန၊ အဖန်တလဲလဲ လုံ့လပြုသော။ ဘိက္ခုနာ၊ရဟန်းသည်။ တိဏိနိမိတ္တာနိ၊ သုံးပါးသောအာရုံတို့ကို။ ကာလေနကာလံ၊ ရံခါရံခါ။ မနသိကာတဗ္ဗာနိ၊ နှလုံးသွင်းအပ်ကုန်၏။ ကာလေနကာလံ၊ရံခါရံခါ။ သမာဓိနိမိတ္တံ၊ သမာဓိသာလျှင်ဖြစ်သောအာရုံကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ကာလေနကာလံ၊ ရံခါရံခါ။ ပဂ္ဂဟနိမိတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌ လုံ့လထုတ်ခြင်းကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။ ကာလေနကာလံ၊ ရံခါရံခါ။ ဥပေက္ခာနိမိတ္တံ၊ လျစ်လျူရှုအပ်သော အာရုံကို။ မနသိကာတဗ္ဗံ၊ နှလုံးသွင်းအပ်၏။

(၁၂) ဘိက္ခဝေ၊ရဟန်းတို့။ အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲ လုံ့လပြုသော။ ဘိက္ခု၊ ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။သမာဓိနိမိတ္တညေဝ၊ သမာဓိအာရုံကိုသာလျှင်။ သစေ မနသိကရေယျ၊ အကယ်၍ နှလုံးသွင်းငြားအံ့။ တံစိတ္တံ၊ ထိုဘာဝနာစိတ်သည်။ ကောသဇ္ဇာယ၊ ပျင်းရိခြင်းငှာ။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ ဌာနံ၊ထိုပျင်းရိခြင်းကိုဖြစ်စေခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၁၃) ဘိက္ခဝေ၊ ရဟန်းတို့။အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော၊အဖန်တလဲလဲ လုံ့လပြုသော။ဘိက္ခု၊ရဟန်းသည်။ ဧကန္တံ၊ စင်စစ်။ ပဂ္ဂဟနိမိတ္တညေဝ၊ ကမ္မဋ္ဌာန်းအာရုံ၌ လုံ့လထုတ်ခြင်းကိုသာလျှင်။ သစေမနသိကရေယျ၊ အကယ်၍နှလုံးသွင်းငြားအံ့။ တံစိတ္တံ။ ထိုဘာဝနာစိတ်သည်။ ဥဒ္ဓစ္စာယ၊ပျံ့လွင့်ခြင်းငှါ။ သံဝတ္တေယျ၊ ဖြစ်ရာ၏။ တေဿ၊ ထိုပျံ့လွင့်ခြင်းကိုဖြစ်စေခြင်း၏။ဌာနံ၊ အကြောင်းသည်။အတ္ထိ၊ ရှိ၏။

(၁၄) ဘိက္ခဝေ၊ ရဟန်းတို့။ အဓိစိတ္တံ၊ သမထ ဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲလုံ့လပြုသော။ဘိက္ခု၊ ရဟန်းသည်။ကေန္တိ၊ စင်စစ်၊ ဥပေက္ခာနိမိတ္တညေဝ၊လျစ်လျူရှုသောအာရုံကိုသာလျှင်၊ သစေ မနသိကရေယျ၊အကယ်၍နှလုံးသွင်းငြားအံ့။ တံစိတ္တံ၊ ထိုဘာဝနာစိတ် သည်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ နသမာဓိယေယျ၊ မတည်ကြည်ရာ။ တေသံ၊ ထိုမတည်ကြည်ခြင်း၏။ ဌာနံ၊ အကြောင်းသည်။ အတ္ထိ၊ ရှိ၏။

(၁၅) ဘိက္ခဝေ၊ ရဟန်းတို့။ ယတောစခေါ၊ အကြင်အခါ၌။ အဓိစိတ္တံ၊ သမထဝိပဿနာစိတ်ကို။ အနုယုတ္တော၊ အဖန်တလဲလဲလုံ့လ ပြုသော။ဘိက္ခု၊ ရဟန်းသည်။ ကာလေနကာလံ၊ ရံခါရံခါ၊ သမာဓိ နိမိတ္တံ၊ သမာဓိအာရုံကို။ ပဂ္ဂဟနိမိတ္တံ၊ ကမ္မဋ္ဌာန်းအာရုံ၌ လုံ့လထုတ် ခြင်းကို။ ဥပေက္ခာနိမိတ္တံ၊ လျစ်လျူရှုသောအာရုံကို။ မနသိကရောတိ၊ အဖန်တလဲလဲနှလုံးသွင်း၏။ တံစိတ္တံ၊ ထိုဘာဝနာစိတ်သည်။ မုဒုဉ္စ၊ နူးညံ့ သည်ငှင်း။ ကမ္မညဉ္စ၊ ဘာဝနာစီးဖြန်းခြင်းအမှု၌ ခံ့သည်ငှင်း။ ပဘဿ ရဉ္စ၊ ဖြူစင်သည်ငှင်း။ ဟောတိ၊ ဖြစ်၏။ ပဘင်္ဂုစ၊ ပျက်စီးသောသဘော ရှိသည်လည်း။ နဟောတိ၊ မဖြစ်။ အာသဝါနံ၊ အာသဝေါတရားတို့၏။ ခယာယ၊ ကုန်ခြင်းငှါ။ သမ္မာ၊ ကောင်းစွာ။ သမာဓိယတိ၊ တည် ကြည်၏။

(၁၆) အဘိညာသစ္ဆိကရဏီယဿ၊ အဘိညာဉ်ဖြင့် မျက်မှောက် ပြုအပ်သော။ယဿယဿစ ဓမ္မဿ၊ အကြင်အကြင် တရားကို။အဘိညာ သစ္ဆိကရဏီယာယ၊ အဘိညာဉ်ဖြင့်မျက်မှောက်ပြုခြင်းငှါ၊ စိတ္တံ၊စိတ်ကို။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ သတိအာယတနေ၊ သတိတည်းဟူသော အကြောင်းသည်။ သတိ၊ ရှိသော်။ တတြတတြေဝ၊ ထိုထိုအဘိညာဉ် ဖြင့်မျက်မှောက်ပြုအပ်သော ဓမ္မ၌သာလျှင်။ သက္ခိတဗ္ဗတံ၊ သက်သေ ထိုက်သောသူ၏ အဖြစ်သို့။ ပါပုဏာတိ၊ ရောက်၏။

ဤကား—အဓိစိတ္တသုတ်၏ အနက်တည်း။

## သီတိဘာဝသုတ်တော်

သီတိဘာဝသုတ်သည် အဘယ်နည်းဟူမူကား—

(၁) ဆဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော အနုတ္တရံ သီတိဘာဝံ သစ္ဆိကာတုံ၊ ကတမေဟိ ဆဟိ။

(၂) ဣဓ ဘိက္ခဝေ ဘိက္ခု ယသ္မိံ သမယေ စိတ္တံ နိဂ္ဂဟေတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ နိဂ္ဂဏှာတိ၊ ယသ္မိံ သမယေ စိတ္တံ ပဂ္ဂဟေတဗ္ဗံ၊ တသ္မိံ သမယေစိတ္တံ ပဂ္ဂဏှာတိ၊ ယသ္မိံ သမယေ စိတ္တံ သမ္ပဟံသိတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ သမ္ပဟံသေတိ၊ ယသ္မိံ သမယေ စိတ္တံ အဇ္ဈုပေက္ခိတဗ္ဗံ၊ တသ္မိံ သမယေ စိတ္တံ အဇ္ဈုပေက္ခတိ၊ ပဏီတာ ဓိမုတ္တိကောစ ဟောတိ နိဗ္ဗာနာဘိရတော။

(၃) ဣမေဟိ ခေါ ဘိက္ခဝေ ဆဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော အနုတ္တရံ သီတိဘာဝံ သစ္ဆိကာတုန္တိ။

ဤသည်လျှင် သီတိဘာဝသုတ်တည်း။

အနက်ကား—

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ ဆဟိ၊ ခြောက်ပါး အပြားရှိကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ အနုတ္တရံ၊ အတုမရှိ လွန်မြတ်သော။ သီတိ–ဘာဝံ၊ ကိလေသာတည်းဟူသော ပူပန်ခြင်း၏ ငြိမ်းရာဖြစ်သောနိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။ ဆဟိ၊ ခြောက်ပါးသောတရားတို့ဟူသည်။ ကတမေဟိ၊ အဘယ်သည်တို့နည်းဟူမူကား—

(၂) ဘိက္ခဝေ၊ ရဟန်းတို့။ ဣဓ၊ ဤသာသနာတော်၌။ ဘိက္ခု၊ ရဟန်းသည်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂဟေ-တဗ္ဗံ၊ နှိပ်အပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ နိဂ္ဂ-ဏှာတိ၊ နှိပ်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဟေတဗ္ဗံ၊ ချီးမြှောက်အပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ ပဂ္ဂဏှာတိ၊ ချီးမြှောက်၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊

စိတ်ကို။ သမ္ပဟံသိတဗ္ဗံ၊ ရွှင်စေအပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ သမ္ပဟံသေတိ၊ ရွှင်စေ၏။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခိတဗ္ဗံ၊ လျစ်လျူရှုအပ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ စိတ္တံ၊ စိတ်ကို။ အဇ္ဈုပေက္ခတိ၊ လျစ်လျူရှု၏။ ပဏီတာဓိမုတ္တိကောစ၊ မြတ်သောမဂ်ဖိုလ်၌ လွတ်သောစိတ် ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ နိဗ္ဗာနာဘိရတောစ၊ နိဗ္ဗာန်၌မွေ့လျော်သည်လည်း။ ဟောတိ၊ ဖြစ်၏။

(၃) ဘိက္ခဝေ။ ရဟန်းတို့။ဆဟိ၊ ခြောက်ပါးကုန်သော။ ဓမ္မေဟိ၊ ဤတရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဘိက္ခု၊ ရဟန်းသည်။ အနုတ္တရံ၊ အတုမရှိလွန်မြတ်သော။ သီတိဘာဝံ၊ ကိလေသာ တည်းဟူသော ပူပန်ခြင်း၏ငြိမ်းရာဖြစ်သော နိဗ္ဗာန်ကို။ သစ္ဆိကာတုံ၊ မျက်မှောက်ပြုခြင်းငှါ။ ဘဗ္ဗော၊ ထိုက်၏။

ဤကား—သီတိဘာဝသုတ်အနက်။

---

## ဗောဇ္ဈင်္ဂကောသလ္လသုတ်တော်

ဗောဇ္ဈင်္ဂ ကောသလ္လသုတ် ဟူသည့် အဘယ်နည်း ဟူမူကား—

(၁) သေယျထာပိ ဘိက္ခဝေ ပုရိသော ပရိတ္တံ အဂ္ဂိံ ဥဇ္ဇာလေတုကာမော အဿ၊ သော တတ္ထ အလ္လာနိစေဝ တိဏာနိ ပက္ခိပေယျ၊ အလ္လာနိစ ဂေါမယာနိ ပက္ခိပေယျ၊ အလ္လာနိစ ကဋ္ဌာနိ ပက္ခိပေယျ၊ ဥဒကဝါတဉ္စ ဒဒေယျ၊ ပံသုကေနစ ဩကိရေယျ၊ ဘဗ္ဗော နုခေါ သော ဘိက္ခဝေ ပုရိသော ပရိတ္တံ အဂ္ဂိံ ဥဇ္ဇာလေတုန္တိ၊ နောဟေတံ ဘန္တေ။

(၂) ဧဝမေဝ ခေါ ဘိက္ခဝေ ယသ္မိံ သမယေ လီနံ စိတ္တံ ဟောတိ၊ အကာလော တသ္မိံ သမယေ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော သမာဓိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ။ တံ ကိဿဟေတု၊ လီနံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ ဒုသမုဋ္ဌာပယံ ဟောတိ။

(၃) ယသ္မိံ စ ခေါ ဘိက္ခဝေ သမယေ လီနံ စိတ္တံ ဟောတိ၊ ကာလော တသ္မိံ သမယေ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော ပီတိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ။ တံ ကိဿ ဟေတု၊ လီနံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ သုသမုဋ္ဌာပယံ ဟောတိ။

(၄) သေယျထာပိ ဘိက္ခဝေ ပုရိသော ပရိတ္တံ အဂ္ဂိံ ဥဇ္ဇာလေတုကာမော အဿ၊ သော တတ္ထ သုက္ခာနိစေဝ တိဏာနိ ပက္ခိပေယျ၊ သုက္ခာနိစ ဂေါမယာနိ ပက္ခိပေယျ၊ သုက္ခာနိစ ကဋ္ဌာနိ ပက္ခိပေယျ၊ မုခဝါတဉ္စ ဒဒေယျ၊ န ပံသုကေန ဩကိရေယျ၊ ဘဗ္ဗော နု ခေါ သော ဘိက္ခဝေ ပုရိသော ပရိတ္တံ အဂ္ဂိံ ဥဇ္ဇာလေတုန္တိ၊ ဧဝံ ဘန္တေတိ။

(၅) ဧဝမေဝ ခေါ ဘိက္ခဝေ ယသ္မိံ သမယေ လီနံ စိတ္တံ ဟောတိ၊ ကာလော တသ္မိံ သမယေ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော ပီတိ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ။ တံ ကိဿ ဟေတု၊ လီနံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ သုသမုဋ္ဌာပယံ ဟောတိ။

(၆) ယသ္မိံ ဘိက္ခဝေ သမယေ ဥဒ္ဓတံ စိတ္တံ ဟောတိ၊ အကာလော တသ္မိံ သမယေ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော ပီတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ။ တံ ကိဿ ဟေတု၊ ဥဒ္ဓတံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ ဒုဝူပသမယံ ဟောတိ၊

(၇) သေယျထာပိ ဘိက္ခဝေ ပုရိသော မဟန္တံ အဂ္ဂိက္ခန္ဓံ နိဗ္ဗာပေတုကာမော အဿ၊ သော တတ္ထ သုက္ခာနိစေဝ တိဏာနိ ပက္ခိပေယျ၊ သုက္ခာနိစ ဂေါမယာနိ ပက္ခိပေယျ၊ သုက္ခာနိစ ကဋ္ဌာနိ ပက္ခိပေယျ၊ မုခဝါတဉ္စ ဒဒေယျ၊ နစ ပံသုကေန ဩကိရေယျ၊ ဘဗ္ဗော နု ခေါ သော ပုရိသော မဟန္တံ အဂ္ဂိက္ခန္ဓံ နိဗ္ဗာပေတုန္တိ၊ နော ဟေ တံ ဘန္တေ။

(၈) ဧဝမေဝ ခေါ ဘိက္ခဝေ ယသ္မိံ သမယေ ဥဒ္ဓစ္စံ စိတ္တံ ဟောတိ၊ အကာလော တသ္မိံ သမယေ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ အကာလော ပီတိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ တံ ကိဿဟေတု၊ ဥဒ္ဓစ္စံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ ဒုဝူပသမယံ ဟောတိ။

(၉) ယသ္မိံ စ ခေါ ဘိက္ခဝေ သမယေ ဥဒ္ဓစ္စံ စိတ္တံ ဟောတိ၊ ကာလော တသ္မိံ သမယေ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော သမာဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ တံ ကိဿဟေတု၊ ဥဒ္ဓစ္စံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ သုဝူပသမယံ ဟောတိ။

(၁၀) သေယျထာပိ ဘိက္ခဝေ ပုရိသော မဟန္တံ အဂ္ဂိက္ခန္ဓံ နိဗ္ဗာပေတုကာမော အဿ၊ သော တတ္ထ အလ္လာနိစေဝ တိဏာနိ ပက္ခိပေယျ၊ အလ္လာနိစ ဂေါမယာနိ ပက္ခိပေယျ၊ အလ္လာနိစ ကဋ္ဌာနိ ပက္ခိပေယျ၊ ဥဒကဝါတဉ္စ ဒဒေယျ၊ ပံသု-ကေနစ ဩကိရေယျ၊ ဘဗ္ဗော နု ခေါ သော ပုရိသော မဟန္တံ အဂ္ဂိက္ခန္ဓံ နိဗ္ဗာပေတုန္တိ၊ ဧဝံ ဘန္တေတိ။

(၁၁) ဧဝမေဝ ခေါ ဘိက္ခဝေ ယသ္မိံ သမယေ ဥဒ္ဓစ္စံ စိတ္တံ ဟောတိ။ ကာလော တသ္မိံ သမယေ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ ကာလော သမာဓိသမ္ဗောဂ်ဇ္ဈဿ ဘာဝနာယ၊ ကာလော ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ ဘာဝနာယ၊ တံ ကိဿဟေတု၊ ဥဒ္ဓစ္စံ ဘိက္ခဝေ စိတ္တံ၊ တံ ဧတေဟိ ဓမ္မေဟိ သုဝူပသမယံ ဟောတိ၊ သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံ ဝဒါမီတိ။

ဝိသုဒ္ဓိမဂ်၌ စကားဆက်ဝေး၍ နောက်ကို မဟာဝဂ္ဂသံယုတ်လာတိုင်း သုတ်ကုန်ရေးလိုက်သည်၊ ရှေက တချပ်ခန့်ကျန်သေး၏။

ဤကား ဗောဇ္ဈင်္ဂကောသလ္လသုတ်တည်း။

အနက်ကား-

(၁) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောက်ျားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ ဥဇ္ဇာလေတုကာမော၊ တောက်စေလိုသည်။ အသ၊ ဖြစ်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတ္ထ၊ ထိုအနည်းငယ်သောမီး၌။ အလ္လာနိ၊ စိုကုန်သော။ တိဏာနိစေဝ၊ မြက်တို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ၊ စိုကုန်သော။ ဂေါမယာနိစ၊ နွားချေးတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ၊ စိုကုန်သော။ ကဋ္ဌာနိစ၊ ထင်းတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ ဥဒကဝါတဉ္စ၊ ရေနှင့်ရောသောလေကိုမူလည်း။ ဒဒေယျ၊ ဆောင်ရာ၏။ ပံသုကေနစ၊ မြေမှုန့်ဖြင့်မူလည်း။ ဩကိရေယျ၊ လောင်းရာ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ သောပုရိသော၊ ထိုယောကျ်ားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ ဥဇ္ဇာလေတုံ၊ တောက်စိမ့်သောငှာ။ ဘဗ္ဗောနုခေါ၊ ထိုက်မည်လော။ ဧတံ၊ ဤသို့။ အာမန္တေသိ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧတံ၊ ဤသို့ ပြုခြင်းသည်။ နောဟိယုတ္တံ၊ မသင့်သည်သာလျှင်တည်း။

(၂) ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ အခါမဟုတ်။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ အခါမဟုတ်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂ-ဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ အကာလော၊ အခါမဟုတ်။ တံ၊ ထိုအခါမဟုတ်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်၏။ တံ၊ ထိုတွန့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ ဒုသမုဋ္ဌာပယံ၊ မတွန့်အောင် ဖြစ်စေနိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။

(၃) ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံ စ ခေါ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊

ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါမည်၏။ ဝီရိယသမ္ဗော-ဇ္ဈင်္ဂသည်၊ဝီရိယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါမည်၏။ ပီတိသမ္ဗောဇ္ဈင်္ဂသည်၊ပီတိသမ္ဗောဇ္ဈင်ကို။ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါမည်၏။ တံ၊ ထိုသင့်သောအခါမည်သည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။လီနံ၊တွန့်၏။ တံ၊ ထိုတွန့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ သုသမုဋ္ဌာပယံ၊ မတွန့်အောင် ဖြစ်စေလွယ်သည်။ ဟောတိ၊ ဖြစ်၏။

(၄) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ယောကျ်ားသည်။ ပရိတ္တံ၊ အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ ဥဇ္ဇလေတုကာမော၊ တောက်စေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သောပုရိသော၊ထိုယောကျ်ားသည်။ တတ္ထ၊ထိုအနည်းငယ်သော မီး၌။ သုက္ခာနိ၊ ခြောက်ကုန်သော။ တိဏာနိစေဝ၊ မြက်တို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ၊ ခြောက်ကုန်သော။ဂေါမယာနိစ၊ နွားချေးတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ၊ ခြောက်ကုန်သော။ ကဋ္ဌာနိစ၊ ထင်းတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ မုခဝါတဉ္စ၊ ခံတွင်းလေကိုမူလည်း။ ဒဒေယျ၊ ဆောင်ရာ၏။ ပံသုကေန၊ မြေမှုန့်ဖြင့်။ နဩကိရေယျ၊ မလောင်းရာ။ ဘိက္ခဝေ၊ ရဟန်းတို့။ သောပုရိသော၊ ထိုယောကျ်ားသည်။ ပရိတ္တံ၊အနည်းငယ်သော။ အဂ္ဂိံ၊ မီးကို။ ဥဇ္ဇာလေတုံ၊ တောက်စိမ့်သောငှာ။ ဘဗ္ဗောနုခေါ၊ ထိုက်မည်လော။ ဧဝံ၊ ဤသို့။အာမန္တေသိ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ ဧဝံ၊ ဩဝ် ထိုက်ပါ၏။ဧဝံ၊ဤသို့။ အဝေါစုံ၊ လျှောက်ကုန်၏။

(၅) ဘိက္ခဝေ၊တို့။ဧဝမေဝခေါ၊ ဤအတူပင်လျှင်။ ယသ္မိံသမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်သည်။ဟောတိ၊ ဖြစ်၏။ တသ္မိံသမယေ၊ ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂသည်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ကာလော၊ သင့်သောအခါမည်၏။ ဝီရိယသမ္ဗောဇ္ဈင်္ဂသည်၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ကာလော၊ သင့်သောအခါမည်၏။ပီတိသမ္ဗောဇ္ဈင်္ဂသည်၊

ပီတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ကာလော၊ သင့်သောအခါမည်၏။ တံ၊ ထိုသင့်သောအခါမည်သည်။ကိဿဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ လီနံ၊ တွန့်၏။ တံ၊ထိုတွန့်သော စိတ်သည်။ ဧတေဟိဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ သုသမုဋ္ဌာပယံ၊ မတွန့်အောင်ဖြစ်စေလွယ်သည်။ ဟောတိ၊ ဖြစ်၏။

(၆) ဘိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံသမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံသမယေ၊ ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊ အခါမဟုတ်။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊ အခါမဟုတ်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှါ။ အကာလော၊ အခါမဟုတ်။ တံ၊ ထိုအခါမဟုတ်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူကား။ ဘိက္ခဝေ၊ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်၏။ တံ စိတ္တံ၊ ထိုပျံ့လွင့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ ဒုဝူပသမယံ၊ မပျံ့လွင့်အောင် ငြိမ်းစေနိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။

(၇) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျ်ားသည်။ မဟန္တံ၊ ကြီးစွာသော။ အဂ္ဂိက္ခန္ဓံ၊ မီးပုံကြီးကို။ နိဗ္ဗာပေတုကာမော၊ ငြိမ်းစေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ တတ္ထ၊ ထိုမီးပုံကြီး၌။ သုက္ခာနိ၊ ခြောက်ကုန်သော။ တိဏာနိစေဝ၊ မြက်တို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ၊ သွေ့ကုန်သော။ ဂေါမယာနိစ၊ နွားချေးတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ သုက္ခာနိ၊ ခြောက်ကုန်သော။ ကဋ္ဌာနိစ၊ ထင်းတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ မုခဝါတဉ္စ၊ ခံတွင်းလေကိုမူလည်း။ ဒဒေယျ၊ ဆောင်ရာ၏။ ပံသုကေနစ၊ မြေမှုန့်ဖြင့်လည်း။ နဩကိရေယျ၊ မပက်ရာ။ သောပုရိသော၊ ထိုယောကျ်ားသည်။ မဟန္တံ၊ ကြီးစွာသော။ အဂ္ဂိက္ခန္ဓံ၊ မီးပုံကြီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှါ။ ဘဗ္ဗောနုခေါ၊ ထိုက်မည်လော။ ဣတိ၊ ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်

ဘုရား။ တော်၊ ထိုသို့ပွါးစေခြင်းသည်။ နောဟိယုတ္တံ၊ မသင့်သည်သာ လျှင်တည်း။

(၈) ဘိက္ခဝေ၊ ရဟန်းတို့။ ဝေမေဝခေါ၊ ဤအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်သည်။ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ အကာလော၊ အခါ မဟုတ်။ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ၊ ဝီရိယသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါး စေခြင်းငှါ။ အကာလော၊ အခါမဟုတ်။ ပီတိသမ္ဗောဇ္ဈင်္ဂဿ၊ ပီတိ သမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ အကာလော၊အခါမဟုတ်။ တံ၊ ထိုအခါမဟုတ်ခြင်းသည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူ ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်၏။ တံ စိတ္တံ၊ ထိုပျံ့လွင့်သော စိတ်သည်။ ဧတေဟိဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ ဒုဝူပသမယံ၊ မပျံ့လွင့်အောင် ငြိမ်းစေနိုင်ခဲသည်။ ဟောတိ၊ ဖြစ်၏။

(၉) သိက္ခဝေ၊ ရဟန်းတို့။ ယသ္မိံစခေါသမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်သည်။ ဟောတိ၊ ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ကာလော၊ သင့်သောအခါမည်၏။ သမာဓိသမ္ဗော-ဇ္ဈင်္ဂဿ၊ သမာဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ကာလော၊ သင့်သောအခါမည်၏။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွါးစေခြင်းငှါ။ ကာလော၊ သင့်သောအခါမည်၏။ တံ၊ ထိုသင့်သောအခါမည်သည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်းဟူမူ ကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓတံ၊ ပျံ့လွင့်၏။ တံ စိတ္တံ၊ ထိုပျံ့လွင့်သောစိတ်သည်။ ဧတေဟိဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ သုဝူပသမယံ၊ မပျံ့လွင့်အောင် ငြိမ်းစေနိုင်လွယ် သည်။ ဟောတိ၊ ဖြစ်၏။

(၁၀) ဘိက္ခဝေ၊ ရဟန်းတို့။ သေယျထာပိ၊ ဥပမာမည်သည်ကား။ ပုရိသော၊ ယောကျာ်းသည်။ မဟန္တံ၊ ကြီးစွာသော။ အဂ္ဂိက္ခန္ဓံ၊ မီးပုံကြီး ကို။ နိဗ္ဗာပေတုကာမော၊ ငြိမ်းစေလိုသည်။ အဿ၊ ဖြစ်ရာ၏။ သောပုရိ

သော၊ထိုယောကျ်ားသည်။ တတ္ထ၊ ထိုမီးပုံကြီး၌။ အလ္လာနိ၊စိုကုန်သော။ တိဏာနိစေဝ၊ မြက်တို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ၊ စိုကုန်သော။ ဂေါမယာနိစ၊ နွားချေးတို့ကိုမူလည်း။ ပက္ခိပေယျ၊ ထည့်ရာ၏။ အလ္လာနိ၊ စိုကုန်သော။ကဋ္ဌာနိစ၊ ထင်းတို့ကိုမူလည်း။ပက္ခိပေယျ၊ ထည့်ရာ၏။ ဥဒကဝါတဉ္စ၊ ရေနှင့်ရောသော လေကိုမူလည်း။ ဒဒေယျ၊ ဆောင်ရာ၏။ ပံသုကေနစ၊မြေမှုန့်ဖြင့်မူလည်း။ ဩကိရေယျ၊ပက်ရာ၏။ သောပုရိသော၊ ထိုယောကျ်ားသည်။ မဟန္တံ၊ ကြီးစွာသော။ အဂ္ဂိက္ခန္ဓံ၊ မီးပုံကြီးကို။ နိဗ္ဗာပေတုံ၊ ငြိမ်းစေခြင်းငှာ။ ဘဗ္ဗောနုခေါ၊ ထိုက်မည်လော။ဣတိ၊ဤသို့။ အဝေါစ၊ မိန့်တော်မူ၏။ ဘန္တေ၊ အရှင်ဘုရား။ဧဝံ၊ ဪထိုက်ပါ၏။ ဣတိ၊ ဤသို့။အဝေါစုံ၊ လျှောက်ကြကုန်၏။

(၁၁) ဘိက္ခဝေ၊ရဟန်းတို့။ ဧဝမေဝ ခေါ၊ ဤအတူသာလျှင်။ ယသ္မိံ သမယေ၊ အကြင်အခါ၌။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓဋံ၊ ပျံ့လွင့်သည်။ ဟောတိ၊ဖြစ်၏။ တသ္မိံ သမယေ၊ ထိုအခါ၌။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂဿ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါမည်၏။ သမာဓိသမ္ဗောဇ္ဈင်္ဂဿ၊ သမာဓိ သမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါ မည်၏။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂဿ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ဘာဝနာယ၊ ပွားစေခြင်းငှာ။ ကာလော၊ သင့်သောအခါမည်၏။ တံ၊ ထိုသင့်သောအခါမည်သည်။ ကိဿဟေတု၊ အဘယ့်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ စိတ္တံ၊ စိတ်သည်။ ဥဒ္ဓဋံ၊ ပျံ့လွင့်၏။ တံ စိတ္တံ၊ ထိုပျံ့လွင့်သောစိတ်သည်။ ဧတေဟိ ဓမ္မေဟိ၊ ဤသုံးပါးသော ဗောဇ္ဈင်တရားတို့ဖြင့်။ သုဝူပသမယံ၊ မပျံ့လွင့်အောင် ကောင်းစွာ ငြိမ်းစေနိုင်လွယ်သည်။ ဟောတိ၊ ဖြစ်၏။ဘိက္ခဝေ၊ ရဟန်းတို့။ အဟံ၊ ငါဘုရားသည်။ ခေါ၊ စင်စစ်။ သတိဉ္စ၊ သတိသမ္ဗောဇ္ဈင်တခုကိုသာလျှင်။ သဗ္ဗတ္ထိကံ၊ ခပ်သိမ်းသော တွန့်သောအခါ ပျံ့လွင့်သောအခါတို့၌ အလိုရှိအပ်သော တရားဟူ၍။ ဝဒါမိ၊ ဟောတော်မူ၏။

ဗောဇ္ဈင်္ဂကောသလ္လသုတ်အနက်တည်း။

## အစိပ္ပါယ်အကျဉ်းချုပ်

ဤ ဗောဇ္ဈင်္ဂကောသလ္လသုတ်၌ အဓိပ္ပါယ် အကျဉ်းကား—သမထ ဝိပဿနာကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား စိတ်တွန့်သောအခါ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင်သုံးပါးကို မပွားစေသင့်၊ ဓမ္မ ဝိစယ, ဝီရိယ, ပီတိ သမ္ဗောဇ္ဈင်သုံးပါးကိုသာ ပွားစေသင့်သည်။ စိတ်ပျံ့လွင့်သောအခါ ဓမ္မဝိစယ, ဝီရိယ, ပီတိ သမ္ဗောဇ္ဈင်သုံးပါးကို မပွားစေသင့်၊ ပဿဒ္ဓိ, သမာဓိ, ဥပေက္ခာ သမ္ဗောဇ္ဈင် သုံးပါးကိုသာ ပွားစေသင့်သည်၊အဘယ့်ကြောင့်နည်း ဟူမူကား ထိုအခါ ဖြစ်သော စိတ်ကို ငြိမ်းစေတတ်သောကြောင့်တည်း၊ သတိ သမ္ဗောဇ္ဈင်ကိုကား ပျင်းရိခြင်း၏ အဘို့ဖြစ်သော သမာဓိ—ဆိုအပ်သော လီနမှုရင်း, သဒ္ဓါ ဝီရိယ ပညာတို့၏ ပျံ့လွင့်ခြင်းတည်းဟူသော ဥဒ္ဓစ္စမှုရင်း စောင့်ရှောက် တတ်၏၊အဘယ်ကဲ့သို့နည်းဟူမူ ခပ်သိမ်းသော ဟင်းလျာတို့၌ ဆားကဲ့သို့ ရင်း, ခပ်သိမ်းသော မင်းမှုတို့၌ အမှုဆောင် အမတ်တို့ကဲ့သို့ရင်း တည်း၊ ထို့ကြောင့် အလုံးစုံတို့၌ အားကြီးသင့်၏၊စိတ်သည် သတိသာ လျှင် ကိုးကွယ်ရာရှိ၏၊ စောင့်ရှောက်ခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏၊ ထို့ကြောင့် သတိဉ္စ ခွါဟံ ဘိက္ခဝေ သဗ္ဗတ္ထိကံဝဒါမိ ဟု ဟော တော်မူသည် ဟူလို။

---

### ဓမ္မဝိစယသမ္ဗောဇ္ဈင် ပွားကြောင်း ၇-ပါး ၈-ပါး

အဋ္ဌကထာဟိုဟွင် ဆိုသော ဓမ္မဝိစယသမ္ဗောဇ္ဈင်ဟူသော ပညာ ပွားကြောင်း ခုနစ်ပါးဟူသော်ကား—

(၁) ခန္ဓာ, အာယတန, ဓာတ်နှင့်စပ်သော တရားကို မေးမြန်း ခြင်းတပါး။

(၂) အတွင်းအပ ဝတ္ထု သန့်ရှင်းစင်ကြယ်ခြင်းတပါး။

(၃) သဒ္ဓိန္ဒြေအစရှိသော ဣန္ဒြေငါးပါးတူမျှသော ကိစ္စရှိခြင်း တပါး။

(၄) ပညာမရှိသောသူကို ကြဉ်ရှောင်ခြင်းတပါး။

(၅) ပညာရှိသူကို မှီဝဲခြင်းတပါး။

(၆) နက်နဲသော ပညာရှိသူတို့ သိအပ်သော ခန္ဓာအစရှိသော တရား, သူညတနှင့်စပ်သော သုတ္တန်တို့ကို ဆင်ခြင်ခြင်း တပါး။

(၇) ပညာရှိသို့ စိတ်ညွတ်ခြင်းတပါး။

ဤခုနစ်ပါးသော အကြောင်းတို့သည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားမည်ကုန်၏၊ မိလိန္ဒပဥှာ၌ကား—

(၁) ဝယေန ယသပုစ္ဆာဟိ၊ တိတ္ထဝါသေဟိ ယောနိသော။
သာကစ္ဆာ သီလကသံသေဝါ၊ ပတိရူပ ဝသေနစ။ ။

(၂) တောနိ အဋ္ဌဌာနာနိ၊ ဗုဒ္ဓိဝိသဒကာရဏာ။
ယေသံ တောနိ သမ္ဘောန္တိ၊ တေသံ ဗုဒ္ဓိ ပဘိဇ္ဇတိ။ ။

ဟူ၍ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဟူသော ဉာဏ်ပညာသန့်ရှင်း ပွားများကြောင်း ရှစ်ပါးဟု—ဆို၏။

(၁) ဝယေန၊ ပညာဒသက အရွယ်သို့ရောက်သဖြင့်၎င်း။

(၂-၃) ယသပုစ္ဆာဟိ၊ စည်းစိမ် အခြံအရံများခြင်း, အဘွင့်အပြ အဋ္ဌကထာတို့ကို မေးမြန်းကြည့်ရှုခြင်းတို့ဖြင့်၎င်း။

(၄) တိတ္ထဝါသေဟိ၊ ဆရာ့ထံကပ်၍ နေခြင်းတို့ဖြင့်၎င်း။

(၅) ယောနိသော၊ အသင့်အတင့် နှလုံးသွင်းခြင်းဖြင့်၎င်း။

(၆) သာကစ္ဆာ၊ ညှိနှိုင်းပြောဆိုခြင်းဖြင့်၎င်း။

(၇) သီလကသံသေဝါ၊ ပညာရှိကို မှီဝဲ ဆည်းကပ်ခြင်းဖြင့်၎င်း။

(၈) ပတိရူပဝသေနစ၊ သင့်တင့် လျောက်ပတ်သောအရပ်၌ နေသည်၏အစွမ်းဖြင့်၎င်း။

ဗုဒ္ဓိ၊ ဉာဏ်ပညာသည်။ ပရိဏမတိ၊ ရင့်၏,ကြီး၏။ ပရိပါကံ၊ ရင့်ခြင်း, မှည့်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ တောနိအဋ္ဌဌာနာနိ၊ ဤရှစ်ပါးသော အကြောင်းတို့သည်။ ဗုဒ္ဓိဝိသဒကာရဏာ၊ ဉာဏ်ပညာသန့်ရှင်းကြောင်း တို့တည်း။ ယေသံ၊ အကြင်သူတို့အား။ တောနိ၊ ဤအကြောင်းရှစ်ပါး တို့သည်။ သမ္ဘောန္တိ၊ ရှိသည်ဖြစ်ကုန်၏။ တေသံ၊ ထိုသူတို့၏။ ဗုဒ္ဓိ၊ ဉာဏ် ပညာသည်။ ပဘိဇ္ဇတိ၊ စိတ်စိတ်ဖြာဖြာများစွာသိ၏။

## ဝီရိယသမ္ဗောဇ္ဈင်ပွားကြောင်း ၁၁-ပါး

(၁) အပါယ်ဘေး အစရှိသည်တို့ကို ဆင်ခြင်ခြင်းတပါး။
(၂) ဝီရိယနှင့်စပ်သော လောကီ လောကုတ္တရာ အထူးကိုရခြင်း၌ အကျိုးကိုမြင်ခြင်းတပါး။
(၃) ဘုရား,ပစ္စေကဗုဒ္ဓါ, သာဝကတို့ သွားလမ်းကို ငါကျင့်၏၊ ထိုလမ်းကို ပျင်းရိသောငါသည် သွားခြင်းငှါ မတတ်နိုင်ရာဟု-သွားလမ်းကို ဆင်ခြင်ခြင်းတပါး။
(၄) ပစ္စည်းဒါယကာတို့အား အကျိုးကြီးအောင် ပြုသဖြင့် ဆွမ်းဘုဉ်းပေးခြင်းတပါး။
(၅) ဆရာဘုရားသည် ဝီရိယ၏ကျေးဇူးကို ဆိုလေ့ရှိ၏၊ ထိုဆရာဘုရား အဆုံးအမတော်လည်း မလွန်သေး၊ ငါတို့အားလည်း ကျေးဇူးများလှ၏၊ ပဋိပတ်ဖြင့် ပူဇော်ခြင်းသာမြတ်သော ပူဇော်ခြင်းမည်၏ဟု—ဆရာဘုရား၏ မြတ်သော အဖြစ်ကို ဆင်ခြင်ခြင်းတပါး။
(၆) သူတော်ကောင်း တရားဟုဆိုအပ်သော မြတ်သော အမွေကို ငါခံ၏၊ ထိုတရားအမွေကို ပျင်းရိသောငါသည် မခံရရာဟု—အမွေပြတ်သည်ကို ဆင်ခြင်ခြင်းတပါး။
(၇) အလင်းကို နှလုံးသွင်းခြင်း, ဣရိယာပုထ် ဖြောင့်ခြင်း, ဟင်းလင်းအပြင်၌နေခြင်း စသည်တို့ဖြင့် ထိနမိဒ္ဓကို ဖျောက်ခြင်းတပါး။
(၈) ဘာဝနာ၏ အမည်ကိုမျှ မသိ၊ ကိုယ်ကိုသာ အသားပွါးအောင် မွေးလေ့ရှိသော လူပျင်း, ရဟန်းပျင်းကို ကြဉ်ခြင်းတပါး။
(၉) အားထုတ်သောလုံ့လ ရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းတပါး။
(၁၀) သမ္မပ္ပဓာန်လေးပါးကို ဆင်ခြင်ခြင်းတပါး။
(၁၁) ထိုဝီရိယသို့ ညွတ်သောစိတ် ရှိခြင်းတပါး။

ဤတဆဲ့တပါးသော တရားတို့သည် ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့ မည်ကုန်၏၊

### ပီတိသမ္ဗောဇ္ဈင်ပွားကြောင်း ၁၁-ပါး

(၁-၇) ဗုဒ္ဓ,ဓမ္မ,သံဃ,သီလ,စာဂ,ဒေဝတာ,ဥပသမာ၊ ဤခုနစ်ပါးကို အောက်မေ့ခြင်း ခုနစ်ပါး။

(၈) ရတနာသုံးပါး၌ မကြည်ညိုသော သူကို ကြဉ်ရှောင်ခြင်း တပါး။

(၉) ရတနာသုံးပါး၌ ကြည်ညိုသောသူကို မှီဝဲခြင်းတပါး။

(၁၀) ကြည်ညိုဘွယ်သော သုတ္တန်ကို ဆင်ခြင်ခြင်းတပါး။

(၁၁) ပီတိသို့ ညွတ်သော စိတ်ရှိခြင်းတပါး။

ဤတဆဲ့တပါးသော တရားတို့သည် ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားမည်ကုန်၏။ ။ဤသို့ ဆိုခဲ့ပြီးသည့် အတိုင်း ဖြစ်စေခြင်းသည် ဓမ္မဝိစယ, ဝီရိယ, ပီတိ သမ္ဗောဇ္ဈင်သုံးပါးကို ပွားစေသည်မည်၏။ ဤကား—စိတ်ကိုချီးမြှောက်ခြင်းတည်း။

---

### ပဿဒ္ဓိသမ္ဗောဇ္ဈင်ပွါးကြောင်း ၇-ပါး

(၁) လျောက်ပတ်သော မွန်မြတ်သောဘောဇဉ်၌ အတိုင်းအရှည် ကိုသိ၍ မှီဝဲခြင်းတပါး။

(၂) လျောက်ပတ်သော ဥတုကို မှီဝဲခြင်းတပါး။

(၃) လျောက်ပတ်သော ဣရိယာပုထ်ကို မှီဝဲခြင်းတပါး။

(၄) လျစ်လျူရှုသော ကာယိကပယောဂကို ဖြစ်စေခြင်းတပါး။

(၅) ကိုယ်စိတ်ပူပန်သော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်းတပါး။

(၆) ကိုယ်စိတ်ငြိမ်းသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းတပါး။

(၇) ပဿဒ္ဓိသမ္ဗောဇ္ဈင်သို့ ညွတ်သောစိတ် ရှိခြင်းတပါး။

ဤခုနစ်ပါးသောတရားတို့သည် ပဿဒ္ဓိသမ္ဗောဇ္ဈင် ပွါးကြောင်း တရားတို့မည်ကုန်၏။

---

### သမာဓိသမ္ဗောဇ္ဈင်ပွါးကြောင်း ၁၁-ပါး

(၁) အတွင်းအပ ဝတ္ထုသန့်ရှင်းခြင်းတပါး။

(၂) အာရုံ၌ လိမ္မာခြင်းတပါး။

(၃) သဒ္ဓိန္ဒြေစသော ဣန္ဒြေငါးပါးကို မျှစေခြင်းတပါး။

(၄) ရံခါရံခါ စိတ်ကိုနှိပ်ခြင်းတပါး။

(၅) ရံခါရံခါ စိတ်ကို ချီးမြှောက်ခြင်းတပါး။
(၆) ရံခါရံခါ စိတ်ကို ရွှင်စေခြင်းတပါး။
(၇) ရံခါရံခါ စိတ်ကို လျစ်လျူရှုခြင်းတပါး။
(၈) တည်ကြည်ခြင်းမရှိသော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်းတပါး။
(၉) တည်ကြည်သော သမာဓိရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်းတပါး။
(၁၀) ဈာန်ဝိမောက္ခတို့ကို ဆင်ခြင်ခြင်းတပါး။
(၁၁) ထိုသမာဓိသို့ ညွတ်သောစိတ် ရှိခြင်းတပါး။

ဤတဆဲ့တပါးသော တရားတို့သည် သမာဓိသမ္ဗောဇ္ဈင်ပွါးကြောင်း တရားတို့ မည်ကုန်၏။

---

## ဥပေက္ခာသမ္ဗောဇ္ဈင်ပွါးကြောင်း ၅-ပါး

(၁) ချစ်အပ်သော သတ္တဝါတို့ကို လျစ်လျူရှုခြင်းတပါး။
(၂) အဇ္ဈတ္တ ဗာဟိရဖြစ်သော အာယတနဟူသောသင်္ခါရ,သပိတ် သင်္ကန်းစသော သင်္ခါရတို့၌ လျစ်လျူရှုခြင်းတပါး။
(၃) ထိုသတ္တဝါသင်္ခါရတို့၌ မရက်မစက်မြတ်နိုးတတ်သော ပုဂ္ဂိုလ်ကို ကြဉ်ရှောင်ခြင်းတပါး။
(၄) ထိုသတ္တဝါသင်္ခါရတို့၌ လျစ်လျူရှုတတ်သော ပုဂ္ဂိုလ်ကို မှီဝဲခြင်း တပါး။
(၅) ထိုဥပေက္ခာသမ္ဗောဇ္ဈင်သို့ ညွတ်သောစိတ်ရှိခြင်းတပါး။

ဤငါးပါးသော တရားတို့သည် ဥပေက္ခာသမ္ဗောဇ္ဈင်ပွါးကြောင်း တရားတို့မည်ကုန်၏။ ။ဤသို့စိတ်ငြိမ်းခြင်းစသော တရားတို့ကို ဖြစ်စေသောသူသည် ပဿဒ္ဓိ,သမာဓိ,ဥပေက္ခာ သမ္ဗောဇ္ဈင်သုံးပါးတို့ကို ပွါးစေသည်မည်၏။ ။ဤကား-စိတ်ကိုနှိပ်ခြင်း‌တည်း။

---

## သံဝေဂဝတ္ထု ၁၀-ပါး

ထိုယောဂီပုဂ္ဂိုလ်အား အကြင်အခါ ပညာ၏ဗျာပါရ နည်းသည်၏ အဖြစ်ကြောင့်၎င်း, နိဗ္ဗာန်ချမ်းသာကို မရသည်၏ အဖြစ်ကြောင့်၎င်း ဘာဝနာ၌ မွေ့လျော်ခြင်းကင်းသော စိတ်ဖြစ်အံ့၊ ထိုအခါ—

(၁) ပဋိသန္ဓေနေခြင်းတပါး။
(၂) အိုခြင်းတပါး။
(၃) နာခြင်းတပါး။
(၄) သေခြင်းတပါး။
(၅) အပါယ်လေးဘုံ၌ဖြစ်သော ဆင်းရဲခြင်းတပါး။
(၆) လွန်ပြီးသောကာလ ဝဋ္ဋ၌ကျင်လည်ခြင်း ဆင်းရဲခြင်းတပါး။
(၇) လာလတံ့သော ကာလ ဝဋ္ဋ၌ကျင်လည်ခြင်း ဆင်းရဲခြင်း တပါး။
(၈) ပစ္စုပ္ပန်၌ အာဟာရကို ရှာမှီးခြင်း အကြောင်းရှိသော ဆင်းရဲခြင်းတပါး။

ဤရှစ်ပါးသော သံဝေဂဝတ္ထုတို့ကို ဆင်ခြင်သဖြင့် ထိတ်လန့်စေရာ၏၊ ဘုရား, တရား, သံဃာတို့၏ ဂုဏ်ကိုအောက်မေ့သဖြင့် ကြည်လင်ခြင်းကို ဖြစ်စေရာ၏။ ။ဤကား စိတ်ကိုရွှင်စေခြင်းတည်း။

---

## လျစ် လျူ ရှု ခြင်း

အကြင်အခါ ဆိုခဲ့ပြီးသောနည်းဖြင့် ကောင်းစွာကျင့်သော ထိုယောဂီ ပုဂ္ဂိုလ်၏ စိတ်သည် မတွန့်သည် မပျံ့လွင့်သည် ဘာဝနာ၌ မွေ့လျော်သည် ကမ္မဋ္ဌာန်းအာရုံ၌ အညီအညွတ် ဖြစ်သည် သမထ တည်းဟူသော ခရီး၌သွားသည်ဖြစ်အံ့၊ ထိုအခါချီးမြှောက်ခြင်း,နှိပ်ခြင်း, ရွှင်စေခြင်း ၌ ဗျာပါရသို့ မရောက်စေမူ၍ အညီအညွတ် ရှုန်းသော မြင်းတို့၌ ရထားထိန်းသည် ဗျာပါရမရောက်ဘဲ လျစ်လျူရှုသကဲ့သို့ လျစ်လျူရှုအပ်၏။ ။ဤကား—လျစ်လျူရှုခြင်းတည်း။

---

## ကြဉ်အပ်, ယှဉ်အပ်, ကိုင်းရှိုင်း အပ်ခြင်း

ဈာန်ရကြောင်း ဖြစ်သောအကျင့်သို့ မတက်ဘူးကုန်သော များစွာသော အမှုတို့၌ လုံ့လပြုကုန်သော ပျံ့လွင့်သောစိတ်ရှိသော ပုဂ္ဂိုလ်တို့ကို ဝေးစွာကြဉ်ခြင်းသည် အသမာဟိတပုဂ္ဂလပရိဝဇ္ဇနတာ မည်၏။ ဈာန်ရကြောင်းဖြစ်သော အကျင့်ကို ကျင့်ကုန်သော ဈာန်သမာဓိကိုရ

သော ပုဂ္ဂိုလ်တို့ကို ရံခါရံခါ မှီဝဲဆည်းကပ်ခြင်းသည် သမာဟိတပုဂ္ဂလ သေဝနတာမည်၏၊ ဈာန်သမာဓိသို့ ညွတ်သော ကိုင်းသော ရှိုင်းသော စိတ်ရှိသောသူ၏ အဖြစ်သည် တဒဓိမုတ္တတာမည်၏။

## သတိဖြစ်ကြောင်း တရား ၁၇-ပါး

မိလိန္ဒပဥှာတွင် အရှင်နာဂသိန် ဟောတော်မူသော သတိ ဖြစ်ကြောင်း တဆယ့်ခုနစ်ပါးဟူသော်ကား—

(၁) ဇာတိဿရဉာဏ်အားဖြင့် သတိဖြစ်ခြင်းဟူသော အဘိဇာနန္တတပါး။

(၂) အတတ်ပညာကို သင်ကြားခြင်း ဆရာ့ထံသို့ ကပ်၍ အဆုံးမ ခံယူခြင်းဟူသော ကဋုမိကာ တပါး။

(၃) မင်းအဖြစ်သို့ရောက်၍ အဘိသိက်သွန်းခြင်း, တစုံတခုသော ဝမ်းမြောက်ဝမ်းသာ ဖြစ်ရန် အားကြီးသောအမှုကိုပြုခြင်း, သောတာပတ္တိဖိုလ်ကို ရောက်ခြင်း ဟူသော ဩဠာရိကဝိညာဉ်တပါး။

(၄) အလွန် ချမ်းသာဘူးခြင်း ဖြစ်ရာအရပ် အခါဟူသော ဟိတဝိညာဉ် တပါး။

(၅) အလွန်ဆင်းရဲဘူးသော ဖြစ်ရာအရပ်အခါ ဟူသော အဟိတဝိညာဉ်တပါး။

(၆) တူသော ဝတ္ထုဟူသော သဘာဂနိမိတ်တပါး။

(၇) အများနှင့် မဆက်ဆံ၊ မတူ၊ ထူးဆန်းသောဝတ္ထု ဟူသော ဝိသဘာဂ နိမိတ်တပါး။

(၈) သူတပါးကိုသတိပေးစေခြင်းဟူသောကထာဘိညာဉ်တပါး။

(၉) လူ့ တိရစ္ဆာန်တို့၌ရှိသော လက္ခဏာတပါး။

(၁၀) အဖန်ဖန်အောက်မေ့ဆင်ခြင်ခြင်း သာရဏာတပါး။

(၁၁) အက္ခရာပုံ အမှတ်အသားဟူသော မုဒ္ဒါတပါး။

(၁၂) ဂဏန်းတွက်နည်းဟူသော ဂဏနတပါး။

(၁၃) စာပေကျမ်းဂန်ကို ဆောင်ရွက်ခြင်းဟူသော ဓာရဏာတပါး။

(၁၄) ပုဗ္ဗေနိဝါသာနုဿတိ ဉာဏ်ကိုရအောင် ဘာဝနာကို ပွားခြင်း တပါး။

(၁၅) ပေ,ပုရပိုက်စသည့်တို့၌ အမှတ်ထားခြင်းဟူသော ပေါတ္ထက နိဗန္ဓန တပါး။

(၁၆) ချထားအပ်သော ဘဏ္ဍာဥစ္စာဟူသော ဥပနိက္ခိတ္တတပါး၊

(၁၇) မြင်းဘူး,ကြားဘူး,နမ်းဘူး,လျက်ဘူး, တွေ့ထိဘူး,သိဘူးခြင်း ဟူသော အနုဘူတ တပါး။

ဤသို့ တဆဲ့ခုနစ်ပါးတည်း။

[ဤကား- မနသိကာရ ကောသလ္လဆယ်ပါး၌ အကျုံး ဝင်သော သုတ္တန်ပါဠိတော် သုံးခုကို နှလုံးသွင်းရန် အကျယ်တည်း။ ]

နှလုံးသွင်းနည်း ပြဆိုခဏ်းပြီး၏။

---

# ပဋ္ဌိကူလကမ္မဋ္ဌာန်း နှလုံးသွင်းခဏ်း

## သီလကိုဦးစွာစောင့်ရှောက်အပ်ခြင်း

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ဥဂ္ဂဟကောသလ္လခုနစ်ပါး, မနသိကာရ ကောသလ္လဆယ်ပါးတို့ကို သိကျွမ်းနားလည် တတ်မြောက်အောင် သင်ကြားပြီး၍ လူတို့သည် အသိဉာဏ်ဖြစ်အံ့၊ အောက်၌ဆိုခဲ့ပြီးသည့် အတိုင်း သံသရာဝဋ် ဆင်းရဲမှ ထွက်မြောက်ကြောင်း မဂ္ဂင်ရှစ်ပါးအဝင် ဝိရတိ သီလဟူသော အာဇီဝဋ္ဌမကသီလကို ရှေးဦးစွာ စောင့်ရှောက်အပ်၏၊ အာဇီဝ ဋ္ဌမကသီလ ဟူသည်ကား– ကာယဒုစရိုက်သုံးပါးကို ကြဉ်ရှောင်ခြင်းဟူသော သမ္မာကမ္မန္တသုံးပါး၊ ဝစီဒုစရိုက်လေးပါးကို ကြဉ်ရှောင်ခြင်းဟူသော သမ္မာဝါစာ လေးပါး၊ ဤဒုစရိုက် ခုနစ်ပါးတို့ကို အသက်မွေးရန် ဥစ္စာရကြောင်း, အသက်သေမည့် အကြောင်းကြောင့် သော်လည်း မလွန်မကျူး၊ မိစ္ဆာအာဇီဝမှ ကြဉ်ရှောင်ခြင်း–သမ္မာ အာဇီဝလျှင် ရှစ်ခုမြောက်သော သီလသည် အာဇီဝဋ္ဌမက သီလ မည်၏။

ဤသီလ ခံယူပုံမှာ—

ပါဏာတိပါတာ ဝေရမဏိ၊ အဒိန္နာဒါနာ ဝေရမဏိ၊ ကာမေသုမိစ္ဆာစာရာ ဝေရမဏိ၊ မုသာဝါဒါ ဝေရမဏိ၊ ပိသုဏာဝါစာ ဝေရမဏိ၊ ဖရုသဝါစာ ဝေရမဏိ၊ သမ္ဖပ္ပလာပါ ဝေရမဏိ၊ မိစ္ဆာအာဇီဝါ ဝေရမဏိ။

ဤသို့ဆို၍ ဥပုသ်ခံသကဲ့သို့ ခံယူအပ်၏၊ ရဟန်းဖြစ်အံ့၊ စတုပါရိသုဒ္ဓိသီလကို စောင့်ရှောက်အပ်၏။

---

## ပယ်ရန် ပလိဗောဓကြီး ၁၀-ပါး

ဤသို့ သီလကို ခံယူစောင့်ရှောက်ပြီးလျှင် ပလိဗောဓကြီးဆယ်ပါးတို့ကို ဖြတ်အပ်၏၊ ပလိဗောဓကြီးဆယ်ပါး ဟူသော်ကား—

အာဝါသောစ ကုလံ လာဘော၊ ဂဏော ကမ္မဥ္စ ပဉ္စမံ။
အဒ္ဓါနံ ဉာတိ အာဗာဓော၊ ဂန္ထော, ဣဒ္ဓီတိ တေ ဒသ။ ။

(၁) အာဝါသော၊ နေရာကျောင်းအိမ်။
(၂) ကုလံ၊ အလုပ်အကျွေးတကာ။
(၃) လာဘော၊ လာဘ်လက်ဆောင်ပဏ္ဏာ။
(၄) ဂဏော၊ ကျေးကျွန်တပည့်။
(၅) ပဉ္စမံ၊ ငါးခုမြောက်သော။ ကမ္မံ၊ ကမ္မဋ္ဌာန်းစီးဖြန်းခြင်းမှ တပါးသော အမှုကြီးငယ်။
(၆) အဒ္ဓါနံ၊ ရှည်သောခရီး။
(၇) ဉာတိ၊ ပေါက်ဘော်ဆွေမျိုး။
(၈) အာဗာဓော၊ အနာရောဂါ။
(၉) ဂန္ထော၊ စာပေကျမ်းဂန်။
(၁၀) ဣဒ္ဓိ၊ တန်ခိုး အဘိညာဉ်။

ဣတိ၊ဤသို့။ တေ၊ ထိုပလိဗောဓကြီးငယ်တို့သည်။ဒသ၊ ဆယ်ပါးတို့တည်း၊ ဤဆယ်ပါးတို့တွင်—

(၁) တခန်းတည်းသော ကျောင်းအိမ်မှစ၍အိမ်ကြီး,ကျောင်းကြီး, ဝင်း, ခြံ, အရံ, ပရိဝုဏ်တို့သည် အာဝါသမည်၏၊ ထိုအာဝါသသည် ကြည့်ရှုပြင်ဆင် စောင့်ရှောက် လုပ်ဆောင်ခြင်း, သုတ်သင် ရှင်းလင်း

ခြင်း,ကျောင်းနှင့်ဆိုင်သော ဘဏ္ဍာတို့ကို သိမ်းဆည်းခြင်း စသည်တို့ကို ငဲ့ကွက်၍ ကြည့်ရှုသော စိတ်ရှိသူတို့အား ပလိဗောဓဖြစ်၏၊ ဤအမှုတို့၌ ငဲ့ကွက်ကြည့်ရှုခြင်း မရှိသူတို့အား ပလိဗောဓမဖြစ်။ ။အနုရာဓမြို့မှ ထွက်၍ ထူပါရုံ၌ ရဟန်းပြု၍နေသော ပုဂ္ဂိုလ်တို့ ကဲ့သို့သောသူအား ပလိဗောဓ မဖြစ်၊ ကမ္မဋ္ဌာန်းကို အားထုတ်လိုသော သူသည် ထို ကျောင်းနှင့်စပ်သော ပလိဗောဓ ကြောင့်ကြခြင်းကို ဖျောက်အပ်၏။

(၂) ကုလဟူသည်ကား— ဉာတိကုလ, ဥပဋ္ဌာက ကုလတို့တည်း၊ အချို့သောသူအား အလုပ်အကျွေးဖြစ်သော သူတို့ချမ်းသာလျှင် မိမိ ချမ်းသာသည်၊ထိုသူတို့ဆင်းရဲလျှင် မိမိဆင်းရဲသည်၊ဤသို့ရောနှောသော နေခြင်းဖြစ်၏၊ ထိုအလုပ်အကျွေးတို့နှင့်ကင်း၍ နီးသော ကျောင်းသို့မျှ လည်း တရားနာမသွားနိုင်၊ထိုသူတို့အား ကုလပလိဗောဓဖြစ်၏၊ ကောရဏ္ဍကဝါသီထေရ်၏ တူဖြစ်သော ရဟန်းငယ်တို့ကဲ့သို့သော သူအား အမိ အဘပင်သော်လည်း ပလိဗောဓမဖြစ်၊ ထိုကုလပလိဗောဓကို လည်း ဖြတ်အပ်၏။

(၃) လာဘဟူသည်ကား— ပစ္စည်း လေးပါးတည်း၊ ကောင်းမှု ရှိသောသူအား သွားလေရာရာအရပ်၌ ပစ္စည်းလှူကုန်သော ဒါယကာတို့ အား အနုမောဒနာပြုရခြင်း,တရားဟောရခြင်း စသည်တို့ဖြင့် နေကုန် ရကား—ရဟန်းတရားကို အားထုတ်ခွင့်မရနိုင်၊ ထိုသူသည် အပေါင်း အဘော်ကိုစွန့်၍ မသိမကျွမ်းရာ၌ တယောက်တည်း နေခြင်းဖြင့်လာဘ် ကြောင့်ဖြစ်သော ပလိဗောဓကို ဖြတ်အပ်၏။

(၄) ဂဏဟူသည်ကား• ပိဋကတ်ပါဠိ အဋ္ဌကထာသင်ကြားသော တပည့်တည်း၊ထိုတပည့်တို့အား အနည်းကြွင်းလျှင် ဆုံးအောင်သင်စေ၊ အများကြွင်းလျှင် တယူဇနာအတွင်း၌ရှိသော ဆရာတို့အား အပ်နှင်းရာ ၏၊ တယူဇနာအတွင်း၌ ဆရာမရလျှင် ငါ့အားကိစ္စတခုရှိသည်, သင် တို့ချမ်းသာရာ သွားကြလေဟု—ဆို၍ ဖြတ်အပ်၏။ ။လူ၌ကား-ကျေး ကျွန်သည်ပင် ဂဏမည်၏။

(၅) ကမ္မဟူသည်ကား- အမှုသစ်လုပ်ခြင်းတည်း၊ ထိုအမှုသစ်လုပ် ခြင်း၌ လက်သမားစသည် ရ,မရ၊ လုပ်,မလုပ် စသည်ဖြင့် ကြောင့် ကြခြင်းဖြစ်၏၊ ထိုကြောင့်ကြခြင်းကို အနည်းကြွင်းလျှင် ပြီးစေ၍ အများကြွင်းလျှင် တော်သင့်သူတို့အား အပ်၍ ဖြတ်အပ်၏။

(၆) အဒ္ဓါနဟူသည်ကား- ခရီးသွားခြင်းတည်း၊ ရှင်ရဟန်းပြုလိုသူ, ပဗ္ဗဇ္ဇည်းလှူလိုသူတို့ထံ သွားခွင့်ရှိလျှင် ထိုကိစ္စကိုပြီးစေ၍ ဖြတ်အပ်၏။

(၇) ဉာတိဟူသည်ကား- ကျောင်း၌ ဆရာဥပဇ္ဈာယ်, အတူနေတပည့်, အတွင်းတပည့်, ဥပဇ္ဈာယ်တူ ဆရာတူ သီတင်းသုံးဘော်, အိမ်၌ မိဘ, အစ်ကို, အစ်မ စသည်တို့တည်း၊ ထိုဆိုခဲ့ပြီးသော သူတို့ နာကျန်းသည်ရှိသော် ပလိဗောဓ ဖြစ်၏၊ ထိုအနာကို ငြိမ်းစေ၍ ပကတိပြုသဖြင့် ထိုပလိဗောဓကို ဖြတ်အပ်၏။

(၈) အာဗာဓဟူသည်ကား—ကိုယ်၌ဖြစ်သော အလုံးစုံသောအနာတည်း၊ထိုအနာကို ဆေးကုသသဖြင့် ဖြတ်အပ်၏၊ သုံးရက် လေးရက် ဆေးစား၍မငြိမ်းမူ “ငါသည် သင်၏ကျွန် သူရင်းငှားမဟုတ်၊သင့်ကိုမွေးကျွေးသုတ်သင်ရ၍ အစမထင် သံသရာ၌ ဆင်းရဲလှလေပြီ”ဟု ကိုယ်ကို ကဲ့ရဲ့၍ တရားကို အားထုတ်သင့်သည်ဟု အာဗာဓကို ဖြတ်အပ်၏။

(၉) ဂန္ထဟူသည်ကား— ပရိယတ်ကို ဆောင်ခြင်းတည်း၊ ထိုပရိယတ်ကို သရဇ္ဈာယ်ရခြင်း အစရှိသည်ဖြင့် အမြဲလုံ့လပြုသောသူအားကြောင့်ကြခြင်း ပလိဗောဓဖြစ်၏၊ မဇ္ဈိမဘာဏကရေဝတထေရ် အစရှိသည်တို့အားကား တဆဲ့ရှစ်နှစ်, တဆဲ့ကိုးနှစ်, အနှစ်သုံးဆယ် မသရဇ္ဈာယ်သော်လည်း မမေ့၊ပလိဗောဓမဖြစ်၊ ထိုပရိယတ္တိ ပလိဗောဓကိုလည်း ဖြတ်အပ်၏။

(၁၀) ဣဒ္ဓိဟူသည်ကား–ပုထုဇဉ်တို့ တန်ခိုးတည်း၊ ထိုပုထုဇဉ်တို့ တန်ခိုးမည်သည် ပက်လက်အိပ်တတ်ကာမျှသောသူငယ်, နုနယ်သော ကောက်ပင်တို့ကဲ့သို့ ဆောင်နိုင်ခဲ၏၊ အနည်းငယ်မျှသော အကြောင်းကြောင့်လည်း ပျက်တတ်၏၊ ထိုဣဒ္ဓိသည် ဝိပဿနာ၏ ပလိဗောဓဖြစ်၏၊ သမာဓိသို့ရောက်မှ ထိုဣဒ္ဓိကိုရသောကြောင့် သမာဓိ၏ ပလိဗောဓမဖြစ်၊ ဤ၌ကား သမာဓိကိုလိုသောကြောင့် ဤဣဒ္ဓိပလိဗောဓကိုမဖြတ်အပ်၊ ရှေးဆိုအပ်ခဲ့ပြီးသော ပလိဗောဓကိုးပါးကိုသာ ဖြတ်အပ်၏။

ပုထုဇန်တို့၏ တန်ခိုးဣဒ္ဓိသည် ပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရဖြစ်၍သံသရာစက်၏အင်္ဂါတပါးပင်ဖြစ်သောကြောင့် မဂ်ဖိုလ်ရကြောင်းမဟုတ်၊သံသရာစက် လည်ကြောင်းဖြစ်၍ ဝိပဿနာနှင့် ဆန့်ကျင်ဘက်

ဖြစ်သောကြောင့် မင်္ဂလိုက်ကို အလိုရှိသောသူတို့၌ ပလိဗောဓဖြစ်၍ ပယ်စွန့်အပ်၏၊ ဖြတ်အပ်၏၊ ဒါနကုသိုလ်ကို မဆိုထားနှင့်ဦး—ဝေယျာဝစ္စကုသိုလ်ဖြစ်သော ကမ္မ,ဆရာ တပည့် အဆွေခင်ပွန်းတို့၌ ကျင့်ဝတ်ပဋိပတ် အပစာယန ဝေယျာဝစ္စ ဟူသော ကုလညာတိ, ဓမ္မသဝန ဓမ္မဒေသနာ ဟူသော ဂန္ထ-ဤကုသိုလ်အပေါင်းတို့သည် မဂ်ဖိုလ်ကို လိုသော ယောဂီ၌ အမှိုက်ကဲ့သို့ ပလိဗောဓဖြစ်၍ ပယ်စွန့်အပ်, ဖြတ်အပ်သော ပလိဗောဓအဝင်အပါ ကုသိုလ်ချည်းဖြစ်ကုန်၏။

ပလိဗောဓငယ်ဟူသည်ကား- ရှည်သော ခြေသည်း, လက်သည်း, ဆံ, မုတ်ဆိတ်, နှုတ်ခမ်းမွေး, ဟောင်းနွမ်း စုတ်ပြတ်သော သင်္ကန်း အဝတ်,အညစ်အကြေးရှိသောသပိတ်, ညောင်စောင်း အင်းပျဉ် အစရှိသည်တို့တည်း၊ ထိုဝတ္ထုတို့ကိုလည်း ရိတ်ဖြတ်သုတ်သင် ရှင်းလင်းအပ်ကုန်၏။

---

## ဥဂ္ဂဟနိမိတ်ထင်ပုံ

ဤသို့ ဝိရတိ သီလဟူသော မဂ္ဂင်သုံးပါး၌တည်၍ ဤပလိဗောမကြီးငယ်တို့ကို ဖြတ်ပြီးလျှင် ကေသာ,လောမာ အစရှိသော ကောဋ္ဌာသတို့၌ ကောဋ္ဌာသ၏ အစွမ်းအားဖြင့် ပညတ်အတိုင်း လုံ့လထုတ်၍ အခြားအာရုံသို့ မသွားရအောင် စိတ်ကိုသတိနှင့် စောင့်ကြပ်၍ ကောဋ္ဌာသ၌ ရပ်တည်ခြင်းသမာဓိဖြစ်အောင်ဆိုခဲ့ပြီးသောနှုတ်ဖြင့်သရဇ္ဈာယ်ခြင်း, စိတ်ဖြင့် သရဇ္ဈာယ်ခြင်းတို့ကို ဆိုခဲ့ပြီးသော မနသိကာရ ကောသလ္လဆယ်ပါးအတိုင်း စီးဖြန်းပွားများရာ အဆင်းသုံးဆဲ့ငါးမျိုးရှိသော ကြိုးတခုတည်း၌ သီထားအပ်သော ပန်းပွင့်ကို ကြည့်ရှုသူအား သုံးဆဲ့ငါးမျိုးသော ပန်းပွင့်တို့သည် မရှေးမနှောင်း ထင်ကုန်သကဲ့သို့ ဤကိုယ်၌ ကေသာအစ မှုတ္တံ အဆုံးတိုင်အောင်သော ကောဋ္ဌာသတို့သည် မရှေးမနှောင်း တပြိုင်တည်းကဲ့သို့ ထင်ကြကုန်၏။

ထို့ကြောင့် မနသိကာရကောသလ္လ ဆယ်ပါးတွင် မထင်သည်ကို လွှတ်၍ ထင်သည်ကို နှလုံးသွင်းရမည်ဆိုရာ၌ ကမ္မဋ္ဌာန်း စီးဖြန်းစ အာဒိကမ္မိကယောဂီအားဆံဟူ၍နှလုံးသွင်းလျှင်ပင်နှလုံးသွင်းခြင်းသည်

မရပ်မနား လျှောက်သွား၍ ကျင်ငယ်ဟူသော အဆုံးကောဋ္ဌာသကို ထိ၍တည်၏ဟု ဆိုအပ်၏၊ ဤသို့ အလုံးစုံသော ကောဋ္ဌာသတို့သည် စိတ်၌ထင်ကုန်သည်ရှိသော် မြင်တိုင်းကြားတိုင်းကုန်သော လူတိရစ္ဆာန်တို့ကို သတ္တဝါဟူသော အခြင်းအရာကိုစွန့်၍ ဆံ အမွေး အစရှိသော ကောဋ္ဌာသ အစုမ်းအားဖြင့်သာလျှင် ထင်ကုန်၏။ ထိုလူတိရစ္ဆာန် သတ္တဝါတို့ စားသောက်ကြကုန်သော အစားအသောက်တို့ သည်လည်း ဆံအမွေး စသော ကောဋ္ဌာသအစု၌ ထည့်သွင်းသကဲ့သို့ ထင်၏။

အမှုကြီးငယ်ကို လုပ်ဆောင်ကြခြင်းသည်လည်း ဆံအမွေးစသော ကောဋ္ဌာသအစုတို့ လုပ်ဆောင်ကြသကဲ့သို့ ထင်၏၊ ထို့ကြောင့် ကုရုတိုင်း ကမ္မာသဓမ္မရွာ၌ ရဟန်းမိန်းမတို့မွေးသော ဗုဒ္ဓရက္ခိတမည်သော ကျေးကိုစွန်ချီရာ အရိုးစုတခုကို အရိုးစုတခုချီသွားသည်၊မည်သည့်အရပ်၌ ဖရိုဖရဲချလိမ့်မည်နည်းဟု ကျေးကထင်ကြောင်းကို ရဟန်းမိန်းမတို့အား ကျေးပြန်ပြောကြောင်းနှင့် သတိပဋ္ဌာန်သုတ် အဋ္ဌကထာတွင် ဆိုသည်။

ဤသို့ ကေသာစသော ကောဋ္ဌာသတို့၏ အဆင်း, သဏ္ဌာန်, ချက်မှ အောက်အထက်အရပ်, တည်ရာအရပ်, နယ်ပယ်နိမိတ် အပိုင်းအခြား ဟူသော ဥဂ္ဂဟကောသလ္လငါးပါးဖြင့် ကောဋ္ဌာသအစုတို့ ထင်ခြင်းသည် ဥဂ္ဂဟနိမိတ်မည်၏။

ဥဂ္ဂဟနိမိတ်ထင်အောင် ယူပုံကား—တခုနှစ်ခုသော ဆံပင်တို့ကိုနုတ်၍ လက်ဝါးအပြင်၌ တင်ထားပြီးလျှင် အဆင်းကို ရှေးဦးစွာ မှတ်အပ်၏၊ ရေခွက်, ယာဂု, မှန်တို့၌မူလည်း ဆံ၏အဆင်းကို ကြည့်ရှု၍ မှတ်အပ်၏၊ ဆံပင်နက်သောအခါအနက်,ဖြူသောအခါအဖြူ၊ရောနှောသောအခါ များရာသို့လိုက်၍ အဆင်းကို နှလုံးသွင်းအပ်၏၊ ဤအတူ တစပဉ္စကဌ်၌ ကြည့်ရှု၍ပင် နိမိတ်ကိုယူနိုင်၏။

---

## ပဋိဘာဂနိမိတ်ထင်၍ ဈာန်အပ္ပနာသို့ရောက်ပုံ

ဤသို့ ဥဂ္ဂဟနိမိတ်ကို ရပြီးသော ယောဂီသည် မိမိအလိုဆန္ဒအားဖြင့် ကောဋ္ဌာသတို့၏ စက်ဆုပ်ရွံရှာဘွယ် ပဋိကူလအဖြစ်ကို နှလုံးသွင်းလိုသော်၎င်း, ရှေးပါရမီအလိုက် ကောဋ္ဌာသတို့သည် စက်ဆုပ်ရွံရှာဘွယ် ပဋိကူလဟု ထင်လာသော်၎င်း, ကေသာအစရှိသော ကောဋ္ဌာသပညတ်

ကိုလွန်၍ ကောဋ္ဌာသပညတ်ကို နှလုံးမသွင်းမူ၍ ကေသာအစရှိသော ကောဋ္ဌာသတို့၏ အဆင်း, သဏ္ဌာန်, အနံ့, တည်ရာ,ဖြစ်ကြောင်း ဘူကုန်သော ငါးပါးအပြားရှိသော စက်ဆုပ်ရွံရှာဘွယ် နှလုံးသွင်းနည်းအားဖြင့် နှလုံးသွင်းအပ်၏။

နှလုံးသွင်းပုံအကျယ်ကား—

နှစ်သက်ဘွယ်ရှိသော ယံာဂု, ရေခွက်, ထမင်း, ထမင်းခွက်တို့၌ ဆံကဲ့သို့မည်းသော အဆင်းရှိသော အမှိုက်ကိုမြင်၍ ဤယာဂုထမင်းသည် ဆံပင်နှင့်ရော၏၊ စွန့်ပစ်လေကုန်ဟု စက်ဆုပ်၍ဆိုကုန်၏၊ ဤသို့ ဆံပင်မဟုတ်ဘဲ အဆင်းတူကာမျှ ဝဏ္ဏအားဖြင့် စက်ဆုပ်ကုန်၏၊ ညဉ့်၌ ထမင်းစားကုန်သော သူတို့သည် ဆံပင်သဏ္ဌာန် ရှည်ရှည်လုံးလုံးရှိသော မုရိုးမျှင်, သင်ပန်းမျှင်တို့ကို ကိုင်မိ၍ ထမင်းသည် ဆံပင်နှင့်ရော၏ဟု ဆံမဟုတ်, သဏ္ဌာန်တူကာမျှဖြင့် စက်ဆုပ်ကုန်၏။

ဆီလိမ်းခြင်း, အထုံ အမွှေးအစရှိသည်တို့ဖြင့် ပူပြင်ခြင်း ကင်းကုန်သော ဆံပင်၏အနံ့တို့သည် အလွန်စက်ဆုပ်ဘွယ် ရှိကုန်၏၊မီး၌ချမူကား— ထို့ထက်လွန်စွာ စက်ဆုပ်ဘွယ်ရှိကုန်၏၊ အဆင်းသဏ္ဌာန်ကိုပင် သုဘနိမိတ် ရာဂဋ္ဌာနိယ ဝဏ္ဏာရုံဟု ပညာနည်းသောလူတို့ ထင်မှတ်၍ မစက်ဆုပ်သော်လည်း အနံ့ကို သူခပ်သိမ်းတို့ပင် စက်ဆုပ်အပ်၏။

ဥပမာကား—အမိဝမ်းမှဘွား၍ မကြာမြင့်သေးသော သူငယ်၏ကျင်ကြီးသည် အဆင်းနနွင်းကဲ့သို့ သဏ္ဌာန်နနွင်းတောင့်ကဲ့သို့ဖြစ်၍ မစက်ဆုပ်အပ်သော်လည်း အနံ့ကိုစက်ဆုပ်အပ်သကဲ့သို့ငင်း, တံမြက်ချေးစုရာ၌ ပစ်ထားအပ်သော ခွေးနက်သေတကောင်သည် အဆင်းထန်းသီးမှည့်ကဲ့သို့ သဏ္ဌာန်လုံးလုံး မုရိုးစည်ကဲ့သို့ အစွယ်မုလေးငုံကဲ့သို့ဖြစ်၍ အဆင်းသဏ္ဌာန်အားဖြင့် မစက်ဆုပ်သော်လည်း အပုပ်နံ့ဖြင့် လွန်စွာစက်ဆုပ်အပ်သကဲ့သို့ငင်း ဆံပင်သည်လည်း အနံ့အားဖြင့် စက်ဆုပ်အပ်သည်သာဖြစ်၏။

အညွန့်အရွက် ဟင်းချက်၍ စားဘွယ်ဖြစ်သော ဟင်းလျာပင်တို့သည် မစင်ကြယ်ရာ၊ ရွာစပ်အညစ်အကြေးနှင့် မကင်းရာ၌ ပေါက်ခြင်းကြောင့် လူတို့သည် စက်ဆုပ်၍ မသုံးဆောင်ကြကုန်သကဲ့သို့ ဆံပင်တို့သည် အ

ဆင်းသဏ္ဌာန်အားဖြင့် ဋ္ဌာရုံဖြစ်ငြားသော်လည်း ပြည်, သွေး, ကျင်ကြီး, ကျင်ငယ်, သည်းခြေ, သလိပ် အစရှိသည်တို့၏ အငွေ့, အသက်, အစက်ကို မှီ၍ဖြစ်သောကြောင့် မှီရာအားဖြင့် စက်ဆုပ်အပ်၏။

ဤဆံပင်တို့သည် မစင်ခဲ၌ မှိုတက်သကဲ့သို့ သုံးဆယ့်ငါးပါးသော မစင်စု၏အထက်၌ ပေါက်ကုန်သည်ဖြစ်၍ သုသာန် တံမြက်ချေးစုတို့၌ပေါက်သော ဟင်းရွက်တို့ကဲ့သို့ဂုဏ်, မစင်ကြွယ်သော ကျုံး၌ပေါက်သော ကြာဖူပန်း အစရှိသည်တို့ကဲ့သို့ဂုဏ် ပေါက်ရာအရပ်အားဖြင့် စက်ဆုပ်အပ်ကုန်၏။

ဤတစပဉ္စကၡ ဝဏ္ဏ, သဏ္ဌာန, ဂန္ဓ, အာသယ, ဩကာသဟူသော ပဋိကူလ ငါးပါးကို ရအပ်၏၊ ကြွင်းသော ကောဋ္ဌာသတို့၌လည်း အကြွင်အကြွင် ပဋိကူလကို ရအပ်၏၊ ထိုထိုပဋိကူလ၏ အစွမ်းအားဖြင့် နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏၊ ကေသာ, လောမာ, နခါ, ဒန္တာ, တစောဟူသော ဤတစပဉ္စကသည် သုဘဟူ၍မှတ်ကြောင်း ရာဂဖြစ်ရာ ဋ္ဌာရုံဟုခေါ်ဝေါ်ခြင်းသို့ ရောက်၏။

သတ္တဝါအပေါင်းတို့သည် ဤတစပဉ္စက၌ ထင်သောအာရုံကို အစွဲပြု၍ မိန်းမယောကျ်ား အချင်းချင်း တပ်မက်ခြင်းကို ပြုကြကုန်၏၊ ထိုသတ္တဝါအပေါင်းတို့သည် သုဘဟုမှတ်၍ တပ်မက်ရာဖြစ်သော တစပဉ္စကအာရုံ၌ ဈာန်, မဂ်, ဖိုလ်ကို အလိုရှိသောရဟန်းသည် စက်ဆုပ်ရွံရှာဘွယ် ပဋိကူလသာဖြစ်သည်ဟု မနသိကာရကို ဖြစ်စေ၍ အပ္ပနာသို့ရောက်စေအပ်၏၊ ဤတစပဉ္စက၌ အပ္ပနာသို့ရောက်မူကား—ကြွင်းသော ပဉ္စကဆက္ကစသည်တို့၌ လွယ်ကာသာ အပ္ပနာသို့ ရောက်၏။

ဥပမာကား—ပြည်ရွာကိုဖျက်ဆီးသော သုံးဆယ့်ငါးယောက်သော ခိုးသူတို့တွင် အကြီးငါးယောက်ကိုသတ်ရမူ ကြွင်းသောခိုးသူတို့သည် နှစ်ယောက် တလမ်းတည်းမပြေးဝံ့၊ လက်ဝါးပြကာ အလွယ်သာ ပျက်စီးခြင်းသို့ ရောက်စေနိုင်သကဲ့သို့တည်း။

---

## ပဉ္စမဈာန် စိတ်ဖြစ်ပုံ

ဤသို့ဆိုခဲ့ပြီးသော ငါးပါးအပြားရှိသော ပဋိကူလ၏ အစွမ်းဖြင့် အကြင်အခါ ယောဂီ၏မနောဒွါရ၌ထင်၏၊ ထိုအခါ စက်ဆုပ်ဘွယ်အဖြစ်ဖြင့် ထင်သော ကောဋ္ဌာသအာရုံသည်ပင်လျှင် ပဋိဘာဂနိမိတ် မည်၏၊

ထိုပဋိဘာဂနိမိတ်ကို အဖန်ဖန်မှီဝဲပွားများသော ယောဂီအား အကြင် အခါ၌ သဒ္ဓါအစရှိကုန်သော ငါးပါးသော ဣန္ဒြေတို့သည် အညီအမျှ ဖြစ်ကုန်၍ သန့်ရှင်းကုန်၏၊

ထိုအခါ အသဒ္ဓိယစသည်တို့၏ မဝေးသည်၏အဖြစ်ဖြင့် လွန်စွာအားရှိသော သူတော်တရားခုနစ်ပါးတို့မှ အထောက်အပံ့ရသော ဝိတက်အစရှိကုန်သော ဈာန်အင်္ဂါတို့သည် ထင်စွာဖြစ်ကုန်၏၊ ထိုဈာန်နှင်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော ကာမစ္ဆန္ဒအစရှိသော နီဝရဏတို့သည် ထိုနီဝရဏတို့နှင့် တကွဖြစ်သော ပါပဓမ္မတို့နှင့်တကွ ခွာကုန်ကင်းကုန်၏၊ ဥပစာရသမာဓိဖြင့် စိတ်သည် တည်ကြည်၏၊ ထိုနိမိတ်ကို မှီဝဲ၍ပွားစေလျက် အကြိမ်ကြိမ်အားထုတ်သော ပုဂ္ဂိုလ်အား ပဌမဈာန်အစွမ်းဖြင့် အပ္ပနာ ဖြစ်၏။

အဘယ်သို့ ဖြစ်သနည်း ဟူမူကား—

(၁) မိမိပဋိသန္ဓေစိတ်နှင့်တူသော ကာမတိဟိတ် ဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်စလန, ဘဝင်ုပစ္ဆေဒဟု ဘဝင်ကိစ္စနှစ်ကြိမ်ဖြစ်၍ချုပ်၏။

(၂) ထို့နောင် ပဋိကူလအစွမ်းဖြင့်ထင်သော ပဋိဘာဂနိမိတ်ကို အာရုံပြု၍မနောဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စ တကြိမ် ဖြစ်၍ချုပ်၏။

(၃) ထို့နောင် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မဟာကုသိုလ်ပဌမဇွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့၊ပရိကံဥပစာ,အနုလုံ, ဂေါတြဘူဟု လေးကြိမ်, တိက္ခပညာဖြစ်အံ့၊ ဥပစာ,အနုလုံ, ဂေါတြဘူဟု သုံးကြိမ်ဖြစ်၍ ချုပ်၏။

(၄) ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်, မန္ဒပညာ ပုဂ္ဂိုလ်အား ငါးကြိမ်မြောက်၊ ထိုဂေါတြဘူ၏ အာရုံဖြစ်သော ပဋိဘာဂ နိမိတ်ကို အာရုံပြု၍ ဝိတက်, ဝိစာရ, ပီတိ, သုခ,ဧကဂ္ဂတာဟူသော ဈာန်အင်္ဂါငါးပါးနှင့် ပြည့်စုံသော ငါးပါးသော ပဟာနင်ရှိသော ဆယ်ပါးသော လက္ခဏာနှင့် ပြည့်စုံသော သုံးပါးသောကလျာဏရှိသော ရူပါဝစရကုသိုလ် ပဌမဈာန်စိတ်သည် အာဒိကမ္မိကဖြစ်၍ တကြိမ်သာ အပ္ပနာသမာဓိဇောကိစ္စ ဖြစ်၍ချုပ်၏။

(၅) ထို့နောင် ကာမတိဟိတ် ဘဝင်လေးခုတို့တွင် တခုခုသည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ဖြစ်၏။

---

## ပဌမစျာန် ဝင်စားပုံ

(၁) ပဌမစျာန်ကိုရပြီးသော တိဟိတ်ရှုပုဂ္ဂိုလ်သည် မိမိရသော ပဌမစျာန်ကို ဝင်စားလိုလတ်သော် မိမိပဋိသန္ဓေ စိတ်နှင့် တူသော ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခု သည် ဘဝင်္ဂစလန, ဘဝင်္ဂုပစ္ဆေဒဟု ဘဝင်ကိစ္စ နှစ်ကြိမ် ဖြစ်၍ချုပ်၏။

(၂) ထို့နောင် ပဋိကူလပဋိဘာဂနိမိတ်ကို အာရုံပြု၍ မနော ဒွါရာဝဇ္ဇန်းစိတ်သည် အာဝဇ္ဇန်းကိစ္စဖြစ်၍ချုပ်၏။

(၃) ထို့နောင် ပဋိဘာဂနိမိတ်ကို အာရုံပြု၍ မဟာကုသိုလ် ပဌမ ဒွေးတို့တွင် တခုခုသည် မန္ဒပညာဖြစ်အံ့၊ ပရိကံ,ဥပစာ, အနုလုံ,ဂေါတြဘူဟု လေးကြိမ်,တိက္ခပညာဖြစ်အံ့၊ ဥပစာ, အနုလုံ, ဂေါတြဘူဟု သုံးကြိမ်ဖြစ်၍ ချုပ်၏။

(၄) ထို့နောင် တိက္ခပညာ ပုဂ္ဂိုလ်အား လေးကြိမ်မြောက်, မန္ဒပညာပုဂ္ဂိုလ်အားငါးကြိမ်မြောက်၊ထိုဂေါတြဘူ၏အာရုံ ဖြစ်သော ပဋိဘာဂနိမိတ်ကို အာရုံပြု၍ ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာဟူသော စျာန်အင်္ဂါငါးပါးနှင့် ပြည့်စုံ သော ငါးပါးသော ပဟာနင်္ဂရှိသော ဆယ်ပါးသော လက္ခဏာနှင့်ပြည့်စုံသော သုံးပါးသော ကလျာဏရှိသော ရူပါဝစရကုသိုလ် ပဌမစျာန်စိတ်သည် ဘဝင်အယဉ်ကဲ့သို့ အလိုရှိတိုင်း အပ္ပနာသမာဓိဇောကိစ္စ များစွာဖြစ်၍ချုပ်၏။

(၅) ထို့နောင် ပဉ္စဝေါကာရ တိဟိတ်ဘဝင်ကိုးခုတို့တွင် တခုခု သည် ဘဝင်ကိစ္စ ဖြစ်ထိုက်သ၍ဖြစ်၏။

ဆံအစရှိသော သုံးဆဲ့ငါးပါးသော ကောဋ္ဌာသတို့သည် စက်ဆုပ် ရွံရှာဘွယ် ပဋိကူလအာရုံဖြစ်ခဲ့၏၊ထိုအာရုံကိုစွဲ၍ အဘယ့်ကြောင့် သော မနသာ ဖြစ်လေသနည်းဟူမူကား—

ပဋိကူလေပိစ တသ္မိံ အာရမ္မဏေ အာနိသံသဒဿာဝိတာယ သောမနဿံ ဥပ္ပဇ္ဇတိ။

ဟူသော သမ္မောဟအဋ္ဌကထာ လာရကား- ပဋိကူလအာရုံ၌လည်း အကျိုးကိုရှုလေ့ရှိသည်၏ အဖြစ်ကြောင့် သောမနဿ ဖြစ်၏။ ။ တနည်းကား—

ကေတ္တာ ရမ္မဏဝသေနေဝ ဝါ တံ ဥပ္ပဇ္ဇတိ။

ဟု ဇင်းအဋ္ဌကထာမိန့်ရကား တခုတည်းသော အာရုံ၏အစွမ်းဖြင့် သောမနဿဖြစ်၏။

ပဋိကူလမနသိကာရဖြစ်အံ့၊ ပဌမစျာန်သာဖြစ်၏၊ ဒုတိယစျာန်အစရှိသည်တို့သည် မဖြစ်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူ ကောဋ္ဌာသအာရုံ ရုန့်ရင်းသောကြောင့်တည်း၊ ရုန့်ရင်းသည် ဖြစ်စေကာမူ ဒုတိယစျာန် အစရှိသည်တို့သည် ဖြစ်ကောင်းပါ၏တကားဟူမူ ကောဋ္ဌာသ အာရုံ ရုန့်ရင်းသောကြောင့် ဝိတက်၏အစွမ်းဖြင့်သာလျှင် စိတ္တေကဂ္ဂတာဖြစ်၏၊ ဝိတက်ကိုလွန်သဖြင့် မဖြစ်၊ထို့ကြောင့် ဒုတိယစျာန် အစရှိသည်တို့သည် မဖြစ်ကုန်၊ခေတုမနသိကာရအားဖြင့်ကား လေးပါးသော စျာန်တို့သည်ပင် ဖြစ်ကုန်သည်ချည်းတည်း။

---

## ကောဋ္ဌာသအလိုက်စျာန်ဖြစ်ပုံ

အကြင်ပုဂ္ဂိုလ်အား သုံးဆဲ့ငါးပါးသော ကောဋ္ဌာသတို့တွင် တခုတည်းသော ကောဋ္ဌာသသည်သာလျှင် ထင်အံ့၊တခုသောကောဋ္ဌာသ၌မူလည်း အပ္ပနာသို့ရောက်၍ တပါးသော ကောဋ္ဌာသ၌ တဖန်အားထုတ်၍ စီးဖြန်းခြင်းလုံ့လကို မပြုအံ့၊ ထိုပုဂ္ဂိုလ်အား တကြိမ်သော အပ္ပနာ, တခုသော ပဌမစျာန်သာ ဖြစ်၏။

အကြင်ပုဂ္ဂိုလ်အားကားသုံးဆဲ့ငါးပါးသောကောဋ္ဌာသတို့တွင်များစွာသော ကောဋ္ဌာသတို့သည် ထင်ကုန်အံ့၊တခုသောကောဋ္ဌာသ၌ ပဌမစျာန်အပ္ပနာသို့ရောက်၍ တပါးသောကောဋ္ဌာသတို့၌ တဖန်အားထုတ်၍ စီးဖြန်းခြင်းလုံ့လကိုပြုအံ့၊ ထိုပုဂ္ဂိုလ်အား မဟာလ္လကထေရ်အား သုံးဆဲ့ငါးပါးသော စျာန်အပ္ပနာတို့သည် ဖြစ်ကုန် သကဲ့သို့သော ကောဋ္ဌာသအရေအတွက်ဖြင့် သုံးဆဲ့ငါးပါးသော ပဌမစျာန်အပ္ပနာ

တို့သည် ဖြစ်ကုန်၏၊ ထိုမဟာလ္လကထေရ်သည် သုံးဆဲ့ငါးပါးသော ကောဋ္ဌာသတို့၌ သုံးဆဲ့ငါးပါးသော ပဋမစျာန်အပ္ပနာတို့ကိုရသည်ဖြစ်၍ ညဥ့်တခု နေ့တခုဝင်စားလျှင် လခွဲလွန်မှ တဖန်ထပ်မိ၏၊ နေ့တိုင်း တခုစီဝင်စားလျှင် တလတလလွန်မှ တဖန်ထပ်မိ၏။

[ထိုပဋမစျာန်ကို အခြေပြု၍ ဝိပဿနာကိုပွားစေအပ်သော ရဟန်းအား မဂ်ဖိုလ်သို့ရောက်ခြင်း အကျိုးဖြစ်၏။ ။ဤကား အရဟတ္တပရိယောသာနံ ကမ္မဋ္ဌာနံ တော်ဥဂ္ဃဋိတဗ္ဗံ ဟူသော နိဿယ မုဋ္ဌကအင်္ဂါ၏ အရ သမထကမ္မဋ္ဌာန်းနည်းတည်း။]

ဤကမ္မဋ္ဌာန်းကို ပဋမစျာန်၏အစွမ်းဖြင့် ပြီးသည်ဖြစ်လျှင် မူလည်း ဝဏ္ဏ,သဏ္ဌာန အစရှိသော ကောဋ္ဌာသတို့၌ သတိ၏အစွမ်းဖြင့် ပြီးခြင်းကြောင့် ကာယဂတာသတိဟူ၍ ဆိုအပ်၏။

နာနာဝဏ္ဏသဏ္ဌာနေသု ဒွတ္တိံသာ ကာရကောဋ္ဌာသေသု ပဝတ္တမာနာယ သတိယာ ကိစ္စမေ တဿာတိသယန္တိ အာဟ သတိဗလေန ဣဇ္ဈနတောတိ။ (ဋီကာ)

ဤကာယဂတာသတိကမ္မဋ္ဌာန်းကို အားထုတ်သော ရဟန်းသည် ဆိတ်ငြိမ်သော တောကျောင်း သမထ ဝိပဿနာတို့၌ မမွေ့လျော်ခြင်းဟူသော အရတိကိုရင်း, ကာမဂုဏ်ငါးပါးတို့၌ မွေ့လျော်ခြင်းဟူသော ရတိကိုရင်း နှိပ်နင်းနိုင်၏၊ ထိုကာယဂတာ သတိကို အားထုတ်သော ရဟန်းတို့ကို ဆိုအပ်ခဲ့ပြီးသော အရတိ,ရတိသည် မနှိပ်နင်းနိုင်၊ ဖြစ်ပြီးသော အရတိ,ရတိကိုလည်း နှိပ်နင်းနိုင်၏၊ကြောက်ခြင်း,ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သော အာရုံကိုလည်း နှိပ်နင်းနိုင်၏၊ ထိုအာရုံသည် ရဟန်းတို့ကို မနှိပ်နင်းနိုင်၊ ဖြစ်ပြီးသော ထိုဘယ ဘေရဝအာရုံကို ထိုရဟန်းသည် နှိပ်နင်းနိုင်၏၊ အချမ်း,အပူကို သည်းခံနိုင်၏၊ အသက်ကို ဆောင်တတ်သော ဝေဒနာကိုလည်း ခံတတ်သော သဘောရှိ၏။ ။ ဤကား အပ္ပနာသို့ရောက်သည်မှ တပါးသောအကျိုးတည်း။

[ဤသို့ များစွာသော အကျိုးအာနိသင်ရှိသော ဤကာယဂတာ သတိကမ္မဋ္ဌာန်းကို ပညာရှိသောယောဂီသည် စင်စစ်မမေ့မလျော့ အားထုတ်ရာ၏။]

ဤသို့ ဆိုခဲ့ပြီးသည့်ကား— ကောဋ္ဌာသတို့ကို ပဋိကူလ အားဖြင့် ရှုဆင်ခြင်အပ်သော ကာယဂတာသတိ ကမ္မဋ္ဌာန်း စီးဖြန်း ပွားများ နည်းတည်း။

---

## ဈာန်ကိုအခြေပြု၍ ဝိပဿနာ,မဂ်-ဖိုလ်ဖြစ်ပုံ

ဤကောဋ္ဌာသတို့ကို ဝဏ္ဏကသိုဏ်း အဖြစ်ဖြင့် နှလုံးသွင်းနည်းကား—ဆိုခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသတို့၏ ဥဂ္ဂဟနိမိတ် ထင်ပြီးသော ယောဂီသည် မိမိ၏အလိုဆန္ဒအားဖြင့် ကောဋ္ဌာသတို့၏ အဆင်းကို နှလုံးသွင်း၍ ဝဏ္ဏကသိုဏ်းအဖြစ်ဖြင့် ရှုလိုသော်၎င်း, ရှေးပါရမီအလိုက် ကောဋ္ဌာသတို့သည် ဝဏ္ဏကသိုဏ်းအဖြစ်ဖြင့် ထင်လာသော်၎င်း ကေသာအစရှိသော ကောဋ္ဌာသပညတ်ကိုလွန်၍ ကောဋ္ဌာသအစုကို နှလုံး မသွင်းမူ၍ ကေသာအစရှိသည်တို့၏ နီလ, ပီတအစရှိသော အဆင်း အားဖြင့် နှလုံးသွင်းအပ်၏။

ထိုသို့ နှလုံးသွင်းသော ယောဂီသည် ဤကိုယ်၌ နီလကသိုဏ်း, ပီတ ကသိုဏ်း, လောဟိတကသိုဏ်း, ဩဒါတကသိုဏ်းတည်းဟူသော ဝဏ္ဏ ကသိုဏ်းလေးပါးကို ရ၏၊ အဘယ်သို့ရသနည်းဟူမူ—ဆံ အမွေး သည်း ခြေတို့၌၎င်း, မျက်စိတို့၏ ညိုရာအရပ်၌၎င်း အဆင်းကိုအာရုံပြု၍ နီလံ နီလံဟု—နှလုံးသွင်းသော ယောဂီအား စတုက္ကဈာန်, ပဉ္စကဈာန်တို့ သည် ဖြစ်ကုန်၏၊ ထိုဈာန်ကို အခြေပြု၍ ဝိပဿနာကို ပွားစေသော ယောဂီသည် အရဟတ္တဖိုလ်သို့ ရောက်၏။

အဆီ၌၎င်း, မျက်စိတို့၏ရွှေသောအဆင်းရှိရာအရပ်၌၎င်း အဆင်းကို အာရုံပြု၍ ပီတကံ, ပီတကံဟု နှလုံးသွင်းသောယောဂီအား စတုက္ကဈာန်, ပဉ္စကဈာန်တို့သည် ဖြစ်ကုန်၏၊ ထိုဈာန်ကိုအခြေပြု၍ ဝိပဿနာကို ပွားစေသော ယောဂီသည် အရဟတ္တဖိုလ်သို့ ရောက်၏။

အသားအသွေးတို့၌၎င်း, မျက်စိတို့၏နီရာအရပ်၌၎င်း အဆင်းကို အာရုံပြု၍ လောဟိတကံ, လောဟိတကံဟု—နှလုံးသွင်းသော ယောဂီ အား စတုက္ကဈာန်,ပဉ္စကဈာန်တို့သည် ဖြစ်ကုန်၏၊ထိုဈာန်ကိုအခြေပြု၍ ဝိပဿနာကို ပွားစေသော ယောဂီသည် အရဟတ္တဖိုလ်သို့ ရောက်၏။

ခြေသည်း လက်သည်း သွား အရေတို့၌ရင်း, မျက်စိတို့၏ ဖြူရာ အရပ်တို့၌ရင်း အဆင်းကိုအာရုံပြု၍ ဩဒါတံ, ဩဒါတံဟု နှလုံးသွင်းသော ယောဂီအား စတုက္ကစျာန်, ပဉ္စကစျာန်တို့သည် ဖြစ်ကုန်၏၊ ထိုစျာန်ကိုအခြေပြု၍ ဝိပဿနာကို ပွားစေသောယောဂီသည် အရဟတ္တဖိုလ်သို့ ရောက်၏၊ ဤကား—ဝဏ္ဏအားဖြင့် ထင်သော ယောဂီအား အရဟတ္တဖိုလ်တိုင်အောင် နိဂုံးအုပ်ခြင်းတည်း။

ပဋိကူလ ကမ္မဋ္ဌာန်းနှလုံးသွင်းခန်းပြီး၏။

---

# ဓာတ်ကမ္မဋ္ဌာန်း နှလုံးသွင်းခန်း

## ဓာတ်၄-ပါးစုပုံပွားများနည်း

ရှေးပါရမီအလိုက် ကေသာအစရှိသော နှစ်ဆဲ့တပါးသော ကောဋ္ဌာသတို့၌ ခိုင်ခံ့သော ပထဝီဓာတ် သဘော, ပိတ္တံအစရှိသော တဆဲ့လေးပါးသော ကောဋ္ဌာသတို့၌ယိုစီးစိမ့်ဝင်ခြင်း အာပေါဓာတ်သဘောတို့ကို ထင်သော်ရင်း၊ ယောဂီ၏ အလိုဆန္ဒအားဖြင့်ပင်လျှင် ကောဋ္ဌာသတို့ကို ဓာတ်အားဖြင့် နှလုံးသွင်း၍ ဓာတုဝဝတ္ထာန်အဖြစ်ဖြင့် ကမ္မဋ္ဌာန်း စီးဖြန်းပွားများလိုသော်ရင်း ဤဆိုလတံ့သော နည်းအတိုင်း စီးဖြန်း ပွားများအပ်၏။

ဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို မဟာသတိပဋ္ဌာနသုတ်၌ ထက်သော ပညာရှိသော ပုဂ္ဂိုလ်ကိုရည်၍ အကျဉ်းအားဖြင့် ဟောတော်မူ၏၊ ဟောပုံကား—

> သေယျထာပိ ဘိက္ခဝေ ဒက္ခော ဂေါဃာတကော ဝါ
> ဂေါဃာတကန္တေဝါသီ ဝါ ဂါဝိံ ဝဓိတွာ စတုမဟာပထေ
> ဗိလသော ဝိဘဇိတွာ နိသိန္နော အဿ၊ ဧဝမေဝ ခေါ ဘိက္ခဝေ
> ဘိက္ခု ဣမမေဝ ကာယံ ယထာဌိတံ ယထာပဏိဟိတံ ဓာတုသော

ပစ္စဝေက္ခတိ၊ အတ္ထိ ဣမသ္မိံ ကာယေ ပထဝီဓာတု အာပေါ ဓာတု တေဇောဓာတု ဝါယောဓာတူတိ။

ဟူသည်တည်း၊ ဤ၌အဓိပ္ပါယ်ကား–နွားသတ်သော အရာ၌ လိမ္မာသောသူသည်၎င်း, ထိုသူ၏အခစား တပည့်သည်၎င်း နွားမကိုသတ်၍ လမ်းလေးခွ၌ အရိုး, အသား, အရေတို့ကို အခြားစီစုပုံ၍ ရောင်းချခြင်းငှါ ဆိုင်ခင်းထားသကဲ့သို့ ဤအတူ ယောဂီပုဂ္ဂိုလ်သည် ဣရိယာပုထ်လေးပါးတို့တွင် တပါးပါးသော ဣရိယာပုထ်ဖြင့် တည်ရှိသည် အတိုင်း ဤကိုယ်၌ ပထဝီ, အာပေါ, တေဇော, ဝါယောဟူသော ဓာတ်လေးပါးတို့သည် ရှိကုန်၏ဟု–နှလုံးသွင်း အပ်၏။

ဤသို့ နှလုံးသွင်းသည်ရှိသော် နွားမကို ရိုက်နှက်ဆွဲငင်သော တိုင်၌ ချည်ရှိထားသော သတ်သောအသေကောင်ကို ကြည့်ရှုသော နွားသတ်သောသူ၏ အကြင်မျှလောက် နွားသေကောင်ကို ဖျက်ဆီးပြီးလျှင် အရိုး, အသားကို အသီးအခြားစီစုပုံ၍ မထားသေး၊ ထိုမျှလောက် ကာလပတ်လုံး နွားမဟူသော အမှတ်သညာသည်မပျောက်၊ အကြင်အခါ၌ နွားမသေကောင်ကို ဖျက်ဆီး၍ အရိုး,အသား,အခြားစီ စုပုံပြီးလျှင် ရောင်းရအောင် ဆိုင်ခင်း၏၊ ထိုအခါ နွားမဟူသော အမှတ် သညာသည် ပျောက်၏၊ အမဲသားဟူသော အမှတ်သညာသာလျှင် ဖြစ်၏၊ ငါသည် နွားမကို ရောင်း၏၊ ဝယ်ယူသော ဤသူတို့သည်လည်း နွားမကိုဆောင်ယူသွားကြကုန်၏ဟူသော အမှတ်သညာသည်မဖြစ်၊စင်စစ်သော်ကား–ငါသည် အမဲသားကိုရောင်း၏၊ ဤဝယ်ယူသော သူတို့သည်လည်း အမဲသားကိုဝယ်ယူသွားကြကုန်၏ ဟူသော အမှတ်သညာသည်သာလျှင်ဖြစ်၏၊

ဤအတူ ဤကိုယ်ကို ဓာတ်အားဖြင့် ဉာဏ်နှင့် မစိတ်ဖြာသော ဗာလပုထုဇန်ဖြစ်စဉ်ကာလ၌ သတ္တဝါ ပုဂ္ဂိုလ်ဟူသော အမှတ်သညာသည် မကွယ်မပျောက်၊ အကြင်အခါ ဤကိုယ်ကိုဓာတ်အားဖြင့် ဆင်ခြင်၏၊ ထိုအခါ သတ္တဝါပုဂ္ဂိုလ်ဟူသော အမှတ်သညာသည် ပျောက်၏၊ဓာတ်၏ အစွမ်းဖြင့် စိတ်သည်တည်၏။

ထို့ကြောင့် ထက်သော ဉာဏ်ရှိသော ယောဂီသည် ကေသာသည် ပထဝီဓာတ်၊ လောမာသည် ပထဝီဓာတ်၊ ဤသို့ဓာတ်ကိုသိမ်းဆည်းခြင်း

သည် ကျယ်သည်ဟု— ထင်၏၊ ခိုင်ခံ့သမျှသဘောသည် ပထဝီဓာတ်၊ ယိုစီးစိမ့်ဝင်တတ်သမျှ သဘောသည် အာပေါဓာတ်၊ ပူသမျှသဘောသည် တေဇောဓာတ်၊ ထောက်ကန်ဘိညှပ်တတ်သော သဘောသည် ဝါယောဓာတ်ဟူ၍ နှလုံးသွင်းလျှင်ပင် ကမ္မဋ္ဌာန်းသည်ထင်၏။

ဉာဏ်အလတ် ရှိသူကိုရည်၍ မဟာဟတ္ထိပဒေါပမသုတ်, ရာဟုလောဝါဒသုတ်ကို ဓာတုဝိဘင်း ပါဠိတော်၌ ဟောတော်မူ၏၊ ထို့ကြောင့် ဤဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ထက်သောပညာရှိသော ယောဂီသည် ကမ္မဋ္ဌာန်းမှ တပါးသော အာရုံကို အာရုံမပြုဘဲ ရှေးဦးစွာ ဆိတ်ငြိမ်ရာ၌ ပုန်းအောင်းပြီးလျှင် မိမိ၏အလုံးစုံသော ရူပကာယကို ဆင်ခြင်၍—

(၁) ဤကိုယ်၌ အကြင် အခဲ သဘောသည်ရင်း, ခိုင်ခံ့သော သဘောသည်ရင်း ရှိ၏၊ ဤအလုံးစုံသည် ပထဝီဓာတ် ဖြစ်၏။

(၂) အကြင်စေးကပ်ပေါင်းစုခြင်း သဘောသည်ရင်း, ယိုစီးစိမ့်ဝင်ခြင်း သဘောသည်ရင်း ရှိ၏၊ ဤအလုံးစုံသည် အာပေါဓာတ်ဖြစ်၏။

(၃) အကြင် ကျက်စေ, အိုစေ, ရင့်စေခြင်း သဘောသည်ရင်း, အကြင် ပူခြင်းသဘောသည်ရင်း ရှိ၏၊ ဤအလုံးစုံသည် တေဇောဓာတ်ဖြစ်၏။

(၄) အကြင် ထောက်ကန်ဘိညှပ်ခြင်း သဘောသည်ရင်း,အကြင် လှုပ်ရှား တိုက်လှွင့်ခြင်း သဘောသည်ရင်း ရှိ၏၊ ဤအလုံးစုံသည် ဝါယောဓာတ်ဖြစ်၏။

ဤသို့ အကျဉ်းအားဖြင့် ဓာတ်တို့ကိုသိမ်းဆည်း၍ သတ္တဝါပုဂ္ဂိုလ်မဟုတ်၊တိတ္ထိတို့ကြံဆအပ်သောအတ္တမဟုတ်၊ပထဝီဓာတ်,အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်သာဟု အဖန်ဖန် ဓာတ်အားဖြင့် သာလျှင် ဆင်ခြင်အပ်၏၊ နှလုံးသွင်းအပ်၏၊ ရှုအပ်၏၊ဤသို့ အကျဉ်းအားဖြင့် ရှုဆင်ခြင်သော ယောဂီပုဂ္ဂိုလ်သည် မကြာမြင့်မီသာလျှင် ဓာတ်အပြားဖြင့် ထင်ရှားသောပညာကို သိမ်းဆည်းမိ၍ သဘာဝဓမ္မကို အာရုံပြုရသည်၏ အဖြစ်ကြောင့် အပ္ပနာသို့မရောက်၊ ဥပစာရ သမာဓိသည်သာလျှင်ဖြစ်၏။

ဤဓာတ်လေးပါးတို့ကို သတ္တဝါပုဂ္ဂိုလ်မဟုတ်၊ အတ္တလည်း မဟုတ်သည်၏ အဖြစ်ကို ပြခြင်းငှါ တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် အရိုးတို့ဖြင့် စိုက်ဆောက်အပ်သည်ကို အကြောတို့ဖြင့် ဘွဲ့၍ အသားတို့ဖြင့် မွမ်းမံ၍ အရေတို့ဖြင့် ဖုံးလွှမ်းလျက် ကောင်းကင်ဖြင့် ခြံရံအပ်သော ဝတ္ထုသည် ရုပ်ကောင်ဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်၏ဟု—ဟောတော်မူသည်ကိုလည်း နှလုံးသွင်းအပ်၏။

---

## ဆင်ခြင်ရန်နည်း ၄-ပါး

ဉာဏ်အလတ်ဖြစ်သော ပုဂ္ဂိုလ်ကိုရည်၍ အကျယ်အားဖြင့် ဟောတော်မူသော ပါဠိတော်အလိုက် ဤဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများလိုသော ဉာဏ်အလတ်ဖြစ်သော ယောဂီပုဂ္ဂိုလ်သည် ဆိုခဲ့ပြီးသော ငါးဆယ်သောကောဋ္ဌာသတို့ကို အကျယ်အားဖြင့် ဆရာ့ထံ၌ သင်၍ ဆိတ်ငြိမ်ရာအရပ်၌နေ၍—

(၁) ဓာတ်တို့၏ အဆောက်အဦးနှင့်တကွ အကျဉ်းအားဖြင့် ရှုဆင်ခြင်ခြင်း သသမ္ဘာရသင်္ခေပ။

(၂) အကျယ်အားဖြင့် ရှုဆင်ခြင်ခြင်း သသမ္ဘာရဝိဘတ္တိ။

(၃) လက္ခဏာနှင့်တကွ အကျဉ်းအားဖြင့် ရှုဆင်ခြင်ခြင်း သလက္ခဏသင်္ခေပ။

(၄) အကျယ်အားဖြင့် ရှုဆင်ခြင်ခြင်း သလက္ခဏဝိဘတ္တိဟူသော လေးပါးသောနည်းတို့ဖြင့် ကမ္မဋ္ဌာန်းကို စီးဖြန်းပွားများအပ်၏။

---

## ဓာတ်အဆောက်အဦးအကျဉ်းဆင်ခြင်နည်း

ထိုလေးပါးတို့တွင် သသမ္ဘာရသင်္ခေပအားဖြင့် အဘယ်သို့စီးဖြန်းအပ်သနည်းဟူမူ— ကေသာစသော နှစ်ဆဲ့တပါးသော ကောဋ္ဌာသတို့၌ ခိုင်ခံ့တောင့်မာသောသဘောကို ပထဝီဓာတ်ဟူ၍ ဆုံးဖြတ်မှတ်သား၏၊ တဆဲ့လေးပါးသော ကောဋ္ဌာသတို့၌ အရည်ဖြစ်သော စေးကပ်ဘွဲ့စည်းတတ်သော သဘောကို အာပေါဓာတ်ဟူ၍ ဆုံးဖြတ်မှတ်သား၏၊ ငါးပါးသော ကောဋ္ဌာသတို့၌ ကျက်စေ, အိုစေ, ရင့်စေတတ်

သော သဘောကို တေဇောဓာတ်ဟူ၍ ဆုံးဖြတ်မှတ်သား၏၊ ဆယ်ပါး သော ကောဋ္ဌာသတို့၌ ထောက်ကန် ဘိညှပ်တတ်သော သဘောကို ဝါယောဓာတ်ဟူ၍ ဆုံးဖြတ်မှတ်သား၏၊ ဤသို့ ဆုံးဖြတ်မှတ်သားသော ယောဂီ၏ ဓာတ်တို့သည် ထင်ရှားကုန်၏၊ ထိုဓာတ်တို့ကို အဖန်ဖန် ဆင်ခြင်နှလုံးသွင်းသော ယောဂီ၏ ဥပစာရသမာဓိသည်ဖြစ်၏။

---

## ဓာတ်အသောက်အဦး အကျယ်ဆင်ခြင်နည်း

ဆိုခဲ့ပြီးသော သသမ္ဘာရ သင်္ခေပနည်းကို စီးဖြန်းပွါးများသော ယောဂီ၏ ကမ္မဋ္ဌာန်းသည် မပြည့်စုံ၊ ထိုယောဂီသည် သသမ္ဘာရဝိဘတ္တိ နည်းအားဖြင့် စီးဖြန်းပွားများအပ်၏၊ အဘယ်သို့ စီးဖြန်းပွားများအပ် သနည်းဟူမူ-ကာယဂတာသတိကမ္မဋ္ဌာန်း၌ ဆိုခဲ့ပြီးသော ဥဂ္ဂဟ ကောသလ္လခုနစ်ပါး, မနသိကာရကောသလ္လ ဆယ်ပါးအတိုင်း စီးဖြန်းပွား များအပ်၏၊ ဤကာယဂတာသတိကမ္မဋ္ဌာန်း၌ ပဋိကူလအားဖြင့် နှလုံး သွင်းအပ်၏၊ ဤဓာတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၌မူကား ဓာတ်အားဖြင့် နှလုံး သွင်းအပ်၏၊ ထို့ကြောင့် ဆံအစရှိသည်တို့ကို အဆင်းသဏ္ဌာန် အစရှိ သော ငါးပါးငါးပါးသော အပြားအားဖြင့် နှလုံးသွင်းအပ်သည့်အဆုံး၌ ဤဆိုလတံ့သော နှလုံးသွင်းခြင်းကို ဖြစ်စေအပ်၏။

(၁) ဤဆံတို့မည်သည် ခေါင်းခွံရိုးကို ဖုံးအုပ်သောအရေ၌ပေါက် ကုန်၏။

တောင်ပို့ထိပ်၌ မြက်တို့ပေါက်ကုန်သည်ရှိသော် ငါ၏အထက်၌ မြက်တို့သည် ပေါက်ကုန်၏-ဟု တောင်ပို့သည်မသိ၊ ဤအတူ ပေါက်ရာ ဦးခေါင်းရေနှင့် ဆံတို့သည် မသိကြကုန်၊အချင်းချင်း ဤဝတ္ထုနှစ်ခုတို့ သည် နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်း ကင်းကြကုန်၏၊ ဤကိုယ်၌ ဆံတို့ မည်သည် အသီးဖြစ်သော ကောဋ္ဌာသတည်း၊ စိတ်စေတနာမရှိသော အဗျာကတသဘောတည်း၊ တိတ္ထိတိုကြံအပ်သောအတ္တမှဆိတ်၏၊သုဉ်း၏၊ ခိုင်ခံ့တောင့်တင်းသော ပထဝီဓာတ်ဖြစ်၏၊ ဤသို့ ရှေးဦးစွာဆံကို သသမ္ဘာရ ဝိဘတ္တိ နည်းအတိုင်း ဓာတ်အားဖြင့် နှလုံးသွင်းအပ်၏။

ဓာတ်အားဖြင့် နှလုံးသွင်းအပ်၏ ဟူသည် သတ္တဝါပုဂ္ဂိုလ် မဟုတ်၊ တိတ္ထိတိုကြံဆအပ်သော အတ္တမှဆိတ်၏သုဉ်း၏၊ စင်စစ်အားဖြင့် ဓာတ် လေးပါးအစုသာဟု နှလုံးသွင်းခြင်းပင်တည်း။ ။(ဤကေသာနှင့်

အတူ ဆိုလတံ့သော ကောဋ္ဌာသတို့၌လည်း ဖြစ်ရာအရပ်နှင့် ဥပမာကို သာ ဆိုသော်လည်း ခေတ်အားဖြင့် အကျယ်နှလုံးသွင်းအပ်၏။)

(၂) ရွာပျက်ကုန်း၌ပေါက်သော သမန်းမြက်တို့ကဲ့သို့ အရေ၌ ပေါက်သော အမွေးတို့ကို နှလုံးသွင်းအပ်၏။

(၃) သူငယ်တို့သည် တုတ်ဖျား၌ထိုး၍ ကစားသော သစ်မယ် ဇယ်ဆံတို့ကဲ့သို့ ခြေဖျား လက်ဖျားတို့၌ ပေါက်သော ခြေသည်း လက်သည်းတို့ကို နှလုံးသွင်းအပ်၏။

(၄) ကျောက်ဆုံ၌ အစေးဖြင့်စိုက်ထားသော ကျည်ပွေ့ကဲ့သို့, ရွံ့ခဲ၌ စိုက်ထားအပ်သော ဗူးစေ့တို့ကဲ့သို့ သွားတို့သည် အထက်မေးရိုး,အောက်မေးရိုးတို့၌ ဖြစ်ကြကုန်၏ဟု နှလုံး သွင်းအပ်၏။

(၅) တယောခွက်ကြီးကို ရစ်ပတ်သော နွားရေစိုကဲ့သို့ အရေသည် ကိုယ်အလုံးကို ရစ်ပတ်၍တည်၏။

(၆) အုဋ္ဌ်ရိုး၌မံသော အင်္ဂတေကဲ့သို့, ကျိန်ရုံစသည်တို့ကို မံသော ရွှံ့ကဲ့သို့ အသားတုံးတို့သည် အရိုးတို့ကို မွမ်းမံဖုံးအုပ်၍ တည် ကြကုန်၏။

(၇) နံရံတန်းကို ချည်သောကြိမ်နွယ်တို့ကဲ့သို့, ဆင်၌ အုပ်သော ကွန်ချာတို့ကဲ့သို့ အကြောတို့သည် အရိုးဆက်တို့ကို ဘွဲ့ယှက် ကုန်၍ ဤကိုယ်ကို ဖုံးအုပ်၍ တည်ကြကုန်၏။

(၈) အုဋ္ဌ်တိုက်တို့၌စိုက်သော သစ်, အုဋ္ဌ်, ထုပ်, လျှောက်, ဆင့်တို့ သည် တခု၏အထက်၌ တခုတည်ကြသကဲ့သို့ ခြေရိုးမှ ဦး ခေါင်းတိုင် အရိုးတို့သည် တခု၏အထက်၌ တခုတည်ကြကုန် ၏။

(၉) ဝါးကျည်တောက်နှင့် ထည့်၍ ပြုတ်ပေါင်းအပ်သော ကြိမ် ညှောက်တို့ကဲ့သို့ အရိုးတို့၏အတွင်း၌ ခြင်ဆီတို့သည် တည် ကြကုန်၏။

(၁၀) သီးတံတခု၌ အညှာနှစ်ခုဖြစ်သော သရက်သီးနှစ်လုံးပူးကဲ့သို့ ထွက်သက် ဝင်သက် လေဝင်ရာအဆုတ်သို့ သွားသောလည် ချောင်းပေါက်၌ အညှာနှစ်ခုနှင့် အညှိုတို့သည် ဝဲယာညှပ်၍ တည်ကြကုန်၏။

(၁၁) ရထားခွက်တွင်း၌ ထည့်ထားသော ပဒုမာကြာငုံကဲ့သို့၎င်း, သားတစ်ကဲ့သို့၎င်း ရင်ရိုးတွင်း၌ နှလုံးသားသည် တည်၏။

(၁၂) ဟင်းအိုးတွင်း၌ ကပ်သောအသားလွှာ အစုကဲ့သို့ အသည်းသည် လက်ျာနံပါးအတွင်း၌ တည်၏။

(၁၃) အသားကိုထုပ်သော ဖျင်ဖြူကဲ့သို့ အမြှေးတို့သည် အသားတုံးတို့ကို ရစ်ပတ်ဖုံးအုပ်ကုန်၏။

(၁၄) ပျဉ်နံရံထိပ်၌ကပ်သောနွားချေးစိုင်ကဲ့သို့ လက်ဝဲနံရိုးအတွင်း အစာသစ်အိမ်၏ ထိပ်ကိုကပ်မှီလျက် သရက်ရွက်သည် တည်၏။

(၁၅) ကျီပျက်တို့၌ တွဲလျားနေသော စာသိုက်, ငှက်သိုက်တို့ကဲ့သို့ လည်ချောင်းပေါက်အောက် နို့နှစ်လုံးအကြား ရင်ရိုးတွင်း၌ နှလုံး, အသည်း, သရက်ရွက်တို့ကို ဖုံးအုပ်လျက် အဆုတ်သည် တွဲလျားတည်၏။

(၁၆) သစ်ခွက်နီအတွင်း၌ ခေါင်းပြတ်သောမြွေကိုပုံထားသကဲ့သို့, မြေကြီး၌ရှိသော တီထွေးကဲ့သို့ ဝမ်းပိုက်တွင်း၌ အူအထွေးသည် တည်၏။

(၁၇) မှော်မြစ်တို့ကဲ့သို့ ခြေသုတ်ကြိုးဝန်း၌ တွယ်အပ်သော ကြိုးတို့ကဲ့သို့ နှစ်ဆဲ့တချက်သော အူ၏အတွန့်၌ အူသိမ်တို့သည် ကပ်ကြကုန်၏။

(၁၈) ခွေးစားခွက်၌ ခွေးအန်ဖတ်ကဲ့သို့ အစာသစ်အိမ်၌ အစာသစ်သည် တည်၏။

(၁၉) အစောက်ရှစ်သစ်ရှိသော ကျည်တောက်တွင်း၌ မြေဝါရှုံ့ကဲ့သို့ အစာဟောင်းသည် တည်၏။

(*) သီးတံတခု၌ အညှာနှစ်ခုဖြင့် တွယ်ကပ်သော လက်ခုပ်သီးနှစ်လုံးပြူးကဲ့သို့ သွေးကြောကြီး၌ အညှာနှစ်ခုဖြင့် ကျောက်ကပ်တို့သည် ဝဲယာညှပ်လျက် တည်ကုန်၏။

(၂၀) ဗူးတောင်းဟောင်း၌ ထည့်သိပ်အပ်သော မုံ့ညက်စိုင်ကဲ့သို့ ခေါင်းခွံရိုးအတွင်း၌ ဦးနှောက်သည် တည်၏။

ဗုဒ္ဓတောင်းပြောင်းနှင့် မုံ့ညက်စိုင်တို့သည် အချင်းချင်း တည်တတ်သော ဝတ္ထု, တည်ရာ၏အဖြစ်ကို မသိကြသကဲ့သို့ ခေါင်းခွံရိုးနှင့် ဦးနှောက်တို့သည် အချင်းချင်း နှလုံးသွင်းခြင်း, ရှုဆင်ခြင်ခြင်း ကင်းကုန်၏၊ ဤကိုယ်၌ ဦးနှောက်မည်သည် ကောဋ္ဌာသတခု အသီးအခြားဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတဖြစ်၏၊ အတ္တမှဆိတ်၏၊ သုဉ်း၏၊ သတ္တဝါ ပုဂ္ဂိုလ်မဟုတ်၊ ခိုင်ခံ့တောင့်မာသော ပထဝီဓာတ်ဖြစ်၏။

(၂၁) မုံ့ဆီကြော်၌ ဆီသည်ပျံ့နှံ့လျက် တည်သကဲ့သို့ အဗဒ္ဓသည်းခြေသည် ရုပ်ဇီဝိတိန္ဒြေနှင့်စပ်၍ ကိုယ်အလုံးကို ပျံ့နှံ့လျက် တည်၏၊ မိုဃ်းရေပြည့်သော ပိုလုံသီးခြောက်, သပွတ်သီးခါးခြောက်ကဲ့သို့ သည်းခြေအိတ်တွင်း၌ သည်းခြေရည်သည် တည်၏။

တည်သောဝတ္ထုနှင့် တည်ရာတို့သည် အချင်းချင်း မသိကြကုန်၊ နှလုံးသွင်းခြင်း, ဆင်ခြင်ခြင်းကင်းကုန်၏၊ ဤ၌ သည်းခြေသည် ကောဋ္ဌာသ အသီးအခြားတခု ဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတဖြစ်၏၊ အတ္တမှဆိတ်၏၊ သုဉ်း၏၊ သတ္တဝါပုဂ္ဂိုလ်မဟုတ်၊ ယိုစီးစိမ့်ဝင်တတ်သော အရည်သဘော, စေးကပ်ဘွဲ့ယှက်တတ်သော အာပေါဓာတ်တည်း။

(၂၂) ရွှံ့ပုပ်အိုင်ရေ၏ အထက်၌ အမြှုပ်မြေးတည်သကဲ့သို့ အစာသစ်အိမ်အတွင်း အထက်၌ တကွမ်းစားမျှလောက်သော သလိပ်သည် တည်၏။ (ဤကား—အဋ္ဌကထာတို့၏အလို)

[သနပ်သီး၏ အတွင်း၌ ဖြစ်ခဲ့သောအရည်ကဲ့သို့ သလိပ်အိမ်၏ အတွင်း၌ သလိပ်သည် တည်၏။ ။ဤကား-အနုဋီကာမိကျမ်းအလို။]

(၂၃) ပြည်သည် တည်ရာအမြဲမရှိ၊အစေးရှိသော သစ်ပင်ကို ဓား, ပုဆိန်တို့ဖြင့်ထစ်လျှင် အစေးယွက်သကဲ့သို့ အမာမှယိုထွက်၍ အမာ၌တည်၏၊ ပက်ကျိသေကောင်အတွင်း၌ ဖြစ်ခဲ့သောအရည်ကဲ့သို့ ဗဒ္ဓပြည်အိတ်အတွင်း၌ ပြည်တည်၏။

(*) ဝက်အူအတွင်း၌ ယက်မန်းကဲ့သို့ အူ၏အတွင်း၌ ရသမှာတ်သည် တည်၏။

(၂၄) သွေးကို အဗဒ္ဓသည်းခြေကဲ့သို့ နှလုံးသွင်းအပ်၏။

(၂၇) ကြာရိုးအပေါက်တွင်း၌ ရေပြည့်၍ တည်သကဲ့သို့ မီးပူ နေပူ အစရှိသည်တို့ကြောင့် ဖြစ်သော ချွေးသည် ဆံ, အမွေး ပေါက်သော တွင်းတို့၌ ပြည့်၍တည်၏၊ ယိုစီး၏။ ။ (ဤကား အဋ္ဌကထာဆရာတို့အလို။)

[ကြာရိုးအခေါင်းတွင်း၌ ရေကဲ့သို့ ချွေးပြွန်ခွေအတွင်း၌ ချွေးတို့သည် တည်ကြကုန်၏။ ။ဤကား အနာတမီကျမ်းအလို။]

(၂၆) နနွင်းဆိုးဖျင်ကြမ်းဖြင့် အမဲသားတုံးကို ဖုံးအုပ်သကဲ့သို့ ဝသောသူ၏ ကိုယ်အလုံးအသား၌, ပိန်သောသူ၏ သလုံးကြွက်သား၌ ဖုံးအုပ်လျက် အဆီခဲသည် တည်၏။

(၂၇) နုသော ထန်းစေ့မှုတ်တွင်း၌ ပြည့်သောရေကဲ့သို့ ဖြစ်သော မျက်ရည်သည် မျက်လုံးတွင်း၌ ပြည့်၍တည်၏၊ယိုစီး၏။

(၂၈) ထမင်းချိုး၌ သွန်းလောင်းအပ်သော ဆီကဲ့သို့ ခြေ,လက်, နှာခေါင်း, နဖူး, ပခုံးစွန်းတို့၌ ဆီကြည်သည် တည်၏။

(၂၉) သောင်ပြင်တွင် လက်ယက်တွင်း၌ ထွက်သော ရေကဲ့သို့ တံတွေးဖြစ်ကြောင်းရှိလျှင် ပါးစောင်နှစ်ဘက်တို့မှ ထွက်၍ လျှာအပြင်၌ တည်၏။

(၃၀) ခရု၌ပြည့်သော နွားနို့ချဉ်ဟောင်းကဲ့သို့ ဖြစ်သောနှပ်သည် နှာခေါင်းဖုအတွင်း၌ပြည့်၍တည်၏၊ယိုစီး၏။ ။(ဤကား အဋ္ဌကထာဆရာတို့အလို။)

[မျက်ရည်မှစ၍ ဤနှပ်တိုင်အောင် ငါးစည်ပေါင်းနှင့်တူသော အိမ်တွင်း၌ တည်ကြကုန်၏၊ဤကား အနာတမီကျမ်းအလို။]

(၃၁) ဝင်ရိုးပုန်တောင်း မပွန်းရအောင် ရထားဝင်ရိုးတို့၌ ထည့်သော အမဲဆီကဲ့သို့ အရိုးအဆက်တို့၏အကြား၌အစေးသည် တည်၏။

( * ) အဗဒ္ဓ သည်းခြေကဲ့သို့ သက်သည် ကိုယ်အလုံး၌ ပျံ့နှံ့လျက် တည်၏။

(၃၂) ရွှံပုပ်အိုင်၌ မှောက်၍ပစ်ထားအပ်သော ဖသီလူမျိုးတို့ရေခပ် အိုးအတွင်း၌ စိမ့်၍ဝင်သော ရွှံပုပ်ရေကဲ့သို့ ဆီးအိမ်, စည်ပေါင်းတွင်း၌ ကျင်ငယ်သည် တည်၏။

တည်သော၀တ္ထုနှင့် တည်ရာတို့သည် အချင်းချင်း မသိကြကုန်၊နှလုံးသွင်းခြင်း ဆင်ခြင်ခြင်းကင်းကြကုန်၏၊ ကျင်ငယ်မည်သည် ဤကိုယ်၌ အသီးအခြားတခု ဖြစ်၏၊ စိတ်စေတနာမရှိ အဗျာကတဖြစ်၏၊ အတ္တမှဆိတ်၏၊ သုဉ်း၏၊ သတ္တ၀ါပုဂ္ဂိုလ်မဟုတ်၊ယိုစီးစိမ့်ဝင်တတ်သော အရည်သဘော,စေးကပ်ဘွဲ့ယှက်တတ်သော အာပေါဓာတ်တည်း။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ဆံစသည်တို့၌ နှလုံးသွင်း၍ သန္တပ္ပနတေဇောဓာတ်သည် ဤကိုယ်၌ အသီးအခြားတခု ဖြစ်၏၊စိတ်စေတနာမရှိ၊ အဗျာကတဖြစ်၏၊ အတ္တမှဆိတ်၏၊ သုဉ်း၏၊သတ္တ၀ါပုဂ္ဂိုလ်မဟုတ်၊ ရင့်စေ,အိုစေ,ကျက်စေတတ်သော တေဇောဓာတ်တည်း၊ ကြွင်းသော တေဇောကောဋ္ဌာသတို့၌လည်း ဤအတိုင်း နှလုံးသွင်းအပ်၏။

အထက်သို့ဆန်တက်သော ဥဒ္ဓင်္ဂမလေသည် ဤကိုယ်၌ အသီးအခြားကောဋ္ဌာသတခုဖြစ်၏၊ စိတ်စေတနာမရှိ၊ အဗျာကတဖြစ်၏၊ အတ္တမှဆိတ်၏၊ သုဉ်း၏၊ သတ္တ၀ါ ပုဂ္ဂိုလ်မဟုတ်၊ ထောက်ကန် ဘိညှပ်တတ်သော ၀ါယောဓာတ်တည်း၊ကြွင်းသော ၀ါယောကောဋ္ဌာသတို့၌လည်း ဤအတိုင်း နှလုံးသွင်းအပ်၏။

ဤသို့ နှလုံးသွင်းသောယောဂီ၏ ဤကိုယ်ကို ဓာတ်လေးပါးအစုဟူ၍ ထင်ကုန်၏၊ ထိုဓာတ်လေးပါးတို့ကို အဖန်ဖန် နှလုံးသွင်းသောယောဂီ၏ ဆိုခဲ့ပြီးသောနည်းအတိုင်း ဥပစာရသမာဓိဖြစ်၏။

---

## ဓာတ်လက္ခဏာအကျဉ်း ဆင်ခြင်နည်း

ဤအတိုင်း နှလုံးသွင်း၍ စီးဖြန်းပွားများသော အကြင်ယောဂီ၏ ကမ္မဋ္ဌာန်းသည် မပြည့်စုံ၊ ထိုယောဂီသည် သလက္ခဏသင်္ခေပ နည်းအားဖြင့် စီးဖြန်းပွားများအပ်၏၊ အဘယ်ကဲ့သို့နည်း ဟူမူကား—

(၁) ကေသာစသော နှစ်ဆဲ့တပါးသော ကောဋ္ဌာသတို့၌ပင်လျှင် တောင့်တင်းခိုင်မာသော သဘောသည် ပထဝီဓာတ်တည်း။

(၂) စေးကပ်ပေါင်းဘွဲ့တတ်သော သဘောသည် အာပေါဓာတ်တည်း။

(၃) ကျက်စေ့ ရင့်စေ့ အိုစေ့ မှည့်စေတတ်သော သဘောသည် တေဇောဓာတ်တည်း။

(၄) ထောက်ကန်ဘိညှပ်တတ်သောသဘောသည် ဝါယောဓာတ်တည်း။

ဤသို့ ဆုံးဖြတ်ပိုင်းခြား မှတ်သားအပ်၏။

တဆဲ့လေးပါးသော ကောဋ္ဌာသတို့၌စေးကပ် ပေါင်းဘွဲ့တတ်သော သဘောသည် အာပေါဓာတ်တည်း၊ တဆဲ့လေးပါးသော ကောဋ္ဌာသတို့၌ပင်လျှင် ကျက်စေ့ ရင့်စေ့ အိုစေတတ်သော သဘောသည် တေဇောဓာတ်တည်း၊ ထောက်ကန် ဘိညှပ်တတ်သော သဘောသည် ဝါယောဓာတ်တည်း၊ တောင့်တင်းခိုင်မာသော သဘောသည် ပထဝီဓာတ်တည်း၊ ဤသို့ ဆုံးဖြတ်ပိုင်းခြား မှတ်သားအပ်၏။

ငါးပါးသော ကောဋ္ဌာသတို့၌ ကျက်စေ့ ရင့်စေ့ အိုစေ့ မှည့်စေတတ်သော သဘောသည် တေဇောဓာတ်တည်း၊ ထိုတေဇောဓာတ်နှင့် မကွဲမပြား တပေါင်းတည်း ဖြစ်သောထောက်ကန်ဘိညှပ်တတ်သော သဘောသည် ဝါယောဓာတ်တည်း၊ တောင့်တင်းခိုင်မာသော သဘောသည် ပထဝီဓာတ်တည်း၊ စေးကပ်ပေါင်းဘွဲ့တတ်သော သဘောသည် အာပေါဓာတ်တည်း၊ ဤသို့ဆုံးဖြတ်ပိုင်းခြား မှတ်သားအပ်၏။

ဆယ်ပါးသော ကောဋ္ဌာသတို့၌ ထောက်ကန် ဘိညှပ်တတ်သော သဘောသည် ဝါယောဓာတ်တည်း၊ ထိုဝါယောဓာတ်နှင့် မကွဲမပြား တပေါင်းတည်းဖြစ်သော တောင့်တင်း ခိုင်မာသော သဘောသည် ပထဝီဓာတ်တည်း၊ ကျက်စေ့ ရင့်စေ့ အိုစေ့ မှည့်စေတတ်သောသဘောသည် တေဇောဓာတ်တည်း၊ ဤသို့ ဆုံးဖြတ်ပိုင်းခြား မှတ်သားအပ်၏။

ဤသို့ ဆိုခဲ့ပြီးသော သလက္ခဏသင်္ခေပ နည်းအတိုင်း ဆုံးဖြတ်ပိုင်းခြား မှတ်သားသော ထိုယောဂီ၏ ဓာတ်လေးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုထင်ရှားသော ဓာတ်လေးပါးတို့ကို အဖန်ဖန် ဆင်ခြင်နှလုံးသွင်းသောယောဂီ၏ ဆိုခဲ့ပြီးသောနည်းအတိုင်း ဥပစာရသမာဓိသည် ဖြစ်၏။

## ခေတ်လက္ခဏာအကျယ်ဆင်ခြင်နည်း

ဤသို့ ဆိုခဲ့ပြီးသည်အတိုင်း စီးဖြန်း ပွားများသော်လည်း အကြင်ယောဂီ၏ ကမ္မဋ္ဌာန်းသည် မပြည့်စုံ၊ ထိုယောဂီသည် သလက္ခဏဝိဘတ္တိနည်းအတိုင်း စီးဖြန်းပွားများအပ်၏၊ အဘယ်ကဲ့သို့ နည်းဟူမူကား— ဆိုခဲ့ပြီးသော ဥဂ္ဂဟကောသလ္လ အစရှိသည်တို့ဖြင့်သာလျှင် ဆံအစရှိသော ကောဋ္ဌာသတို့ကို သိမ်းဆည်းဦး၍ ဆံ၌တောင့်တင်းခိုင်မာသော သဘောသည် ပထဝီခေတ်တည်း၊ ထိုဆံ၌ပင်လျှင် စေးကပ်ပေါင်းဘွဲ့တတ်သော သဘောသည် အာပေါခေတ်တည်း။ ကျက်စေ, ရင့်စေ, အိုစေ, မှည့်စေတတ်သော သဘောသည် တေဇောခေတ်တည်း၊ ထောက်ကန် ဘိညှပ်တတ်သော သဘောသည် ဝါယောခေတ်တည်း၊ ဤသို့ ဆုံးဖြတ် ပိုင်းခြား မှတ်သားအပ်၏။

ဤသို့ အလုံးစုံသော ကောဋ္ဌာသတို့တွင် တခုခုသော ကောဋ္ဌာသ၌ လေးပါးလေးပါးသော ခေတ်တို့ကို ဆုံးဖြတ်ပိုင်းခြား မှတ်သားအပ်ကုန်၏။

ဤသလက္ခဏဝိဘတ္တိနည်းအတိုင်း ဆုံးဖြတ်ပိုင်းခြား မှတ်သားသော ထိုယောဂီ၏ ခေတ်လေးပါးတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုထင်ရှားသော ခေတ်လေးပါးတို့ကို အဖန်ဖန် ဆင်ခြင်နှလုံးသွင်းသောယောဂီအား ဆိုခဲ့ပြီးသော နည်းအတိုင်း ဥပစာရ သမာဓိသည် ဖြစ်၏။

---

### ခေတ်၌ နှလုံးသွင်းနည်း ၁၃-ပါး

တနည်းကား—

(၁) ဝစနတ်အားဖြင့်ရင်း၊
(၂) ဖြစ်ကြောင်း သမုဋ္ဌာန်အားဖြင့်ရင်း၊
(၃) ကလာပ်အားဖြင့်ရင်း၊
(၄) အမှုန့်အားဖြင့်ရင်း၊
(၅) လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့်ရင်း၊
(၆) အသီးအခြားမဖြစ်သော နာနတ္တနည်း, သဘောတခုတည်းရှိသော ဧကတ္တနည်းအားဖြင့်ရင်း၊
(၇) ခွဲခြမ်းကောင်းသော ဝိနိဗ္ဘောဂ, မခွဲခြမ်းကောင်းသော အဝိနိဗ္ဘောဂ အားဖြင့်ရင်း၊

(၈) သဘောတူမတူ သဘာဂ ဝိသဘာဂအားဖြင့်၎င်း၊
(၉) အတွင်းအပြင် အထူးဖြစ်သော အဇ္ဈတ္တိကဗာဟိရ ဝိသေသအားဖြင့်၎င်း၊
(၁၀) သဘောတူရာပေါင်းချုပ်သော သင်္ဂဟအားဖြင့်၎င်း။
(၁၁) အချင်းချင်း ထောက်ပံ့ ကျေးဇူးပြုသော ပစ္စည်းအားဖြင့်၎င်း၊
(၁၂) အချင်းချင်း ထောက်ပံ့ကျေးဇူး ပစ္စည်းပြုသည်ကို မသိသော အသမန္နာဟာရ အားဖြင့်၎င်း၊
(၁၃) နှစ်ဆဲ့လေးပါးသော ပစ္စည်းတို့တွင် ရထိုက်သောပစ္စည်းတို့ကို ဝေဘန်သော ပစ္စယဝိဘာဂ အားဖြင့်၎င်း—

ဤသို့ တဆဲ့သုံးပါးသော အခြင်းအရာတို့ဖြင့် ဓာတ်တို့ကို နှလုံးသွင်း အပ်ကုန်၏၊ ဝိသုဒ္ဓိမဂ်၌ကား—လက္ခဏာစသည်တို့ကို ပြပြီး နောက်မှ သမုဋ္ဌာန်ကို ပြ၏၊ သို့သော်လည်း ကလာပ်ကိုကောက်ရာ သမုဋ္ဌာန် အလိုက် ကောက်ရသောကြောင့် သမုဋ္ဌာန်ကို ရှေးဦးစွာထားခြင်းသည် သာ၍ကောင်းမြတ်၏။

---

## ဝဏ္ဏတ်အားဖြင့် နှလုံးသွင်းနည်း

ထိုတဆဲ့သုံးပါးတို့တွင် ဝစနတ်အားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်း ရမည်နည်းဟူမူ—

ပုထုဘာဝေါ ပုထဝီ၊ သာယေဝ နိရုတ္တိနယေန ပထဝီတိ ရူပ-သိဒ္ဓိ၊ ပတ္ထရတ္တေန ဝါ ပထဝီ။ ပတိဋ္ဌာဘာဝေန ဝါ ပတ္ထယတိ ဥပတိဋ္ဌတီတိ အတ္ထော။

ကြီးကျယ်ပြန့်ပြောသောကြောင့် ပုထဝီဟု—ဆိုလိုသည်ကို နိရုတ္တိ နည်းအားဖြင့် ပထဝီဟု—ရုပ်ပြီးသည် ဟူလို။ ။တနည်းကား—အခြား သော ရုပ်ဓာတ်တို့၏ တည်ရာအဖြစ်ဖြင့် ရှေးရှု တည်တတ် ထင်တတ် သောကြောင့် ပထဝီမည်၏။

ပဋ္ဌရဏ သဘာဝေန သသမ္ဘာရပထဝီသင်္ခါတံ တံ တံ ဌာနံ အပ္ပေါတိ ဝိသရတိ ပပ္ပေါတိ ပါပုဏာတီတိ ဝါ အာပေါ၊ သ သမ္ဘာရပေါ။ သဟဇာတ အညမည နိဿယာဒိပစ္စယတာယ

သေသဘူတတ္တယသင်္ခါတံ  တံ တံ ဌာနံ  ဒဝဘာဝသိဒ္ဓေန ပဋ္ဌရဏာသဘာဝေန  အာဗန္ဓနဘာဝံ အာသတ္တာဘာဝံ  အဝိပ္ပ ကိဏ္ဏာဋ္ဌ ကရောန္တော  အပ္ပေါတိ  ပပ္ပေါတီတိ ဝါ  အာပေါ၊ လက္ခဏာပေါ။

သသမ္ဘာရအာပေါဓာတ်သည် ယိုစီးစိမ့်ဝင်တတ်သော သဘောဖြင့် သသမ္ဘာရပထဝီဓာတ်ဟု—ဆိုအပ်သော ထိုထိုအရပ်သို့ ရွေ့ရှားတတ်သောကြောင့်, တနည်းကား—ရောက်တတ်သောကြောင့် အာပမည်၏၊ သဘာဝ အာပေါဓာတ်သည် သဟဇာတ, အညမည, နိဿယ အစရှိသော ပစ္စည်းတို့၏အဖြစ်ဖြင့် ကြွင်းသော ဓာတ်သုံးပါးအပေါင်းဟု—ဆိုအပ်သော ယိုထိုအရပ်သို့ အရည်သဘောဖြင့်ပြီးသော ယိုစီးခြင်းသဘောဖြင့် ကပ်ငြိဘွဲ့စည်းခြင်းကို ဖရိုဖရဲ မကွဲခြင်းကိုပြုလျက် ရွေ့ရှားရောက်ပေါက်တတ်သောကြောင့် အာပမည်၏။

အပ္ပိယတိ သောသိယတီတိ အာပေါ၊ပိဝိယတီတိ ကေစိ။

ခြောက်သွေ့စေတတ်သောကြောင့် အာပေါဓာတ်မည်၏၊ သောက်အပ်သောကြောင့်ဟူ၍ ကေစိဆရာတို့ ဆိုကုန်၏၊ ဤဝစနတ်သည် သသမ္ဘာရ အာပေါဓာတ်၌သာ သင့်၏ဟု—ဆိုကုန်၏။ ။ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ့ အလိုအားဖြင့်ကား— ပြင်းထန်စွာကျက်ခြင်း, ခြောက်သွေ့ခြင်း အခြင်းအရာရှိသော ကြွင်းသော ဓာတ်သုံးပါး အပေါင်းနှင့် တကွ ခြောက်သွေ့သကဲ့သို့ ဖြစ်တတ်သောကြောင့် သဘာဝ အာပေါဓာတ်၌လည်း ဤဝစနတ်သည် သင့်သည်ပင်ဟူ၏။

အပ္ပါယတိ ဗြူဟေတိ ဝဍ္ဎေတီတိ ဝါ အာပေါ။

မိမိနှင့်အတူ တကွဖြစ်သောရုပ်ဓာတ်တို့ကို ပွါးစေတတ်သောကြောင့် အာပမည်၏၊ ထို့ကြောင့် အာပေါဓာတ်သည် ပရိဗြူဟန ဟူသော ကိစ္စရသရှိ၏။

တေဇေတိ နိသေတိ တိက္ခဘာဝေန သေသဘူတတ္တယံ ဥသ္မာပေတီတိ တေဇော။

ထက်သော သဘောဖြင့် မိမိမှကြွင်းသော ဓာတ်သုံးပါးအပေါင်းကို ပူစေတတ်သောကြောင့် တေဇောမည်၏။

ဝါယတိ သမီရေတိ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေနဘူတ သင်္ဃာတံ ဂမေတီတိ ဝါယော။

ရုပ်ခဲတ်စုကို အရပ်တပါးသို့ ရောက်အောင် တိုက်လှုပ်တတ်သော ကြောင့် ဝါယောမည်၏ ဟူလို။ ။ဤကား–ဓာတ်လေးပါးတို့၏ အသီးအသီးသော ဝစနတ်တည်း။

ဓာတ်လေးပါး အလုံးစုံတို့နှင့် ဆက်ဆံသော ဓာတုဟူသောပုဒ်၏ ဝစနတ်ကို ဤသို့ဆိုလတံ့သော နည်းဖြင့် မှတ်အပ်၏၊ "သလက္ခဏံ ဓာရေတီတိ ဓာတု"။ ။တိတ္ထိတို့ကြံဆအပ်သော အတ္တကဲ့သို့ သဘာဝ အားဖြင့် မရှိသည်မဟုတ်၊ သဘောအားဖြင့် ထင်ရှားရှိသောကြောင့် မိမိသဘောကို မိမိပင်ဆောင်တတ်သောကြောင့် ဓာတ်မည်၏ ဟူလို၊ "ဓာတုယောဝိယ ဓာတုယော"။ ။လောက၌ အထူးထူးအပြားပြား ဆန်းကြယ်ကုန်သော မြင်းသီလာဆေးဒန်း အစရှိကုန်သောကျောက် မျိုးအဝင်အပါဖြစ်၍ ကျောက်၏အစိတ်ဖြစ်ကုန်သော ဝတ္ထုတို့ကို ဓာတ် ဟူ၍ ဆိုအပ်ကုန်သကဲ့သို့ ဤအတူ အထူးထူးအပြားပြား ဆန်းကြယ်ကုန် သော ဥ ယျစ်တရား၏ အစိတ်ဖြစ်ကုန်သော ဤပထဝီအစရှိသော ရုပ်တို့ကိုလည်း ဓာတ်ဟူ၍ ဆိုအပ်ကုန်၏၊ ထို့ကြောင့် ဓာတ်မည်ကုန်၏ ဟူလို။

တနည်းကား– ကိုယ်ဟု ဆိုအပ်သော ဤကောဋ္ဌာသ အစုတို့၏ အစိတ်ဖြစ်ကုန်သော အချင်းချင်းမတူသော သဘောဖြင့် ပိုင်းခြား အပ်ကုန်သော ရသသွေး အစရှိသော ဝတ္ထုခုနစ်ခုတို့၌ ဓာတ်ဟူသော အမည်သည် ဖြစ်၏၊ ဤအတူ ခန္ဓာ ငါးပါးဟု ဆိုအပ်သော အတ္တ ဘော၏ အစိတ်ဖြစ်ကုန်သော အချင်းချင်း အသီးအသီး မတူသော သဘောဖြင့် ပိုင်းခြားအပ်ကုန်သော ဤပထဝီအစရှိသော ရုပ်တို့၌လည်း ဓာတ်ဟူသော အမည်သည်ဖြစ်၏၊ ထို့ကြောင့် ရသသွေး အစရှိသော ဓာတ်တို့ ကဲ့သို့တည်း၊ ထို့ကြောင့်လည်း ဓာတ်မည်ကုန်၏။

"ဝိဓိယန္တီတိ ဓာတုယော"။ ။ရွှေကျောက်,ငွေကျောက် အစရှိသော ဓာတ်ထွက်သောကျောက်တို့သည် ရွှေ,ငွေ အစရှိသောဓာတ်အပေါင်းကို စီရင်နိုင်ကုန်သကဲ့သို့ များစွာသော သံသရာဆင်းရဲကို စီရင်နိုင်ကုန်၏၊ ဖြစ်စေနိုင်ကုန်သောကြောင့်လည်း ဓာတ်မည်ကုန်၏။ ။"ဓရန္တေဟိ

ဓာရိယန္တီတိ ဓာတု"။ ။ဝန်ထမ်းသော သူတို့သည် ဝန်ကိုရွက်ဆောင်အပ်သကဲ့သို့ သတ္တဝါတို့သည် ရွက်ဆောင်အပ်ကုန်၏၊ထို့ကြောင့်လည်း ဓာတ်မည်ကုန်၏။ ။"ဝိဓာနံ ဓာတု"။ ။ဤပထဝီ အစရှိသော ဓာတ်တို့သည် အလိုကိုမလိုက်တတ်သောကြောင့် ဆင်းရဲကို စီရင်ကာမျှသာဖြစ်၏၊ ထို့ကြောင့်လည်း ဓာတ်မည်၏။

"ဝိဓိယတေ တောယာတိ ဝါ ဓာတု"။ ။ဤအကြောင်းဖြစ်သော ပထဝီအစရှိသောရုပ်ဖြင့် သတ္တဝါတို့သည် သံသရာဆင်းရဲကို စီရင်အပ်၏၊ ထိုသို့ စီရင်ကြောင်း ဖြစ်သောကြောင့်လည်း ဓာတ်မည်၏။ ။"ဝိဓိယတိ ဧပိယတိ တွောတိ ဝါ ဓာတု"။ ။သံသရာဆင်းရဲကို စီရင်ကြောင်းဖြစ်သော ဤဓာတ်သည် ဤသံသရာ ဆင်းရဲကို ဤဓာတ်၌ပင်လျှင် ထားအပ်၏၊ ထိုသို့ သံသရာဆင်းရဲကို ထားရာဖြစ်သောကြောင့်လည်း ဓာတ်မည်၏။ ။တနည်းကား—ဓာတ်ဟူသော ဤအမည်သည် တိတ္ထိတို့ကြံဆအပ်သော ဇီဝဟူသော အတ္တမဟုတ်ကာမျှဖြစ်သော ပထဝီအစရှိသော ရုပ်၏အမည်တည်း၊ထို့ကြောင့်—

[မြတ်စွာဘုရားသည် ဆဓာတုယော အယံဘိက္ခုပုရိသော ဤသို့အစရှိသော ပါဠိတော်တို့၌ တိတ္ထိတို့ကြံဆအပ်သော အတ္တဟူသော ဇီဝရှိ၏—ဟူသော အမှတ်သညာကို နုတ်ခြင်းငှါ ဓာတ်ဒေသနာကို ဟောတော်မူ၏။]

ဤသို့ အသီးအသီးသော အမည်၏ဝစနတ်,ဓာတ်ဟူသော အလုံးစုံနှင့်ဆက်ဆံသော အမည်၏ဝစနတ်ကို သိပြီး၍"ပထဝီစ သာ ဓာတု စာတိ ပထဝီဓာတု"၊ ဤအမည်နှစ်ခုကိုစပ်သော ကမ္မဓာရည်းသမာသ် ဝစနတ်ကို ရှုဆင်ခြင်လေ၊ ဤသို့လျှင် ဝစနတ်အားဖြင့် နှလုံးသွင်းအပ်၏၊ ယောဂီသည် ရှေးဦးစွာ သဒ္ဒါ၏အစွမ်းဖြင့် ကမ္မဋ္ဌာန်းသင်ခြင်းသည် ဖြစ်၏၊ထိုသဒ္ဒါကို အရင်းမူသဖြင့် ထိုသဒ္ဒါ၏အနက်ကို ရှေးဦးစွာသိအပ်သောကြောင့် သဒ္ဒါ၏အနက်ဟူသော ဝစနတ်အားဖြင့်လည်း ဓာတ်တို့ကို ရှေးဦးစွာ နှလုံးသွင်းအပ်ကုန်၏။

---

## သမုဋ္ဌာန်အားဖြင့် နှလုံးသွင်းနည်း

ဟိန္ဒူ,ဘင်္ဂါလီ,ပုဏ္ဏားတို့၌ ဗြဟ္မာခေါ်သော, ဗသီလူမျိုးတို့၌ ခိုဒါခေါ်သော, သိုးဆောင်းလူမျိုးတို့၌ ဂေါ့ခေါ်သော ကောင်းကင်၌

အမြဲတည်သော ထာဝရဘုရားသည် အကြောင်းမရှိ အလိုလို သယမ္ဘူ ဖြစ်သည်ဟု- အဟေတုကဒိဋ္ဌိ အယူရှိသောသူတို့သည် ကြံဆရျထားအပ် သော ထာဝရ ဘုရားဆိုသကဲ့သို့ ဤဓာတ်လေးပါး တို့သည်လည်း အကြောင်းမရှိ အလိုလိုဖြစ်သည်မဟုတ်၊ ကံ,စိတ်,ဥတု, အာဟာရ အကြောင်းလေးပါးတို့ကြောင့် ဖြစ်သည်ဟု–နှလုံးသွင်းအပ်သည်ကိုပြလို သောကြောင့် ဝစနတ်ကိုပြပြီးနောက် သမုဋ္ဌာန်ကို ပြအပ်သည်၊ နှလုံး သွင်းအပ်သည်။

ကောဋ္ဌာသငါးဆယ်တို့တွင် (၁) အစာသစ်၊ (၂) အစာဟောင်း (၃) အနိုယတပြည်၊ (၄) ကျင်ငယ်၊ဤကောဋ္ဌာသလေးခုတို့သည် ဥတု ကြောင့်သာလျှင်ဖြစ်ကုန်၏။

[အဋ္ဌကထာ ဋီကာတို့တွင် ပြည်ဟုသာမန်ဆိုသော်လည်း အိတ်နှင့် တည်သော ဗဒ္ဓပြည်သည် ဗဒ္ဓသည်းခြေကဲ့သို့ ဖြစ်သောကြောင့် ဤ၌ မယူအပ်။]

(၁) မျက်ရည်၊(၂)ချွေး၊(၃)တံတွေး၊(၄)နှပ်၊ ဤလေးခုတို့သည် စိတ်ဥတုတို့ကြောင့် ဖြစ်ကုန်၏။

(၁) ဝမ်းမီးဟူသော ပါစကတေဇောဓာတ်သည် ကံကြောင့်သာ လျှင်ဖြစ်၏။

(၁) ထွက်သက်ဝင်သက်လေ၊ (၂)သွားလာခြင်းကို ဖြစ်စေတတ် သော အဘိက္ကမာဒိပဝတ္တကလေ၊ ဤလေနှစ်ပါးတို့သည် စိတ်ကြောင့် သာလျှင် ဖြစ်ကုန်၏၊ ကြွင်းကုန်သော အလုံးစုံသော ကောဋ္ဌာသတို့ သည် လေးပါးသော အကြောင်းကြောင့်သာလျှင် ဖြစ်ကုန်၏၊ ဤသို့ ဖြစ်ကြောင်းသမုဋ္ဌာန်အားဖြင့် နှလုံးသွင်းအပ်၏။

---

## ကမ္မသမုဋ္ဌာန် ၆-ပါး

တနည်းကား-

၁–ကံ။ ။ဤကံသည် ကုသိုလ်အကုသိုလ်စိတ်နှင့် ယှဉ်သော စေတနာစေတသိက်သည် ကံမည်၏။

၂–ကမ္မသမုဋ္ဌာန်။ ။ဤကမ္မသမုဋ္ဌာန်သည် ဝိပါက်စိတ်စု၊ ဆိုခဲ့ပြီး သော ကံကြောင့်ဖြစ်သော စက္ခုဒသကအစရှိသော ရုပ်စု၊ ဤစေတနာ

ကံသည် ပဋိသန္ဓေစိတ်၏နောက် ပဌမဘဝင်စိတ်၏ ဥပါဒ်မှစ၍ ဥပါဒ်, ဌီ,ဘင်,ခဏငယ်သုံးချက်၌ပင် ရုပ်ကိုဖြစ်စေ၏။

၃—ကမ္မပစ္စယ။ ။ဤကမ္မပစ္စယသည် ၎င်းကံကြောင့်ဖြစ်သော ဝိပါက်စိတ်စုနှင့် ရုပ်တို့၏၎င်း, ထိုကံကြောင့်ဖြစ်သော ရုပ်ဇီဝိတိန္ဒြေ, ဝမ်းမီးတို့၏အစွမ်းဖြင့် အာဟာရအစရှိသည်တို့ကို စားသောက်ခြင်း၌ ကြေစေနိုင်သော အာဟာရအစရှိသည်တို့ကြောင့် ဖြစ်သောရုပ်တို့၏၎င်း ထိုကံသည်အထောက်အပံ့ဖြစ်၏၊ ထို့ကြောင့် ဆံပင်, မုတ်ဆိတ်, နှုတ်ခမ်းမွေး, ဆင်စွယ်, နွားချို, မြင်းမြီး, စာမရီမြီးအစရှိသော ဂတ္တုတို့သည်လည်း ကမ္မပစ္စယမည်ကုန်၏။

၄—ကမ္မပစ္စယစိတ္တသမုဋ္ဌာန်။ ။ဤ ကမ္မပစ္စယစိတ္တသမုဋ္ဌာန်သည် ဝိပါက်စိတ်၊ကံဟူသောအကြောင်းကြောင့် ဖြစ်သောကြောင့် ကမ္မပစ္စယမည်၏၊ ထိုကမ္မပစ္စယဖြစ်သော ဝိပါက်စိတ်ကြောင့် ဖြစ်သော ရုပ်တို့သည် ကံဟူသော ဖြစ်ကြောင်းကြောင့်ဖြစ်သော စိတ်တို့ကြောင့် ဖြစ်သော ရုပ်ဖြစ်သောကြောင့် ကမ္မပစ္စယစိတ္တသမုဋ္ဌာန်ရုပ်မည်၏။

၅—ကမ္မပစ္စယဥတုသမုဋ္ဌာန်။ ။ဤကမ္မပစ္စယ ဥတုသမုဋ္ဌာန်သည် ကံကြောင့် ဖြစ်သော တေဇောဓာတ်တည်းဟူသော ဥတု၊ထိုဥတုကြောင့် ဖြစ်သော ရုပ်တို့သည် ကံဟူသော ဖြစ်ကြောင်းကြောင့် ဖြစ်သောဥတု၊ ထိုဥတုကြောင့် ဖြစ်သောကြောင့် ကမ္မပစ္စယဥတုသမုဋ္ဌာန်မည်၏၊ ထိုကံကြောင့်ဖြစ်သော တေဇောဓာတ်ဟူသော ဥတုသည် ဌီခဏသို့ရောက်ခိုက် ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်ရှစ်ခုတို့ကို ဖြစ်စေတတ်၏၊ ထိုအဋ္ဌကလာပ်ရုပ်တို့တွင်ပါသော တေဇောဓာတ်ဟူသော ဥတုကလည်း ဆင့်၍ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏၊ ဤသို့ ဆင့်ကာဆင့်ကာ ငါးဆင့်တိုင်အောင် ဖြစ်စေနိုင်၏၊ ဤသို့ ကံကြောင့်ဖြစ်သော တေဇောဓာတ်မှ အဆင့်ဆင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်တို့သည် ကမ္မပစ္စယဥတုသမုဋ္ဌာန်မည်ကုန်၏၊ (စကြာမင်း၏ စကြာရတနာ, နတ်ဥယျာဉ်ဗိမာန် အစရှိသည်တို့သည် ကမ္မပစ္စယ ဥတုသမုဋ္ဌာန်ရုပ်တို့ချည်းတည်း မည်ကုန်၏။)

၆—ကမ္မပစ္စယ အာဟာရသမုဋ္ဌာန်။ ။ဤကမ္မပစ္စယ အာဟာရသမုဋ္ဌာန်သည် ကံကြောင့်ဖြစ်သော စက္ခုဒသကအစရှိသော ရုပ်တွင်ပါ

သော ဩဇာဟူသော အာဟာရရုပ်သည် အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ဤအဋ္ဌကလာပ်ရုပ်တွင်ပါသော ဩဇာကလည်း အဋ္ဌကလာပ်ရုပ်ကိုပင် ဆင့်၍ဖြစ်စေပြန်၏၊ ဤသို့ ငါးဆင့်တိုင်အောင် ဖြစ်စေနိုင်ကုန်၏၊ ဤသို့ ကံကြောင့်ဖြစ်သော အဆင့်ဆင့်ဖြစ်သော ရုပ်၏အတွင်း၌ပါသော အဋ္ဌကလာပ်ရုပ်တို့သည် ကမ္မပစ္စယအာဟာရ သမုဋ္ဌာန်ရုပ် မည်ကုန်၏။ ။ ဤသည်လျှင် ပေါင်း ၆-ပါးတည်း။

---

## စိတ္တသမုဋ္ဌာန် ၅-ပါး

၁—စိတ်။ ။ဤစိတ်သည် စိတ်တခုယုတ် ကိုးဆယ်တွင် ကုသိုလ်ကြိယာဖြစ်သော အဘိညာဉ်စိတ် နှစ်ခုကိုထည့်၍ စိတ်ကိုးဆဲ့တစ်ဖြစ်၏၊ ထိုကိုးဆဲ့တစ်တို့တွင် ကာမာဝစရမဟာကုသိုလ်စိတ်ရှစ်ခု, အကုသိုလ်စိတ်တဆဲ့နှစ်ခု, ပဉ္စဒွါရာဝဇ္ဇန်းမှတပါး ကြိယာစိတ်တဆယ်, ကုသိုလ်ကြိယာ အဘိညာဉ်စိတ်နှစ်ခု၊ ဤစိတ် သုံးဆဲ့နှစ်ခုတို့သည် ရုပ်တို့ကိုငင်း, ရပ်ခြင်း သွားခြင်း ထိုင်ခြင်း လျောင်းခြင်း ဣရိယာပုထ်တို့ကိုငင်း, ကာယဝိညတ် ဝစီဝိညတ်ရုပ်တို့ကိုငင်း ဖြစ်စေနိုင်ကုန်၏၊ ရူပါဝစရကုသိုလ်ကြိယာ, အရူပါဝစရကုသိုလ်ကြိယာ, လောကုတ္တရာမဂ်စိတ် ဖိုလ်စိတ်၊ ဤစိတ်နှစ်ဆဲ့ခြောက်ခုတို့သည် ရုပ်နှင့်ဣရိယာပုထ်တို့ကိုသာ ဖြစ်စေနိုင်၏၊ ဝိညတ်ရုပ်တို့ကို မဖြစ်စေနိုင်၊ ရူပါဝစရဝိပါက်စိတ်ငါးခု, သမ္ပဋိစ္ဆိုင်းဒွေး, ပဉ္စဒွါရာဝဇ္ဇန်းတခု, မဟာဝိပါက်စိတ်ရှစ်ခု, သန္တီရဏစိတ်သုံးခု၊ ဤတဆဲ့ကိုးခုသောစိတ်တို့သည် ရုပ်ကိုသာဖြစ်စေနိုင်ကုန်၏၊ ဣရိယာပုထ်, ဝိညတ်ရုပ်တို့ကို မဖြစ်စေနိုင်၊ ဒွေးပဉ္စဝိညာဉ်တဆယ်, အရူပဝိပါက်စိတ် လေးခု, ပဋိသန္ဓေ စုတိစိတ်တို့သည် ရုပ်,ဣရိယာပုထ်, ဝိညတ်–ဤသုံးပါးတို့ကိုပင် မဖြစ်စေနိုင်ကုန်၊ စိတ်သည် ရုပ်ကိုမဖြစ်စေနိုင်ဆိုရာ၌ ဌီခဏ, ဘင်ခဏ၌ အလွန်ကာလတိုသောကြောင့် အားမရှိသည်ဖြစ်၍ ရုပ်ကိုမဖြစ်စေနိုင်၊ ဥပါဒ်ခဏ၌သာ အားရှိသောကြောင့် စိတ်၏မှီရာဖြစ်သော စက္ခုအစရှိသော ဝတ္ထုရုပ်တို့ကိုမှီ၍ ရုပ်ကိုဖြစ်စေနိုင်ကုန်၏။

၂—စိတ္တသမုဋ္ဌာန်။ ။ဤစိတ္တ သမုဋ္ဌာန်သည် ဝေဒနာက္ခန္ဓာ, သညာက္ခန္ဓာ, သင်္ခါရက္ခန္ဓာဟူသော နာမက္ခန္ဓာသုံးပါးနှင့် စိတ်ကြောင့်ဖြစ်သော ရုပ်တို့သည် စိတ္တသမုဋ္ဌာန်ရုပ်မည်ကုန်၏။

၃—စိတ္တပစ္စယ။ ။ဤစိတ္တပစ္စယသည် စိတ် စေတသိက်တို့သည် မိမိရှေ့လက်မှန် ဖြစ်ကုန်သော ဤရူပက္ခန္ဓာကိုယ်အား ပစ္ဆာဇာတပစ္စည်းတပ်သည် ဟူ၍ ဟောတော်မူသောကြောင့် ဤကိုယ်၌ရှိသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်သောရုပ်တို့သည် စိတ္တပစ္စယရုပ်မည်ကုန်၏။

၄—စိတ္တပစ္စယဥတုသမုဋ္ဌာန်။ ။ဤစိတ္တပစ္စယ ဥတုသမုဋ္ဌာန်သည် စိတ်ကြောင့်ဖြစ်သော ရုပ်၌ပါသော တေဇောဓာတ်ဟူသော ဥတုသည် ဌီသို့ရောက်သောအခါ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ဤအဋ္ဌကလာပ်၌ပါသော တေဇောဓာတ်ဟူသော ဥတုသည်လည်း ဆင့်၍ အဋ္ဌကလာပ်ရုပ်ကိုပင် ဖြစ်စေပြန်၏၊ဤသို့ သုံးဆင့်တိုင်အောင်ဖြစ်စေသောနောက်ဆင့်ဖြစ်သောရုပ်တို့သည် စိတ္တပစ္စယဥတု သမုဋ္ဌာန် မည်ကုန်၏၊ တန်ခိုးရှိသော ပုဂ္ဂိုလ်တို့သည် ဖန်ဆင်းအပ်သော ဆင် မြင်း ရထား စစ်သည် ဥယျာဉ် ဗိမာန်အစရှိသည်တို့သည်၎င်း, လူတို့လက်ဖြင့် တီးခတ်၍ ဖြစ်သော အသံတို့သည်၎င်း, တန်ခိုးပြသောအခါ မြတ်စွာဘုရားကိုယ်တော်မှထွက်သော ရောင်ခြည်တော်တို့သည်၎င်း, ရဟန္တာအရှင်တန်ခိုးနှင့်ပြည့်စုံသော သူတို့သည် ဖြစ်စေအပ်သော အခိုး,အလျှံ,ရေ,မီး,အလင်းရောင်တို့ သည်၎င်း, လူတို့ပါးစပ်မှ ထွက်သောစကား၏ ပဲ့တင်သံတို့သည်၎င်း, လူတို့ပါးစပ် နှာခေါင်းစသည်တို့မှ ထွက်သော အခြားသူတို့ကို ထိခိုက်သောလေတို့သည်၎င်း စိတ္တပစ္စယဥတုသမုဋ္ဌာန် ရုပ် မည်ကုန်၏။

၅—စိတ္တပစ္စယအာဟာရသမုဋ္ဌာန်။ ။ဤစိတ္တပစ္စယအာဟာရ သမုဋ္ဌာန်သည် စိတ်ကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်၌ပါသော ဩဇာဟူသော အာဟာရရုပ်တို့သည် အဋ္ဌကလာပ်ရုပ်ကို ဆင့်၍ဖြစ်စေ၏၊ဤအဋ္ဌကလာပ်တွင်ပါသော ဩဇာကလည်း အဋ္ဌကလာပ်ရုပ်ကိုပင် ဆင့်၍ဖြစ်စေပြန်၏၊ဤသို့ သုံးဆင့်တိုင်အောင် ဖြစ်စေနိုင်၏၊ဤသို့ နောက်ဆင့်ဖြစ်သော အဋ္ဌကလာပ်တို့သည် စိတ္တပစ္စယအာဟာရသမုဋ္ဌာန် ရုပ်မည်ကုန်၏၊ ဤသည်လျှင် ပေါင်း ၅—ပါးတည်း။

## ဥတုသမုဋ္ဌာန် ၅-ပါး

၁—ဥတု။ ။ဤဥတုဟူသည် အေး, အပူဖြစ်သော တေဇောဓာတ်သည် ဥတုမည်၏၊ ထိုတေဇောဓာတ်သည် လေးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ လောကဝေါဟာရအားဖြင့် အေး,အပူဟူ၍ နှစ်မျိုးရှိကုန်၏။

၂—ဥတုသမုဋ္ဌာန်။ ။ဤဥတုသမုဋ္ဌာန်သည် ဥတုကြောင့်ဖြစ်သမျှသောရုပ်တို့သည် ဥတုသမုဋ္ဌာန် မည်ကုန်၏၊ ဥတုဟူသည်ကား— တေဇောဓာတ် ရုပ်သဘောဖြစ်၍ ဥပါဒ်ခဏ,ဘင်ခဏသည် စိတ်နှင့်အတူဖြစ်၍ တိုသောကာလရှိ၍ အားမရှိသောကြောင့် ရုပ်ကိုမဖြစ်စေနိုင်၊ ဌီကာလသည် စိတ်သက် တဆဲ့ခြောက်ချက်ကျော်ရှိ၍ ကာလရှည်သောကြောင့် အားရှိသဖြင့် ဥတုကြောင့်ဖြစ်သောရုပ်ကို ဖြစ်စေနိုင်၏။

၃—ဥတုပစ္စယ။ ။ဤဥတုပစ္စယသည် အကြောင်း လေးပါး တို့ကြောင့်ဖြစ်သော ရုပ်တို့၏ ဖြစ်ခြင်း, ပျက်ခြင်းတို့၌ အကြောင်းဖြစ်သောကြောင့် ဤအကြောင်းလေးပါးတို့ကြောင့်ဖြစ်သော ရုပ်တို့သည် ဥတုပစ္စယရုပ်မည်ကုန်၏။

၃—ဥတုပစ္စယ ဥတုသမုဋ္ဌာန်။ ။ဤဥတုပစ္စယ ဥတုသမုဋ္ဌာန်သည် ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်၌ပါသော တေဇောဓာတ်ဟူသော ဥတုသည် ဆင့်ပြန်၍ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏၊ ဤနောက်ဆင့်၌ ပါသော တေဇောဓာတ်ဟူသော ဥတုသည်လည်း ဆင့်ပြန်၍ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏၊ ဤကဲ့သို့ သက်ရှိသက်မဲ့ ဝတ္ထုနှစ်ခုတို့၌ပင် အဆင့်ဆင့်ဖြစ်သော နောက်ဆင့်အဋ္ဌကလာပ်ရုပ်တို့သည် ဥတုပစ္စယဥတုသမုဋ္ဌာန် မည်ကုန်၏၊ ဤအဆင့်ဆင့်ဖြစ်သော ဥတုပစ္စယ ဥတုသမုဋ္ဌာန်ရုပ်သည် သေပြီးသောသတ္တဝါကောင်, သေပြီးသောသစ်ပင်, သစ်တုံးတို့၌လည်း မြင့်ရှည်စွာ အဆင့်ဆင့်ဖြစ်စေ၏၊ နေမှဖြစ်သော အပူဟူသော ဥတုကိုရ၍ တော, တောင်, ရေ,မြေတို့ ပူသဖြင့်ထွက်သော အခိုးသည် ဥတုသမုဋ္ဌာန်မည်၏၊ ထိုအခိုးကိုပင် မိုဃ်းတိမ်ခေါ်ကြသည်၊ မိုဃ်းတိမ်ဟူသည် တော,တောင်,ရေ,မြေ၌ ရှိသောအယဉ်ကို နေပူ၍ မှုန်မှုန်ငယ်ဖြစ်သဖြင့် လေထက်ပေါ့သော ဝတ္ထုဖြစ်၍ လေထဲ၌ ပေါလောပေါ်၍ ကောင်းကင်သို့တက်လေ၏၊ ရေထက်ပေါ့သောသစ်သားကို ရေ

ထဲ၌နှိပ်၍ လွှတ်သော်လည်း ရေအထက်ကို ပေါ်တက်သကဲ့သို့ မှတ်အပ်သည်၊ ထိုအခိုးမိုဃ်းတိမ်ဟူသော ဥတုသမုဋ္ဌာန်ဖြစ်သော ရေမှုန်မှုန်ငယ်စုသည် ကောင်းကင်၌ ပေါင်းမိကြ၍ ရေစုရေခဲဖြစ်သည်ကို ဝဋ္ဋဝလာဟက၍ရင်း,သမ္ဘာတဟူ၍ရင်း ပါဠိဘာသာဖြင့် ခေါ်သည်၊မြန်မာတို့မှာ မိုဃ်းရေအယဉ်ခေါ်သည်၊ ဤမိုဃ်းရေအယဉ်သည် ဥတုပစ္စယရုပ်မည်၏၊ ဤမိုဃ်းရေအယဉ်သည် လူ့ပြည်သို့ကျရောက်၍ မြစ်ချောင်းကမ်းတို့သည် ပြည့်လျှမ်းသဖြင့် သမုဒ္ဒရာတိုင်အောင် ရေတို့သည် တိုးပွားစီးဆင်းကုန်၏၊ သစ်ပင်တို့သည် မျိုးစေ့မှထွက်၍ ပေါက်ကြကုန်၏၊ မြေနံ့သည်ထွက်၏၊တောင်တို့သည် ညိုမှိုင်းကုန်၏၊ သစ်သီး သစ်ပွင့်တို့သည် သီးပွင့်ကြကုန်၏၊ သစ်ခက်သစ်ရွက်တို့သည် ထွက်၍ပေါက်ကြကုန်၏၊ ဤကဲ့သို့ မိုဃ်းရွာသောကြောင့် ဖြစ်သမျှသော ရုပ်တို့သည်ရင်း ဥတုပစ္စယဥတုသမုဋ္ဌာန် မည်ကုန်၏၊ ဤဥတုပစ္စယဥတုသမုဋ္ဌာန်ဖြစ်သော တိုးပွားသော ရေ,တော,တောင်,သစ်ပင်တို့သည် မြင့်ရှည်သောကာလ ပတ်လုံး အဋ္ဌကလာပ်ရုပ် အဆင့်ပေါင်း မရေတွက်နိုင်အောင် အဆင့်ဆင့်ဖြစ်ကြကုန်၏။

၅—ဥတုပစ္စယ် အာဟာရ သမုဋ္ဌာန်။ ။ဤဥတုပစ္စယ အာဟာရသမုဋ္ဌာန်သည် ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်၌ပါသော ဩဇာဟူသော အာဟာရရုပ်သည် အဋ္ဌကလာပ်ရုပ်ကို ဆင့်၍ဖြစ်စေ၏၊ဤအဋ္ဌကလာပ်တွင်ပါသော ဩဇာသည်လည်း အဋ္ဌကလာပ်ရုပ်ကိုပင် ဆင့်၍ဖြစ်စေပြန်၏၊ဤသို့ တဆဲ့နှစ်ဆင့်တိုင်အောင် ဖြစ်စေတတ်သောနောက်အဆင့်ဖြစ်သော ရုပ်တို့သည် ဥတုပစ္စယအာဟာရ သမုဋ္ဌာန်ရုပ်မည်ကုန်၏၊ ဤသည်လျှင် ပေါင်း ၅-ပါးတည်း။

---

## အာဟာရသမုဋ္ဌာန် ၅-ပါး

၁—အာဟာရ။ ။ဤအာဟာရသည် ခပ်သိမ်းသော ရုပ်ကလာပ်ဟူသမျှ ဝတ္ထုအပေါင်း၌ရှိသော အဆီ,အစေး၊ထိုအဆီ,အစေး၌ရှိသော စားသောက်အပ်သောသူတို့၏ တောင့်တင်းခြင်း ခွန်အားကိုဖြစ်စေနိုင်သောသတ္တိသည် ကဗဠီကာရအာဟာရရုပ် မည်၏၊ဩဇာလည်းခေါ်သည်။

၂—အာဟာရသမုဋ္ဌာန်။ ။ဤအာဟာရသမုဋ္ဌာန်သည်အာဟာရ ကြောင့်ဖြစ်သော ရုပ်ရှိသမျှတို့သည် အာဟာရသမုဋ္ဌာန် မည်ကုန်၏၊ ဤအာဟာရဟူသော ဩဇာသည်လည်း ရုပ်သဘောဖြစ်၍ ဥတုကဲ့သို့ ဌီခဏ၌ ရုပ်ကိုဖြစ်စေ၏။

၃—အာဟာရပစ္စယ။ ။ဤအာဟာရ ပစ္စယသည် ကဗဠီကာရ အာဟာရသည် ဤကိုယ်ကို အာဟာရပစ္စည်းအဖြစ်ဖြင့်ကျေးဇူးပြုသည် ဟု ဟောတော်မူသောကြောင့် အကြောင်းလေးပါးကြောင့်ဖြစ်သော သက်ရှိသတ္တဝါ သန္တာန်၌ရှိသောရုပ်တို့သည် အာဟာရပစ္စယရုပ် မည် ကုန်၏။

၄—အာဟာရ ပစ္စယအာဟာရသမုဋ္ဌာန်။ ။ဤအာဟာရပစ္စယ အာဟာရသမုဋ္ဌာန်သည် အာဟာရကြောင့်ဖြစ်သော အဋ္ဌကလာပ်၌ ပါသော ဩဇာဟူသော အာဟာရရုပ်သည် ဆင့်၍အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ဤကဲ့သို့ အဆင့်ဆင့်လူတို့၌ တကြိမ်စားသော အာဟာရသည် ခုနစ်ရက်တိုင်အောင်ပင် ဖြစ်စေနိုင်၏၊နတ်တို့၌ဖြစ်သော ဩဇာသည် တကြိမ်စားလျှင် တလတိုင်အောင်ပင်ရုပ်ကို ဖြစ်စေနိုင်၏၊အမိစားသော အာဟာရသည် အမိဝမ်း၌တည်သော သူငယ်ရုပ်ကိုယ်၌ ရုပ်ကိုဖြစ်စေ ၏၊ကိုယ်၌လိမ်းကျံအပ်သော အာဟာရသည်လည်း ရုပ်ကိုဖြစ်စေ၏၊ ကံကြောင့်ဖြစ်သော အာဟာရသည်လည်း ရုပ်ကိုဖြစ်စေ၏၊ထိုဖြစ်သော ရုပ်၌ပါသော ဩဇာဟူသော အာဟာရသည်လည်း အဋ္ဌကလာပ်ရုပ် ကို ဆင့်၍ ငါးဆင့်တိုင်အောင် ဖြစ်စေနိုင်၏၊ဤကဲ့သို့ အဆင့်ဆင့်ဖြစ် သော ရုပ်တို့သည် အာဟာရပစ္စယ အာဟာရသမုဋ္ဌာန်ရုပ် မည်ကုန်၏။

၅—အာဟာရ ပစ္စယဥတုသမုဋ္ဌာန်။ ။ဤအာဟာရပစ္စယဥတုသ မုဋ္ဌာန်သည် အာဟာရကြောင့်ဖြစ်သော အဋ္ဌကလာပ်၌ပါသော တေ ဇောဓာတ်ဟူသော ဥတုသည် ဆင့်၍ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏၊ ဤနောက်ဆင့်ဖြစ်သော အဋ္ဌကလာပ်သည်ငှင်း, မသင့်သော အစာကို စား၍ နေပူလေတိုက်၌ သွားလာမိသောကြောင့် ဤကိုယ်၌ဖြစ်သော ပွေး,တင်းတိပ်,ယားနာ,နူနာ,ပေါက်သော အမာမျိုး အစရှိသည်တို့ သည်ငှင်း အာဟာရပစ္စယ ဥတုသမုဋ္ဌာန်ရုပ်မည်ကုန်၏၊ ဤသည်လျှင် ပေါင်း ၅—ပါးတည်း၊ ဤသို့ဆိုခဲ့ပြီးသော သမုဋ္ဌာန်အားဖြင့် နှလုံး သွင်းအပ်၏။

## ကလာပ်အားဖြင့်နှလုံးသွင်းနည်း

ဤခေတ်လေးပါး အစုဟူသော ရုပ်အစုသည် ဤအကြောင်း လေးပါးအားဖြင့် ဖြစ်ငြားသော်လည်း အသီးအခြားစီ ကွဲပြား၍မဖြစ်၊ ဤဆံအစရှိသော ကောဋ္ဌာသတို့၌ အနည်းဆုံးအားဖြင့် ရုပ်ရှစ်ခုပေါင်းစု၍ ဖြစ်ကြကုန်၏၊ ဤရုပ်ကလာပ်အစုကိုပင် ဆံအမွေးအစရှိသော လောကဝေါဟာရ ပညတ်အားဖြင့် ခေါ်ဝေါ်အပ်၏ဟု– ကလာပ်အားဖြင့် နှလုံးသွင်းအပ်၏၊ ကောဋ္ဌာသအသီးသီးတို့၌ ရုပ်ကလာပ်မည်ကဲ့သို့ရှိသည်ကို အကျယ်အားဖြင့် နှလုံးသွင်းပုံကား–

အစာသစ်, အစာဟောင်း,အနိယတပြည်, ကျင်ငယ်၊ ဤကောဋ္ဌာသလေးခုတို့သည် ဥတုကြောင့်ဖြစ်သောကြောင့် ဥတုကြောင့်ဖြစ်သော အဋ္ဌကလာပ်တစည်းစီ ရှိကြကုန်၏။

ထွက်သက် ဝင်သက်လေ, သွားလာခြင်းကို ဖြစ်စေတတ်သော အဘိက္ကမာဒိပဝတ္တက လေ၊ ဤကောဋ္ဌာသနှစ်ပါးတို့သည် စိတ်ကြောင့်သာလျှင်ဖြစ်သောကြောင့် စိတ္တဇသဒ္ဒနဝကကလာပ်တစည်းစီ ရကြကုန်၏။

ချွေး, မျက်ရည်,တံတွေး,နှပ်၊ ဤကောဋ္ဌာသ လေးခုတို့သည် စိတ်, ဥတုနှစ်ပါးတို့ကြောင့် စိတ္တဇ,ဥတုဇ အဋ္ဌကလာပ်နှစ်စည်းစီ ရကြကုန်၏၊ စက္ခု, သောတ,ဃာန,ဇိဝှါ ပသာဒရုပ်လေးခုတို့၏တည်ရာ အသားစိုင်အသားခဲတို့မှ၄င်း, ဟဒယဝတ္ထုရုပ်၏တည်ရာ သွေးမှ၄င်း, ကြွင်းကုန်သော ဆံအစရှိကုန်သော အကြောင်းလေးပါး တို့ကြောင့် ဖြစ်သော ပထဝီခေတ်ကောဋ္ဌာသ, အာပေါခေတ်ကောဋ္ဌာသတို့၌ ကမ္မဇရုပ်ဖြစ်သော ကာယဒသက, ဘာဝဒသက ကလာပ်နှစ်စည်း၊ စိတ်, ဥတု, အာဟာရတို့ကြောင့်ဖြစ်ကုန်သော အဋ္ဌကလာပ်သုံးစည်းစီတို့အားဖြင့် ကလာပ်ငါးစည်းစီတို့ကို ရအပ်ကုန်၏။

ကံကြောင့်သာလျှင် ဖြစ်သော ဝမ်းမီးဟူသော ပါစကတေဇောခေတ်၌ ကမ္မဇဇီဝိတနဝက ကလာပ်တစည်းကို ရအပ်၏။

ကြွင်းကုန်သော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကုန်သော တေဇောကောဋ္ဌာသ, ဝါယောကောဋ္ဌာသတို့၌ ကမ္မဇဇီဝိတနဝက ကလာပ်တစည်း,စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ကုန်သော အဋ္ဌကလာပ်သုံးစည်းစီတို့အားဖြင့် ကလာပ်လေးစည်းစီတို့ကို ရအပ်ကုန်၏။

စက္ခု, သောတ,ဃာန,ဇိဝှါ, ပသာဒရုပ်တို့နှင့် ဟဒယဝတ္ထုရုပ်၏ တည်ရာ မံသကောဋ္ဌာသ, လောဟိတကောဋ္ဌာသတို့၌ စတုသမုဋ္ဌာန်၊ ပထဝီ,အာပေါကောဋ္ဌာသတို့၌ ရသင့်သော ကလာပ်ငါးစည်းတို့၌ စက္ခု, သောတ,ဃာန,ဇိဝှါ, ဝတ္ထုဒသက ကလာပ်စည်းတို့ကို ထည့်၍ ကလာပ်ခြောက်စည်းစီတို့ကို ရအပ်ကုန်၏။

ဤသို့ ကောဋ္ဌာသတခု၌ ရုပ်အများကို ရသင့်သော်လည်း များသည်၏အစွမ်းဖြင့် များရာကိုလိုက်၍ ပထဝီဓာတ်ကောဋ္ဌာသ, အာပေါဓာတ်ကောဋ္ဌာသ, တေဇောဓာတ်ကောဋ္ဌာသ, ဝါယောဓာတ်ကောဋ္ဌာသဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်၏၊ ဤသို့ ကလာပ်အားဖြင့် နှလုံးသွင်းအပ်၏။

---

## စုဏ္ဏအားဖြင့်နှလုံးသွင်းနည်း

စုဏ္ဏအားဖြင့် အဘယ်သို့ နှလုံးသွင်းအပ် သနည်း ဟူမူကား— ဤကိုယ်၌ အလုံးအရပ် မကြီးမငယ် အလတ်ပမာဏအားဖြင့် ပညာဖြင့် ကြံ၍ ယူအပ်သည်ရှိသော် ပရမာဏုမြူမျှလောက် အစိတ်အစိတ်ကွဲသော အမှုန့်ဖြစ်သော သိမ်မွေ့သောမြူကဲ့သို့ဖြစ်သော ပထဝီဓာတ်သည် တစိတ်ခန့်မျှရှိသည် ဖြစ်ရာ၏၊ ထိုပထဝီဓာတ်၏ ထက်ဝက်မျှလောက်သော အာပေါဓာတ်ဖြင့် ထိုပထဝီဓာတ်ကို ပေါင်းစုအပ်၏၊ တေဇောဓာတ်ဖြင့် အရည်ဖြစ်၍ မစီးအောင်, မပုပ်အောင် စောင့်ရှောက် အပ်၏၊ ဝါယောဓာတ်ဖြင့် ထောက်ကန်ဘိညှပ်အပ်၏၊ ထို့ကြောင့် အဆီ, အစေးမရှိသော မြူမှုန့်ကဲ့သို့ ပထဝီဓာတ်မှုန့်သည် ဖရိုဖရဲမကြဲ မပျက်မစီး အစိုင်အခဲကဲ့သို့ဖြစ်၍ များသော အပြားရှိသော မိန်းမ ယောကျ်ား အစရှိသော ပုံသဏ္ဌာန်အားဖြင့် ဝေဘန်ခြင်းသို့ရောက်၏၊ အသေး, အကြီး, အရှည်, အတို, ခိုင်ခံ့ခြင်းအစရှိသော အဖြစ်ကိုလည်း ပြနိုင်၏။

ဤဓာတ်လေးပါးအစု၌ အရည်ဖြစ်သောစေးကပ်ဖွဲ့စည်းတတ်သော အခြင်းအရာဖြစ်သော အာပေါဓာတ်သည် ပထဝီဓာတ်၌တည်၏၊ တေဇောဓာတ်သည် မယိုစီးရအောင် စောင့်ရှောက်အပ်၏၊ ဝါယောဓာတ်သည် ထောက်ကန် ဘိညှပ်အပ်၏၊ ထို့ကြောင့် ထိုအာပေါဓာတ်သည် မိုးရေအယဉ်ကဲ့သို့ ယိုစီးစိမ့်ဝင်၍ မသွား၊မယိုစီး မစိမ့်ဝင်ဘဲ အစိုင်အခဲဖြစ်၍ ရေစိမ့်သောဖော့ကဲ့သို့ ရုပ်ဓာတ်စု၏ ပြည့်ဖြိုးခြင်းကို ပြ၏။

ဤဓာတ်လေးပါးအစု၌ ပူသော သဘောရှိသော ဝမ်းမီးဟူသော တေဇောဓာတ်သည် ပထဝီဓာတ်၌တည်၏၊ အာပေါဓာတ်သည် ပေါင်းစုအပ်၏၊ ဝါယောဓာတ်သည် ထောက်ကန်ဘိညှပ်အပ်၏၊ ကိုယ်တွင်း၌ အစာကိုကြေစေ၏၊ ဤကိုယ်၌လည်း စားအပ်သော အစာတို့ကို ကြေစေ၍ ရသဓာတ်စသည်တို့ကို ဖြစ်စေသောကြောင့် အဆင်းသဏ္ဌာန်၏ ပြည့်စုံခြင်းကိုလည်း ဆောင်၏၊ ထိုတေဇောဓာတ်ဝမ်းမီးဖြင့် အစာကို ကျက်စေအပ်သော ဤကိုယ်သည် မပုပ်သည်ကို ပြ၏။

ဤဓာတ်လေးပါးအစု၌ အင်္ဂါကြီးငယ်ကိုလျှောက်သော ထောက်ကန်ဘိညှပ်တိုက်လှုပ်တတ်သော သဘောရှိသော ဝါယောဓာတ်သည် ပထဝီဓာတ်၌တည်၏၊ အာပေါဓာတ်သည် ပေါင်းစုအပ်၏၊ တေဇောဓာတ်သည် စောင့်ရှောက်အပ်၏၊ ဤကိုယ်ကို ကျားကန်သကဲ့သို့ မလည်းရအောင် အတွင်းအပြင် ထောက်ကန်ဘိညှပ်၏၊ ထိုဝါယောဓာတ်ဖြင့် ထောက်ကန်ဘိညှပ်သော ဤကိုယ်သည် မလည်းမပြို ဖြောင့်မတ်စွာ ရပ်တည်နိုင်၏၊ အဘိက္ကမာဒိပဝတ္တကဝါယောဓာတ်ဖြင့် တိုက်လှုပ်အပ်သော ဤကိုယ်သည် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း အစရှိသော ဣရိယာပုထ်လေးပါးတို့၌ ဝိညတ်ကိုပြ၏၊ ကိုယ်အင်္ဂါတို့ကို ကွေးစေ,ဆန့်စေ၏၊ ခြေလက်ကို လှုပ်ရှားစေ၏၊ မိန်းမ ယောကျ်ား အစရှိသောအဖြစ်ဖြင့် လှုမိုက်ကိုလှည့်ပတ် တတ်သော မျက်လှည့်ရုပ်နှင့်တူသော ဤဓာတ်လေးပါးဖြင့်ပြီးသော ယန္တရားရုပ်ဟူသော ဤကိုယ်သည်ဖြစ်၏၊ ဤသို့ စုဏ္ဏအားဖြင့် နှလုံးသွင်းအပ်၏။

ဤစုဏ္ဏအားဖြင့် နှလုံးသွင်းရာ၌ အလုံးအရပ် မကြီးမငယ် အလတ်ဖြစ်သော လူတယောက်၏ ကိုယ်အလုံးကို အခြောက်လှန်း၍ အမှုန့်ထောင်းလျှင် တစိတ်ခန့်မျှသာရ၏၊ ထိုအမှုန့်တစိတ်ကို ပထဝီဓာတ်ဟု မှတ်၍ နှစ်ပြည်ခန့်မျှယောက် ဤကိုယ်၌ အာပေါဓာတ်ရှိရာ၏ဟု အကြမ်းအားဖြင့်သာ အဋ္ဌကထာဆရာ ပြသည်ကိုစွဲ၍ ဝိသုဒ္ဓိမဂ် မဟာဋီကာ၌—

တေ ပန ကလာပါ ပရမာဏု ပရိမာဏာ ဟောန္တီတိ တပ္ပရိ
ယာပန္နာနံ ပထဝီဓာတုအာဒီနံ ကောဋ္ဌ သရီရေ ပရိမေယျ
ပရိစ္ဆေဒံ ဒဿေတုံ စုဏ္ဏတော မနသိကာတဗ္ဗတာ ဝုတ္တာ။

ဟူ၍ ဆိုအပ်၏။

အဓိပ္ပါယ်ကား– ထိုဆိုခဲ့ပြီးသော ရုပ်တို့၏ကလာပ်တို့သည် ပရမာဏုမြူမျှလောက်သာ ကြီးကုန်၏၊ ထို့ကြောင့် တခုသောကိုယ်၌ ထိုကလာပ်တို့၌ အကျုံးဝင်ကုန်သော ပထဝီအစရှိသည်တို့၏ ပမာဏ အပိုင်းအခြားကို ပြခြင်းငှာ စုဏ္ဏအားဖြင့် နှလုံးသွင်းအပ်သည်၏ အဖြစ်ကို ဆိုအပ်၏ ဟူလို။

ထိုစကားသည် ပရမာဏုမြူမျှလောက် အမှုန့်ဖြစ်သော ထိုထက်ပင်သော်လည်း အလွန်သိမ်မွေ့သော မြူအဖြစ်သို့ရောက်သော တစိတ်ခန့်မျှလောက်သာ ပထဝီဓာတ်ရှိသည် ဖြစ်ရာ၏ဟု ထိုဋီကာ၌ပင် ထပ်၍ဆိုသောစကားနှင့် ရှေ့နောက်မညီ၊အရှင်သာရိပုတ္တရာ ဟောတော်မူသော စက္ခုဒသက ကလာပ်၏ ပမာဏသည် သန်း၏ဦးခေါင်းခန့်မျှ လောက်ရှိ၏ ဟူသောစကားနှင့်ငင်း, ပဋ္ဌသန္ဓေကလလ၏ ပမာဏသည် အမွေးနုသော တောဆိတ်မွေးဖြင့် ဆီကြည်၌တို့၍ စောက်ထိုးထားရာ အဖျားတွင်စုသော ဆီပေါက်မျှလောက် အစရှိသဖြင့် ဆိုသောစကားတို့နှင့် ငင်း မညီသောကြောင့် မယူအပ်။

မုချပရမတ်အားဖြင့်ကား— ပထဝီဓာတ်ချည်းသက်သက် ကွဲပြား၍ အမှုန့်မဖြစ်ကောင်း၊ အဝိနိဗ္ဘောဂဖြစ်သော အဋ္ဌကလာပ်ရုပ်ရှစ်ခုသည် မည်သည့်ဝတ္ထုတွင်မျှသော်လည်း ကွဲပြား၍မဖြစ်နိုင်၊ ဓာတ်တခုတည်းလည်း အရှည်,အခဲ,အခိုး အစရှိသော အထည်ဒြပ်မရနိုင်၊ ထို့ကြောင့် ဆိုခဲ့ပြီးသော သန်းဦးခေါင်းမျှလောက်ရှိသော ရုပ်ကလာပ်မှုန့်ငယ်စု တစိတ်ခန့်လောက်ကို နှစ်ပြည်ခန့်လောက် အာပေါဓာတ်ဖြင့် ဘွဲ့စု၍ ပကတိကိုယ်ငွေ့ပူ,ဝမ်းမီးပူဟူသော တေဇောဓာတ်တို့ဖြင့် မပုပ်အောင်, အရည်ဖြစ်၍ မစီးအောင် စောင့်ရှောက်၍ အင်္ဂါမင်္ဂါနုသာရီ အစရှိသော လေတို့ဖြင့် မလည်းအောင် ထောက်ကန် ဘိညှပ်အပ်သည် ဖြစ်၍ အဆီ, အစေး မရှိသော မြူမှုန့်ကဲ့သို့ ပထဝီ ဓာတ်မှုန့်သည် ဖရိုဖရဲ မကြဲ မပျက်စီး၊ အစိုင်အခဲကဲ့သို့ ဖြစ်၍ များသောအပြားရှိသော မိန်းမယောကျ်ားအစရှိသော ပုံသဏ္ဌာန်အားဖြင့် ဝေဘန်ခြင်းသို့ ရောက်၏၊ အသေး, အကြီး, အရှည်,အတို, ခိုင်ခံ့ခြင်းအစရှိသော အဖြစ်ကိုလည်း ပြနိုင်၏၊ ဤသို့အစရှိသဖြင့်အောက်ကဆိုခဲ့သည့်အတိုင်း စုဏ္ဏအားဖြင့် နှလုံးသွင်းအပ်၏။

## လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့် နှလုံးသွင်းနည်း

လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းရာသနည်းဟူမူ—ပထဝီဓာတ်သည် ခိုင်ခံ့တောင့်တင်းသောသဘော၊ ထိုခိုင်ခံ့ တောင့်တင်းသော သဘောကိုပင် ပထဝီဓာတ်ခေါ်သည်၊ အခြားသောရုပ်ဓာတ်တို့၏ တည်ရာဟူသော ကိစ္စရသရှိ၏၊ အခြားသောရုပ်ဓာတ်တို့၏ တည်ရာဓာတ်ဖြစ်သောကြောင့် အခြားသောရုပ်ဓာတ်တို့၏ တည်ခြင်းငှါ ခံသောဓာတ်ဟု ယောဂီ၏ဉာဏ်၌ ရှေးရှုထားခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ မိမိမှကြွင်းသော ဓာတ်သုံးပါးဟူသော နီးစွာသော ဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏။

ယိုစီးစိမ့်ဝင်ခြင်းသဘောသည် အာပေါဓာတ်၊ တနည်းကား-ပေါင်းစု စည်းရုံးစေးကပ်ခြင်းသဘောသည် အာပေါဓာတ်၊ အဋ္ဌကထာ၌ ပဂ္ဃရဏလက္ခဏာဟူ၏၊ ဝိဘင်းပါဠိတော်၌ ဗန္ဓနတ္တံရူပဿ ဟု ဟောတော်မူ၏၊ ဖော့ကိုရေစိမ်သကဲ့သို့ မိမိနှင့်အတူ ဖြစ်သောဓာတ်တို့ကို ပွားစေခြင်း ကိစ္စရသရှိ၏၊ ရုပ်ဓာတ်တို့ကို ပေါင်းစု စည်းရုံးစေးကပ်တတ်သော ဓာတ်ဟု ယောဂီ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ မိမိမှကြွင်းသော ဓာတ်သုံးပါးဟူသော နီးစွာသော ဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏။

ပူသမျှသဘောသည် တေဇောဓာတ်တည်း၊ မိမိနှင့်အတူဖြစ်သော ရုပ်ဓာတ်တို့ကို ကျက်စေ, အိုစေ, ရင့်စေ, ဟောင်းနွမ်းစေခြင်း ကိစ္စရသရှိ၏၊ ကျက်စေ၏ ဟူသည်ကား—ကျက်စေတတ်သော ဓာတ်ဖြစ်သောကြောင့် ကျက်ခြင်းကို မမြင်နိုင်သော်လည်း ကျက်သည့်ကာလ ကျက်သောဝတ္ထု၌ နူးညံ့ပျောင်းပျော့ခြင်း ဖြစ်မြဲဖြစ်ရကား—အခြားသောရုပ်ဓာတ်တို့၏ နူးညံ့ပျောင်းပျော့ခြင်းကို ဖြစ်စေတတ်သောဓာတ်ဟု ယောဂီ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ မိမိမှကြွင်းသော ဓာတ်သုံးပါးဟူသော နီးစွာသော ဖြစ်ကြောင်းပဒဋ္ဌာန်ရှိ၏၊ ထင်းအမှိုက်တို့ကို မီး၌ရှို့လျှင် ပြာဖြစ်သည့်ကာလ နူးညံ့ပျောင်းပျော့သကဲ့သို့, သံ ကြေး အစရှိသော ဓာတ်တို့ကို မီး၌ချလျှင် အရည်ဖြစ်၍ ပျောင်းပျော့သကဲ့သို့ သဘာဝ တေဇောဓာတ်သည်လည်း ရုပ်ဓာတ်တို့ကို ပျောင်းပျော့စေနိုင်သည်။

ထောက်ကန်ဘိညှပ်ခြင်း သဘောသည် ဝါယောဓာတ်တည်း၊ တနည်းကား—လေပြည့်သော စည်ပေါင်းကဲ့သို့ ပြည့်ခြင်းသဘောသည် ဝါယောဓာတ်တည်း၊ ဝိတ္ထမ္ဘနလက္ခဏာ ဟူသောပါဠိကို ထောက်ကန်ဘိညှပ်ခြင်းသဘော, ပြည့်ခြင်းသဘောဟု အနက်နှစ်မျိုးပေးသင့်သည်တွင် အဋ္ဌကထာ ဋီကာဆရာတို့ကား—ပြည့်ခြင်းသဘောဟု-အနက်ပေးသည်ကို ကြိုက်ကြကုန်၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ ဉပ္ပိလနန္တိ ဧကေ ဟု ဆို၏၊ အဋ္ဌသာလိနီ အဋ္ဌကထာ၌လည်း—

ထမ္ဘိတတ္တန္တိ ဉပ္ပိလနတစာဒိနံ ဝိယ ဝါတပုဏ္ဏာနံ ထမ္ဘိတဘာဝေါ ရူပဿ—

ဟု ဆို၏။ ။ထုဘိဓာတ်လည်း ပူရဏအနက်ရှိသည်ပင်။ ။သို့သော်လည်း ထောက်ကန်ဘိညှပ်ခြင်းသဘောဟု ယူသင့်သည်သာ ဝါယောဓာတ်နှင့် သင့်လျော်သည်၊ တိုက်လွှင့်ခြင်း ကိစ္စရသရှိ၏၊ တနည်းကား—ခြောက်သွေ့စေခြင်း ကိစ္စရသရှိ၏၊ ထို့ကြောင့် ဝိဘင်းအနုဋီကာ၌—

သမုဒီရဏံ အလ္လပရိယောသာနံ ဘူတသင်္ဃာတဿ ဒေသန္တရုပ္ပတ္တိဟေတုဘာဝေါ ဝါ—

ဟု ဆို၏၊ သို့သော်လည်း တိုက်လွှင့်ခြင်း ကိစ္စရသဟု မှတ်ယူခြင်းသာ ကောင်း၏၊ ထို့ကြောင့် ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ သမုဒီရဏံ အနုပေလ္လနံ ဝိသောသနန္တိ ကေစိ ဟု ဆို၏၊ တိုက်လွှင့်ယူဆောင်တတ်သောဓာတ်ဟု ယောဂီ၏ဉာဏ်၌ ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ မိမိမှကြွင်းသော ဓာတ်သုံးပါးဟူသော နီးစွာသော ဖြစ်ကြောင်း ပဒဋ္ဌာန်ရှိ၏၊ ဤသို့လျှင် လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်အားဖြင့် နှလုံးသွင်းအပ်၏။

ဤလက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ကောက်ရာ၌ လက္ခဏာနှင့် ရသနှစ်ခုတို့တွင် တခုခုသည် ရှေး၌ထင်ခြင်း ပစ္စုပဋ္ဌာန်ဖြစ်မြဲ။ ။ဝိသုဒ္ဓိမဂ်အဋ္ဌကထာတွင် ဤအရာ၌ ပဒဋ္ဌာန်ကို မပြခြင်းသည် မိမိမှ တပါးသော အကြောင်းတရားဖြစ်သောကြောင့် မပြသည်ဟု မဟာဋီကာတွင်ဆို၏၊ သို့သော်လည်း ဓာတ်လေးပါးအရာ၌ ကြွင်းသောဓာတ်လေးပါးပင် ပဒဋ္ဌာန်ဖြစ်ရသောကြောင့် နှလုံးသွင်းသင့် ပြသင့်သည်ဟူ၍ မှတ်အပ်၏။

## နာနတ္တနည်း—ဧကတ္တနည်းအားဖြင့် နှလုံးသွင်းနည်း

နာနတ္တနည်း, ဧကတ္တနည်းအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်းဟူမူကား—ဓာတ်လေးပါးတို့၏ ကက္ခဠ ဗန္ဓန အစရှိသော အသီးအသီးသော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့သည် မတူကြကုန်၊ ဖြစ်ကြောင်းသမုဋ္ဌာန် အစရှိသည်တို့၏ အစွမ်းအားဖြင့်လည်း မတူကြကုန်၊ ရုပ်အဖြစ် မဟာဘုတ်အဖြစ် ဓာတ်အဖြစ် ဓမ္မအဖြစ်အားဖြင့်၎င်း, အနိစ္စ ဒုက္ခ အနတ္တ လက္ခဏာယာဉ်သုံးပါးအားဖြင့်၎င်း ဓာတ်လေးပါးတို့သည် တူကြကုန်၏၊ ဓာတ်လေးပါးတို့သည် ဘောက်ပြန် ပျက်စီးတတ်သောကြောင့် ရုပ်မည်ကုန်၏၊ တော,တောင်,ရေ,မြေ အစရှိသော သက်မဲ့ဝတ္ထု၊ ငါး,လိပ် အစရှိသော သက်ရှိဝတ္ထုတို့၌ ကြီးမားထင်ရှားစွာ ဖြစ်တတ်သောကြောင့်၎င်း, မျက်လှည့်သမားသည် အထူးထူး အထွေထွေ မဟုတ်သည်ကို အဟုတ်လုပ်၍ ပြသကဲ့သို့ မိန်းမယောကျ်ား မဟုတ်သည်ကို မိန်းမ ယောကျ်ားဟု ထင်ရအောင် ပြတတ်၏။

ဤသို့ မျက်လှည့်သမားနှင့် တူသောကြောင့်၎င်း,နတ်ဘီလူးတို့ လူကို ပူးသည်ရှိသော် တန်ခိုးဣဒ္ဓိအရာဖြစ်၍ လူအတွင်း၌တည်၍ပူးသည် ပြင်၌ပူးသည်ဟု မသိနိုင်,မကြံနိုင်၊ အစိန္တေယျဖြစ်သကဲ့သို့ ထိုဓာတ်လေးပါးတို့သည် အချင်းချင်းမှီ၍ ဖြစ်ကြငြားသော်လည်း တခု၏အတွင်း၌ တခု၊ တခု၏ပြင်၌ တခုတည်ကြသည်ဟု မကြံနိုင်သော အရာဖြစ်၏၊ ဤကဲ့သို့ နတ်ဘီလူးနှင့် တူသောကြောင့်၎င်း, ဘီလူးမတို့သည် လှပသောမိန်းမ ယောင်ဆောင်၍ မိမိ၏ကြောက်မက်ဘွယ်သော အဆင်းသဏ္ဌာန်ကို ဖုံးလွှမ်း၍ သတ္တဝါတို့ကို လှည့်ပတ်သကဲ့သို့ ဤဓာတ်လေးပါးတို့သည် မိမိ၏လက္ခဏာ,ရသကို ဖုံးလွှမ်း၍ နှစ်သက်ဘွယ်သော မိန်းမယောကျ်ား ဟူသော အဆင်းသဏ္ဌာန် ဟန်ပန်အမူအရာတို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်ကုန်၏၊ဤသို့ ဘီလူးမနှင့် တူသောကြောင့်၎င်း, စားသောက်ဘွယ်,ဝတ်ဘွယ် အစရှိသော များစွာသောဥစ္စာပစ္စည်းတို့ဖြင့် ကျွေးမွေးရသောကြောင့်၎င်း, ကြီးမားစွာဘောက်ပြန်လျက် ပျက်စီးတတ်သောကြောင့်၎င်း သက်မဲ့ဝတ္ထု၌ ကမ္ဘာပျက်သောအခါ မဟာဘုတ်တို့၏ ကြီးမားစွာဘောက်ပြန်ခြင်းသည် ထင်ရှား၏၊ ဒရာဂါအနာဖြစ်သော

အခါ သက်ရှိသတ္တဝါ၌ ဘောက်ပြန်ပျက်စီးခြင်းသည်ထင်ရှား၏၊ကြီးစွာသောလုံ့လဝီရိယဖြင့် သိမ်းဆည်းအပ်သောကြောင့်ငှင်း, တိတ္ထိတို့ ကြံဆအပ်သော အတ္တကဲ့သို့မဟုတ်၊ ပရမတ်သဘောဖြစ်၍ ထင်ရှားသောကြောင့်ငှင်း၊ ဤသို့အစရှိသော အကြောင်းတို့ကြောင့် မဟာဘုတ်မည်၏၊(ဓာတ်မည်ကြောင်းကိုကား ဝစနတ်အားဖြင့် နှလုံးသွင်းသောအရာ၌ ကြည့်ရှုမှတ်သားအပ်၏။)

မိမိသဘောကို ဆောင်တတ်သောကြောင့်ငှင်း, ဥပါဒ်ဌီ ဘင်ဟူသော မိမိတို့၏ ခဏအားလျော်စွာ ဖြစ်တတ်သောကြောင့်ငှင်း ဓာတ်လေးပါးတို့သည်ဓမ္မမည်ကုန်၏၊ ကုန်ခန်းပျက်စီးခြင်း ဘင်သဘောရှိသောကြောင့် အနိစ္စမည်ကုန်၏၊ ဥပါဒ်, ဌီ, ဘင်တို့ဖြင့် နှိပ်စက်အပ်သောကြောင့် ဒုက္ခလည်းမည်ကုန်၏၊ တိတ္ထိတို့ ကြံဆအပ်သော အတ္တမဟုတ်သောကြောင့် အနတ္တလည်းမည်ကုန်၏၊ ဤသို့ နာနတ္တနည်း, ဧကတ္တနည်းအားဖြင့် နှလုံးသွင်းအပ်၏။

---

## ဝိနိဗ္ဘောဂ အဝိနိဗ္ဘောဂနည်းအားဖြင့် နှလုံးသွင်းနည်း

ဝိနိဗ္ဘောဂါ ဝိနိဗ္ဘောဂအားဖြင့် အဘယ်ကဲ့သို့နှလုံးသွင်းအပ်သနည်းဟူမူ ရုပ်ဓာတ်တို့မည်သည် တခုစီ အသီးအသီး ကွဲပြား၍ မဖြစ်နိုင်၊ ကာမဘုံ၌ အယုတ်ဆုံးအားဖြင့် ရုပ်ရှစ်ခုဟူသော အဋ္ဌကလာပ်အတိုင်းဖြစ်သည်၊ ဤသို့ အဋ္ဌကလာပ်အတိုင်း အစုစုပင် ဖြစ်ငြားသော်လည်း ကက္ခဠ အစရှိသော သဘောလက္ခဏာ အစရှိသည်တို့အားဖြင့် မတူကုန်၊ကွဲပြားကြကုန်၏၊ ဤသို့ ဝိနိဗ္ဘောဂါဝိနိဗ္ဘောဂအားဖြင့် နှလုံးသွင်းအပ်၏။

---

## သဘာဂဝိသဘာဂအားဖြင့် နှလုံးသွင်းနည်း

သဘာဂ,ဝိသဘာဂအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်းဟူမူကား ဤဓာတ်လေးပါးတို့တွင် ပထဝီဓာတ်နှင့် အာပေါဓာတ်သည် ဂရုဓာတ်ချည်းဖြစ်၍ သဘာဂဓာတ် နှစ်ခု ဖြစ်ကုန်၏၊ တေဇောဓာတ်

နှင့် ဝါယောဓာတ်သည် လဟုဓာတ်ချင်းဖြစ်၍ သဘာဂဓာတ်နှစ်ခု ဖြစ်ကုန်၏၊ ဂရုဓာတ်နှင့် လဟုဓာတ်သည်ကား အလေးအပေါ့ မတူကြသောကြောင့် ဝိသဘာဂဓာတ်မည်ကုန်၏၊ ဤ၌–

ကတမ ဏ္ဍံ ရူပံ ဖောဋ္ဌဗ္ဗာ ယတနံ၊ ပထဝီဓာတု တေဇောဓာတု ဝါယောဓာတု ကက္ခဠံ မုဒုကံ သဏှံ ဖရုသံ သုခသမ္ဖဿံ ဒုက္ခသမ္ဖဿံ ဂရုကံ လဟုကံ၊ ယံ ဖောဋ္ဌဗ္ဗံ အနိဒဿနံ သပ္ပဋိဃံ ကာယေန အနိဒဿနေန သပ္ပဋိဃေန ဖုသိ ဝါ ဖုသတိ ဝါ ဖုသိဿတိ ဝါ ဖုသေ ဝါ၊ ဖောဋ္ဌဗ္ဗော ပေ· သော၊ ဖောဋ္ဌဗ္ဗာယတနံ ပေတံ၊ ဖောဋ္ဌဗ္ဗဓာတု ပေသာ၊ ဣဒ ဏ္ဍံ ရူပံ ဖောဋ္ဌဗ္ဗာယတနံ။

ဟူ၍ ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူသည့်အတိုင်း အလိုသော်ကား– ဖောဋ္ဌဗ္ဗာရုံဖြစ်သော ဓာတ်သုံးပါးလုံးပင် အလေးအပေါ့ အချိန်ပမာဏကို ရကောင်းသကဲ့သို့ ရှိ၏၊ သို့သော်လည်း အဋ္ဌကထာတို့၌–

တတ္ထ စ ကက္ခဠံ မုဒုကံ သဏှံ ဖရုသံ ဂရုကံ လဟုကန္တိ ပဒေဟိ ပထဝီဓာတုဧဝ ဘာဇိတာ၊ ယဒါပိ ယံ ကာယော အာ· ယုသဟဂတောစ ဟောတိ ဥသ္မာ သဟဂတောစ ဝိညာဏ သဟဂတောစ၊ တဒါ လဟုတရောစ ဟောတိ မုဒုတရောစ ကမ္မညတရောစာတိ။ သုတ္တေပိ လဟုမုဒုဘူတံ ပထဝီဓာတုမေဝ သန္ဓာယ ဝုတ္တံ၊ သုခသမ္ဖဿံ ဒုက္ခသမ္ဖဿန္တိ ပဒဒ္ဒယေန ပန တီဏိပိ မဟာဘူတာနိ ဘာဇိတာနိ။

ဟူ၍ဆိုသောကြောင့် အဋ္ဌသာလိနီ အဋ္ဌကထာအလိုသော် ပထဝီဓာတ်၌သာ အချိန်ပမာဏ အလေးအပေါ့ကို ရကောင်း၏၊ ကြွင်းသော ဓာတ်တို့၌ မရကောင်း၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ ပထဝီဓာတ် အာပေါ ဓာတ်နှစ်ပါးကို လေးသောဓာတ်, ကြွင်းသော ဓာတ်နှစ်ပါးကို ပေါ့သောဓာတ်ဟု ဆိုခြင်းသည် သသမ္ဘာရဓာတ်ကို ရည်၍ဆိုသည်၊ အဋ္ဌသာလိနီအဋ္ဌကထာ၌ သဘာဝဓာတ်ကို ရည်၍ဆိုသည်ဟု ယူရန်ရှိ၏။ ဝိသုဒ္ဓိမဂ်မဟာဋီကာ၌ကား ပထဝီဓာတ်, အာပေါဓာတ် နှစ်ခုလုံး၌ပင် အလေးအပေါ့ ရကောင်းသော်လည်း ပထဝီဓာတ်, အာပေါဓာတ် နှစ်ပါး၌ နိပ္ပရိယာယအားဖြင့် ဂရု၏အဖြစ်ကိုသာ အလိုရှိအပ်၏။

ဂရု လဟု နှစ်ပါးလုံးကို ဓမ္မသင်္ဂဏီပါဠိတော်၌ ဟောတော်မူခြင်းသည် မုချအပူဖြစ်သော တေဇောဓာတ်ကို ဧခြင်းသည်လည်းတေဇောဓာတ်ဟု ဆိုသကဲ့သို့ အလွန်ဧသည့် ပေါ့သည်ကိုစွဲ၍ ပေါ့သောလဟုအဖြစ်ကို ပရိယာယ အားဖြင့် ဟောတော်မူ၏၊ဤကဲ့သို့ ဆိုသည်ရှိသော် ရူပဿလဟုတာရုပ်ကို အဘယ်ကဲ့သို့ မှတ်ရမည်နည်းဟူမူ ဤလဟုတာရုပ်ကိုလည်း ဆိုခဲ့ပြီးသော နည်းအတိုင်းသာလျှင် ပေါ့သော အခြင်းအရာကိုစွဲ၍ ရကောင်းသောကြောင့် ပရိစ္ဆေဒဝိကာရရုပ်တို့ကို ပရမတ်အားဖြင့်မရအပ်ကုန်၊ အဘယ့်ကြောင့်နည်းဟူမူ နိပ္ဖန္နရုပ်တို့၏ အခိုက်အတန့်အထူး၏ အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် ပရမတ္ထအားဖြင့်ပြီးသော ဂရုဘာဝကိုရည်၍ ပထဝီဓာတ်, အာပေါဓာတ် နှစ်ခုတို့သည်လေးသည်၏အဖြစ်ကြောင့် သဘာဂဓာတ်ဟု ဝိသုဒ္ဓိမဂ်၌ ဆိုသည်ဟူ၍ ဆို၏၊ထိုစကားသည် ပါဠိတော် အဋ္ဌကထာနှင့် ညီသည်ဟူ၍ မထင်၊ ဤသို့သဘာဂ, ဝိသဘာဂအားဖြင့် နှလုံးသွင်းအပ်၏။

## အဇ္ဈတ္တိက,ဗာဟိရအားဖြင့် နှလုံးသွင်းနည်း

အဇ္ဈတ္တိက ဗာဟိရဝိသေသအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်းဟူမူ ဣရိယာပုထ်နှင့်တကွ ဖြစ်ကုန်သော စတုသမုဋ္ဌာန်ဖြစ်ကုန်သော ဝတ္ထုရုပ်, ဝိညတ်ရုပ်, ဣန္ဒြိယရုပ်တို့နှင့် အတူ ဖြစ်ကုန်သော ဓာတ်တို့သည် အဇ္ဈတ္တိကဓာတ်မည်ကုန်၏၊ ဤမှတပါး သော ဓာတ်တို့သည် ဗာဟိရဓာတ်မည်ကုန်၏၊ ဤသို့ အဇ္ဈတ္တိက ဗာဟိရ ဝိသေသအားဖြင့် နှလုံးသွင်းအပ်၏။

## သင်္ဂဟအားဖြင့်နှလုံးသွင်းနည်း

သင်္ဂဟအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ် သနည်းဟူမူ—ကံကြောင့်ဖြစ်သော ပထဝီဓာတ်ကို ကံကြောင့်ဖြစ်ကုန်သော ကြွင်းသော ဓာတ်သုံးပါးတို့ဖြင့် ဖြစ်ကြောင်းတူသည်၏ အဖြစ်ကြောင့် တပေါင်းတည်းယူအပ်၏၊ ထို့အတူ စိတ်အစရှိသည်တို့ကြောင့် ဖြစ်သော ဓာတ်ကို ကြွင်းသော စိတ်အစရှိသော ဓာတ်သုံးပါးတို့ဖြင့် ဖြစ်ကြောင်းတူသည်၏အဖြစ်ကြောင့် တပေါင်းတည်းယူအပ်၏၊ဤသို့ သင်္ဂဟအားဖြင့် နှလုံးသွင်းအပ်၏။

## ပစ္စည်းအားဖြင့်နှလုံးသွင်းနည်း

အချင်းချင်း ကျေးဇူးပြုသော ပစ္စည်းအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်း ဟူမူ—အစိုင်အခဲဖြစ်အောင် အာပေါခေတ်သည် ပေါင်းစု အပ်သော မပုပ်မသိုး အရည်မဖြစ်ရအောင် တေဇောခေတ်သည် စောင့်ရှောက်အပ်သော မလည်းမပြိုရအောင် ဝါယောခေတ်သည် ထောက်ကန် ဘိညှပ်အပ်သော-ပထဝီခေတ်သည် မိမိမှကြွင်းသော ခေတ်သုံးပါးတို့ကို တည်ရာဖြစ်၍ ကျေးဇူးပြု၏။

ပထဝီခေတ်၌တည်သော မပုပ်မသိုး အရည်မဖြစ်ရအောင် တေဇောခေတ်သည် စောင့်ရှောက်အပ်သော မလည်းမပြိုရအောင် ဝါယောခေတ်သည် ထောက်ကန်ဘိညှပ်အပ်သော– အာပေါခေတ်သည် မိမိမှကြွင်းသော ခေတ်သုံးပါးတို့ကို အစိုင်အခဲဖြစ်အောင် ပေါင်းစု သည်ဖြစ်၍ ကျေးဇူးပြု၏။

ပထဝီခေတ်၌တည်သော အစိုင်အခဲဖြစ်အောင် အာပေါခေတ်သည် ပေါင်းစုအပ်သော မလည်းမပြိုရအောင် ဝါယောခေတ်သည် ထောက်ကန်ဘိညှပ်အပ်သော— တေဇောခေတ်သည် မိမိမှကြွင်းသောခေတ်သုံးပါးတို့ကို မပုပ်မသိုး အရည်မဖြစ်ရအောင် ကျက်ခြင်းဖြစ်၍ ကျေးဇူးပြု၏။

ပထဝီခေတ်၌တည်သော အစိုင်အခဲဖြစ်အောင် အာပေါခေတ်သည် ပေါင်းစုအပ်သော မပုပ်မသိုးအရည်မဖြစ်ရအောင်တေဇောခေတ်သည် စောင့်ရှောက်အပ်သော— ဝါယောခေတ်သည် မိမိမှကြွင်းသော ခေတ်သုံးပါးတို့ကို မလည်းမပြိုရအောင် ထောက်ကန်ဘိညှပ်အပ်သည်ဖြစ်၍ ကျေးဇူးပြု၏၊ ဤသို့ အချင်းချင်း ကျေးဇူးပြုသောပစ္စည်းအားဖြင့် နှလုံးသွင်းအပ်၏။

---

## အသမန္နာဟာရအားဖြင့် နှလုံးသွင်းနည်း

မသိတတ်သော အသမန္နာဟာရအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်း ဟူမူ– ပထဝီခေတ်သည် ငါသည် ပထဝီခေတ်တည်းဟူ၍ ၄င်း,ကြွင်းသောခေတ်သုံးပါးတို့ကို တည်ရာဖြစ်၍ ကျေးဇူးပြုအပ်၏ဟူ

ရှိငြင်း မသိ၊ကြွင်းသော ဓာတ်သုံးပါးတို့သည်လည်း ပထဝီဓာတ်သည် ငါတို့၏တည်ရာဖြစ်၍ ကျေးဇူးပြုတတ်ပေသည်ဟူ၍ မသိကုန်၊ ဤနည်းအတိုင်း အလုံးစုံသောဓာတ်တို့၌ အချင်းချင်း ကျေးဇူးပြုခြင်း၏ မသိသည့်အဖြစ်ကို နှလုံးသွင်းအပ်၏။

---

## ပစ္စယဝိဘာဂအားဖြင့် နှလုံးသွင်းနည်း

ပစ္စည်းကိုဝေဘန်သော ပစ္စယဝိဘာဂအားဖြင့် အဘယ်ကဲ့သို့ နှလုံးသွင်းအပ်သနည်း ဟူမူ—ကံ,စိတ်, ဥတု,အာဟာရဟူ၍ ဓာတ်တို့၏ ဖြစ်ကြောင်း ပစ္စည်းတို့သည်လည်း လေးပါးဖြစ်ကုန်၏၊ ထိုလေးပါးတို့တွင် ကံကြောင့်ဖြစ်ကုန်သော ဓာတ်တို့၏ပစ္စည်းကား ကံသာလျှင် ဖြစ်၏၊ စိတ်အစရှိသော သုံးခုတို့သည် မဖြစ်ကုန်၊ စိတ်အစရှိသည်တို့ကြောင့် ဖြစ်ကုန်သောဓာတ်တို့၏ ပစ္စည်းတို့ သည်လည်း စိတ်အစရှိသည်တို့သည်သာလျှင် ဖြစ်ကုန်၏၊ ဤမှတပါးတို့သည် ပစ္စည်းမဖြစ်ကုန်၊ ကံသည် ကံကြောင့်ဖြစ်သောဓာတ်တို့ကို ဖြစ်ကြောင်း ဇနက ပစ္စည်းဟူသော ကမ္မပစ္စည်းဖြင့် ကျေးဇူးပြု၏၊ထို့ကြောင့်—

"ကုသလာကုသလ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာစ ရူပါနံ ကမ္မပစ္စယေန ပစ္စယော"။

ဟူ၍ ပဋ္ဌာန်းပါဠိတော်တွင် ဟောတော်မူ၏၊ ကံသည်ပင်ကံကြောင့် ဖြစ်သော ဓာတ်မှကြွင်းသော ဓာတ်တို့အား ပရိယာယ်အားဖြင့်သာ ဥပနိဿယပစ္စည်းဖြစ်၏၊ အဘယ့်ကြောင့်နည်းဟူမူ ပဋ္ဌာန်းပါဠိတော်၌ နာမ်တရားတို့၏ သာလျှင် ဥပနိဿယပစ္စည်းကို ဟောတော်မူသော ကြောင့်ငြင်း, နိပ္ပရိယာယအားဖြင့် ရုပ်တရားတို့၏ ဥပနိဿယပစ္စည်းမရှိသောကြောင့်ငြင်း,သုတ်ပါဠိတော်၌မူကား''ပုဂ္ဂလံ ဥပနိဿာယ ဝနသဏ္ဍံ ဥပနိဿာယ''ဤသို့အစရှိသဖြင့် ဟောတော်မူသောကြောင့်ငြင်း သုတ္တန္တိက ပရိယာယ်အားဖြင့် ကင်းကွာ၍မဖြစ်ခြင်း အဝိနာဘာဝကိုပင် ဥပနိဿယပစ္စည်းဟူ၍ သိအပ်၏၊ ထို့ကြောင့် ပရိယာယအားဖြင့် ဥပနိဿယပစ္စည်းဖြစ်၏၊ စိတ်သည် စိတ်ကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကပစ္စည်းဖြစ်၏၊ ကြွင်းသော ဓာတ်သုံးပါးတို့၏ ပစ္ဆာဇာတ ပစ္စည်းသည်ငြင်း, အတ္ထိပစ္စည်းသည်ငြင်း, အဝိဂတပစ္စည်းသည်ငြင်း ဖြစ်၏။

ဤ၌စိတ်သည် စိတ်ကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကပစ္စည်းဟူသည်ကား သဟဇာတ,နိဿယအစရှိသည်တို့၏ အစွမ်းဖြင့် ပစ္စည်းဖြစ်၏၊စိတ်သည် ဖြစ်စေအပ်သည်၏အဖြစ်ကိုစွဲ၍ ဇနကပစ္စည်း ဖြစ်သည်ဟုဆိုအပ်၏၊ အာဟာရ ဥတုတို့၌ ဇနကပစ္စည်းဖြစ်ပုံကိုလည်း ဤအတိုင်းမှတ်အပ်၏၊ အာဟာရသည် အာဟာရကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကပစ္စည်းဖြစ်၏၊ ကြွင်းသောဓာတ်တို့၏ အာဟာရပစ္စည်းသည်၎င်း, အတ္ထိ ပစ္စည်းသည်၎င်း, အဝိဂတပစ္စည်းသည်၎င်း ဖြစ်၏၊ ဥတုသည် ဥတုကြောင့်ဖြစ်သော ဓာတ်တို့၏ ဇနကပစ္စည်းဖြစ်၏၊ ကြွင်းသော ဓာတ်တို့၏ အတ္ထိပစ္စည်းသည်၎င်း, အဝိဂတပစ္စည်းသည်၎င်း ဖြစ်၏၊ ဤကား အကြောင်းအကျိုး ပစ္စည်းဖြစ်ပုံတည်း။

ကံကြောင့်ဖြစ်သောဓာတ်သည် ကံကြောင့်ဖြစ်ကုန်သော ဓာတ်တို့၏၎င်း, စိတ်စသည်တို့ကြောင့် ဖြစ်ကုန်သော ဓာတ်တို့၏၎င်း ပစ္စည်းဖြစ်၏၊ ထို့အတူ စိတ်ကြောင့်ဖြစ်သောဓာတ်, အာဟာရကြောင့်ဖြစ်သောဓာတ်,ဥတုကြောင့်ဖြစ်သောဓာတ်သည် ဥတုကြောင့်ဖြစ်ကုန်သော ဓာတ်တို့၏၎င်း, ကံစသည်တို့ကြောင့် ဖြစ်ကုန်သော ဓာတ်တို့၏၎င်း ပစ္စည်းဖြစ်၏၊ ထိုဓာတ်ချင်းချင်း ပစ္စည်းဖြစ်ပုံတို့တွင် ကံကြောင့်ဖြစ်သော ပထဝီဓာတ်သည် မိမိမှတပါးကုန်သော ကံကြောင့်ဖြစ်ကုန်သော အာပေါအစရှိသောဓာတ်တို့၏ သဟဇာတ. အညမည, နိဿယ, အတ္ထိ,အဝိဂတ၏ အစွမ်းဖြင့်၎င်း၊ တည်ရာ၏အစွမ်းဖြင့်၎င်း ပစ္စည်းဖြစ်၏၊ဖြစ်ကြောင်းဇနက၏ အစွမ်းဖြင့် ပစ္စည်းမဖြစ်။

စိတ်အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော ဓာတ်တို့၏ကား နိဿယ, အဝိဂတပစ္စည်းတို့၏ အစွမ်းဖြင့် ပစ္စည်းဖြစ်၏၊တည်ရာ၏အစွမ်းဖြင့်၎င်း, ဖြစ်ကြောင်းဇနက၏ အစွမ်းဖြင့်၎င်း ပစ္စည်းမဖြစ်၊ ဤနည်းအတူ ကံကြောင့်ဖြစ်သော အာပေါဓာတ်သည် မိမိမှတပါးကုန်သော ကံကြောင့်ဖြစ်ကုန်သော တေဇော အစရှိသော ဓာတ်သုံးခုတို့၏ သဟဇာတ အစရှိသော ပစ္စည်းငါးခုတို့၏ အစွမ်းဖြင့်၎င်း,ဘွဲ့စည်းခြင်း၏ အစွမ်းဖြင့်၎င်း ပစ္စည်းဖြစ်၏၊ဖြစ်ကြောင်းဇနက၏ အစွမ်းအားဖြင့် ပစ္စည်းမဖြစ်၊ စိတ်စသည်တို့ကြောင့် ဖြစ်ကုန်သောဓာတ်တို့၏ နိဿယအစရှိကုန်သော ပစ္စည်းသုံးခုတို့၏ အစွမ်းဖြင့်သာ ပစ္စည်းဖြစ်၏၊ ဘွဲ့စည်းခြင်း၏ အစွမ်းအားဖြင့်၎င်း, ဖြစ်ကြောင်းဇနက၏ အစွမ်းအားဖြင့်၎င်း ပစ္စည်းမဖြစ်။

ကံကြောင့်ဖြစ်သော တေဇောဓာတ်သည်လည်း တေဇောဓာတ်မှ တပါး ဝါယောဓာတ်အစရှိကုန်သော ကံကြောင့်ဖြစ်ကုန်သော ဓာတ်သုံးခုတို့၏ သဟဇာတအစရှိကုန်သော ပစ္စည်းငါးခုတို့၏ အစွမ်းဖြင့်၎င်း, ကျက်စေခြင်း၏ အစွမ်းဖြင့်၎င်း ပစ္စည်းဖြစ်၏၊ဖြစ်ကြောင်းဇနကအစွမ်းဖြင့် ပစ္စည်းမဖြစ်၊ကံမှတပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော ဓာတ်တို့၏နိဿယအစရှိကုန်သော ပစ္စည်းသုံးခုတို့၏အစွမ်းအားဖြင့်သာလျှင် ပစ္စည်းဖြစ်၏၊ ကျက်စေခြင်းဖြစ်ကြောင်း ဇနကတို့၏အစွမ်းဖြင့် ပစ္စည်းမဖြစ်။

ကံကြောင့်ဖြစ်သော ဝါယောဓာတ်သည် မိမိမှ တပါးကုန်သော ကံကြောင့် ဖြစ်ကုန်သော ဓာတ်သုံးခုတို့၏ သဟဇာတ အစရှိကုန်သော ပစ္စည်းငါးခုတို့၏ အစွမ်းဖြင့်၎င်း, ထောက်ကန်ဘိညှပ်ခြင်း အစွမ်းဖြင့်၎င်း ပစ္စည်းဖြစ်၏၊ ဖြစ်ကြောင်း ဇနက၏ အစွမ်းဖြင့် ပစ္စည်းမဖြစ်၊ ကံကြောင့်ဖြစ်သော ဝါယောဓာတ်မှ တပါးကုန်သော ဓာတ်သုံးပါးတို့၏ကား—နိဿယအစရှိသော ပစ္စည်းသုံးခုတို့၏ အစွမ်းဖြင့်သာ ပစ္စည်းဖြစ်၏၊ ထောက်ကန် ဘိညှပ်ခြင်း အစွမ်းဖြင့်၎င်း, ဖြစ်ကြောင်း ဇနက၏ အစွမ်းဖြင့်၎င်း ပစ္စည်းမဖြစ်။ ။(စိတ်,အာဟာရ,ဥတုတို့ကြောင့် ဖြစ်ကုန်သော ပထဝီဓာတ်အစရှိသည်တို့၌လည်း ဤနည်းအတိုင်း မှတ်အပ်၏။)

ဤသို့ သဟဇာတအစရှိကုန်သော ပစ္စည်းတို့၏ အစွမ်းဖြင့် ဖြစ်ကုန်သောဓာတ်တို့တွင် ဓာတ်တပါးသည် ပစ္စည်း၊ ကြွင်းသောဓာတ်သုံးပါးတို့သည် ပစ္စယုပ္ပန်ဖြစ်သည်ကား— လေးဝါရ, ဓာတ်သုံးပါးပစ္စည်းဖြစ်၍ ဓာတ်တပါးပစ္စယုပ္ပန်ဖြစ်သည်လည်း လေးဝါရ, ဓာတ်နှစ်ပါး ပစ္စည်းဖြစ်၍ ဓာတ်နှစ်ပါး ပစ္စယုပ္ပန် ဖြစ်သည်လည်း ခြောက်ဝါရအားဖြင့် တဆဲ့လေးပါးကုန်သော ပစ္စည်း, ပစ္စယုပ္ပန်တို့သည် ဖြစ်ကုန်၏။

ထိုဓာတ်လေးပါးတို့တွင် ရှေ့သို့တက်ခြင်း, နောက်သို့ဆုတ်ခြင်း အစရှိသောကိရိယာ၌ မြေအစရှိသောဝတ္ထုနှင့် ထိခိုက်ခြင်း၏ ပစ္စည်း၏ အာပေါဓာတ်သို့ အစဉ်လိုက်သော ထိုပထဝီဓာတ်သည်သာလျှင် ရပ်တည်စေခြင်း၏ ပစ္စည်းဖြစ်၏၊ ပထဝီဓာတ်သို့ အစဉ်လိုက်သော အာပေါဓာတ်သည် ခြေကိုချခြင်း၏ ပစ္စည်းဖြစ်၏၊ ဝါယောဓာတ်သို့ အစဉ်လိုက်

သော တေဇောခေတ်သည် ခြေကိုကြွခြင်း၏ ပစ္စည်းဖြစ်၏၊ တေဇော ခေတ်သို့ အစဉ်လိုက်သော ဝါယောခေတ်သည် ခြေလှမ်းခြင်း, ခြေ သယ်ခြင်းတို့၏ ပစ္စည်းဖြစ်၏၊ ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ပစ္စည်းကို ဝေဘန်သော ပစ္စယပိဂ္ဂဟအားဖြင့် နှလုံးသွင်းအပ်၏။

ဤသို့ ဆိုခဲ့ပြီးသော ဝစနတ်အစရှိသည်တို့ကို နှလုံးသွင်းသော ယော ဂီအား ထိုဝစနတ်အစရှိသည်တို့တွင် တခုခုကို အရင်းထားသဖြင့် ခေတ် တို့သည် ထင်ရှားကုန်၏၊ ထိုထင်ရှားဖြစ်သော ခေတ်တို့ကို အဖန်ဖန် ဆင်ခြင်နှလုံးသွင်းသော ယောဂီအား ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သာလျှင် ဥပစာရသမာဓိသည် ဖြစ်၏၊ ခေတ်လေးပါးတို့ကို ဆုံးဖြတ် ပိုင်းခြားသော ဉာဏ်၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဤဥပစာရသမာဓိ သည်လည်း စတုခေတုဝဝတ္ထာန်ပင် မည်၏။

ဤစတုခေတုဝဝတ္ထာန် ကမ္မဋ္ဌာန်းကို အားထုတ်သောသူသည် တိတ္ထိ တို့ကြံဆအပ်သော အတ္တမရှိ၊ အတ္တမှကင်း၏၊ ဆိတ်၏ဟူသော အယူဝါဒ သုညတသို့ သက်ဝင်၏၊ သတ္တဝါဟူသော အမှတ်သညာကို ခွါ၏၊ သတ္တဝါ ဟူသော အမှတ်သညာကို ခွါပြီးသည်၏ အဖြစ်ကြောင့် ခြသေ့်သားရဲ, ဘီလူးရက္ခိုဿစသော ဘေးတို့ကို ကြောက်လန့်ခြင်းမရှိ၊ ကြောက်ရန် ဝတ္ထုဟူသော အာရုံကို သည်းခံနိုင်၏၊ ကမ္မဋ္ဌာန်း၌ မမွေ့လျော်ခြင်း, ကာမဂုဏ်၌ မွေ့လျော်ခြင်းတို့သည် မဖြစ်နိုင်၊ ဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ သောမနဿ ဒေါမနဿ မဖြစ်၊ ပညာကြီး၏၊ ဤရပြီးသော သမာဓိကို အခြေပြု၍ ဝိပဿနာဉာဏ်ကို ပွားများလျှင် နိဗ္ဗာန်ဟူသော အကျိုးအ ဆုံးရှိ၏၊ ဝိပဿနာကိုပင် မပွားသော်လည်း သေသည့်အခြားမဲ့၌ သုဂတိ သို့လားရ၏၊ ဤသို့ ဆိုခဲ့ပြီးသည်ကား—ကောဋ္ဌာသတို့ကို ခေတ်အားဖြင့် ကမ္မဋ္ဌာန်းစီးဖြန်းနည်းတည်း။

ဤသို့ ဆိုခဲ့ပြီးသည့်အတိုင်း ကောဋ္ဌာသတို့သည် ကောဋ္ဌာသအတိုင်း စိတ်၌ထင်မူ—ဥဂ္ဂဟနိမိတ်တက်၍ စက်ဆုပ်ရွံရှာဘွယ်ဟုထင်လျှင် ကာယ ဂတာသတိကမ္မဋ္ဌာန်း၏ ပဋိဘာဂနိမိတ်၊ ခေတ်လေးပါးတို့၏ ကက္ခဋ္ဌ ဗန္ဓနအစရှိသော အသီးအသီး မိမိတို့၏ ဝိသေသလက္ခဏာအားဖြင့်ထင် လျှင် ခေတုဝဝတ္ထာန်ကမ္မဋ္ဌာန်း၏ ပဋိဘာဂနိမိတ်၊ ခေတ်လေးပါးလုံး တို့နှင့် ဆက်ဆံသော ထိုခေတ်လေးပါးတို့၏ အနိစ္စ, ဒုက္ခ, အနတ္တအဖြစ်

ဟူသော လက္ခဏာယာဉ်သုံးပါးဖြင့်သာ ရှုဆင်ခြင်၍ထင်မှု သမ္မသန အစရှိသော ဝိပဿနာဉာဏ်ဖြစ်၏၊ ကောဋ္ဌာသတို့၏ ပကတိအဆင်းအာ တိုင်းထင်မှု—အနီအဖြူအစရှိသော ဝဏ္ဏကသိုဏ်းတခုခု၏ ဥဂ္ဂဟနိမိတ် ဖြစ်၏၊ ထိုအဆင်းသည်ပင် အထူးသဖြင့် သန့်ရှင်းစင်ကြယ်နှစ်သက်ဘွယ် ထင်မှု ဝဏ္ဏကသိုဏ်း၏ ပဋိဘာဂနိမိတ်ဖြစ်၏၊ ထို့ကြောင့် ဤကောဋ္ဌာသတို့၌ လေ့ကျက်ပွန်းတီးခြင်းသည် သမထဝိပဿနာ နှစ်ပါးလုံး၌ပင် အကျိုးများစွာ ရှိသောကြောင့် ပညာရှိသောယောဂီသည် ဤကမ္မဋ္ဌာန်းကို မဂ်ဖိုလ်ရသည့် တိုင်အောင် လေ့ကျက်အပ်သည်ဟူ၍လည်း မြဲမြဲမှတ်လေ။

ခေတ်ကမ္မဋ္ဌာန်း နှလုံးသွင်းခဏ်း ပြီး၏။

---

## ကျမ်းပြီးနိဂုံး

(၁) ယော စက္ကာဝုဓံ သာမိကော၊အနေက သေတိ ဘိံသရော။
ကလိင်္ဂဗောဓိ သညိတော၊ ရာဇာဝ စက္ကဝတ္တိကော။ ။

(၂) ဒိန္နံ ဆဒ္ဒန္တာနံ ပတိ၊ ရတနာပုဏ္ဏံ ပဌမံ။
မန္တလဒ္ဒေသုံတ္တမမှိ၊ မာပေသိ ဒိဗ္ဗံဝ ပုရံ။ ။

(၃) သောဏ္ဏ တောရဏူပပန္နံ၊ နဒီ တဋ္ဌာက သောဘိတံ။
နာနုယျာနေဟိ လင်္ကိတံ၊ နာနာဇန သမာကုလံ။ ။

(၄) ဒသသဒ္ဒ အဝိဝိတ္တံ၊ ဠဒ္ဓံ ဖိတံ မနောရမံ။
တမ္ဗဒီပါနံ ဇနာနံ၊ ပုရေသု တံ ပုရုတ္တမံ။ ။

(၅) အာဒိစ္စ ကုလ ရာဇူသု၊ ခေ ရဝိန္ဒုဝ ဝိဿုတော။
သူရော မဟာယသော ဓီမာ၊ သီလဝါ ရဋ္ဌဝဍ္ဎကော။ ။

(၆) သီရာဒိ လဍ္ဍကော သောဝ၊ သံဂါယိတွာန ပဉ္စမံ။
ဇိနစက္ကံ သုဒ္ဓတ္ထာယ၊ လိက္ခာပေသိ မဟာမတိ။ ။

(၇) အနေက သာလ မဏ္ဍိတော၊ဝိဟာရေ သံဃဝါသိတော။
ဗဟူ ထူပေစ အကရိ၊ အဒါသိံနုသံဝစ္ဆရံ။ ။

(၈) ပရိဘောဂေ မဟာရဟော၊ ပရော သဟဿ အဋ္ဌကေ။
ဗဟု မာတိက သောဘိတော၊မဟာတဋ္ဌာကေ ဇီရဏေ။ ။

(၉) ခေတ္တစ ဇနဟိတကော၊ ဂိလာန ဇိဏ္ဏ ဝါသိတော။
အနာထာနံ အတ္ထာယ စ၊ ဗဟု ဘေသဇ္ဇ ကာတုန။ ။

(၁၀) ဇာတိ ပ္ဖလိကမယမှိ၊ အတုလ္လကံ ဒဿနိယံ။
ပဋိဗိမ္ဗံ ပါသာဒိကံ၊ အတုလျ သတ္ထုနော ကတံ။ ။

(၁၁) ရဋ္ဌဝါသီနံ ဟိတာယ၊ ရတနာနဒီ နာမကံ။
ဝေဟာဂင်္ဂံ ဟာသန္တံဝ၊ ခဏာပေသိ ဟိံကာရိတံ။ ။

(၁၂) ယော ဒေတိ သကလံ ဘောဂံ၊ ဂိဟိ ပဗ္ဗဇိတာနံ စ။
ပဇ္ဇုန္နောရိဝ ဘူတာနံ၊ ဘောဂေဟိ အဘိဝဿတိ။ ။

(၁၃) ဧဝံ အနုဂ္ဂဟေဟိပိ၊ အတုဋ္ဌော ဇိနသာသနေ။
အဝေစ္စ ပသာဒေနေဝ၊ ဒုလ္လဘံ ဗုဒ္ဓသာသနံ။ ။

(၁၄) ပေါရာဏကေဟိ ရာဇူဘိ၊ အစ္ဆရိယံ အစိန္တိတံ။
စိန္တယိတွာန အဗ္ဘုတံ၊ စဇိတွာန ဗဟူဓနံ။ ။

(၁၅) ဇိနစက္က ကပ္ပဋ္ဌာယ၊ အလဉ္ဆိ ပိဋကတ္တယံ။
ဇာတိ ပ္ဖလိက မဏီသု၊ ဝိစာရိတွာန ဗဟုလံ။ ။

(၁၆) သွာဒိနာမာ ဓီတာ တဿ၊ သုဝတ္တာ သုသီလာ သုဘာ။
ဇာတိဿရ သမင်္ဂိယာ၊ နာနာဂန္ထ ဝိသာရဒါ။ ။

(၁၇) တေနာပိ ပိတု ပိယာဝ၊ ဓီတရာသု ပိ ဝိဿုတာ။
ဘောဇယိတွာ စလင်္ဂမှိ၊ ဝိသေသာ ပိတုနုဂ္ဂဟာ။ ။

(၁၈) အဇ္ဈိဋ္ဌော တာယ မစ္စောဝ၊ မဟာ အကရိ ယံ ဂန္ထံ။
နာနာနယ သုနေပုညံ၊ ယောဂီနံ ပီတိဝဍ္ဎနံ။ ။

(၁၉) သတ္တတိံသာ မိဂေ သာကေ၊ သော ဒွါဒသ သတေ ပိ ဝါ။
ဇုဏှပက္ခေ တပဿာ၊ နိဋ္ဌံ နဝမိယံ ဂတော။ ။

(၂၀) နိဗ္ဗာနတ္ထာယ မေ ကတော၊ ကာယာ နုပဿနာ ဂန္ထော။
ပတ္တံ ဝေပုလ္လံ ကုသလံ၊ အာနုဘာဝေန တဿ စ။ ။

(၂၁) ယေ အနန္တ တန္တဏ္ဏဝ၊ မန္ထနေန မဒ္ဒါ မတိ။
ဝရေန လဒ္ဓါ သာရတိ၊ မတာ တေစ မေ ဂရဝေါ။ ။

(၂၂) သုခယန္တု သဒါ စေဝ၊ သဗ္ဗံ နေဝ ဇယတံ ရာဇာ။
စိရံ ဇီဝတု ကပ္ပံစ၊ သမိဇ္ဈတု မနောဘာဝေါ။ ။

(၂၃) ကာလေန သမ္မာ ဒေဝေါစ၊ ပဝဿတံ ပတိဋ္ဌတု။
စိရံ ဓမ္မော ဓမ္မေ ဟောန္တု၊ သဂါရဝါစ ပါဏိနော။ ။

(၂၄) သဒ္ဓမ္မရာဇဿ ဓမ္မံ၊ ပဋိုဥ တွာ သုခါဝဟံ။
နိဗ္ဗာနံ သုခမုတ္တမံ၊ ယန္တု သုပဋိပတ္တိယာ။ ။

(၂၅) ယထာရက္ခိံသု ပေါရာဏာ၊ သုရာဇာနော တထေဝိမံ။
ရာဇာ ရက္ခတု ဓမ္မေန၊ အတ္တနောဝ ပဇံ သုတံ။ ။

(၁) စက္ကာဝုဓ သာမိကော၊ လက်နက်စကြာမျိုးတို့၏ သခင်ဖြစ်တော်မူသော။ အနေက သေတိ ဘိဿရော၊ ဆင်ဖြူများရှင်ဖြစ်တော်မူသော။ ကလိင်္ဂ ဗောဓိ သညိတော၊ ကလိင်္ဂဗောဓိမည်သော။ စက္ကဝတ္တိ ကောရာဇာဝ၊ စကြဝတေးမင်းကဲ့သို့။

(၂) ဒွိန္နံဆဒ္ဒန္တာနံ၊ တစီးကွယ်ပျောက်လျှင် တစီးရောက်သဖြင့် နှစ်စီးကုန်သော ဆဒ္ဒန်ဆင်မင်းတို့၏။ ပတိ၊ သခင်ဖြစ်တော်မူသော။ ယောမဟာဓမ္မရာဇာ၊ အကြင်မင်းတရားကြီး ဘုရားသည်။ မန္တလဒ္ဒေသုတ္တမမှိ၊ မန္တလေးတောင်၏အနီး မြတ်သောအရပ်၌။ ဒိဗ္ဗံ၊ နတ်၌ဖြစ်သော။ ပုရံဝ၊ အယုဇ္ဈပုရမြို့ကဲ့သို့။ ရတနာပုဏ္ဏံ၊ ရတနာပုံမည်သော မြို့ကို။ ပဌမံ၊ လက်မှန်အစပဌမ။ မာပေသိ၊ တည်ထောင် ဘန်ဆင်းတော်မူ၏။

(၃) သောဏ္ဏတောရဏုပပန္နံ၊ ရွှေဖြင့်ပြီးသော တံခါးမုခ်ပြာသာဒ်နှင့် ပြည့်စုံသော။ နဒီတဋ္ဌာကသောဘိတံ၊ ရတနာနဒီမြစ်, ဧရာဝတီမြစ်, အောင်ပင်လယ်,နန္ဒာကန်တို့ဖြင့် တင့်တယ်သော။ နာနုယျာနေဟိ၊ မနော်ရမ်အစရှိကုန်သော အထူးထူးအပြားပြားကုန်သော ဥယျာဉ်တို့ဖြင့်။ လင်္ကိတံ၊ တင့်တယ်စွာ တန်းဆာဆင်အပ်သော။ နာနာဇနသမာကုလံ၊ ရှမ်း, ယွန်း, ယိုးဒယား, ကုလား, တရုပ်စသော အထူးထူးသောလူမျိုးတို့ဖြင့်ပြွမ်းသော။

(၄) ဒသသဒ္ဒအဝိဝိတ္တံ၊ ခရုသင်းသံ, စည်ကြီးသံ အစရှိကုန်သော အသံဆယ်ပါးတို့ဖြင့် မဆိတ်သော။ ဣဒ္ဓံ၊ မြို့၏အင်္ဂါ, ရွှေ,ငွေ, ရတနာ, အစာလေးပါးတို့နှင့်လည်း ပြည့်စုံသော။ ဖိတံ၊ ကြက်ပျံမကျစည်ပင်

သော။ မနောရမံ၊ နှလုံးမွေ့လျော်ပျော်ဘွယ်ရာရှိသော။ တံ၊ထိုရတနာပုံရွှေမြို့တော်ကြီးသည်။ တမ္ဗဒီပါနံဇနာနံ၊ တမ္ဗဒီပ တိုင်းသူလူတို့၏။ ပုရေသု၊ ပြည်တို့တွင်။ ပုရုတ္တမံ၊ ပြည်မြတ်တည်း။

(၅) အာဒိစ္စကုလရာဇူသု၊ နေနတ်နွယ်ရိုး မင်းမျိုးတို့တွင်။ နဘေ၊ ကောင်းကင်၌။ ရဝိန္ဒုဝ၊ နေလကဲ့သို့။ ဝိဿုတော၊ ကျော်စောထင်ရှားတော်မူ၏။ သူရော၊ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်ခြင်းရှိတော်မူ၏။ မဟာယသော၊ စကြာမန္ဓာတ်လေးကျွန်းပတ်သောမင်းတို့ကဲ့သို့ များမြတ်သောမင်း၏စည်းစိမ်လည်းရှိတော်မူ၏။ ဓိမာ၊ နိဗ္ဗာန်တိုင်အောင် ထိုးထွင်း၍သိနိုင်သော ဉာဏ်ပညာလည်းရှိတော်မူ၏။ သီလဝါ၊ရာဇ, ဓမ္မ, သင်္ဂဟအစရှိကုန်သောမင်းတို့၏ ကျင့်သုံးအပ်သောသီလနှင့်လည်း ပြည့်စုံတော်မူ၏။ ရဋ္ဌဝဍ္ဎကော၊ တိုင်းနိုင်ငံကိုစည်ပင်အောင်ပြုတော်မူနိုင်၏။

(၆) သိရာဒိလဍ္ဍကော၊ သိရီအစရှိသော တံဆိပ်နာမံတော်လည်းရှိတော်မူသော။ ဝါ၊ သိရီပဝရ သုဓမ္မမဟာရာဇာဓိရာဇာ—ဟူ၍ရင်း, သိရီပဝရ ဝိဇယာနန္တယသပဏ္ဍိတ မဟာ ဓမ္မရာဇာဓိရာဇာ— ဟူ၍ရင်း နှစ်ကြိမ်မြောက်ခတ်နှိပ်အပ်သော တံဆိပ်နာမံတော်ရှိသော။ မဟာမတိ၊ ကြီးသောပညာရှိတော်မူသော။ သောဝ မဟာဓမ္မရာဇာ၊ ထိုမင်းတရားကြီးသည်ပင်လျှင်။ ဇိနစက္ကံ၊မြတ်စွာဘုရား၏ ပရိယတ် သာသနာတော်ကို။သုဒ္ဓတ္ထာယ၊ သန့်ရှင်းစင်ကြယ် စေခြင်းငှါ။ ပဉ္စမံ၊ ငါကြိမ်မြောက်။ သံဂါယိတွာန၊ သင်္ဂါယနာတင်ပြီး၍။ လိက္ခာပေသိ၊ ရွှေရေး, မင်ရေး, ကညစ်ရေးသုံးရပ်တို့ဖြင့် ရေးစေတော်မူ၏။

(၇) သံဃဝါသိတေ၊ သင်္ဃာတော်တို့နေခြင်းငှါ ထိုက်ကုန်သော။ အနေကသာလမင်္ဂလိတေ၊ များစွာသော ကျောင်းတို့ဖြင့် တန်းဆာဆင်အပ်ကုန်သော။ ဝိဟာရေစ၊ ကျောင်းတိုက်တို့ကိုရင်း။ ဗဟူထူပေစ၊ များစွာသော စေတီတို့တိုရင်း။အကရိ၊ပြုတော်မူလေပြီ။

(၈) ပရောသဟဿအဋ္ဌကေ၊ ဗိဿာတထောင်မက အဘိုးထိုက်ကုန်သော၊ မဟာရဟေ၊ မြတ်သောသူတို့အားသာထိုက်ကုန်သော။ ပရိဘောဂေ၊ ပစ္စည်းလေးပါး အစရှိကုန်သော အသုံးအဆောင်တို့ကို။ အနုသံဝစ္ဆရံ၊ နှစ်စဉ်မပြတ်။ အဒါသိ၊ ပေးလှူတော်မူလေပြီ။ ဇိရဏော၊ ယိုယွင်း ပျက်စီးကုန်သော။ဇနှိတကော၊ သတ္တာပါတို့အားအကျိုးစီးပွါး

များကုန်သော။ဗဟုမာတိကသောဘိတော၊ များစွာသောရေယူ မြောင်းကြီးတို့ဖြင့်တင့်တယ်ကုန်သော။မဟာတဠာကေစ၊အောင်ပင်လယ်,မဟာနန္ဒာ အစရှိသော တဘက် ဆည်းကန်ကြီး တို့ကိုရင်း။ခေတ္တေစ၊ လယ်တို့ကိုရင်း။အကရိ၊ ဆည်ဖို့လုပ်ဆောင်တော်မူလေပြီ။

(၉) အနာထာနံ၊ ကိုးကွယ်ရာမရှိကုန်သော သူတို့၏။ အတ္တာယ၊ အကျိုးငှာ။ ဂိလာနဇိဏ္ဏာဝါသိတေစ၊သူနာ သူအိုတို့ နေအပ်ကုန်သော ဝင်းအိမ်တို့ကိုလည်း။ ကာတုန၊ပြုတော်မူ၍။ ဗဟုဘေသဇ္ဇေစ၊ သူနာတို့နှင့်လျော်ကုန်သော ဆေးတို့ကိုလည်း။ အဒါသိ၊ ပေးသနားတော်မူလေပြီ။

(၁၀) ဇာတိပ္ဖလိကမယံ၊ပတ္တမြားနှစ် ကျောက်သလင်းစစ်ဖြင့်ပြီးသော။ ဒဿနီယံ၊ ဖူးမြော်ချင်ဘွယ်ရှိသော။ပါသာဒိကံ၊ ကြည်ညိုဘွယ်ရှိသော။ အတုလျသတ္တုနော၊အတုမရှိသော မြတ်စွာဘုရား၏။ အတုလ္လကံ၊ အတုမရှိသော။ပဋိဗိမ္ဗံ၊ဆင်းတုတော်ကိုလည်း။ကတံ၊ ပြုလေပြီ။

(၁၁) ရဋ္ဌဝါသီနံ၊ တိုင်းပြည်သူ ရှင်လူသတ္တဝါတို့၏။ ဟိတာယ၊ အကျိုးစီးပွားအလို့ငှါ။ဝေဟာဂင်္ဂ၊ အာကာသဂင်္ဂါကို။ဟာသန္တံ ဝ၊ ပြက်ရယ်ပြုသကဲ့သို့သော။ ဟိံကာရိတံ၊ မပေါက်နိုင်ပြီဟု– ဟိန်းချလောက်သော။ ဝါ၊ ချီးမွမ်းအံ့ဩ ပြောပ၍မကုန်နိုင်သော။ ရတနာနဒီနာမကံ၊ ရတနာနဒီ အမည်ရှိသော မြစ်ကို။ ခဏာပေသိ၊ တူးဘောက်တော်မူလေပြီ။

(၁၂) ပဇ္ဇုန္နော၊ မိုးနတ်သည်။ဘူတာနံ၊သတ္တဝါတို့အား။ ဝါရိဘိ၊မိုးရေတို့ဖြင့်။ အဘိဝဿတိ ဣဝ၊ ရွာသွန်းဘိသကဲ့သို့။ ယော၊အကြင်ငါ့တို့အရှင်မင်းတရားကြီးသည်။ ဂိဟိပဗ္ဗဇိတာနံစ၊ ရှင်လူရဟန်းတို့အား။ သကလံ၊ အလုံးစုံသော။ ဘောဂံ၊ အသုံးအဆောင်ကို။ ဒေတိ၊ ပေးလှူတော်မူ၏။ ဘောဂေဟိ၊ စည်းစိမ်ဥစ္စာ ရတနာမိုးတို့ဖြင့်။ အဘိဝဿတိ၊ ရွာဖြိုးသွန်းလောင်းတော်မူ၏။

(၁၃) ဗုဒ္ဓသာသနံ၊ မြတ်စွာဘုရား သာသနာတော်သည်။ဒုလ္လဘံ၊ ကမ္ဘာအသင်္ချေတို့ဖြင့်သော်လည်းရနိုင်ခဲ၏ဟု။ ဇိနသာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ အဝေစ္စပသာဒေနေဝ၊ မတုန်လှုပ်သောကြည်ညိုခြင်း အားဖြင့်သာလျှင်။ ဧဝံအနုဂ္ဂဟေဟိပိ၊ဤသို့ ဆိုခဲ့ပြီးသောချီးမြှောက်ခြင်းတို့ဖြင့်လည်း။ အတုဠော၊ ရောင့်ရဲတော်မမူသည်ဖြစ်၍။

(၁၄) ပေါရာဏကေဟိ၊ ရှေး၌ဖြစ်ကုန်သော။ ရာဇူဘိ၊သာသနာတော်ကိုကြည်ညိုကုန်သော ဓမ္မသောကအစရှိကုန်သော မင်းအဆက်ဆက်တို့သည်။ အစိန္တိတံ၊ မကြံစည်ဘူးသော။ အဗ္ဘုတံ၊ မဖြစ်ဘူးမြဲသော။ အစ္ဆရိယံ၊ အံ့ဘွယ်သရဲဖြစ်သော အကြံကို။ စိန္တယိတွာန၊ အမြင်တထောင် ဆောင်သော သိကြားမင်း၏ ဉာဏ်ကဲ့သို့သော ဉာဏ်ဖြင့်ကြံတော်မူ၍။ ဗဟူမနံ၊ များစွာသော ရွှေငွေရတနာအပေါင်းကို။ စဇိတွာန၊ ပေးကမ်းစွန့်ကြဲတော်မူ၍။

(၁၅) ဇိနစက္ကကပ္ပဌာယ၊ မြတ်စွာဘုရား သာသနာတော် ကမ္ဘာပတ်လုံးတည်စေခြင်းငှါ။ ပိဋကတ္တယံ၊ ပိဋကတ်သုံးပုံကို။ ဗဟုလံ၊ အကြိမ်များစွာ။ ဝိဇာရိတွာန၊ ရဟန်းပညာရှိ လူပညာရှိတို့ကို ဆင်ခြင်တည်းပြတ်စေ၍။ ဇာတိပ္ပလိကမဏီသု၊ ပတ္တမြားမျက်နှစ်, ကျောက်သလင်းစစ်တို့၌။ အလဉ္ဆု၊ ထုလုပ်ရေးသားတော်မူလေပြီ။

(၁၆) တဿ တာဒိသဿ၊ ထိုသို့သောဂုဏ်အပေါင်းနှင့် ပြည့်စုံတော်မူသောမင်းတရားကြီး၏။သဒ္ဓါဒိနာမ၊သဒ္ဓါအစရှိသောဘွဲ့နာမံရှိတော်မူသော။ (တနည်းကား)။ သဒ္ဓါဒိနာမ၊ သုသီရိမြတ်စွာ ရတနာဒေဝီဘွဲ့နာမံရှိတော်မူသော။ယာဓိတာ၊အကြင်သမီးတော်သည်။ သုဝတ္တာ၊ခမည်းတော်, မယ်တော် အစရှိသည်တို့၌ ကျင့်အပ်သော ကောင်းသောဝတ်ပဋိပတ်နှင့်ပြည့်စုံတော်မူ၏။ သုသီလာ၊ ကောင်းသောသီလရှိတော်မူ၏။ သုဘာ၊ လုပရောင်ဆင်းနှင့် ပြည့်စုံ◌ော်မူ၏။ ဇာတိဿရ သမင်္ဂိယာ၊ ရှုဇာမင်းသမီးကဲ့သို့ ဇာတိဿရဉာဏ်နှင့် ပြည့်စုံတော်မူ၏။ နာနာဂန္ထဝိသာရဒါ၊ အထူးထူးသောကျမ်းဂန်တို့၌ ရဲရင့်တော်မူ၏။

(၁၇) တေနာပိ၊ ထိုအကြောင်းများကြောင့်လည်း။ ပိတုပိယာဝ၊ ခမည်းတော်မင်းတရားကြီး ချစ်မြတ်နိုးတော်မူအပ်သည်သာလျှင်တည်း၊ ဓိတရာသုပိ၊ သမီးတော်အပေါင်းတို့တွင်လည်း။ ဝိဿုတာ၊ ကျော်စောထင်ရှား၏။ စလင်္ကမ္ဘိ၊ စလင်းမြို့ကိုလည်း။ ဘောဇယိတွာ၊ အသုံး ကံကျေးခံအစားပေးတော်မူ၍။ ဝိယေသာ၊ အထူးသဖြင့်။ ပိတုနုဂ္ဂဟာ၊ ခမည်းတော်မင်းတရားကြီးသည် ချီးမြှောက်တော်မူအပ်၏။

(၁၈) တာယရာဇဓိတာယ၊ ထိုမင်းတရားကြီး၏ သမီးတော်မြတ်ရတနာသည်။ အဇ္ဈိဋ္ဌော၀၊ စေခိုင်းတိုက်တွန်းတော်မူအပ်သည် ဖြစ်၍

သာလျှင်။ မဟာမစ္စော၊ မင်းကြီးမင်းလှမဟာစည်သူဘွဲ့အမည်ရှိသော အတွင်းဝန်, ရွှေပြည်ဝန်, ဝက်မစွတ်မြို့စားအမတ်ကြီးသည်။ နာနာနယ သုနေပုညံ၊ အထူးထူးသော နည်းတို့ဖြင့် ကောင်းစွာ သိမ်မွေ့သော။ ယောဂိနံ၊ ကမ္မဋ္ဌာန်းကို အားထုတ်သော သူတို့၏။ ပီတိဝဍ္ဎနံ၊ နှစ်သက်ခြင်းကို ပွားများစေတတ်သော။ ယံဂန္ထံ၊ အကြင် ကာယာနုပဿနာမည်သောကျမ်းကို။ အကရိ၊ ပြုစုစီရင်လေပြီ။

(၁၉) သော၊ ထိုကာယာနုပဿနာမည်သောကျမ်းသည်။ သတ္တတိံ သာဓိကေ၊ သုံးဆဲ့ခုနစ်ခု အလွန်ရှိသော။ ဒွါဒသ သတေပိဝါ၊ တထောင့်နှစ်ရာရှိသည်မူလည်းဖြစ်သော။ သာကေ၊ မြန်မာသက္ကရာဇ်၌။ တပဿေ၊ တပေါင်းလ၏။ ဇုဏှပက္ခေ၊ လဆုတ်ပက္ခဖြစ်သော။ နဝမိယံ၊ ကိုးရက်မြောက်သောနေ့၌။ နိဋ္ဌံ၊ အလုံးစုံအပြီးအဆုံးသို့။ ဂတော၊ ရောက်၏။

(၂၀) မေ၊ ငါသည်။ နိဗ္ဗာနတ္ထာယ၊ နိဗ္ဗာန်အကျိုးငှါ။ ကာယာနုပဿနာဂန္ထော၊ ကာယာနုပဿနာကျမ်းကို။ ကတော၊ ပြုအပ်ပြီ။ ဝေပုလ္လံ၊ ကြီးကျယ်ပြန့်ပြောသော။ ကုသလံ၊ ကျမ်းပြုကုသိုလ်ကို။ ပတ္တံ၊ ရအပ်ပြီ။

(၂၁) တဿစ၊ ထိုကျမ်းပြု ကုသိုလ်၏လည်း။ အာနုဘာဝေန၊ တန်ခိုးအာနုဘော်အားဖြင့်။ မေ၊ ငါ၏။ ယေဂရဝေါ၊ အကြင်ဆရာတို့ကို။ အနန္တတန္တဉာဏဝမန္ထနေန၊ အဆုံးမရှိသော လောကီကျမ်း, သာသနာကျမ်းဟူသော မဟာသမုဒ္ဒရာကို မွှေနှောက် ချောက်ချားနိုင်သော။မတိဝရေန၊ မြတ်သောဉာဏ်ဖြင့်။ မဒ္ဒါ၊ မွှေနှောက်ကုန်၍။ လဒ္ဓါ၊ ရအပ်ကုန်ပြီးသော။ သာရတိ၊ ဆိဥ, ဆီခဲသဘွယ်အနှစ်ဖြစ်ကုန်သော သူတို့ဟူ၍။ မတာ၊ သိအပ်,မှတ်အပ်,သမုတ်အပ်ကုန်၏။

(၂၂) တေဂရဝေါ၊ ထိုငါတို့၏ဆရာတို့သည်။ သဒါစေဝ၊ အခါခပ်သိမ်းသာလျှင်။ သုခယန္တု၊ ချမ်းသာတော် မူကြစေကုန်သတည်း။ နော၊ ငါတို့၏။ ရာဇာ၊ရေမြေ့သေဌ်နင်းပြည့်ရှင်မင်းသည်။ သဗ္ဗံ၊အောင်အပ်သမျှအလုံးစုံသော ရန်မာန်အပေါင်းကို။ ဇယတံ–ဇယတု၊ အောင်တော်မူစေသတည်း။ စိရံ၊ မြင့်ရှည်စွာသော။ ကပ္ပံ၊ အာယုကပ်ပတ်လုံး။

ဇီဝတုစ၊ သက်တော်လည်း ရှည်တော်မူပါစေသတည်း။ မနောဘာဝေါ၊ ရွှေနှလုံးတော်၌အလိုရှိသမျှသည်။ သမိဇ္ဈတု၊ ပြီးစီးပြည့်စုံပါစေသတည်း။

(၂၃) ကာလေန၊ မိုးသည်လည်း။ ပဝဿတံ–ပဝဿတု၊ ရွာစေသတည်း။ စိရံ၊ မြင့်ရှည်စွာ။ ဓမ္မော၊ ပရိယတ္တိတရားတော်သည်။ ပတိဋ္ဌတု၊ တည်ပါစေသတည်း။ ပါဏိနော၊ သတ္တဝါတို့သည်။ ဓမ္မေ၊ မြတ်စွာဘုရား ဟောတော်မူအပ်သောတရား၌။ သဂါရဝါစ၊ ရိုသေလေးမြတ်ခြင်း ရှိကုန်သည်လည်း။ ဟောန္တု၊ ဖြစ်စေကုန်သတည်း။

(၂၄) သဒ္ဓမ္မရာဇဿ၊ တရားကြောင့် မင်းဖြစ်တော်မူသောမြတ်စွာဘုရား၏။ သုခါဝဟံ၊ နတ်ရွာနိဗ္ဗာန်ဟူသော ချမ်းသာကို ဆောင်နိုင်သော။ ဓမ္မံ၊ ပရိယတ်တရားတော်ကို။ ပဋိဉ္စတွာ၊ အဆင့်ဆင့်သိ၍။ သုခမုတ္တမံ၊ ချမ်းသာတကာတို့ထက်မြတ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ချမ်းသာသို့။ သုပဋိပတ္တိယာ၊ ကောင်းသောအကျင့်ဟူသော မဇ္ဈိမပဋိပဒါဖြင့်။ ယန္တု၊ ရောက်ပါစေကုန်သတည်း။

(၂၅) ပေါရာဏာ၊ ရှေး၌ဖြစ်ကုန်သော။ သုရာဇာနော၊ ဘုရားအလောင်းမင်းမြတ်တို့သည်။ ပဇံ၊ သတ္တဝါအပေါင်းကို။ ရက္ခိံ သုယထာ၊ စောင့်ရှောက်ကုန်သကဲ့သို့။ တထေဝ၊ ထို့အတူသာလျှင်။ ဣမံရာဇာ၊ ဤငါတို့အရှင် ဆဒ္ဒန်ဆင်မင်းသခင် ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးသည်။ ပဇံ၊ သတ္တဝါအပေါင်းကို။ အတ္တနော၊ မိမိ၏။ သုတံဝ၊ ရွှေရင်တော်ဖြစ် သားတော်အစစ်ကဲ့သို့။ ဓမ္မေန၊ တရားသဖြင့်။ ရက္ခတု၊ စောင့်ရှောက်တော်မူပါစေသတည်း။

# ကာယာနုပဿနာကျမ်း
# ပြီးပြီ။

ဟံသာဝတီ စာအုပ်တိုက်
၃၅၇-ဗိုလ်အောင်ကျော်လမ်း- ရန်ကုန်မြို့

အဘိုး ၅-ကျပ်